စစ်သူကြီးလည်း ကောင်းပြီ၊ ခုနစ်ရက်သာ ငံ့ပါကုန်။ ခုနစ်ရက် အတွင်းတွင်ရစိမ့်မည်ဟုအာမခံပြီးသော်။ လုလင်အပေါင်းကိုခေါ်၍။ မောင်တို့၊ ဤမြို့၌လူသားစားဒိုးသူရဲသောဟူ၏။ သင်တို့ထိုထိုသောအ ရပ်တို့၌ပုန်းကွယ်၍ ရအောင်ဘမ်းကုန်ဟုဆို၏။ ထိုသူတို့လည်း မြန်မြန် စွာ စောင့်ရှောက်ကုန်၏။ စားထောသည်လည်း တရသောအိမ်ကြားဌာ ပုန်း၍ တယောက်သောသူကိုသတ်၍ အစိုင်အစိုင်သော အသားကိုယူ ၍ ခြင်းပြည့်အောင်ထည့်၏။ အစောင့်ထားသော ယောကျ်ားတို့လည်း ထိုစားတော်သည်ကိုဘမ်း၍ ထောင်းခတ်ပြီးသော်။ လက်ပြန်ချည်၍။ လူသားစားဒိုးသူကို မိုပြီဟု သည်းစွာဟစ်ကုန်၏။ များစွာသောလူအ ပေါင်းတို့သည် ထိုထိုသောအရပ်မှလာ၍ များစွာစည်းဝေးကုန်၏။ ထို သို့သိမြီးမှ၊ ထိုစားတော်သည်ကို မြမြို့စွာ နှောင်ဘွဲ့၍။ အမဲခြင်းကို လည်တွင်ဆွဲ၍စစ်သူကြီးဒေးပြကုန်၏။စစ်သူကြီးလည်း ထိုစားတော် သည်ကိုမြင်လျှင် ဆို၍။ ဤသူသည် ဤအသားကိုစားသလော။ ထိုသို့မ ဟုတ် တပါးအသားနှင့် ရောရှိရောင်းသလော။ သူ့စကားကိုနာ၍ပြုသ စေဟု ကြိုပြီးသော်။ထိုအကြောင်းကိုမေးလိုသောကြောင့်။ ဤသုတ သောမဇ္ဈာတ်၌။ ။ကသ္မာတုဝံရသကဇေဒိသာနိ၊ ကရောသိကမ္မာနိသု ဒါရုဏာနိ။ ဟာနသိဇ္ဈတ္ထိပုရိသေစမဲ့ဌာ၊ မံသဿပေဟံ့ အဒုဓနဿ ကာရဏာ။ ။ဟူသောရှေးဦးစွာသော် ဂါထာကိုရွတ်၏။ ။သမ္မရ သက၊အချင်းရသက။တုဝံ၊ သည်။ဇေဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ သုဒါရုဏာနိ၊အလွန်ကြမ်းကြုတ်ကုန်သော။ကမ္မာနိ အမှုတို့ကို။ကသ္မာ၊ အဘယ့်ကြောင့်။ ကရောသိ၊ ပြုသနည်း။ မဌဿာ၊ တွေဝေသည်ဖြစ်၍။ ဇာတ္တိစ၊မိန်းမတို့ကိုဂျင်း။ ပုရိသေစ၊ယောကျ်ားတို့ကိုလျင်း။ဟာနသိ၊သတ် သလော။မံသဿ'အသား၏။ ပေတု၊ အကြောင်းကြောင့်တည်း။ဟာန သိ၊သတ်သလော။ အဒု၊ ထိုမြို့။ဓနဿ၊ဥစ္စာ၏။ကာရဏာ၊ အကြောင်း

ကြောင့်တည်း။ဟာနဆိ၊သတ်သလော။ ။ဤဂါထာ၏အဓိပ္ပါယ်သေ
ကား။အချင်းရသက၊ အဘဲကြောင့် အလွန်ကြမ်းကြုတ်သော အမှုကို
သင်ပြုဘိသနည်း။ တွေဝေလေသောကြောင့်တည်း မှားသလော။ အ
သားကို လိုသောကြောင့်တည်း စားစရာ သတ်သလော။ ဥစ္စာကို လို
သောကြောင့်တည်း·ရောင်းစရာသတ်သ်လော။ အဘဲကြောင့်သတ်သ
နဲ့တည်း ဟူလိုသေဒ်။

စားတော်သည်လည်း အကြောင်းကို ပြန်လိုသောကြောင့်။ ။
နအာဇ္ဇာဟေတု နဓနသကာရဏာ၊ နပုတ္တဒါရသ သဟာယဘာ်တိနုံ။
ဘဇ္ဇာစမေဘဂ္ဂဝါဘူမိပါလော၊ သောခါဒတိမံသံဘဒန္တေဒိသံ။ ။ဟူ
သောဂါထာကိုရွတ်၏။ ။ဘောကုဉ္ဇဟတ္ထိ၊အရှင်ကုဉ္ဇဟတ္ထိ။တော၊
အရှင်ကုဉ္ဇဟတ်အား။ဘဒံသုန္ဒရံ၊ကောင်းသောအခြင်းသည်။ဘဝတု၊
ဖြစ်စေ။ အဟံ၊ ငါသည်။ အဇ္ဇာဟေတု၊ ငါ့ကိုယ်ကြောင့်လည်း။ နဟ
နာမိ၊မသတ်။ ဓနသာ၊ဥစ္စာ၏။ကာရဏာ အကြောင်းကြောင့်လည်း။ န
ဟနာမိ၊ မသတ်။ ပုတ္တဒါရသ၊ သားမယား၏။ ဟေတု၊ အကြောင်း
ကြောင့်လည်း။နဟနာမိ၊မသတ်။ သဟာယဘာတိနုံ၊ အဆွေခင်ပွန်းအ
ဆွေအမျိုးတို့၏။ ကာရဏာ၊ အကြောင်းကြောင့်လည်း။ နဟနာမိ၊မ
သတ်။မေ၊ငါ၏။ဘဇ္ဇာ၊ထမင်းရှင်ဖြစ်သော။ဘဂ္ဂဝါ၊ ကြီးသောဘုန်းရှိ
သော။ဘူမိပါလော၊ မြေကိုအစိုးရသော။ ယောရာဇာ၊ အကြင်မင်း
သည်။အတ္ထိ၊ရှိ၏။သော၊ ထိုမင်းသည်။ဒေဒိသံ၊ ဤသို့သဘောရှိသော။ မ
သံ၊ အသားကို။ ခါဒတိ၊ စား၏။ ။အဓိပ္ပါယ်သေဒ်ကား၊ အရှင်ကာ
ဠုဟတ်၊ ငါ့ကိုယ်တို့လည်း စားစရာငါမသတ်။ ဥစ္စာကိုလိုသောကြောင့်
ရောင်းစရာသဖြည်း ငါမသတ်။ သားမဲယားအစရှိသောသူတို့၏ အစိုးအ
ပွါးဌာလည်း ငါမသတ်၊ ငါတို့ထမင်းရှင်ဖြစ်သော ကြီးသော ဘုန်းရှိ
သော ရေမြေသခင်မင်းသည် ဤအသားကိုစားဘိ၏။ ထိုကြောင့် ငါ
သတ်ရသည်ဟူလိုသေဒ်။

စားတော်သည် စကားကိုကြား၍။ စစ်သူကြီးလည်း တွေးတော
သက်ာ မဘွယ်ရာသော့အကြောင်းဖြင့်။ များများ မယုံ စုံစမ်းလိုရ
ကား။ ။သစေတုဝံဘဇ္ဇာ၊ရဇ္ဇေပယုဇ္ဇော၊ ကရောသိကမ္မာနိသုဒါ
ရုဏာနိ။ ပါဏေဝါဓအန္တေပုရံပါပုဏိတွာ၊ ဝဏ္ဏာဟိမေရာဇိနောသမ္မု
ခေတံ။ ။ဟူသောဂါထာကိုရွတ်၏။ ။သမ္မရသက၊ အချင်းရသက။

တုဝံ၊သင်သည်။ ဘတ္တုရဇ္ဇ၊ ထမင်းရှင်၏အစီးအပွါးဌ်။ ပယုဇ္ဇော၊ ယှဉ်သည်ဖြစ်၍။ သုဒါရုဏာနို၊ အလွန်ကြမ်းကြုတ်ကုန်သော။ ကမ္မာနို၊ အမှုတို့ကို။ သစေ၊ အကယ်၍တည်း။ ကရောသိ၊ပြုအံ့။ ဒုဝံ၊ ဤသို့ပြုသည်။သတိ၊ရှိသော်။ပါတော၁၀၊နံနက်အခါဌ်လျှင်။အဇ္ဇေ့ပုရံ၊နန်းတော်တွင်းသို့။ ပါပုဏိတ္ထာ၊ရောက်၍။ရာဇိနော၊ မင်းမြတ်၏။ သမ္မုခေ၊မျက်မှောက်ဌ်။ ဇဏံ၊ ဤစကားကို။ မေ၊ ငါ့အား။ ဝက္ခာမိ၊ ဆိုပါ။ ။အ. ဓိပ္ပါယ်ကား၊အချင်းရသက၊သင်သည်ထမင်းရှင်၏ အစီးအပွါးဌ် ယှဉ်သည်ဖြစ်၍ ကြမ်းကြုတ်သောအမှုကို အကယ်၍ပြုအံ့။ ဤသို့ပြုသည်ရှိသော် နက်ဖြန်နံနက်အခါဌ် နန်းတော်သို့တက်၍ ငါတို့သခင်ရှေတော်ဌ် ဤစကားအတိုင်းပြန်ပါဟူလိုသော်။ ဤစကားကိုကား အမှန်ပင်တည်း ဆိုသလော၊ သေမည်ကြောက်၍သာတည်း ဆိုသလော်ဟု စုံစမ်းလိုသောကြောင့် စစ်သူကြီးဆိုသတည်း။

စား‌တော်သည်လည်း မကြောက်မရွံ့မှန်သောအကြောင်းဖြင့် ဝန်ခံလိုသောကြောင့်။ ။တထာဂရိသာမိအဟံဘဒန္တေ၊ ယထာတုဝံ ဘာသသိကာဒ္ဓဟာထို့။ ပါတော၁၀အဇ္ဇေ့ပုရံပါပုဏိတ္ထာ၊ ဝက္ခာမိတော ရာဇိနော သမ္မုခေတံ။ ’ ။ဟူသော၁ဂါထာကိုရွတ်ဖို့။ ။ဘဒန္တေ့၊ ကောင်းသောမျက်နှာရှိသော့။ကာဒ္ဓဟာထို့၊ အရှင်ကာဒ္ဓဟာထို့။ တုဝံ၊အရှင်ကာဒ္ဓဟာတ်သည်။ ယထာ၊ အကြောင်အခြင်းဖြင့်။ဘာသသိ၊ ဆိုဖို့။ တထာ၊ ထိုအခြင်းဖြင့်။အဟံ၊ငါသည်ချဉ်။ကရိသာမိ၊ပြုအံ့။ ပါတော၁၀၊နံနက်အခါဌ်လျှင်။ အဇ္ဇေ့ပုရံ၊နန်းတော်တွင်းသို့။ ပါပုဏိတ္ထာ၊ ရောက်၍။ရာဇိနော၊မင်းမြတ်၏။ သမ္မုခေ၊ မျက်မှောက်ဌ်။ ဇတံ၊ ဤစကား‌ကို။ တော၊ အရှင်ကာဒ္ဓဟာတ်အား။ အဟံ၊ ငါသည်။ ဝက္ခာမိ၊ဆိုအံ့။ ။အုဓိပ္ပါယ်ကား၊အရှင်ကာဒ္ဓဟာတ်၊ အရှင်သည် နက်ဖြန်နံနက်အခါဌ် နန်းတော်သို့တက်၍ ငါတို့သခင်ရှေတွင်ဤစကားအတိုင်းမေးပါ။ အရှင်ကာဒ္ဓဟာတ်ဆိုတိုင်းငါပြန်အံ့ဟူလိုသည်။

၁၁။ စစ်သူကြီးကာဒ္ဓဟာတ်သည်ရသကကိုနှောင့်ဘွဲ့၍ ဗြဟ္မဒတ်မင်းကြီးနန်းတော်သို့ဝင်ပြီးလျှင်။လူ သားစားခြင်းမှကြဉ်ရန်တုံးဖြစ်ခြင်း။

ထိုသို့ဝန်ခံပြီးသော်စစ်သူကြီးလည်း မြဲမြံစွာနှောင့်ဘွဲ့တိုင်းအိပ်စေ

၏။ မိုးသောက်ပြိုးသော် အမတ်အပေါင်းတို့နှင့်ဂုဏ်း၊ ပြဲညှဲသူအပေါင်းတို့နှင့်ဂုဏ်းတိုင်ပင်၍၊ အလုံးစုံသောသူတို့သည် တစိတ်တည်း ညီကုန်ပြိုးသော်။ ထိုထို့သောအရပ်တို့၌ အစောင့် အရှောက်မြဲမြံစွာထား၍။ ပြည်သူအပေါင်းကို လက်နက်ပြု၍။ ရသကလည်၌ အမဲခြင်းကိုဆွဲ၍မင်းအိမ်သို့ သွားလေ၏။ ရှိုအလုံးလည်း သိမ့်သိမ့် တုန်ဟည်း ပဲ့တင်လည်းမျှသည်းထန်ပြင်းပြစွာဖြစ်လကုန်၏။ မင်းကြီးလည်း ယမန်နေ့နံနက်စာစားပြီးသော် ညစာအဲမရှိသောကြောင့် မစားရရကား။ ယာရုရသကလာလာလတ်အံ့ဟုမြော်လင့်လျက် တည်ငြိုလုံးလွန်စေ၍။ ယာရုလည်း ရသကမလာသေး။ပြည်သူတို့အသံသည်လည်း သည်းစွာကြား၏။ အဇကြောင်းအသိုနည်းဟု လေသွန်နန်းဖြင့် ကြည့်သည်ရှိသော် ရသကကို ထိုသို့ဆောင်ခဲ့သည်ကိုမြင်လျှင်။ ငါ့အမှုသည် ထင်ရှားစွာဖြစ်ချေပြီဟု သတိဆောင်၍ ရာဇပလ္လင်၌နေ၏။ ကာဠဟတ္ထိလည်း မင်းကြီးသို့ကပ်၍စီစစ်၏။ မင်းကြီးလည်း ဟုတ်တိုင်းဆို၏။ ထိုအကြောင်းကိုထင်စွာပြတော်မူလိုသော မြတ်စွာဘုရားသည်။ ။တတောရတ္ဌာဝိဝသာနေ၊ သူရိယုဂ္ဂမနံပတိ။ကာဠေါရသကမာဒါယ၊ ရာဇာနံဥပသင်္ကမိ။ ဥပသင်္ကမ္မ ရာဇာနံ၊ ဇာဒံဝစနမဗြဝိ။ ။ဟူသောဂါထာကိုဟောတော်မူ၏။ ။ ဘိက္ခဝေ၊ရဟာန်းတို့။ တတောတာဒါကာဠေလ၊ ထိုအခါ၌။ ရတ္တာ၊ ညဉ့်သည်။ဝိဝသာနေ၊ ကုန်ပြိုးသည်ရှိသော်။ သူရိယုဂ္ဂမနံ၊ နေထွက်ခြင်းကို။ ပတိ၊စွဲ၍။ ရတ္တာ၊ညဉ့်သည်။ ဝိဝသာနေ၊ မိုးသောက်ပြိုးသည်ရှိသော်။ သူရိယုဂ္ဂမနံ-သူရိယုဂ္ဂမနသ၊ နေထွက်ပြိုးသည်၏၊ပတိ၊အထက်၌။ သူရိယုဂ္ဂမနံပတိ၊ နေထွက်သောအခါ၌။ ကာဠေါ၊ကာဠဟတ်သည်။ ရသကံ၊ ရသကို။ အာဒါယ၊ယူ၍။ရာဇာနံ၊မင်းကြီးသို့။ဥပသင်္ကမိ၊ ကပ်၏။ဥပသင်္ကမ္မ၊ ကပ်ဦး၍။ ရာဇာနံ၊မင်းကြီးကို။ ဇာဒံဝစနံ၊ ဤသို့သောစကားကို။အဗြဝိ၊ ဆို၏။ ။သင်္ဂံကိရမဟာရာဇ၊ ရသကောပေသိတောတယာ။ဟနတိဇာတ္တိပုရိသေစ၊ တုဝံဒံသာနိခါဒသိ။ ။မဟာရာဇ၊ မြတ်သောမင်း။ တယာ၊ သင်မင်းကြီးသည်။ ရသကော၊ ရသကကို။ ပေသိတော၊စေအပ်သည်။ သင်္ဂံကိရ၊ မှန်ပေသလော။ အယံရသကော၊ ဤရသကသည်။ဇာတ္တိစ၊မိန်းမတို့ကိုဂုဏ်း။ပုရိသေစ၊ယောကျ်ားတို့ကိုဂုဏ်း။ ဟနတိ၊ သတ်၏။ တုဝံ၊ ၎င်မင်းကြီးသည်။ မံသာနိ၊အသားတို့ကို။ ခါဒသိ၊ စား၏ဟူသည်ကား။ သင်္ဂံကိရ၊ ဟုတ်ပေသလော။ ။အဓိပ္ပါယ်

ကဘး၊ ချစ်သားတို့။ ထိုရောအခါ၌ ထိုညဉ့်လွန်၍မိုးသောက်လျှင်။ ကာဠဟတ်သည် ရသကကိုယူ၍ မင်းကြီးအထံသို့ ကပ်ပြီးသွင်။ ဂျင်မင်းကြီး၊ ရသကကို ဂျင်မင်းကြီးစေတော်မူသည် မှန်ပေသလော။ဤရသကသည် မိန်းမမဟူ၊ယောကျ်ားမဟူ၊ တွေ့ရာရာသတ်၏။ထိုအသားကို ဂျင်မင်းကြီးစားသောဟူသည် ဟုတ်ပေသလော ဟုစီစစ်၏ဟူလိုသော်။

မင်းကြီးလည်း ဝန်ခံလိုသောကြောင့်။ ။ဇဝမေဝတာထာကာဠ၊ ရသကော ပေသိတောမယာ။ မမဒမတ္တံ ကရောန့သ၊ ကိမေတံပရိဘာသတိ။ ။ဟူသောဂါထာကိုရွတ်၏။ ။ကာဠ၊ကာဠဟတ်။ ဇဝမေဝ ဟုတ်ပေသည်သာလျှင်တည်း။ တထာ၊ ထိုအခြင်းဖြင့်။ ရသကော၊ရသကကို။ မယာ၊ ငါသည် ပေသိတော၊ စေအပ်၏။မမ၊ငါ၏။ အတ္ထံ၊ အကျိုးကို။ ကရောန့သ၊ ပြုစဉ်။ ဇတံ၊ ဤရသကကို။ ကိံ၊ အဘယ်ကြောင့်။ ပရိဘာသတိ၊ဆဲရေးဘိသနည်း။ ။အဓိပ္ပါယ်ကား။ ကာဠဟတ်၊ ရသကကို ငါစေသည်မှန်၏။ ငါ့အကျိုးစီးပွါးကို ပြုသော ဤရသကကို အဘဲ့ကြောင့်ဆဲရေးဘိသနည်းဟူလိုသော်။

ထိုစကားကိုကြား၍ စစ်သူကြီးသည် လည်း။ ဤမင်းကြီးသည် နှုတ်တော်ဖြင့်ပင် ဝန်ခံ၏။ ဤမျှသောကာလပတ်လုံး ဤမင်းကြီးသည် လူသားကိုစားသောဟူသည် အံ့ဘွယ်ရှိလှ၏။ ငါမြစ်အံ့ဟုကြံ၍။ အဂ္ဂင်မင်းကြီး၊အဘဲ့ကြောင့် ဤသို့ပြုတော်မူဘိသနည်း။လူသားကိုစားတော်မခေါ်ပါနှင့်ဆို၏။ မင်းကြီးလည်း၊ ကာဠဟတ်၊ အသို့ဆိုသနည်း။ ငါမကြဉ်နိုင်ချေဟုဆို၏။ဂျင်မင်းကြီး၊ အကယ်၍ မကြဉ်အံ့။ ကိုယ်တော်ကိုလည်း ဖျက်သည်မည်၏။ တိုင်းနိုင်ငံကိုလည်း ဖျက်သည်မည်၏ဟုဆို၏။ ကာဠဟတ်၊ ဖျက်လိုသော်လည်း ဖျက်ပစေ။ ငါမကြဉ်နိုင်ဟုဆို၏။ ထိုနောက်မှ စစ်သူကြီးလည်း ထိုမင်းကိုသိစိမ့်သောဌာ တရားသောအကြောင်းကို ဆောင်၍ပြ၏။

၁၂။ စစ်သူကြီးကာဠဟတ်သည် ဓာတ်တူသားကိုစား၍ ဖျက်စီးသောအာနန္ဒာငါး၏ပုံကို ထုတ်ဆောင်၍ လူသားမှကြဉ်ရန် တားမြစ်ခြင်း။

ဂျင်မင်းကြီး၊အကျွန်ုပ်ပုံဆိုဦးအံ့။နားတော်ထောင်၊လွန်လေပြီးသော်

အခါ၌ မဟာသမုဒ္ဒရာတွင် ခြောက်ရသော ငါးကြီးတို့သည်ရှိကုန်၏။ ထိုငါးကြီးတို့တွင်။ အာနန္ဒာ၊ တိမိနန္ဒာ၊ အဏ္ဏာရောဟာ၊ ဤငါးသုံးခုတို့သည် ယူဇနာငါးရာစီရှိကုန်၏။ တိမိင်္ဂလ၊တိမိရပိင်္ဂလ၊ မဟာတိမိ၊ ဤငါးသုံးခုတို့သည် ယူဇနာ တစ်ထောင်စီရှိကုန်၏။ထိုအလုံးစုံသော ငါးတို့သည် ကျောက်စစ်မြေဝါရေညှိလျှင် အစာရှိကုန်၏။ ထိုငါးတို့တွင် အာနန္ဒာငါးသည် မဟာသမုဒ္ဒရာ၏ နံပါးတဘက်၌နေ၏။ ထိုငါးအပေါင်းတို့သည်လည်း ဗုဒ္ဓမြင်ကုန်၏။ဝဇနေသ၌ ငါးအပေါင်းတို့သည် အခြေနှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့တွင် မင်းရှိ၏။ ငါတို့တွင် မင်းမရှိ။ဤအာနန္ဒာသည် ရောင်ဆင်းကြီးကြွေလှ၏။ ငါတို့ကို အုပ်စိုးနိုင်ဘွယ်ရှိ၏ဟု ကြံပြီးမှသင် တချက်တည်း အလိုတူကြ၍ အာနန္ဒာကို မင်းမြောက်ကုန်၏။ထိုကစ၍ ငါးမျိုးတို့သည် ညဉ့်နံနက် အမြဲခစားကုန်၏။ တနေ့သ၌ အာနန္ဒာသည် ကျောက်စစ်ရေညှိမြေဝါတို့ကို စားသည်ရှိသော်။ မြေဝါဟူသောအမှတ်ဖြင့် ငါးတဆကိုစားမိလေ၍ အလွန် ကောင်းလှသောကြောင့် ငါအဘယ်ကို စားမိလေသနည်းဟု တွေးခေါ်ကြည့်သော် ငါးဘုံးကိုမြင်၍။ ဤမျှသောကာလပတ်လုံး ဤသို့သောအရသာကို မသိရချေသောကြောင့် ငါမစားမိ။ ယခုစားတော့အံ့။ထင်ရှားစွာစားချေသော်တမူကား တနှုသောငါးမျှ ငါသို့မကပ်ပေရာ။ အလုံးစုံပြေးလေကုန်အံ့။ထိုကြောင့် နေ့တိုင်းညနံနက် ငါ့ကိုခစား၍ ပြန်သောအခါ၌ နောက်ဆုံးကျန်သော ဗာဒုန္ဓစ်ခသောငါးကိုပမိုး၍စားအံ့ဟုကြံပြီးသော် ထိုကြံတိုင်းစား၏။ အခါတပါးလတ်သော် ငါးကုန်၍ ပါးပါးရှိ၏။ ငါးမျိုးတို့လည်း ငါတို့ အဆွေငါးမျိုး အတိအရပ်မှာဘေးရောက်ကုန်သဲနည်းဟု ကြံကြကုန်၏။ ထို ငါး အ ပေါင်း တို့ တွင် ပညာရှိသောငါးတခုသည် အာနန္ဒာအမှုကို ငါမနှစ်သက်။ စုံစမ်းအံ့ဟု ကြံပြီးသော်။ ငါးမျိုးခစားမည့် လာကုန်စဉ် အာနန္ဒာနားရွက်ကိုခို၍ နေ၏။အာနန္ဒာလံ့လည်း ငါးမျိုးတို့ကို ကာလတန်လျှင်လွှတ်လိုက်ပြီးသော် နောက်ဆုံး ကျန်ရစ်သောငါးကို ဘမိုး၍စား၏။ ထိုငါးပညာရှိလည်း ထိုအကြောင်းကိုမြင်၍ ငါးမျိုးတို့အားကြားပေ၏။ အလုံးစုံသောငါးတို့သည်လည်း ကြောက်လန့်တကြား ပြေးလေကုန်၏။ အာနန္ဒာလည်း ထိုကစ၍ ငါးတံငါးဟူသော အမည်ရသာမျိုး မက်မောသည်ဖြစ်၍ တပါးသောအစာကိုမစား။ ငါးမျိုးဒုဘဝယ်သို့သွားလေသနည်းဟု မွတ်သိပ်

ခြင်းဖြင့် နှိပ်စက်လျက် ထိုမှ၍မှ ရှာသည်ရှိသော်။ တရသောတောင်
ကိုတွေ့၍။ ငါးများ ငါ့ကိုကြောက်သောကြောင့် ဤတောင်ကိုခို၍နေ
သည်ဖြစ်မည်။ အကယ်၍ ဤတောင်ကိုခို၍နေအံ့။ မလွတ်စေ။ ဤတောင်
ကိုခုံ၍ စုံစမ်းအံ့ဟု သိမ်း၍ ပတ်တည့်သည်ရှိသော်။ မိမိမြို့ဂူးသည်
တောင်ကိုကျော်၍ မိမိခေါင်းသို့ ပတ်မိလတ်သ့ည်ကို မြင်လျှင်။ ဤငါး
သည် ငါ့ကိုလှည့်စား၍ တောင်ကိုခို၍ နေသည်မှန်၏ဟု အမျက်ထွက်၍
ယူဇနာငါးဆယ် ကျုံ့လာသော မိမိမြို့ဂူးကို တပါးငါးဟူသောအ
မှတ်ဖြင့် မြစွာကိုက်၍စားလျှင် သည်းစွာဝေဒနာဖြစ်၍။ သွေးအနံ့ဖြင့်
ထိုထိုသောအရပ်မှ ငါးအပေါင်းတို့သည် စည်းဝေး၍။ အမြီးကသည်
ခေါင်းသို့တိုင်အောင်နှုတ်၍ စားလေကုန်၏။ ကြီးသော ကိုယ်ရှိသော
ကြောင့် ပြောင်းပြန်လူးလည်းအံ့သောဌါမတတ်နိုင်ရကား ထိုအရပ်၌
အသက်ကုန်ခြင်းသို့ ရောက်၍ တောင်မျှလောက်သော အရိုးစုဖြစ်၏။
ကောင်းကင်သွားကုန်သော ရဿေဘိုသည် လူတို့အားကြားကုန်သော
ကြောင့် ဇမ္မူဒီပါကျွန်းအလုံးသို၏။ ထို့ကြောင့် ဤဝတ္ထုကိုဆောင်၍
ပြသော ကာဠဟတ်သည်။ ။အာနန္ဒောသဗ္ဗမဿွာနံ၊ ခါဒိတ္တာရသဂိဠီ
မာ။ ပရိက္ခီဏာယပရိသာယ၊ အတ္တာနံခါဒိယမတော။ ။ဧဝံပမတ္တော
ရသဂါရဝေရတ္တော၊ ဗာလောယဒိအာယတိံနာဝ ဗုဇ္ဈတိ။ ဝိဓမ္မပုတ္တေ
စဇိတ္တာဉာတကေစ၊ ပရိဝတ္တိယအတ္တာနညောဝခါဒတိ။ ။ဣဒံတော
သုတ္တာနဝိဂေတုဆန္ဒော၊မာဘာ•ကျယိရာဇမနုဿမံသံ။မာတွံဣဒံကေဝလံ
ဝါရိဇောဝ၊ ဒွိပဒါဓိပသုညမကာသိရဇ္ဇံ။ ။ဟူသော ဂါထာကိုရွတ်
၏။ ။မဟာရာဇ၊မြတ်သော်မင်း။ရသဂိဠီမာ၊ အရသာဠီမက်မောခြင်း
ရှိသော။ အာနန္ဒော၊ အာနန္ဒာသည်။ သဗ္ဗမဿွာနံ၊ အလုံးစုံသော ငါးတို့
ကို။ ခါဒိတ္တာ၊ စား၍။ ပရိသာယ၊ ပရိသတ်သည်။ ပရိက္ခီဏာယ၊ ကုန်ခဲ့
သည်ရှိသော်။ အတ္တာနံ၊မိမိကိုယ်ကို။ ခါဒိယ၊ စား၍။မတော၊သေလေ
၏။ •။ဧဝံ၊ဤအတူပုဒ်း။ ပမတ္တော၊မေ့လျော့သော။ရသဂါရဝေ၊ဂါရဝ
ရသဒ္ဓါ။ရံတ္တော၊ တပ်မက်မောသော။ ဗာလော၊မိုက်မဲသော။ သောတွံ၊
ထိုခွင်မင်းကြီးသည်။ အာယတိံ၊ အနာဂတ်ကို။ ယဒိနာဝဗုဇ္ဈတိ၊
အကယ်၍မသိအံ့။ဧဝံ၊ဤသို့မသိသည်ရှိသော်။ ပုံတွေစ၊ သားမယားတို့
ကိုဂုဒ်း။ဝိဓမ္မ၊ဖျက်ဆီး၍။ ဉာတကေစ၊အဆွအမျိုးတို့ကိုဂုဒ်း။ စဇိတ္တာ၊
စွန့်၍။ပရိဝတ္တိယ၊ ဖြိုလုံးလှည့်၍။ မနုဿမံသံ၊လူသားကို။အလဘိတ္တာ။

မရသောကြောင့်။ အတ္ထဿနညော၀၊ ကိုယ်တော်ကိုပင်လျှင်။ ခါဒတိ၊စား လတ္တံ့။ ။မဟာရာဇ၊ အရှင်မင်းကြီး။ ဣဒံ၊ ဤအကြောင်းကို။သုတွာန၊ ကြားသောကြောင့်။တေ၊ရှင်မင်းကြီး၏။ဆဇ္ဇာ၊ချင်ခြင်းသည်။ဝိဂေတ ပျောက်စေချင်၏။ ရာဇ၊ အရှင်မင်းကြီး။ မနုဿမံသံ၊ လူသားကို။ မာဘက္ခယိ၊ မစား၀ါလင့်။ဒွိပဒါဓိပ၊ အရေခြေနှစ်ချောင်းရှိသော လူတို့၏ အုပ်စိုးတိုက်ဖြစ်သော။ မဟာရာဇ၊အရှင်မင်းကြီး။ တွံ၊ ရှင်မင်းကြီးသည်။ ကေ၀လံ၊စင်စစ်။ ၀ါရိဇော၀၊ ငါးမင်းအာနုန္ဘာကဲ့သို့။ဣဒံရဇ္ဇံ၊ ဤတိုင်း ကို။ သုညံ၊ဆိတ်ခြင်းကို။မာအကာသိ၊မပြုပါလင့်။

အဓိမွါယ်ကား။ရှင်မင်ကြီး၊ လွန်လေပြီးသောအခါ၌ မဟာသမုဒ္ဒ ရာတွင် ယူဇနာငါးရာရှိသော အာနုန္ဘာအမည်ရှိသော ငါးကြီးသည် အလုံးစုံသော ငါးတို့၏မင်းဖြစ်လျက်။ အရသာ၌ မက်မောသဖြင့်၊ သဘောတူသသူအသားကို စားချေသောကြောင့်။ ပ ရိ သတ် ကုန် ခဲ့ သော်။မိမိကိုယ်ကိုၤင်း စား၍သေသကဲ့သို့။ ဤအတူၤင်း၊ ရှင်မင်းကြီး လည်း အရသာ၌ မက်မောသည်ဖြစ်၍။ မိုက်မဲသော ရှင်မင်းကြီးသည်။ လာလတ္တံ့သောဆင်းရဲကို အကယ်၍မသိအံ့။ သားမယားတို့ကိုၤင်း၊ အခြေအမျိုးတို့ကိုၤင်း ဖျက်ဆီး၍၊ မွတ်သိပ်ခြင်းနှိပ်စက်သော ရှင်မင်း ကြီးသည် မြို့အလုံးကိုလှည့်၍ လူသားမရသည်ရှိသော်။ ငါးမင်းအာနုန္ဘာ ကဲ့သို့ ကိုယ်တော်ကိုၤင်း စားလတ္တံ့။ ဤအကျွန်ုပ်ဆောင်သော ဥပမာ ကိုကြား၍၊ ချင်ခြင်းကင်းစေချင်၏။ မဟာသမုဒ္ဒရာကို ဆိတ်အောင် ပြုသော ငါးမင်းအနုန္ဘာကဲ့သို့။ ဤကာသိတိုင်းကို ဆိတ်အောင်မပြု၊ပါ လင့်ဟူလိုသော်။

၁၃။ ဗြဟ္မဒတ်မင်းကြီးသည်.ဇမ္ဗုသပြေသီးကိုမစား၍ သေသော သုဇာတ သူကြွယ်သားဥပမာကိုဆောင်၍။လူသား ၊စားခြင်းမှ မရှောင်နိုင်ကြောင်း ငြင်းပယ်ခြင်း။

ထိုစကားကိုကြား၍ မင်းကြီးလည်း၊ ကာဠဟတ်၊ သင်သာဥပမာ ဆောင်တတ်သည်မဟုတ်။ ငါလည်း ဥပမာဆောင်ဘတ်သည်ဟု။ ထို အရသာ၌ မက်မောရကားတခုသော ဖွေးအကြောင်းကိုဆောင်၍ပြုထိုက် သောကြောင့်။ ။သုဇာတော်နာမနာဇမန၊သြရသော တာသအတ်

ဇော။ ဇမ္ဗုပေသိ် အလဒ္ဓါန၊ မတောဧယော တာသာသဒိ်ယော။ ။၎၀
မေ၀ အဟံကာဋ္ဌ၊ ဘုတ္တာ ဘာဇ္ဇ ရသူတ္တမံ။ အလဒ္ဓါမာနုသံ်မံသံ၊မညြော
ဟိသာမိ ဇီဝိတံ။ ။ဟူသောဂါထာကိုရွတ်ဖြ။ ။ကာဋ္ဌ၊ ကာဋ္ဌ
ဟာတ်။ နာမေန၊ အမည်အားဖြင့်။ သုဇာတောနာမ၊ သုဇာတအမည်ရှိ
သော။ယောကုဋ္ဌ၊ မြိကော၊အကြင်သူကြွယ်သည်။ အတ္ထ၊ ဖြ။ တာသ၊ ထို
သူကြွယ်ဖြ။ အတြဇော၊ ကိုယ်မှဖြစ်သော။ ညြရသော၊ သားဦးသည်။
ဇမ္ဗုပေသိ်၊ဇမ္ဗုသပြေသီးကို။ အလဒ္ဓါန၊မရ၍။တာသာဇမ္ဗုပေသိယာ၊
ထိုဇမ္ဗုသပြေသီးဖြ။ သဒိ်ယော၊ ကုန်ခြင်းကြောင့်။ မတောဘ၊ သေ
လေဖြ။ ။ကာဋ္ဌ ကာဋ္ဌဟာက်။ ၎၀မေ၀၊ ဤအတူဂုဏ်းလျှင်။ အဟံ၊ ငါ
သည်။ရသူတ္တမံ၊အရသာတို့ထက်မြတ်သော အရသာဖြစ်သော။ဘက္ခံ၊
အစာကို။ဘုတ္တာ၊စားဦး၍။ မာနုသံမံသံ၊ လူသားကို။ အလဒ္ဓ ။၊ မရခြင်း
ကြောင့်။ မေ၊ ငါဖြ။ ဇီဝိတံ၊ အသက်ကို။ဟိသာမိမညော၊စွန့်ရအံ့ယောင်
တကား။

အဓိပ္ပါယ်ကား။ ကာဋ္ဌဟာတ်၊ သုဇာတ အမည်ရှိသော သူကြွယ်ဖြ
သားသည် ဇမ္ဗုသပြေသီးကိုမရ၍ သေသကဲ့သို့။ ငါလည်း တပါး
အရသာတို့ထက် လွန်မြတ်သော အရသာရှိသော လူသားကို မစားရ
သည်ရှိသော် အသက်ကိုစွန့်ရအံ့ဟူလိုသော်။ ။ဤအကြောင်း အသို့
နည်းဟူမူကား။ ကာဋ္ဌဟာတ်၊ ငါပုံဆိုမည်၊ နားထောင်။ လွန်လေပြီး
သောအခါ ဗာရာဏသီပြည်တွင်• သုဇာတ အမည်ရှိသော သူကြွယ်
သည်။ချည်ဆားမြီးအံ့သောဌါ ဟိမဝန္တာဝမှ လာကုန်သော ငါးရာသော
ရသေ့တို့ကို မိမိဥယျာဉ်၌ နေစေ၍ လုပ်ကျွေးဖြ။ ထိုရသေ့တို့လည်း
ထိုသူကြွယ်ဖြ၏အိမ်၌ ဆွမ်းအပြဘုန်းပေးဖြ။ ဟာရံရောအခါ၌ကား ထိုထို
သော်ဇနပုဒ်သို့ ဆွမ်းခံသွားကုန်ဖြ။ တဒုံရောအခါ၌ကား ပဟာဇမ္ဗု
သပြေသီးကိုဆောင်၍စားကုန်ဖြ။ အခါတပါး ထိုရသေ့တို့သည် ဇမ္ဗု
သပြေသီးကိုဆောင်၍ စားသောအခါ၌။ သုဇာတသူကြွယ်သည် ပဟ
သခင်တို့ ဇီ့အိမ်သို့ ဆွမ်းဘုန်းပေးမလာသည် သုံးရက် လေးရက်ရှိ
ပြီ။ အဘယ်သို့သွားလေကုန်သနည်းဟု။ မိမိသားငယ်ကို လက်ငင်း၍
စူးစမ်းအံ့သောဌါ ဥယျာဉ်သို့ သွားလေဖြ။ ထိုအခါ၌ ရသေ့ကြီးတို့
သည် သပြေသီးစား၍ ပြီးကုန်ဖြ။ သဃိနောဖြစ်သော ရသေ့အငယ်
သော် စားလင့်ဖြ။ သုဇာတလည်း ရသေ့တို့ကို ရှိခိုး၍ နေပြီး သော်

အဘယ်ဘုန်းပေးကြသနည်းဟု မေး၏။ ရသေ့တို့လည်း သပြေသီး စားကြသည်ဟု ဆိုကုန်၏။ ထိုစကားကိုကြား၍ သုဇာတသားငယ် သည် သပြေသီး၌ ချင်ခြင်းကိုဖြစ်စေ၏။ အကြိုးဖြစ်သော ရသေ့လည်း အဝတန်ငယ်ပေးစေ၏။ ထိုသူငယ်လည်း ထိုသပြေသီးကိုစားရလျှင် အရှ သာ၌ မက်မောသဖြင့်။ သပြေသီးပေး၊ သပြေသီးပေးဟု အဘန်တလဲ လဲ တောင်း၏။ သူကြွယ်လည်း တရားနာစဉ်။ချစ်သား၊မဆိုလင့်၊ အိမ်သို့ ရောက်မှ စားစိမ့်မည့်ဟု လှည့်စား၍။ ဤငါ့သားကြောင့် သခင်တို့ ဆန့်ကျင်ပေကုန်အံ့ဟု ရသေ့တို့ကိုမပန်ဘဲ သွားလေ၏။ သူငယ်လည်း သပြေသီး တောင်းလျက် ငို၍လိုက်လေ၏။ ရသေ့တို့လည်း ငါတို့ ဤ အရပ်၌နေသည် ကြာမြင့်ကုန်ပြီဟု ဟိမဝန္တာသို့ သွားကြလေကုန်၏။ သူငယ်သည် အိမ်သို့ရောက်လျှင်။ ခြေခါ လက်ခါ ခေါင်းဦးပွတ်၍ တောင်း၏။ သူကြွယ်လည်း သားငယ်ကြောင့် ဥယျာဉ်၌ ရသေ့တို့ကိုရှာ သော်လည်း မတွေ့၍။သရက်သီး၊ သပြေသီး၊ ပိန္နဲသီးတို့ကို အထွေထွေ ပျားသကာနှင့်နယ်၍ပေး၏။ သူငယ်ခံတွင်း၌ အဆိပ် နှင့် အတူ ထင်၍ မစား။ ဇမ္ဗုသပြေသီးကိုသာတောင်း၍။ခုနစ်ရက်ပတ်လုံး တပါးအစာ ကို မစားသဖြင့် သေလေ၏။ထိုအတူ၎င်း၊ ငါလည်း ဤအသားကိုမစား ရက သေရအံ့သည်ဟုဆို၏။

၁၄။ စစ်သူကြီး ကာဠဟတ်သည် သေအရက်ကိုမကြဉ်ရှောင်၍ ပျက်စီးသောလုလင်၏ပုံကို ထုတ်ဆောင်၍ လူသားမှကြဉ်ရန် တားမြစ်ခြင်း။

ကာဠဟတ္ထိလည်း။ ဤမင်းကြီးသည် အလွန်လျှင် တပ်မက်မော ခြင်းဖြစ်၏။ တခုသောဥပမာကို ဆောင်၍လည်း ကြဉ်စေအံ့ဟု ကြံပြီး သော်။ ဂျင်မင်းကြီး၊ ဤအသားမှကြဉ်ဘိလော့ဟုဆိုပြန်၏။ကာဠဟတ် ငါမကြဉ်နိုင် ဆို၏။ ကာဠဟတ်လည်း၊ အဂျင်မင်းကြီး၊ ကြဉ်၊ မကြဉ် နိုင်သည်ရှိသော်။ ဆွေတော်မျိုးတော် အပေါင်းမှၦင်း၊ မင်းစည်းစိမ် မှၦင်း ယုတ်အံ့။ အကျွန်ုပ်ပုံဆိုမည်၊နာတော်မူ။ လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်တွင် ငါးပါးသော သီလကို မြဲမြံစွာ စောင့်သော သောတ္ထိယအမျိုး၌ဖြစ်သော ပုဏ္ဏားတွင်၊ တပေါက်တည်းသောသား

သည်ရှိ၏။ အမိအဘလည်း အလွန်ချစ်မြတ်နိုး၏။ ပညာလည်းရှိ၏။ တတ်လည်း တတ်လိမ္မာ၏။ အရောင်အဆင်းလည်းလှ၏။ ဗေဒင်သုံးပုံလည်းတတ်၏။ ထိုလူလင်လည်း အရွယ်တူသောလူလင်နှင့် အဆွေခင်ပွန်းဘွဲ့၍ အတူတကွပေါင်းဘော်၏။ ထိုလူလင်တို့မှကား ငါးအမဲသေသောက်ကုန်၏။ ပုဏ္ဏားသားလူလင်မှကား အမဲလည်းမစား၊သေလည်းမသောက်။ အဘော်ဖြစ်သော လူလင်တို့လည်း ဤသူ သေမသောက်သောကြောင့် ငါတို့ သေဘိုးမရ။ ဥပါယ်တမျှဉာဏ်ဖြင့် ဤလူလင်ကို သေသောက်စေအံ့ဟု ကြံကုန်ပြီးသော်။ အဆွေ၊ ငါတို့သဘင်ကစားအံ့ဟု ဆိုကုန်၏။ ပုဏ္ဏားသားလူလင်လည်း။ အဆွေတို့ သေစာသောက်ကုန်သည်။ငါသေမသောက်ဖြစ်သောကြောင့် အဆွေတို့သာကစားကုန်ဟု ဆို၏။ လူလင်တို့လည်း၊အဆွေ၊သဘင်သာကစားပါ၊ သေမသေခံနှင့်။ အဆွေဘို့ ငါတို့ နို့ရည်ယူခဲ့မည်ဟုဆိုကုန်၏။ လူလင်လည်းကောင်းပြီဝန်ခံ၏။ ထိုသေသေဝံကြူးလူလင်တို့လည်း မဆွံ့က ဥယျာဉ်ထိုသွား၍ ကြာရွက်တို့ဒွန် ထက်လွှာသောသေကိုထည့်ပြီးသော်၊အညာကိုစည်း၍ များစွာထားပြီးမှ သဘင်ကစားကုန်၏။ ထိုလူလင်တို့ သေသောက်လျှင် ပုဏ္ဏားသားလူလင်အား နို့ရည်တိုက်ကုန်၏။ ထိုအခါဒွန် သေသေဝံကြူးလူလင်တယောဝံသည် ကြာအိုင်သို့သွား၍ မိမိတို့ ထားသောသေထုပ်ကိုယူခဲ့ပြီးသော်။ အောက်က အတန်ငယ်ဘောက်၍ နှုတ်သီးဖြင့် စုတ်၍။ ဤမှတပါးသော လူလင်တို့လည်း ထိုအတူ သောက်ကုန်၏။ ပုဏ္ဏားသားလူလင်လည်း အဘယ်ကို သောက်ကြသနည်းဟုမေး၏။ လူလင်တို့လည်း ကြာပျားကိုသောက်ကြသည်ဟုဆိုကုန်၏။ ထိုလူလင်လည်း ငါ့ကို အတန်ငယ်ပေးပါဟု တောင်း၍ ကြာပျားဟူသော အမှတ်ဖြင့် ထိုသေကိုသောက်၏။ လူလင်တို့လည်း အမဲကင်ကိုပေးကုန်၏။ ထိုလူလင်လည်း စား၏။ ဤသို့ အဘန်တလဲလဲ သောက်ဘန်များသဖြင့် ယစ်ပြီးသံညှိသော်။ သင်သောက်သည် ကြာပျားမဟုတ်၊ သေတည်းဟုဆိုကုန်၏။ ထိုလူလင်လည်း ဤမျှသောကာလပတ်လုံး ဤသို့သောအရသာကို ငါမသိပါချေ။ လွန်လေ၏ဟု အဘန်တလဲလဲ တောင်း၍သောက်သော်။ များစွာသောသေဂက်ခြင်းသည်ဖြစ်သတည်း။ တဘန် တောင်းပြန်သည်ရှိသော် ကုန်ခဲ့ပြီဟုဆို၏။ ထိုလူလင်လည်း လက်စွပ်ကိုချတ်၍ ဝယ်စေ၏။ မိုးအချုံးသောက်ကြ၍ အလွန်ယစ်ပြီးသော်။ နိသောမျက်စိ

ဖြင့် တုန်လှုပ်မြည်တမ်းလျက် အိမ်သို့သွား၍အိပ်၏။ အဘပုဏ္ဏားလည်း သေ သောက် သော အ ဖြစ် ကို သိ ၍ အယစ်ပြယ်ပြီးသော်၊ ချစ်သား၊ အဘ ့ ကြောင့် မအပ်မရာသောအမှုကိုပြုသနည်း။ငါတို့သောင့်ယှဉ်အမျိုးဖြစ်သောသူသည် သေမသောက်အပ်။ နောက်နောင် ဤသို့မပြုပါလင့်ဟုဆို၏။ လုလင်လည်း၊ဘခင်၊အသို့ဆိုသနည်း။ဤသို့ကောင်းသော အရာသာကို ငါမရေးတာင်းရချေသည်ဟုဆို၏။အဘလည်း"အဘန်တလဲလဲ တောင်းပန်၏။ သားလည်း မကြည်နိုင်ဟုဆို၏။ ထိုနောင်မှ ပုဏ္ဏားလည်း ဤသို့ကျင့်သည်ရှိသော် ငါတို့အမျိုးအနွယ်လည်း ပြတ်လတ္တံ့။ ဥဿာပျက်စီးခြင်းသို့လည်း ရောက်လတ္တံ့ဟုကြံ၍။ ။မာဏဝအဘိရူပေါသိ၊ ကုလေဇာတောသိ သောဘွဆေယျ။ နံ တွံအရေဟာသိတာတာ၊ အဘက္ခံဘာဂူယေတဝေ။။ ။ဟူသောဂါထာဖြင့်ဆုံးမ၏။ ။မာဏဝ၊ လုလင်ငယ်ဖြစ်သော။တာတ၊ချစ်သား။ တွံ၊ချစ်သားသည်။အဘိရူပေါ၊ အလွန် အဆင်းလှသည်လည်း။အသိ၊ဖြစ်၏။ သောဘွိယော၊ သောဘွိယဖြစ်သော။ကုလေ၊ အမျိုးဌ။ ဇာတော၊ ဖြစ်သည်လည်း။ အသိ၊ ဖြစ်၏။ တာတ၊ချစ်သား။ ဘွံ၊သင်ချစ်သားသည်။အဘက္ခံ၊ မစားမသောက်အပ်သည်ကို။ဘာဂူယေတဝေ၊စားသောက်ခြင်းငှါ။ နအရေဟာသိ၊မထိုက်။ ။ အဓိပ္ပါယ်ကား။ချစ်သား၊ ချစ်သားသည် အာရောင်အဆင်းလည်းလှ၏။ သန့်ရှင်းစင်ကြယ်သော သောဘွိယာဇာတ်ဌလည်း ဖြစ်၏။ ထိုကြောင့် အရောင်အဆင်းမှဲ့၍လည်းချစ်သားမသေဘိကောင်း။အမျိုးမှဲ့၍လည်း ချစ်သားမသောက်ကောင်း ကြဉ်ဘိဟူလို့သေး။ ။ဤသို့ဆုံးမပြီး၍ ချစ်သားကြဉ်ဘိ။မကြဉ်သည်ရှိသော်။ဤအိမ်မှဌင်း၊ဤမြို့မှဌင်း၊ဤတိုင်းမှဌင်း နှင်ထုတ်အံ့ဟုဆို၏။ လုလင်လည်း ဤသို့ နှင်ထုတ်သော်လည်းနှင် ထုတ်ရတော့မည်သာ။ ငါသေကိုကြဉ်ခြင်းငှါ မတတ်နိုင်ဟုဆိုဦး၍။ ။ ရသာနည်ကဆံ့တံ၊ ကသ္မာမံကွံနိဝါရယေ၊ သောဟံတဇ္ဇကမိသာမိ၊ ယဇ္ဇလစ္ဆာမိဇဒိသံ။ ။သောစာဟံနိဇ္ဇတိသာမိ၊ နတောဝစ္ဆာမိသန္တိကေ။ယသမေဒသနေနတွံ၊နာဘိနန္ဒသိဖြာဟ္မဏာ။ ဟူသောဂါထာကိုရွတ်၏။ ။ဖြာဟ္မဏာ၊ဘခင်ပုဏ္ဏား။ ဇတံ၊ဤသေသည်။ရသာနုံ၊အရသာတို့တွင်။အညတရံ၊ တခုသောအရသာသည်။ ဟောတိ၊၏။ကသ္မာ၊ အဘ ဉ်ကြောင့်။မံ၊ငါ့ကို။ကွံ၊ ဘခင်သည်။နိဝါယယေ၊ မြစ်ဘိသနည်း။ ဖြာဟ္မဏာ၊ ဘခင်ပုဏ္ဏား။ယောအဟံ၊ အကြင်ငါသည်။ ယဇ္ဇ၊ အကြင်

အရပ်၌။ ဧနိသံ၊ ဤသို့သဘောရှိသောအရသာကို။ လစ္ဆာမိ၊ ရဏ်။ တာဥ္ဇ၊ ထိုအရပ်သို့။ သောအဟံ၊ ထိုင်၏သည်။ ဂမိဿာမိ၊ သွားလေအံ့။ ။ပြာဟ္မဏာ၊ ဘခင်ပဏ္ဍား။ တွံ၊ ဘခင်သည်။ ယာဿမေ၊ အကြင်ငါ့အား။ ဒဿနေန၊ မြင်သဖြင့်။ နာဘိနန္ဒိဿိ၊ မနှစ်သက်။ သောအဟံ၊ ထိုင်၏သည်။ တော၊ ဘခင်ဏ်။ သဉ္ဇနေကော၊ အထံ၌။ နစ္စာမိ၊ မနေပြီ။ နိဗ္ဗတိဿာမိ၊ ထွက်တော့အံ့။ ။အဓိပ္ပါယ်ကား။ ဘခင်၊ ဤသေသည်။ အင်္ဂန်၊ အချည်၊ အင်္ဂါး၊ အစပ်၊ အချိုး၊ အဝန်၊ အဆိပ်ဟူသော ခုနစ်ပါးသောအရသာတို့တွင် အကျုံးဝင်သော တခုသော မြတ်သောအရသာပေတည်း။ အဘာ ကြောင့် ဘခင်မြစ်ဘိသနည်း။ အကြင်အရပ်၌ ဤသေကိုငါရဏ်။ ထိုအရပ်သို့သွားအံ့။ ဘခင် ငါ့ကိုမြင်သဖြင့် မနှစ်သက်။ ထိုကြောင့် ဘခင်အထံ၌ ငါမနေပြီ။ ထွက်သွားတော့အံ့ဟူလိုသော်။ ။ဤသို့ဆိုဦး၍ ထိုလူလင်လည်း။ ငါသေကိုကြည့်အံ့သောငှါ မတတ်နိုင်။ ဘခင်အလိုရှိတိုင်း ပြုကာမူဟုဆို၏။ ပဏ္ဏားလည်း သင်ငါတို့ကို စွန့်ပြီဖြစ်သောကြောင့် ငါတို့လည်း သင့်ကို စွန့်ရချေတော့မည်ဆိုဦး၍။ ။အင်္ဂါအညောဝါဒါယာဒေ၊ပုတ္တလစ္ဆာမ မာဏာဝ။ တွဉ္စ ဇမ္မဝိန ယာသဲ၊ ယတ္ထ ပတ္တံနတံသုဏော။ ။ဟူသော ဂါထာကိုရွတ်၏။ ။မာဏာဝ၊လုလင်။ဒါယာဒေ၊အမွေခံထိုက်ကုန်သော။ အညောဝါ၊ တပါးလည်းဖြစ်ကုန်သော။ပုတ္တော၊သားတို့ကို။ အင်္ဂါ၊စင်စစ်။ လစ္ဆာမ၊ရကုန်အံ့။ဇမ္မ၊ ယုတ်သောသား။ယတ္ထ၊ အကြင်အရပ်၌။ ပတ္တံ၊ ရောက်သော်တံ သင့်ကို။ နသုဏော၊ ငါတို့မကြား‌ကုန်။ တာဥ္ဇ၊ထိုအရပ်သို့။ တွဉ္စ၊ သားယုတ်သည်လျှင်။ ဝိနယာသဲ၊ သွားပါလော။ ။အဓိပ္ပါယ်ကား။ သင်ငါတို့ အာဏာကိုဆန်၍။ အမျိုးစဉ်ဆက် မကျင့်ရာသော အကျင့်ကို ကျင့်သည်ဖြစ်သောကြောင့်။ ငါတို့အသက်ရှည်ကာ အမွေကို ခံထိုက်သောသားတပါးရမည်ကိုကား။ မည်သည့်အရပ်၌ သင်ရှိ၏ဟု ငါတို့မကြား။ထိုအရပ်သို့သွားပါလော။ ယုတ်သောသား။ သင့်ကို ငါတို့ စွန့်တော့သည်ဟူလိုသော်။ ။ဤသို့ဆိုပြီးမှ အဘာပုဏ္ဏား‌လည်း တရား သူကြီးသို့ခေါ်၍ အဆုံးအဖြတ်ကိုခံပြီးသော်။ သားအဖြစ်မှကင်းစေ၍ နှုတ်ထုတ်လေ၏။ ထိုလုလင်လည်း အခါတပါးလသော် ကိုးကွယ်ရာမရ အထီးကျန်၍။ ပုဆိုးကြမ်းစုတ်ပတ်လျက် ခွက်လံက်စွဲ၍ တောင်းရမ်းလှည့်ပတ်သဖြင့် သေလေ၏။ ဤအကြောင်းကို ဆောင်၍ ကာဠဟတ်လည်း၊ ရှင်မင်းကြီး၊အကယ်၍ အကျွန်ုပ်စကားကိုမနာအံ့။ ဤလုလင်ကဲ့

သို့ ရှင်မင်းကြီးကို နှုတ်ထုတ်ကုန်အံ့ဟုဆိုဦး၍။ ။ဧဝမေဝတုံရာဇ၊ ဒိပဒိန္ဒသုကောပ်မေ၊ ပဇ္ဇာဇေသဿ တံရဉ္ဉာ။ သောဏ္ဍံမာဏဝကံယထာ။ ။ဟူသော၀ါထာကိုရွတ်၏။ ။ဒိပဒိန္ဒ၊အခြေနှစ်ချောင်းရှိသော လူတို့၏အရှင် ဖြစ်တော်မူသော။ ရာဇ၊ ရှင်မင်းကြီး။ တုံ၊ရှင်မင်းကြီး သည်။မေ၊အကျွန်ုပ်၏။ ဝစနံ၊စကားကို။ ယုဇ္ဈာဟိ၊နာလော့။သောဏ္ဍံ၊ သေသောက်ကြူးသော။မာဏဝကံ၊ လူလင်ငယ်ကို။ ပဇ္ဇာဇေသဿ ယထာ၊ နှုတ်ထုတ်ကုန်သကဲ့သို့။ဧဝမေဝ၊ဤအတူပင်းလျင်။ တံ၊ရှင်မင်းကြီး ကို။ ရဉ္ဉာ၊တိုင်းနိုင်ငံမှ။ပဇ္ဇာဇေသဿ၊နှုတ်လကုန်အံ့။ ။အဓိပ္ပါယ်ကား။ ရှင်မင်းကြီး၊ ဤအကျွန်ုပ်ဆောင်သော ပုံပြင်ကို နှုလုံးသွင်း၍ အကျွန်ုပ်စကားကို နာတော်မူပ။။ မနှာသည်ရှိသော် သေသောက်ကြူးဖြစ်သော လူလင်ငယ်ကို နှုတ်ထုတ်သကဲ့သို့။ဤကာသိတိုင်းမှရှင်မင်းကြီးကို နှုတ်ထုတ်လကုန်အံ့ဟူလိုသော်။

၁၅။ ဗြဟ္မဒတ်မင်းကြီးသည် နတ်သို့းကိုမရ၍ အသေခံသော သုဇာတသူကြွယ်၏ပုံကိုထုတ်ဆောင်၍ လူသားမှ မကြဉ်နိုင်ကြောင်း ငြင်းပယ်ခြင်း။

ဤသို့သျှင် ကာဠဟတ္ထိသည် ပုံဥပမာဆောင်၍ ဆိုငြားသော်လည်း မင်းကြီးသည် ကြဉ်ခြင်းငှါ မတတ်နိုင်ရကား။ တပါးသောအကြောင်းကိုဆောင်၍ပြပြန်လိုသောကြောင့်။ ။သုဇာတောနာမနာမေန၊ဘာဝိတတ္တာနဿာဝကော။ အန္ဆရံကာမယာန်္ကာ၀၊ နသောဘုဉ္ဇိ နသောဝိဝိ။ ။ကုဿဇ္ဇေန္ဒဇကမာဒါယ၊ သမုဒ္ဒေ ဥဒကံမိနေ။ ဇံမာနုသကာကာမာ၊ ဒိဗ္ဗကာမာနသန္တိကေ။ ။ဧဝမေဝ အဟံကာဠ၊ဘုတ္တာဘက္ခံရသုဘူမံ။ အလဒ္ဓါမာနုသံမံသံ၊ မညေဟိသာမိဇိဝိတံ။ ။ဟူသော၀ါထာကိုရွတ်၏။ ။ကာဠ၊ကာဠဟတ်။ဘာဝိတတ္တာနံ၊ပွါးစေအပ်သောစိတ် ရှိကုန်သော။ ပဉ္စင်္ဂသိ သတ္တာနံ၊ ငါးရာသောရဿေတို့၏။ သာဝကော၊ တပည့်ဖြစ်သော။ နာမေန၊ အမည်အားဖြင့်။သုဇာတောနာမ၊ သုဇာတအမည်ရှိသော်။ ပေသာကုဋုမ္ဗိကော၊ အကြင်သူကြွယ်သည်။ အဏ္ဍိ၊ရှိ၏။သောကုဋုမ္ဗိကော၊ ထိုသူကြွယ်သည်။ အန္ဆရံ၊ နတ်သို့းကို။ ကာမယာန်္ကာ၀၊ လိုချင်သည်ဖြစ်၍လျှင်။ နဘုဉ္ဇိ၊ စားလည်း မစား။

သော၊ ထိုသူကြွယ်သည်။ နပိဝိ၊ သောက်လည်းမသောက်။ ။ကာဠ၊ ကာဠဟတ်။ ကုသဂ္ဂိန၊သမန်းမြက်ဖျားဖြင့်။ ဥဒကံ၊ရေကို။ အာဒါယ၊ ယူ၍။ သမုဒ္ဒေ သမုဒ္ဒရာဒ္ဓိ။ ဥဒကံ၊ ရေကို။ မိနေယျထာ၊ နှိုင်းရှည့်သကဲ့သို့။ ဇဝံ၊ ဤအတူဂုဏ်း။ မာနွဲသကာ၊ လူဒ္ဓိဖြစ်ကုန်သော။ ကာမာ၊ ကာမဂုဏ်တို့သည်။ဒိဗ္ဗကာမာနံ၊ နတ်ဒ္ဓိဖြစ်ကုန်သော ကာမဂုဏ်တို့၏။ သန္တိကေ၊အထံဒ္ဓိ။ဟောန္တိ၊ ဖြစ်ကုန်၏။ ။ကာဠ၊ ကာဠဟတ်။ ဇဝမေပ၊ဤအတူဂုဏ်းလျှင်။ အဟံ၊ငါသည်။ရသုဘ္ဘံ၊ အရသာတကာတို့ထက်မြတ်သော အရသာရှိသော။ ဘက္ခံ၊ အစာကို။ ဘုတ္တာ၊ စားဦး၍။မာနွဲသံမံသံ၊ လူသားကို။ အလဒ္ဓါ၊မရခြင်းကြောင့်။မေ၊ငါ၏။ဇိဝိတံ၊အသက်ကို။ ဟိသာမိမညေ၊စွန့်ရအံ့သည်တဈား။ ။ဤဒ္ဓဝဂ္ဂ်ကား ရှေးသုဇာတာဝတ္ထုနှင့်အတူ။ ။အဒ္ဓိပ္ပါယ်ကား။ ကာဠဟတ်၊ ငါပုံဆိုမည်၊ သင်နားထောင်။ဗျာန်အဘိညာဉ်နှင့်ပြည့်စုံကုန်သော ငါးရာသောထိုရဿတို့၏ ဒါယကာဖြစ်သော သုဇာတသူကြွယ်သည်။ သပြေသီးကိုစားသောအခါမှစ၍ ထိုရဿတို့ အိမ်သို့ ဆွမ်းဘုန်းပေးလာမြဲမလာသည်ရှိသော်။ သခင်တို့ အဘယ်အရပ်သို့ သွားလေသနည်း။ စုံစမ်းအံ့ဟု ဥယျာဉ်သို့သွားလေ၏။ထိုအခါဒ္ဓိ ရဿတို့လည်း ဟိဝဝန်ကာလာ၍ ထိုဥယျာဉ်ဒ္ဓိ နေမြဲနေကုန်၏။ သုဇာတသူကြွယ်လည်း ရဿတို့ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာ ချဉ်းကပ်လာ၍ အကြီးဖြစ်သောရဿအထံဒ္ဓိ တရားနာ၍နေ၏။ ရဿလည်း နေဝင်လျှင်ကာလတန်ဖြိသွားတော့ဟုဆို၏။သူကြွယ်လည်း ယခုနေ့ အကျွန်ုပ်အိပ်တော့မည်ဟုဆို၍ သခ်ိမ်းတွင်းသို့ဝင်၍အိပ်၏။ သန်ခေါင်အခါဒ္ဓိ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက်။နှစ်ကုဋေငါးသန်းသော ကိုယ်လုပ်တို့နှင့်တကွ အလုံးစုံသော သခ်ိမ်းကို ထွန်းပစေလျက် ရဿတို့ကိုရှိခိုးလာ၏။ သူကြွယ်လည်း အဘယ်အရောင်နည်းဟု သခ်ိမ်းပေါက်ဖြင့်ကြည့်၏။ နတ်သိုးအပေါင်းခြံရံလိုက်လာသော သိကြားမင်းကိုမြင်၍။ နတ်သို့တို့ကိုကြည့်သည်ရှိသော် ထိုနတ်သို့တို့ဒ္ဓိ တပ်ခြင်းဖြစ်၏။ သိကြားလည်း တရားနာ၍သွားလေ၏။ သူကြွယ်လည်း မိုးသောက်လျှင် အရှင်ဘုရားတို့၊ ညဉ့်အခါဒ္ဓိရှိခိုးလာသည် အသူနည်းဟုမေး၏။ ရဿတို့လည်း သိကြားဟုဆိုပေ..၏။ထိုသိကြားကိုခြံရံ၍နေသောသူတို့သည် အဘယ်အမဲည်ရှိသနည်းဟုမေးပြန်၏။ ဒေဝဆရာအမည်ရှိ၏ဟုဆိုကုန်၏။ သူကြွယ်လည်း ရဿ

အပေါင်းကိုရှိခိုး၍အိမ်သို့သွားလေ၏။သွားသော ဒေ ဝအခါမှစ၍အန္ဓရာမေ ဒေထ၊အန္ဓရာမေဒေထ၊ဟု မြည်တမ်း၏။အဆွေအမျိုးအပေါင်းလည်း ဘုတ်ဝင်သည်ဟု လက်ဖျစ်တီးကုန်၏။ သူကြွယ်လည်း သည်အန္ဓရကို ငါမလို။ ဒေဝန္ဓရကိုသာလိုသည်ဟုဆို၏။ အဆွေအမျိုးတို့လည်း မိမိ မယားကိုငှင်း၊ အရောင်အဆင်းနှင့် ပြည့်စုံသော ကဏ္ဍသည်မတို့ကို ငှင်း၊ ဝတ်စားတန်ဆာဆင်၍ ဒေဝန္ဓရဟုပြုကုန်၏။ သူကြွယ်လည်း ဤသူဒေဝန္ဓရမဟုတ်၊ ဘီလူးမတို့တည်း။ ဒေဝန္ဓရကိုသာ ငါလိုသည်ဟု အစာအရေမယူ မြည်တမ်း၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏။ အဘ ၄ ကြောင့်နည်းဟူမူကား။ကာဠဟတ်။သမန်းဖြက်ဖျားဖြင့်ရေကို ယူ၍ သမုဒ္ဒရာရေနှင့် နှိုင်းရဉ်သကဲ့သို့၊ ထိုအတူငှင်း။ လူ၌ဖြစ်သော ကာမဂုဏ်တို့သည် နတ်၌ဖြစ်သော ကာမဂုဏ်တို့၏အထံ၌ ဥပမာအ ဖြစ်ဖြင့်မလောက်။ ထိုကြောင့် သုဇာတသူကြွယ်သည် တပါးသော မာတုဂါမကိုမမှတ်မှု၍ နတ်သို့းကိုသာတောင့်တ၍သေလေ၏။ ဤအ တူငှင်း ငါလည်း အရသာတို့ထက်လွန်မြတ်သော အရသာရှိသော် လူသားကို မစားရသည်ရှိသော် ငါ့အသက်ကို စွန့်ရအံ့ဟူလိုသော်။

၁၆။ ကာဠဟတ်စစ်သူကြီးသည် ဇာတ်တူသားကိုစားသဖြင့် ပျက်စီးသော ရွှေဟာသ်္ဍာတို့၏ပုံကိုဆောင်၍ လူသားမှကြဉ်ရန် တားမြစ်ခြင်း။

ထိုစကားကိုကြား၍ ကာဠဟဉ္ဇင်လည်း။ ဤမင်းကြီးသည် အလွန် လျင် အရသ်ာ၌ မက်မောခြင်းရှိ၏။ မိမိသဘောတူ ဇာတ်တူသားကို စား၍ ကောင်းကင်သွားသော် ရွှေဟာသ်ာတို့သေ၍လည်း ပျက်စီးကုန် သေး၏ဟု ထိုအကြောင်းကိုဆောင်၍ပြလိုသောကြောင့်။ ။ယဒထာပိ တေဓတရံဉာ၊ဟံသာဝေဟာယသံဂမာ။အာဘုတ္တပရိဘောဂေန၊သဗ္ဗေ အဉ္ဇာတ္ထတံဂတာ။ ။ဇဝမေဝတုဝံရာဇ၊ဒိပဒိန္ဒသုဏောဟိမေ။အာဘက္ခံ ရာဇာဂွသိ၊ တာသ္ဝါပဇ္ဇာဇယာန္တံတံ။ ။ဟူသောဂါထာကိုရွတ် ၏။ ။ဒိပဒိန္ဒ၊အခြေနှစ်ချောင်းရှိသောလူကို အစိုးရသော။မဟာရာဇ၊ မြတ်သောမင်း။ ဓတရဋ္ဌာ၊ ဓတ်ရဋ္ဌအမျိုးဖြစ်ကုန်သော။ ဝေဟာယသံ ဂမာ၊ကောင်းကင်၌သွားသော့အလေ့ရှိကုန်သော။ယေဟံသာ၊အကြင်

ဟာသ်ာတို့သည်။အခွထိသန်္ဘီ၊ရှိဂုန်ဏ်။သဗ္ဗေ၊အလုံးစုံဂုန်သော။ တောဟုံသာ၊ထိုဟာသ်ာတို့သည်။အဘုဘ္ဘပရိဘောဂေန၊ မစားအပ်သောအစာကိုစားသောကြောင့်။ အန္တရာတံ၊ ပျက်စီးခြင်းသို့။ ဂတာပယာထာပိ၊ ရောက်ဂုန်သကဲ့သို့လည်း။ ၉၀မေဝ၊ ဤအတူဂုင်းလျှင်။ ဒိပဒိန္ဒ၊အခြေနှစ်ချောင်းရှိသော လူတို့၏ အံ့ရှင်ဖြစ်တော်မူသော။ပဟာရာဇ၊ ရှင်မင်းကြီး။တုဝံ၊ရှင်မင်းကြီးသည်။အဘက္ခံ စားအပ်သော အစာကို။ဘက္ခေသိ၊စားဘိ၏။တသ္မာ၊ထိုကြောင့်။တံ၊ရှင်မင်းကြီးကို။ရဉ္ဉာ၊ တိုင်းနိုင်ငံမှ။ ပဗ္ဗာဇပေန္တိ၊နှင်ထုတ်လေ့ဂုန်အံ့။ ။အဓိပ္ပါယ်ကား။အရှင်မင်းကြီး၊ကမ္ဘဓိဒ္ဓိတန်းခိုးရှိ၍ ကောင်းကင်ဒ္ဒိသွားသော အလေ့ရှိသော တောရဉ္ဇအမျိုး ရွှေဟာသ်ာတို့သည်၊ မစားအပ်သော မိဓိအမျိုးတူအသားကို စားသောကြောင့် အလုံးစုံပျက်စီးခြင်းသို့ ရောက်ဂုန်သကဲ့သို့။ ဤအတူဂုင်း။ အရှင်မင်းကြီးလည်း မစားအပ်သော အမျိုးတူအသားစားဘိ၏။ ထိုကြောင့် ရှင်မင်းကြီးကို တိုင်းနိုင်ငံမှ နှင်ထုတ်အံ့ဟူလိုသော်။ ။ ဤအကြောင်း အသို့နည်းဟူမူကား။ ရှင်မင်းကြီး၊ အကျွန်ုပ် ပုံဆိုဦးအံ့။ နားတော်ထောင်။ လွန်လေပြီးသောအခါ စတ္တဂုဠ်တောင်ရွှေလိုဏ်တွင် ကိုးသောင်းသော ဟာသ်ာတို့သည် နေဂုန်၏။ထိုဟာသ်ာကိုသည် မိဃ်းလေးလပါတ်လုံး ထိုဏ္ဍလိုဏ်မှ မထွက်ကုန်။ အဘဉ်ကြောင့် နည်းဟူမူကား။ ထိုဟာသ်ာတို့သည် အကယ်၍ထွက်ငြားအံ့။ မိဃ်းရည် ပြည့်သောအတောင်တို့ဖြင့် ပျံခြင်းဂါမတတ်နိုင်ကုန်သည်ဖြစ်၍ မဟာသမုဒ္ဒရာဠ် ကျ၍သေကုန်ရာ၏။ ထိုကြောင့် မထွက်ကုန်။ ထိုဟာသ်ာတို့သည် မိဃ်းလန်းလတ်သော် ဇာတသရဒ်ဂိုင်မှ အလိုလိုပျောက်သော သလေးနှံတို့ကို ချီ၍ သယ်၍ ရွှေလိုဏ်အပြည့်သိုဖြိုး၍ ထို့သလေးကို သာစား၍ မိဃ်း လေး လ ပတ် လုံး နေကုန်၏။ ထိုလိုဏ်အဝဠ် ရထား လှည်းဘီးမျှလောက်သော ပင့်ကူသည်ရှိ၏။ ထိုပင့်ကူသည် နွားချည်ကြိုးရှိလောက်သော မိမိချည်မျှင်ဖြင့် တလတထပ် ထိုလိုဏ်ဝကိုတန်း၏။ဟာသ်ာအပေါ်င်းလည်း ထိုနိကွန်ရက်ကိုဆုတ်ဖျက်စီမ့်သောဌါတရသော ဟာသ်ာလုလင့်အား နှစ်ဘို့သော အစာကိုပေးကုန်၏။ ထိုဟာသ်ာလုလင်လည်း မိဃ်းစဲပြီးသော် ရွှေဖျားသွား၍ ထိုကွန်ရက်ကိုဆုတ်ဖျက်၏။ ဟာသ်ာအပေါင်းလည်း ထိုအကြောင်းဖြင့် ထွက်၍ ကျုံကုန်၏။ ။တပါးသောအခါ၌ တဗ္ဗူကား မိဃ်းသည် ငါးလပတ်လုံးရွာဘိ၍၊

ခန့်ထားသော အစာကုန်ခဲ့ပေသည်။ ဟာသ်ာအပေါင်းတို့သည် အညှိ အညွှတ်ကြံကြကုန်၍။ ငါတို့အသက်ရှင်က အဉာကို ရမည်ကိုကားဟု အဉာကို အလျှင်စားကုန်ဏ်။ အဉာကုန်လျှင် သားငယ်မျှားကိုစားကုန်ဏ်။ သားငယ်မျှားကုန်လျှင် ဟာသ်ာအိုကို စားကုန်ဏ်။ ထိုသို့ စားကုန်စဉ် ငါးလေ့လျှင်မိစဉ်းစဲ၍ပင့်ကူလည်းကွန်ရံက်ငါးထပ်ဘွဲ့မိဏ်။ဟာသ်ာတို့ လည်း ပိမိနှင့်ဇာတ်တူသော အစာကိုစားမိသောကြောင့် ခွန်အားကုန်ခဲ့ဏ်။ ရိက္ခာထမ်းပိုးရသော ဟာသ်ာလုလင်လည်း လေးထပ်သော ကွန်ရက်ကိုဖျက်လျှင် အားကုန်ခဲ့၍။ ငါးထပ်မြောက်သော ကွန်ရက်၌ ငြိဏ်။ ပင့်ကူလည်း ထိုဟာသ်ာလုလင်ဏ် ဦးခေါင်းကို ထွင်း၍ သွေးကို သောက်လေဏ်။ထိုနောင် အလုံးစုံသော့ဟာသ်ာတို့သည်လည်း ဤအတူ ပျက်စီးခြင်းသို့ ရောက်၍ ဓတရဋ္ဌဟာသ်ာမျိုးပြတ်လေကုန်ဏ်။ထိုဟာသ်ာတို့သည် မစားအပ်သော ပိမိနှင့်ဇာတ်တူအသားကိုစား၍ ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ရှင်မင်းကြီးလည်း မစားအပ်သော ပိမိနှင့်ဇာတ်တူသောအသားကိုစား၍ ပျက်စီးခြင်းသို့ရောက်လတ္တံ့၊ကြဉ်ဘိ။ ရှင်မင်းကြီး၊ မကြဉ်သည်ရှိသော် ဤပြည်သူအပေါင်းတို့သည် ရှင်မင်းကြီးကို နှိုင်ထုတ်လကုန်အံ့ဟု ကာဋ္ဌဟာတို့ဆို၏။

၁၇။ စစ်သူကြီး ကာဋ္ဌဟာတ်သည့် ပိမိအရှင် ဗြဟ္မဒတ်မင်းကြီး၏ အကျိုးစီးပွါးကို ကျင့်ရာ၌ နှိုင်းရည်ထုတ်ပြသော သုပတ္တကျိုးမင်းဇာတ်ဝတ္ထု၊။

ဤသို့ အစဉ်ထူးထူးသော ပုံနည်းနှံ့ ဆောင်၍ ကာဋ္ဌဟာတို့ ဆိုသည်ကား။ ဗာရာဏသီပြည်ကို ဖို၍နေသော ရှစ်သောင်းသော ကျိုးဏ် အရှင်ဖြစ်သော သုပတ္တကျိုးမင်းဏ် သုဗဿာအမည်ရှိသော မိဘုရားသည် ဗာရာဏသီမင်းကြီးဏ် စားတော်၌ ချင်ခြင်းဖြစ်၍။ ကျိုးမင်းနှုလုံးမသာ ကြံစည်လျက်နေသည်ကိုဖြင်၍။ သုမုခအမည်ရှိသော စစ်သူကြီးသည် အကြောင်းကိုမေး၍ ကြားလျှင်၊ အရှင်ဖြစ်သော ကျိုးမင်းထံ၌ မိမိ အသက်ကိုနှင်းခဲ့၍။ကျိုးအပေါင်းကို စည်းဝေးစေ၍။ရှစ်ယောက်သော ကျိုးသူရဲတို့နှင့်တကွ မင်းကြီး စားတော်တင်အံ့သောအခါကိုငံ့လျက် လေးယောက်သောသူရဲကား စားတော်ကိုချို၍၊ လေးယောက်သော

သူရဲကား အမဲကိုချီ၍ ငါတို့သခင်ကိုလုပ်ကျွေးကုန်။ ငါကား အသက်ကို စွန့်၍ အိုးခွက်ကို ချမည်ဟု စီရင်၍ စားတော်မင်းရင်ပြင်သို့ရောက်လျှင် စားတော်သည် ရင်၌နား၍ နှာခေါင်းကိုထိုးဆွပ်၍ မျက်နှာကို အတောင်ဖြင့်ပုတ်၍ စားတော်အိုးခွက်ကို ကျစေသည်ကို ပြာသာဒ်မ၌ စကြံသွားစဉ် မင်းကြီးဖြင့်၍ ကျိုးကိုသာ မိအောင်ဘမ်းဟု အသံပေးလျှင်။ ဆိုင်းနှင့်တကွ စားတော်အိုးခွက်ကိုပစ်ချ၍ ကျိုးကို ဘမ်း၍ မင်းကြီးအား ဆက်သည်ရှိသော်။ ငါ့ကိုလည်းမရက်။ စားတော်သည်ကိုလည်း အနာဖြစ်အောင်၊ အိုးခွက်ကိုလည်း ကဲ့အောင်၊ အသက်ကိုလည်းမစောင့်၊ အဘယ်ကြောင့် ဤသို့ ပြုတိသနည်းဟု မေးသည်ရှိသော်။ သုပတ္တ ကျိုးမင်း၏ စစ်သူကြီးအဖြစ်ကိုဆို၍။ သုဗဿသာ ကျိုးမိဘုရားသည် မင်းကြီးစားတော်၌ ချင်ခြင်းဖြစ်သောကြောင့် မင်းကြီးနှလုံးမသာ ကြံစည်ရာသည်ကိုမြင်၍။ အရှင်ဖြစ်သော မင်းနှစ်ပါး၌ အသက်ကိုနှင်းခဲ့၍လာသော အကြောင်းကိုဖြန်လိုသောကြောင့်။ ။ ဗာရာဏသိ မဟာရာဇာ၊ ကာကရာဇာ နိဝါသကော။ အသိတိယာသဟသေဟိ၊ သုပတ္တော်ပရိဝါရိတော။ တာသဒေါဟဋ္ဌနိဘရိယာ၊ သုဗဿဘက္ခိသုမိဿ္ဆာသိ၊ရညော မဟာနသေပက္ကံ၊ ပစ္စဋ္ဌံရာဇာ၊ တောဇနံ။ ။တေသာဟံ ပဟိတော ဒူတော၊ ရညောစမ္မိ ဣဓဂတော။ ဘတ္တံအပစိတိံကုဗ္ဗံ နာသာယမကာရံဝဏ်ဆံ။ ။မဟာရာဇာ၊ မြတ်သောမင်း။ အသိတိယာသဟသေဟိ၊ ရှစ်သောင်းသော ကျိုးတို့သည်။ ပရိဝါရိတော၊ ခြံရံအပ်သော။သုပတ္တော၊ သုပတ္တအမည်ရှိသော။ ကာကရာဇာ၊ကျိုးမင်းသည်။ ဗာရဏသိ၊ ဗာရာဏသိပြည်၌။ နိဝါသကော၊ အမြဲနေသည်။အသိ၊ဖြစ်၏။ ။တာသာ၊ထိုသုပတ္တ ကျိုးမင်း၏။သုဗဿာ၊ သုဗဿာအမည်ရှိသော။ ဘရိယာ၊ မယားသည်။ ဒေါဟဋ္ဌိနီ၊ ချင်ခြင်းရှိသည်ဖြစ်၍။ ရညော၊ ရှင်မင်းကြီး၏။ မဟာနသေ၊ စားတော်အိမ်၌။ ပက္ကံ၊ ကျက်သော။ ပစ္စဋ္ဌံ၊ အသီးအသီးမျှားသော အဖိုးထိုက်သော။ ပစ္စဋ္ဌံ၊လောလောသော။ရာဇာဘောဇနံ၊ မင်းစားဘောဇဉ်ကို။ဘ ဏ်ဍံတုံ၊ စားခြင်းငှါ။ဣဆ္ဆာသိ၊ အလိုရှိ၏။ ။မဟာရာဇာ၊မြတ်သောမင်း။ အဟံ၊ အကျွန်ုပ်သည်။ တေသံ၊ ထိုမင်းနှစ်ပါးတို့၏။ ဒူတော၊ တမန်သည်။ အမှိ၊ ဖြစ်၏။ ရညော၊ စ၊ ငါတို့သခင်မင်းကြီးသည်လည်း။ အဟံ၊ အကျွန်ုပ်ကို။ပဟိတော၊ စေအပ်သည်။အမှိ ဖြစ်၏။တာသ္မာ၊ထို့ကြောင့်။

ဇာဓ၊ ဤအရပ်သို့။ အဟံ၊ အက္ကန်ပ်သည်။ အာဂတောလာ၏။ မဟာရာဇ၊ မြတ်သောမင်း။ ဘတ္တံ၊ ထမင်းရှင်ကို။ အပစိတိံ ကုဗ္ဗံ၊ ကျိုးနွံခြင်း မြတ်နိုးခြင်းပူဇော်ခြင်းကို ပြုသည်ဖြစ်၍။ ဘဉ္ဇဟာရကာသာ၊ စားတော်သည်၏။ နာသာယာ၊ နှာခေါင်း၌။ ဝဿံ၊ အနာကို။ အကာသုံ၊ ပြုပေ၏။ ။ဤသို့သောစကားကိုဆိုဦး၍။ အက္ကန်ပ်တို့သခင် မင်းနှစ်ပါးတို့၌ အသက်ကို နှင်းခဲ့၍ လာလတ်သည်နှင့်လျော်ကပ်တော်စွာ မိဘုရားအား စားတော်ကို ပို့ရပြီ။ အက္ကန်ပ် နှလုံး၏အလိုသည် အပြီးသို့ရောက်ပြီဖြစ်သောကြောင့် အလိုတော်အတိုင်း စိရင်တော်မူဟု ဆိုသည်ရှိသော်။ မင်းကြီးသည် အလွန်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ ငါတို့လူဖြစ်သောသူ၌ များစွာသော စည်းဓမ်ချမ်းသာကိုပေး၍ သိမ်းမွေး ဖြည့်တင်းလှည့်ငြားသော်လည်း အရှင်၏အမှု၌ အသက်ကိုစွန့်အံ့သောသူကို အလွန်ရခဲ၏။ ဤကျိုးသည် တိရစ္ဆာန်ဖြစ်လျက် မိမိအသက်ကို အရှင်မင်းဖြစ်သော သူတို့၌ စွန့်ပေသည်။ အံ့ဘွယ်ရှိလှ၏ဟု ထိုးဖြူဖြင့် ပူဇော်သည်ရှိသော် ထိုသိုးဖြူကို မင်းကြီးအား ပူဇော်ပြန်၍။ ဘုရားလောင်းဂုဏ်ကိုဆိုသဖြင့် ဗာရာဏသီ မင်းကြီးသည် ဘုရားလောင်းကို ခေါ်စေ၍ ဘုရားလောင်း တရားစကားကိုကြားလျှင်။ ဘုံးမင်း စစ်သူကြီး တို့အားမင်းကြီးစားတော်ဖြင့် နေ့တိုင်းလုပ်ကျွေးခြင်း။ ဘုံးအပေါင်တို့အား နေ့တိုင်း နေ့တိုင်း တနေ့ တအမျှဏာချက်သော ထမင်းကို စွန့်ကြဲခြင်း။ ဘုရားလောင်းအဆုံးအမ၌ တည်သဖြင့် အလုံးစုံသောသတ္တဝါတို့အား ဘေးမဲ့ပေး၍ ငါးပါးသောသီလကို ဆောက်တည်ခြင်း။ အာဏာဒါန စွန့်ကြဲခြင်း။အနှစ်ချုနှစ်ရာပတ်လုံး ဘုရားဇလောင်း အဆုံးအမတည်ခြင်း။ ထိုရောအခါ ဗာရာဏသီမင်းကြီးသည် ပဿအခါ၌ အာနန္ဒာဖြစ်လာ၏၊ စစ်သူကြီးသည် သာရိပုတ္တရာဖြစ်လာ၏၊ သုဗဿမိဘုရားသည် ရာဟုလမယ်တော်ဖြစ်လာ၏ သုပတ္တာဘုံးမင်းသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဓိပ္ပာယ်ရှိသော သုပတ္တဇာတ်၌ စစ်သူကြီး၏ပုံစံကို မှတ်သားမှတ် မှီသက်သို့ဖြစ်၍ဂုဏ်း။

၁၈။ စစ်သူကြီး ကာဠဟတ်သည် မိမိအရှင်ဖြစ်ဟု ဒတ်မင်း၏ အကျိုးစီးပွါးကိုကျင့်ရာ၌ နှိုင်ရှည့်ထုတ်ပြ အပ်သော မဟာဟံသဇာတ်-စူဠဟံသ ဇာတ်ဝတ္ထု။

မြတ်စွာဘုရားကို လေးဖြင့် ပစ်သတ်စိမ့်သော်ဌ၊ ဒေဝဒတ်စေသော သုံးကျပ် တံပေါက်သော လေးသမားတို့တွင်၊ ရှေးဦးစွာစေသော် လေးသမားသည် အကျွန်ုပ် မြတ်စွာဘုရားကို ဇီဝိတိန္ဒြေမှ ချခြင်းငှါ မတတ်နိုင်။ ထိုရှင်ပင်ဘုရားသည် ကြီးသောအာနုဘော်ရှိ၏ဟုဆိုသည် ရှိသော်။ သင်မချလိုသော် နေလော့။ ငါ့လက်ဖြင့် ငါချမည်ဟုဆို၍။ မြတ်စွာဘုရား ဂိဇ္ဈကူဋ်တောင်ယံတွင် စကြဲ သွား တော် မူ သည် ကို မြင်လျှင် ဂိဇ္ဈကူဋ်တောင်ထိပ်သို့တက်၍။ ပသာဏ်ရားဖြင့် ကြီးလှစွာသော ကျောက်ကိုရိုက်သည်ရှိသော်။ နှစ်လုံးသောတောင်ထွဋ်တို့သည်အညီ အညွတ် လာ၍ခံလာကုန်သဖြင့်။ထိုကျောက်မှ အလွှားစဉ်၍ ခြေတော်၌ သွေးစိမ်းတည်သည်ကို။ ဇီဝကသည် ထားငယ်ဖြင့်ခွဲ၍ သွေးပြည်ကို ထုတ်၍ ဆေးဖြူးလျှင် ကြပတေ့အတိုင်းရှိတော်မူ၍။ ရဟန်းသံဃာ အပေါင်းခြံရံလျက် မြတ်သောဘုရား၏စံပယ်ခြင်းဖြင့်သွားတော်မူသည် ကိုမြင်လျှင်။ဤသို့ တင့်တယ်ခြင်းနှင့် ပြည့်စုံသောကိုယ် ရှိသောသူကို လူဖြစ်သောသူသည် မရက်ရောရာ။ နာဠာဂိရိဆင်သည် ကြမ်းကြုတ် ခက်ထန်၏။လူကိုသတ်တတ်၏။ဘုရား၊ တရား၊ သံဃာကျေးဇူးကိုမသိ။ နာဠာဂိရိဆင်ကို သတ်စေအံ့ဟု အဇာတသတ်မင်းကြီးထံသို့သွား၍ ထိုအကြောင်းကိုပြန်သည်ရှိသော်။ဆင်ထိန်းကိုမင်းကြီးခေါ်၍၊နက်ဖြန် နာဠာဂိရိကို ယစ်အောင်တိုက်၍ ဂေါတမဆွမ်းခံဝင်လျှင် လွှတ်ဟုဆို၍။ နက်ဖြန် နာဠာဂိရိကို အရက်တိုက်၍လွှတ်မည်၊ ပြည်သူအပေါင်းတို့ နံနက်စောစောက ပြုဘွယ်ကိစ္စကို ကုန်အောင်ပြု၊ ခဲ့ုးမကိုမသွားကုန်လင့်ဟု မြို့၌စည်လည်စေပြီးသော်။ ဒေဝဒတ်သည် မင်းအိမ်မှသက်၍။ ဆင်တင်ကုလ်သို့သွား၍။ ဆင်ထိန်းကိုခေါ်၍။ ငါဖြင့်သောအရာကာ၍ နှိမ့်ဖသောအရာ၌ထားခြင်းငှါ၊ နှိမ့်သောအရာမှသည် ဖြင့်သောအရာ၌ တင်ခြင်းငှါ တတ်နိုင်၏။ သင်တို့ စည်းစိမ်ဖြင့် အလိုရှိသည်ရှိသော် နေ့တိုင်းထက်ထမ်းပိုးလွန်၍။ တဆဲ့ခြောက်ဆိုးသော ထက်လွန်သော

သေကိုတိုက်၍။ ဂေါတမလောလျှင် လှံချွန်းတောင်းဖြင့် အဓမ္မကာထွက် အောင် ထိုးဆွ၍။ တင်းကုပ်ကို ဖျက်ဆီးစေ၍။ မာန်နှင့်တကွ လွှတ်ဟု ဆို၏။ ထိုစကားသည် မြို့လုံးပျံသဖြင့်။ ဘုရားတရားသံဃာ၌ မြတ်နိုး သောသူတို့သည် ဝေဠုဝန်ကျောင်းတော်သို့သွား၍ ထိုအကြောင်းကို လျှောက်ပြီးသော်။ နက်ဖြန် သွမ်းခံဝင်တော်မမူပါလင့်။ အကျွန်ုပ်တို့ ကျောင်းတော်သို့သာ၍သံဃာတော်အပေါင်းနှင့်တကွ ဆွမ်းလုပ်ကျွေး ပါမည်ဟု တောင်းပန်သည်ကို ဝန်ခံတော်မမူဦးဘဲ။ နက်ဖြန် နာဠာဂိရိ ကို ဆုံးမ၍။ တန်းခိုးပြာဋိဟာပြ၍။ ဆွမ်းမခံဘဲပြန်အံ့။ ကျောင်းတော်၌ ဆွမ်းဘုန်းပေးခြင်းဖြစ်လတ္တံ့ဟု ဆင်ခြင်တော်မူပြီးမှ။ ထိုဒါယကာတို့ ဘိတ်သောဆွမ်းကို ဘုဏ္ဍာဘောဖြင့် သည်းခံတော်မူ၍။ထိုညဉ့် ပဌမယံ ၌ ရောက်လာသောပရိသတ်အား ဇာရုးဟောတော်မူ၍။ မဇ္ဈိမယံ၌ နဂါး၊ဘီလူး၊နတ်၊ဗြဟ္မာတို့၏အထူးထူးသောပြဿနာကိုဖြေတော်မူ၍ ပစ္ဆိမယံ၌ သုံးဘို့ဘို့၍ တဘို့၌ သီဟသေယျပြုတော်မူ၍။ နှစ်ဘို့ဖြေခံ၌။ ဖလသမာပတ်ဝင်တော်မူ၍။ သုံးဘို့ဖြေခံ၌ မဟာကရုဏာသမာပတ်မှ ထတော်မူ၍။ ဝေနေယျသတ္တဝါအား သဗ္ဗညုတညာဏ်တည်းဟူသော ကွန်ရက်ကိုဖြန့်၍ ရှုတော်မူရာတွင် နာဠာဂိရိကို ဆုံးမရာ၌ ရှစ်သောင်း လေးထောင်သောပရိသတ်တို့သည် အောက်မင် အောက်ဖိုလ်ရလတ္တံ့သည်ကိုဖြင်တော်မူ၍။ရောဂကြီးဟပြည်ထက်ဝန်းကျင် တဆဲ့ရှစ်ရပ်သော ကျောင်းကြီးတို့၌ ရဟန်းအပေါင်းတို့ကို ငါနှင့်တကွ ရောဂကြီးမြို့သို့ ဝင်စေဟု ရှင်အာနန္ဒာကို မိန့်တော်မူ၍။ များဖြတ်သော သံဃာတော် အပေါင်းခြံရံလျက် ဝင်တော်မူသည်ရှိသော်။ရတနာသုံးပါး၌ ကြည်သိုသော သဒ္ဓါရှိသော ဘုရားတည်းဟူသော ဆင်ပြောင်နှင့် တိရစ္ဆာန်ဖြစ်သော်ဆင်စစ်ထိုးခြင်းဖြစ်လတ္တံ့။ မနွင်းရှည့်ဇာလသောဘုရား၏ စံပယ်ခြင်းဖြင့် နာဠာဂိရိကို ဆုံးမခြင်းကို ရှုကုန်အံ့ဟု ကြံကုန်သည်ဖြစ်၍။ ရတနာသုံးပါး၌ မကြည်သိုကုန်သော ဒိစ္ဆာဒိဋ္ဌိတို့သည်လည်း။ နာဠာဂိရိသည် ကြမ်းကြုတ်၏။ လူကိုသတ်တတ်၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဂေါတမကိုယ်ကို မုန့်မုန့်ညက်ညက် ဖျက်ဆီး၍ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့။ ရန်သူ၏ ပျက်စီးခြင်းကို ဖြင်ရတော့မည်ဟုကြံကုန်သည်ဖြစ်၍။များစွာသောပရိသတ်တို့သည် အိမ်မိုး အိမ်ထွတ် ဘုံပြာသာဒ် အစရှိသည်တို့သို့တက်၍ အပြီးအပြီးရှိကုန်စဉ်။

ဒေဝဒတ်စိရင်တိုင်း လွတ်သည်ရှိသော်။ လူအပေါင်းကို လိုက်လံ မြိမ်းခြောက်လျက်။ ချီသောနာမောင်း။ ရှင်သောနား၊ အမြီးရှိသည် ဖြစ်၍။ မြတ်စွာဘုရားသို့ ရှေးရှုပြေးလာသည်ကိုဖြင်လျှင်။ အရှင်သာရိပုတ္တရာသည် အဘဒ္ဒဖြစ်သော အနုကိဿသည် သားကြီး၏ဝန်ဖြစ်၏။ အကျွန်ုပ် ကိုယ်စားတော်ဆုံးမပါအံ့ဟု ဖလျာက်တောင်းပန်သည်ကို, ၎င်း။ ရှင်မောဂ္ဂလာန်အစရှိသော အသိတိမဟာထေရ်တို့၏ အသိုး အသိုး တောင်းပန်ခြင်းကိုဖြင်း ပယ်တော်မူလျှင်။ အရှင် အာနန္ဒာသည် မြတ်စွာဘုရား၌ ပြင်းစွာသော ချစ်မြတ်နိုးခြင်းဖြင့် သည်းမခံနိုင်သည် ဖြစ်၍။ ဤဆင်သည် မြတ်စွာဘုရားကိုယ်စား။ ငါ့ကိုသတ်ပစေဟု ရှေးတော်၌ရပ်သည်ကို သုံးကြိမ်မြောက်တော်မူသော်လည်း မဘဲလိုသည်ကို တန်းခိုးတော်ဖြင့် ဘဲစေသည်ရှိလော်။ တပေါက်သောမိန်းမသည် သားငယ်ကိုချီ၍ ပြေးသည်ကိုလိုက်သဖြင့်။ ဆင် နှင့် မြတ် စွာ ဘု ရား အကြားဒု သားငယ်ကိုချ၍ ပြေးလေသည်ရှိသော်။ အ မိ ကို လွှတ် ၍ သားငယ်သို့ရှေးရှုသွားသည်ကိုမြင်တော်မူလျှင်။နာဠာဂိရိကိုသြဖိသက မေတ္တာဖြင့် နှံ့စေ၍။ ဗြဟ္မာမင်း၏ အသံနှင့်တူသော မြတ်သောအသံ တော်ဖြင့်။ဟယ်နာဠာဂိရိ၊ သူတထူးကိုဘမ်းစိမ့်သော်ငါ တဲ့ခြောက် လှုံးသောသေဖြင့် မယာစ်စေ။ ငါ့ကိုဘမ်းစိမ့်သောဌာသာလျှင် ယာစ်စေ ၏။ ကာရကာမဲ့ မပင်ပန်းစေလင့်။ ဤသို့လာခဲ့ဟု ခေါ်တော်မူသော်။ မြတ်စွာဘုရား အသွင်တော်ကိုကြည့်၍ ထိတ် လန့် ခြင်း ကို ရ သ ဖြင့်။ တန်းခိုးတော်ကြောင့် သေပစ်ပြယ်လျှင်။ ချသောနား၊အမြီး၊နှာမောင်း ရှိသည်ဖြစ်၍။ မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်သည်ရှိသော်၊ လက်ျာ လက်ဖြင့် ဦးကင်းကိုသုံးသပ်တော်မူ၍၊ပယ်နှေမှစ၍ ကြမ်းကြုတ်ခက်ထန် သည် မဖြစ်လင့်။ မေတ္တာစိတ်ကို ရစေဟု တရားဟောတော်မူလျှင်။ အလုံးစုံသောကိုယ်သည် ဒိတိဖြင့် အခြားမဲ့ပြည့်၍။ တိရစ္ဆာန်မဟုတ် သော် သောတာပန်မဂ်ဖိုလ်ကို ရရာသော တန်းခိုးပြာဋိဟာကို ဖြင်လျှင်၊များစွာသော လူအပေါင်းတို့သည် ကြောင်ငြာဟစ်ကြွေးခြင်းဖြင့် ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍။ ကြပစ်ဖူဇော်သောဦးပေါင်း ဦးရစ်အစရှိသော အထူးထူးသော ရတနာတန်းဆာတို့သည် နာဠာဂိရိကိုယ်ကိုဖြုံ၍အောင် ဖုံးလွှမ်းသဖြင့်။ ထိုကစ၍ ဓနပါလဟူသော အမှည်ကိုရ၍။ ဓနပါလကို ဆုံးမသောပွဲဟုင် ရှစ်သောင်းလေးထောင်

သော ပရိသတ်တို့သည် အကျွတ်တရားရကုန်သည်ရှိသော်၊ မနုပါလကို ပစ္ဆာသိဒ္ဓတည်စေလျှင်။ မြတ် စွာ ဘု ရား ခြေ ဘ ဝါး တော် ဒွ မြှုမုန့်ကို နှာမောင်းဖြင့်ယူ၍ထိပ်ထက်ကြဲပြီးသော်။ဦးခေါင်းငိုက်ဆိုက်နေဝံဆုတ် ဖဲ့ခဲ့၍ မြင်နိုင်ကောင်းသော ဒဿနုပစာရဒ္ဒိ ရှိသော်စွာရှိခိုး၍ တင်းကုပ် သို့ ရှေးရှုပြန်လေလျှင်။ ထိုကစ၍ တစုံတယောက်သောသူကို မညှဉ်း ဆဲ အလွန် ယဉ်ကျေးသဖြင့် နှလုံးတော် အလို ပြီးပြီး သည် ရှိ သော်။ ပူဇော်သောဥာဿသည် ဥာဿာရှင်သို့ရောက်လေလော့ဟု မိဠာန်တော်မူ ၍။ တိတ္ထိအပေါင်းတို့ကို နှိပ်နင်းတော်မူလျက်။ ကြီးစွာသောအောင်ပွဲ သဘင်ရှိသောမင်းကဲ့သို့ သံဃာအပေါင်းခြံရံလျက် ဝေဠုဝန်ကျောင်း တော်သို့ ပြန်တော်မူသည်ရှိသော်။ တာနေ့သဒ္ဒ ရှေးနိဒါန်းဒွဆိုပြီးသော နည်းဖြင့်။ အရှင်အာနန္ဒာ၏ အသက်ကို စွန့်ခြင်းအကြောင်းဖြစ်သော စကားစပ်တွင် ယခုအခါဒွသာ အာနန္ဒာသည် ငါ့ကိုအကြောင်းပြု၍ အသက်ကို စွန့်သည်မဟုတ်။ လွန်လေပြီးသောအခါဒွလည်း သံယမ အမည်ရှိသော ဗာရာဏသီမင်းကြီး၏ ခေမာအမည်ရှိသော မိဘုရား သည်မိုးသေဝံထအခါဒွဖွေဟာသ်ာတရားဟောသည်ဖြင်မက်သဖြင့်။ထိုဒွ ချင်ခြင်းကို ဖြစ်စေ၍။ မဤမသာသော အယောင်ဖြင့် အိပ်သည်ကို။ မင်းကြီးလာ၍ ငကျောက်ကုန်းကို သုံးသပ်၍။ မဤကြောင်းကိုမေး၍။ ချင်ခြင်းဖြစ်သော အကြောင်းကိုကြားလျှင်။ကြက်သရေတိုက်မှထွက်၍။ အမတ်အပေါင်းကို စည်းဝေးစေ၍။ မိဘုရားချင်ခြင်းဖြစ်ကြောင်းကို ဆို၍။ဖွေအဆင်းနှင့်တူသော အဆင်းရှိဖသော ဟသ်ာရှိပေသလော်ဟု မေးသော်။အကျွန်ုပ်တို့ မြင်လည်းမမြင်စဘူး၊ ကြားလည်း မကြားစဘူး ဟု လျှောက်လျှင်။အသူသိပါမည်နည်ဟုမေး၍။ပုဏ္ဏားတို့ သိကုန်ရာ၏ ဟု လျှောက်သဖြင့်။ ပုဏ္ဏားအပေါင်းတို့ကို စည်ဝေးစေ၍ မေးသည် ရှိသော်။လူ၊ဗုဒ္ဓုန်၊လိပ်၊သမင်၊ဥဒေါင်း၊ ဟသ်ာ။ ဤသတ္တဝါခုနစ်ပါးတို့ သည် ဖွေအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ ထိုခုနစ်ပါးတို့ဘွင် ဓတရဋ္ဌဟသ်ာမျိုးတို့သည် ဉာဏ်ပညာနှင့်ပြည့်စုံ၏ဟု ဗေဒင်လာသော အကြောင်းကိုလျှောံ့ချင် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍။အဘယ် အရပ်၌ နေကုန်သနည်းဟု မေးသည်ရှိသော်။နေရပ်ကိုမသိကြောင်းကို ကြားလျှင်။အသူသိကုန်သနည်းဟုမေး၍။မူဆိုးတို့သိကုန်၏ဟု လျှောံသ ဖြင့်။ မူဆိုးအပေါင်းကိုခေါ်၍မေးသော်။ တယောက်သောမူဆိုးသည်

ဟိမဝန္တာဒေါဒ္ဒါ စိတ္တာကုန်းတောင်ရွှေလိုဏ်တွင် နေကုန်၏ ဟု အဆက်
ဆက်သော အမျိုးအနွယ်မှ ကြားဘူးသောအကြောင်းကို လျှောက်လျှင်။
ဘမ်းခဲ့သော အကြောင်းကို သိမည်လောဟု မေး၍ မသိကြောင်းကို
လျှောံသဖြင့်။ပုဏ္ဏားပညာရှိတို့ကိုခေါ်၍။ စိဏ္ဏကုန်းတောင်ခဲ့ရှိကြောင်း
ကိုဆို၍။ရဲအံ့သောအကြောင်းကို မေးသည်ရှိသော်။ သွား၍ဘမ်းသော
ထက် ဥပါယ်တမျှဉ်ဖြင့် မြို့ပါးသို့သွေး၍ ဘမ်းရသော် ကောင်း၏ဟု
လျှောံသည်ကို။ အသို့သော ဥပါယ်တမျှဉ်ဖြင့် ဘမ်းရအံ့နည်း မေးသည်
ရှိသော်။ မြို့မှ သုံးဂါဝုတ်မျှလောက်သော မြောက်အရပ်၌။ သုံးဂါဝုတ်
အတိုင်းအရှည်ရှိသော ဇခမာအမည်ရှိသောအိုင်ကို တူးစေ၍ အထူး
ထူးသော ကြာမျိုးဖြင့် ပြည့်စေလျက်။ တစုံတယောက်သောသူကိုမျှ
မချဉ်းကပ်စေမူ၍၊ လိမ္မာသော ဌက်ခတ်သမားတို့ကိုနှင်း၍။ လေးပါး
ဖသော အထောင့်တို၌ ဘေးမဲ့ကြွေးကြော်စေသည်ရှိသော်။ အထူးထူး
သောဌက်တို့သည် အရပ်ဆယ်မျက်နှာမှ စုဝေးလာကုန်အံ့။ ထိုဟာသ်ာ
တို့လည်း ဘေးမရှိခြင်းကို အဆင့်ဆင့်ကြားသဖြင့် လာကုန်အံ့။ထိုအခါ
၌ သားမြီးကြော့ကွင်းဖြင့်ထောင်၍ ယူစေကုန်အံ့ဟု လျှောက်သဖြင့်။
ထိုအတိုင်းစီရင်သော်။ အထူးထူးအပြားပြားသောဌက်အပေါင်းတို့၏
စုဝေးရာဖြစ်၏။ ထိုအိုင်၏ဘေးမရှိခြင်းကို ကြားလျှင် တိဏဟာသ်ာမျိုး
တို့သည် လာကုန်၏။ ထိုနောင် ပဏ္ဍုဟာသ်ာမျိုး။ထိုနောင် မနောသိလာ
ဟာသ်ာမျိုး။ ထိုနောင် သေတဟာသ်ာမျိုး။ ထိုနောင် ပါကဟာသ်ာမျိုးတို့
သည် လာကုန်၍။ ထိုအိုင်၏အကြောင်းကို ဓတရဋ္ဌဟာသ်ာမျိုးတို့သည်
ပါကဟာသ်ာမျိုးတို့တွင်ကြားလျှင်။ထိုအိုင်သို့ သွားချင်သောအကြောင်း
ကို စစ်သူကြီးအားကြား၍။ ဟာသ်ာမင်းကို စစ်သူကြီးပြော်ဂ်သည်
ရှိသော်။လူတို့မည်သည် မျှားသောငါရဲယာယ်ဝေဝစ်ရှိကုန်၏။ ခက်ထန်
သော အာတိုင်အပင်ရှိကုန်၏။ ဥပါတမျှဉ်၌ လိမ္မာကုန်၏။ ဤအိုင်သည်
ရှေးဒွမရှိ။ ယခုမှရှိသည်ဖြစ်သောကြောင့် ငါတို့ကို ဘမ်းခြင်းငှါ စီရင်
သဉ်ဖြစ်ရာ၏။ သဘောမဟုတ်ရာ။လူ့ပြည်သို့သွားခြင်းကို သင်တို့ မနှစ်
သက်လျှင် ဟုဖြစ်လျက်။မျှားမဖြင့်လျှင် ဟာသ်ာအပေါင်း တိုက်တွန်းပြန်
သဖြင့်။သုံးကြိမ်စေ့အောင်လျှောံမှ။ငါ့ကြောင့် အဆွေအမျိုးတို့ မကျဉ်း
ကြောင်းကောင်းပေဟု အလိုလိုက်၍။ ကိုးသောင်းခြောက်ထောင်သော
ဟာသ်ာအပေါင်းခြံရံလျက် ထိုအိုင်သို့သွား၍ ချနစ်ရက်မြောက်သောနေ့

တွင်။ခေမာမှုဆိုးသည် ထောင်သောကြော့ကွင်းခွ ဖခြုကိုသွင်းဘိသကဲ့ သို့ သက်မိ၍။ သံပြားဖြင့်ရစ်ဘိသကဲ့သို့ မြဲစွာ ကိုင် သော ကြောင့်။ ကြော့ကွင်းကိုဖြတ်အံ့ဟု ရုန်းသည်ရှိသော်၊ ရှေးဦးစွာ ဖွေအဆင်းနှင့်တူ သော အရေပြတ်၍။နှစ်ကြိမ်မြောက်ရုန်းသည်ရှိသော် ကမ္မလာအဆင်း နှင့်တူသော အသားပြတ်၍။သုံးကြိမ်မြောက်ရုန်းသည်ရှိသော် ညိုသော အဆင်းရှိသော အကြောပြတ်၍။ သုံးကြိမ်လုံးပြုသော်လည်း ခွင့်မရ လျှင်။ မင်းတို့မည်သည် အင်္ဂါနှင့်သဖြင့် မလျော်ပတ်ဟု။ လေးကြိမ် မြောက် ရုန်းသည်ရှိသော် ခြေပြတ်၍ လွတ်ရာလျက် လုံးလမပြုမူ၍။ပြင်းစွာ ဝေဒနာရှိငြားသော်လည်း ယခု ငါဟစ်ကြွေးသည်ရှိသော် ငါ့အဆွေ အမျိုးတို့ထိတ်လန့်၍ အစာမဝ ပျံကုန်သဖြင့် မဟာသမုဒ္ဒရာ၌ကျ၍ သေကုန်ရာ၏ဟုသည်းခံ၍။ဟာသ်ာအပေါင်းတို့သည်ဝစွာစား၍ ရေကစဉ်းသောအခါ၌ သည်းစွာသောအသံဖြင့် ပြင်းစွာ ဟစ်သည်ရှိသော်။ သေအံ့သောဘေဘဲ၌ကြောက်ကုန်သည်ဖြစ်၍ စိတ်ကုဋ္ဌတောင်သို့ ရှေးရှု သုံးဖြာကဲ့၍ ပုံကြရာတွင်။ စစ်သူကြီးသည် ငါတို့သခင်မင်းကြီးအား ဤဘေးရောက်လေသလောဟု။ ရှေးဦးစွာသုံးသော ဟာသ်ာအပေါင်းကို လိုက်၍ကြည့်သော် မမြင်၍။ အလယ်ထွေး၊ နောက်ထွေးသို့လျှောက်၍ ကြည့်သော်လည်း မမြင်မှ၊ ဤဘေးသည် ငါတို့သခင်အားရောက်သည် မှန်၏ဟု ပြန်၍ကြည့်သည်ရှိသော်။ ကြော့ကွင်း၏နှိုင်ငံသို့ လိုက်ရသဖြင့် သွေး အလိမ်း အလိမ်း ကပ်လျက် ညွှန်အပြင်၌ လျှောင်းသော ဘုရား လောင်းကိုမြင်လျှင်။ မကြောက်လင့်ရှင်မင်းကြီး။ ငါ့အသက်ကို စွန့်၍ ရှင်မင်းကြီးကို ဤဘေးမှ လွတ်စေအံ့ဟု နှစ်သိမ့်. ဖြားယောင်းလျက်။ ကောင်းကင်မှ သက်၍နေသည်ကို။ ကိုးသောင်း ဧခြောက်ထောင်သော ဟာသ်ာအပေါင်းတို့သည် ငါ့ကိုစွန့်၍ ပုံလေ[illegible]နှင်ပြီးလျက်။ တယောက် အာသီးတည်းလာ၍နေလျှာ၏။ မှုဆိုးလာသော် ငါ့ကိုစွန့်၍ ပျံမည်လော၊ မပျံလောဟု စူးစမ်းလိုသောကြောင့်။ ။ဇတောဟံသာပက္ကမန္တိ၊ဝက္ကင်္ဂါ ဘယမေရိတာ။ ဟရိတစဟောမဝဏ္ဏာ၊ကာမံသုမုခပက္ကမ။ ။ဩဟာ ယမံဉာတိဂဏာ၊ ဇကံပါသဝသံဂတံ။ အနပေက္ခမာနာဂစ္ဆန္တိ၊ ကိဇ ကောအဝဟိဿုသိ။ ။ပတေဝပတတံသေဉ၊ နတ္ထိဗန္ဓေသဟာယတာ။ မာအနိစ္စာယဟာပေသိ၊ကာမံသုမုခပက္ကမ။ ။ဟရိတစ။ ဣဿာသော အရေရှိသော။သုမုခ၊သုမုခ၊ ဝက္ကင်္ဂါ၊ကော်က်သောလည်ရှိကုန်သော့။

၎တေဟံသာ၊ ထိုဟာသ်ာအပေါင်းတို့သည်။ဘယာမေရိတာ၊ ကြေဒံခြင်း ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ပက္ကမန်၊ ပုံလကုန်ပြီ။ ဟေမဝဏ်ဏာ၊ ရွှေသောအဆင်းရှိသော။ သုမုခ။သုမုခ။ ကာမံ၊ အလိုအလျောက်။ ပက္ကမ၊ ပုံပါလေ။ ။ဟာရိတစ၊ ရွှေသောအရေရှိသော။သုမုခ၊ သုမုခ။ ၎ကံ၊တယောက်အာဘ်းတည်း။ ပါသဝသံ၊ ကြော့ကွင်းနှိုင်ငံသို့။ ဂတံ၊ လိုက်ရသော့။ မံ၊ငါ့ကို။ ဉာတိဂဏာ၊ အသွေအမျိုးအပေါင်းတို့သည်။ ဩဟာယ၊ စွန့်၍။ အနပေက္ခမာနာ၊ ငဲ့ကွက်ခြင်းကင်းကုန်သည်ဖြစ်၍။ ဂန္ဓာဓိတ်၊သွားကုန်ပြီ။ဟေမဝဏ်ဏာ၊ရွှေသောအဆင်းရှိသော။သုမုခ၊သုမုခ။ ၎ကော၊ တယောက်အာဘ်းတည်း။ကိံ၊ အဘယ့်ကြောင့်။ အဝဟိယ့ထိ၊ ကျန်ရစ်ဘိသနည်း။ ။ပတတံ၊ ဟာသ်ာအပေါင်းတို့ထက်။ သေဋ္ဌ၊ မြတ်သော။သုမုခ၊သုမုခ။ပတေဝ၊ ချံပါလေ။ဗန္ဓေ၊နှောင်ဘွဲ့ရာ၌။သဟာယတာ၊အဆွေခင်ပွန်းအဖြစ်သည်။နဉ္ဇ်၊မရှိ။ပတတံ။ ဟာသ်ာအပေါင်းတို့ထက်။သေဋ္ဌ၊မြတ်သော။သုမုခ၊ သုမုခ။အနိစ္စာယ၊ ဆင်းရဲမရှိခြင်းငှါ။ကတ္တုံ။ပြုအပ်သော။ ဝိရိယံ၊ဝိရိယာကို။ မာဟာပေသိ၊ မယုတ်စေလင့်။ကာမံ၊အလိုအလျောက်။ပက္ကမ၊ဘဲလေလော့။ ။ဤသို့ဟာသ်ာမင်းဆိုသောစကားကိုကြား၍။ သုမုခလည်း ဤဟာသ်ာမင်းသည် ငါ၏အဆွေခင်ပွန်းကောင်းအဖြစ်ကိုမသိ။ချစ်ယောင်ပြုသော အဆွေခင်ပွန်းကဲ့သို့မှတ်၏။ဟာသ်ာမင်းအား ငါ၏ချစ်မြတ်နိုးခြင်း ရှိသည်၏အဖြစ်ကိုပြုအံ့ဟုကြံ၍။ ။နာဟံ ဒုက္ခပရတောတိ၊ဓတရဋ္ဌတုဝံဇဟော။ ဇိရိတံမရဏံ ဝါမေ၊တယာသဒ္ဓိံ ဘဝိသ္သတိ။ ။နာဟံဒုက္ခပရတောတိ၊ ဓတရဋ္ဌတုဝံဇဟော။ နမံအနရိယသံယုတ္တော၊ ကမ္မမေယောဇေတု မရဟာသိ။ ။သကုမာရောသခါဏျသ္မိ၊ သစိတ္တော်ဟာသ္မိတေဒ္မိတော။ ဉာတောသေနာပတိတ္ဝာဟံ၊ဟံသာနံပဝရတ္တိမ။ ။ပထံအဟံဝိကတ္တိသံ၊ ဉာတိမန္တော ဇာတောဂတောဂတော။တံဟိတ္ထာပတတံသေဋ္ဌ၊ကိန္နံ ဝက္ခာမိတောဂတော။ ဇာဝပါဏံစဇိသာမိ၊ နာရိယံကတ္တု၊မသာဟော။ ။ဓတရဋ္ဌ၊ ဓတရဋ္ဌမည်တော်ရသော။မဟာရာဇ၊ မြတ်သောမင်း။ အဟံ၊ အကျွန်ုပ်သည်။ ဒုက္ခပရတောတိ၊ဆင်းရဲဖြင့်နှိပ်စက်အပ်၏ဟု၊တုဝံ၊ရှင်မင်းကြီးကို။ နဇဟော မစွန့်ရာ။မေ၊ အကျွန်ုပ်၏။ဇိရိတံဝါ၊ ရှင်ခြင်းသည်ဂုဏ်း။ မရဏံဝါ၊ သေခြင်းသည်ဂုဏ်း။တယာ၊ ရှင်မင်းကြီးနှင့်။ သဒ္ဓိံ၊တကွ။ ဘဝိသ္သတိ ဖြစ်လတ္တံ့။ ။ဓတရဋ္ဌ၊ဓတရဋ္ဌမည်တော်ရသော။မဟာရာဇ၊မြတ်သော

မင်း။အဟ်၊သည်။ဒုက္ခပရေတောတိ၊ကာဇိကဒုက္ခ စေတသိကဒုက္ခဖြင့် တွေ့အပ်ဏ်ဟူ၍။ တုဝံ ရှင်မင်းကြီးကို။နဇေပေါ၊မစွန့်ပေ။ မံ၊အကျွန်ုပ်ကို။ တွံ၊ ရှင်မင်းကြီးသည်။ အနုရိယသံယုတ္တော၊ သူတော်သဘော မဟုတ် ယုတ်သည်နှင့်ယှဉ်သော။ ကဖမွေ၊ အမှုန်။ပေါဇေတုံ၊ ယှဉ်စေခြင်းငှါ။ နအရဟာသိ၊မထိုက်။ ။ဟံသာနံ၊ ဟာသ်ာအပေါင်းတို့ထက်။ ပဝရတ္တာမှ၊ အလွန်မြတ်သောမင်းဖြစ်တော်မူသော။မဟာရာဇ၊ရှင်မှင်း ကြီး။ အဟံ၊သည်။တေ၊ရှင်မင်းကြီး၏။ သကုမာရော၊ တပြိုင်နက်ပင် သန္ဓေနေဘော်၊ တကွနက်ဘွားတော် တပေါင်းတည်း ကြီးတော်ဖြစ် သော။သခါ၊ လက်ျာမျက်စိနှင့်တူသော ချစ်မြတ်နိုးအပ်သော အဆွေ ခင်ပွန်းသည်။အဋ္ဌိ၊ဖြစ်၏။ အပဲံ၊သည်။ တေ၊ ရှင်မင်းကြီး။ သစိတ္တေ စိတ်တော်၌။ ဋ္ဌတော စ၊တည်သည်လည်း။အဿိ၊ဖြစ်၏။ဟံသာနံ၊ ဟာသ်ာ အပေါင်းတို့ထက်။ပဝရတ္တာမ၊အလွန်မြတ်သော မင်းဖြစ်တော်မူသော။ မဟာရာဇ၊ရှင်မင်းကြီး။အဟံ၊သည်။ သေနာပတိတိ၊ စစ်သူကြီးဟူ၍။ ဉာတော၊ထင်ရှား၏။ ။တံ၊ရှင်မင်းကြီးကို။ဟိတွာ၊စွန့်ခဲ့၍။ ဇာတော၊ ဤအရပ်မှ။ဂတော၊သွားသော။အာဘံ၊သည်။ ဉာတိမဇ္ဈေ၊ အဆွေအမျိုး တို့၏အလယ်၌။ ကထံဝိကတ္တိသံ၊ အသို့ပြောရာရှိအံ့နည်း၊ဇာတော ဤ အရပ်မှ။ဂတော၊ သွားသော။အဟံ၊သည်။တေ၊ ရှင်မင်းကြီး၏။ပဝတ္တိံ၊ အကြောင်းကို။ ကိံ၊အသို့။ ဝက္ခာမိ ဆိုရအံ့နည်း။ ပတတံပတန္တာနံ ပုံသောအလွေ့ရှိကုန်သောဟာသ်ာအပေါင်းတို့ထက်။သေဋ္ဌ၊မြတ်တော်မူသော။ မဟာရာဇ၊ရှင်မင်းကြီး။အဟံ၊ သည်။ဇာတ၊ဤအရပ်၌။ ပါဏံ၊ အသက်ကို၊ စဇိသာမိ၊စွန့်ဇော်အံ့။အနုရိယံ၊သူတော်မဟုတ်သော်အမှု ကို။ကဇ္ဇံ၊ပြုခြင်းငှါ။နဥဿဟေ၊မဝံ့ပြီ။ ။ဤသို့သောစကားကိုဆိုဦး၍။ မူဆိုးလာလျှင် ချစ်ဘွယ်သောစကားကို ဆိုသဖြင့် နူးညွတ်သောစိတ် ရှိသည်ဖြစ်၍။ မူဆိုးလွတ်သော်လည်း အလျင်မသွား၊ဘမ်းကြောင်းကို မေး၍။ ၊အလုံးစုံကြားပြီးသော်၊ ဟာသ်ာမင်း၏ ပညာအာနုဘော်ကို ထင်ရှားစေလိုသောကြောင့်၎င်း၊ မိမိခင်ပွန်းသဘောကို ၊ပြလိုသော ကြောင့်၎င်း၊မူဆိုးအား ကြီးစွာသောစည်းစိမ်ကိုရစေလိုသောကြောင့် ၎င်း၊ မင်းကြီးကို ငဲ်းပါးသောသိလ၌ တည်စေလိုသောကြောင့်၎င်း၊ မိဘုရား၏နှလုံးအလိုကိုပြီးစေလိုသောကြောင့်၎င်း၊ဗာရာဏသီမင်းကြီး အကဲသိုဆောင်စေ၍။ဘုရားလောင်းတရားစကားကိုကြားလျှင်များစွာ

သော ပူဇော်ခြင်း ဖြတ်နိုးခြင်းဖြင့်။ စိတ္တကုဋ်တောင်သို့ တကြိမ် တဘန် ရောက်ပြန်၍။ ဤဓမ္မဒေသနာကို ဆော်တော်မူသော ဖြတ်စွာဘုရား သည်၊ ထိုရောအခါ၌ ဌက်မူဆိုးသည် ယာသုအခါ၌ ဆန္နအမတ်ဖြစ်လာ၏။ ခေမာမိဘုရားသည် ခေမာဘိက္ခုနီမ ဖြစ်လာ၏။ ဗာရာဏသိမင်းကြီး သည် သာရိပုတ္တရာဖြစ်လာ၏။ သုမုခစစ်သူကြီးသည် အာနန္ဒာဖြစ်လာ ၏။ ကြွင်းသောပရိသတ်တို့သည် ငါဘုရား ပရိသတ်ဖြစ်လာ၏။ ဓတရဋ္ဌ ဟာသိဝင်းသည် ငါဘုရား ဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းခြင်း အဋ္ဌုပ္ပတ္တိရှိသော မဟာဟံသဇာတ်၌ စစ်သူကြီး၏ပုံစံကို ဖွဲ့ကား မဖွဲ့။ ဖွဲ့သကဲ့သို့ဖြစ်၍ဂုင်း။ ။ဤနည်းနှင့်တူသော အတိတ်ပဋ္ဌုပ္ပန်အဋ္ဌုပ္ပတ္တိ ရှိသော စူဠဟံသဇာတ်၊ သုဝဏ္ဏဟံသဇာတ်တို့၌ စစ်သူကြီးတို့၏ ပုစံ ကိုကား မဖွဲ့။ဖွဲ့သကဲ့သို့ဂုင်း။ ။

၁၉။ စစ်သူကြီး ကာဠဟတ်သည်၊ မိမိအရှင် ဗြဟ္မဒတ်မင်း၏ အကျိုးစီးပွါးကို ကျင့်ရာ၌ နှိုင်းယှဉ်ထုတ်ပြဒေါသော မဟာဥမင်္ဂဇာတ်ဝတ္ထု။

စူဠနီဗြဟ္မဒတ်မင်းသည့် တရံတယောက်သောမင်း။ တဆဲ့ရှစ်ခေါ ဘာဏီသော စစ်သည်နှင့်တကွ၊ ဝိဒေဟပြည်ကို စစ်ထိုး၍မရလျှင်။သို့နှင့် ဖြားယောင်း၍ ဝိဒေဟရာဇ်မင်းကြီးကို ယူလိုသောကြောင့်။ ကေဝဋ္ဋ ပုဏ္ဏားကို စေလွှာသည်ကို သဘောမှတ်၍။ ဥတ္တရပဉ္စာလသို့ သွားသင့် မသွားသင့်ကို သုခမိန်လေးပါးအား မေးသည်ရှိသော်။ ရှစ်မင်းကြီး၊ ရေဝံလာသောစည်းစိမ်ကိုပုတ်ခတ်၍နှင်ရာသလော။ဗြဟ္မဒတ်မင်းကြီး သည်။ ထိုမျှသောမင်းတို့ကိုကား လေးကျွန်းလုံးတွင် ဝိဒေဟရာဇ်မင်း တယောက်သာ ငါနှင့်ဘုန်းလက်ရုံး တန်းခိုးအာနုဘော်တူသည်။သို့နှင့် ထိုက်ပေ၏ဟု ဇမ္ဗူဒီပါကျွန်းခွဲ လှမြတ်သောအဆင်းရှိသောသို့းတော်ကို ပေးလိုက်သောကြောင့်ဆိုသည်။ အလိုတော်သို့လိုက်သော် ကောင်း၏ဟု ဆိုကုန်၍။ ထိုနောက် မဟောသဓသုခမိန်ရောက်လျှင် နှုတ်လန်းသော စိတ်ဖြင့်။ ချစ်သား၊ စူဠနီဗြဟ္မဒတ်မင်းကြီး သို့းတော်ကို ယူအံ့သောဌာ. ဆရာကေဝဋ္ဋ၊သုခမိန်လေးပါး၊ ဤငါတို့ပညာရှိ ရွှေဂေါ်ပေါက်သည် တစိတ်ထည်း ညီကြလေပြီ။ချစ်သား အသို့ပါနည်းဟုမေးသည်ရှိသော်။

ရှင်မင်းကြီး၊ မူဆိုးသည် သမင်ကို တိန်ညင်ဖြင့်ထောင်သကဲ့သို့။ တံငါသည် ငါးကို အစာဖြင့်ထောင်မျှားသကဲ့သို့။ ရှင်မင်းကြီးကို သို့နှင့်မျှား၍ သတ်ရအောင်ကြံသည် မဟုတ်လော ဟုဆိုသည်ရှိသော်။ ငါ့ကိုအထွတ်ဖြစ်သောမင်းသည် သို့ပေးမည်ဟူ၍ စေလွှတ်သည်ကို။ မင်္ဂလာရှိသောစကားကိုကား မဆို။ အဟိတ်တိရစ္ဆာန်နှင့် နှိုင်းရှဉ်၍ မင်္ဂလာမရှိသောစကားကို ဆိုရမည်လောဟု အမျက်ထွက်၍။ ။မယာမေဝဇာလမှသေဇ္ဇမေခါ။ယောဉ်တွေမတွာနိတာသိလသိမှ။ ကိမေဝဘံနင်္ဂလကောဋိဇွေါ။ဝဇွေါ။အဘွာနိဇာနာသိ ယထာပိအညော။ ။ဟေမိလာဘူပုတ္တ၊ ဟယ်တောင်သူသား။ ယောမယံ၊အကြင်ငါတို့သည်။ ဥတ္တွာမဘွာနိ၊မြတ်သောအာကျိုးအကြောင်း စီးပွါးကောင်းတို့ကို။တယံ၊ သင်၌။ လပိမှ၊ပြောမှားချေကုန်၏။ တေမယမေဝ၊ ထိုငါတို့သည်သာလျှင်။ ဇေဋ္ဌမေခါ၊ နွမ်းသောမျက်နှာရှိကုန်သည်ဖြစ်၍။ ဗာလမှသော၊ မိုက်ချေပေါင်ကုန်တကား။ ဟေမိလာဘူပုဘွာ၊ဟယ် တောင်သူသား။အညော၊ ကောဝဠုပဏ္ဍား၊သိန်း၊ ဒေဝိန်း၊ကာမိန်း၊ပကုတ်တို့သည်။ အတ္တာနိ၊ မင်္ဂလာရှိသောအမှုတို့ကို။ ဇာနန္တိယထာဝါ၊ သိကုန်သကဲ့သို့လည်း။ နက်လကောဋိဝဇွေါ၊ ထွန်တုံးစွန်းခွါသာကြီးသော။ ဘွံ၊သင်သည်။အတ္တာနိ၊ မင်္ဂလာရှိသောအမှုတို့ကို။ ကိမေဝဇာနာသိ၊အဘာယ်မှာသိပါအံ့နည်း။ ။ဤသို့ဆဲရေးဦး၍၊လည်ကိုကိုင်ငင်၍ ထုတ်ဗိမ့်သောဌါစေလိုသောကြောင့်။ ။ဆုံဂလေဂဟေတွာန၊ နာသေထဝိဇိတာမမ။ ပေဿာမေရတနလာဘာသ၊ အန္တရာယာယဘာသတိ။ ။ကောန္တာ အမ္ဘာယော၊ အိုအမတ်များကို။ ယောမိလ်ာဘူပုတ္တော၊အကြင် တောင် သူသားသည်။ မေ၊ ငါ၏။ ရဘန်လာဘာသ၊ ဇာတ်နာကိုရအံ့သည်၏။ အန္တရာယာယ၊ အန္တရာယ်ဌါ။ ဘာသတိ၊ဆိုတတ်၏။ ဇ္ဈ မိလ်ာဘူပုတ္တံ၊ ဤတောင်သူသားကို။ ဂလေ၊ လည်ကို။ဂဟေတွာန၊ ကိုင်ဦး၍။ မမ၊ငါ၏။ဝိဒိတာ၊ နိုင်ငံမှ။ နာသေထ၊ ထုတ်လေကုန်။ ။ဤသို့ အမျက်ထွက်၍ကား ဆို၏။ ဤမည်သော်သူသည်။ ငင်ထုတ်လေဟု ဘုရားလောင်းခွ လေးမြတ်သော စိတ်ရှိသောကြောင့် မည္သနရကား။ တစုံတယောက်သောသူသည် မင်းကြီးဆိုတိုင်းမပြု။ ဘုရားလောင်းလည်း မင်းကြီးအမျက်ထွက်သောအဖြစ်ကိုသိလျှင်။ မင်းကြီးစကားကိုယူ၍ တ စုံ တ ယောက် သော သူ သည် ငါ့လက်ကို ဖြေသိန်ငင်း၊ ငါ့လည်ကိုဖြေသိန်ငင်း သုံးသပ်အံ့။ ထိုသို့ သုံးသပ်ခြင်းသည်

ဘာသက်ပန်လုံး ရှက်ဘွယ်ရှိ၏။ သွားရတော့သော် ကောင်း၏ဟု မင်းကြီးကိုရှိခိုး၍ သက်ခဲ့ပြီးသော်။ မင်းကြီးဆိုသောစကားကို နှလုံးမထားမူ၍။ ပဉ္စာလရာဇ်မင်းကြီး၏ အစိအရင် အတိုင်အပင်ကိုမသိသိကြောင်း လုံ့လပြု၍။ ဝိဒေဟရာဇ်မင်းကြီး သွားမည်မှန်လတ်သော်။ မင်းကြီးစကားကို နှလုံးထား၍ လျစ်လျူ။ ရှုဘိမူကား အကျိုးမရှိ၊ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်လေကုန်အံ့သည်ဟူ။ ။ပဿဝေယျရေဘုရေယျဘောဂံ။ တဿပဒအဘုံပုရိသောစရေယျ။ ။ဟူသောဂါထာဝက်ဖြင့်။ အကြင်သူသည် အကြင်မင်းအထံ၌ စည်းစိမ်ကိုခံစား၏။ ထိုသူသည် ဆဲရေးသော်၎င်း၊ ရေွ့တ်သော်၎င်း၊ လည်ကိုင်၍ပစ်သော်၎င်း၊ ထိုမင်း၏အစီးအပွါးကိုသာကျင့်ရာ၏။ ထိုစကားကို နှလုံးထားသဖြင့် ခင်ပွန်းမပစ်ရာဟု ဥဒါန်းစကားကိုဆို၍။ ဥက္ကရပဉ္စာလသို့ သွားတော်မူလိုသည်ရှိသော် အကျွန်ုပ် ရှေးဦးစွာသွား၍၊ နေတော်မူရာစီရင်အံ့ဟု လျှောက်၍။ ထမင်းသခင်အရှင်ဖြစ်သော ဝိဒေဟရာဇ်မင်းကြီး၌ အသက်ကို နှင်းခဲ့၍ ရောက်လျှင်ပင် ဖွဲ့ပြောဖြစ်ချေကောင်းသော ရန်သူစင်စစ်ဖြစ်သော ဗုဇ္ဇနိကေဝတ်အထံသို့ အသက်ကိုပမာဏမပြု သွား၍။ မကြံကောင်းသောအကြံကိုကြံ၍ မပြုကောင်းသော အမှုကိုပြုသဖြင့်။ ဗုဇ္ဇနိဖြဟ္မဒတ်မင်းကြီးသို့ကိုလည်းရ။ မင်းနှစ်ပါးတို့လည်း ချစ်ကြည်ကြ။ ကျွန်အရှင်အားလုံးလည်း ဘေးမရှိကြခြင်းအစရှိသော အဋ္ဌပုတ္တိကို ဆိုဖကြောင်းဖြစ်သော မဟာဥမင်္ဂဇာတ်၌ စစ်သူကြီးတို့၏ပုံစံကို မိုကားမမှီ။ မှီသင့်သူဖြစ်၍၎င်း။ ။ထမင်းသခင် အရှင်ဖြစ်သောမင်း၏ အစီးအပွါးကိုလို၍ ဘီလူးနှင့်အတူ မိမိအသားကိုပင် စားတတ်သော။ ကြောက်မက်ဘွယ်သော တန်းခိုးအာနုဘော်နှင့် ပြည့်စုံသော် မင်းကို စင်လျက် အသက်ကို ပမာဏမပြုဆိုသတည်း။ ။

၂၀။ ကာဠဟတ်စစ်သူကြီးသည်၊ ဖြဟ္မဒတ်မင်းကြီးအား
မိဘရား သားသို့တော်တို့ဖြင့် ဖြားပေသောင်း၍
လူသားမှကြဉ်ရန် တားမြစ်ခြင်း။

မဟာပေါရိသာဒမင်းကြီးလည်း၊ ထိုအရသာ၌မက်မောခြင်းပြင်းရကား။ တဆသောဥပမာကိုဆောင်၍ ပြမည်ပြု၏။ ပြည်သူအပေါင်းတို့

လည်း ထတည့်၍။အခ်ာင်စစ်သူကြီး၊ အဘယ့်ကြောင့် လူသားစားခိုးသူ နှင့်များစွာဆိုဘက်ပြုသနည်း။ ကြဉ်လျှင်ကြဉ်စေ။ မကြဉ်လျှင်နှင်ထုတ် တော့လောဟုဆို၍၊ ထိုမင်းကြီးကိုတဘန် ဆိုပြန်စိမ့်သောဌါ ခွင့်မပေး။ ပင်းကြီးလည်း များစွာသော သူတို့၏ အုတ်အုတ်ကျက်ကျက်ဆိုသော စကားကိုကြား၍ ဘဘန်ဆိုပြန်ခြင်းဌါ မတတ်နိုင်ရကား၊တိတ်တိတ်နေ ၏။စစ်သူကြီးလည်း၊ ချင်မင်းကြီး၊အသို့နည်း။ကြဉ်နိုင်အံ့လောဟုမေးပြန် ၏။ ပင်းကြီးလည်း မကြဉ်နိုင်ဟုဆို၏။ ထို့နောင်မှ စစ်သူကြီးလည်း။ မိဘရား၊သားသေဌ၊သွီးတေဌ၊ မိသံမောင်းမအပေါင်းကို အထူးထူး သော ဝတ်စားတန်ဆာဖြင့် တန်ဆာဆင်စေ၍။ မင်းမြောက်တန်ဆာ ငါးပါး၊ အလုံးစုံသော မင်းခမ်းစိုးရုတို့ကို ခင်းကျင်းစေ၍ ရှေ့တွင် ထားပြီးသေဌ၊ချင်မင်းကြီး၊ ဤဆွေတေဌ မျိုးတေဌအပေါင်းတို့ကိုလင်း။ မှူးတေဌ မတ်တေဌ အဂအပေါင်းတို့ကိုလင်း၊ မင်း၏စည်းစိမ်ချမ်းသာကို လင်း၊ ကြည့်တေဌမူပါလော့။ဤအလုံးစုံကို မပျက်စီးပါစေလင့်။ ဆင်ခြင် တေဌမူ၍ ဤအသားမှ ကြဉ်တေဌမူပါလော့ဟု တောင်းပန်ပြန်၏။ ။

၂၁။ ကာဠဟတ်စစ်သူကြီးသည်၊ ပြိဟ္မဒတ်မင်း၏အကျိုးစီးပွါးကို ကျင့်ရာ၌ နှိုင်းရှည်ထုတ်ဆောင်အပ်သော ကဠာယမဇ္ဈောတ်ဝတ္ထု။

ဤသို့ ကာဠဟထွဆို တောင်းပန်ခြင်းသည်ကား။ငါတို့ မြတ်စွာဘုရား သည် သာဝတ္ထုပြည် ဇေတဝနကျောင်းတော်ကြီး၌ နေ တော်မူစဉ်။ ပသေနဒိဘုရာသခင်သည် ပစ္စန္တရာဇ်မြို့ကိုသိမ်းယူအံ့ဟု မြို့မှထွက် ၍ ဇေတဝနကျောင်းတော်ပါး၌ သစ်ခက်မြို့တဲနှင့် နေသည်ရှိသော်။ ရှိစဉ်းကာလ၌ ထွက်၍သွားမည်ပြု၏။ ဧရာင်းမြောင်းကြီး၌ ခရီးခဲသော ကာလ၌ သွားသင့် မသွားသင့်ကိုမသိ။မြတ်စွာဘုရားသို့ဝင်၍ရှိခိုးရစေ။ မြတ်စွာဘုရားသည် ငါ့ကို သံသရာစီးပွါးဖြင့်သာ ချီးမြောက်တော်မမူ။ ပစ္စုပ္ပန် စီးပွါးဖြင့်လည်း သ ဟိုဟာ တော်မူ သည် ဖြစ် သော ကြောင့် အကြောင်းကိုမေး၍ကြားတော်မူလျှင်။ငါသွားသင့်ကလည်းဆိတ်ဆိတ် နေတော်မူမည်။မသွားသင့်ကလည်း အခါမဟုတ်တကား ဟု မြစ်တော် မူလိမ့်မည်ဟုကြံ၍။ မြတ်စွာဘုရားအထံတော်သို့သွား၍ မင်းကြီးတိုင်း

မေးတော်မူသဖြင့် အကြောင်းကိုလျှောက်လျှင်။ ရှေးမင်းတို့သည် အချိန်မ ဟုတ်သောကာလ၌ ဤအတူဂုဏ်း သွားမည်ပြုသော်။ ပညာရှိတို့၏ စကားကိုကြား၍ မသွားကုန်လင့်ဟု ဆိုတော်မူလျှင်။ ထိုအကြောင်းကို မင်းကြီးတောင်းပန်သဖြင့်။လွန်လေပြီးသောအခ ၌ဗာရာဏသီပြည့်ရှင် ဇြဟ္မဒတ်မင်းကြီးသည်၊ ပစ္စန္တရာဇ်မြို့ကို သိမ်းယူအံ့ဟု စစ်ချီနမဟုတ် သော မိုးခါးကာလ၌ မြို့မှထွက်၍ ဥယျာဉ်ဝယ် သစ်ခက်မြို့တဲပြုနေစဉ်။ မြင်းတို့ကို စားစိမ့်သောငှါ ပဲပြုတ်ကို စားကျင်း၌ ထည့်သည်ကိုမြင်၍။ ဥယျာဉ်၌ မျောက်တခုသည် သစ်ပင်မှသက်၍၊ခံတွင်းဖြင့်ငုံ၍၊ လက်နှစ်ဘက်ဖြင့်ဆုပ်၍၊တဘန် သစ်ပင်ထက်သို့တက်၍ စားမည်ပြုလျှင်။တလုံးသောပဲသည် လက်မှလွတ်၍ကျသည်ကို ခံတွင်းဖြင့်ငုံသောပဲကိုထွေး၍၊ လက်ဖြင့်ဆုပ်သောပဲကိုသွန်၍၊သစ်ပင်ထက်မှ ဆင်းသက်၍ ထိုပဲတလုံးကို ရှာသည်ရှိသော် မရ၍၊ ဥစ္စာတထောင်ရှိုးသော ယောက်ျားကဲ့သို့။ မသာသောနှလုံးဖြင့် စိုးရိမ်လျက် သစ်ပင်ထက်၌ မှိုင်၍နေသော်။ ထိုအကြောင်းကိုမင်းကြီးမြင်၍၊ဘုရားလောင်းအမတ်ပညာရှိအားမေးသည် ရှိသော်။ ။ဗာလောဝတာယံ ဒုမသာခဂေါစရော။ပညာဇနိန္ဒနယိမသာ ဝိဇ္ဇတိ။ ကဠာယမဋ္ဌိ အဝကိရိယ ကေဝလံ။ ဧကံ ကဠာယံပတိတံဂဝေသတိ။ ဟူသောဂါထာဖြင့် ဖြေပေ၏။ ။ဇနိန္ဒ၊ လူအပေါင်းကို အစိုးရတော်မူသော။ မဟာရာဇ၊ မြတ်သောမင်း။ ဒုမသာခဂေါစရော၊ သံစိခက် သစ်ပင်၌ ကျင်လည်သော်။ အယံ၊ ဤမျောက်သည်။ ဝတ၊ စင်ဖစ်၊ဗာလော၊မိုက်၏။ဣမသ္မာ၊ဤမျောက်အား။ ပညာ၊ ပညာသည်။ နဝိဇ္ဇတိ၊မရှိ။ ကေဝလံ၊အလုံးစုံသော။ ကဠာယမဋ္ဌိံ၊ ဆုပ်သောပဲကို။ အဝကိရိယ၊သွန်ကြဲ၍။ ပတိတံ၊ကျသော၊ဧကံ။ တလုံးသော်။ ကဠာယံ၊ မင်းပဲကို။ဂဝေသတိ၊ရှာ၏။ ။ဤသို့ဖြေဦး၍ မင်းကြီးကို နှလုံးသွင်းစေလိုသောကြောင့်။ ။ဧဝမေဝမယံရာဇ၊ ယောစညေအတိလောဘိနေ၁။ အပ္ပေနဗဟုဒိယာမ၊ ကဠာယောနဝ ဝါနရော။ ။ဟူသော ဂါထာကို ရွတ်ပြန်၏။ ။မဟာရာဇ၊မြတ်သောမင်း။အယံဝါနရော၊ဤမျောက်မိုက်သည်။ကဠာယောနဝ တလုံးသော ပဲကြောင့်လျှင်။ သဗ္ဗကဠာယောဟိ၊ အလုံးစုံသောမင်းပဲတို့မှ။ပရိဟီနောယာထာ ယုတ်သကဲ့သို့။ဧဝမေဝ၊ ဤအတူဂုဏ်းလျှင်။မယဉ္စ၊ငါတို့သည်ဂုဏ်း။အတိလောဘိနော၊ အလွန်လိုချင်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သော်။ ပေါ၊ အကြင်သို့ သဘောရှိကုန်သော။

အညေစ တပါးသောသူတို့သည်ၜင်း။အပြေန၊နည်းသောအကျိုးစီးပွါး
ကြောင့်။ ဗဟုနာအဌ၁၊ များစွာသော အကျိုးစီးပွါးမှ။ ဇိယာမ၊
ယုတ်ကုန်၏။ ။ဤဂါထာဖြင့် ဘုရားလောင်းအနုသာသနီပြုလျှင်။ဗာရာ
ဏသီ မင်းကြီးသည်လည်း မြို့သို့တဘန် ဝင်ပြန်၏။ ထိုသူ တို့လည်း
မင်းကြီး မြို့မှထွက်၍ချီလာ၏ဟုကြား၍ ပြေးလေကုန်၏။ ပဓွေပြန်ဝတ္ထု
၌လည်း ပသေနဒိကောသလမင်းကြီး မြို့မှထွက်လပြီဟုကြား၍ ခိုးသူတို့
ပြေးလေကုန်၏။ မင်းကြီးလည်း ဘုရားစကားတော်ကိုကြားလျှင် မြို့သို့
တဘန်ဝင်ပြန်၏။ဖြတ်စွာဘုရားလည်းဓမ္မဒေသနာကိုဆောင်တော်မူ၍။
ထိုရောအခါ ဗာရာဏသီမင်းကြီးသည် ပဒုအခါ အာနန္ဒာ ဖြစ်လာ၏။
ထိုရောအခါ ပညာရှိသောအမတ်သည် ပဒုအခါ ငါဘုရားဖြစ်လာ၏
ဟုဇာတ်ကို ပေါင်းတော်မူပေ၏။ ။ကာဠဟတ္ထိလည်း၊ ဤကာဠဟ
မဋ္ဌဇာတ်၌ ပုံစံကိုဒီကားမဒို့။ ဒိသကဲ့သို့ဖြစ်၍။ ဤမင်းကြီးသည်များ
သောဝတ္ထုကို အကြောင်းပြု၍ နည်းသောဝတ္ထုကို စွန့်ပါငြားအံ့လည်း
မသိဟု တောင်းပန်ပြန်သတည်း။ ။မဟာ ပေါဓိသာဒ မင်းလည်း။
ကာဠဟာတ်၊ ဤအလုံးစုံသည် လူသားထက် ဖြက်နိုးအဂ်သည် မဟုတ်
ဆို၏။ စစ်သူကြီးလည်း ထိုသို့တပြီးကား။ ရှင်မင်းကြီး၊ ဤဗာရာဏသီ
မြို့မှၜင်း၊ ဤကာသိတိုင်းမှၜင်း၊ထွက်ပေတော့ဟုဆို၏။ ။

၂၂။ ကာဠဟာတ်စစ်သူကြီးသည်၊ဖြဟ္မဒတ်မင်း၏စီးပွါးကို
ကျင့်ပါလျက် လူသားကိုမကြောင့်၍ပြည့်မှန်ထုတ်
ရာဒ္ဓိနိုင်းရှည်ထုဟ်ဆောင်အပ်သော
ပဒကုသလဇာတ်ဝတ္ထု။

ဤသို့ကာဠဟာတ်ဟု ဆိုခြင်းသည် ဗာရာဏသီပြည့်ရှင် ဖြဟ္မဒတ် မင်း
ကြီး၏ မိဘုရားသည်လွန်ကျူးခြင်းကျင့်သည်ကိုသိ၍။ မင်းကြီးမေးသည်
ရှိသော်။ ရှင်မင်းကြီးကိုလွန်ကျူးပစ္စေသော် အသုမဇိဘိလူးမ ဖြစ်ပါ
စေဟု ကျိန်စာရွက်ဆျေသောကြောင့်။ ထိုအဖြစ်မှစုတေ့လျှင် ဇတောင်
ခြေရင်းခွ အသုမဇိ ဘိလူးမဖြစ်၍။ ဝေဿဝဏ္ဏ နတ်မင်းကို သုံးနှစ်
ပတ်လုံးလုပ်ကျွေးသဖြင့်။ အဲလျားယူဇနာ သုံးဆယ်၊ အနံငါးယူဇနာ
ရှိသော ထိုတောင်ယံတောအုပ်၌ သွားသောလူကို စားပိုင်သောဆုကို

ရ၍။တခုသောလိုဏ်ဌာနေစမှတ်ပြုလျက် လူကိုဘမ်း၍စားသည်ရှိသော်
တနေ့သ၌ ကြွယ်ဝများမြောင်သော စည်းစိမ်ရှိသောအဆင်းလှသော
ပုဏ္ဏားတယောက်သည် များသောလူအပေါင်း ခြံရံလျက်သွားသည်ကို
မြင်လျှင်၊လေ၏လျင်ခြင်းဖြင့်လိုက်၍ ပုဏ္ဏားကိုဘမ်းပြီးသော်။ ကျောင်
ပိုး၍ နေရာ ကျောက်ဂူသို့ ဆောင်ရောတွင်။ ယောဂကျွင်း၏ အတွေ့ကို
ရ၍ ချစ်မြတ်နိုးသဖြင့် မစားဘဲ အိမ်ထောင်ဘက် ပြုသည်ရှိသော်။ ထို
ဘုရားလောင်းသည် ဖြစ်ရာဌာနမှစုတော့၍ ထိုဘီလူးမဝမ်းဌ ပဋိသန္ဓေ
နေသဖြင့် ဘွားမြင် အရွယ်သို့ရောက်လျှင်။ အဘမျက်နှာနှင့် အမိမျက်နှာ
မတူကြောင်းကို အဘအားမေးသည်ရှိသော်။ မောင့်အမိကားလူသား
စားဘီလူး။ ငါတို့သားအဘကားလူ ဟုဆိုလျှင်။ပယင်းသို့တပြီးကား။ ငါ
တို့ ဤအရပ်၌နေဘွယ်မရှိ။လူ့ပြည်သို့သွားကုန်အံ့ဟုဆိုသည်ကို ငါတို့
ပြေးချေသော် မောင့်အမိလိုက်၍မိလျှင်ငါတို့ကို စားလတ္တံ့ ဟုဆိုသည်
ရှိသော်။ မကြောက်လင့်ခမည်းတော်မင်း။ လူ့ပြည်သို့ရောက်ကြောင်း
သည့် ငါ့ဝန်ဖြစ်စေဟုဆို၍။ အဘကိုယူ၍ ပြေးသည်ကို အမိရောက်၍
မမြင်လျှင်။လေ၏လျင်ခြင်းဖြင့်လိုက်၍။ ပုဏ္ဏားး၊အဘယ်ကြောင့် ပြေးသ
နည်း။ ဤအရပ်၌ အဘယ်သူတဲ့သနည်းဟု ဆိုသည်ရှိသော်။ မိခင်။ ငါ့
ကို အမျက်မထွက်နှင့်။မိခင်ဆော ငါ့ကိုယူ၍ပြေးသည် ဟုဆိုလျှင်။သား
၌ချစ်ခြင်းဖြင့်မဆိုတဲ့။ တဘန်ဆောင်ပြန်ခဲ့၍။ ထို့နောက် တကြိမ် ပြေး
သည်ကိုလည်း ဤအတူငင်းမိလေသောကြောင့်။ ငါ့မိအာဏာကို လွန်
နိုင်သော အင်္ဂါးအခြားရှိသည့်ဖြစ်ရာ၏၊ မေးရစေဟု။ တနေ့သ၌၊မိဘ
တို့ ဥစ္စာသည် သား မြေးတို့အားရောက်၏။ မိခင်အာဏာတံ်သော
အရပ်အပိုင်းအခြားကိုဆိုပါဟု မေးသည်ကို သဘော်မှတ်၍။အလျား
ယူဇနာသုံးဆယ်၊ အနံငါးယူဇနာ၊ ဤမည်သောတောတောင် အပိုင်း
အခြား။ ဤအရပ်ကိုချစ်သားမှတ်ဟု ဆိုသောကြောင့်။ သုံးလေးရက်
ကြာလျှင် အမိတောသို့သွားစဉ် အဘကိုထမ်း၍ လေ၏ လျင်ခြင်းဖြင့်
ပြေးသည်ရှိသော်။ မြေခြားဖြစ်သော မြစ်နားသို့ရောက်မှ အမိလိုက်၍
မိသဖြင့်။ မိမိအာဏာတည်သော အပိုင်းအခြားကိုလွန်၍။ မြစ်လယ်သို့
ရောက်သောသားခင်ပွန်းတို့ကိုပြန်စမ်းသောဌါ အထူးထူး အပြားပြား
များစွာတောင်းပန်သော်လည်းမပြန်လိမ့။သားကိုခေါ်၍။ချစ်သား၊ တာ
စုံတခုသောအတတ်ပညာမစာတ်ပါသလူသည် လူ့ပြည်၌အသက်မွေး

ခြင်းငှါခဲ့၏။ ငါအဘိုးအတိုင်းမသိသော စိန္တာဝမဏိ မန္တန်ကိုတတ်၏။ ထိုမန္တန်၏ အာနုဘော်ဖြင့် တဆဲ့နှစ်နှစ်ထက် ခိုးလေသော ဥစ္စာကို သော်လည်း ခြေရာ အစဉ်အတိုင်းလိုက်၍ ယူခြင်းငှါ စွမ်းနိုင်၏။ ချစ်သား၊သင်လော့ ဟု။ထိုသို့သောစိုးရိမ်ခြင်းဖြင့် နှိပ်စက်ငြားသော်လည်း သား၏ ချစ်ခြင်းဖြင့် မန္တန်ပေးသည်ကို။ မြစ်လယ်၌ရေဝင်လျက် အမိကို ခိုးခိုး၍ မန္တန်သင်၍တတ်လျှင်။ သွားတော့မိခင် ဟုဆိုသည်ကို။ သင်တို့ မပြန်သည်ရှိသော် ငါအသက်မရှိပြီဟုဆိုဦး၍။ ။ဖေဖိပုတ္တနိဝတ္တဲ့သူ၊ မာဒနာထံ ကရောဟိမေ။ အဇ္ဇုပုတ္တံ အပသဿဲ့၊ ယာဂ္ဂီနိမရေဃံ ဂတာ။ ။ဟူသောဂါထာဖြင့် တောင်းပန်သော်လည်း မပြန်လျှင်။ ရင်ကို ခတ်လျက် ငိုကြွေးမည်တန်း၍ သားခွ ချစ်ခြင်းကြောင့် နှလုံးကွဲသဖြင့် ထိုခွလည်း၍ သေသည်ကိုဖြင်လျှင်။ သားခင်ပွန်းတို့ ပြန်ပြန်၍၊ ကောင်းမွန်စွာသင်္ဂြိဟ်ပြီးမှ၊အထူးထူးသော ပန်းမာန်ဖြင့် သင်းချိုင်းကို ခိုးပုဇော်၍ ငိုမြည်တမ်းပြီးမှ၊ လူ့ပြည်သို့လာ၍ ဗာရာဏသီပြည် သို့ရောက်လျှင်။ တဆဲ့နှစ်နှစ်ထက်ခွ ခိုးလေသော ဥစ္စာကိုသော်လည်း ခြေရာကိုမှီ၍ ယူခြင်းငှါ တတ်နိုင်သော စိန္တာဝမဏိ ကို တတ် ကြောင်းကိုဆို၍။ အသပြာ တနေ့တထောင် တထောင် မျိုးရိက္ခာရသဖြင့်။ ဗာရာဏသီမင်းကြီးခွ ခစားသည်ရှိသော်။ တနေ့သခွ ပုရောဟိတ် ပုဏ္ဏားသည်။ ရှင်မင်းကြီး ထိုလုလင်ကို တဓနဲ့ တထောင် တထောင် ပေး၍ မွေးမြူ၏။ တစုံတခုသောဓနမျှကိုငဲ့ကို မပြုသေးဖြစ်သောကြောင့်။ ထိုမန္တန် ရှိမရှိလည်းမသိ။ ဗူးစမ်းရသော် ကောင်း၏ဟုဆို၍။ မင်းနှင့် ပုဏ္ဏားတို့သည်ဘဏ္ဍာစိုးတို့အား အကြောင်းကြား၍။မင်းကြီးဥစ္စာရတနာကိုယူ၍၊ ပြာသာဒ်ထက်မှသက်၍၊ မင်းအိမ်ကြားခွ သုံးကြိမ်လည် သွား၍၊ ထန်းကျင်လှေကားဖြင့် နန်းတော်တံခါးတိုင်မှသက်၍ တရား တင်းကုပ်ခွနေပြီးသော်။ ကဘန် စောင်တန်းလှေကားဖြင့် တက်ပြန်၍။ နန်းတော်တွင်းခွ ဇရကန်ကိုသုံးပတ်လည့်၍။ ရေကန်ထဲခွ ဥစ္စာထုပ်ကို ထား၍။ ပြာသာဒ်ထက်သို့တက်၍ မိုးသောက်လျှင်။ နန်းတော်ခွ ဥစ္စာ ရတနာပျော်ဝံသည်ဟူ အုတ်အုတ်ကျက်ကျက် စိစစ်ပြီးမှ။ဘုရားလောင်း ကိုခေါ်၍။ယခုနေ့ ငါ့နန်းတော်ဝယ်ဥစ္စာရတနာကိုခိုးလေသည်ဖြစ်သော ကြောင့် ရအောင်ပြုဘိဟုဆိုသည်ရှိသော်။ ရှင်မင်းကြီး၊ တဆဲ့နှစ်နှစ် ထက်ခွ ခိုးလေသောဥစ္စာကို ခြေရာမှီ၍ ယူခြင်းငှါစွမ်းနိုင်သော

အာကျွန်ုပ်အား။ယာနေ့ည၌တွင် ပျောက်သောဥစ္စာကိုယူခြင်းငှါ အဘယ်ခဲအံ့နည်း။ ကြောင့်ကြတော်မမူလင့်ဟု အဓိဖြစ်သော အာသမုဒ်ဘိလူး မကိုဂ်ိုခိုး၍ မန္တန်စပ်၍ ကြည့် သည် ဂို သေ၏။ ဂုင်မင်းကြီး၊ ခိုးသူ နှစ်ယောက် ခြေရာထင်ဂျီဟု မင်းနှင့်ပုဏ္ဏားသွားသောခြေရာကို အစဉ်အတိုင်းလိုက်၍။မိမိထားသော်ဥစ္စာထုပ်ကဲ့သို့ယူ၍။ ဂုင်မင်းကြီး၊ ဤခိုးသူနှစ်ယောက်တို့သည်ကား ထင်ဂျားသောခိုးသူကြီးချည်း။နန်းတော်သို့ တက်ပြန်လေဂျီဆိုလျှင်။ များစွာသော လူအပေါင်းတို့သည် နှစ်သက်ဝမ်းသာကုန်သည်ဖြစ်၍။ ဦးပေါင်း ဦးရစ် ကြပစ် ပူဇော်ကုန်သည်ဂို သေ၏။ဤလူလင်သည် ခြေရာကိုမှီ၍ ဥစ္စာကိုသော်ကား ရအောင်တတ်နိုင်ဂျီ။ ခိုးသူကိုသိအောင် မတတ်နိုင်ရာဟုကြံ၍။ဥ စ္စာ သော် ကား ရ ပြီ။ ခိုးသူကိုဘမ်း၍ပေးခြင်းငှါ တတ်နိုင်အံ့လောမေးသော်။ခိုးသူ ဤအရပ်၌ဂို ဂျီ။ မဝေးဟုဆိုလျှင်။ အသူ အသူနည်းဟု မေးသည်ကို။ အကြင်သူသည် အလိုဂို ဂျီ။ ထိုသူသည် ခိုးသူဖြစ်တော့သံ့ည်။ ဥစ္စာကိုရဖြီးသော် ခိုးသူကိုစိစစ်၍ အဘယ်အကျိုးဂို သနည်းဟု ဆိုသည်ဂို သော်။ မောင့်ကို ငါတနေ့ တထောင် တထောင်ပေး၍ မွေးသည်ကိုကား၊ခိုးသူကိုဘမ်း၍ ပေးလော့ဟုဆိုသော်လည်း မင်းကြီးကို ခိုးသူမဆို။ စောင့်ရှောက်လိုသောကြောင့်။ ဂုင်မင်းကြီး၊ဤသူ ဤသူတို့သည် ခိုး သူ ဟု မ ဆို မူ ၍။ လွန်လေပြီးသောအကြောင်းကိုဆောင်၍ပြအံ့။ ပညာဂို ကသိတော်မူအံ့သည်ဟုဆို၍။ ၁။ ဂုင်မင်းကြီး၊ လွန်လေပြီးသောအခါ။ ဤဗာရာဏသီပြည်မှ မနီးမဝေးသောဖြစ်နားရွာ၌ ပါဠုလီအမည်ဂို သော ကချေသည်သည်၊ သဘင်နေ့ကြုံသည်ဂို သော် မယားနှင့်တကွ ဗာရာဏသီမြို့သို့သွား၍ သိကတိုးမှတ်သဖြင့်။ ဥစ္စာဧ၍ သဘင်စဲလျှင် များစွာသော ထမင်းကိုယူခဲ့၍ ရွာသို့ပြန်ရာတွင်။ဖြစ်နား၌ ထမင်းသေစာစားသောက်၍ ပသစ်ဝသဖြင့် ပမာဏမသိသည်ဖြစ်၍။ကြီးစွာသောစောင်းကိုလည်၌လွယ်၍ မယားကို လက်ကိုင်၍ ကူးသည်ဂို သော်။ စောင်း ဧပါက်ကရေဝင်သဖြင့် ရေ၌နစ်သည်ကိုဖြင်လျှင်။မယားသည် လက်ကိုလွှတ်စေ၍ ကမ်းသို့ပြေးတက်၍။ ၎ဝဲဘုံ ပေါ်တုံဝမ်းကြားတာ်းဂို သည်ကိုဖြင်လျှင်။ ငါ့လင် မသွတ်မလွဲသေလတ္တံ့။ ငါ့လင်သေသော် တရုသော သိချင်းကိုတောင်း၍။ ထိုသိချင်းဖြင့် အသက်မွေးရစေဟု သိချင်းတောင်းသည်ဂို သော်။ ။ယောနသိဗ္ဗန္ဒိ ဒုဗ္ဘိတံ၊ယောနသိဗ္ဗန္ဒိ အာတုရံ။ တာသမံဗ္ဗော

မရိသဿဒိ၊ဇာတံသရဏာတောဘာယံ။ ။ဘန္ဒေ၊ အာဘာယ်။ယေန၊ အကြင်ရေဖြင့်။ ဒုက္ခိတံ၊ ဆင်းရဲခြင်းကို။ သိဉ္စန္တိ၊ သွန်းချိုးဆေးလျှော်ကုန်၏။ ယေန၊ အကြင်ရေဖြင့်။ အာဝဟံ၊ ကျင်နာခြင်းကို။ သိဉ္စန္တိ၊ သွန်းချိုးဆေးလျှော်ကုန်၏။ တာသဟ၊ထိုရေ၏။မဏ္ဍော၊အလယ်၌၊ မရိသဿဒိ၊သေရအံ့။ သရဏာတော၊ကိုးကွယ်ရာဖြစ်သောမေ့မှ။ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။ ။ဤဂါထာဖြင့် အကြင်ရေသည် အလုံးစုံသော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သောရေမှ ဘေးရောက်၍ သေရအံ့။ အသို့ သိမ်ချင်းပေးရမည်နည်းဆိုသကဲ့သို့။ ရေနှင့်တူသော အလုံးစုံသောသူတို့၏ ကိုးကွယ်ရာဖြစ်သောမင်းမှ ဤဒိုးသူဘေးသည်ရောက်၏။ ထိုဘေးကို အသူဖြစ်ပေအံ့နည်း။ ဤသို့ပညာရှိတို့သည် သိအပ်သော ဖုံးလွှမ်းသောအကြောင်းဖြင့်၊ ဒိုးသူကို သိတော်မူ ဟု ဆိုသည်ရှိသော်။ ငါဖုံးလွှမ်းသော အကြောင်းဖြင့်မသိ။ ဒိုးသူကိုသာဘမ်း၍ ပေးဟုဆိုသည်ကို။ ဤအကြောင်းဖြင့်မသိသော် တပါးသော အကြောင်းဖြင့် သိတော်မူ ဟုဆို၍။ ၂ ။ရှင်မင်းကြီး၊ ရှေးသရောအခါ၌ ဗာရာဏသီပြည့်တွင် တံခါးစောင့်တို့၏ရှာ၌ အိုးထိန်းတပေါက်သည် တဖန်ရာတည်း၌ အမြဲယူသဖြင့်။အတွင်းသို့ရှိုင်းသော ကြီးစွာသော တွင်းလိုက်ဖြစ်၏။ တနေ့သ၌ အထက်မြေကိုယူရာတွင် အနေခါမဲ့ မိုးယံးရွာ၍ မြို့သဖြင့် ခေါင်းကဲ့သည်ရှိသော်။ ။ယာဇွဇီဇာနိရှုဟန့်၊သတ္တာယာဇွပတိဒ္ဒိတာ။ သာမေသိသံနိပ္ပဋ္ဌေသိ၊ ဇာတံသရဏာတောဘာယံ။ ။ယာဇွ၊ အကြင်မြေ၌။ ဇိဇာနိ၊မျိုးစေ့တို့သည်။ ရှုဟန့်၊ ရောက်ကုန်၏။ ယာဇွ၊အကြင်မြေ၌။ သတ္တာ၊သတ္တဝါတို့သည်။ ပတိဒ္ဒိတာ၊တည့်ကုန်၏။ သာ၊ ထိုမြေသည်။ မေ၊ငါ၏။ သိသံ၊ဦးခေါင်းကို။ နိပ္ပိဋ္ဌေသိ၊ခွဲဘိ၏။ သရဏာတော၊ကိုးကွယ်ရာဖြစ်သောမြေမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။ ။ဤဂါထာဖြင့် အကြင်မြေသည် အလုံးစုံသော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သောမြေမှ။ ဘေးရောက်၍ ငါ့ခေါင်းကဲ့ဘိ၏ ဟု ငိုမြည်တမ်းသကဲ့သို့။မြေနှင့်တူသော အလုံးစုံသောသူတို့၏ အခွင့်သည် ဒိုးသူပြုသည်ကို အသူတားပေလတ္တံ့နည်း။ ဤအကြောင်းဖြင့်သိတော်မူ ဟု ဆိုသည်ရှိသော်။ ဤသို့ဖုံးလွှမ်းသောအကြောင်းဖြင့် ငါမသိ။ ဒိုးသူကိုသာဘမ်း၍ပြ်ဟုဆိုသည်ကို၊မင်းကြီးကို ဒိုးသူမဆို စောင့်ရှောက်လိုသောကြောင့်။ ဤအကြောင်းဖြင့် မသိသော်။ တပါးသောအကြောင်း

ဖြင့် သိတော်မူဟုဆို၍။ ၃။ ရှင်မင်းကြီး၊ ရှေးကာလ၌ ဤဗာရာဏသီဖြို့တွင်။တယောက်သောယောကျ်ားသည် အိမ်ဒိုးလောင်၍။ တယောက်သောသူကို အိမ်တွင်းဒ်ရှိသေး၊ ပရိဘ္ဂဏ္ဍာဘာဏ္ဍာကို ထုတ်စေသည်ရှိသော်။ တံခါးကိုဒိုးလောင်၍ ထွက်ရာမရသဖြင့်။ အခိုးဖြင့်မွန်းအစ်သော လောင်သောကိုယ်ရှိသည်ဖြစ်၍။ ။ယေနဘုဉ္ဇာနိပစ္စန်၊ သိတံယေနဝိဟာညတိ၊ သောမံဒယ္ဟတိဂဉ္ဆာနိ၊ဇာတံသရဏာတောဘယံ။ ။ယေန၊အကြင်မီးဖြင့်။ဘတ္တာနိ၊ထမင်းတို့ကို။ပစ္စန်၊ ချက်ကုန်၏။ယေန၊အကြင်မီးဖြင့်။သိတံ၊အချမ်းသည်။ဝိဟာညတိ၊ပျောက်၏။ သော၊ ထိုမီးသည်။မံမမ၊ငါ၏။ ဂတ္တာနိ၊ ကိုယ်တို့ကို။ ဒယ္ဟတိ၊လောင်၏။ သရဏာတော ကိုးကွယ်ရာဖြစ်သောမီးမျှ။ဘယံ၊ဘေးသည်။ ဇာတံ၊ဖြစ်၏။ ။ဤဂါထာဖြင့် အကြင်မီးသည်အလုံးစုံသောသူတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သောမီးမှ ဘေးရောက်၍ ငါ့ကိုယ်ကို လောင်တိ၏ဟုဒိုင်ကြွေးမြည်တမ်းသကဲ့သို့။ မီးနှင့်တူသော အလုံးစုံသောသူတို့၏ ကိုးကွယ်ရာဖြစ်သော သူတယောက်သည် ရတနာထုပ်ကိုခိုး၍။ ထိုဥစ္စာရတနာကိုရပြီးသော် ခိုးသူကိုမေး၍ အဘယ်အကျိုးရှိအံ့နည်းဟုဆိုသော်လည်း။ ခိုးသူကိုသာ ဘမ်း၍ပေးဟုဆိုသည်ကို။ မင်းကြီးကိုလေးမြတ်သဖြင့်ခိုးသူမဆိုထိုက်သောကြောင့်။၍အကြောင်းဖြင့်မသိသော် တပါးသောအကြောင်းဖြင့်သိတော်မူဟုဆို၍။၄။ ရှင်မင်းကြီး၊ ရှေးသဧရော်အခါ၌ ဗာရာဏသီပြည်တွင် ယောကျ်ားတယောက်သည် များစွာစဉ်း၍ အစာမကြေနိုင်သောကြောင့် ပြင်းစွာသောဝေဒနာဖြင့် နှိပ်စက်သည်ရှိသော်။ ။ယေနဘတ္တေနယာပေန္တိ၊ ပုထုဖြာဟွဏ်ခတ္တိယာ။ သောမံဘတ္တောဗျာဗာဓတိ၊ဇာတံသရဏာတောဘယံ။ •။ယေနဘတ္တေန၊ အကြင်ထမင်းဖြင့်။ ပုထု၊ များစွာကုန်သော။ ဖြာဟွဏ ခတ္တိယာ၊ မင်းပုဏ္ဏားတို့သည်။ ယာပေန္တိ၊ မျှကုန်၏။ သောဘတ္တော၊ ထိုထမင်းသည်။ မံ၊ ငါ့ကို။ ဗျာဗာဓတိ၊ညှဉ်းဆဲ၏။ သရဏာတော၊ ကိုးကွယ်ရာထမင်းမှ။ ဘယံ၊ဘေးသည်။ ဇာတံ၊ဖြစ်၏။ ။ဤဂါထာဖြင့် အကြင်ထမင်းသည် အလုံးစုံသောသူတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သောထမင်းမှ ဘေးရောက်၍သေအံ့ဟု ဒိုင်ကြွေးမြည်တမ်းသကဲ့သို့။ ထမင်းနှင့်တူသောသူတို့၏ ကိုးကွယ်ရာဖြစ်သောသူသံသည် ခိုး၏။ ဥစ္စာရပြီးမသော် အဘာ ဉ်ကြောင့်ခိုးသူကိုမေးတော့အံ့နည်း။ဤအကြောင်းဖြင့်

သိတော်မူဟုဆိုသော်။ ဤအကြောင်းဖြင့်လည်း ငါမသိတတ်နိုင်။ ခိုးသူကိုသာ ဘမ်းချေပေးဟုဆိုသည်ကို။ ဤအကြောင်းဖြင့်မသိသော်၊ တပါးသောအကြောင်းဖြင့် သိတော်မူ ဟုဆို၍။ ၅။ ရှင်မင်းကြီး၊ ရှေးကာလ၌ ဤဗာရာဏသီပြည်တွင် တယောက်သောယောကျ်ားသည်။ ငလေအနာထ၍ ကိုယ်ကိုချီးမဲ့သကဲ့သို့ နာကျင်သည်ရှိသော်။ ။ဂိမ္ဗာနံပန္တိ မေမာသေ၊ ဝါတာမိန္တိ ပန္တိ ပတ္ထိတာ၊ သောမေဘဒ္ဒတိဂတ္တာနိ၊ ဇာတံသရဏာတောဘယံ။ ။ဂိမ္ဗာနံ၊ နွေလတို့၏။ပန္တိ မေ၊ အဆုံးစွန်သော။ မသဲသော်လ၌။ ပတ္ထိတာ၊ပညာရှိတို့သည်။ဝါတံ၊လေကို။ဤနှစ်နှီ၊ အလိုရှိကုန်၏။ ဧသော၊ထိုလေသည်။ မေ၊ ငါ၏။ဂတ္တာနိ၊ ကိုယ်တို့ကို။ ဘဒ္ဒတိ၊ချီးမဲ့၏။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော့လမ္မ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။ ။ဤဂါထာဖြင့် အကြင်လေသည် အလုံးစုံသော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ထိုကိုးကွယ်ရာဖြစ်သောလေမှဘေးရောက်၍ချီးမဲ့တို့၏ဟု ဝိုကြွေးမြည်တမ်းသကဲ့သို့။ လေနှင့်တူသော အလုံးစုံသောသူတို့၏ ကိုးကွယ်ရာဖြစ်သောသူမှ ဤ ခိုး သူ ဘေး သည် ရောက် ၏။ ဤအကြောင်းဖြင့် သိတော်မူဟုဆိုသည်ကို။ ဤအကြောင်းဖြင့် ငါမသိ။ ခိုးသူကိုသာဘမ်းချေပေးဟု ဆိုသော်လည်း။ ဤအကြောင်းဖြင့် မသိသော်၊ တပါးသောအကြောင်းဖြင့်သိတော်မူဟုဆို၍။ ၆။ ရှင်မင်းကြီး၊ လွန်လေပြီးသောအခါ၌ ဟိမဝန္တာတောတွင်။ အခက်အရွက် အသီးအပွင့်နှင့် ပြည့်စုံသော ဌက်အပေါင်းတို့၏နေရာ သစ်ပင်ကြီး၌။ အခက်နှစ်ခုံသည့် အချင်းချင်းကြိတ်မိ၍ မီးစာအမှုန့်ကျသည် အခိုးထွက်သည်ကိုမြင်၍။ ထိုသစ်ပင်၌ ဌက်အပေါင်းတို့၏ အမှူးဖြစ်သော ဌက်မင်းသည်။ ။ ယံနိသိတ္တာ၌ဂဗိုရုဟံ၊ သွာယံဒဂ္ဂိ ပမုစ္စတိ၊ ဒိသာဘဇထဝင်္ကဂ်ါ၊ ဇာတံသရဏာတောဘယံ။ ။ဝိဟင်္ဂမာ၊ ဌက်အပေါင်းတို့သည်။ဇဂတိရုဟံ၊ ဟိမဝန္တာမြေ၌ရောက်သော။ ယံမဟာရုက္ခံ၊ အကြင်သစ်ပင်ကြီးကို။ နိသိတ္တာ၊ မှီကုန်၏။ သွာယံမဟာရုက္ခော၊ ထိုသစ်ပင်ကြီးသည်။ အဂ္ဂိ ၊မီးကို။ပမုဉ္စတိ၊လွှတ်၏။ဝင်္ကဂ်ါ၊ဌက်အပေါင်းတို့။ တုဗ်မှေ၊သင်တို့သည်။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ ဘဇထ၊ ဆည်းကပ်လေကုန်။ သရဏာတော၊ကိုးကွယ်ရာဖြစ်သော သစ်ပင်ကြီးမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ဖြစ်၏။ ။ဤဂါထာဖြင့် အကြင်သစ်ပင်ကြီးသည် အလုံးစုံသော ဌက်အပေါင်းတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ်သော

သစ်ပင်ကြီးမှ ဘေးရောက်၍ လောင်လတ္တံ့။ ဌက်အပေါင်းတို့သည် ဘာပ ၊းသို့ချုံလေကုန်ဟု ဆိုသကဲ့သို့။ သစ်ပင်ကြီးနှင့်တူသော များစွာ သောလူအပေ ၊ငး်တို့၏ကိုးကွယ်ရာဖြစ်သေးမင်းသည် ခိုးသူပြုသည်ကို အသူဖြစ်တားပေလတ္တံ့နည်း။ ဤအကြောင်းဖြင့် သိတော်မူဟုဆိုသော် လည်း။ ခိုးသူကိုသာပေးဟုဆိုသည်ကို။ ဤအကြောင်းဖြင့် မသိသော်။ တ ပါး သော အ ကြောင်း ဖြင့် သိတော်မူဟုဆို၍။ ၇။ ဇင် မင်း ကြီး၊ ဧရုးသရောအခါ၌ ဗာရာဏသီပြည်တွင်။ တရုသော ကာသိကရွာ၌၊အ နောတ်မျက်နှာအဘို့က မိကျောင်းရဲသောဖြစ်ရှိ၏။ တဦးသောအမျိုး၏ အိမ်၌ တယောက်သောသားသည် အမိအဘကိုမွေး၍။ အဘလွန်ခဲ့ လျင် အမိကိုမွေးသည်ရှိသော်။ အမိကိုလုပ်ကျွေး၍ သားဆင်းရဲသည် ကို မရှုဝံ့သဖြင့်၊ သားအလိုမရှိဘဲလျက် တယောက်သောအမျိုးသို့ကို ဆောင်ချေ၍။ ထိုရွေးမသည် ဧရုး၌ ယောဂ္ဂမကို ချစ်မြတ်နိုးသဖြင့် ရှိသေစွာ လုပ်ကျွေးပြုးလျက်။ နောက်၌ သားသို့တို့ဖြင့် ပြန့်ပွါးလျင် ငြိုးဝွေ၍။ ယောဂ္ဂမအပြစ်ကိုသာဆို၍။သင့်မိကို ငါမမွေးနိုင်ဖြစ်သော ကြောင့် သတ်ပေတော့ဟုဆိုသည်ရှိသော်။ လူကိုသတ်ခြင်းသည် ခဲ၏ ဟု ယောကျ်ားဆိုသည်ကို။အိပ်ပျော်သောအခါ၌ အိပ်ရာဝေည်ဝင်စောင်း နှင့်တကွ၍ မိကျောင်းရဲသောမြစ်၌ ပစ်ချအံ့ဟု မိန်းမဆိုလျင်။ သင့်အမိ အဘယ်မှာ အိပ်သနည်းဟုမေးသော်။ မောင်မင်းအမိအပါးတွင်ပင် အိပ်သည်ဟုဆိုမှ။ ယင်းသို့သော် ငါ့အ မိ အိပ် သော ဝေည်ဝင် စောင်း ၌ ကြိုးချည်၍မှတ်ဟု ယောကျ်ားဆိုလျင်။ထိုဆိုတိုင်းမှတ်သည်ကို။ မိန်းမ၊ သည်းခံဦး။သူခပ်သိမ်း အိပ်စေဦးဟုဆို၍ ယောကျ်ားအိပ်ဟန်ပြုသဖြင့် မိန်းမအိပ်ပျော်လျင် အမိဝေည်ဝင်စောင်း၌ ကြိုးကိုဖြေ၍။ ယဉ်သူးအမိအိပ် သောဝေည်ဝင်စောင်း၌ချည်၍ထားပြီးမှ ဓယားကိုနှိုး၍ဝေည်ဝင်စောင်းနှင့် တကွ မြစ်တွင်ချလျင် မိကျောင်းစားလေ၍။ မိုးသောက်မှ ယောကျ်ား အမိ မဲ့သေ။ မိန်းမအမိသေသည်ကိုသိ၍။ ငါ့အမိကို သံဝ်ဆတ်သည်။ သင့်အမိကို သင်သတ်ဦးဟုဆိုပြန်သောကြောင့်။ ကောင်း၏ သုသာန်၌ ထင်းစု၍တိုက်အံ့ဟုဆို၍ အမိအိပ်ပျော်စဉ်။ဝေည်ဝင်စောင်းနှင့်တကွချီ၍ မီးတိုက်မည်ပြုသော် မီးမမြင်၍။ မီးယူခဲ့၏လော်ဟု မိန်းမကိုမေးသော် မေ့ခဲ့သည် ဟုဆိုလျင်။မီးယူချေဟုယောကျ်ားစေသည်ကို။ငါ့ချည်းသွား၍ မယူဝံ့။သင်ယူလျင်လည်း ငါ့ချည်းမနေဝံ့ဟုဆိုလျင်၊ လင်မယားမီးယူ

မည်သွားစဉ်။ ချမ်းသောဇလခပ်၍ မိန်းမကြီးနှိုးမှ သင်းချိုင်းအဖြစ်ကို သိ၍။သင်းတို့ ငါ့ကိုမီးတိုက်ဝည်ပြုသည်။ ငါ့အစွမ်းသတ္တိကို သင်းတို့ မသိကုန်ဟု။ သူကောင်တခုကိုယူ၍ အစားထားခဲ့ပြီးလျှင်။ ပြေး၍ ထို သင်းချိုင်း၌ လိုဏ်တခုတွင်ဝင်၍နေသည်ရှိသော်။သား၊ ချွေးမတို့သည် ထိုသူကောင်ကို အဓိဟူသောအမှတ်ဖြင့် မီးတိုက်၍သွားလေလျှင်။ခိုးသူ တပေါက်သည် ထိုလိုဏ်၌ ဥစ္စာထုပ်ထားသည်ကို ယူမည်လာရာ တွင် ထိုမိန်းမကိုဖြင်၍။ဘီလူးမ ငါ့ဥစ္စာကိုယူခဲ့ပြီဟု ဘုတ်မန္တန်ရွတ်တတ် သောသူကိုခေါ်၍ ယူစေသည်ရှိသော်။ ထိုပေါက်ကျား မန္တန်စိပ်၍ ဝင်လျှင်။ငါဘီလူးမမဟုတ်၊ လူမိန်းမတည်း။ငါတို့နှစ်ပေါက် ဤဥစ္စာကို ယူကုန်အံ့ဟုဆိုသည်ကို။ သင့်ကိုဘီလူးမဟုတ်ဟု အဘယ်ကြောင့်သိရ မည်နည်းဟုမေးသော်။သိလိုလျှင် သင့်လျာကိုငါ့လျာထက်တင်တည့်ဟု ဆိုရာ။ လျာကိုထုတ်၍ တင်ချေသောကြောင့် လျာကိုကိုက်ဖြတ်လျှင်။ ဘီလူးမ မှန်ချေ၏ဟု ပြုံသောသွေးဖြင့် ဟစ်ကြွေး၍ပြေးထွက်လေမှ မိုးသောံလျှင် ပြေပြစ်ကောင်းမွန်သောအဝတ်ကိုလဲ၍။ အထူးထူးသော ရတနာထုပ်ကိုယူ၍ အိမ်သို့လာသည်ကို ချွေးမမြင်လျှင်။ အဘယ်မှာ ရချေသနည်းဟု မေးသည်ရှိသော်။ ဤမည်သော သူသာန်၌ ထင်းစု၍ မီးတိုက်သောသူတို့သည်ရကုန်တော့သည်ဟုဆိုလျှင်။ငါ့ကိုတိုက်သော် ရမည်လောဟုမေး၍။ငါကဲ့သို့ ရဲရင့်ပါလျှင် ရ၏ဟုဆိုသည်ကို၊ အကယ် ထင်၍ ဥစ္စာကိုလိုချင်သောကြောင့် လင်ကိုဆို၍။ထိုသင်းချိုင်း၌မီးတိုက် စေသည်ရှိသော်။ မိုးသောက်လျှင် မယားမလာသောကြောင့်။ မိခင် ဆိုတိုင်း မိခင်ချွေးမ မလာပါတကားဟု သားမေးသည်ကို။ ဟဲ့ကျွန် ငမိုက်၊ဒေသသော်သူသည် တဘန် လာပြန်ရာသည့်သဘောရှိမည်လော ဟု မြွိမ်း၍။ ။ယမာနယိ ်သောမနသံ၊မာလိနိ ်စန္ဒနသဒံ။ သာမံဃရာ နိဟာရတိ၊ဇာတံသရဏာတောဘယံ။ ။အဟံ၊ငါသည်။ သောမနသံ၊ ဝမ်းမြောက်ခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ယံ၊ အကြင်ချွေးမ်ငယ်ကို၊ မာလိနိ ်၊ဆင်သောပန်းရှိသည်ကို။စန္ဒနသဒံ၊လိမ်းသော စ်န္ဒကူးနံ်သာ ရှိသည်ကို။ ကတွာ၊ ပြု၍။ အာနယိ ်၊ဆောင်ပါ၏။ သာ ထိုချွေးမငယ် သည်။မံ၊ ငါ့ကို။ ဃရာ၊ အိမ်မှ။ နိဟာရတိ၊ထုတ်ဘိ၏။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော ချွေးမမှ။ ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။ ။ဤ ဂါထာဖြင့် ချွေးမငယ်ကိုဆောင်သည်ရှိသော် သားသို့ဘီးတို့ဖြင့် ပြန့်ပွါး၍။

အမျိုးအနွယ်မြင့်ရည်စွာတည်သည်ဖြစ်ရာ၏။ငါ့ကိုလည်းကြီးရင့်အိုမင်း မစွမ်း ပြင်းသောအခါ၌မွေးမြူပါလတ္တံ့ ။ငါ၏ကိုးကွယ်ရာဖြစ်ပါမည်ဟု ဝတ်စားပြုပြင် တန်ဆာဆင်၍ ဝမ်းမြောက်ဝမ်းသာ ဆောင်ပါ၍သော ချွေးမငယ်သည် ငါ့ကို အိမ်မှနှင်ထုတ်ဘိ၏။ကိုးကွယ်ရာဖြစ်သောချွေးမ မှ ဘေးရောက်၍။ ဒေလ့ကိုယ်လုံးဆုံးချေ၏ဟု ဆိုသကဲ့သို့။ မင်းသည် မျှားသော လူအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်၏။ ထိုကိုးကွယ်ရာဖြစ် သောမင်းမှ ရောက်သောဘေးကို အသူတတ်နိုင်အံ့နည်း။ ဤအကြောင်း ဖြင့် သိတော်မူဟုဆိုသည်ကို။ ဤအကြောင်းဖြင့်လည်း ငါမသိ။ ခိုးသူ ကိုသာဘမ်း၍ ပြဟုဆိုသော်လည်း။ မင်းကြီးကို ခိုးသူ မဆိုလိုသော ကြောင့်။ ဤအကြောင်းဖြင့် မသိနေသော်၊ တပါးသောအကြောင်းဖြင့် သိတော်မူဟုဆို၍။ဂ။အခြင်မင်းကြီး၊ရှေးကာလ၌ ဗာရာဏသီပြည်တွင် ယောကျ်ား တယောက်သည် သားဆုတောင်း၍ သားယောကျ်ား ရသည်ရှိသော်။ ဝမ်းမြောက်ဝမ်းသာ နှစ်သက်စွာဖြစ်၍။ အရွယ်သို့ ရောက်လျှင် ငါ၏ကိုးကွယ်ရာဟု အိမ်ရာဆောက်နှင်း၍ ပြန့်ပွါးခြင်းဖြစ် သဖြင့်။ မိမိ အိုမင်းမစွမ်းပြင်း၍ အမှုမလုပ်လျှင်၊ ထိုသားသည် အိမ်မှ နှင်ထုတ်၍ ်ဆင်းရဲငြိုငြင်စွာ အသက်မွေးရသည်ရှိသော်။ ။ပေသ ဇာတေန နန္ဒိသံ၊ယမွနဘဝမိဿိ သံ၊ သောမံဃဝရာဒိစ္ဆ၂ဘတိ၊ ဇာတံ သရဏာတော ဘယံ။ ။ဇာတေန၊ဖြစ်သော။ပေသပုတ္တေန၊အကြင်သား ကြောင့်။ နန္ဒိသံ၊ဝမ်းမြောက်ဝမ်းသာ နှစ်သက်စွာဖြစ်၏။ ပေသပုတ္တံ၊ အကြင်သားကို။ဘဝံ၊ဖြစ်ခြင်းကို။ဣဿိ သံ၊တောင့်တ၏။သောပုတ္တော၊ ထိုသားသည်။ မံ၊ငါ့ကို။ ဃရာ၊အိမ်မှ။ နိစ္ဆု၂ဘတိ၊နှင်ထုတ်၏။သရဏာ တော၊ကိုးကွယ်ရာဖြစ်သောသားမှ။ဘံယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။ ။ ဤဂါထာဖြင့် အကြင်သားကို ရပါသည်ရှိသော် ငါ၏ ကိုးကွယ်ရာ ဖြစ်ပါလတ္တံ့ဟု ဝမ်းမြောက်ဝမ်းသာ နှစ်သက်စွာ၏။ ထိုကိုးကွယ်ရာ ဖြစ်သောသားမှ ဘေးရောက်၍ ကိုးကွယ်ရာ မရ။ အဃိးကျိန်သဖြင့် ဆင်းရဲငြိုငြင်စွာ အသက်မွေးရ၏ဟု ငို ကြွေး မြည် တမ်း သ ကဲ့ သို့။ အလုံးစုံသောသူကို မင်းသည် စောင့်ရှောက်အပ်၏။ ထိုသို့လျက်၊ဤခိုးသူ ဘေးဖြစ်သည်ရှိသော်။ အလုံးစုံသောသူတို့၏ ကိုးကွယ်ရာဖြစ်သော မင်းမှဖြစ်၏။ ဤအကြောင်းဖြင့် ဤသူသည် ခိုးသူဟု သိတော်မူဟုဆို သော်လည်း။ဤအကြောင်းဖြင့်လည်း ငါမသိ၊ခိုးသူကိုသာ ဘမ်း၍ပေး။

မပေးသေး လုလင်ပင် ခိုးသူလောဟု။ ထိုလုလင်ကို အဘန်တာလဲလဲ စိစစ်ဘိသောကြောင့်။ ယင်းသို့တပြိုးကား။ ရှင်မင်းကြီး၊ ဤသူ ဤသူတို့သည် ခိုးသူဟု ပရိသတ်အလယ်၌ ပြစေလိသလောဟုမေး၍။ ပြစေလိသည်ဟု ဆိုသည်ရှိသေး။ ဤမင်းကြီးသည် မိမိကိုယ်ကို ဓနောင့်စိမ့်သောဌာပမပေး။ ခိုးသူကိုသာ ပရိသတ်အလယ်၌ ဘမ်းအံ့ဟု။ ထို၌ စည်းဝေးသော ဒိဂုံးဇနပုဒ်သူအပေါင်းကို ခေါ်၍။ ။သုဇာန္တုမေဇာနပဒါ၊နေဂမာစသမာဂတာ။ယာတောဥဒကမာဒိတ္တံ၊ယာတောခေမံတတောဘယံ။ ။ရာဇာဝိလုပ္ပတေရဋ္ဌံ၊ ဗြာဟ္မဏောစပုရောဟိတော။ အတ္တဂုတ္တာဝိဟာရထ၊ ဇာတံသရဏာတောဘယံ။ ။သမာဂတာ၊ အညိအညတ်စည်းဝေးကုန်သော။ ဇာနုပဒါစ၊ ဇနပုဒ်သူအပေါင်းတို့သည် ၎င်း။သမာဂတာ၊ အညိအညတ်လာကုန်သော။ ဥနဂမာစ၊ ဒိဂုံးသူအပေါင်းတို့သည်၎င်း။မေမမ၊ငါ၏။ဝစနံ၊စကားကို။သုဇာန္တု၊ နာစေကုန်သတည်း။ယာတော၊ အကြင်အရပ်မှ။ ဥဒကံ ချမ်းမြေ့သောရေသည်။ ဘဝိတုံ ဖြစ်ရာလျက်။ တံဥဒကံ၊ထိုချမ်းမြေ့သောရေသည်။ အာဒိတ္တံ၊ ပြောင်ပြောင်တောက်၏။ယတောရာဇတော၊အကြင်မင်းမှ။ခေမံ၊ဘေးမရှိသည်။ဘဝိတုံ၊ဖြစ်ရာလျက်။ တတောရာဇတော၊ ထိုမင်းမှ။ ဘယံ၊ဘေးသည်။ဥပဋ္ဌံ၊ ဖြစ်၏။ ။ရာဇာစ၊မင်းသည်၎င်း'။ ပုရောဟိတော၊ပုရောဟိတ်ဖြစ်သော။ဗြာဟ္မဏောစ၊ပုဏ္ဏားသည်၎င်း။ ရဋ္ဌံ၊ ပြည်တိုင်းကားကို။ ဝိလုပ္ပတော၊ လုယက် ဖျက်ဆီးဘိ၏။ အတ္တဂုတ္တာ၊ ကိုယ်ကိုစောင့်ကုန်သည်ဖြစ်၍။ ဝိဟာရထ၊နေကြကုန်။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သောမင်းမှ။ ဘယံ၊ ဘေးသည်။ဇာတံ၊ဖြစ်၏။ ။ဤဂါထာဖြင့် အညိအညတ်တို့ စည်းဝေးကုန်သော ဒိဂုံးဇနပုဒ်သူအပေါင်း မှုးကောင်းမတ်ရာ ညီလာသဘင် မင်းရင်ပြင်၌ စုဝေးကုန်သော သူတော်မဟုတ်သူကောင်းများတို့။ ငါ့စကားကိုနာပါကုန်။ အကြင်အရပ်မှ ချမ်းမြေ့သောရေဖြစ်ရာလျက်။ထိုအရပ်မှ ပြောင်ပြောင်တောက်သောမီးဖြစ်၏။ အကြင်မင်းမှဘေးမရှိသည်ဖြစ်ရာလျက်။ထိုမင်းမှဘေးရောက်၏။မင်းနှင့် ပုဏ္ဏားသည် ခိုးသူပြု၍ ပြည်တိုင်းကားကို လုယက် ဖျက်ဆီး ဘိ၏။ ကိုးကွယ်ရာဖြစ်သော မင်းမှ ဘေးရောက်၍ သင်တို့ ကိုးကွယ်ရာမရှိဖြစ်ကုန်ပြီ။ကိုယ်ကိုမဖျက်စီးစေလင့်ကုန်။ ဥဗ္ဗာစပါးမြစ်ဝှာထား၍ ကိုယ်ကို စောင့်ရှောက်ကုန်။ မင်းတို့မည်သည် ဇာ အ ပေါင်း တို့ ၏ ဘေး ကို

တားမြစ်ရာဖြစ်လျက်။ထိုဘေးကိုတားမြစ်ရာဖြစ်သောမင်းမှ ဘေးရေဝံ
ကုန်ပြီ။လုပသက်ဖျက်ဆီးသော ခိုးသူတို့ကို ငါဘမ်းအပ်ပြီ။သင်တို့ ခိုးသူ
ကို အလိုရှိသေဒ်၊ဤမင်းနှင့်ပုဏ္ဏားကိုယူ၍ အပြစ်အလျောက် စိရင်ကုန်
ဟုဆိုသည်ရှိသေဒ်။ ပြည်သူအပေါင်းတို့လည်း ဤမင်းကြီးသည် ကိုယ်
ကို ဖစောင့်ခြင်းငှ ထိုက်လျက် မံစောင့်မူ၍၊ သူတထူးဒု ဒုပြစ်ကိုတင်လို
သောကြောင့် မိမိဥစ္စာကိုပင်ခိုး၍ ရေကန်မှာထားလျက်။ သူတထူးကို
ယိုးစွပ်၍ ရှာဘွေစိစစ်ဇ်။ ဤမှစ၍တဘန် ခိုးသူမပြုပြုနိမ့်သောဌာ
ဤမင်းကိုဆုံးမကုန်အံ့ဟု ခဲလွှံကန်ဆောက်ပတ်ကိုင်စွဲကုန်လျက် မင်းနှင့်
ပုဏ္ဏားကို ထိုဒု အသေဆုံးမပြီးသေဒ်။ ဘုရားလောင်းကို အဘိသိက်
သွန်း၍၊ မင်းမြောက်ခြင်းအစရှိသော အဋ္ဌုပ္ပတ္တိကို ဆိုရာဆိုကြောင်း
ဖြစ်သော ပဒကုသလမာဏဝဖောတ်ဒု ပုံစံကို မှိကားမမှိ။ မှိသကဲ့သို့
ဖြစ်သဖြင့်။ ကိုယ်ကိုကိုယ်ရှင်စောင့်စေချင်၍ အထူးထူးသော ပုံပြင်
နည်းနာဆောင်၍ ဖြားယောင်းပါလျက်။ ကိုယ်ကိုကိုယ်ရှင်မဆင်ခြင်နိုင်
သောကြောင့်။ ပြည် သူ တို့ အာ ဏာ ကို မ လွန် နိုင် ၍ မင်း ကြီး ကို
ကာဠဟတ္ထိ တောင်းပန်သတည်း။ ။

မဟာပေါဓိသာဒမင်းလည်း။ ကာဠဟတ်။ ငါမင်းအဖြစ်ဖြင့် အလို
မရှိပြီ။ထွက်တော့အံ့။ သန်လျက်တစင်းလည်းပေးပါ။ ဒဏ်းတလုံးလည်း
ပေးပါ။ ရသကကိုလည်း ပေးပါဟုဆို၏။ ပြည်သူအပေါင်းတို့လည်း
သန်လျက်တစင်းပေး၍။လူသားချက်စရာ ဒဏ်းတလုံး။ လူသားထည့်ရာ
ခြင်းတလုံး။ရသကကိုထမ်းစေ၍။ပြည်မှနှင်ထုတ်ကုန်၏။ ။

နဂရနိဂ္ဂမနခဏ်းပြီး၏။

မဏိကုဏ္ဍလဝတ္ထု-ပဉ္စမတဲ့ ပြီး၏။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခေတ်း - ၂ ။

ရာဇာနုယာနခေတ်း။

———————·——>o<———————

၂၃။ မဟာပေါရိသာဒ ဗြဟ္မဒတ်မင်းပြည်မှထွက်၍
တောအရပ်၌နေရာတွင် လူသားမရ၍
ရသကကို သတ်စားခြင်း။

သို့ဒါဘဝန္တော်လောကာဘိဝုဖိုယော။ ။မဟာပေါရိသာဒမင်းကြီး လည်း ရသကကိုယူ၍ ထွက်ခဲ့ပြီးသော်။ တောအုပ်သို့ဝင်၍ တဆသော ပညောင်ပင်ရင်း၌နေလျက်။ ထိုတောအုပ်ခရီး၌သွားသောလူကို သတ်၍ ရသကအား ပေး၏။ ရသကလည်းချက်၍ မင်းကြီးအားကပ်၏။ ဤသို့ လျှင် လူနှစ်ယောက်တို့သည် အသက်မွေးကြကုန်၏။ လူကိုတမ်းသော ဒဏ်ခါး၌တမူကား။ အဟိအရဉ်ညစောရော ပေါရိသာဒေါဟု ဟစ်၍။ ထိုမင်းပြေးလာလတ်သည်ရှိသော်။ တပေါက်သောသူမျှ ကိုယ်အဖြစ် ဖြင့် တည်နိုင်သသူမရှိ။ အလုံးစုံသောသူတို့သည် ပြေး၌လည်းကုန်၏။ ထိုမင်းလည်း ထိုသူတို့တွင်။ အလိုရှိသသူကို ခြေး၌ကိုင်လျက်၊ ဦးခေါင်း စောက်ထိုး နောက်ကပိုး၍ ယူခဲ့ပြီးသော်ဘ် ရသကအားပေး၏။ တနေ့ သ၌မူကား တပေါက်သောသူကိုမျှမရ၍ လာလတ်သည်ရှိသော်။ အသို့နည်း အရှင်မင်းကြီးဟု ရသကမေး၏။ ခုံလောက်ဆောက်၍ အိုးတည်ဟု မင်းကြီးဆို၏။ ရသကလည်း အမဲ အတိုးရအံ့နည်းဟု မေး၏။ မင်းကြီးလည်း ပသုရလတ္တံ့ဟုဆို၏။ ရသကလည်း သည်အခါ သော် ငါ့အသက်မရှိပြီဟု ကြောက်စွာတုန်လှုပ်လျက် ခုံလောက်၌ မိုးငြိ၍ အိုးတည်၏။ မင်းကြီးလည်း ရသကကို သန်လျက်ဖြင့်ပိုင်း၍ အသားကို ချက်၍စား၏။ထိုကစ၍ စာယောက်အထိုးတည်းသာဖြစ်၍ အလိုလို

ချက်၍စား၏။ ပေါရိသာဒ အမည်ရှိသော်သူသည် ခရိုးသွားတို့ကို သတ်၍စား၏ဟု ဇမ္ဗူဒိပကျွန်းအလုံး ကျော်စော၏။ ။

၄။ မဟာပေါရိသာဒသည် ပုဏ္ဏားတယောက်ကိုဘမ်းရာ၊ ရှားဂုတ်စူး၍ ပညောင်စောင့်နတ်အား တောင်းပန်ခြင်း။

ထိုအခါ၌ ပြည့်စုံသောစည်းစိမ်ရှိသော ပုဏ္ဏားတယောက်သည် ငါးရာသော လှည်းသားတို့ဖြင့် ကုန်သွားသည်ရှိသော်၊ အရှေ့အစွန်မှ သည် အနောက်အစွန်သို့ သွားလိုသည်ဖြစ်၍။ ပေါရိသာဒ အမည်ရှိသော ခိုးသူသည် ခရီးအကြား၌ လူကိုသတ်သောဟူ၏။ ငါ့ဥစ္စာကိုပေး၍ ဤတောအုပ်ကို လွန်အံ့ဟုကြံပြီးသော်။ တောအုပ်၏အဝင်၌နေသော သူတို့ကို အသပြာတထောင် ပေး၍ ပို့လိုက်စေ၏။ ထိုပုဏ္ဏားလည်း လှည်းငါးရာကို ရှေ့နှင်စေ၍ ရေချိုးပြီးသော်။ ပန်းနံ့သာလိမ်းပြီးသော်။ ဝတ်စားတန်းဆာ ဆင်ပြီးသော်။ ပြုံသောန္ဒားဖြင့် ကအပ်သောယာဉ်သာစီး၍ ပို့လိုက်သောလူအပေါင်းခြံရံလျက် နောက်စွန် မှ လိုက်၏။ မဟာပေါရိသာဒလည်း သစ်ပင်ထက်သို့တက်၍ ခရိုးသွား ကို မြော်ကြည့်သည်ရှိသော် လှည်းငါးရာသားတို့ကိုမြင်၍။ တပါးသောလူမျှား ကို အဘယ်မျှစအံ့နည်း။ ဤပုဏ္ဏားကိုသာလျှင် ငါစားအံ့ဟု ထိုပုဏ္ဏား ကို မြင်သောအခါမှစ၍ လျှာရည်ရွဲ ရွဲယိုလျက် မြော်လင့်ပြီးသော်။ ဒီဃ အနီးသို့ရောက်လျှင် သစ်ပင်ထက်မှသက်ပြေး၍။ အဟာမတ္တပေါရိသာ ဒေါဟု သုံးကြိမ်အမည်ကိုကြား၍ သနဲလျက်ကို ပတ်ပတ်လှည့်လျက် ခြေကန်၍ ပြေးသောသဲမုန်ဖြင့် မျက်စိအလုံးကို ပြည့်စေတိသကဲ့သို့ ထိုမင်း ပြေးလတ်သည်ရှိသော်။ တယောက်သောသူမျှ ရပ်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍။ အလုံးစုံသော သူတို့သည် ရင်ဖြင့် မြေကွင် ဝပ်ကုန်၏။ မဟာပေါရိသာဒလည်း ယာဉ်သာစီးသော ပုဏ္ဏား၏ခြေကို ဖွဖ်တ်တရွတ်ကိုင်ပြီးသော်။ ဦးခေါင်စောက်ထိုး ကျော်ဒူဝိုးလျက် တွဲလွဲ ဆွဲယူ၍။ ပနှောင့်ဖြင့် ခေါင်းကိုခတ်မိစေလျက် ပြေးလေ၏။ ထို သို့ ပြေး လေပြီးသော်။ ထိုသူမျှားလည်းထ၍။ အချင်းတို့ငါ့တို့ပုဏ္ဏားလက်မှ အသပြာ တထောင်စင်ယူပေသည်။ ကြည့်ကာနေသဖြင့် သူတော်ကောင်း

သတော၁မရှိ။ တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ လိုက်ပါ
ကူနိုအံ့ဟု ညီညွတ်၍လိုက်ကြကုန်၏။ ပေါရိုဿာဒလည်း ပြန်၍ကြည့်
သော် လိုက်သောသူ တယောက်မျှမဖြင့်၍ အသာအသာသွား၏။ထိုအ
ခါ၌ ပေါဂျိုးတယောက်သည် လျင်စွာပြေး၍ဖိုလေ၏။ မဟာပေါရိ
သာဒလည်း ထိုပေါဂျိုးဖိုလာလျင် စောင်ရန်းတခုကိုခုန်လွှား၍ပြေး
ရာတွင်။ ခြေတဘက်ရှားငုတ်ထက်နင်းမိ၍ ဖမိုးပေါက်အောင် ထူးလေ
၏။ ထိုမင်းသည် ယိုသောသွေးရှိသည်ဖြစ်၍ ခြေထေဝံကာသွား၏။ထို
ရှေ့မျှားလိုက်သောပေါဂျိုးလည်း။အချင်းတို့၊ ငါ့ဦးသူကို ထိုးမိလေ
ပြီ။ သင်တို့နောက်သာဖိုပါစေ၊ ငါဘမိုးအံ့ဟုဟစ်၏။ ထိုသူတို့လည်း
အနောတွေ့မှန်းသိလျင်ကြောင့်ငြာ၍ သောသောလိုက်ကုန်၏။မဟာပေါရိ
သာဒလည်း။ ထိုသူတို့ ပြင်းစွာ လိုက်လတ် လျင် ပုဏ္ဏားကိုလွှတ်၍
ချမ်းသာစွာသွားလေ၏။ ထိုသူမျှားသည် ပုဏ္ဏားကိုရပြီးသော် ဦးသူ
ကို အဘယ်မျှတော့အံ့နည်းဟု ပြန်လေကုန်၏။ မဟာပေါရိသာဒလည်း
မိမိ ပညောင်ပင်ရင်းသို့သွား၍ မြစ်ပြဉ်းကြားသို့ဝင်၍ အိပ်ပြီးသော်။
အရှင်ပညောင်စောင့်သောနတ်။ နတ်မြတ်သည် ခုနစ်ရက်အတွင်းတွင်
ငါ့အနာကို လွတ်အောင်ပြုသည်ရှိသော်။ဓမ္မ။ ဒီပါကျွန်းအပြင်၌ တရှာ
တယောက်သောမင်းတို့၏ လည်ချောင်းသွေးဖြင့် ပင်စည်ကိုဆေး၍
အုန်းရုဖြင့်ရစ်ပြီးသော်။ ငါးပါးသဲ့သာ ကောင်းသောအရသာဖြင့် ပူဇော်
အံ့ဟု တောင်းပန်၏။ ထိုအနာလည်း ဒုစာ မစားရသောကြောင့်။
ခြေက်ကပ်၍ ခုနစ်ရက်အတွင်းတွင်လွတ်လေ၏။ ။

၂၅။ မဟာပေါရိသာဒသည် ပညောင်စောင့်နတ်အား
တောင်းပန်သည့်အတိုင်း၊မဟာသုတသောမမင်းမှတပါး
တရာသောမင်းတို့ကို ဘမိုးယူခြင်း။

မဟာပေါရိသာဒလည်း နတ်၏အာနုဘော်ကြောင့် လွတ်သည်ဟု
မှတ်ရကား။တရက်နှစ်ရက်ဖြည့်တင်း၍ အားအနှယူပြီးသော် နတ်မြတ်
ကား ငါ့အား ကျေးဇူးကြီးလှပေ၏။ ငါ့တောင်းပန်သည့်အတိုင်း
ပြည့်စုံအောင်ပြုအံ့ဟု သနှလျက်ကောက်၍ မင်းမျှားကိုဘမိုးမည်သွား
လေသော်။အခြားမဲ့သောကိုယ်၏အဖြစ်၌ ဘီလူးဖြစ်၍ တပေါင်းတည့်း

လူသားစားဟေဝ်ဖြစ်သောဘီလူးအမဆွေခင်ပွန်းသည်သွားသောအခိုက်
နှင့်ကြုံ၍ မဟာပေါရိသာဒကိုမြင်လျှင်။ ဤသူသည် ရှေးဘဝက ငါ့
အဆွေခင်ပွန်းတကားဟုသိ၍။ နှုတ်ဆက်ပြီးလျှင် ငါ့ကို သိ၏လောဟု
မေး၏။မဟာပေါရိသာဒလည်းမသိဟု ဆို၏။ထိုဘီလူးလည်း ရှေးဘဝ၌
အကြောင်းကို စေ့စုံစွာပြော၏။ထိုသို့ဘီလူးဆိုမှသိ၍ သာဓုသာဓုခေါ်
ဟော၊ကြပြီးသော် အဘယ်အရပ်မှာ ဖြစ်လေသနည်းဟုမေး၏။ မဟာ
ပေါရိသာဒလည်း ဖြစ်ရာအရပ်ကိုဂုဏ်း၊ တိုင်းပြည်မှ နှင့်ထုတ်သောအ
ကြောင်းကိုဂုဏ်း၊ပသုအခါ၌ နေသောအရပ်ကိုဂုဏ်း၊ ရှာဂုတ်ရူးမိသော
အကြောင်းကိုဂုဏ်း၊ ပညောင်စောင့်သောနတ်အား ကောင်းပုန်ခြင်းမှ
လွတ်စင်္ခ်သောဌါ သွားသောအကြောင်းကိုဂုဏ်း စေ့စုံစွာပြန်၍။ အဆွေ
လည်း ငါ့အမှုကို ညီညွတ်၍အားထုတ်အပ်ပါ၏။ငါတို့နှစ်ပေါင်းသုံးစုံသွား၍
မင်းမျာ ကိုဘမ်းကုန်အံ့ဟုဆိုသည်ရှိသော်။ ထိုဘီလူးလည်း၊ငါ့မှာ အမှု
ပြုတွယ်ရှိသောကြောင့် မလိုက်ရဖြို့။အဘိုးအတိုင်းမသိသော ပဒလက္ခ
ဏာမန္တန်ကို ငါတတ်၏။ ဤမန္တန်သည် ခွန်အားကြီးခြင်း၊ လျှင်လျားး
ခြင်း၊ တန်းခိုးအာနုဘော်ကြီးခြင်းကို ပြုတတ်၏။ ထိုမန္တန်ကို ယူ၍သွား
လေဟုဆို၏။ မဟာပေါရိသာဒလည်း ထိုမန္တန်ကို သင်၍တတ်လျှင်။
လေ၏ လျှင်ခြင်းနှင့်တူသည်ဖြစ်၍ အလွန်ရဲရင့်ခြင်းရှိသည်ဖြစ်ရကား။
ခုနစ်ရက်အတွင်းတွင် ဥယျာဉ်အစရှိသည်တို့သို့ထွက်ကုန်သော တရုတ်
တယောက်သောမင်းတို့ကို လေ၏လျှင်ခြင်းဖြင့် ပြေးလေး၍။ အဟမယ်ပို
ပေါရိသာဒေါဟု အမည်ကိုကြား၍၊ ဟစ် အော် ကြော် ငြာ လျက်။
သန်လျက်ကို ပတ်ပတ်လှည့်၍ အလွန်ကြောက်ခြင်းသို့ ရောက်စေသည်
ကိုပြုလျက်။ခြေကိုကိုင်၍ ဦးခေါင်းစောက်ထိုး၊ဟန်ဆောင်ဖြင့် ဦးခေါင်းကို
ခတ်မိစေလျက် ဆောင်ခဲ့၍။ လက်ဝါးပြင်တို့ဦးထွင်း၍ ကြိုးငယ်ဖြင့်သိပြီး
သော်။ ဆင်စွယ်ကောက်တို့ဦ ဆွဲ၍ထားသော လိပ်ဆူးရွေ့ပန်းဂုံး
ခြောက်တို့သည် လေခတ်သဖြင့် တပြောင်းပြန်ပြန် လည်ကုန်သကဲ့သို့။
ထိုမင်းတို့ကို လေခတ်သဖြင့် တပြောင်းပြန်ပြန် လည်စေကုန်လျက်။
ခြေဖျားဖြေထိကာ ပဇ္ဇောင်ခက်တို့ဦဆွဲ၍ထား၏။ သုတသောမမင်းကို
တမူကား။ ငါ့ဆရာစောင်လည်း ဖြစ်ပေသည်။ ဇမ္ဗူ။ဒီပါကျွန်းဦလည်း
အထွတ်ဖြစ်ပေသည်။ ငါယူသော် ဇမ္ဗူ။ဒီပါကျွန်းဆိတ်လေအုံ့ဟုမယူ။
ပေါရိသာဒလည်း ပသုပူဇော်တော့အုံ့ဟု မိုးပုံကြီးပြုပြီးသော်။တံစို့

ဆွံ့နှံ၍နေ၏။ပညောင်စောင့်သောနတ်လည်း ထို အ စီ အရင် ကို မြင် ၍။ ငါသည် ဤသူအနာကို တစုံတရာမျှ လွတ်အောင်မပြု။ထိုသို့လျက် ဤသူ ယခု၊ဤမင်းများကိုသတ်၍ ငါ့အားပူဇော်မည်ပြု၏။ ဤမင်းများတို့သည် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ပေကုန်အံ့။ အသို့ ပြုရတုံအံ့နည်း ဟု ကြံပြီးသော်။ ငါ ဤသူကိုဖြစ်ခြင်းငှါ မတတ်နိုင်။ စဏမပဒါရာဇ်နတ် မင်းကြီးတို့ကို ဖြစ်စေအံ့ဟု၊ စဘုမဟာရာဇ် နတ်မင်းကြီးတို့အထံသို့ သွား၍ ထိုအကြောင်းကိုပြန်ပြီးသော် ဖြစ်တော်မူပါကုန် ဟုဆို၏။ စတု မဟာရာဇ်နတ်မင်းကြီးတို့လည်း ငါတို့ ဤသူ့ကိုဖြစ်ခြင်းငှါ မတတ်နိုင် ဟုဆိုကုန်၏။ ပညောင်စောင့်သောနတ်လည်း သိကြားမင်း အထံသို့ သွား၍ ဧ့စုံစွာပြန်ပြီးသော် ဖြစ်တော်မူပ ါဟုဆို၏။သိကြားမင်းလည်း ငါမဖြစ်နိုင်။ဖြစ်နိုင်အံ့သောသူကိုကား ငါဆိုအံ့။ နတ်နှင့်တကွသောလူ၌ အတုမရှိသော၊ ကုရုတိုင်း၊ ဇာန်ပဉ္စာန ်ရှိ၌၊ ကောရဗျမင်းကြီးသား သုတသောမမင်းသည်ရှိ၏။ထိုမင်းသည် ထိုသူကို အခိုင်အမျှဉ်မရှိသည် ကိုပြု၍ ဆုံးမလတ္တံ့။ ထိုမင်းတို့အသက်ကိုလည်း လွတ်စေလတ္တံ့။ ထိုသူ ကိုလည်း လူသားမှကြဉ်စေလတ္တံ့။ဇမ္ဗု။ဒီပါကျွန်းလုံးလည်း အပြိုက်ဖြင့် သွန်းဘိသကဲ့သို့ ငြိမ်သက်စွာဖြစ်လတ္တံ့။ အကယ်၍ ထိုမင်းတို့အသက် ကို ပေးလိုအံ့။ ထိုသို့ ပေးလိုသည်ရှိသော်။ သုတသောမမင်းနှင့်တကွ ပူဇော်မှ ခံမည်ဟူ၍ ဆိုလေဟု ဆိုလိုက်၏။ ပညောင်စောင့်သောနတ် လည်း၊ကောင်းပြီဟု အာမခံပြီးသော်၊ စောစွာလာ၍ ရဟန်းအသွင် ဘန်ဆင်းလျက်။မဟာပေါရိသာဒ၏ မနီးမဝေးသောအရပ်၌သွား၏။ထို မင်းလည်း ခြေသံကိုကြားယျင်ဆွဲ၍ထားသောမင်းတို့ လွတ်၍ပြေးလေ သလောဟု ကြည့်သည်ရှိသော် ထိုရဟန်းကိုမြင်၍။ရဟန်းသည် မင်းနှင့် အတူပင်ကိုကား။ဤရဟန်းကိုဘမ်း၍ တရဲ့တယောက် ပြည့်စေလျက် ပူဇော်အံ့ဟု သန်လျက်ကို ကောက်၍လိုက်၏။ သုံးယူဇနာတိုင်တိုင် လိုက်၍လည်း မမှီနိုင်ရကား။ ချေးကြီးတဖြာ ပင်ပန်းစွာဖြစ်သည်ရှိ သော်။ ငါကား ဤကာလ၌ ပြေးမသာဆင်၊ပြေးသောမြင်း၊ပြေးသော ရထားကိုသော်လည်းဘမ်းက မိတော့သည်သာ။ယာခုမူကား ဤရဟန်း သည် ကြာပဇော့သွားသည်ကိုမျှ အားသွန်ပြေးသော ငါသည် မမှီနိုင် ချေ။အကြောင်း အသို့နည်းဟုကြံပြီးသော်။ ရဟန်းတို့မည်သည် စကား ဆိုလွယ်လှ၏။ ကိုယ်ကာယ်ရဲဒဠိုးဟူက ရဲလိမ့်မည်၊ ရဲမှ ဘမ်းရစေဟု

နှလုံးသွင်း၍။ ရှင်ရဟန်း ရပ်လေ့ဟုဆို၏။ နတ်လည်း ငါရပ်၏။ သင်လည်း ရပ်ခြင်းငှါ လုံ့လပြုလေ့ဟုဆို၏။ မဟာပေါဏိသာဒလည်း ရှင်ရဟန်း၊ ရဟန်းတို့မည်သည် မိမိအသက်ကြောင့်သော်လည်း မမှန်သောစကားကိုမဆို၊ကုန်။သင်ကား မသားသုံးစွဲ၏ဟုဆိုဦး၍။ ။တိဋ္ဌာဟိတိ မယာဝုဏ္ဏော၊သောတွံဂန္ဆသိပမုခေါ်။အဋ္ဌိတောတွံဋ္ဌတောဓိတံ၊ လပသိဗြဟ္မစာရိနိ။ ဇာဒံတောသမဏအယုတ္တံ၊ အသိဠ္ဗမေမည္ဆသိကာဏ် ပတ္တံ၊ ။ဟူသော၎ထာကိုရွတ်၏။ ။သမဏ၊ရှင်ရဟန်း။ တိဋ္ဌာဟိ၊ ရပ်လော။ဇာတိ၊ဤသို့။မယာ၊ငါသည်။ဝုဏ္ဏော၊ ဆိုအပ်သော။သောတွံ၊ ထိုသင်သည်။ ပမုခေ၊အရပ်တပါးသို့ ဧရေး၏။ ဂန္ဆာသိ၊ပြေးသွားဘိ၏။ ဗြဟ္မစာရိနိ၊မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော။သမဏ ရှင်ရဟန်း။ တွံ၊ သင်ရဟန်းသည်။ အဋ္ဌိတော၊ မရပ်ဘဲလျက်။ ဋ္ဌိတော၊ ရပ်သည်။ အဓိ၊ ဖြစ်၏။ ဇာတိ၊ ဤသို့။ ယံဝစနံ၊ အကြောင်းမရပ်ဘဲလျက် ရပ်၏ဟု မဟုတ်မမှန်သော စကားကို။ လပသိ၊ ဆို၏။ ဇာဒံဝစနံ၊ ဤသို့ဆိုခြင်း သည်။ တေ၊သင်ရှင်ရဟန်းအား။ အယုတ္တံ၊ မသင့်။မေ၊ ငါ၏။ အသိဠ္ဗ၊ သန့်လျက်ကိုလည်း။ကက်ပတ္တံ၊သိမ်းတောင်ကဲ့သို့။မညသိ၊ အောက်မေ့ သလော။ ။အဓိပ္ပါယ်ကား။ရှင်ရဟန်း၊ရပ်လေ့ရပ်လေ့ဟု ငါဆိုလျက် ဧရေးရှုသွား၏။ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ရှင်ရဟန်းသည် မရပ်ဘဲလျက် ငါရပ်၏ဟု မမှန်သောစကားကို သုံးစွဲ၏။ငါ့သန့်လျက်ကို သိမ်းတောင်ကဲ့သို့ မှတ်သလောဟူလိုသော်။ ။

ထို့နောင် ပညောင်စောင့်နတ်လည်း။ငါရပ်၏ဟုဆိုသောအကြောင်းကို ပြလိုသောကြောင့်။ ။ဋ္ဌိတောဟာမသ္ဘိသဒ္ဓမ္မေသုရာဇ နနာမဂေါတ္တံ ပရိဝတ္တယာမိ။ ဗ္ဘစာရဗ္ဘလောကေဒဓဋ္ဌိတံဝဒန္တိ။အာပါယိကံနေရယိကံ ဇာတောစုတံ။ ။သစေဘံသဒ္ဓဟာသိရာဇ၊ သုတံဂဏ္ဟာဟိ ခတ္တိယ၊ တေနယာညံယာဒိတ္ထာန၊ ဇဝံသဂ်ဂမိသဿသိ။ ။ဟူသော ဂါ ထာ ကို ရွတ်၏၊ ။ရာဇမဟာရာဇ၊ ရှင်မင်းကြီး။အဟံ၊ ငါသည်။ သဒ္ဓံမွေသု၊ သူတော်ကောင်းတရားတို့ဌ။ ဋ္ဌိတော၊ တည်သည်။ အဒ္ဓိ၊ ဖြစ်၏။ နာမ ဂေါတ္တံ၊အမျိုးအမည်ကို။နပရိဝတ္တယာမိ၊မပြန်။မဟာရာဇ၊ရှင်မင်းကြီး။ ဇာတော၊ ဤလူ့ပြည်မှ၊စုတံ၊စုဝေ့သည်။ ဟုတ္ထာ၊ ဖြစ်၍။ အာပါယိကံ၊ ကင်းသောချမ်းသာရှိသော။နေရယိကံ၊ငရဲဌဲဖြစ်လတ္တံ့သော။စောရဗ္ဘ၊ ခိုးသူကိုသာလျှင်။ အဋ္ဌိတံ မရပ်သောသူဟု၍။ လောကော၊လူဌ။ ဝဒန္တိ၊

ဆိုကုန်၏။ ။ခတ္တိယ၊မြေကိုအစိုးရသော။ ရာဇ၊မင်းကြီး။ ကွံ၊ မင်းကြီး သည်။မေမမ၊ ငါ၏။ဝစနံ၊စကားကို။ သစေသဒ္ဓဟာသိ အာကယ်၍ယုံအံ့။ သုတံ၊ သုတသောမမင်းကို။ ဂဏ္ဍာဟိ၊ ဘမိုးယူလော့။ တေန၊ထိုသုတသောမမင်းဖြင့်။ယာညံ၊ယာဇ်ကို။ယဒိတ္ထာန၊ပူဇော်ဦး၍။ဇဝံ၊ဤသို့ပူဇော်သဖြင့်။သင်္ဂံ၊နတ်ရွာသို့။ဂမိသဲသိ။ သွားရလတ္တံ့။ ။အဓိပ္ပါယ်ကား။ မင်းကြီး။ ငါကား သူတော်တရားဒွီတည်း၏၊ မင်း ကြီး သည် မူ ကား ရှေးကာလ၌ ဗြဟ္မဒတ်မင်းဟူသောအမည်ကို ရပြီးလျက်။ ထိုအမည်ကို စွန့်၍။မြတ်သောမင်းမျိုးဒွီဖြစ်ပါလျက်လည်းမစားအပ်သော လူသားကို စားချေသောကြောင့်။ ပေါရိသာဒဟူသော အမည်ကိုရ၍၊ ပသုလည်း ကျားသောခြင်္ကပ်သောကြောင့်။ ကုမ္မာသပါဒဖြစ်ပြန်၏။ ဤသို့ မင်းကြီး သည် အမည်အမျိုးကိုပြန်သကဲ့သို့ ငါမပြန်သည်သာလျှင် ရပ်နေသည်မည်၏။ ရှင်မင်းကြီး၊ ဤလူ့ပြည်၌ စုတ်၍ ငရဲ၌ဖြစ်လတ္တံ့သော ခိုးသူကိုသာလျှင်။မမှန်စကား မတည်ကြားဟု လူ၌ဆိုကုန်၏။ မင်းကြီးသည် ငါ့စကားကို အာကယ်ယုံအံ့။ သုတသောမမင်းကြီးကိုယူ၍ မှန်သော စကားဖြင့် ပူဇော်သည်ရှိသော် နတ်ရွာသို့လားရလတ္တံ့။ ။ရှင်မင်းကြီး၊ မင်းကြီးသည်။ ဇမ္ဗူ။ဒိပါကျွန်းဒွီ တရှာတလောက်သော မင်းတို့၏ လည်ချောင်းသွေးဖြင့် ပင်စည်ကိုဆေး၍ အာနာဖြင့်ရစ်ပြီးသော်။ ငါးပါးသော ကောင်းသောအရသာဖြင့် ပူဇော်အံ့ဟု ဝန်ခံသည်မဟုတ်လော ထိုသို့လျက်နည်းသောခွန်အားရှိသော မကျေမ်မစောသော ထိုထိုသော မင်းများကိုသာဆောင်၍။ ဇမ္ဗူ။ဒိပ်အပြင်ဒွီ အကြီးအထွတ်ဖြစ်သော မြတ်သော သုတသောမမင်းကိုမဆောင်။ အာကယ်၍ မဆောင်အံ့။ မင်းကြီးစကား မှန်သောမည်သည်မ်ဖြစ်။ထို့ကြောင့်၊ သုတသောမမင်းကိုယူ၍။ မှန်သောစကားဖြင့်ပူဇော်၍။ နတ် ရွာ သို့ လား လော့ ဟူ လို သော်။ ။ဤသို့သော စကားကိုဆိုဦး၍။ ပညောင်ပင်စောင့်သောနတ်လည်း ရဟန်းအသွင်ကို ကွယ်စေ၍။ နတ် ၏ အ ရောင် အ ဆင်း ဖြင့် ကောင်းကင်ပြင်ဒွီ နေလုလင်ကဲ့သို့ထွန်းပလျက်ရပ်၏။မဟာပေါရိသာဒလည်း ထိုနတ်စကားကိုကြား၍။ နတ်၏ အရောင်အဆင်းကိုမြင်လျှင် သင်အသူနည်းဟုမေး၏။ နတ်လည်း ငါပညောင်ပင်စောင့်သောနတ်ဟုဆို၏၊မဟာပေါရိသာဒလည်း ငါကိုးကွယ်သောနတ်ကို မြင်ရသည်ဟု ဝမ်းမြောက် ဝမ်းသာဖြစ်၍။ ရှင်နတ်မင်း၊ သုတသောမမင်းကြောင့်

မစိုးရိမ်လင့်။ ဗိမာနိသို့ ဝင်တော်မူဟုတောင်းပန်၏။ ထိုနတ်လည်း မဟာပေါရိသာဒဖြင်စဉ် ပညောင်ပင်သို့ဝင်၏။ ။

၂၆။ မဟာပေါရိသာဒသည်၊သုတသောမမင်းကြီးကို ဘမ်းရန် ဣန္ဒပတ္တိနဂိုရ် မဂါဓိနိုင်ငယျာဉ် ရေကန်တွင်းကစောင့်နေခြင်း။

ထိုအခါ၌နေဝင်၍လထွက်ရကား။မဟာပေါရိသာဒလည်း။ဗေဒင်၌ လိမ္မာသောကြောင့် နက္ခတ်ဖြစ်ခြင်းကိုသိသည်ဖြစ်၍။ကောင်းကင်သို့ ကြည့်လိုက်သည်ရှိသော်။ နက်ဖြန် ဗုဒ္ဓနက္ခတ်ကြုံက်၏။ သုတသောမမင်း ခေါင်းဆေးခြင်းငှါ ဥယျာဉ်သို့ ထွက်လတ္တံ့။ ထိုဥယျာဉ်၌ ထိုမင်းကို ငါဘမ်းအံ့။ အစောင့်အရှောက်မူ များစွာဖြစ်လတ္တံ့။ ထက်ဝန်းကျင် သုံးယူဇနာတိုင်တိုင် အလုံးစုံသော ဇာမူ။ ဒေ ပါ ကျွန်းသူတို့ စောင့်ရှောက်လ ကုန် အံ့။ အစောင့်အရှောက် မစိုရင်ခင် ဥဩးယံ၌ မိဂါဓိနိုင်ငယျာဉ်သို့သွား၍ မင်္ဂလာရှိသော ရေကန်သို့သက်၍ နေအံ့ဟု ကြံပြီးသော်၊ ထိုဥယျာဉ်သို့သွား၍ ရေကန်သို့သက်၏။ ကြာရွက်ဖြင့် ခေါင်းကိုဖုံး၍ရပ်၏။ထိုသူ၏ တန်းခိုးကြောင့် ငါးလိပ်အစရှိသောသတ္တဝါတို့သည် ရေကန်နားသို့မရွေ့၍ အစုအစုနေကုန်၏။ ။(ဤသို့သော တန်းခိုးအာနုဘော်ကို အတိမ္မာ ရဲ့ရှသနည်းဟူမှုကား။ ရှေးဦး ပြုဘူးသော ကောင်းမှုကြောင့် ရဲ့ရှသတည်း။အဘယ်ကောင်းမှုအကျိုးနည်းဟူမှုကား။ ထိုမဟာပေါရိသာဒသည် ကဿပဖြတ်စွာဘုရားအား နှစ်ဃနာဖြင့်ပြီး့သော စာရေးတံဆွမ်းကို လှူဘူးသောကြောင့် ဆွန်အားကြီး၏။ မီးတင်းကုပ်ပြုစေ၍ ဓုဟန်းသံဃာအား အချမ်းကိုပျောက်စိမ့်သောငှါ။မီးကိုငုင်း၊ ထင်းကိုငုင်း ထင်းပေါက်စရာ ပဲခွပ်ပုဆိန်ကိုငုင်း လှူဘူးသောကြောင့်။ ကြီးသောတန်းခိုးရှိ၏။ မီးပုံ၌ဘရေးပေးလှူဘူးသောကြောင့် ဟူလိုသတည်း)။ ။

၂၇။ မဟာဃုတသောမမင်းကြီး ဥယျာဉ်တော်သို့ ထွက်၍ ခေါင်းဆေးမင်္ဂလာပြုခြင်း။

ထိုဥယျာဉ်ရေကန်၌ ဤသို့ မဟာပေါရိသာဒ နေသည်ရှိသော်။

မိုးသောက်ထဖအခါ၌ ထက်ဝန်းကျင် သုံးယူဇနာတိုင်တိုင် အစောင့်အရှောက်ကို ပြုကုန်၏။ သုတသောမမင်းကြီးလည်း။ နံနက်စာ စားပြီးသော်။ ဆင်အစပ်သောတန်းဆာရှိသော မြတ်သော ဆင်ကျောက်ကုန်းထက်စီးလျက်။ များစွာသော စစ်အင်္ဂါလေးပါးခြံရံလျက် မြို့မှထွက်၏။

ထိုအခါ၌ တက္ကသိုလ်ပြည်မှ နန္ဒပုဏ္ဏားသည် လေးပါးသောသတာရဟာဂါထာကိုယူခဲ့၍။ ယူဇနာတရာ့နှစ်ဆယ်သောခရီးကိုလွန်၍။ ဇနပဒကုန်ရှိသို့ရောက်၍။ မြို့ဘံခါးဂျာဠ်အိပ်ပြီးသော်။ နေထွက်သောအခါ၌ မြို့တွင်းသို့ဝင်ရာဘွင်။ အရှေ့တံခါးဖြင့်ထွက်သော မင်းကြီးကိုမြင်လျှင်။ လက်ကိုဆန့်၍ မင်္ဂလာအောင်ဆုပေး၏။ မင်းကြီးလည်း ထက်ဝန်းကျင် အရပ်မျက်နှာကို ရှုသောမျက်စိရှိရကား။ မြင့်သောအရပ်၌ ရပ်၍ဆန့်သောပုဏ္ဏားလက်ကိုမြင်လျှင်။ စိုးသောဆင် ပြောင်ကို ဝရဇိန်ချန်းတောင်းဖြင့်ငင်၍ ပုဏ္ဏားသို့ချဉ်းကပ်ပြီးသော်။ ထိုအကြောင်းကို မေးလိုသောကြောင့်။ ။ကိသ္မိန္နု ရဇ္ဇေတဝဇာတိဘူမိ။ အဘုံကောနတ္ထေ နဇ္ဈဝာနုပတ္ထော။ အဘ္ဘာဟိမေ ဗြာဟ္မဏာ ဇေတမင်္ဂလံ။ ကိသ္မိန္နု သိဒ္ဓမတ္ထသာဓကာ ယာဇ္ဈပ ဘိုတံ။ ။ဟူသောဂါထာကို ရွတ်၏။ ။ဗြာဟ္မဏာ၊ ပုဏ္ဏား။ တဝ၊သင်ပုဏ္ဏားဖြစ်။ ဇာတိဘူမိ၊ သွားရာအရပ်သည်။ ကိသ္မိံ၊ အဘယ်မည်သော။ရဇ္ဇေ၊တိုင်းခွင်။ အဘိဇ္ဈန္တု၊ ဖြစ်သနည်း။ ကေန၊ အဘယ်မည်သော။အဇ္ဇေန၊အကြောင်းကြောင့်။ဇာ၌၊ ဤအရပ်သို့။ တွံ၊ သင်ပုဏ္ဏားသံသည်။အနုပတ္တော၊ ရောက်လာသည်။ အသိန္နု၊ဖြစ်သနည်း။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ ဇေတမင်္ဂလံ၊ ဤအကြောင်းကို။ ပုဋ္ဌိတော၊ မေးအပ်သောသင် ပုဏ္ဏားသည်။မေ၊ငါ့အား။ အဘ္ဘာဟိ၊ ကြားဘိလော့။ကိံ၊ အဘယ်ကို။ ဇာနာသိ၊အလိုရှိသနည်း။ ဗြာဟ္မဏာ ပုဏ္ဏား၊ တာယာ၊သင်ပုဏ္ဏားသည်။ ပဋ္ဌိတံ၊ တောင့်တအပ်သောဝတ္ထုကို။ တေ၊ သင်ပုဏ္ဏားအား။ အဇ္ဈ၊ ယာခု။အဇ္ဈဟံ၊ငါသည်။ဇေဒါ၊ ပေးအံ့။ ။အဓိပ္ပါယ်ကား။ပုဏ္ဏား အဘယ်ပြည်ကလာသနည်း။ အဘယ်အကြောင်းကြောင့် ဤငါ့ဖြို့သို့ရောက်လာသနည်း။လာသောအကြောင်းကို ငါအားကြားဘိလော့။ ပုဏ္ဏားသည် တောင့်တအပ်သောဝတ္ထုကို ငါပေးအံ့၊ ပုဏ္ဏားနှလုံးကိုပြည့်စေအံ့ဟူလိုသော်။ ။ထိုနောက်မှ ပုဏ္ဏားလည်း အကြောင်းကို ကြားလိုသောကြောင့်။ ။ဂါထာစတသောဓရဏီမဟိသာရ။ သုဂန္ဓိရတ္တာဂရသာဂရုပမာ။ တဝေဝအတ္ထာယ ဇာတာဂတောသ္မိ။ သုဏောဟိ

ဂါထာပရမတ္ထသဒ္ဒါတာ။ ။ဟူသောဂါထာကိုရွတ်ဖူ၏။ ။ဓရဏီ၊ မြေအ
ပြင်၌။ မဟီသရ၊အလုံးစုံသောမြေကို အစိုးရတော်မူသော်၊ဘူမိပါလ၊
ရေမြေ့ရှင်။ သဂ္ဂအို့ရတ္ထာ၊ အလွန်နက်နဲသော အနက်အဓိပ္ပါယ်ရှိကုန်
ထသော။ ဝရသာဂရူပမာ၊ မြတ်သောသမုဒ္ဒရာ ဥပမာရှိကုန်သော။
စတာသေသာ၊ လေးပါးကုန်သော။ယာဂါထာ၊ အကြင်ဂါထာတို့သည်၊။
အတ္ထိသန္တိ၊ ရှိကုန်ဖူ၏။တဝေဝ၊ ရှင်မင်းကြီးဖူ၏သာလျှင်။ အတ္ထဉ္စာယ၊ အလို
ငှါ။ဇ္ဈာဓ၊ ဤအရပ်သို့။အာဂတောဝ၊လာသည်။အသ္မိ၊ ဖြစ်ဖူ၏။ပရမတ္ထသဒ္ဒါ
တာ၊မြတ်သောအကျိုးစီးပွါးနှင့်စပ်ကုန်သော။ တာဂါထာ၊ ထိုဂါထာ
တို့ကို။သုဏောဟိ၊နာတော်မူလော့။ ။အဓိပ္ပါယ်ကား ရေမြေသခင်
ဖြစ်တော်မူသော မြတ်သောရှင်မင်းကြီး။ ရှင်မင်းကြီးအလို၌သာလျှင်
ဤအရပ်သို့ရောက်လာဖူ၏။ မြတ်သော သမုဒ္ဒရာနှင့်တူကုန်သော။ အလွန်
နက်နဲသော အဓိပ္ပါယ်ရှိကုန်သော့ အကြင်လေးပါးသော သတ္တရဟ
ဂါထာတို့သည် ရှိကုန်ဖူ၏။ မြတ်သော အကျိုးစီးပွါးနှင့်စပ်ကုန်သော
ဂါထာတို့ကို နာတော်မူလော့ဟူလိုသော်။ ။

ဤသို့သောစကားကိုဆိုဦး၍။ရှင်မင်းကြီး၊ဤဂါထာတို့သည် ကသ
ပ မြတ်စွာဘုရား ဟောတော်မူသော သတ္တရဟဂါထာတို့တည်း။ ရှင်
မင်းကြီးတို့အား အကြားအမြင်၌ နှစ်သက်ခြင်းရှိကုန်ဖူ၏။အကြားအမြင်
၌ မွေ့လျော်ခြင်းရှိကုန်ဖူ၏။အကြားအမြင်ကိုသာအလိုရှိကုန်ဖူ၏။ဗဟုသု
တကိုသာ ဆည်းဘူးကုန်ဖူ၏ဟု ကြားသောကြောင့်။ ရှင်မင်းကြီးတို့အံ့း
ဟောခြင်းငှါ လာပေသည်ဟုဆို၏။ မင်းကြီးလည်း ပဓိးဖြောက်ပမိး
သာ နှစ်သက်စွာ၍။ ဆရာပုဏ္ဏားး၊ဆရာ၏လာခြင်းသည်ကား ကောင်း
သောလာခြင်းတည်း၊ ငါတမှကား ပာဓနဲ့ဗုဒ္ဓသုကွတ်နှင့်ယှဉ်သောကာ
လဖြစ်သောကြောင့် ခေါင်းဆေးခြင်းငှါထွက်သည် မပြုနိုသာခဲ့။ ခေါင်း
ဆေး၍ပြုနိမှ နာပါအံ့။ ဆရာမဆန့်ကျင်ပါလင့်။ ငါလာယုံငှံ့ပါဟူဆို၍။
ဆရာပုဏ္ဏားအား ဤမည်သောအိမ်၌ အိပ်ရာနေရာခင်း၍။ အဝတ်အာ
စားစီရင်၍ ကောင်းမွန်စွာနေစေဟု အမတ်တို့ကိုခန့်ထား၍ တဆင့်ရှစ်
တောင် အစောက်မြင့်သော တံတိုင်းဖြင့်ရံအပ်သော မိဂါဇုန်ဥယျာဉ်
သို့ဝင်လေ၏။ ။ထိုဥယျာဉ်၌ ဦးကင်းကို ဦးကင်းချင်းထိသော ဆင်တာ
ထပ်။လည်ကို လည်ချင်းရှက်သော မြင်းတာထပ်။နားပန်းစွန်းကို နားပန်း
စွန်းချင်းထိသော ရထားတာထပ်။လက်ရုံးကို လက်ရုံးချင်းထိသော သရ

ဧဝဓိ၊သဒ္ဒဝေဓိ၊ ဝါလဝေဓိ၊အာကွဏ်ဝေဓိဖြစ်သောလေးသမားကျော် တထပ်။ထို့ပြင် ပြည့်စုံသော လက်နက်တန်းဆာရှိသောခြေသည် သူ့ရဲ တထပ်ခံ၍။ လေ့ဖျိအဟုန်ဖြင့် ချောက်ချားသော သမုဒ္ဒရာအဝှမ်းကဲ့သို့၊ ဗိုလ်ပါအပေါင်းတို့၏ တပ်ဦးနက် ပဲ့တင်ထပ်သောအသံဖြင့် အုတ်အုတ် ကျက်ကျက်သော ချောက်ချားခြင်းရှိကုန်၏။မင်းကြီးလည်း လေးသော တန်းဆာတို့ကိုဆွဲတ်၍။ ဆံမုတ်ဆိတ် ဖြတ်စေပြီးသော်။ ပွဝဲနယ်အပ် သော ကိုယ်ရှိသည်ဖြစ်၍။အသရေရှိသောမင်း၏စံပယ်ခြင်းဖြင့် ရေကန် သို့သက်၍ ရေချိုးပြီးသော်။ တဘန်တက်၍ ရေခံပုဆိုးဝတ်လျက် ရပ်၍ နေ၏။ ထိုအခါ၌ ပုဆိုးပန်းနုံသာ အဝတ်တန်းဆာ ကပ်လှာကုန်၏။

၂၈။ ပေါရိသာဒသည်းမဟာသုတသောမ
မင်းကြီးကို ဘမ်းယူခြင်း။

မဟာပေါရိသာဒလည်း တန်းဆာဆင်သော် မင်းကြီးလေးအံ့။တန်း ဆာမဆင်မှီ မင်းကြီးပေါ့သောအခါ၌ ယူအံ့ဟုပြင်းစွာဟစ်ကြွေးလျက် လျှပ်စစ်နွယ်ကဲ့သို့ သန်လျက်ကို ဦးခေါင်းထက် ပတ်ပတ်လှည့်၍။အဟ မသို့ပေါရိသာဒေါဟု အမည်ကိုကြား၍။ ဆုပ်သောလက်ကို နဖူးထက် တင်လျက်ရေမှပြေးတက်လာလတ်၏။ထိုမင်းအသံကိုကြားလျှင် ဆင်စီး သူ့ခဲတို့သည် ဆင်မှ။ မြင်းစီးသူရဲတို့သည် မြင်းမှ။ ရထားစီးသူရဲတို့ သည် ရထားမှလျှောကုန်၏။ ဝေးသော စစ်သည်သူရဲတို့သည် ဝေးစွာ ပြေးလေကုန်၏။နီးသောစစ်သည်သူရဲတို့သည် မိမိတို့လက်မှ လက်နက် ကိုစွန့်၍ ရင်ဖြင့် မြေတွင်ဝပ်ကုန်၏။ မဟာပေါရိသာဒလည်း ထိုထို သောမင်းတို့ကို ဘမ်းသောအခါသော်ကား ခြေကိုကိုင်၍ ဦးခေါင်း စောက်ထိုး ပနှောင့်ဖြင့် ဦးခေါင်းကိုခတ်မိစေလျက် သွားး၏။ ဘုရား လောင်းကိုသော်တမှကား။ အသာချိပြီးသော် ကိုယ်ကိုညွတ်၍ချိလျက် ပခုံးဖြင့်ထမ်း၏။တံခါးဖြင့် ထွက်သည်ရှိသော်။ ကြာအံ့စိုး၍ ရှေအရပ် တူရာတဲ့ရှစ်တောင် အစောက်ရှိသော တံတိုင်းကိုခုန်လွှား၍။ ရှေ့၌ ရှိလင့်သော အမှန်ယစ်သော ဆင်ပြောင်တို့၏ဦးကင်းကို နင်းလှည်း၍။ လေ့ဖျိလျင်ခြင်းနှင့် တူကုန်သော မြင်းရတနာတို့၏ကျောက်ကို ကန် လှည်း၍။ မြတ်သောရထားတို့၏အဦးကို နင်းကန်လျက်။ ပတ်ပတ်လည်

စေ၍ ပညောင်ရွက်ကို နင်းကန်သကဲ့သို့။ ထိုထိုသော လက်နက်တို့ကို ချန်ချန်နင်းလျက်။ တချက်တည်းသောအဟုန်ဖြင့် သုံးယူဇနာတိုင်တိုင် ပြေး၍။ သုတသောမမင်းအလို၌ လိုက်သူရှိသလောဟု ပြန် ၍ ကြည့်သော် တစုံတယောက်သောသူကိုမမြင်၍ အသာအသာသွား၏။ ။

၂၉။ ပေါရိသာဒသည်၊သုတသောမမင်းကြီးငိုသည့် ဟူသောအမှတ် ဖြင့်၊ ဇာတယ်ကိုစိုးရိမ်၍ ငိုသနည်းဟုမေးခြင်း။

ထိုအခါ၌၊ မင်းကြီးဆံမှ မိမိရင်၌ ရေ ပေါက်ကျ သည် ကို မြင် ၍။ သေအံ့သောငါ့ဘေးမှ မကြောက်သောသူမည်သည်မရှိ။ သုတသောမ မင်းလျက်လည်း သေဘေးမှ ကြောက်သောကြောင့် ငိ၏ဟုကြံဦး၍။ ။ နတောရဒန္တိ သတိမန္တောသပ္ပညာ၊ ဗသုသုတာပေဗဟုဇ္ဇာနစိန္တိနော။ ဒိပဒ္ဒိုတေံပရံနရာနံ၊ ယံပဏ္ဍိတာသောကာနုဒါဘဝန္တိ။ ။အတ္တာနံ ဉာတိံဥဒါဟု ပုတ္တဒါနံ၊ ဓညံဓနံ ရဇ္ဇတံ ဇာတရူပံ။ ကိမေဝတွံသုတ သောမာနုတပ္ပေ၊ကောရဗျသေဋ္ဌဝစနံ သုဏောမတေတံ။ ။ဟူသော ဂါထာကိုရွတ်၏။ ။သုတသောမ၊ သုတသောမ။ ဗဟုသုတာ၊ များသော အကြားအမြင်ရှိကုန်ထသော။ဗဟုဇ္ဇာနစိန္တိနော၊ များသော အရာအထူးကိုကြံနိုင်ကုန်သော။ယေပဏ္ဍိတာ၊အကြင်ပညာရှိတို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။ သပညာ၊ ပညာရှိကုန်သော။သတိမန္တော၊ သတိ နှင့်ပြည့်စုံကုန်သော။ တေပဏ္ဍိတာ၊ ထိုပညာရှိတို့သည်။ နရွဒန္တိ၊ မင်း ကုန်။သုဗာသောမ၊သုတသောမ။ယေသံပဏ္ဍိတာနံ၊အကြင်ပညာရှိတို့ ၏။ယံအသောစနံ၊ အကြင်မငိုးရိမ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ တံအသော စနံ၊ထိုမစိုးရိမ်ခြင်းသည်။နရာနံ၊လူတို့၏။ပရံ၊ဖြတ်သော။ ဒိပဒ္ဒိုဒိပံဇဝ၊ မြို့ရိုရာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တေပဏ္ဍိတာ၊ ထိုပညာရှိတို့ သည်။ သောကနုဒါ၊ ပျောက်သောစိုးရိမ်ခြင်းရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ။ကောရဗျသေဋ္ဌ၊ မြတ်သော ကောရဗျ အမျိုးဖြစ်သော။ သုတသောမ၊သုတသောမ။ကွံ၊ သင်သုတသောမမင်းသည်။ အတ္တာနံ ကိုယ်ကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော၊ ဉာဒါဟု၊ ထိုသို့မဟုတ်မူ ကား။ဉာတိံ၊အဆွေအမျိုးကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ပုတ္တ

ဒါရုံ၊ သားမယားကိုတည်း။ အနုတပ္ပေ၊စိုးရိမ်သလော။ဧည့်၊ စပါးကို တည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ဝနံ၊ ဥစ္စာကိုတည်း။ အနုတပ္ပေ။ စိုးရိမ်သလော။ရေတံ၊ငွေကိုတည်း။ အနုတပ္ပေ၊စိုးရိမ်သလော။ ဇာတ ရူပံ၊ရွှေကိုတည်း။အနုတပ္ပေ၊စိုးရိမ်သလော။ သုတသောမ၊ သုတသော မ။ ဘွံ၊သင်သုတသောမသည်။ ကိမေဝ၊ အဘယ်ကိုလျှင်။ အနုတပ္ပေ၊ စိုးရိမ်သနည်း။ ။တော၊သင်၏။တံဝစနံ၊ထိုစကားကို။သုဇောမ၊ ကြား နာလိုပါ၏။ ။အဓိပ္ပါယ်ကား။သုတသောမ၊ များသော အကြားဒဓြင် ရှိကုန်သော။ များသောအရာအထူးကို ကြံနိုင်ကုန်သော။ သုတဝံသောမ ကဲ့သို့ အကြင်ပညာရှိတို့သည် ဤလောကဒွရှိကုန်၏။ ကြီးသောပညာ နှင့်ပြည့်စုံကုန်သော ထိုပညာရှိတို့သည် မငိုကုန်။သုတသောမ။အကြင် ပညာရှိတို့၏ ဘေးအန္တရာယ် ရောက်ကုန်သောအခါ၌။ အကြင်သို့ သဘောရှိသော မစိုးရိမ်ခြင်းသည်ရှိ၏။ ထိုမစိုးရိမ်ခြင်းသည်။ခပ်သိမ်း သောသူတို့၏ မိဒိုရုဖြစ်သော ကိုင်းကျွန်းသဘွယ်ဖြစ်ပေ၏။ ထိုပညာရှိ တို့သည် စိုးရိမ်ခြင်းသို့မလိုက်ကုန်။ ခေါင်းပါးသော စိုးရိမ်ခြင်းရှိသည် သာဖြစ်၏။ သုတသောမ၊ ထိုသို့လျက်။ထိုပညာရှိတို့၌ အကျုံးဝင်သော သုတသောမသည် ငိုကြွေးစိုးရိမ်၏။ အ ဘယ် ကို အ ကြောင်း ပြု၍ ငိုကြွေးစိုးရိမ်သနည်း။ ကိုယ်ကိုအကြောင်းပြု၍ စိုးရိမ်သလော၊ ဥစ္စာ ခမ်းနား သားမယားအစရှိသည်ကို အကြောင်းပြု၍တည်း စိုးရိမ် ငိုကြွေးသလောဟူလိုသော်။ ။

၃၀။ မဟာသုတသောမမင်းကြီးသည်။ပညာရှိတို့သည် မစိုးရိမ် အပ်သည်၌ ပစိုးရိမ်ခြင်း။စိုးရိမ်အပ်သည်၌ စိုးရိမ်ခြင်း နှစ်ပါးကိုပြ၍။ခွင့်တောင်းခြင်း။

မဟာပေါရိသာဒစကားကိုကြား၍။မင်းကြီးလည်း ပညာရှိသူတော် ကောင်းတို့သည် မစိုးရိမ်အပ်သည်၌ မစိုးရိမ်ကြောင်း။ပညာရှိသူတော် ကောင်းတို့သည် စိုး ရိမ် အပ် သည် ၌ စိုး ရိမ် ကြောင်း။ နှစ်ပါးကို ပြန်ပြီးသော်။ ပညာရှိ သူ တော် ကောင်း တို့ သည်။ မစိုးရိမ်သော အကြောင်းကို ခွင့်ပေးစိမ့်သောငှါ။ တောင်းပန်လိုသော်ကြောင့်။ ။ နစာဟမတ္တာနမနုတ္တနာမိ။နပုတ္တဒါရံနဓနံနရဋ္ဌံ။ သတ္တဓမ္မောစရိတော

ပုရာဏော။ တံသင်္ကိုရံ ဗြာဟ္မဏာသနှုတပ္ပေ။ ။ကတော မယာ သင်္ကိုရော ဗြာဟ္မဏော။ ရဠွေသကေ ဣသိရိယေဒ္ဓိတော။ တံသင်္ကိုရံ ဗြာဟ္မဏာသမ္ဗဒါယ၊ သန္တာနရက္ခိပုနရာဝဇ္ဇိသံ။ ။ဟူသော ဂါထာကို ရွတ်ဏ်။ ။သမ္မပေါရိသာဒ၊အဆွေပေါရိသာဒ။အဟုံ၊ ငါသည်။ အတ္တာနံ၊ကိုယ်ကိုလည်း။ နစအနုတ္တနာမိ၊ မစိုးရိမ်။ ပုတ္တဒါရံ၊ သားမယားကို လည်း။ နအနုတ္တနာမိ၊မစိုးရိမ်။ ဓနံ၊ ဥစ္စာကိုလည်း။ နအနုတ္တနာမိ၊မစိုးရိမ်။ရဋ္ဌံ၊ပြည်တိုင်းကိုလည်း။နအနုတ္တနာမိ၊မစိုးရိမ်။ သတ္တဋ္ဌသပ္ပုရိသာနံ သူတော်ကောင်းတို့သည်။ စရိတော၊ လေ့ကျက်အပ်သော။ ပုရာဏော ရှေးဦးဖြစ်သော။ယောဓမ္မော၊ အကြင်သဘောသည်။ အဇ္ဇ၊ ရှိ၏။ ဗြဟ္မဏသ၊ ပုဏ္ဏားအား။ သင်္ကိုရံ၊ ဆုံးဖြတ်ခြင်းတည်းဟူသော။ တံခဏံ၊ ထိုသဘောသဘောကိုသာလျှင်။ အနုတပ္ပေ၊ စိုးရိမ်၏။ သမ္မပေါရိသာဒ၊အဆွေပေါရိသာဒ။ သကေရဋ္ဌေ၊ ငါ့တိုင်းနိုင်ငံဖြစ်သော။ ဣသိရိယေ၊ မင်းစည်းစိမ်၌။ ဒ္ဓိဇတန၊ တည်သော။ မယာ၊ ငါသည်။ ဗြာဟ္မဏော၊ ပုဏ္ဏားနှင့်။ ယောသင်္ကိုရော၊ အကြင်ဆုံးဖြတ်ခြင်းကို။ ကတော၊ပြုအပ်၏။ တံသင်္ကိုရံ၊ ထိုဆုံးဖြတ်ခြင်းကို။ ဗြာဟ္မဏာသမ္ဗဒါယ၊ ပုဏ္ဏားအား ပြည့်စုံစေဦး၍။ သန္တာနရက္ခိ၊ စောင့်သောသဘောရှိသော ငါသည်။ပုနရာဝဇ္ဇိသံ၊ တဘန်လာပြန်အံ့။ ။အင်ဒပ္ပါယိကား။ အဆွေပေါရိသာဒ။ ငါ့ကိုယ်ကိုအကြောင်းပြု၍လည်း ငါမစိုးရိမ် မငဲ့ကြွေး။ ပြည်တိုင်းကား ဥစ္စာခမ်းနားသားမယားအစရှိသည့်ကို အကြောင်းပြု၍လည်း ငါမစိုးရိမ် မငဲ့ကြွေး။ ဆိုဘွယ်တမူကား။ အဆွေပေါရိသာဒ၊ သူတော်ကောင်းဖြစ်သော ပညာရှိတို့၏ ရှေးဦး လေ့ကျက်အပ်သော အကြင် သဘောသဘောသည်ရှိ၏။ ထိုသဘောသဘော တည်းဟူသော။ ပုဏ္ဏားအား၊ဆုံးဖြတ်ခြင်းကိုအောက်မေ့၍ငါစိုးရိမ်သည်။ ။အဆွေပေါရိသာဒ။ ငါ့တိုင်းနိုင်ငံဖြစ်သော မင်းစည်းစိမ်၌တည်သော ငါသည် အကြင်ပုဏ္ဏားနှင့် အကြင်သို့သဘောရှိသော ဆုံးဖြတ်ခြင်းကိုပြုံအပ်၏။ ထိုဆုံးဖြတ်ခြင်းကို ထိုပုဏ္ဏားအား ပြည့်စုံစေဦး၍။ သန္တာစောင့်သဖြင့် တဘန်လာပြန်အံ့။ ။ဤအကြောင်း အသို့နည်းဟူမူကား။အဆွေပေါရိသာဒ။ တက္ကသိုလ်ပြည်မှ ပုဏ္ဏားတယောက်သည်။ ကသုပဖြတ်စွာဘုရားသည် ပေါတော်မူအပ်သော သတ္တရဟ လေးဂါထာကိုယူ၍ လာသော ထိုပုဏ္ဏားအား။အာဂန္တုံ၊ကဝတ်ကိုပြုစေပြီးသော်။ရေချိုး၍

ပြန်လာမှုနာအံ့။ ငါလာရုံငဲ့လင့် ဟု ဆုံးဖြတ်၍ ထွက်ခဲ့သည်။ ထိုဂါထာကို မနာခင် အဆွေ ငါ့ကိုယူ၍ ထားဘိဇ၏၊ အဂယ်၍ အဆွေလွတ်ပါသည်ရှိသော်။ တရားနာ၍ သစ္စာစောင့်သဖြင့် တဘန်လာပြန်ပါအံ့ဟူလိုသော်။ ။

၃၁။ မဟာသုတသောမမင်းကြီး ပြဆိုအပ်သော မစိုးရိမ် အပ်သည်၌ မစိုးရိမ်ခြင်းအပြားတို့တွင် ရှေးဦးစွာ နာနာဘာဝအားဖြင့် မစိုးရိမ်ခြင်းကိုပြရာ။

၍၌ပညာရှိသူတော်ကောင်းတို့သည်။ မစိုးရိမ်အပ်သည်၌ မစိုးရိမ်ကြောင်း။ ပညာရှိသူတော်ကောင်းတို့သည်။ စိုးရိမ်အပ်သည်၌ စိုးရိမ်ကြောင်း နှစ်ပါးကိုပြပြီးသော်ဟူရာ၌။ ပညာရှိသူတော်ကောင်းတို့၏ မစိုးရိမ်အပ်သည်၌မစိုးရိမ်ခြင်းကား။နာနာဘာဝအားဖြင့်မစိုးရိမ်ခြင်း။ ဝိနာဘာဝအားဖြင့်မစိုးရိမ်ခြင်း။အညထာဘာဝအားဖြင့် မစိုးရိမ်ခြင်း။ ဘယဘေရဝုပ္ပါဒအားဖြင့် မစိုးရိမ်ခြင်းအစရှိသောအားဖြင့်။မျှားသော အပြားရှိသည်။

ထိုမျှားသော အပြားတို့တွင်။ နာနာဘာဝအားဖြင့် မစိုးရိမ်ခြင်းဟူသော်ကား။ ပစ္စုပ္ပန်ဘဝ၌မျက်မှောက်ထင်ထင် ဉာတိဗျသန၊ဘောဂဗျသနအစရှိသည်ကြောင့်။စည်းစိမ်ချမ်းသာ ဥစ္စာခမ်းနား သားမယားအစရှိသည်မှကင်းသဖြင့်၊အထွေထွေ အထူးထူး အသီးသီးအခြားခြားဖြစ်ခြင်းတို့၌ မစိုးရိမ် မငိကြွေး မမြည်တမ်းခြင်းတည်း။ ထိုမစိုးရိမ် မငိကြွေးမမြည်တမ်းခြင်းကိုကား။ ။ဗာရာဏသီပြည့်ဂှင် မဟာသီလဝမင်းကြီးသည်။ မြို့တံခါးလေးမျက်နှာ မြို့လယ်အိမ်တံခါးတို့၌။ အံလှတင်းကုတ်ခြောက်ဆောင်ဆောက်၍။အလှူပေးခြင်း။ပဉ္စသီသီတင်းသုံးခြင်း။ ဥပုသ်ဆောက်တည်ခြင်း။ သည်းခံခြင်း။သနားခြင်း။ မေတ္တာကရုဏာဂှိခြင်း။ ရင်ခွင်၌ထားသော သားကိုကဲ့သို့။တိုင်းနိုင်ငံသူတို့ကို ကြင်နာခြင်းတို့ဖြင့် တရားနှင့်ညီစွာ မင်းပြုသည်ရှိသော်။ အမတ်တပေါက်သည် အိမ်တော်၌ ပြစ်မှားသည်ကို အမတ်တို့သိ၍။ မင်းကြီးအားလျော်သော်လည်း ဆော်ဆောလျင်လျင် မစီရင်။ ကိုယ်တိုင် သိအောင်ပြု၍ ဆိတ်ဆိတ်သိမှ။ ထိုအမတ်ကို ဥစ္စာခမ်းနားသားမယားနှင့်တကွ မဖျက်

မဆီးနှင်ထုတ်သဖြင့် ကောသလမင်းထံသို့ပြေးဝင်၏။ဤကောသလမင်း နှင့်အကျွမ်းဝင်လျှင်။ဗာရာဏသီပြည်သည် အကောင်မရှိသော ပျားသလက်နှင့်အတူ။ မင်းကြီးလည်း၊ အလွန်နှုးညံ့၏။ နည်းသောအားဗိုလ်ပါဖြင့်သာ ယူခြင်းငှါ တတ်နိုင်၏ဟု ဆိုသည်ကို။ ဗာရာဏသီပြည်သည် များသောအား ဗိုလ်ပါရှိ၏၊ နည်းသောဒုဗ္ဗလဗိုလ်ပါရှိသော ငါတို့သည် ယူခြင်းငှါ မတတ်နိုင်ရာ။ ထိုသို့လျက်ဤသို့သော စကားကိုဆိုသည်။ သူလျှိဖြစ်မည်ဟု ကောသလမင်းကြီးကြံ၍။ သင်သူလျှိလော ဟု မေးသည်ရှိသော်။ သူလျှိမဟုတ်ကြောင်းကိုဆို၍။ အကျွန်ုပ်စကားကို မယုံသော်။ ကျွန်ုတော်တို့ကိုစေ၍ ပစ္စန္တရာဇ်ကို လုယက်ဖျက်ဆီးစေဟု ဆိုလျှင်၊ ဤသူရဲရင့်စွာဆို၏။ စူးစမ်းအံ့ဟု အမတ်ဆိုတိုင်းစေသည်ကို။ ပစ္စန္တရာဇ်သားကိုဘမ်း၍ မင်းကြီးအားဆက်သည်ရှိသော်။အဘယ့်ကြောင့်၊ ဤသို့ပြုသနည်း ဟု မင်းကြီးမေးသည်ကို။ အသက်မွေးရာမဲ့ ဖြစ်သောကြောင့် လျှောက်လျှင်။ အသက်မွေးရာမဲ့သော်၊ ငါ့အထံသို့ အဘယ့်ကြောင့် မလာသနည်း။ နောင်သည်ကဲ့သို့ မပြုလင့်ဟု အသက်မွေးစရာဥစ္စာပေး၍ လွှတ်လိုက်သဖြင့်။ ထိုအဖကြောင်းကို ကောသလမင်းကြီးအား ကြားသော်လည်း။ ဤမျှတည်းဖြင့် မဝံ့ဟူ၍ အတွင်းဇနပုန်ကို လုယက်ဖျက်ဆီး စေသော်လည်း။ ထို့အတူဂုဏ်း လွှတ်လိုက်သဖြင့်။ ဗြိုတွင်းသို့ဝင်၍ ခဒိုးကောက်ကစင်း လုယက်ဖျက်ဆီးစေသော်လည်း၊ ရှေးနည်းဖြင့် လွှတ်လိုက်ရာတွင်မှ၊ အမတ်ဆိုတိုင်း မှန်၏ဟုချီလာသည်ကို။ အမှန်ရစ်သော ဆင်ပြောင်ကဲ့သို့ မဆုတ်မနစ်သော ရဲခြင်းသတ္တိရှိကုန်သော။ ထိပ်ထက် မိုးကြိုးကျသော်လည်း၊မလန့်ဖြတ်ကုန်သောမင်းကြီး အလိုရှိသည်ရှိသော်။ ဇမ္ဗူဒီပါကျွန်းလုံးကိုပင် ယူခြင်းငှါစွမ်းနိုင်ကုန်သော မဖျက်ဖြိုနိုင်သော။ရဲခြင်းလုံ့လရှိကုန်သော တထောင်သောအမတ်ကြီးတို့ကြား၍၊ မြေခြားမရေဝံခင်ဘမ်းအပ်သောအကြောင်းကို လျှောက်သည်ရှိသော်။ နှုးညံ့သောစိတ်ရှိ၍ ငါ့ကြောင့်၊သူတထုံးပင်ပန်းခြင်းကိစ္စကို အလိုမရှိ။အလိုရှိသသူယူပစေမသွားလေကုန်လင့်ဟု ဖြစ်၍။ အလယ်ဇနပုန်သို့ခရောက်လျှင်။ တကြိမ်လျှောက်ပြန်သော်လည်း ခွင့်မပေးသဖြင့်။ကောသလမင်းမြို့သို့ရောဝံလျှင်။ စစ်ထိုးမည်လော၊ထီးနန်းပေးမည်လောဟု စေလွှာသည်ကို။ စစ်ထိုးခြင်းကိစ္စမရှိ။ ပြည်ကိုအလိုရှိလျှင် ယူတော့ဟု စေပြန်လိုက်၍။ အမတ်ကြီးတထောင်တို့သည် မြို့သို့

မဝင်စေမူ၍။ အကျွန်ုပ်တို့ ဘမ်းအံ့ဟုလျှောက်သည်ကို ဖြစ်တား၍။ တံခါးဘွင့်စေပြီးသော်။ အမတ်ကြီးတထောင်ခြံရံလျက်။ ပြာသာဒ်မဠိ ရာဇပလ္လင်ထက်တွင်နေသော။ အပြစ်မရှိသော ဓမ္မရာဇ်ကိုဘမ်း၍။ အမတ်တထောင်နှင့်တကွ မြဲမြံစွာနှောင်ဘွဲ့၍။ သုသာန်တစ္ဆေ ထည်ရှိသော တွင်းတူး၍မြုပ်စိမ့်သောဌာ စေငြားသော်လည်း။ မစိုးရိမ် မငို ကြွေး မတုန်လှုပ်သဖြင့်။အမတ်ကြီးတထောင်ကို ခိုးသူမင်းအား အမျက် ဒေါသမရှိစေလင့်ကုန်။မေတ္တာစိတ်ဖြင့် နှုံ့စေကုန်ဟုဆုံးမ၏။ထိုအမတ် တို့သည်။ဤသို့သော ဆင်းရဲခြင်းသို့ရောက်သော်လည်း။ မင်းကြီးဆုံးမ သောစကားကို မဖျက်မူ၍။ သူအချင်းတို့ ဆောင်ရာပါလေသဖြင့်။ မင်းကြီးကို အလယ်ခွဲ။ အမတ် တထောင်ကို နံပါးနှစ်ဘက်ခွဲထား၍ ဇကာသလင်းစိရင်တိုင်း မြုပ်သည်ရှိသော်။ သန်းခေါင်ယံတိုင်လျှင်။ မြေခွေးတို့စားမည်လာသည်ကို တပြိုင်နက်ဟစ်ကြွေးလျှင်။ကြောက်လန့် တကြားပြေးလေကုန်ပြီးလျှင် ပြန်၍ကြည့်သော်၊ လိုက်သူတယောက်မျှ မမြင်၍။ တဘန်လာပြန်သည်ကို။ ထို့အတူပြေး၍ သုံးကြိမ်စေ့လျှင် လိုက်သူတယောံမျှမမြင်မှ။၍သူတို့ သေထိုက်သောသူဖြစ်မည် ဟုရဲရင့် စွာလာ၍ ဟစ်မြဲဟစ်ပြန်ကုန်သော်လည်း မပြေးဘဲ၊ အကြီးဖြစ်သော မြေခွေးသည်။ မင်းကြီးသို့ကပ်သည်မြင်လျှင်။ ဥပါယ်တမျှဥ်၌ လိမ်မာ တော်မူသောမင်းဖြစ်သောကြောင့်၊ ကိုယ်ကိုကိုက်စေလိုသော အခြင်း အရောကဲ့သို့ လည်ဆွဲ၍ခံသည်ကို ကိုက်အံ့ဟု ချဉ်းလာလျှင်။ မေးရိုးဖြင့် ချိပ်၍ ဆင်ပြောင်အားနှင့်တူသောအားရှိသောမင်းကြီးသည် မြစွာကိုင် သည်ရှိသော်။ စက်ယာန်ရားဖြင့် ညှပ်ဘိသကဲ့သို့။ လွတ်ခွင့်မမြင်လျှင် ဖသအံ့သောဘေးမှ ကြောက်သဖြင့် ပြင်းစွာမြည်ကြွေးလျှင်။ အမတ် တထောင်သို့ ကပ်လာသော မြေခွေးတို့သည် ကြောက်လန့်တကြား ပြေးလေကုန်၏။မင်းကြီးမေးဖြင့်ချိပ်သောမြေခွေးသည်ရုန်းရင်းကျောက် ကန်သဖြင့် မြေကို တူးပက်ဘိသကဲ့သို့ဖြစ်၍ ဘို့သောဇံမြေဓလျှံလျှင်။ မြေခွေးကိုလွှတ်၍ တွင်းမှတက်ပြီးသော်။အမက်အပေါင်းကိုဘေဒ်ထုတ် ၍ အမတ်တထောင် ခြံရံလျက်နေစဉ်။ ဘီလူး နှစ်ပေါက်တို့သည် မြေခြားခွဲ။ ပစ်လွှာသော သူကောင်ကို ဘီလူးတို့ မဝေခြမ်းနှိုင်သော ကြောင့်။ ခြေကိုငင်ခဲ့၍ မင်းကြီးအထံသို့ကပ်ပြီးသော်။' အမျှဝေ၍ပေး စိမ့်သောဌာ တောင်းပန်သည်ကို။ မောင်တို့၊ ငါကိုယ်လက် ညစ်နွမ်း

သည် ဖြစ် သော ကြောင့် ရေချိုးရစေဦးဟုဆိုလျှင်။ ဦးသူဖြစ်သော ကောသလမင်းကြီးဘို့ ထုံ၍ထား သောရေနံ့သာကိုဆောင်ချေ၍ ကပ်ပြီး သော်။ ထို့နောင် ဝတ်လဲပုဆိုးကိုဆောင်၍။ ထို့နောင် လေးပါးသော နံ့သာမျိုးတို့ဖြင့်ပြည့်သော နံ့သာကြိတ်ကိုဆောင်၍။ထို့နောင် ရွှေကြိတ် ရွှေခွက်နှင့်တကွသော ပန်းကိုဆောင်၍။ ထို့နောင် စားတော်မွတ်သော အခြင်းအရာကိုသိသဖြင့်။ အထူးထူးသော အရသာနှင့် ပြည့်စုံသော ကောသလမင်းဘောဇဉ်ကို ဆောင်၍။ ထို့နောင် ရွှေပလားနှင့်တကွ သော အထုံရေသင်းကိုဆောင်၍။ ထို့နောင် အထုံနံ့သာဖြင့်ပြီးသော ကွမ်းကိုဆောင်၍ ကပ်ပြီးသော်။ အဘယ် အလို တော် ရှိသနည်း ဟုမေး၍။ ဦးသူမင်းခေါင်းရင်းတွင်ထားသောမင်္ဂလာသန်လျက်ကိုဆောင် ချေဟုစေ၍၊ သူကောင်ကို ဖြောင့်ဖြောင့်ထားစေပြီးလျှင်။ ထိပ်ကစ၍ ထက်ခြမ်းခွဲ၍ အမျှဝေပြီးသော်။ သန်လျက်ကိုဆေး၍ မင်းကြီး လွယ်လျှင်။ဘီလူးနှစ်ယောဒံတို့သည် ဝမ်းမြောက်ဝမ်းသာစား၍ နှစ်သက်ကုန်သဖြင့်။အဘယ်အမှုကိုပြုရကုန်အံ့နည်းဟု မေးသည်ရှိသော်။ မောင်တို့ အာနုဘော်ဖြင့်၊ ငါ့ကိုကား ဦးသူမင်း၏ ကြက်သရေတို့ကိုဒ်ခွဲချ။ အမတ် အပေါင်းကိုကား ပိမိတို့အိမ်သို့ဆောင်ဟု ဆိုလျှင်။ မင်းကြီးဆိုတိုင်း စီရင်၍ တန်းဆာဆင်အပ်သော အသရေရှိသော အိပ်ရာအပြင်၌။ အိပ်ပျော်သော ကောသလမင်းကြီး၏ရင်ကို။ သန်လျက်ဖျားဖြင့်ခတ်လျှင်။ ကြောက်လန့်တကြားနိုး၍။ ဆီမီးရောင်၌ မင်းကြီးကိုမြင်သည်ရှိသော်။ အိပ်ရာမှထ၍။ ရှင်မင်းကြီး၊ ဤသို့သော အစောင့်အရှောက် မြဲမြံသော တံခါးရှိသော။ညဉ့်အခါ၌တန်းဆာဆင်သောကိုယ်ဖြင့် သန်လျက်လွယ်၍ အဘယ်ကြောင့် ရောက်တော်မူလာသနည်းဟုမေး၍၊ အလုံးစုံသော အကြောင်းကို မင်းကြီးပြန်သည်ရှိသော်။ ထိတ်လန့်သော နှလုံးရှိသည် ဖြစ်၏။ အရှင်မင်းကြီး၊အကျွန်ုပ် လူဖြစ်ပါလျက်လည်း။ ရှင်မင်းကြီး၏ ဂုဏ်ထူးကိုမသိချေ။ အသွေးအသားကိုစားသော ဘီ လူး ပင် လျက်၊ ရှင်မင်းကြီး၏ဂုဏ်အထူးကို သိနိုင်လေ၏။ ယခုမှစ၍ ရှင်မင်းကြီးကို မပြစ်မှားပြီဟု သန်လျက်ကိုတောင်း၍ ကျွန်စာရွက်ပြီးသော်။ မင်းကြီးကို အသရေရှိသောအိပ်ရာ၌ အိပ်စေ၍။ ဒိမိညောင်စောင်း၌ အိပ်၍ မိုးသောက်လျှင်။မြို့လုံးစည်လည်စေ၍။ အမတ်ပုဏ္ဏားအစရှိသော တိုင်းနိုင်ငံသူအလုံးကို စည်းဝေးစေ၍။ ကောင်းကင်ပြင်၌ လပြည့်ဝန်းကို

ချီးမြှင့်သကဲ့သို့၊မင်းကြီးကိုချီးမြှောက်၍ ပရိသတ်အလယ်၌။ မင်းကြီးကို ဟန်တော့၍။ဗာရာဏသီပြည်ကို မင်းကြီးအားနှင်း၍။ယခုမှစ၍ အခွင့် မင်းကြီး၌ ဖြစ်သော ခိုးသူဘေး အစရှိသည်ကို အကျွန်ုပ်ဝန်ဖြစ်စေ။ အကျွန်ုပ်တို့ စောင့်ရှောက်အပ်သော ရှင်မင်းကြီးသည် တရားနှင့်ညီစွာ မင်းပြုတော်မူဟုဆို၍။ ရန်ပြုသောအမတ်ကို ဒုဿာဇပေး၍။ မိမိ တိုင်းနိုင်ငံသို့ပြန်လေလျှင်။ မဟာသီလဝမင်းကြီးသည် ဘဲဥပြုအောက် ရွှေပလ္လင်၌ နေလျက်။ ငါလုံ့လပြုသောကြောင့်။ ပျောက်လေပြီးသော စည်းစိမ်ကို ရပြန်သည်။အမတ်တထောင်တို့၏ အသက်တည်းဟူသော အသုကိုလည်း ပေးရသည်။ ဝိရိယမည်သည်ကို ပြုအပ်လတ္တံ့။ ဝိရိယ ၏အကျိုး။ ဤသို့ပြည့်စုံပေသည်ဟု ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍။ ။အာသိသေထေဝပုရိသော၊ နနိဗ္ဗန္ဒေယျုပဏ္ဍိတော။ပသဿဒိ ဝေါဟံအတ္တာနံ၊ ယထာဇာနံ တထာအဟု။ ။ဟူသောဂါထာဖြင့် ဥဒါန်းစဲကာကိုဆိုဦး၍။အသက်ထက်ဆုံး ဒါနအစရှိသောကောင်းမှုကို ပြု၍။ ကံအားလျောက်ပတ်စွာ ဖြစ်တော်မူ၏။ မြတ်စွာဘုရားလည်း။ ဤဓမ္မဒေသနာကိုဆောင်တော်မူ၍။ ထိုရောအခါ မကောင်းစွာသော အမတ်သည် ယခုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ တထောင်သော အမတ် ကြီးတို့သည် ငါဘုရားပရိသတ်ဖြစ်လာ၏။ သီလဝမဟာဓမ္မရာဇာသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌုပ္ပတ္တိရှိသော မဟာသီလဝဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

၌နည်းအဋ္ဌဂုဏ်း။ ဗာ ရာ ဏ သီ ပြည့် ရှင် ဂေါရာဇာမင်းကြီးဘို့။ ကောသလမင်းကြီးဘမ်း၍ ဆိုင်းတွင်ထည့်ပြီးသော် ဦးခေါင်းစောက် ထိုး ထံခါးခုံအောက်တွင်ဆွဲ၍ ထားငြားသော်လည်း။•မစိုးရိမ့်မဝိုင်ကြွေး မမြည်တမ်း မတုန်လှုပ်ခြင်းအစရှိသော အဋ္ဌုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော။ ဇာတ်တော်ကိုအကြောင်းပြုသဖြင့်ဂုဏ်း။ ။ ဂြိုးနည်းဒုတိယဂုဏ်း။ ဗာရာဏသီပြည်ကို အစိုးရသော ၊ ဗြဟ္မဒတ်မင်း ကြီး၏ အမတ်တယောက်သည် မင်းတပါးကိုကုန်းပြုသဖြင့်။ ဗြဟ္မဒတ်

မင်းကြီးကိုဘမိန်း၍ သံခြေချင်းခတ်၍ နှောင်အိမ် သွင်း သော် လည်း။ မစိုးရိမ် မငိုကြွေး မမြည်တမ်း မတုန်လှုပ်ခြင်းအစရှိသော။ အဋ္ဌပ္ပတ္တိကို ဆိုရာဆိုကြောင်း ဖြစ်သော။ ဘေယျကဇာတ်ကို အကြောင်းပြုသဖြင့် ၎င်း၊သိရ၏။ ဤသို့လျှင်၊ နာနာဘာဝအားဖြင့် မစိုးရိမ်ခြင်းမည်၏ဟူလို သော်။ ။

၃၂။ ပညာရှိတို့သည် ဝိနာဘာဝအားဖြင့် မစိုးရိမ်ခြင်းကိုပြရာ။

ဝိနာဘာဝအားဖြင့် မစိုးရိမ်ခြင်းဟူသော်ကား။မိဘသားချင်းအစရှိသောသူတို့၏ ဘဝလဲသဖြင့် ကွေကွင်းခြင်းတို့၌ မစိုးရိမ် မငိုကြွေး မမြည်တမ်း မတုန်လှုပ်ခြင်းတည်း။ထိုသို့ မစိုးရိမ် မငိုကြွေး မမြည်တမ်း မတုန်လှုပ်ခြင်းကိုကား။ ထိုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းကြီး၌နေတော်မူစဉ်။ သာဝတ္ထိပြည်၌ သူကြွယ်တယောက်သည် အဘလွန်သဖြင့်။ အလုံးစုံသော အမှုကိစ္စကိုစွန့်၍ စိုးရိမ်လျက် နေသည်ရှိသော်။မြတ်စွာဘုရားသည် ၆၀ နေ ယျ သ တ္တ ဝါ ကို ကြည့်တော်မူရာတွင်။ထိုသူကြွယ်၏သောတာပတ္တိဖလူပနိဿယကိုမြင်တော်မူ၍။ ဗိုးသောက်လျှင် သာဝတ္ထိမြို့သို့ ဆွမ်းခံတော်မူ၍ ဆွမ်းဘုန်းပေးခြင်းကို့ပြီးလျှင်။ ရဟန်းအပေါင်းကို လွှတ်လိုက်၍။ နောက်လိုက်ရဟန်းတယောက်နှင့်သာ။ ထိုသူကြွယ်အိမ်သို့ကြွတော်မူ၍ နေတော်မူလျှင်၊ရှိသေစွာရှိခိုး၍ ရှေ့တော်၌နေသော။ ထိုသူကြွယ်ကို သာယာစွာသောအကဲဖြင့် ၎င်္ဂါတော်မူ၍။ ဒါယကာ၊ စိုးရိမ်သလောဟု မိန့်တော်မူသည်ကို။ရှင်ပင်ဘုရား၊အကျွန်ုပ်အဘ၌ စိုးရိမ်ခြင်းသည် အကျွန်ုပ်ကို နှိပ်စက်အပ်၏ဟု လျှောက်သည်ရှိသော်။ ဒါယကာ၊ ရှေးပညာရှိတို့သည်။ ရှုစ်ပါးသော လောကဓံတရားကို ဆတ်ဆတ်သိသဖြင့်။ အဘလွန်သည်ကို စိုးစဉ်းမျှ စိုးရိမ်ခြင်းသောကမရှိကုန်ဟု မိန့်တော်မူလျှင်။ ထိုအကြောင်းကို ထိုသူကြွယ် တောင်းပန်သဖြင့်၊ ဤသို့ ဟောတော်မူပေ၏။ လွန်လေပြီးသော်အခါ၌။ ဗာရာဏသီပြည်ကို ဒဿရထအမည်ရှိသောမင်းသည်။ဆန္ဒါဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိတည်းဟူသော အဂတိလေးပါးကို ပယ်၍၊ တရားနှင့်ညီစွာ မင်းပြု

သည်ရှိသေဒ်။ တသောင်းခြောက်ထောင်သော မောင်းမတို့၏အမှုးဖြစ်သောမိဘုရားကြီးဦရာမပဏ္ဍိတ။လက္ခဏာကုမာရ။သိတာဒေဝီဟူသောသားသုံးယောက်မြင်လျှင် နတ်ရွာလားခဲ့ဖို၊ မြင့်ရှည်စွာ ယူတသောမင်းကြီးကို အမတ်အပေါင်းကို ဖြားယောင်း၍ စိုးရိမ်ခြင်းကင်းလျှင်၊ တပါးသောမင်းသို့ကို မိဘုရားမြောက်ရာတွင်။ ဘတရဒးမည်ရှိသောမင်းသားကိုစွဲး၍။ ဘွားဦးစဒ္ဒ သားတော်ကို ချစ်မြတ်နိုးသဖြင့်။ မိဘုရားကိုနှုတ်ဖြင့် ဆုပေးသည်ရှိသေဒ်။ မိဘုရားလည်း နှုတ်ဖြင့်သာယူ၍ သားတော် ချုနစ်နှစ်ရွယ်ရောက်လျှင်။ ပေးသေဘဆုကို အခြောင်းပြု၍။သားကို မင်းဖြစ်ပန်သည်ကို မင်းကြီးအမျက်ထွက်၍။ သူယုတ်မ၊ သွားရာလေ။ ငါ့သား နှစ်ယောက်ာ မိုးပုံကြီးကဲ့သို့ ထွန်းပလျက်။ ငါ့သားတို့ကိုသတ်၍၊သင့်သားကို မင်းပြုစေလိုသလောဟု လက်ဖျစ်တီး၍ မြိမ်းလျှင်။ မိဘုရားလည်း၊ ကြောက်လန့်တကြား ပြေးထ၍ ကြက်သရေတိုက်သို့ဝင်၍ ဒုနလေပြီးလျက်။ မြင့်ရှည်စွာကြာလျှင်။အဘန်တလဲလဲတောင်းပန်ပြန်သောကြောင့်။ မာတုဂါမတို့မည်သည် သူကျေးဇူးကို မသိ ခင်ပွန်းကိုပြစ်မှားတတ်၏။ စဉ်းလဲ့စဉ်းစား မာယာကာရမျှား၏။ ဆက်ဆံတံထား အကောက်အကျစ်စိရင်၍ ကုန်း ချော သ ဖြင့် ၎င်း။ စဉ်းလဲသော တံစိုးလက်ဆောင်ဖြင့်၎င်း။ ငါ့သားတို့ကို သေကြောင်းကြံရာ၏ဟု သားတော်တို့ကိုခေါ်၍ ထိုအ ကြောင်း ကို ပြန် ပြီး သေဒ်။ ချစ်သားတို့။ ရွာနိုးတိုင်းစပ်သို့သေဒ်၎င်း၊ တောသို့သေဒ်၎င်း သွား၍ သင့်တင့်ရာနေကြလော။ ငါလွန်သောအခါ၌ လာ၍ မင်းပြုရစ်ကုန်ဟု တောင်းပန်ပြီးမှ။နိမိတ်ဘတ်တတ်သောသူတို့ကိုခေါ်၍ သက်တော်အကြွင်းကိုမေးသည်ရှိသေဒ်။ တဆဲ့နှစ်နှစ်ကြာတော်မူဦးမည် ဟုဆိုလျှင်။ မောင်တို့ တဆဲ့နှစ်နှစ်လွန်လျှင် လာ၍မင်းပြုဟုဆိုသဖြင့်။ ခမည်းတော်စကားကို ဓနံခံ၍ ရှိသေစွာ ရှိခိုးပြီးသေဒ်။ ဝိကြွေး မြည့်တမ်းလျက် ပြာသာဒ်ဓထက်မှသက်သော မောင်တော်တို့ကိုမြင်၍။ သိတာမင်းသွဲးလည်း မော်င်တော်တို့နှင့်အတူ လိုက်ပါအံ့ဟု။ခမည်းတော်ကိုတောင်းပန်၍ ရှိသေစွာရှိခိုးပြီးလျှင်။ ဝိကြွေးလျက် ထွက်သောနှမတော်ကိုယူ၍၊ များစွာသော လူအပေါင်းခြံရံလျက် ထွက်ခဲ့ကုန်ပြီးသေဒ်။ လူအပေါင်းကိုပြန်စေ၍ အစဉ်သွားသဖြင့် ဟိမဝန္တာသို့ရောက်လျှင်။ချမ်းမြေ့သောရေ၊ ပြည့်စုံသောသစ်မြစ် သစ်သီးရှိသောအရပ်၌ သခိမ်းဖြင့်နေ၍။

သစ်သီးသစ်မြစ်ဖြင့် မျှတကုန်သည်ရှိသော်။ ရှင်မင်းကြီးသည် အာကျွန့်ပ်တို့ အဘအရာ၌တည်ဖို့။ သင်မိန်း၌အမြဲနေတော်မူ၊ အာကျွန့်ပ်တို့နှစ်ယောဝံလုပ်ကျွေးမည်ဟု။ ရာမမင်းသားကို တောင်းပန်၍ သင့်တင့်စွာနေကုန်စဉ်။ ခမည်းတော် ဒသရထမင်းကြီးသည်။ သားတော် သို့ီးတော်တို့ကို ယူတစိုးရိမ်သဖြင့်။ တဆဲ့နှစ်နှစ် မရောက်ခင် ကိုးနှစ်အတွင်းတွင် နတ်ရွာလားခဲ့သည်ရှိသော်။ မိဘုရားသည် သားကို မင်းမြောက်စိမ့်သောငှါ ဆိုသော်လည်း။ တို့အခါင် တောမှာရှိပေကုန်သည် မပေးသာသေးဟု အမတ်တို့နွင့်မပေးလျင်။ ဘတရမင်းသားသည် နောင်တော် ရာမမင်းသားကိုဆောင်၍ မင်းပြုစေအံ့ဟု။ ငါးပါးသော မင်းမြောက်တန်းဆာကိုယူ၍။ လေးပါးသောအင်္ဂါနှင့် ပြည့်စုံသော စစ်သည်အမတ်အပေါင်းခြံရံလျက်။ ဟိမဝန္တာတောသို့သွား၍၊ သခ်မိန်းနှင့် မနီးမဝေးသောအရပ်၌ သစ်ခက်မြို့တဲ့ဖြင့်နေပြီးသော်။ လက္ခဏ၊ သီတာဒေဝီတို့သည် သစ်သီး သစ်မြစ်အလို့ငှါ တောသို့ဝင်စဉ်။ စိုးစဉ်းသောအမတ်တို့နှင့်သာသခ်မိန်းတံခါးဒွါ။ ကွေ့ဆင်းတုကဲ့သို့ကင်းသော ရုံရှာခြင်းရှိသည်ဖြစ်၍။ ချမ်းသာစွာနေသော ရာမမင်းသားကိုကပ်၍ ရှိခိုးလျက် လျော်ပတ်စွာနေပြီးသော်။ ခမည်းတော် နတ်ရွာလားသောအကြောင်းကိုလျှောက်၍ ရာမမင်းသားခြေကို ဘက်ပြီးလျှင်။ ဘတရမင်းသားအမတ်အပေါင်းတို့သည်။အထူးထူးအပြားပြား ငိုကြွေးကုန်ငြားသော်လည်း။ မငိုကြွေး မစိုးရိမ် ၄ွန်ဒွေ၏ ဘေးက်ပြန်ခြင်းမျှမရှိသည်ဖြစ်၍။ ညချမ်းသောအခါ၌။လက္ခဏကုမာရ၊သီတာဒေဝီတို့ သစ်သီးယူ၍လာသည်ကိုမြင်လျှင်။ ၅ါသူငယ်တို့သည်၊ ငါကဲ့သို့ သိမ်းဆည်းနိုင်သော ပညာမရှိကုန်။ခမည်းတော်နတ်ရွာလားသောအကြောင်းကိုကြားလျှင်။ ဆောက်တည်ရာမရ နှလုံးကွဲ၍ အန္တရာယ်ဖြစ်ကုန်ရာ၏။ ဥပါယ်တမျှဉ်ဖြင့် ရေသို့သက်စေ၍။ထိုအကြောင်းကို ပြန်အံ့ဟုကြံ၍။ ။ထေလက္ခဏသီတာစ၊ ဥဘောသြတရထောဒံကံ။ ။လက္ခဏာသီတာစ၊ လက္ခဏာသီတာတို့သည်။ထေ၊လာကုန်။ဥဘော၊နှစ်ယောဝံသောသူတို့သည်။ ဥဒကံ၊ရေသို့။သြတရထ၊ သက်ကြကုန်။ ။၅ါပဌမဂါထာ၏ပုဗ္ဗဒ္ဓဖြင့် ဓ္ဓါတုရဒ္ဓါရှိသောရေကန်ကိုညွှန်၏။သင်တို့တောထဲ၌ဖြင့်ရှည်စွာနေ၍။ ယာသမ္မ လာသည်ဖြစ်သောကြောင့်.သင်တို့ကို ငါဒဏ်ပေးမည်။၅ါရေကန်သို့သက်ကုန်ဟုဆိုလျှင်။ မင်းသား မင်းသို့ီးတို့သည် မဆန်မငြင်း တခွန်း

တည်းသောစကားဖြင့်။ရေကန်သို့သက်၍ နေကုန်ပြီးသည်ရှိသော်။ ။ ဇဝါယံဘတရောအာဟ၊ ရာဇာဒဿရထောမတောဝါ။ ။ဒဿရထော၊ ဒဿရထအမည်တော်ရှိသော။ ရာဇာ၊ ခမည်းတော် မင်းကြီးသည်။ မတော၊လွန်တော်မူပြီ။ ဇဝံ၊ ဤသို့။ အယံဘတရော၊ ဤဘတရသည်။ အာဟာ၊ဆို၏။ ။ဤပဒ္ဒမဂါထာ၏ ပရဒ္ဓဖြင့် ခမည်းတော် နတ်ရွာလားကြောင်းကိုပြန်လျှင်။မင်းသား မင်းသွံးတို့သည် မိန်းမောခြင်းသို့ရောက်ကုန်သည်ဖြစ်၍။ သုံးကြိမ်စေ့မှ သတိရကုန်သဖြင့်၊ အမတ်တို့ ချီပိုက်၍ ကြည်းသို့တင်လျှင်။ အလုံးစုံသောသူတို့သည် အလိုအလျောက် တောလုံးနှံ့မှ ငိုကြွေးကြသော်လည်း။ မငိုကြွေး မစိုးရိမ်သော ရာမမင်းသားကို မြင်၍။ ။ကေနရာမသဘာဝေန၊• သောစိတဇ္ဇံ နသောစသိ။ ပိတာရုံ ကာလကိတ်သုတ္တာ၊ နတံ ဟိ ံသယတော ဒုက္ခံ။ ။ရာမ၊ ရာမအမည် တော်ရှိသော။ဒေဝ၊ရှင်မင်းကြီး။ကေန၊ အဘယ်မည်သော။ သဘာဝေန၊ အာနုဘော်ကြောင့်။ သောစိတဇ္ဇံ၊စိုးရိမ်အပ်သည်ကို။ နသောစသိ၊ မစိုးရိမ်သနည်း။ ပိတရံ၊ ခမည်းတော်ကို။ ကာလကိတ်တံ၊ နတ်ရွာလားသည်ကို။ သုတ္တာ၊ကြား၍။ တံ၊ ရှင်မင်းကြီးကို။ ဒုက္ခံ၊ စိုးရိမ်ဆင်းရဲခြင်းသည်။ကေန၊အဘဲ့ကြောင့်။ နဟိ ံသယတော၊မနှိပ်စက်အပ်သနည်း။ ။ ဤဂါထာဖြင့်၊ ဘတရမင်းသား မေးသည် ရှိသော်။ နနံသဏ္ဌောတိ ပါလေဘုံ၊သောသေနလပတံဗဟုံ။ သကိသဝိညူမေဓာဝိ၊အတ္ထာနမုပတာပယေ။ ။ဒဟရာပိစ ယောပုဗ္ဗာ၊ယောဗာလာ ယောစပဏ္ဍိတာ။ အဗုာစေဝဒလိဒ္ဓါစ၊ သဗ္ဗေမစ္စုပရာယနာ။ ။ဖလာနမိဝပက္ကာနံ၊ နိစ္စံ ပတာနတော ဘယံ။ ဇဝံဇာတာနမစ္စာနံ၊နိစ္စံမရဏတော်ဘယံ။ ။တာတ ဘတရ၊အမောင်ဘတရ။ သောသေန၊ ချောက်တတ်သဖြင့်။ ဗဟုံ၊ များစွာ။လပတံ လပန္တာနံ၊ငိုကြွေးမြည်တမ်းကုန်သောလူတို့တွင်။ဇကေနပိ၊ တယောဂ်သောသူမျှလည်း။ နံ၊ထိုဓိဝိတန္ဒြေကို။ ပါလေတုံ၊စောင့်ခြင်းငှါ။ နသဇ္ဈာတိ၊ မတတ်နိုင်။အထ၊ထိုသို့လျက်။ မေဓာဝီ၊ ထိုးထွင်း၍ သိနိုင်သော။သသောဝိညူ၊ ထိုပညာရှိသည်။ ကိသ၊ အဘဲ့ကြောင့်။ အတ္ထာနံ၊ ကိုယ့်ကို။ ဥပတာပယေ၊ ပူပန်စေလျှက်အံ့နည်း။ ။ကနိဋ္ဌ၊ ညီထွေး။ယေဒဟရာစ၊ အကြင်ငယ်သောသူတို့သည်ဌင်း။ ယောပုဗ္ဗာစ၊ အကြင်ကြီးသောသူတို့သည်ဌင်း။ယောဗာလာစ၊အကြင်သူမိုက်တို့သည်ဌင်း။ယောပဏ္ဍိတာစ၊အကြင်ပညာရှိတို့သည်ဌင်း။ယေအဗုာစ၊ အကြင်

ကြွယ်ဝများပြောင်သော သူတို့သည်၎င်း။ပေဒလိန္ဒါစ၊အကြင်သူဆင်း တို့သည်၎င်း။ အထိုသန့်၊ ဂိုကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော်သူတို့ သည်။ မစ္ဆုပရာယနာ၊ သေမင်းလျှင်လည်းလျှောင်းရာဂိုကုန်၏။ ။ တာတာ၊အမောင်။ပက္ကာနုံ၊မှည့်ကုန်သော။ ပလာနုံ၊ သစ်သီးတို့၏။ နိုဗ္ဗံ၊ အမြဲ။ပတနတော်၊ ကျခြင်းမှ။ဘယံ၊ဘေးသည်။ဟောတိယထာ၊ဖြစ်သ ကဲ့သို့။ဧဝံ၊ဤအတူ၎င်း။ဇာတာနုံ၊ ဖြစ်ကုန်သော။ မစ္စာနုံ၊သတ္တဝါတို့၏။ နိုဗ္ဗံ၊အမြဲ။မရဏာတော်၊သေခြင်းမှ။ဘယံ၊ဘေးသည်။ ဇာတံ၊ဖြစ်၏။ ။ ဤသို့ အစရှိသော ခြောက်ဂါထာတို့ဖြင့်။ မစိုးရိမ် မငိုကြွေးကြောင်း ကို။ဘုတရမင်းသားအား ပြန်ခြင်းအစရှိသော အဋ္ဌုပ္ပတ္တိကို ဆိုရာဆို ကြောင်းဖြစ်သော ဒဿရထဇာတ်ကို အကြောင်းပြုသဖြင့်၎င်း။ ထိုနည်း အတူ၎င်း ချစ်လှစွာသောသားကို ဖြိုခဲ၍သေသည်ကို။မငိုကြွေး မစိုး ရိမ်သော ငါးပေါက်သောသူတို့၏ အဋ္ဌုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ် သော ဥရဂဇာတ်ကို အကြောင်းပြုသဖြင့်၎င်း။ထိုမှတပါးသော။ဥတ္တရာ ပထဝီ ကံသဘောဂတွင်။ အသိတဗ္ဗနဖြိုဠိ မဟာကံသမင်းကြီး မင်းပြု သည်ရှိသော်။ကံသ၊ ဥပကံသဟူသော သားတော်နှစ်ပေါက်။ ဒေဝ ဂဗ္ဘာအမည်ရှိသော သမီးတော်တပေါက်ဖြစ်၍။ ဒေဝဂဗ္ဘာ ဘွားဦး စက။နိမိတ်ဘတ်တတ်သော ပုဏ္ဏားတို့သည်။ဤမင်းသမီးဝမ်းခွဲဖြစ်သော သားသည်။ ကံသအမျိုးအနွယ်ကို ပျက်လတ္တံ့ဟု ဆိုအပ်ကုန်သော် လည်း။ သမီးတော်ခွဲ ချစ်မြတ်နိုးသဖြင့်။ မဖျောက်မဖျက် အသက် အတိုင်းနေ၍။မဟာကံသမင်းကြီးနတ်ရွာလွန်းလျှင်။သားတော်အကြီး ကံသမင်း မင့်းဖြစ်၍။ ညီတော်ဥပကံသကို အိမ်ရှေ့ပေး၍။ ငါတို့သည် နှမတော်ကို ဖျောက် ဖျယ် ကုန် သည် ရှိသော်၊ ပြည်ထောင်ချင်းချင်း မင်းတို့ ကဲ့ရဲ့လတ္တံ့။ အိမ်ရာမထောင်ပဲ တပေါက်အသိုးတည်းနေစေ အံ့ဟု၊ အလွန် ဝေဏ္ဍကအမည်ရှိသော ကျွန်ကို အစောင့်အရှောက် ထား၍။ နန္ဒိဂေါပါလအမည်ရှိသော ကျွန်မ အလုပ်အကျွေးတပေါတ် နှင့်သာ၊ ပြာသာဒ်တပင်တိုင် ဆောက်ထားသည်ရှိသော်။ ဥတ္တရမဓုရ ပြည်၌၊မဟာသာဂရမင်းကြီးမင်းပြု၍။ နတ်ရွာလွန်းလျှင်။ သားတော် အကြီးသာဂရမင်းပြု၍။ညီတော် ဥပသာဂရကို အိမ်ရှေ့ပေး၍ထားရာ တွင်၊အိမ်ရှေ့မင်းသည် နှောင်တော်အိမ်၌ ပြစ်မှားမိသဖြင့်။နှောင်တော် ကို ကြောက်၍။ ငယ်က တဆရာတည်း အတတ်သင်ဘော် အဆွေ

ခင်ပွန်းဖြစ်သော ဥပကံသ၊ အထံသို့ရောက်လာသည်ကို နောင်ဘော်
ကံသမင်းကြီးအား အကြောင်းကြားလျှင်။ကြီးစွာသောစည်းစိမ်ပေး၍
သိမ်းမြန်းပိုက်ထုပ်သဖြင့်။နေ့တိုင်း နေ့တိုင်း ဥပကံသမင်းသားနှင့်အတူ
တကွ ခစားရာတွင်။ ပြာသာဒ်တပင်တိုင်ကိုမြင်သဖြင့်၊ အကြောင်းကို
မေး၍ကြားလျှင်။ နန္ဒိဂေါပါလကို တံဖိုးပေး၍၊ ဒေဝကဿာနှင့်ယဉ်ပါး
သဖြင့်။ ပဋိသန္ဓေရင့်မှ မောင်တို့သိ၍၊ နန္ဒိဂေါပါလကို မေးမြန်းစိစစ်
သည်ရှိသော်။ဘေးမဲ့တောင်း၍ဟုတ်သည့်အတိုင်းကို ပြန်လျှင်။ မိန်းမ
တည်းဘွားမူကား ထားအုံ့။ ပေသာကျိုးတည်းဘွားမူကား ဖျက်ဆီးအုံ့
ဟု တိုင်ပင်ကြ၍။ ဥပသဒေါရနှင့်ဆောက်နှင်းသဖြင့်။ မိန်းမဘွားသည်
ကြားလျှင်။ မောင်တော်တို့နှစ်သက်၍။ အဉ္ဇနဒေဝီဟူသောအမည်ကို
ပေး၍ ဘောဂဝဏ္ဏမာနအမည်ရှိသော ကျေးသိုးစား၍။ဤနေရာ၌ ဒေဝ
ကဿာ သားဖပေသာကျိုးဘွားသည်ရှိသော်။ နန္ဒိဂေါပါလလည်း ထိုနေ့၌
ဂင်းသားမိန်းမဘွားသဖြင့်။ ဒေဝကဿာသားနှင့်။ နန္ဒိဂေါပါလသို့ဖြး၊
လည်းကြ၍။ သားမိန်းမဘွားသည် ဟု ဂျုံးနည်းအတူ ကြားလျှံလျှင်။
ဖမောင်တော်တို့လည်း နှစ်သက်ကြ၏။ သားသို့တက်ပြဘွားငြားသော်
လည်း။ တပေသာက်သောသူမျှ ထိုအကြောင်းကိုမသိရ။ ဝါသုဒေဝ၊
ဗလဒေဝ၊စဏ္ဍဒေဝ၊ သူရိယဒေဝ၊အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊အဇ္ဇု၊ သဉ္ဇန၊
ဃဋပဏ္ဍိတ၊ အင်္ဂီရဟူသော အဏ္ဏဝေဏ္ဏကသား ညီအစ်ကိုတကျိပ်
ဟု ထင်စွာဖြစ်သဖြင့်။ အရွယ်သို့ရောက်လျှင် စွမ်းပကား ခွန်အားနှင့်
ပြည့်စုံကုန်သည်၊ ကြမ်းကြုတ်ခက်ထန်သည်ဖြစ်၍။ မင်းကြီး သို့ ဆက်
ရောက်လာသော ပုဏ္ဏားလက်မှ ပန္နာလက်ဆောင်ကို လုယက်ဖျက်ဆီး
ကုန်သည်ရှိသော်။ အဏ္ဏဝေဏ္ဏကသား ညီအစ်ကို တံကျပ်ရှိသည်
တိုင်းနိုင်ငံကို လုယက်ဖျက်ဆီးကုန်သည်ဟု ပြည်သူတို့ မင်းရင်ပြင်၌
ကြွေးကြော်ကုန်သဖြင့်။ အဏ္ဏဝေဏ္ဏကကိုခေါ်၍ ဆုံးမ ဗိမ့် သော ဌာ၊
သုံးကြိမ်မြောက်အောင် မင်းကြီးမြိန်းချောက်သော်လည်း။အဏ္ဏဝေဏ္ဏ
က မဆုံးမနိုင်သဖြင့်။မင်းကြီးကို ဘေးခဲ့တောင်းပန်ပြီးမှ။ အလုံးစုံသော
အကြောင်းကိုသျှောက်လျှင်။မင်းကြီးကြောက်လန့်တကြားဖြစ်၍။အသို့
သော ဥပါယ်တမျှည်ဖြင့် ဘမ်းရအုံ့နည်းဟု အမတ်တို့ကိုမေးသော်။ ဤ
မင်းသားတို့သည် လက်ပမ်းရေးခြ လေ့လာကုန်၏။မင်းရင်ပြင်၌ သဘင်
ပြု၍ သဘင်တလင်းသို့လာရာတွင်မှဘမ်း၍သတ်ကုန်အုံ့ဟုလျှံသဖြင့်။

ယနေ့မှသည် ဒုနှစ် ရက် ပြောက်သော နေ့ ဖြစ်။ လက်ပမ်းရေးသဘင် ဖြစ်လတ္တံ့ဟု မြို့ခံစည်လည်စေ၍။ ထိုနေ့က၊ မင်္ဂီကဟူသော လက်ပမ်း သည်နှစ်ယောက်ကိုခေါ်၍ မင်းရင်ပြင်၌ သဘင်ကြီးစွာပြု၍ လက်ပမ်း ရေး ပြစေသည်ရှိသော်။ ညီနောင်တက္ကသိုလ်သည် ခရီးကောက်ကစင်း လှုယက်ဖျက်ဆီး၍ ထမင်း ပုဆိုး ခဲတွယ် စား ဘွယ် ပန်း နှံ့ သာ တို့ ကို ယူငင်စားသောက်ဆင်ယင်၌ ဝတ်စားလျက်။ ကြော်ငြာ.ဗာစ်ကြွေး၍ လာကုန်ပြီးသော်။ ထိုနေ့က လက်ပမ်းပေါက်တီး၍ အရေးပြသည်ကို ဗလဒေဝမင်းသားဖြင့်လျှင်။ သင့်ကို ငါလက်မကိုင်ဟု ဆင်တင်းကုပ်မှ ကြီးစွာသော လွန်ကိုယူ၍ ပစ်သည်ရှိသော်။ ထိုနေ့ဝမ်းကိုပတ်မိ၍ လွန်စွန်စာက်ကို၊ တပေါင်းတည်းကျစ်ပြီးမှ ကောင်းကင်သို့မြောက်၍ ပတ်ပတ်လှည့်ပြီးသော်။ အ က္ခ ဝါ ဒူ သို့ ပစ် လိုက် ၍ထိုနေ့ကသေလျှင်။ မဏ္ဍိကကို မင်းကြီးတိုက်တွန်းသဖြင့် မဏ္ဍိကအရေးပြလျှင်။ ဗလဒေဝ ●င်းသားသည် လက်ပမ်းရေးဖြင့် အရိုးညက်ညက်ကြေအောင်ထောင်း ၍။ နင်လက်ပမ်းသည်လောဟုမေး၍ လက်နှစ်ဘက်ကိုကိုင်၍မြှောက်ပင် ရိုက်ပြီးမှ။ အက္ခဝါဒူသို့ ပစ်လိုက်သည်ရှိသော်။ ကြီးစွာသောဘီလူး ဖြစ်၍ စားရလို၏ဟု ပတ္ထနာပြုသဖြင့်။ တာလမတ္ထိယ အမည်ရှိသော တောအုပ်၌ဘီလူးဖြစ်လျှင်။မင်းကြီးထ၍ညီအစ်ကိုတက္ကသိုလ်ကိုဘမ်းကုန် ဘမ်းကုန် ဟုဆိုစဉ်။ဝါသုဒေဝမင်းသားသည် စက်နှင့်ပစ်၍၊ ဦးရိုးတော် နှစ်ယောံလုံးလွန်လျှင်။အသိတဉ္ဇနမြို့၌ မင်းပြုကုန်ပြီးမှ။ညီနောင်တက္ကသိုလ် တို့သည် ဇမ္ဗူ။ဒိပါကျွန်း၌ အလုံးစုံသောပြည်ကို ယူကုန်အံ့ဟု ထွက်၍။ ရှေးဦးစွာကား၊ ဥယျာနမင်း၏ အယုဇ္ဈပုရပြည်ကိုရလျှင်။ တဘက်ကား သာမုဒ္ဒရာ။ တဘက်ကား ဟောင်ဂိုဏ်။ ရန် သူ လာ သည် ရှိ သော် မြို့စောင့်ဘီလူးသည်။မြည်းယောင်ဆောင်၍ မြည်းသံမြည်လျှင်။အလုံးစုံ သောမြို့သည် ပျံ၍ ဘီလူး၏အာနုဘော်ဖြင့် သမုဒ္ဒရာ အလယ်ကျွန်း၌ တည်ပြီးဖြစ်သော်။ ရန်သူသွားမှ တည်မြဲ တည်ပြန်လာသော်။ ဒို့ရာဝတီ ပြည်သို့ရောက်လျှင်။ ဤကဲ့သို့ဖြစ်သဖြင့်။ နှစ်ကြိမ် သုံးကြိမ်ပြန်၍ ထိုးသော်လည်း မရနိုင်မှ။ ကဏ္ဍဒိပါယန ရသော့သို့ကပ်၍။ ရအံ့သော အကြောင်းဥပါယ်တမျှညွှန်ကိုမေးသည်ရှိသော်။ဤမည်သောအရပ်တွင် ကျုံးအပြင်၌။ တခုသောမြည်းသည် ရန်သူရောက်၍မြည်လျှင် မြို့ပုံ၍ သမုဒ္ဒရာအလယ်၌ကျ၏။ ထိုမြည်းခြေကိုကိုင်၍ တောင်း ပန် ကုန်။

ဤသည်လျှင် ပြီးစီးကြောင်းဟုဆိုသဖြင့်။ ရသေ့ဆိုတိုင်း။ ခြေကိုကိုင်၍ မမြည်စိမ့်သောဌါ တောင်းပန်ကုန်သည်ရှိသော်။ငါမမြည်မနေသာ။မပျံစေလိုသော်။ ရှေးဦးကလာ၍ တံခါးလေးမျက်နှာ တူရုန်း ကြီးစွာသော သံတိုင်စိုက်၍ သံကြိုးဖြင့်ဆိုင်းဟုဆိုသဖြင့်။ထိုဘီလူး၏ဥပဒေသကြောင့် ဒွါရာဝတိုရှိကိုရလျှင် နေစမှတ်ပြု၍ ဇမ္ဗု။ဒီပါကျွန်းအပြင်၌။ တသိန်း ရှစ်သောင်း.ကိုးထောင်သော ရှိုခရိုင်ကိုရသဖြင့်။ဆယ်စုခွဲဝေခြမ်းသည် ရှိသော်။နှမတော် အဋ္ဌနဒေဝီကိုအောက်မေ့မိ၍၊ တဆင့်တစုခွဲပြန်မည်ပြုသည်ကို။အင်္ဂရမင်းသား၊အဘိုးကို နှမတော်အားလွှဲ၍။ နောင်တော်တို့ ရှိုခ် ကင်းခွန် ဆိပ်ခွန်လွတ်စေလျက်၊ကုန်သွယ်အသက်မွေးသဖြင့်၊အနှစ်နှစ်သောင်း အသက်ရှည်သောကာလ၌။ တကျိပ်သောမင်းတို့သည် သားသိုးတို့ဖြင့် အဆက်ဆက်ပြန့်ပွား၍ ရှည်လျားသောအဝန့်သို့ရောက်လျှင်။ဝါသုဒေဝမင်း၏ ချစ်လှစွာသောသား လွန်သောကြောင့်။ အလုံးစုံသော အမှုကိုယ်တို့ကိုစွန့်၍။ ညောင်စောင်းကိုဘက်လျက် ကြီးစွာသော စိုးရိမ်ခြင်းဖြင့် ငိုကြွေးမြည်တမ်းသည်ကို။ ညီတော်ဃဋ္ဌပဏ္ဍိတသည် နောင်တော်၏ စိုးရိမ်ခြင်းကိုပယ်လိုသောကြောင့်။ ရှေးကျွန်ပြု၍၊ငါ့ယုန်ပေး ငါ့ယုန်ပေးဟု ပြည်လုံးချောက်ချားစေလျက် ကောင်းကင်သို့မြှောင်၍ မြည်တမ်းလျက်၊ မြို့လုံးလှည့်ပတ်သည်ကို။ ရောဟိနေယျ အမတ်သည်၊ဝါသုဒေဝမင်းကြီးအထံသို့သွား၍။ ။ဥဇ္ဇေဟိကဏ္ဍကိ သေသိ၊ ကောအဇ္ဇော သုပ်တေန တော။ ယောဟိတုယ်သကာဘာတော၊ဟဒယံ စက္ခုစဒက္ခိဏံ။ တသဝါတာစလယန္တိ၊ဃဒ္ဒော ဇပ္ပတိကောသဝ။ ။ ကဏ္ဍ၊ ကဏ္ဍအမျိုးဖြစ်တော်မူသော။ ဒေဝ၊ရှင်မင်းကြီး။ ဥဇ္ဇေဟိ၊ ထတော်မူလော။ ကိ၊အဘယ့်ကြောင့်။ သေသိ၊ အိပ်တော်မူသနည်း။ သုပ်တေန၊ အိပ်ခြင်းဖြင့်။ တော၊ ရှင်မင်းကြီးအား။ ကောအဇ္ဇော၊ အဘယ်အကြောင်းရှိ၍နည်း။ တုယ်၊ရှင်မင်းကြီး၏။ သကော ဘာတော၊ ညီတော်ရင်းဖြစ်သော။ယောဃဒ္ဒော၊အကြင်ဃဋ္ဌပဏ္ဍိတသည်။တုယ်၊ ရှင်မင်းကြီး၏။ ဟဒယဉ္စ၊နှလုံးနှင့်တူသည်လည်း။ အသိ၊ဖြစ်၏။ဒက္ခိဏံ၊ လက်ရာဖြစ်သော။စက္ခု၊စ၊ မျက်စိနှင့်တူသည်လည်း။ အသိ၊ ဖြစ်၏။ တသ၊ ထိုဃဋ္ဌပဏ္ဍိတအား။ဝါတာ၊လေတို့လည်း။ စလယန္တိ၊လှုပ်ကုန်၏။ ကောသဝ၊ ကောင်းသောဆံရှိသောကြောင့် ကောသဝဟူသော အမည်ကိုရတော်မူသော။ မဟာရာဇ၊ရှင်မင်းကြီး။ဃဒ္ဒော၊ ဃဋ္ဌပဏ္ဍိ

ဟာသည်။ဓပ္ပတိ၊သေသံမေဒေထ၊သသံမေဒေထဟု မြည်တမ်း၏။ ။ဤ
ဂါထာဖြင့် လျှောက်သည်ရှိသော်။ဝါသုဒေဝမင်းကြီးသည် လျင်စွာထ
၍ ပြာသာဒ်ထက်မှသက်ပြီးသော်။ ဃဒုပဏ္ဍိတအာထံသို့သွား၍
လက်နှင်တက်ကို မြစွာကိုင်ပြီးသော်။ ။ကိံနုဒုမ္မတ္ထရူပေါဝ။ကေဝလံ
နဂံဏ္ဍမံ။ သသောသဒေသာဝိလပသိ၊ ကောနုတေသသမာဟာရိ။ ။
ကနိဋ္ဌ၊ညီထွေး။ကိံနု၊အသို့နည်း။ဥမ္မတ္တကရူပေါဝ၊သူရူးအသွင်ကဲ့သို့လျှင်။
ကေဝလံ၊အလုံးစုံသော။ နဂံနဂံ၊ ဤဒွါရာဝတီမြို့ကို။ ဝိစရေန်၊ဝှာ၊
လှည့်ပတ်လျက်။သသောသသော၊သုန်ယုန်ဟူ၍။ကိံနု အဘယ့်ကြောင့်။
ဝိလပသိ၊ မြည်တမ်းသနည်း။ ကော၊အဘယ်သူသည်။ တေ၊ည်ီ၍ချစ်၏။
သသံ၊ ယုန်ကို။ အာဟာရိနု၊ဆောင်ဘိသနည်း။ ။ဤဂါထာဖြင့်မင်းကြီး
မေးသော်လည်း စကားဘုံမဆို မြဲည်တမ်းမြဲ မြဲည်တမ်းသည်ရှိ
သော်။ ။သောဝဏ္ဏမယံမဏိမယံ၊ လောဟမယံ အထရူပိမယံ။ သခ်
ဆိလာပဝါဠိမယံ၊ ကာရယိဿာမိတေသသံ။ ။သန္တိ အဲ့ဩသိသ
သကာ၊ အရညေဝနဂေါစရာ။ တေပိတေ့အာနယိဿာမိ၊ ကိံဒိသံသ
သမိစ္ဆသိ။ ။ဘာတိက၊ည်ီချစ်။တေ၊သင်အား။သောဝဏ္ဏမယံ၊ရွှေဖြင့်
ပြီးသော။ သသံ၊ယုန်ကိုငင်း။ မဏိမယံ၊ ပတ္တမြားဖြင့်ပြီးသော။သသံ၊
ယုန်ကိုငင်း။ လောဟမယံ၊ ကြေးဖြင့်ပြီးသော။ သသံ၊ ယုန်ကိုငင်း။
အထ၊ထို့မြှို။ရူပိမယံ၊ငွေဖြင့်ပြီးသော။သသံ၊ယုန်ကိုငင်း။ သခ်ဆိလာပ
ဝါဠိမယံ၊ခရုသင်း ပုလဲသလင်းသဏ္ဌာန်ဖြင့်ပြီးသော။ သသံ၊ယုန်ကိုငင်း။
ကာရယိဿာမိ၊ပြုပါအံ့။ ။အရညေ၊တော၌။ ဝနဂေါစရာ၊ တော၌
သာလျှင် ကျင်လည်ရာရှိကုန်သော။အညေ၊ တပါးကုန်သော။ ယေသ
သကာဝိ၊ အဲ့ကြွင်ယုန်ရှင်တို့သည်မူလည်း။ သန္တိ၊ရှိကုန်၏။ တေပိ၊ထို
ယုန်ရှင်တို့ကိုမူလည်း။ တေ၊ည်ီချစ်အား။ အာနယိဿာမိ၊ ဆောင်ပါ
အံ့။ကိံဒိသံ၊ အတိသို့သောရှိသော။ သသံ၊ယုန်ကို။ဇာနာသိ၊ အလိုရှိ
သနည်း။ ။ဤဂါထာဖြင့်မင်းကြီးမေးမှ။ ။နစာဟာမေတေဇာနာသိ၊
ပေသသာပထဝိသိတာ။ စန္ဒိတောသသမိစ္ဆာမိ၊ တံမေဩပ်ာရကေ
သဝ။ ။ကေသဝ၊ကေသဝအမည်တော်ရသော။ရာဇသေဋ္ဌ၊မင်းဖြတ်။
ပထဝိသိတာ၊ပြေဒြစ်ကုန်သော။ ပေသသာ၊အကြင်ယုန်တို့သည်။
အတ္ထိသန္တိ၊ ရှိကုန်၏။ ဇတေသသာ၊ ထိုယုန်တို့ကို။ အဟံ၊ ငါသည်။
နဇာနာမိ အလိုမရှိ။စန္ဒိတော၊လေ့။သသံ၊ ယုန်ကို။ဇာနာမိ၊ အလိုရှိ၏။

တံ၊ထိုယုန်ကို။မေ၊ငါ့အား။ဩဟရ၊ချပေးပါလော့။ ။ဤစကားကိုကြား လျှင်။ ငါ့ညီရူးသည်မှန်၏ဟု။မသာသောနှလုံးရှိသည်ဖြစ်၍။ ။သောနှ နမဉ့်ရံဉာတိ၊ဇီဝိတံဝိဇဟိသဿသိ။ အပတ္တိတံပဏ္ဍယာသိ၊ စန္ဒတောသဿ မိစ္ဆာသိ။ ။ဉာတိ၊ ညီချစ်။ပေါတွံ၊ အကြင်ညီချစ်သည်။ စန္ဒတော၊ လမှ။သသံ၊ ယုန်ကို။ဇာဆ္ဆသိ၊အလိုရှိ၏ဟူ၍။အဝတ္ထိတံ၊မတောင့်တအပ် သည်ကို။ ပတ္ထုယာသိ၊ တောင့်တသို၏။ သောဘွံ၊ ထိုညီချစ်သည်။ မရုရံ၊ ကေဒင်းသော။ ဇီဝိတံ၊ ဇီဝိတအသက်ကို။ ဝိဇဟိသဿိနှုန၊ စွန့်ရဲ့ခဲ့ သည်တကား။ ။ဝါသုဒေဝမင်းကြီး၏ စကားကိုကြား၍။ ဃဋ္ဋ ပဏ္ဍိတသည် မတုန်မလှုပ်တည်ကြည်စွ နေ၍။ နောင်တော်၊ လမှယုန် ရေးကို တောင့်တသော အကျွန်ုပ်၏ ထိုယုန်ရေးကို မရခြင်းကြောင့်။ အသက်ကုန်အံ့သောအဖြစ်ကို သိတော်မူလျက်။ အဘယ့်ကြောင့် လွန်ခဲ့ ပြီးသော သားတော်ကို စိုးရိမ်သနည်းဟုဆိုဦး၍။ ။ဒဝဠ္ဍကဏ္ဍ ဇာနာသိ၊ ယဒညမနှသာသသိ။ ကဿဉာ ပုရေမတံပုတ္တံ၊ အဇ္ဇာပိအနှ သောစသိ။ ။ကဏ္ဍဲ၊ ကဏ္ဍာပယာနအနွယ်ဖြစ်တော်မူသော။ ဘာတိက၊ နောင်တော်၊ဇဝံ၊ ဤသို့ စေ၊အကယ်၍။ ဇာနာသိ၊သိအံ့။ ယဒိ၊ အကယ် ၍။ အညံ၊ တပါးသောသူကို။ ့အနှသာသသိ၊ ဆုံးမအံ့။ အဝ၊ ထိုသို့ လျက်။ ကဿဉာ၊အဘာယ့်ကြောင့်။ ပုရေ၊ရှေးဦး။ မတံ၊ လွန်သော။ ပုတ္တံ၊ သားကို။အဇ္ဇာပိ၊ယာနှံတိုင်အောင်လည်း။ အနှသောစသိ၊စိုးရိမ်တော် မူသနည်း။ ။ဤသို့လျှင်ခရိုးမဒ္ဒီရဝ်၍ လဒ္ဓယုန်ရေးကိုမြင်သောကြောင့် ထင်သော၀တ္ထုကို တောင့်တ၏။ နောင်တော်သော်တမူကား၊ မထင် မမြင်သော ဤလမှ လေးလထက်၌ လွန်သောသားတော်ကိုတောင့်တ၏ ဟုဆိုဦး၏။ ။ယံနလဟ္တာမနှဲသဲသန၊အမနှဲသေသနံဝါဝံနှ။ဇာတောမေ မာမရိပုတ္တော၊ ကုတောလဟ္တာအလဟ္တံယံ။ ။နမဟ္တာမူလတောသဇ္ဇာ၊ ဩသဓေဟိခနေနဝါ။ သက္ကာအာနယိတုံကဏ္ဍ၊ ယံပေတာမနှဲသောစေ သိ။ ။ဒေဝ၊ရှင်မင်းကြီး။ဇာတော၊ဖြစ်ပါပြီးသော။မေ၊ငါ၏။ပုတ္တော၊ သားသည်။ မာမရိ၊မသေပါလင့်။ ဇာတိ၊ဤသို့။ ယံ၊အကြင်အမှုကို။ မနှဲ သေသနံဝါ၊လူသည်ရှင်း။အမနှဲသေသနံဝါ၊နတ်ဘီလူးသည်ရှင်း။ နလဟ္တာ၊ မရအပ်ကုန်။ ကုတော၊အဘိုးနာ။ လဟ္တာ၊ ရနိုင်အံ့နည်း။အလဟ္တံယံ၊မရ ရာ။ကဏ္ဍ၊ ကဏ္ဍအမျိုးဖြစ်တော်မူသော။ဘာတိက၊နောင်တော်။ယံပေ တံ၊အကြင်အတည်မဲ့သောသူကို။ အနှသောစသိ၊ စိုးရိမ်၏။ တံပေတံ၊

ထိုအတည်မဲ့သောသူကို။ မန္တာဝဝါ၊ မန္တာရားဖြင့်ဂုဏ်း။ မှုလဘေသဇ္ဇာဝါ၊ဆေးဖြစ်ဖြင့်ဂုဏ်း။ ဩသဓေဟိဝါ၊ အထူးထူးသော ဆေးလုံး ဆေးပေါင်းတို့ဖြင့်ဂုဏ်း။ ဓနေနဝါ၊ ဥစ္စာဖြင့်ဂုဏ်း။အာနယိတုံ၊ဆောင်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ။ဤသို့သောစကားကိုကြား၍။ဝါသုဒေဝမင်းကြီးလည်း။ ညီချစ် မှတ်ရပြီ၊ ငါ၏စိုးရိမ်ခြင်းကို ပယ်လိုသောကြောင့် ဤသို့သောအမှုကို ညီချစ်ပြုပေသည်ဟု ဃဋပဏ္ဍိတကိုချီးမွမ်းလိုသောကြောင့်။ ။ပဿသဇတောဒိသာ အာသု၊ အမပ္ပာ ပုရိသ ပဏ္ဍိတာ။ ယထာနိဂ္ဂ္ဟာပယော အဓ္ဓ၊ ဃဋပုရိသပဏ္ဍိတော။ ။ ဘောဇ္ဇောအမစ္စာ၊အိုအဲ့မတ်များတို့။ယထာယေနကာရဏောန၊အကြင်အကြောင်းဖြင့်။ အဓ္ဓ၊ယသ။ ပုတ္တသောကပရေတံ၊ သားဒုစိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သော။မုံ၊ငါ့ကို။ပုရိသပဏ္ဍိတော၊ပညာရှိသောယောကျ်ား မြတ်ဖြစ်သော။ ဃဋော၊ ဃဋပဏ္ဍိတာသည်။ နိဂ္ဂ္ဟာပယော၊ ငြိမ်းစေ၏။ ယာဿရညော၊ အကြင်မင်းအား။ ဇတောဒိသာ၊ ဤသို့ သဘောရှိကုန်သော။ ပုရိသပဏ္ဍိတာ၊ ပညာရှိသော ယောကျ်ားမြတ်ဖြစ်ကုန်သော။ အမစ္စာ၊အမတ်တို့သည်။ အာသု၊ ဖြစ်ကုန်ရာ၏။ တာဿရညော၊ ထိုမင်း၏။သောကော၊စိုးရိမ်ခြင်းသည်။ ကုတောအတ္ထိ၊အဘိမှာရှိအံ့နည်း။ ။ ဤသို့အစရှိသော လေးဂါထာတို့ဖြင့်။ ဃဋပဏ္ဍိတကို။ ဝါသုဒေဝမင်းကြီး ချီးမွမ်း၍။စိုးရိမ်ခြင်းကင်းပြီးသည်ရှိသော်။အဓွန့်ရှည်စွာသော အခါ၌။ ဒဿဘာတိကမင်းတို့၏ သားတော်တို့သည်။ကဏ္ဍဒိပါယနရဿကို၊ ဒိဗ္ဗစက္ခုဟုဆိုကုန်၏။ ငါတို့ဈူးစမ်းအံ့ဟု သူငယ်တယောက်ကို ဝမ်းဒု ခါးစည်းပုဆိုးဘွဲ့၍ သားရှိသောအယောင်ဖြင့် ဆောင်ခဲ့၍။ ဤပိန်းမငယ်သည် အဘယ်သားဘွားမည်နည်းဟု ကဏ္ဍဒိပါယနရဿကို မေးကုန်သည်ရှိသော်။ ဒဿဘာတိကတို့ ပျက်စီးရာရောက်ပြီ၊ ငါ့အသက် အတိမျှရှည်ဦးမည်နည်းဟုကြည့်သော်။ ယခုပင် အခိုးခိုင်ဆို လိုက်ရမည်ဟုဖြင်၍ မင်းသားတို့၊ဤသားဘွားခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်းဟုဆိုလျှင်။ဆိုလော့ ဆိုလော့ဟု တိုက်တွန်းဘန်များသဖြင့်၊ ဤနေ့မှသုနစ်ရက်မြောက်သောနေ့၌ ရှာလှံကန်ဘွားလမည်။ ထိုရှာလှံကန်ဖြင့် ဝါသုဒေဝမင်းကြီး အမျိုးပျက်စီးခြင်းသို့ ရောက်လတ္တံ့ ဆိုဘွယ်သော်တမူကား၊ ထိုရှာလှံကန်ကို မီးတိုက်၍ ပြာကို မြစ်လယ်၌ မျောလေကုန် ဟုဆိုသည်ကို။ ဟဲ့ရဿေစဉ်းလဲ။၊ ယောကျ်ားသည်သား

ဘွားရာသည် သဘောရှိမည်လော ဟု ပုတ်ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်သည်ရှိသော်။ဒသဘားတိကမင်းတို့ကြား၍ကြောက်လန့် တကြားဖြစ်ကုန်သဖြင့် သားတော်တို့ကို အပြစ်တင်၍။ ထိုသူငတ်ကို စောင့်ရှောက်စေ၍ ရသေ့ဆိုတိုင်း ခုနစ်ရက်မြောက်သောနေ့၌။ ထို သူငယ်မှ ဘွားသော ရှားလှံကန်ကိုဒီးတိုက်၍ ဖြစ်၌မျှသောပြာသည်။ မခဒ္ဓါရသို့ရောက်၍ နံပါးတဘက်ငြိသဖြင့်။ ထိုပြာမှ ပြိတ်မြက်ပင် ရောက်၍ တနေ့သ၌။ ဝါသုဒေဝမင်းကြီးသည် မခဒ္ဓါရသို့သွား၍။ ကြီးစွာသောသဘင်ဖြင့် ရေကစားရာတွင်။ ကြည့် စယ် သော အမှ ၌ ရန်ဖြစ်၍ နှစ်စုကွဲသဖြင့်။တပေါက်သောသူသည် ရိုက်စရာတပါး၊ မရှိတတ်၍။ ပြိတ်မြက်တောမှ တချောင်းသော ပြိတ်မြက်ကို ယူသည်ရှိသော် ရှားကျည်ပွေ့ဖြစ်၍။ ထိရှားကျည်ပွေ့ဖြင့်ရိုက်၍ ထိအံတုရင်း။ ကိုင်တိုင်း ငင်တိုင်း ရှားကျည်ပွေ့ဖြစ်သဖြင့်၊အချင်းချင်းရိုက်၍ ပျက်စီး ခြင်းသို့ ရောက်ကုန်သည်ရှိသော်။ ဝါသုဒေဝမင်းကြီး၊ ဗလဒေဝမင်း၊ နှမတော် အနုနဒေဝီ၊ ပုရောဟိတ်ပုဏ္ဏား ဤလေးယောက်သောသူတို့ သာ ရထားစီး၍ပြေးရာတွင်။ တာလမင္ဍိယ တောအုပ်သို့ရောက်၍ လောဟာမင္ဍိက လက်ပန်းသည် ဘီလူးဖြစ်သောသူသည်။ ဗလဒေဝ လာသည်ကိုမြင်လျှင်။ ရွာဘန်ဆင်း၍ လက်ပန်းသည်အသွင်ဖြင့်လက် ပန်းရေး ပြလင့်သည်ကို ဝါသုဒေဝမင်းကြီးမြင်လျှင်။ ဗလဒေဝမင်း ရထားမှသက်၍။လောဟာမင္ဍိကဘီလူးအထံသို့ကပ်၍ လက်ပန်းပေါက် တီး၍ လက်ကိုဆန့်လျှင်။ ဆန့်သောလက်ကိုငင်၍ ကြာစွယ်ကြာရင်းကို ကဲ့သို့ စားလေသဖြင့်။ ဝါသုဒေဝမင်းကြီးသည် နှမတော်၊ပုရောဟိတ် ပုဏ္ဏားနှင့်တကွ တည့်ပတ်လုံး သွား၍ မိုးသောက်ပျှင်။ ဝံ့ရသော ပစ္စန္တရာဇ်သို့ရောက်၍။ နှမတော်၊ ပုရောဟိတ်ပုဏ္ဏားတို့ကို စားတော် ချက်စိမ့်သောငှါ ရွာသို့စေ၍။ တရုသောချုံတွင် မင်းကြီးအိပ်သည်ရှိ သော်။ဇရာဒမမည်ရှိသောမူဆိုးသည် ချုံလှုပ်သည်ကိုမြင်လျှင်. ဝက်ဟူ သောအမှတ်ဖြင့် ထိုးသည်ရှိသော်။လွှံသည် မင်းကြီးခြေကိုသင့်သည် တွင်၊အသူငါ့ကိုထိုးသနည်းဟုဆို၍။ လူမှန်းသိ၍ ပြေးမည်ပြုသည်ကို မင်းကြီးခေါ်၍ အမည်ကိုမေး၍ ကြားလျှင်။ ဇရာထိုး၍ သေလမည်ဟု ငါ့ကိုခြေးပညာရှိတို့ဆိုကုန်သော် မချွတ်မလွဲ ငါသေရအံ့ဟုသိ၍။ဦးဒိုးမင်း မကြောက်လင့်၊ ငါ့အနာကို စည်းဘိဟုဆို၍ မူဆိုးကိုလွှတ်လိုက်လျှင်။

ကြီးစွာသောဝေဒနာဖြစ်၍ စဝံးတော်မခေါ်သဖြင့်။ နှုမတော်တို့ကို ငါ
ယနေ့သေရအံ့။သင်တို့ သိမ်မွေ့ညံ့သက်ကုန်သည်ဖြစ်၍။ တပါးသော
အမှုဖြင့်အသက်မွေးခြင်းငှါ မတတ်နိုင်ရာ။ဤမန္တန်ကိုသင်ကုန်ဟု မန္တန်
ကိုပေး၍ အသက်ခန္ဓာ ကုန်ခြင်း။ အဋ္ဌနဒေဝိမှတပါး အလုံးစုံသော
သူတို့၏ ပျက်စီးခြင်း။ ။ထိုရောအခါ ရောဟိနေယျအမတ်သည် ယခု
အခါ အာနန္ဒာဖြစ်လာ၏။ ဝါသုဒေဝမင်းကြီးသည် သာရိပုတ္တရာဖြစ်
လာ၏။ အလုံးစုံသော ပရိသတ်တို့သည် ငါဘုရားပရိသတ်ဖြစ်လာ၏။
ဃဋပဏ္ဍိတသည် သမ္မာလေးပါးတရားကို အလိုလိုသိသော ငါဘုရား
ဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌုပ္ပတ္တိရှိသော ဃဋပဏ္ဍိ
တဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း သိအပ်၏။ ။ဤအကြောင်းကို
ဆောင်ခြင်းကား။ ။ယောဗာလောမညတိဗာလျှံ၊ ပဏ္ဍိတောဝါဒိတော
နဖသော။ဗာလောဝပဏ္ဍိတမာနီ၊ သ-ဝေဗာလောတိဝုစ္စတိ။ ။ယောဗာ
လော၊ အကြင်သူမိုက်သည်။ အတ္တနော၊ မိမိ၏။ဗာသျှံ၊ မိုက်သည်၏
အဖြစ်ကို။ မညတိဇာနာတိ၊ သိ၏။တေန၊ ထိုသို့သိသောကြောင့်။သော
ဗာလော၊ ထိုသူမိုက်သည်။ ပဏ္ဍိတောဝါဒိ၊ ပညာရှိသည်မူလည်း။
ဟောတိ၊ ဖြစ်၏။ ပဏ္ဍိတသဒိသောဝါဒိ၊ ပညာရှိနှင့်တူသည်မူလည်း။
ဟောတိ၊ ဖြစ်၏။ ယောဗာလော၊ အကြင်သူမိုက်သည်။ဗာလောဝ၊
မိုက်လျက်သျှင်။ပဏ္ဍိတမာနီ၊ပညာရှိ၏ဟူ၍ စောင်းမာန်ရှိ၏။သ-သော
ဗာလောဝ၊ထိုသူခိုက်ကိုသာသျှင်။ ဝေ၊စင်စစ်။ ဗာလောတိ၊သူမိုက်ဟူ
၍။ဝုစ္စတိ၊ဆိုအပ်၏။ ။ဤသို့ ဟောတော်မူခြင်းကြောင့် ဝါသုဒေဝ
မင်းကြီးသည်။ သဘောအားဖြင့်ဖြစ်သော သိမ်းဆည်းနိုင်သောဥာဏ်
ပညာမရှိငြားသော်လည်း ပညာရှိစကား ကြားလျှင်။ အကြောင်း
ဟုတ်သည် မဟုတ်သည်ကိုသိသဖြင့် တည်ကြည်ခြင်းဖြစ်ပေရကား။
ပညာရှိပုဂ္ဂိုလ်မည်၏ဟု သိစေလိုသောကြောင့်ဆိုသတည်း။ ။ဤသည်
လျှင် ဝိနာဘာဝအားဖြင့် မစိုးရိမ်ခြင်းမည်၏ဟူလိုသော်။ ။

၃၃။ ပညာရှိတို့သည် အညထာဘာဝအားဖြင့် မစိုးရိမ်ခြင်းကိုပြရာ။

အညထာဘာဝအားဖြင့် မစိုးရိမ်ခြင်းဟူသော်ကား။ တသန္တာန်
တည်းခို တပါးသောအခြင်းအရာဖြင့် ဖြစ်ခြင်းတို့ခို မစိုးရိမ်မှုငြင်းဆို

မမြည်တမ်း မတုန်လှုပ်ခြင်းတည်း။ ထိုမစိုးရိမ် မငိုကြွေး မမြည်တမ်း မတုန်လှုပ်ခြင်းကိုကား။ ထိုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး ဝေဠုဝန်အမည်ရှိသောမင်းကျောင်း၌ နေတော်မူစဉ်။တနေ့သ၌ တရား သဘင်၌ စည်းဝေးကုန်သော တပည့်သားတော်အပေါင်းတို့သည်၊ ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်အံ့ဟုလေးသမွားတို့ကို စေခြင်း။ ကျောက်ကိုရိုက်ချခြင်း။ နာဠာဂိရိဆင်ကို လွှတ်ခြင်း များစွာလုံ့လ ပြုသည်ဟုဆိုကုန်သော စကားစပ်တွင်။ ယခုသည်လျှင်၊ ငါ့ကိုသတ် ခြင်းငှါ ဒေဝဒတ်လုံ့လပြုသည်မဟုတ်။ ရှေး၌လည်း ပြုဘူးပြီးသည်သာ လျှင်တည်းဟု။ ရှေးအကြောင်းကို ဆောင်၍ပြတော်မူ၏။ ။ထိုသို့ ဒေဝဒတ်အလောင်း လုံ့လပြုရာတွင်၊ 33 ဒုဿဝတီရဇာတ်၌ကား။ လည်ကို ငင်သတ်၍ အသားကိုချက်၍စားလေ၏။ခန္ဓိဝါဒိဇာတ်၌ကား။ ကြိမ်လုံး ဖြင့် အချက်တထောင်ခတ်ခြင်း။ လက်ခြေကိုဖြတ်ခြင်း။ နားနှာခေါင်း ဖြတ်ခြင်း။ ဆံကျစ်ကို လက်နှစ်ဘက်ငင်လှည်း၍ ရင်ကိုခြေဖြင့်ကျောက် ခြင်းတို့ဖြင့် အသက် ကုန်ခြင်းသို့ရောက်စေ၏။ စူဠနန္ဒိယာဇာတ်၌ကား လေးဖြင့်ပစ်သတ်၍ သေစေ၏။မဟာကပိဇာတ်၌ကား။ သစ်ပင်ဖျားမှ ကျောထက်နင်းချိုး၍ သေစေ၏။ ဤမှတပါးသော ဇာတ်တို့၌ကား။ ထိတ်လန့်ခြင်းကိုမျှ မဖြစ်စေနိုင်။ဤစူဠဓမ္မပါလဇာတ်၌ကား။ လက်ခြေ နားနှာခေါင်းတို့ကိုဖြတ်၍သန်လျက်ပန်းပြုလေ၏။ ။အဘယ်သို့ပြုလေ သနည်းဟူမူကား။ မဟာပတာပမင်း ဗာရာဏသီပြည်ကို မင်းပြု သည်ရှိသော်။ ထိုဘုရားလောင်းသည် မိဘုရားကြီးဖြစ်သော စန္ဒာဒေဝီ မိဘုရားဝမ်း၌ ပဋိသန္ဓေနေ၍ဘွားလျှင် ဓမ္မပါလဟူသော အမည်ကို ရ၏။ခုနစ်လမြောက်သောအခါ၌ မယ်တော်သည်ရေနံ့သာချိုးပြီးသော် တန်းဆာဆင်၍ သားကို ကစားစေလျက်နေစဉ်။ မင်းကြီးလာသည်ကို မြင်လျက် သား၌ချစ်ခြင်းဖြင့် မထဘဲနေသည်ကို။ဤမိဘုရားသည် ယခု ကမျှ၊ သားကိုမြို၍ စောင်းမှာနှံရှိသဖြင့် ငါ့ကို မထေမဲ့မြင်ပြုသော်၏ဟု၊ သားကြီးသည်ရှိသော် ငါ့ကို လူမမှတ်ပေရာ။ သတ်ရသော်ကောင်း၏ ဟု ပြန်၍ မင်း၏နေရာ၌နေပြီးသော်။ ခိုးသတ်ယောကျ်ားကိုခေါ်စေ၍။ ဖြောင့်တောသော အဝတ်ကိုဝတ်လျက်။ နီသော်ပန်းကိုပန်လျက်။ ပုဆိန် ထမ်း၍လာသော ခိုးသတ်ယောကျ်ားကို မိဘုရားကြက်သရေတို့က်သို့ ဝင်၍ ဓမ္မပါလကို ယူချေဟုဆိုလျှင်။ မင်းကြီးအမျက်ထွက်၍ ပြန်လေ

သည်ကိုဆိသဖြင့်။ သားကို ရင်၌အိပ်စေ၍ ငိုကြွေးလျက်နေစဉ်။ မိဘုရား လက်မှလူ၍ ယူခဲ့ပြီးသော်။ အသို့အလိုတော်ရှိသနည်းဟု ခိုးသတ် ယောကျ်ားမေးသည်ကို။ ပြင်၌အိပ်စေလျက် လက်နှစ်ဘတ်ကိုဖြတ်ဟု ဆိုလျှင်။သားတော်နောက်၌ ငို၍လိုက်သောမိဘုရားသည်။ရှင်မင်းကြီး၊ ကျွန်ုပ်သား ခုနစ်လသာရှိသေးသည့် တစုံတခုသောအမှုကိုမသိ။ အကျွန်ုပ်သားတွင်အပြစ်မရှိ အကျွန်ုပ်မှာသာရှိရာသည်။အကျွန်ုပ်လက်ကိုသာ ဖြတ်စေဟု။ ။အဟာမေဝဒုသိယာဘူဟာနတာ၊ ရဉ္ဉော မဟာပတာပသ။ဇေတံမဠ္ဍတုဓမ္မပါလံ၊ ဟာဇ္ဇေမေဒေဝဆေဒေဟိ။ ။မဟာရာဇ၊ ဖြတ်သောမင်း။အဟာမေဝ၊ အကျွန်ုပ်သည်သာလျှင်။ မဟာပတာပသ၊ မဟာပတာပအမည်ရှိသော။ ရဉ္ဉော၊မင်းကြီး၏။ဘူဟာနတာ၊ ဖျက်အပ်သော အစီးအပွါးရှိသည်ဖြစ်၍။ ဒုသိယာ၊ ပြစ်မှားခြင်းရှိ၏။ ဒေဝ၊ရှင်မင်းကြီး။ ဇေတံဓမ္မပါလံ၊ ဤဓမ္မပါလကို။ မဠ္ဍတု၊ လွှတ်တော်မှ စေချင်၏။ မေ၊ အကျွန်ုပ်၏။ ဟာဇ္ဇေ၊လက်တို့ကို။ ဆေဒေဟိ၊ ဖြတ်စေလော့။ ။ဤသို့မိဘုရားဆိုလျှင်၊ခိုးသတ်ယောကျ်ားကို မင်းကြီးကြည့်သည်ရှိသော်။အသို့အလိုတော်ရှိသနည်းဟု မေးသည်ကို။ဖြင့်စွာမကြာစေလင့်၊ လက်နှစ်ဘက်ကိုဖြတ်ဟုဆိုသောကြောင့်။ပုဆိန်ကိုကိုင်၍ နှဲလွှာသော ဝါးညောက်ကိုကဲ့သို့ လက်နှစ်ဘက်ကို ပုဆိန်ဖြင့်ဖြတ်ငြားသော်လည်း။ မငိုကြွေး မစိုးရိမ် မမြည်တမ်းသည်ဖြစ်၍။ခန္တီမေတ္တာကိုရှေတည်ပြုလျက် မတုန်မလှုပ် နေသည်ကိုမြင်၍။ စန္ဒာဒေဝီမိဘုရားသည် ဖြတ်သောလက်ကိုကောက်၍ ရင်၌ပိုက်လျက် သွေးအလိမ်းအလိမ်းဖြင့် ငိုကြွေးမြည်တမ်းစဉ်၊ ရှေးနည်းဖြင့် ခိုးသတ်ယောကျ်ားမေး၏။ခြေနှစ်ဘက်ကိုဖြတ်ဟုဆိုသည်ကို။ ။အဟာမေဝဒုသိယာဘူဟာနတာ၊ ရဉ္ဉော မဟာပတာပသ။ ဇေတံမဠ္ဍတုဓမ္မပါလံ၊ ပါဒေမေဒေဝဆေဒေဟိ။ ။ဟူသောဂါထာဖြင့်။ မိဘုရား ခွင့်တောင်းပန်သော်လည်း။ မွင့်မပေးမူ၍ခြေနှစ်ဘက်ကိုဖြတ်ပြီးသော်။နောက်၌ဦးခေါင်းကိုဖြတ်ဟု ဆိုသည်ရှိသော်။ ။အဟာမေဝဒုသိယာဘူဟာနတာ၊ ရဉ္ဉော မဟာပတာပသ။ ဇေတံမဠ္ဍတုဓမ္မပါလံ၊ သီသံမေဒေဝဆေဒေဟိ။ ။ဟူသောဂါထာဖြင့်။ သားတော်ကိုယ်စား။ မိဘုရားခေါင်းကိုဖြတ်စိမ့်သောဌါဒိုးခွက်တံခံသော်လည်း ခွင့်မရသဖြင့် ခေါင်းကို ပုဆိန်ဖြင့်ဖြတ်လျှင်။အကျွန်ုပ်အမှုပြီးပြီလောဟု ခိုးသတ်ယောကျ်ားမေးသည်ကို မပြီး

သေးဟုဆို၍။ ဘုရားလောင်းအကောင်ကိုကောက်၍၊ ကောင်းကင်သို့ မြှောက်၍၊ သန်လျက်ဦးဖြင့်ခံ၍၊ သန်လျက်ပန်း ပြုစေသည်ရှိသော်။ ပြာသာဒ်မင်္ဂ၌ ဖရိဖရဲကြဘိသကဲ့သို့ရှိ၍ ကျသောအသားကိုမိဘုရားပိုက်၍ ငိုကြွေးမြည်တမ်းလျက် ဝါးရုံတောကို မီးလောင်၍ ကဲ့သောဝါးကဲ့သို့။ကဲ့သောနှလုံးရှိသည်ဖြစ်၍ မိဘုရားလွန်လျင်။မင်းကြီးသည် ပလ္လင်၌ မတည့်နိုင် ကြမ်းသို့ကျခြင်း။ ကြမ်း၌ခဲခင်းသောပျဉ်သည် နှစ်ချမ်းကဲ့၍ ဖြေသို့ကျခြင်း။ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသောဖြေသည် ယုတ်မာသောသူကို မခံနိုင် နှစ်ဖြာကဲ့ခြင်း။အဝိစိငရဲမှမီးလှုံတက်၍ နီလွစွာသော ကမ္မလာဖြင့် ရစ်ဘိသကဲ့သို့ ရစ်၍ အဝိစိငရဲတိုင်အောင် ဆောင်လေခြင်း။မိဘုရားသားတော်တို့ကို တပေါင်းတည်း သင်းကြိုဟ်ခြင်း။ ထိုရောအခါ မဟာပတာပမင်းသည် ယသုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ စန္ဒာဒေဗိမိဘုရားသည် မဟာပဇာပတိဂေါတမီဖြစ်လာ၏။ဓမ္မပါလမင်းသားသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဆုံးပုတ်ိရှိသော ဓမ္မပါလဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဗာရာဏသီပြည်ကို ကလာပုမင်း မင်းပြုခိုက်။ ဘုရားလောင်းသည် ဗြာဟ္မဏ မဟာသာလအမျိုးဒွိဖြစ်၍။ ကုဏ္ဍလကုမာရဟူသောအမည်ရှိသဖြင့် အရွယ်ရောက်လျင်။ တက္ကသိုလ်ပြည်၌ အတတ်ပညာသင်၍၊ မယ်တော် ခမ်ည်းတော်နတ်ရွာလားလျင်။သုမေဓာပုဏ္ဏားကဲ့သို့သံဝေဂရသဖြင့်။ ကုဋေဒ္ရစ်ဆယ်ကြွယ်သောဥစ္စာကို ပေးကမ်းစွန့်ကြဲ၍ ဟိမဝန္တာတော၌ ရသေ့ ရဟန်းပြု၍။မြင့်ရှည်စွာကြာမှ၊ ချဉ်ဆားမိုးခြင်းငှါ လူ့ပြည်သို့သက်၍။အစဉ်သဖြင့် ဗာရာဏသီပြည်သို့ရောက်လျင်။ မင်း၏ဥယျာဉ်၌နေ၍ မြို့သို့ဆွမ်းခံဝင်ရာတွင်။ စစ်သူကြီးအိမ်သို့ ရောက်၍ စစ်သူကြီးမြင်လျင်။ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မိမိအိမ်သို့တင်၍ ဆွမ်းလုပ်ကျွေး၍ ဘုရားလောင်းကို တောင်းပန်၍ ထိုမင်း၏ဥယျာဉ်၌ နေစေသည်ရှိသော်။ တနေ့သ၌ ကလာပုမင်းသည် သေပဲစ်သဖြင့် မောင်းမအပေါင်းခြံရုံလျက် ဥယျာဉ်ကစားခြင်းငှါ ထွက်၍ မင်္ဂလာရှိသော ကျောက်ဖျာထက်၌။ အကျွမ်းဝင်သော မောင်းမငယ်တပေါက်ကို ရင်ခွင်၌အိပ်စေလျက်။ ကခြင်း သီခြင်း တီးမှုတ်ခြင်း၌ လိမ္မာကုန်သော မောင်းမအပေါင်းတို့သည်။သီကတီးမှုတ်ခြင်းဖြင့် သီကြားမင်း၏ စည်းစိမ်ကဲ့သို့ဖြစ်၍ မင်းကြီးအိပ်ပျော်လျင်။ စည်စောင်းညှင်းကိုပစ်၍

သစ်သီး သစ်ပွင့်အလှိုင်္ဂါ လှည့်ပတ်ကြရတွင်။ ပွင့်သော အင်ကြင်း ပင်ရင်းခြေ အာ မုန် ယစ် သော ဆင် ပြောင် ကဲ့ သို့။ ရဟန်းချမ်းသာဖြင့် နေ့လျှော်စွာနေသောဘုရားလောင်းကိုဖြင်လျှင်။မင်းကြီးမနှိုးခင်နာအပ် သောတရားကို နာပါကုန်အံ့ဟု ဘုရားလောင်းကိုခြံရုံ၍ တရားဟော စိမ့်သောဌါ တောင်းပန်ကုန်သဖြင့်။ ထိုမော်င်းမတို့အား တရားဟော သည်ကိုဖြင်လျှင်။ မင်းကြီးချစ်သော မောင်းမငယ်သည် မင်းကြီးကို နှိုးအောင်ပြု၍ မင်းကြီးနှိုးလျှင်။ သူယုတ်မတို့ ဘယ်သို့သွားလေကုန်သ နည်းဟုမေးသည်ကို။ ရဟန်းတယောက်နေရာသို့သွား၍ ခြံရုံလျက်နေ ကုန်၏ဟုဆိုလျှင်။မင်းကြီး အမျက်ထွက်၍ ရဲသေ့စဉ်းဂဲ့ကို သတ်ချေအံ့ ဟု သန်လျက်ကိုကောက်၍ ဆောစွာ့လာသည်ကို ဖြင်လျှင်။ အမျက် ထွက်သောအဖြစ်ကိုသိသဖြင့် အကျွမ်းဝင်သော မောင်းမတို့ ကြိုလင့် ၍။ မင်းကြီးလက်မှ သန်လျက်ကိုယူ၍ မင်းကြီးကို ငြိမ်သက်စေလျှင်။ ဘုရားလောင်းအနီးဌိရပ်၍ ရဟန်း၊အဘယ်အယူရှိသနည်းဟုမေးသော ကြောင့်၊ ခန္ဓိအယူရှိ၏ဟု ဆိုသည်ကို။ ခန္ဓိဟူသည် အဘယ်နည်းဟု မေး၏။ ဆဲရေးသော်ငင်း၊ ပုတ်ခတ်သော်ငင်း၊ ရေရွတ်သော်ငင်း အမျက်မထွက်ခြင်းသည် ခန္ဓိမည်၏ဟုဆိုလျှင်။ သင်ဌိုးခန္ဓိရှိသည် မရှိ သည်ကို စူးစမ်းအံ့ဟု ဦးသတ်ယောကျ်ားကိုခေါ်၍။ ဤမကောင်းသော ဦးသူဖြစ်သော ရဲသေ့စဉ်းဂဲ့ကိုယ်ကို မြေဌိုင်လှည်း၍။ အဆူးရှိသော ကြမ်လုံးဖြင့် ရှေ့နောက်နံပါးတို့ဌိ တထောင်ခတ်ဟုဆို၍ အရေအသား အကြောတို့သည် အပိုင်း အပိုင်း ပြတ်သဖြင့် ယိုသော သွေးရှိသည် ကိုဖြင်လျှင်။ အဘယ်အယူရှိသနည်းဟုမေးပြန်၍ ခန္ဓိအယူရှိ၏။ငါ၏ ခန္ဓိကို အရေ အသား အကြောဌိရှိ၏ဟုမင်းကြီးမှတ်သလော။မင်းကြီး မဖြင်ကောင်းသော ငါ့နှလုံးထဲဌိ ငါ၏ခန္ဓိတည်၏ဟု ဆိုလျှင်။ လက် နှစ်ဘက်ကိုဖြတ်စေ၍ မင်းကြီး မေးမြမေး၍ ဘုရားလောင်း ဆိုမြဆို လျှင်။ ခြေနှစ်ဘက်ကိုဖြတ်စေ၍ လက်နှစ်ဘက် ခြေနှစ်ဘက်မှ ချိပဲရည် အဆင်းနှင့်တူသော သွေးတို့သည် ယိုကုန်သော်လည်း။ မေးမြမေး၍ ဆိုမြဆိုလျှင်။ နားနှာခေါင်းကိုဖြတ်စေ၍ ကိုယ်လုံးစွတ်သော သွေးရှိ သည်ကို ဖြင်ငြားသော်လည်း သနားမေတ္တာ ကရုဏာမရှိသည်ဖြစ်၍။ အဘယ်အယူရှိသနည်းဟု မေးပြန်သည်ကို ခန္ဓိအယူရှိ၏။ ငါ၏ ခန္ဓိကို အရေ အသား အကြောဌိရှိ၏ဟုမင်းကြီး မှတ်သလော။ မင်းကြီး

မမြင်ကောင်းသော အလွန်နက်နဲသော ငါးနှလုံးထဲ၌ ငါးခ ဘိုတည်၏ ဟု ဆိုသည်ကို။ ဟဲ့ ရ သေ့ စဉ်း လဲ၊ သင့်ခန္ဓိကို သင်ချိုးမြောက်၍ နေတော့ဟု၊ ရင်ကိုခြေနှင့်ကြော့က်၍သွားသော်လည်း မငိုကြွေးမစိုးရိမ် မတုန်လှုပ် မမြည်တမ်းသည်ဖြစ်၍ မင်းကြီးသွားလေလျှင်။ စစ်သူကြီး သည် သွေးကိုသုတ်၍ လဲက်ခြေ နားနှာခေါင်းကို ကောက်၍ ပုဆိုးဖြင့် ပိုက်ပြီးသော်။ ဘုရားလောင်းကို အသာထူ၍ ရှိသမျှာရှိခိုးလျက် တင့်အပ်သောအရပ်၌နေ၍။ ရှင်ပင်ဘုရား၊ အမျက်ထွက်တော်မူလိုသည် ရှိသော်။ ရှင်ပင်ဘုရား၌ ပြစ်မှားသော မင်းကြီးအား သာ ထွက်တော်မူ ပါ။ တပါးသောသူတို့အား ထွက်တော်မမူပါလင့်ဟု တောင်းပန်လို သောကြောင့်။ ။ပေါတော မာဇ္ဈေစပါဒေစ၊ ကဏ္ဏနာသဇ္ဈ ဆေဒယိ။ တာသကုဏ္ဍမဟာဝိရ၊မာရဠဒ်ဝိနာသဏ္ဍံ။ ။မဟာဝိရ၊ကြီးသောလုံ့လ ရှိတော်မူသော ရှင်ပင်ဘုရား။ ပေါ၊ အကြင်မင်းသည်။ တော၊ ရှင်ပင် ဘုရား၏။ဟာဇ္ဈေစ၊လက်တို့ကိုဂင်း။ ပါဒေစ၊ ခြေတို့ကိုဂင်း။ ကဏ္ဏနာသဇ္ဈ၊ နားနှာခေါင်းကိုဂင်း။ ဆေဒယိ၊ ဖြတ်စေ၏။တာသ၊ထိုမင်းအား။ ကုဏ္ဍ၊အမျက်ထွက်တော်မူလော့။ ဇာနဒ်ရဠဒ်၊ ဤကာသိတိုင်းကို။ မာဝိနာ သ၊ မပျက်စီးပါစေလင့်။ စစ်သူကြီးတောင်းပန်သည်ကိုကြား၍။ ။ ပေါမေ ဟာဇ္ဈေစပါဒေစ၊ ကဏ္ဏနာသဇ္ဈဆေဒယိ။ စိရံဇီဝတု သောရာဇာ နဟိကုဏ္ဍိနိမာဒိသာ။ ။သေနာပတိ၊စစ်သူကြီး။ပေါရာ ဇာ၊ အကြင်မင်းသည်။ မေ၊ငါ၏။ ဟာဇ္ဈေစ၊လက်တို့ကိုဂင်း။ ပါဒေစ၊ ခြေတို့ကိုဂင်း။ ကဏ္ဏနာသဇ္ဈ၊ နားနှာခေါင်းကိုဂင်း။ ဆေဒယိ၊ ဖြတ်စေ ၏။သောရာဇာ၊ထိုမင်းသည်။စိရံ၊ ကြာမြင့်စွာ။ ဇီဝတု၊ သက်တော်ရှည် စေသတည်း။ဟိ၊ ထိုစကားသင့်စွ။ သေနာပတိ၊ စစ်သူကြီး။ မာဒိသာ၊ ငါနှင့်တူကုန်သော ခန္ဓိဗလရှိကုန်သော ပညာရှိတို့သည်။ နကုဏ္ဍိနိ၊ အမျက်မထွက်ကုန်။ ။ဤဂါထာဖြင့်၊ အမျက် မထွက်ကြောင်းကို ဘုရားလောင်း ပြန်ပေ၏။ ကလာပုမင်းလည်း ဥယျာဉ်မှထွက်သည် ရှိသော် ဘုရားလောင်း မျက်စိအာရုံကို လွန်လျှင်ပင်။ ယူဇနာ နှစ်သိန်း လေးသောင်းရှိသော မဟာပထဝီသည် ဖြန်းဖြန်းကွဲ၍ အဝီစိငရဲမှ ဖိုးတောက်၍။ အသွေ အမျိုး ပေးသော ကမ္မလာနိကို ရုံတိသကဲ့သို့။ ဥယျာဉ်တံခါး၌ ဖြေမျိုး၍ အဝီစိငရဲ၌ခံရ၏။ဘုရာလောင်းလည်း ထိုနေ့၌ ၎င်း စုတော့လေ၏။ ပြည်သူအပေါင်းတို့သည် နှံ့သာ ပန်းအခိုးအထုံ

အမှုန်အစစ်ရှိသော မျှားစွာသော ပူဇော်ခြင်းမြတ်နိုးခြင်းဖြင့် သင့်ဟု ကုန်၏။ (အမျိုးသောဆရာတို့ကား။ ဘုရားလောင်းဟိမဝန္တာဒေသို့ ပြန်သည်ဟုဆိုကုန်၏။ အမျိုးသောဆရာတို့ကား။ ဘုရားလောင်းလက် ခြေတို့သည် တဘန်စေ့စပ်ပြန်၏ဟု ဆိုကုန်၏။ ဤစကားနှစ်ပါးသည် မဟုတ်သည်သာလျှင်တည်း)။ ။ဤဓမ္မဒေသနာကိုဆောင်တော်မူ၍။ ။ အဟုအတိတမဒ္ဓါနံ၊ သမ္မာဝေါခန္တိဒိပနော။ တံခန္တိယာယေဝဋ္ဌိတံ၊ ကာသိရာဇာအဆေဒယိ။ ။တာသကုဏ္ဍသဟရသာသ၊ ဝိပါကောက ဋ္ဌုကောအဟု။ ယံကာသိရာဇာ မဃရေသိ၊ နိရယာဒိသမပ္ပိတော။ ။ ဘိက္ခဝေ၊ရဟန်းတို့။အတိတမဒ္ဓါနံ၊ လွန်လေပြီးသောအခွန့်၌။ ခန္တိဒိပ နော၊ သည်းခံခြင်းကိုပြုတတ်သော။ သမ္မာဝေါ၊ ရဟန်းသည်။ အဟု၊ ဖြစ်ပြီ။ ခန္တိယာယေဝ၊ခန္တိကျေးဇူးရှိသာလျှင်။ ဋ္ဌိတံ၊တည်သော။ တံ၊ ထိုရသေ့ကို။ ကာသိရာဇာ၊ ကာသိကရာဇ်မင်းသည်။ အဆေဒယိ၊ ဖြတ်စေ၏။ ကုဏ္ဍသဟ၊ အမျက်ထွက်ထသော။ ဟရသာသ၊ကြမ်းကြုတ်ထသော။တာသ၊ ထိုကာသိကရာဇ်မင်း၏။ ဝိပါကော၊ အကျိုးသည်။ ကဋ္ဌုကော၊ခါးစပ်ခြင်းရှိသည်။ အဟု၊ ဖြစ်၏။ယံ၊ အကြောင်းခန္တိဝါဒိကို။ ကာသိရာဇာ၊ကာသိကရာဇ်မင်းသည်။ မာဃရေသိ၊သတ်၏။ သော၊ ထို ကာသိကရာဇ်မင်းသည်။နိရယာဒိ၊ငရဲ၌။ သမပ္ပိတော၊ တည်လေ၏။ ။ ဘုရားဖြစ်တော်မူပြီးမှ၊ဤဂါထာကိုမိန့်တော်မူခြင်း။ထိုရောအခါဗာရာ ဏသီမင်းသည်ယာသုအခါ၌ဒေဝဒတ်ဖြစ်လာ၏။စစ်သူကြီး**သ**ာသာရိပုတ္တ ရာဖြစ်လာ၏။ခန္တိဝါဒိရသေ့**သ**ည် ငါဘုရားဖြစ်၏ဟုဇာတ်တော်ကိုပေါင်း ခြင်းအဋ္ဌုပ္ပတ္တိရှိသောခန္တိဝါဒိဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ကောသမ္ဗီပြည်၏ နိဂုံးရွာ၌ အသွေခင်ပွန်းဖြစ်သော ပုဏ္ဏား နှစ်ယောက်တို့သည် အိမ်ရာထောင်ခြင်း၌ အပြစ်ကိုမြင်သဖြင့်။ ကုသ္ဒေ ရှစ်ဆယ်သော ဥစ္စာကို ပေးကမ်းစွန့်ကြ၍ ဟိမဝန္တာဒေသို့ဝင်၍။ ရသေ့ ရဟန်းပြု၍ အနှစ်ငါးဆယ်လွန်မှ ချဉ်ဆားမှီးခြင်းငှါ လူ့ပြည်သို့သက်၍ ကာသိကရာဇ်တိုင်းသို့ရောက်လျှင်။ ဒိပါယာနရသေ့၏လူက အသွေခင် ပွန်းဖြစ်သော မဏ္ဍာဗျသူကြွယ်သည်။ စရပ်ဆောက်၍ လုပ်ကျွေးသဖြင့် သုံးလေးနှစ်နေလျှင်။ အကြောင်းကြား၍ ဒေသစာရီသွားရာတွင် ဗာရာ ဏသီမြို့သို့ရောက်၍။ သုသာန်တစပြင်၌ သခိမ်းဖြင့်နေ၍ မျှားမဖြင့်လျှင် ဒိပါယာနရသေ့သည်။ မဏ္ဍာဗျသူကြွယ် သခိမ်းသို့ ပြန်လေသည်

နောက်။ ခိုးသူတယောက်သည် မြို့တွင်းခွဲ ဥစ္စာကိုခိုး၍ ဥစ္စာရှင်တို့ထိုက်သဖြင့် ဖြန်ပေါက်မှထွက်ပြေး၍။ မဏ္ဍာဗျရသေ့၏သခိမ်းတံခါးခွဲ ဥစ္စာထုပ်ကိုချ၍ ပြေးလေသည်ကို ထိုက်သောသူတို့တွေ့လေလျှင်။ နင်ညှဉ့်ကို ခိုးသူပြု၍။ နေ့ခွဲ ရသေ့အယောင်ဆောင်ရမည်လောဟု ထောင်းခတ်ဆဲရေး၍ ဗာရာဏသိမင်းကြီးကို ဆက်သဲ့ညှဉ်ရှိသော်။ မစူးမစမ်း မဆင်မခြင်၊ စံကျင်လျှိုလေ ဟု ဆိုဘိသောကြောင့်။ ရှားတံကျင်တို့ဖြင့် အလှယ်အလှယ် လျှိုသော်လည်းမပေါက် ထိုသောကြောင့် ငါရှေးခွဲ အဘယ်မကောင်းမှုကို ပြုဘိသနည်းဟု ဆင်ခြင်ရာတွင်။ ရှေးဘဝခွဲ လက်သမားသာ ဖြစ်၍ အဘသစ်ရွေရာတွင်။ယင်ငယ်တာရှကို ပင်လယ်ကသစ်သားတံကျင်ဖြင့် ထိုးဘူးသော ကောင်းမှုသည်။ ထိုဘဝသို့ထိုက်၍ မြို့စွာကိုင်သည်ကို ဇာတိသရောက်ဖြင့်ဖြင်လျှင်။ ဤဝိပါက်မှ ငါမလွတ်နိုင်ရာဟု သိသဖြင့်။ မငိုကြွေးမစိုးရိမ် မတုန်လှုပ်သည်ဖြစ်၍။ ငါ့ကိုပေါက်စေလိုသော်။ပင်လယ်ကသစ်သားတံကျင်ဖြင့်လျှိုကုန်ဟုဆို၍။ထိုအတိုင်းလျှိုပြီးသော် ပုန်းကွယ်ရာ၌ စကားနာသူအစောင့်ထား၍ သွားလေကုန်လျှင်။ ဒိပါယနရသေ့သည် အဆွေကို မမြင်သည် ကြာမြင့်ပြီဟု တဘန်လာပြန်ရာတွင်။ ထိုအကြောင်းကို ဒရိုးခွဲကြား၍ မဏ္ဍာဗျရသေ့အထံသို့ရောက်လျှင်။ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို မေး၍ မဟုတ်သည်အကြောင်းကိုဆိုမှ၊ အဆွေ၏ မနောပဒေါသကို စောင့်နိုင်၏လောဟုမေး၍ စောင့်နိုင်၏။ အဆွေ ငါ့ကိုဘမ်းသူ၊ စိရင်သူ တို့ခွဲရင်း မင်းကြီးတို့ခွဲရင်းတစုံတခုသော မနောပဒေါသမရှိဟု ဆိုလျှင်။ ဤသို့သော သိလအာစာရနှင့်ပြည့်စုံသော အဆွေ၏အရိပ်သည် ချမ်းမြေ့၏ဟု တံကျင်ကိုမှီ၍နေရာတွင်။ ·မဏ္ဍာဗျရသေ့ကိုယ်မှ ·သွေးပေါက်ကျ၍ရှေအဆင်းနှင့်တူသောကိုယ်သည်၊ ဇသွေးပေါက်ကျတိုင်းမည်းမည်းရှိသဖြင့်။ ဒိပါယနသည် ကဏ္ဍဒိပါယနဟူသောအမည်ကိုရ၍။ ထိုညှဉ်းဆဲသော်က်လျှင် အစောင့်ထားသော သူတို့သည်။ ရသေ့နှစ်ပါးတို့ဆိုတိုင်း မင်းကြီးအားလျှောက်သည်ရှိသော်။ငါမစူးမစမ်း မဆင်ခြင်ပြုမိသည်ဟု၊ မင်းကြီးစောစွာလာ၍ စစ်ဆေးသုတ်သင်၍။ အကြောင်းမဟုတ်သောအဖြစ်ကို မင်းကြီးသိမှ ကဏ္ဍဒိပါယနရသေ့သည်။ မင်းတို့မည်သည် မစူးမစမ်း မဆင်မခြင်မပြုရာဟု။ ။အလသောကာမဘောဂိနသာခု၊ ဓာသညတော ပဗ္ဗဇိတော နသာဓု။ အနိသမ္မကာရိရာဇာန

သာဓု၊ ယောပဏ္ဍိတောကောဓနောတံနုသာဓု။ ။နိသမ္မခတ္တိယောက ရိယာ၊ နာနိသမ္မဒိသမ္ပတိ။ နိသမ္မကာရိနောရညော၊ ယသောကိတ္တိစ ဝဏ္ဏတိ။ ။မဟာရာဇ၊မြတ်သောမင်း။ကာမဘောဂိ၊ ကာမစည်းစိမ်ကို ခံစားလျက်။အလသော၊ ပျင်းသော်။ ဂိဟိပိ၊ လူသည်လည်း။ နသာဓု၊ မကောင်း။ပဇ္ဇုဒိတော၊ ဂဟနိုးဖြစ်လျက်။အသညတော၊ကိုယ်နှုတ်နှလုံး မစောင့်သောသူသည်။ နသုခု၊ ခကောင်း။ ရာဇာ၊ မင်းဖြစ်လျက်။ အနိသမ္မကာရီ၊ခစူးစမ်း မဆင်မခြင်ပြုလေ့ရှိသသူသည်လည်း။နသုခု၊ မကောင်း။ယော၊အကြင်သူသည်၊ပဏ္ဍိတော၊ပညာရှိဖြစ်လျက်။ ကော ဓနော၊အမျက်ကြီး၏။ဘံ၊ ထိုသို့အမျက်ကြီးခြင်းသည်လည်း။ နသာဓု၊ မကောင်း။ ။ရာဇသော၊မင်းမြတ်။ ခတ္တိယော၊ ရေမြေရှင်ဖြစ်သော မင်းသည်။နိသမ္မ၊စူးစမ်းဆင်ခြင်၍။ ကရိယာ၊ပြုရာ၏။ ဒိသမ္ပတိ၊ အရပ် မျက်နှာ၏ အရှင်ဖြစ်သောမင်းကြီး။ ခတ္တိယော၊ ခေတ္တာဓိပတိဖြစ်သော မင်းသည်။ အနိသမ္မ၊ မစူးမစမ်း မဆင်မခြင်မူ၍ နကရိယာ၊မပြုရာ။ နိသမ္မကာရိနော၊ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသော။ ရညော၊ ဝင်း၏။ ယသောစ၊အခြံအရံသည်ငင်း။ကိတ္တိစ၊ကျော်စောခြင်းသည်ငင်း။ ဝဏ္ဏ တိ၊တိုးပွါး၏။ ။ဤဂါထာတို့ဖြင့်။ ဓမ္မဒေသနာပြုလျှင်။ တံကျင်ကို နှုတ်စေသည်ရှိသော်။မနှုတ်နိုင်၍ ရှင်မင်းကြီး။ ငါရှေးဘဝ၌ပြုဘူးသော မဟောင်းမှုသည် ဝန်လေး၏။ ထိုမကောင်းမှုကြောင့် အကျိုးမရှိသော ပျက်စီးခြင်းသို့ရောက်ရသည်။ဤတံကျင်ကို မနှုတ်နိုင်ရာ။ ငါ့အသက်ကို ပေးလိုသည်ရှိပေသော်။ အဓရေအသားနှင့်အမျှ လွှဖြင့်ဖြတ်စေဟုဆို၏။ ယင်ငယ်ကိုထိုးသော ကသစ်သားအမျှင်သည် ယင်ငယ်ကိုယ်တွင်း၌ ရှိလေသော့ကြောင့်။ မဏ္ဍူဗျကိုယ်တွင်း၌ တံကျင်ရှိလေသဖြင့် မဏ္ဍူဗျ သည် မသေ။ အာဏာမဏ္ဍူဗျဟူသော အမည်ကိုရ၍။ ထိုယင်ငယ်သည် ထိုး၍မသေ အသက်အတိုင်းနေ၍ သေသဖြင့်။ အာဏာမဏ္ဍူဗျရဿ့ လည်း မသေသည်ဖြစ်၍၊ ရဿ့နှစ်ပါးတို့ကို ကန်တော့၍ ဥယျာဉ်၌ နေစေလျက်။မင်းကြီး လုပ်ကျွေးခြင်း အစရှိသော အဋ္ဌ၊ပ္ပတ္တိကိုဆိုရာဆို ကြောင်းဖြစ်သော ကဏ္ဍဒိပါဟနဇာတ်ကို အဓိကြောင်းပြုသဖြင့်ငင်း။ ။

ရာဇာဂြိုဟ်ပြည် ဗြာဟ္မဏမဟာသာလသား ဥတ္တရလုလင်သည် သိကြားလိမ္မာဖြစ်လျှင်။ဗြာဟ္မဏဝိဇ္ဇာဒ္ဒိအပြီးသို့ရောက်သဖြင့်။အမျိုးအ နွယ် အရွယ်အဆင်း အတတ်ပညာ အကျင့်အာစာရတို့နှင့် ပြည့်စုံခြင်း

ကိုမြင်၍။ မဂဓရာဇ်မင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည်။ သို့နှင့်ဆောင်နှင်းအံ့ဟု ဆိုသည်ကို ဝန်ဆင်းရဲမှထွက်မြောက်လိုသောစိတ်ရှိသောကြောင့်။ထိုစကားကိုမနာမူ၍။အခွင့်သာရိုးတွေရာ အထံ၌ ရဟန်းပြုသည်ရှိသော်သ်။ တနေ့သ၌ ဥတ္တရ သာမဏေသည် ရှင်သာရိပုတ္တရာအား ဆေးဒဏ်လိုင်ဂါ နံနက်ဈောဇော ထွက်၍ သပိတ်သင်္ကန်းနှင့်တကွ မြို့သို့ဝင်ရာတွင် ခရီးကြား ရေကန်နားဌ သပိတ်ကို ထား၍ မျက်နှာသစ်စဉ်။ ခိုးသူတယောက်သည် ဥဿာကိုခိုး၍။ စောင့်ရှောက်သောသူတို့လိုက်လျှင်။ဥဿာထုပ်ကို သာမဏေ၏သဒိတ်ဌဌေ၍ ပြေးလေသည်ကို။ လိုက်သောသူတို့သည် သပိတ်ဌ ဥဿာထုပ်ကိုတွေ့သဖြင့် ခိုးသူဟု ဒနောက်၌ လက်ရှိသော နှောင်နွဲခြင်းဖြင့် ဝဿကာရပုဏ္ဏားအား ပြကုန်သည်ရှိသော်သ်။ ဤသူငယ်သည် ငါ့စကားကိုမနာဘဲ ရဟန်းပြုလေသည်ဟု ရန်ငြိုးဖွဲသဖြင့်။ အမှုကိုမသုတ်မသင်ဘဲ တံကျင်လျှိဘိသောကြောင့်။ မြက်စွာဘုရား လာတော်မူ၍ လက် တော် ဖြင့် ခေါင်းကိုသုံးသပ်တော်မူပြီးသော်သ်။ ဥဿရ၊ရှေးဌ်ပြုဘူးသောကံကြောင့် ဖြစ်သည်၊ ပစ္စဝေက္ခနာဖြ်အစွမ်းဖြင့် သည်းခံဟူ၍ တရားဟောတော်မူလျှင်။စိုးရိမ်ခြင်းသောက မရှိသည်ဖြစ်၍။အမြိုက်ရည်ဖြင့် သွန်းဘိသကဲ့သို့သော လက်တော်ဖြ်အခွေ့ကြောင့်။ မြတ်သော ဒိတိပါမောက္ခကိုရ၍၊ မဂ်အဆင့်ဆင့်ဖြင့် ကိလေသာကိုကုန်စေလျက်။ခြောက်ပါးသောအာဘိညာဉ်နှင့်ပြည့်စုံသောရဟန္တာဖြစ်လျက် တံကျင်မှထွက်၍ ကောင်းကင်ပြင်ဌ ပြာဋိဟာ၀ါပြသည်ကိုမြင်လျှင်။ များစွာသောလူအပေါင်းတို့သည် အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော စိတ် ရှိ ကုန် သည် ဖြစ် ၍။ ထိုခဏဌ တံကျင်ရာပျောက်သဖြင့်၊ ရဟန်းအပေါင်းတို့သည်။ဤသို့သောဆင်းရဲဝေဒနာကိုခံရလျက် အဘ [illegible]ကြောင့် မိုးရိမ် မဝံကြွေးသည်ဖြစ်၍။ ဝိပဿနာကို အားထုတ်ခြင်းငှါ စွမ်းနိုင်သနည်းဟု မေးသည်ရှိသော်သ်။ အကျွန်ုပ် မဆွကပင် သံသရာဌ အပြစ်ကိုငင်း။ သခ်ါရတရားတို့၏ သဘောကိုငင်း ဖြင်သောကြောင့်။ထိုသို့သောဆင်းရဲဝေဒနာကိုခံရငြားသော်လည်း။ ဝိပဿနာကိုပွါးစေ၍ မဂ်ဖိုလ်ကိုရခြင်းငှါ စွမ်းနိုင်သည်ဟူ။ ။နတ္ထိကောစိဘဝေါဒိဿွော၊ သခ်ါရာဝါပိသဿတာ။ ဥပဓ္ဓိနိစ္စတောခန္ဓာ၊စဝန္တိအပရာပရံ၊ ။ဇဝမာဒိနဝံဥာတွာ၊ ဘဝေနဗ္ဘိအနတ္ထိကော။ နိဿဇ္ဇောသဗ္ဗကာမေဟိ၊ ပတ္တောမေအာသဝက္ခယော။ ။

ဘန္ဓေ၊ အဓ္ဂရင်ဘုရားတို့။နိစ္စော၊ မြဲသော။ ကောစိ တစုံတခုသော။ ဘဝေါ၊ဘဝသည်။နဇ္ဇိ၊မရှိ။သဿတာ၊မြဲကုန်သော။သဒိါရာဝါ၊သဒိါရတရားတို့သည်မူလည်း။ နတ္ထိ၊မရှိကုန်။ တေခန္ဓာ၊ ထိုခန္ဓာတို့သည်။ အပရာပရံ၊ထိုမှဤမှ။ ဥပဇ္ဇန္တိ၊ ဖြစ်လည်းဖြစ်ကုန်၏။ စဝန္တိစ၊ စုတေ့လည်း စုတေ့ကုန်၏။ဒဝံ၊သို့။အာဒိနဝံ၊အပြစ်ကို။ ဉာတွာ၊သိ၍။ဘဝေန၊ဘဝဖြင့်။အနတ္တိကော၊အလိုမရှိသည်။အမှိ၊ဖြစ်၏။သဗ္ဗကာမေဟိ၊အလုံးစုံသော ကာမဂုဏ်တို့မှ။နိဿဋော၊ရှင်းသည်ဖြစ်၍။မေ၊ အကျွန်ုပ်အား။ ဝါ၊သည်။အာသဝက္ခယော၊အာသဝေါ၏ကုန်ခြင်းဟူသော အရဟတ္တဖိုလ်ကို။ ပတ္တော၊ ရအပ်ပြီ။ ။ဤဂါထာတို့ဖြင့်၊ မစိုးရိမ်ခြင်း အစရှိသော အင်္ဂုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သေး ဥတ္တရသာမဏေဝတ္ထု၊ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဆေးသမားတယောက်သည် ဗာရာဏသီပြည်၏အနီး ရွာတခုဌ ဆေးကုခြင်းဌာ လှည့်ပတ်ရာဗွေသော်လည်း။ ဆေးကုမည့်သူ မရှိ၍ ရွာမှ ထွက်လျှင်။ သစ်ခွကြားဌ ဦးခေါင်းပြု၍ အိပ်သောမြွေကို ဖြင်၍။ ဤသူငယ်တို့ကို မြွေကိုက်စေသဖြင့်။ မျိုးရိကွာတို့ရအောင် ဆေးကုဆဲ့ဟု သစ်ပင်အောက်ဌ ကစားသောသူငယ်သို့ချဉ်း၍ ဆက်ရက်ငယ်ကို ဖြင်သော် ယူမည်လော ဟု။ ဘုရားလောင်းအားမေးသည်ကို ယူမည်ဟုဆိုလျှင်။ ယခင် မြွေအိပ်သည်ကို ထိုကား ဆက်ရက်ငယ်ဟုညွှန်း၍ ယူစေသည်ရှိသော် လက်ဖြင့်ကိုင်လျှင်။ မြွေအဖြစ်ကိုသိသောကြောင့် ငင်၍ပစ်လိုက်သဖြင့်။ ထို ဆေး သမား လည် ကို ရစ်သကဲ့သို့ မှန်၍ ထိုမြွေခဲသဖြင့် ဆေး သမား သေ သည် ကို။ ဤသူငယ်တို့သည် လူကို သတ်သည် ဟုရွဲသူအပေါင်းတို့စုဝေး၍လည်ဌဝါးတပ်ပြီးသော်။ ဗာရာဏသီမင်းကြီးသို့ဆက်ဆဲ့ ဟု သွားသည်ကို ခရီးကြားဌ သူငယ်ဘော်များအား။ သင်တို့မကြောက်လင့်ကုန်၊ မင်းကြီးအတံသို့ရောက်သော်လည်း မကြောက်မရွံ့ ရှင်သောဇ္ဈန်ဖြင့်ရှိသည်ဖြစ်၍ တင့်တယ်စွာနေကုန်ဟု ဘုရားလောင်းဆုံးမ၍။ ထိုအတိုင်းကျင့်ကုန်သည်ကို မင်းကြီးဖြင်လျှင်။ ဤသူငယ်တို့သည်၊ ဤ သို့ သော ဆင်း ရဲ သို့ ရောက်လျက် မကြောက် မ ရွံ့ ရှင်သောဇ္ဈန်ဖြင့်ရှိကုန်၏။ စိုးရိမ်ဘွယ်ရှိလျက် မစိုးရိမ်ကြောင်းကို မေးရစေဟု။ ။အမိတ္တာဟတ္ထတ္တာဂတာ၊တစသာရသမပ္ပိတာ။ပသန္နမုခဝဏ္ဏာထ။ကသ္မာတုမှေနသောစထ။ ။ဟောကုမာရ၊ဟဲ့

သူငယ်တို့။တုမ္မေ၊သင်တို့သည်။ အမိတွေဟာထွင်တွေ့ဂတာ၊ ရန်သူလက်သို့ ရောက်ကုန်သည်ဖြစ်၍၊ တစသာရဲသမပြိတာ၊ အနွံတည်းဟူသော အနှစ်ရှိသောဝါးသည် နှိပ် စက် အပ် ကုန် လျက်။ ပသန္နမုခဝတ္ထာ၊ ကြည် ရွှင်သောမျက်နှာ အဆင်းရှိကုန်သည်။ အတ္ထဘဝတ္ထု၊ ဖြစ်ကုန်၏။ ကဆ္ဆာ၊ အဘယ့်ကြောင့်။တုဏ်မှ၊ သင်တို့သည်။ နသောစထ၊ မစိုးရိမ် ကုန်သနည်း။ ။ဤဂါထာဖြင့်။ မင်းကြီးမေးသည့်ကို ဘုရားလောင်း ဖြစ်သောသူငယ်သည်။ ။နသောစနာယ ပရိဒေဝနာယ။ အဇ္ဈတ္တဘဝ လဇ္ဇာအပ္ပကောဝိ။ သောစန္တံမေနံဒက္ခိတံဝိဒိတ္ဝာ။ ပစ္စတ္ထိကာအတ္တမ နာဘဝန္တိ။ ။ယတောစခေါပဿ်တောအာပဒါသု။ နဝေဓတိ အတ္ထ ဝိနိစ္ဆယညှ။ပစ္စတ္ထိကေသုဒက္ခိတါဘဝန္တိ။ဒိသွာမုခံအဝိကါနံပုရာဏံ။ ။ ဇပ္ပေနမန္တေနသုဘာသိတေန။ အနုပ္ပဒါနေနပဝေဏိယာဝါ။ ယထာ ယထာယတ္ထလဘေသုအတ္ထံ။ တထာတထာ တတ္ထပရက္ကမေယျ။ ။ ယတောစဇာနေယျအလဇ္ဇနေယျော။မယာစအညေနဝါဒေသအတ္ထော။ အသောစမာနော အဓိဝါသယေယျ။ ကမ္မံဒဠှံကိန္တိကရောမိဒါနိ။ ။ နရနာထ၊ လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဒေဝ၊ ရှင်မင်းကြီး။ သောစနာယ၊ စိုးရိမ်ခြင်းဖြင့်၎င်း။ ပရိဒေဝနာယ၊ ငိုကြွေးခြင်းဖြင့်၎င်း။ အပ္ပကောဝိ၊ ဏုနည်းငယ်မူလည်းဖြစ်သော။ အဇ္ဈတ္တဘဝ၊ အစိုးအပွါး ကိုလျှင်။လဇ္ဇာ၊ ရအပ်သည်။နအသိ၊မဖြစ်။ သောစန္တံ၊ စိုးရိမ်သော။ ဇနံ၊ထိုသူကို။ဒက္ခိတံ၊ဆင်းရဲသည်ကို။ ဝိဒိတ္ဝာ၊သိ၍။ ပစ္စတ္ထိကာ၊ ရန်သူ တို့သည်။အတ္တမနာ၊ ဝမ်းမြောက် ဝမ်းသာကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။ ။ယတောစ၊ အကြင်အခါ၌လည်း။ ခေ၊စင်စစ်။ အတ္ထဝိနိစ္ဆယညှ၊ အစိုးအပွါးကို ဆုံးဖြတ်ခြင်း၌လိမ္မာသော။ ပဿ်တောတော၊ မည်၏ရှိသည်။ အာပဒါသု၊ ဘေးရန်တို့ကြောင့်။ နဝေဓတိ၊မတုန်လှုပ်။ ပုရာဏံ၊ရှေး၌ ဖြစ်သော။အဝိကာနံ၊ ဘင်းသောဘောက်ပြန်ခြင်းရှိသော။ မုခံ၊မျက်နှာ ကို။ဒိသွံ၊မြင်၍။ ပစ္စတ္ထိကေသု၊ရန်သူတို့၌။ ဒုက္ခိတာ၊ ပူပန်ခြင်းရှိသည် ၏အဖြစ်တို့သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။ ။ဇပ္ပေန၊မန္တံရားမန္တံနဖြင့်၎င်း။ မန္တေန၊ အတိုင်အပင်ဖြင့်၎င်း။ သုဘာသိတေန၊ ကောင်းစွာဆိုသော စကားဖြင့်၎င်း။ အနုပ္ပဒါနေန၊ ဥစ္စာတံစိုးပေးသဖြင့်၎င်း။ ပဝေဏိယာ ဝါ၊ အမျိုးအနွယ်ဖြင့်၎င်း။ ယထာယထာ၊ အကြင်အကြင်သို့သော အကြောင်းဖြင့်။ ယတ္ထ၊အကြင်အမှု၌။ အတ္ထံ၊အစိုးအပွါးကို။လဘေယျ၊

ရရာ၏။ တထာတထာ၊ ထိုထိုသို့သောအကြောင်းဖြင့်။ တ၌၊ထိုအမှု ၌။ ပရိယ်းမေယျ၊ လုံ့လပြုရာ၏။ ။ယတောစ၊ အကြင်အခါ၌လည်း။ မယာစ၊ ငါသည်၎င်း။ အညေန ဝါ၊ ထပါးသော သူသည်၎င်း။ ဇသ အယွေဟ၊ ဤအစီးအပွါးကို။ အလဘ်နေယျော၊မရအပ်ဟူ၍။ ဇာနေယျ၊ သိရာ၏။ တဒါ၊ ထိုအခါ၌။ အသောဗမာနော၊ မစိုးရိမ်သည်ဖြစ်၍။ မယာ၊ငါသည်။ကတံ၊ပြုအပ်သော။ကမ္မံ ကံသည်။ဒဋ္ဌ မြင်၏။ဇာနဒါနိ၊ယခု အခါ၌။ကိန္တေ၊ အသို့လျှင်။ ကရောမိ၊ ပြုရအံ့နည်း။ ဇာတိ၊သို့။ အဓိဝါသ ယေယျ၊ သည်းခံရာ၏။ ။ဤဂါထာဖြင့်။ ရှင်မင်းကြီး၊ စိုးရိမ်ဝင်ကြွေး ခြင်း၌ တစုံတခုသော အကျိုးစီးပွါးကိုမရ။ဝိုကြွေး စိုးရိမ်သည်ကိုဖြင့်၍ ရန်သူတို့ ဝမ်းမြောက်ခြင်းသာဖြစ်ရာ၏။ ရန်သူတို့၏ ဝမ်းမြောက် ကြောင်းကို ပညာရှိတို့သည်မပြုရာ။ အကျိုးစီးပွါးကို ဆုံးဖြတ်ခြင်း၌ လိမ္မာသောပညာရှိတို့သည် ဘေးရန်တို့ကြောင့် မတုန်လှုပ်ရာ။ဘေးရန် ရောက်သောအခါ၌ မန္တ်ရွားမန္တ်နဖြင့် တတ်နိုင်သည်ရှိသော် မန္တ်ရွား မန္တ်နစိပ်၍ နှာရှုပ်ထည့်သဖြင့် အောင်ရာ၏။ ထိုသို့မတတ်နိုင်သည် ရှိသော်၊ပဉ္ဉာရှိသူတော်ကောင်းနှင့် ပေါင်းဘော်နှီးနှော၍ တခုသော ဥပါယ်တမျှည်ဖြင့် အောင်ရာ၏။ ထိုသို့မတတ်နိုင်သည်ရှိသော်။ ချစ်နှစ် သက်ဘွယ်စကားကိုဆိုသဖြင့် အောင်ရာ၏။ ထိုသို့ မတတ်နိုင်သည်ရှိ သော်။အမတ်တရားသူကြီးတို့အား ဥစ္စာတံစိုးပေးသဖြင့် အောင်ရာ၏။ ထိုသို့မတတ်နိုင်သည်ရှိသော်၊ အမျိုးအနွယ်စပ်အောင် ဆောင်၍ဆိုသ ဖြင့် အောင်ရာ၏။ဤအကြောင်းငါးပါးတို့တွင်။တပါးပါးဖြင့် မအောင် နိုင်သည်ရှိသော်ကား မစိုးရိမ် မပင်ပန်းသည်ဖြစ်၍။ ငါရှေးဦး ပြုဘူး သောကံသည် ဖြေမှိုသည်ဖြစ်ရာ၏၊ အသူတတ်နိုင်အံ့နည်းဟု သည်းခံရာ ၏ဟူ၍ လျှောက်သည်ရှိသော်၊ မင်းကြီးလည်း ဘုရားလောင်း တရား စကားကိုကြားလျှင် အလွန်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ ထိုအမှုကို စိစစ်သုတ်သင်၍ အပြစ်မရှိသည်ကိုသိသဖြင့်၊ လည်ဦးတပ်သော်ဝါးကို ပယ်စေခြင်း။ ကြီးသောစည်းစိမ်ပေး၏ မင်းကြီး၏ အကျိုးအကြောင်း ကို ဆုံးမတတ်သော အမတ်ကြီးအရာ၌ တည်စေခြင်း။ ဘုရားလောင်း မှ တပါးသောသူငယ်တို့အား အသီးအသီးသော စည်းစိမ်ကိုပေး၍ အရာအထူးတို့၌ တည်စေခြင်း။ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ ထိုရောအခါ ဗာရာဏသိမင်းကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။

သူငယ် ဘော် တို့ သည် မဟာဇထေရ်၊ အနု ထေရ် ဖြစ် လာ ကုန် ၏။ သူငယ် ပညာရှိသည် ငါဘုရားဖြစ်၏ဟု ဇာတ် တော် ကို ပေါင်း ခြင်း အဋ္ဌပုတ္တိရှိသော တစသာရဇာတ်ကို အကြောင်းပြုသဖြင့် ၎င်း သိအပ် ၏။ ။ဤသည်လျှင် အညထာဘာဝအား ဖြင့် မစိုးရိမ်ခြင်းမည်၏ဟု လိုသေး၏။

၃၄။ ပညာရှိတို့သည် ဘယဘေရဝပုဂ္ဂိုဒအား ဖြင့် မစိုးရိမ်ခြင်းကိုပြရာ။

ဘယဘေရဝပုဂ္ဂိုဒအား ဖြင့် မစိုးရိမ်ခြင်းဟူသော်ကား။ ဘေးဥပဒ္ဒဝေါ ကြောက်မက်ဘွယ်ဖြစ်သောအခါ၌ မစိုးရိမ် မငြိကြွေး မမြဲ တမံး မတုန်လှုပ်ခြင်းတည်း။ ထိုမစိုးရိမ် မငြိကြွေး မတုန်လှုပ်ခြင်းကို ကား။ ဗာရာဏသီပြည်ရှင် ဖြဟ္မဒတ်မင်းကြီးသည် သားကို အမည် မှည့်အံ့သောနေ့၌ လိမ္မာသော ပုဏ္ဏားတို့ကို စည်းဝေးစေ၍။ မျှားစွာ သော ပူဇော်ခြင်း မြတ်နိုးခြင်းဖြင့် လက္ခဏာကို မေးသည်ရှိသော်။ လက္ခဏာကျမ်း၌ လိမ္မာသော ပုဏ္ဏားတို့သည်၊ လက္ခဏာနှင့် ပြည့်စုံ ကြောင်း။လက်နက်ငါးပါးဖြင့် ဇမ္ဗူ။ဒီပါကျွန်း၌ ထင်ရှားစွာဖြစ်လတ္တံ့ သောအကြောင်းကိုဆိုသဖြင့်။ ပဉ္စာဝုဓဟူသော အမည်ကိုရ၍ တဲ့ခြောက်နှစ်အရွယ် ရောက်လျှင်။ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါ မောက္ခဆရာ့ထံ၌ အတတ်ပညာသင်၍ တတ်လျှင်။ ဆရာပေးသော လက်နက်ငါးပါးဖြင့်၊ ဗာရာဏသီပြည်သို့ ပြန်သွားရာတွင် ခရီးကြား၌။ သီလေသလောမအမည်ရှိယော ဘီလူးဖောင့်ရာတော်သို့ ရောက်လျှင်။ အလုံးစုံသော သူတို့သည် ထိုတော၌ ဘီလူးစောင့်ကြောင်း။ မြင်မြင် သသူအား စားကြောင်းကိုဆို၍ မြစ်တားငြားသော်လည်း။ ကောသရာဇာ ခြင်္သေ့မင်းကဲ့သို့ မကြောက်မ၀့ံ။ ဆိုသည်ကိုပင်ယုံသဖြင့်။ ကြံစည် ကြိုးဝါး၍ သွားသည်ရှိသော်၊ တောလယ်သို့ ရောက်လျှင်၊ ထန်းပင်မျှ လောက်သောကိုယ်၊ ကုဋိတိုက်မျှသောခေါင်း။ သပိတ်လုံးမျှလောက် သော မျက်စိ၊ ဌက် ပျော ဖုံး မျှ လောက် သော အစွယ် ရှိသည်ဖြစ်၍။ ဖြူသောမျက်နှာ၊ ပြောင်ကျားသောဝမ်း၊ ညိုသော လက်ခြေတို့ဖြင့်။ ရပ်လော့ ရပ်လော့ ငါ့အစာဖြစ်ဖြီဟု လိုက်သည်ကို မြားဖြင့် ပစ်သည်

ရှိသေဒ် ဘီလူးအမွေးဒွဲပြု၍မြားအစင်းငါးဆယ်ကုန်လျှင်။ချဉ်းလာသည်
ကို သနဲလျက်ဖြင့်ခုတ်၍ လနဲလျက်ငြိုလျှင်။ လေးဖြင့်ရိုက်၍ လေးငြိုလျှင်။
မြားတောင့်နှင့် ရိုက်၍ မြားတောင့် ငြိုလျှင်။ ဆောက်ပုတ်ဖြင့် ရိုက်၍
ဆောက်ပုတ်ငြိုလျှင်။ ဟဲ့ဘီလူး နင်ငါ့ကို ပဋ္ဌာဝုဓမင်းသားဟု မကြား
ဘူးပါသလော။ သင်စောင့်သောတောသို့ ရောက်၍ မြားလေး အစရှိ
သည်ကိုယုံ၍ ငါမဝင်၊ ငါ့ကိုယ်ကို ယုံ၍ ငါဝင်သည်။ ဃာ သင့်ကို
မုံ့မုံ့ညက်ညက်ကြေစေအံ့ဟု ကြိုးဝါးလျက်။ လက်ျာလက်ဖြင့်သတ်၍
လက်ျာလက်ငြိုလျှင်။ လက်ဝဲလက်ဖြင့် သတ်၍ လက်ဝဲလက်ငြိုလျှင်။
လက်ျာခြေဖြင့်ကျောက်၍ လက်ျာခြေငြိုလျှင်။ လက်ဝဲခြေဖြင့်ကျောက်၍
လက်ဝဲခြေငြိုလျှင်။ ဦးခေါင်းဖြင့်ခိုက်၍ ဦးခေါင်းငြိုလျှင်။ တွဲလျားရှိသ
ဖြင့်။လက်နက်ငါးပါး အင်္ဂါငါးပါးဖြင့် လုံ့လပြု၍ခွင့်မမြင်သော်လည်း။
မငိုကြွေးမစိုးရိမ် မတုန်လှုပ်သည်ဖြစ်၍ ကြောက်ခြင်း၊ ရွံရှာခြင်းကင်း
သည်ကိုမြင်လျှင်။ဤသူသည်ကား ပုရိသသီဟ၊ပုရိသအာဇာနည်ဖြစ်၍။
ငါသို့သောဘီလူးကိုလျက် ထိတ်လန့်ခြင်းမရှိ။ ဤမျှလောက်ကာလပတ်
လုံး တယောက်သောသူကိုမျှ မမြင်စဘူးဟု စားခြင်းငှါမဝံ့သည်ဖြစ်၍။
လုလင်၊ အဘ သံ့ကြောင့် မကြောက်သနည်းဟု မေးသည်ကို။ ငါအ
ဘ သံ့ကြောင့်ကြောက်အံ့နည်း။တဖြစ်တွင် တခါသေခြင်းသည် မြဲ၏။ငါ့
ဝမ်းတွင်း၌ ဝမ်္ဘရစိန်လက်နက်စက်ရှိ၏။ သင်ငါ့ကိုစားသည်ရှိသော်။
ထိုလက်နက်သည်၊ သင့်အာရုကို အားလုံးအထုံးဖြတ်၍ သေစေလတ္တံ့။
သင်နှင့်ငါ သေခြင်းတံ၏ဟု ကိုယ်တွင်း၌ရှိသော ဉာဏ်ပညာတည်းဟူ
သော လက်နက်ကိုရည်၍ ဆိုသည်ရှိသော်။ လုလင်ဆိုသည် မှန်၏။
ဤ သူအသားသည် ပဲနောက်လုံးရှိမျှ ငါ့ဝမ်းသို့ဝင်သော်လည်း မကျေ
နှိုင်ရာ။လွတ်ရသော်ကောင်း၏ဟု သေအံ့သောဘေးမှ ကြောက်သဖြင့်။
လုလင်သည် ပုရိသသီဟ၊ ပုရိသအာဇာနည်ဖြစ်သောကြောင့်။လုလင်
အသားကို ငါမစားပြီ။ ရာဟုခံတွင်းမှ လွတ်သောလက်ဝဲသို့။ အဆွေ
အမျိုးတို့၏အပေါင်းကို နှစ်သိမ့်စေလျက် သွားပါလေဟု လွှတ်သည်ရှိ
သော်။ ငါကားသွားတော့အံ့။သင်တမှကားရှေးဘဝ၌။ ဤမကောင်းမှု
တို့ကိုပြု၍ ကြမ်းကြုတ်သောလက်၌ စွတ်သောသွေးရှိသော သူအသား
ကိုစားသောဘီလူးဖြစ်ပြီ။ယခုလည်းမကောင်းမှုကိုပြု၍မကောင်းသော
အလားသို့ လားရပြန်အံ့။ ငါနှင့်တွေ့သောအခါ၌စ၍၊ မကောင်းမှုကို

မပြုလင့်။ ပါဏာတိပါဝါကသည် ငရဲ တိရစ္ဆာန် ပြိတ္တာအသူရကာယ် ဘုံ၌ ဖြစ်စေတတ်၏။ လူ့ပြည်၌ဖြစ်ပါသော်လည်း။ ဖြစ်တိုင်းဖြစ်တိုင်း နည်းသော အသက်ရှိသည်သာဖြစ်၏။ ထိုသို့ အစ ရှိ သော နည်း ဖြင့် ငါးပါးသောသိလမရှိခြင်း၌ အပြစ်။ ငါးပါးသောသိလနှင့် ပြည့်စုံခြင်း၌ ဒေးကျိုးကိုဆို၍။ အထူးထူးသော အကြောင်းဖြင့်ဆုံးမ၍ ငါးပါးသော သိလ၌တည်စေ၍။ ထိုတောအုပ်၏အဝ၌ လူအပေါင်းတို့အား ထိုအ ကြောင်းကိုကြား၍။ ဗာရာဏသိသို့သွား၍။ မယ်တော်၊ ခမည်းတော် နတ်ရွာလားသဖြင့်။မင်းအဖြစ်၌တည်၍ အသူအစရှိသော ကောင်းမှုကို ပြု၍ ကံအားလျော်ပတ်စွာလား၍ ဘုရားဖြစ်တော်မူပြီး၍။ ။ယော အလိနေနစိတ္တေန။ အလိနမနသော နရော။ ။ဘာဝေတိ ကုသလံကမ္မံ၊ ယောဂက္ခေမဿပတ္တိယာ။ ပါပုဏောအနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခ ယံ။ ။ဘိက္ခဝေ၊ရဟန်းတို့။ အလိနမနသော၊မတွန့်သောနှလုံးရှိသော။ ယောနရော၊အကြင်သူသည်။အလိနေန၊မတွန့်သော။ စိတ္တေန၊ စိတ်ဖြင့်။ ယောဂက္ခေမဿ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကမ္မံ၊ကံကို။ ဘာဝေတိ၊ပွါးစေ၏။သောနရော၊ ထိုသူသည်။အနုပုဗ္ဗေန၊အစဉ်သဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊အလုံးစုံသော သံယောဇဉ်၏ ကုန်ခြင်းဟူဆိုအဝ သော အရဟတ္တဖိုလ်သို့။ပါပုဏော၊ ရောက်ရာ၏။ ။ဤဓမ္မဒေသနာကို ဖြစ်စေခြင်း။ ထိုရောအခါ သိလေသလောမဘီလူးသည် ယခုအခါ၌ အင်္ဂုလိမာလဖြစ်လာ၏။ပဉ္စာဝုဓမင်းသားသည် ငါဘုရားဖြစ်လာ၏။ ဟု ဇာတ်တော်ကို ပေါင်းခြင်း အစ္ဆု ပတ္တိ ရှိ သော ပဉ္စာဝုဓဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်။ ။

ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး မင်းပြုသောအခါ၌။ထိုဘုရား လောင်းသည် သူဆင်းရဲအမျိုး၌ဖြစ်၍ သုတနုဟူသော အမည်ကိုရသ ဖြင့် အရွယ်သို့ရောက်လျှင်။ သူအထံ၌ အလုပ်အဆောင်ခံ၍ ကိုယ်ခဖြင့် မိဘကိုမွေး၍၊ အဘလွန်လျှင် အမိကိုမွေးသည်ရှိသော်။ ဗြဟ္မဒတ်မင်း ကြီးသည် သားသတ်ခြင်း၌ လွေ့လာသည်ဖြစ်၍။ တနေ့သ၌ များစွာ သော အခြံအရံဖြင့်၊ ယူဇနာတရာ အတိုင်းအရှည်ရှိသော တောသို့ဝင် ၍ အကြင်သူ၏အထံမှသားပြေး၏။ထိုသူအား၊ဤမျှသောဒဏ်ဖြစ်စေဟု ဘာဝေ၍ သားလိုက်ကြရာတွင်၊ သားရှိသောအရပ်ကို ကြွေးကြော်သ

ဖြင့်။ထစေသော သားအပေါင်းကို့တွင်။ ဇကိမည်သော သားတရုသည် မင်းကြီးသို့ ရှေ့ရှုပြေးလာသည်ကို မြားဖြင့်ပစ်လတ်သည်ရှိသော်။ မိဂ မာပယာဒ္ဓိ လိမ္မာသောကြောင့်၊ လည်းကျွန်ုပ်သည်ကို။ မင်းကြီးယူမည် သွားသျှင်း ထ၍ပြေးလေသည်ကို မြင်လေသောကြောင့်။ အမတ်အစရှိ သောသူတို့ ပြက်ရယ်ပြုသည်ကို မင်း၏မာနဖြင့် သုံးယူဇနာတိုင်တိုင် လိုက်၍၊ ဇကိသား တို့၏သဘောသည်။သုံးယူဇနာထက်လွန်၍မပြေးနိုင် ဖြစ်သောကြောင့် မိလျှင် ထက်ပိုင်းဖြတ်၍ထမ်းပြီးသော်။တာဂနန်လာပြန် ရာဘွင် ပင်ပန်း၍ ခရီး၏အနိုးပညောင်ပင်၌နားသည်ရှိသော်။ အိပ်ပျော် ၍ နိုးလျှင် ထ၍သွားမည်ပြုသည်ကို။ ဝေဿဝဏ်နတ်မင်းမှ ဆုရ၍၊ ထိုပညောင်ပင်သို့ ဝင်သွားကို စားပိုင်သော မာဃဒေဝဘီလူးသည် ရပ်တော့၊ ငါ့အစာဖြစ်ပြီဟု လက်ကိုကိုင်လျှင်။သင်အသူနည်းဟုမေး၍။ ထိုသစ်ပင်၌စောင့်သောအဖြစ်။ ထိုသစ်ပင်ရိပ်သို့ ဝင်သွားကို စားပိုင် သော ဘီလူးအဖြစ်ကိုဆိုမှ မင်းကြီးသည် သတိကိုဆောင်၍။ယနေ့သော စားမည်လော။နေ့တိုင်းမပြတ် စားလိုသလောဟုမေး၍ ရသည်ရှိသော်။ မပြတ်စားလို၏ ဟုဆိုလျှင်။ ယနေ့ ဤအ ကိုစား၍ ငါ့ကိုလွှတ်၊နေ့တိုင်း ထမင်းတဒိုး၊ ထမ်းလူတယောက် ပေးမည်ဟုဆိုသည်ကို။ ကောင်း၏ မဂမ္ဗမလျှော့ပြု၊ မပေးသနေ့၌လာ၍ စားမည်ဟုဆိုမှ၊ ငါဗာရာဏသီ မင်းကြီးတည်း။ငါ၌မရှိသော ဝဏ္ဏမည်သည်မရှိ။မကြောက်ကြလင့်ဟု အဆုံးအဖြတ်ဆို၍ မြို့သို့ရောက်လျှင်။ အကျိုးစီးပွါးကိုလိုသော အမတ် တယောက်အား အကြောင်းကြား၍ ဝန်ပြုသည်ရှိသော်။ နေ့ဆုံး ရက်ဖြတ် ဆိုကော်မှ၏လောဟုမေး၏။မဆိုမိဟုဆိုလျှင်။မလျော်ပတ် သော အမှုကို ပြုတော်မူ၏။ထိုသို့မူလည်းဖြစ်စေ စိုးရိမ်တော်မမူလင့်ဟု ဆို၍။ တယောက်သောသူမျှမသိရ။ နှောင်အိမ်၌ထားသော လူတို့ကို တနေ့ တယောဝံစိရင်၍။ နောက်ကာလ၌ နှောင်အိမ်ထားသော လူကုန် သဖြင့် အကြောင်းကို လျှောက်သော်။ သေအံ့သော ဘေးမှင်ကြောက် သည်ဖြစ်၍ တုန်လှုပ်သောမင်းကြီးကို နှစ်သိမ့်စေ၍။ ရှင်မင်းကြီး၊ မကြောက်လင့်။ အသက်ကိုချစ်သောထက် ဥဿာကိုမင်သူ အားကြီး ၏။ဆင်ကျေဝံကုန်း၌ အသပြာထောင်ထုပ်ကိုတင်၍ ဥဿာကိုယူ၍ အသူ ဘီလူးစာ ထမင်းဒိုမည်နည်းဟူ၍ စည်လည်စေအံ့ဟု မင်းကြီးကိုဖြား ယောင်း၍ ထိုအတိုင်းလည်စေသော်၊ သုတနုလုလင်ကြား၍။ ငါသည်

ပဲဝက်ပဲဝက်သော ဥစ္စာကိုရုံးစု၍ ဆင်းရဲငြိုငြင်စွာ ငါ့မိကိုမွေးသော ထက်။ဤဥစ္စာကို ငါ့မိအားပေး၍ ကိုလူးစာပို့ရသော် ကောင်း၏။ဘိ်လူး ကို ဆုံးမနိုင်လျှင် ဆုံးမ၍ပြန်အံ့။မဆုံးမနိုင်သော်လည်း၊ငါ့မိချမ်းသာစွာ ဒမသက်မွေးရအံ့ ဟုကြံ၍ အမိအားကြားသည်ကို။ငါဥစ္စာဖြင့်အလိုမရှိ။ ချစ်သား။ နောဘိဟု နှစ်ကြိမ်တောင်းပန်သည်ကို ဖြစ်လျှင်။ သုံးကြိမ် မြောံ အမိအံ့ားမကြားမူ၍။ထိုဥစ္စာကိုယူပြီးသော် အမိအားပေး၍ မိခင် မစိုးရိမ်လင့်။ငါဘိလူးကိုနှိုင်အောင်ဆုံးမ၍လာအံ့ဟု အမိကို ရိုသေစွာရှိ ခိုးပြီးမှ မင်းဏ်အချင်းကို့နှင့်တကွမင်းကြီးအထံသို့သွား၍။ မောင်ဘိလူး စာ ထမင်းပို့အံ့လောဟု မင်းကြီးမေးသည်ကဲ့ မစိုးရိမ်မတုန်လှုပ်သည် ဖြစ်၍ ပို့အံ့သောအကြောင်းကိုလျှောက်လျှင်။ အဘယ်အလိုရှိသနည်း ဟု မေး၍။ရွှေခြေနင်းကိုလို၏ဟုဆိုသဖြင့်။ အဘ ့ကြောင့်နည်းဟုမေး သည်ကို ထိုဘိလူးသည် မိမိမြေ၌ရပ်သောသူကိုသာ စားပိုင်သည်ဖြစ် သော်ကြောင့်၊ဘိလူးမြေ၌အကျွန်ုပ်မရပ်၊ခြေနင်း၌သာရပ်အံ့ဟုဆိုလျှင်။ တပါး အဘယ်အလိုရှိသနည်းဟုမေး၍။ဆောင်းတော်မူသောထီးဖြူကို လို၏ဟုဆိုလျှင်။ အကြောင်းကိုမေးသော် ထိုဘိလူးသည် မိမိသစ်ရိပ်သို့ ဝင်သူကို စားပိုင်သည်ဖြစ်သောကြောင့်။ ဘိလူး သစ်ရိပ်သို့မဝင်။ ထီးဖြူရိပ်၌ နေအံ့ဟုဆိုလျှင်။ တပါးအဘယ်အလိုရှိပါသနည်းဟုမေး၍။ စွဲတော်မူသောသနဲလျက်ကိုလို၏ဟုဆိုသဖြင့် လိုကြောင်းကိုမေးသော်။ ဘိလူးတို့မည်သည် လက်နက်ရှိသောသူကို ကြောက်သောကြောင့်ဟု ဆိုလျှင်၊ တပါး အဘယ်အလိုရှိအံ့နည်းဟုမေး၍။ စားတော်ထမင်းနှင့် ပြည့်စုံသော စားတော်မူသော ရွှေခွက်ကို လို၏ဟုဆိုလျှင်။ အဘယ် ကြောင့်နည်းဟုမေးသည်ကို အကျွန်ုပ်သို့သောပညာရှိသည် မဖြွေခွက်၌ ညစ်ညူးသောထမင်းကို ဆောင်ခြင်းငှါ မ လျောက် ပတ် ဟု ဆို လျှင်။ မင်းကြီးလည်း အသက်ခြင်း လွယ်ပေးသသူဖြစ်သောကြောင့်၊ ဆိုတိုင်း ပေးသည်ရှိသော်။ ရှင်မင်းကြီး၊မကြောက်လင့်။ယခုနေ့ အကျွန်ုပ် ဘီးလူး ကိုဆုံးမ၍ ရှင်မင်းကြီးကို ချမ်းသာစေအံ့ဟု မင်းကြီးကို နှစ်သိမ့်စေပြီး သော်။ ခြေနင်းစိုး၍ ထီး၊ သနဲလျက်ဆောင်းလွယ်၍ ရွှေခွက်ကိုကိုင် လျက် ဘီးလူးအထံသို့သွားသည်ကို ခဒိုးကိုမြော်၍နေလင့်ဇသော ဘီးလူး မြင်လျှင်။ ဤပေသာကျား နေ့တိုင်းလာမြဲနှင့်မတူ၊ အဘ ့ကြောင့်နည်း ဟုကြံလင့်စဉ်၊ ဘီလူးအထံသို့ရောက်လျှင် သစ်ရိပ်ပြင်၌ရပ်လျက်။ မစိုး

ရိမ် မတုန်လှုပ်သည်ဖြစ်၍ ထမင်းခွက်ကိုတည်၍ သန့်လျက်ဦးဖြင့်တွန်း လိုက်ပြီးသော်။ ။ရာဇာတောဘတ္တံ့ပါဟော်သိ၊ သုစိ ံမံသုပသေစနံ။ မာဃဒေဝတ္ထိ ံအဓိဝတ္တေ၊ဟိနိက္ခမဘုဉ္ဇသု။ ။မာဃဒေဝတ္ထိ ံ၊ မာဃဒေဝအမည်ရှိသော သစ်ပင်၌။ အဓိဝတ္တေ၊ စောင့်သော ဘီလူးမင်း။ ရာဇာ။ ဖြဟ္မဒတ်မင်းကြီးသည်။ သုစိ ံမံသုပသေစနံ၊ စင်ကြယ်သော သားဖြင့်ပွဲမ်းသော။ဘတ္တံ့၊ထမင်းကို။တော၊ ဘီလူးမင်းအား။ပါဟော်သိ၊ သလာဏ်။ဟိ၊ လာလှည့်။နိက္ခမ၊ ထွက်၍။ ဘုဉ္ဇသု၊စားလော့။ ။ဤ ဂါထာဖြင့် တိုက်တွန်းသည်ရှိသော်။ ဤပေသာကျားကို လှည့်စား၍ သစ်ရိပ်သို့ဝင်မှစား၍ခဲ့ဟုကြံ၍။ ။ဟိမာဇာဝဩသြရေန၊ ဘတ္တာမာဒါယ သူပိနံ။ တွဉ္စမာဇာဝဘိဘ္ဘာစ၊ ဥဘောဘာဘ္ဘာဘဝိသထ။ ။မာဇာဝ၊ လုလင်။ သူပိနံ၊ ပြည့်စုံသော အဓဲဟင်းလျာရှိသော။ဘတ္တံ့၊ ထမင်းကို။ အာဒါယ၊ ယူ၍။သြရေန၊ ဤမှာဘက်ဖြင့်။ ဟိ၊ လာလှည့်။ မာဇာဝ။ လုလင်။တွဉ္စ၊သင်သည်၎င်း။ဘိဘ္ဘာစ၊ထမင်းသည်၎င်း။ ဥဘော၊နှစ်ပါး စုံတို့သည်။ မမ၊ငါ၏။ ဘဘ္ဘာ၊ အစာတို့သည်။ ဘဝိသထ၊ ဖြစ်လကုန် အံ့။ ။ဘီလူးစကားကိုကြား၍ ဘုရားလောင်းလည်း။ ။အပ္ပကေနတုဝံ ယဘ္ဘ၊ ထူလမတ္ထံ ဇဟိသတိ။ ဘိက္ခဉ္ဆေနာဟာရိဿန္တို့၊ ဇနာမရဏာ သညိနော။ ။လဒ္ဓါနယဘ္ဘ တဝနိစ္စာဘတ္တံ့။ သုစိ ံပဏီတံရသသဉ္ဉပေ တံ။ ဘိက္ခဉ္ဆတေအဟာရိတော နရောဇ္ဈ၀။ သုဒုလ္လဘောဟောသတိခါ ဒိတေမယိ။ ။ယဘ္ဘ၊ဘီလူးမင်း။တုဝံ၊သင်သည်။အပ္ပကေန၊နည်းသော အကြောင်းဖြင့်၊ထူလံ၊ ကြီးစွာသော။ အတ္ထံ၊ အကျိုးကို။ ဇဟိသတိ၊ စွန့်ရလတ္တံ့။ ဇနာ၊ လူအပေါင်းတို့သည်။ မရဏာသညိနော သေအံ့ သော အမှတ်ရှိကုန်သည်ဖြစ်၍။ ဧတော၊ သင်အား။ဘိက္ခံ၊ ထမင်းကို။ နာဟာရိဿန္တို့၊ မဆောင်လကုန်အံ့။ ။ယဘ္ဘ၊ဘီလူးမင်း၊သုစိ ံပဏီတံ၊ စင်ကြယ် မွန်မြတ်သော။ ရသသ၊ ကောင်းမြတ်သော အရသာတို့နှင့်။ ဥပေတံ၊ ပြည့်စုံသော။ဣဒံ၊ ဤထမင်းသည်။ တဝ၊ သင်၏။ နိဗ္ဗာတ္တံ့၊ အဖြစ်သောထမင်းတည်း။ ဣဒံ၊ ဤထမင်းကို။ လဒ္ဓါန၊ ရလျက်။ မယိ၊ ငါ့ကို။ ခါဒိတေ။ စားသည်ရှိသော်။ တေ၊သင်အား။ ဘိက္ခဉ္ဆေ။ ထမင်းကို လည်း။ အာဟာရိတော၊ ဆောင်ပေအံ့သော။နရော၊ သူကို။ ဇဓ၊ဤကာ သိတိုင်း၌။ သုဒုလ္လဘော၊ အလွန်ရခဲသည်။ဟောသတိ။ ဖြစ်လတ္တံ့။ ။ ဤဂါထာတို့ဖြင့်၊ ဘီလူးမင်းသည် နည်းသောအကြောင်းဖြင့် များသော

အကျိုးကိုစွန့်ရလတ္တံ့။ ဗာရာဏသိမင်းကြီး၌ ငါကဲ့သို့သော ပညာရှိ မရှိ။ သင် ငါ့ကိုစားသည်ရှိသော်။ သုတနုကိုစင်လျက် စားသေး၏ရှင့်၊ တပါးသောသူကိုကား အဘယ် ဆိုဘွယ်ရာရှိအံ့နည်းဟု။ သင့်အား ထမင်းပို့အံ့သသူကိုအလွန်ရခဲသည်ဖြစ်၍။ သင်မစားရသဖြင့် ညှိုးငယ်၍ ခြောက်သောသစ်ပင်ကဲ့သို့ သေလတ္တံ့။ ငါတို့သခင်မင်းကြီးကိုလည်း၊ သင်စားခြင်းငှါ မရရာ။ အဘ ဘုံကြောင့်နည်းဟူမူကား။ ပဒသ သစ်ပင် ရိပ်ခိုမရှိ အပမှာ ရှိသည်ဖြစ်သောကြောင့် မစားရရာ။အဂၤယ်၍ ငါနှင့် သင် လုံးထွေးအံ့။ သင့်ကို ဤသန်လျက်ဖြင့်နှစ်ပိုင်းဖြတ်အံ့။ ဤအကျိုးငှါ ယနေ့လာသည်။ ဤထမင်းကိုစား၍ ငါ့ကိုလွှတ်တော်တမူကား။ငါတို့ သခင်မင်းကြီးအား၌ နေ့တိုင်း၊ ဤကဲ့သို့ပုံလာအံ့ဟု ဘုရားလောင်း မြဲမံးသည်ရှိသော်။ လုလင်ဆိုသည် သင့်မြတ်သောသဘောရှိပေ၏ဟု၊ ကြည်သော စိတ်ရှိသဖြင့် လွှတ်လျှင်။ ရှေးဦးဘိလူးကို ဆုံးမ၍ ငါးပါး သောသီလ၌ တည်စေခြင်း။ ထိုဘိလူးကို မြှိုသို့သွေးဆောင်ခြင်း။ ထိုး သန်လျက်ကိုင်၍ လိုက်စေခြင်း။ ဘုရားလောင်း လာသည်ကိုကြား၍လျှင်။ အမတ်အပေါင်းတို့နှင့်တကွ မင်းကြီး ခရီးဦးကြိုဆိုခြင်း။ ဘိလူးကို မြှိုတံခါးဦး သင့်တင့်ကောင်းမွန်စွာထားခြင်း။ထမင်းဦး၊ဟင်းဦးအစရှိသဖြင့် နေ့တိုင်းပူဇော်ခြင်း။ မြှိုဦးစည်လည်၍စည်းဝေးစေပြီးဟသ်။ဘုရား လောင်း၏ဂုဏ်ကိုဆို၍။ စစ်သူကြီး၏အရာဦး ထားခြင်း။မင်းကြီးလည်း ဘုရားဧလောင်းအဆုံးအမဦးတည်သဖြင့်၊ အလှူအစရှိသောကောင်းမှုကို ပြု၍ နတ်ပြည်ဆုကိုရခြင်း။ ထိုရောအခါ မာဃဒေဝဘိလူးသည် ယခု အခါ၌ အင်္ဂုလိမာလဖြစ်လာ၏။ ဗာရာဏသိမင်းကြီးသည် အာနန္ဒာဖြစ် လာ၏။ လုလင်ပညာရှိသည် ငါဘုရားဖြစ်၏ဟု ဇာတ်တော်ကိုပေါင်း ခြင်း အဓွန့ပုတ္တိရှိသော သုတနုဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

မဟာဥမင်္ဂဇာတ်နှင့်တူသော ပဓွန့ပုန္နဝတ္ထုရှိသော အတိတ်ကာလ ၌၊ ကုရုတိုင်းတွင် ကုရုအမည်ရှိသောမင်း မင်းပြုသည်ရှိသော်။ ထို ဘုရားလောင်းသည်။ ကုရုကန္တအမည်ရှိသောသင်္ဘောဆိပ်၌၊ သင်္ဘော သူကြီးသားဖြစ်၍ သုပ္ပါဒကဟူသော အမည်ကိုရသဖြင့် အရွယ်သို့ ရောက်လျှင်။ ဉာဏ်ပညာနှင့်ပြည့်စုံသော သင်္ဘောသူကြီးဖြစ်၍။ ဘုရား လောင်းစီးသောသင်္ဘောသည်။ ခွေတ်ယွင်းခြင်းမရှိသည်ဖြစ်၍ သင်္ဘော လွင့်ဘန်များသဖြင့်။ဆားငန်ရေကြောင့် မျက်စိမသန်သည်ရှိသော်။တမန်

သူကြီးအမှုကိုစွန့်၍ ကုဗ္ဗရာဇ်မင်းကြီးကိုမြို၍ အသက် မွေးပါသည်ကို တရားသူကြီးအရာ၌ထား၍။ ဗွေ၊ငွေ၌ဥာဏ်၊ ရတနာဆင်၊မြင်း၊ ပတ္တာမြား၊ ပုလဲ အစရှိသည်ကို အဘိုးပြတ်ရရာတွင်။ မင်းကြီး၏မင်္ဂလာဆင်တစီး ရောက်လာသည်ကို ဘုရားလောင်းအား စူးစမ်းစေ သည် ရှိ သော်။ ဆင်ကို လက်ဖြင့်စမ်းသပ်လျှင်။ ဤဆင်သည် အမိဝမ်းမှဘွားသောအခါ။ ငင်းအမိ၊နောက်ခြေမခံနိုင်သောကြောင့် မြေသို့ကျသဖြင့်နောက်ခြေ နှိမ့်၏။မင်္ဂလာဆင် မထိုက်ဟုဆိုလျှင်။ ဆင်ကို ဆောင်ခဲ့သော သူတို့ကို မေးသည်ရှိသော်။ ဆိုတိုင်းမှန်သောကြောင့်၊ မင်းကြီး နှစ်သက်သဖြင့် ဂုစ်သပြာဆုပေး၍။ထို့အတူငင်း။ မင်္ဂလာမြင်းအလှူငှါ ဆောင်ခဲ့သော မြင်းတစီးကိုလည်း၊ လက်ဖြင့်စမ်းသပ်လျှင်။ ဤမြင်းကို မွေးသနေ့ ၌ အမိသေ၍ နို့ပြတ်သားဖြစ်သောကြောင့်၊ မင်္ဂလာမြင်း မထိုက်ဟုဆိုလျှင်။ ငှေးနည်းဖြင့်မေး၍ ဆိုတိုင်းမှန်သောကြောင့်၊ နှစ်သက်သဖြင့် ဂုစ်သပြာဆုပေးစေ၏။မင်္ဂလာရထား အလှူငှါဆောင်ခဲ့သော ရထားတစီးကိုလည်း ထို့အတူ ငင်းလက်ဖြင့် စမ်းသပ်လျှင်။ ဤ ရ ထား သည် ခေါင်းသက်ရှိသော သစ်ကိုလုပ်သော ရထားဖြစ်သောကြောင့် မင်္ဂလာရထားမထိုက်ဟု ဆိုတိုင်းမှန်သောကြောင့်။ ဂုစ်သပြာ ငင်းဆုပေး၍။ များစွာသော အဘိုးထိုက်သော ကမ္မလာ ရတနာ ရောက်လာသည်ကိုလည်း။ ဘုရားလောင်းကို စူးစမ်းစေသည်ရှိသော်။ လက်ဖြင့်စမ်းသပ်လျှင်။အထဲ၌ ပိုးရှိသည်ကိုဆိုသဖြင့် သုတ်သင်ကြည့်ရှုလျှင်။ ဆိုတိုင်းမှန်သောကြောင့်၊ ဂုစ်သပြာငင်း ဆုပေးသည်ကို။ ဤသို့သောအံ့ဘွယ်သရဲကို သိနိုင်စွမ်းသောပညာရှိသည်ကို ဂုစ်သပြာစီဆုပေးသည်။ဤမင်း၏ အပေးအကမ်းသည် ဆင်္ဂြာသည်တို့၏ အပေးအကမ်းတည်း။ ဤမင်းသည် ဆင်္ဂြာသည်အနွယ်ဖြစ်မည်။ ဤမင်းကိုခစားသဖြင့် အကျိုးမရှိဟု အရပ်ဟောင်းသို့ ပြန်ခဲ့သည်ရှိသော်။ ကုန်သည်တို့ သဘော်ဘလွင့်မည်စိုရင်၍ ဘုရားလောင်းကို တမှန်သူကြီးပြုစိမ့်သောငှါ တောင်းပန်သည်ကို ငါမျက်စိမသန် ဟု ပယ်လျက်။ မျက်စိမသန်သော်လည်း ပညာမျက်စိဖြင့် ငါတို့ထက် အဆအရာမြတ်၏ဟု အဘန်တာ လဲတောင်းပန်သဖြင့် ဝန်ခံ၍ သဘော်ဘလွင့်ကြသည်ရှိသော်။ခုနစ်ရက်သာဥပုဒ္ဒဝေါမရှိသွား၍၊ခုနစ်ရက်လွန်လျှင် နှောင့်ရှက်သော လေခတ်သဖြင့်။ လေးလပတ်လုံး ပကတိသော သမုဒ္ဒရာအပြင်၌ သွား၍ လူနှင့်တူသောကိုယ်၊

သင်တုန်းသွားနှင့်တူသော နှာခေါင်းရှိသောငါးတို့၏ ကျင်လည်ရာ၊ ရေရာ
မာလိအမည်ရှိသော သမုဒ္ဒရာသို့ရောက်သဖြင့်။ ။ဥမ္မဒန္တီနဒီမုခဒ္ဒါရံ မနုဿာ ရေရနာသိကာ။ သုပ္ပါဒကန္တံပုဏ္ဏာမ၊ သမုဒ္ဒေါကတာမောအယံ။ ။ပဏ္ဍိတာ၊ပညာ့ရှင်။သုပ္ပါဒကံ၊သုပ္ပါဒကအမည်ရှိသော။တံ၊ ထိုပညာ့ရှင်ကို။ပုဏ္ဏာမ၊ ငါဘို့မေးပါကုန်၏။ ဇော်၊ ဤသမုဒ္ဒရာ၌။ ရေရနာသိကာ၊ သင်တုန်းသွားနှင့်တူသောနှာခေါင်းရှိကုန်သော။မနုဿာ၊လူတို့သည်။ ဥမ္မဒန္တီ၊ပေါ်လည်းပေါ်ကုန်၏။ နိမုဇ္ဇန္တီ၊ ၎ပ်လည်း၎ပ်ကုန်၏။ အယံ၊ ဤသမုဒ္ဒရာ၊သည်။ ကတာမော၊ အဘယ်မည်သော။ သမုဒ္ဒေါ၊ သမုဒ္ဒရာနည်း။ ။ဤဂါထာဖြင့်။ မေးကုန်သည်ရှိသော်။ သဘော်ကျမ်းနှင့်နီးနှောညီညွတ်၍။ ။ကုရုကစ္ဆာဝပယ္ဟာတာနံ၊ ဝါဏိဇာနံဓနေသိနံ။နာဝါယဝိပ္ပနဋ္ဌာပယာ၊ရေရမာလိတိရုစ္ဆကိ။ ။တာတာ၊အမောင်တို့။ ကုရုကစ္ဆာ၊ ကုရုကစ္ဆဆိပ်မှ။ပယာတာနံ၊သွားကုန်သော။ဓနေသိနံ၊ ဥစ္စာကိုရှာလွှဲရှိကုန်မသော။ ဝါဏိဇာနံ၊ကုန်သည်တို့၏။ နာဝါယ၊သဘော်သည်။ဝိပ္ပနဋ္ဌာယ၊ အရပ်တပါးသို့သွားသည်ရှိသော်။ အယံ၊ဤသမုဒ္ဒရာကို။ ရေရမာသိကာ၊ရေရမာလိသမုဒ္ဒရာဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤဂါထာဖြင့်၊ မောင်တို့ ပကတိသောသမုဒ္ဒရာကိုလွန်၍။ ရေရမာလိ သမုဒ္ဒရာကိုရောက်ကုန်ပြီဟုဆို၍။ ဤသမုဒ္ဒရာသည် ဝဇိရသမုဒ္ဒရာ၊ ဝဇိရဇိန်ကျောက်မျိုးတို့၏တည်ရာ။ ဝဇိရဇိန်ကျောက်မျိုးရှိ၏။ ယူဟူ၍ဆိုသော်။ လေ့ဘာကြီးတိုင်းယူ၍ သဘော်နစ်အံ့စိုးသောကြောင့်၊ သဘော်သားတို့အားမဆိုမူ၍ သဘော်ကိုရပ်စေလျက်။ ငါးတို့ယူသောနည်းဖြင့်၊ ကွန်ပစ်၍ ဥပါယ်တမျှညှဉ်ဖြင့်ယူစေ၍ အဘိုးနည်းသော ဥစ္စာဘဏ္ဍာကို စွန့်စေပြီးသော်။ ထိုသမုဒ္ဒရာကိုလွန်၍ မိုးပုံကြီးကဲ့သို့ မွန်းတည့်သောဇနုကဲ့သို့။ ရှုမစောက်သောအရောင်ဖြင့် ထွန်းပခြင်းရှိသော ဖွေစင်ခဲတို့၏တည်ရာအင်္ဂါမာလိအမည်ရှိသော သမုဒ္ဒရာသို့ရောက်သဖြင့်။ ။ယဓာအင်္ဂါဝ သူဂရိယော်ဝ သမုဒ္ဒေါပဒုဒ္ဒိသတိ။ သုပ္ပါဒကန္တံပုဏ္ဏာမ၊ သမုဒ္ဒေါကတာမောအယံ။ ။ပဏ္ဍိတာ၊ပညာ့ရှင်။သုပ္ပါဒကံ၊သုပ္ပါဒကအမည်ရှိသော။ တံ၊ထိုပညာ့ရှင်ကို။ပုဏ္ဏာမ၊မေးပါကုန်၏။ ယထာ၊အကြင်အခြင်းဖြင့်။ အင်္ဂါဝ၊မိုးပုံကြီးကဲ့သို့။ သူဂရိယော်ဝ၊ မွန်းချက်နေကဲ့သို့။ ယော်သမုဒ္ဒေါ၊ အကြင်သမုဒ္ဒရာသည်။ ပဒုဒ္ဒိသတိ၊ ထင်၏။ အယံသမုဒ္ဒေါ၊ ဤသမုဒ္ဒရာသည်။ကတာမော၊ အဘယ်မည်သော။ သမုဒ္ဒေါ၊ သမုဒ္ဒရာနည်း။ ။ဤ

ဂါထာဖြင့်၊မေးကုန်သည်ရှိသေ၏။ ။ကုရုကစ္ဆာပယာတာနံ၊ ဝါဏိ
ဇာနံခနေသိနံ။ နာဝါယဝိပ္ပနဋ္ဌာယ၊ အင်္ဂါမာလိတိဝုစ္စတိ။ ။ဘောန္တော
ဝါဏိဇာ၊အိုအမောင်ကုန်သည်တို့။ ကုရုကစ္ဆာ၊ကုရုကစ္ဆဆိပ်မှ။ပယာ
တာနံ၊သွားကုန်သော။ခနေသိနံ၊ဥစ္စာကိုရှာလွှဲရှိကုန်သော။ ဝါဏိဇာ
နံ၊ကုန်သည်တို့၏။နာဝါယ၊သဘော်သည်။ ဝိပ္ပနဋ္ဌာယ၊ အရပ်တပါးသို့
သွားသည်ရှိသေ၏။ အယံသမုဒ္ဒေါ၊ ဤသမုဒ္ဒရာကို။ အင်္ဂါမာလိတိ၊ အင်္ဂါ
မာလိသမုဒ္ဒရာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ။ဤဂါထာဖြင့်ဖြေ၍။ ထိုရွှေ
ကိုလ်ည်း ရှေးနည်းဖြင့်ယူစေပြီးသေ၏။ နွေရည်အဆင်း၊ နွေဝမ်းအဆင်း
နှင့်တူသော ဖြူသော ထွန်းပခြင်းရှိသော ငွေစင်ခဲတို့၏တည်ရာ။ ဒဗိမာ
လိ အမည်ရှိသောသမုဒ္ဒရာသို့ရောက်၍။ ။ပယာဒဗိဝဒိရံဝ၊ သမုဒ္ဒေါ
ပဋိမိသတိ။ သုပ္ပါဒကန္တံပုစ္ဆာမ၊ သမုဒ္ဒေါကတာမောအယံ။ ။ပဏ္ဍိ
တ၊ ပညာ့ရှင်။ သုပ္ပါဒကံ၊ သုပ္ပါဒကအမည်ရှိသော။ တံ၊ ပညာ့ရှင်ကို။
ပုစ္ဆာမ ငါတို့မေးပါကုန်အံ့။ပယာထာ၊အကြင်အခြင်းဖြင့်၊ဒဗိဝ၊နွေဝမ်းကဲ့
သို့။ဒိဝံဝ၊နွေရည်ကဲ့သို့။ဇသောသမုဒ္ဒေါ၊ ဤသမုဒ္ဒရာသည်။ ပဋိမိသတိ၊
ထင်၏။ အယံသမုဒ္ဒေါ၊ ဤသမုဒ္ဒရာသည်။ ကတာမော၊ အဘယ်မည်
သော။ သမုဒ္ဒေါ၊ သမုဒ္ဒရာနည်း။ ။ဤဂါထာဖြင့်။ မေးကုန်သည်ရှိ
သေ၏။ ။ကုရုကစ္ဆပယာတာနံ၊ ဝါဏိဇာနံခနေသိနံ။ နာဝါယဝိပ္ပ
နဋ္ဌာယ၊ ဒဗိမာလိတိဝုစ္စတိ။ ။အနက်ကား ရှေးနည်းအတူ။ ။ဤ
ဂါထာဖြင့်၊ ဒဗိမာလိ သမုဒ္ဒရာ၏အဖြစ်ကိုဆို၍။ ထိုငွေကိုလည်း ရှေး
နည်းအတူယူစေ၍။ သမန်းမြက်အဆင်း၊ ကောင်းသောကောက်ပင်
အဆင်းနှင့်တူသော။ သို့သောထွန်းပခြင်းရှိသော ပတ္တမြားသို့ဟုဆိုအပ်
သော မြင်ကျောက်မျိုးတို့၏တည်ရာ။ ကုသမာလိအမည်ရှိသော သမုဒ္ဒရာ
သို့ရောက်၍။ ။ပယာထာကုဇံသောဝသသေသာဝ၊ သမုဒ္ဒေါပဋိမိသတိ။
သုပ္ပါဒကန္တံပုစ္ဆာမ၊သမုဒ္ဒေါကတာမော အယံ။ ။ပဏ္ဍိတ၊ ပညာ့ရှင်။
သုပ္ပါဒကံ၊ သုပ္ပဒကအမည်ရှိသော။တံ၊ ပညာ့ရှင်ကို။ ပုစ္ဆာမ၊ မေးပါ
ကုန်၏။ ယထာ၊ အကြင်အခြင်းဖြင့်။ ကုသောဝ၊ သမန်းမြက်ကဲ့သို့။
သသေသာဝ၊ကောက်ပင်ကဲ့သို့။ ပယာသမုဒ္ဒေါ၊ အကြင်သမုဒ္ဒရာသည်။
ပဋိမိသတိ၊ထင်၏။ အယံသမုဒ္ဒေါ၊ ဤသမုဒ္ဒရာသည်။ ကတာမော
အဘယ်မည်သော။သမုဒ္ဒေါ၊သမုဒ္ဒရာနည်း။ ။ဤဂါထာဖြင့်၊ မေးကုန်
သည်ရှိသေ၏။ ။ကုရုကစ္ဆာပယာတာနံ၊ဝါဏိဇာနံခနေသိနံ။ နာဝါယ

ဒီပ္ပနဋ္ဌာယ၊ ကုသမာလိတိ ဝုစ္စတိ။ ။အနက်ကား ဖွင့်အဓိပ္ပာယ်။ ။ ဤဂါထာဖြင့် ထိုသမုဒ္ဒရာ၏ အကြောင်းကိုဆို၍ ဖွင့်နည်းဖြင့် ယူစေ၍၊ ထိုသမုဒ္ဒရာကို လွန်စေ၍။ကျ။ဖတာ အဆင်း၊ဝါးတာ အဆင်းနှင့်တူသော။ ထွန်းပသောရောင်ခြည်ရှိသောဝဋ္ဋုရိယဟုဆိုအပ်သော။ဝံသဝဏ်ကျောက်မျိုးတို့၏တည်ရာ။ နဋ္ဌမာလိအမည် ရှိသောသမုဒ္ဒရာသို့ ရောက်၍။ ။ယထာနဋ္ဌောဝဝေဋ္ဌဝ၊ သမုဒ္ဒေါပဒိုဒိသတိ။ သုပ္ပါဒကန်္ဒံပုစ္ဆာမ၊ သမုဒ္ဒေါကတမောအယံ။ ။ပဏ္ဍိတ။ပညာ့ရှင်။ သုပ္ပါဒကံ၊ သုပ္ပါဒကအမည်ရှိသော။ တံ၊ထိုပညာ့ရှင်ကို။ ပုစ္ဆာမ၊ မေးပါကုန်၏။ ယထာ၊အကြင်အခြင်းဖြင့်။ နဋ္ဌောဝ၊ကျ။ကဲ့သို့။ဝါဋ္ဌဝ၊ဝါးကဲ့သို့။ ဇသော၊ ထိုသမုဒ္ဒရာသည်။ပဒိုဒိသတိ၊ထင်၏။အယံ၊ ဤသမုဒ္ဒရာသည်။ ကတမော၊ သော။ သမုဒ္ဒေါ၊နည်း။ ။ဤဂါထာဖြင့် မေးကုန်သည် ရှိသော်။ ။ကုရုကစ္ဆာဝပယာတာနံ၊ ဝါဏိဇာနံဧနေသိနံ နာဝါယ ဝိပ္ပနဋ္ဌာယ၊ နဋ္ဌမာလိတိဝုစ္စတိ။ ။ဤဂါထာဖြင့်၊ နဋ္ဌမာလိ သမုဒ္ဒရာ၏ အဖြစ်ကိုဆို၍။ ထိုကျောက်မျိုးကိုလည်း လျောက်ပတ်ရုံယူစေ၍။ဤ နဋ္ဌမာလိသမုဒ္ဒရာ၌။ သန္တာကျောက်မျိုးတို့သည် တည်ကုန်၏။ထို့ကြောင့် နိသောအရောင်ရှိ၏ ဟူ၍လည်း တနည်းဆို၏။ ဤသည်ကား ဇာတ်၌လာသောစကားတည်း။ဝိမာနဝတ္ထု အဋ္ဌကထာ၌ကား။ ဝိရူဠ္ဟတောင်၊ ဝိရူဠ္ဟရာဇ၏ အနိုးဖြစ်သောကြောင့်။ ဝဋ္ဋုရိယဟုဆိုအပ်၏။ထိုကျောက်မျိုးသည် ဥဒေါင်းလည်မွေးနှင့်သော်လည်းတူ၏။ ဘိုးတောင်နှင့်သော်လည်းတူ၏။ သိမ်မွေ့သော ဝါးရွက်နှင့် သော်လည်း တူ၏ဟု ဆို၏။ အဂိုတ္တိ၌ အဋ္ဌကထာ၌ကား။ တနှစ်ရှိပြီး ဝါး၏အဆင်းနှင့်တူသော အဆင်းရှိသောကျောံသည် ဇာတိဝဲ့၌ရိယမည်၏ဟုဆို၏။ ။(ဝိနည်းဋီကာ၌ကား။ဝံသဝဏ်ကျောက်မျိုးတို့သည်။ဝေန္ဒ၌ရိယမည်၏ဟုဆို၏။ ဤစကားကိုကား။ ကုသမာလိသမုဒ္ဒရာ၊နဋ္ဌမာလိသမုဒ္ဒရာတို့၏ အထူးကို ထိစေ့လို၍ ဆိုသတည်း)။ ။ထို သဘော်သားတို့သည်၊ နဋ္ဌမာလိသမုဒ္ဒရာကိုလွန်၍။ ဗလဝါမုခ သမုဒ္ဒရာသို့ ရောက်ကုန်၏။ ဗလဝါမုခ သမုဒ္ဒရာတို့သည်လည်း။ ထေရဂါထာ၌ လာသော အပြောကျယ်စွာသောဝဲလည်သကဲ့သို့။ လည်၍ကျသော ဗလဝါမုခလည်းရှိ၏။ဤသုပ္ပါဒကဇာတ်၌ လာသော ကျယ်စွာသော ဇလုပ်တွင်း၌ ကျသကဲ့သို့ ကျသောဗလဝါမုခလည်းရှိ၏။ ထိုနှစ်ပါးတို့တွင်။ အပြောကျယ်စွာသော

ဝဲလည်သကဲ့သို့၊လည်၍ကျသော ဗလဝ 'မုခကား။အဝိစိငရဲသူတို့၏ ကံ
ကြောင့်၊ငရဲတံခါးမသည် ပိတ်တုံ၊ပွင့်တုံဖြစ်၍ ပွင့်သောအခါ၌။အဝိစိ
ငရဲဒီးလျှံသည်ထွက်ပြေး၍။ကျယ်စွာသောယူဇနာ အလျားအနံရှိသော
သမုဒ္ဒရာ အောက်အပြင်ကို လောင်၍။ သမုဒ္ဒရာရေသည် ခုံလောက်၌
အိုးဆူသကဲ့သို့ဆူသဖြင့်။ဝဲလည်သကဲ့သို့လည်၍ကြဲမက်ဘွယ်သော
အသံကိုဖြစ်စေလျက်ကျ၏။ ကျယ်စွာသော ဇလုပ်၊ အဝတ္ထင်းတွင်ကျ
သကဲ့သို့၊ကျသောဗလဝါမုခကား။ ရေကိုငင်၍ ထက်ဝန်းကျင်အထက်
အဘို့ဖြင့် တက်၍ ချောက်ကမ်းပါးပြတ်၌ ကျသကဲ့သို့၊ကျ၍ကျယ်စွာ
သော ဇလုပ်တွင်း၌ကျသကဲ့သို့ထင်၏။ တံပိုးအဟုန်ဖြင့် ရေသည်းထန်
စွာပြေး၍ စကြဝဠာတံတိုင်းကိုခတ်မိသဖြင့်။ တယူဇနာ၊ နှစ်ယူဇနာ
အစရှိသောဆယ်ယူဇနာတိုင်အောင်ဝှန်တက်လျက်တဘန်ပြန်၍မဟာ
သမုဒ္ဒရာ၌ကျ၏။ ထိုကျရာ၌ ကြီးစွာသော နဂါးချောက်ကဲ့သို့ ဖြစ်၍
နားဆုံပွင့်အံ့သကဲ့သို့ နှလုံးကိုက်ခဲဘိသကဲ့သို့ ကြောက်မက်ဘွယ်သော
အသံကိုဖြစ်စေ၏။ထိုနှစ်ပါးသော ဗလဝါမုခတို့တွင်။ ဤသဘော်ဝသား
တို့သည် နောက်နည်း၌ ဗလဝါမုခသို့ရောက်၍။ ဤကြောက်မက်ဘွယ်
သော အသံကိုကြားလျှင်။ ။မဟာဇ္ဈယောဘိသနကော၊ သမုဒ္ဒေါသု
ယတိအမာနသေါ။ယထာသေါဇ္ဈောပပါတော၀၊သမုဒ္ဒေါပဒိုဒိသတိ
သုပ္ပါဒကန္တံ ပုဏ္ဏာမ၊ သမုဒ္ဒေါကတမောအယံ။ ။ပဏ္ဍိတ၊ပညာ့ရှင်။
သုပ္ပါဒကံ၊ သုပ္ပါဒကာအမည်ရှိသော။တံ၊ထိုပညာ့ရှင်ကို။မဟာဇ္ဈယော၊
ကြီးစွာဘေးရှိသော။ ဘိသနကော၊ ကြောက်မက်ဘွယ်သော အသံရှိ
သော။ အမာနသေါ၊ နှလုံးကို မပွါးစေတတ်သော။ သမုဒ္ဒေါ၊ သည်။
သုယတိ၊ကြားဏ်။ယထာ၊အကြင်အချင်းဖြင့်။သော ဇ္ဈော၀၊ဇလုပ်တွင်း
ကဲ့သို့။ ပပါတော၀၊ ကမ်းပါးပြတ်ကဲ့သို့။ သမုဒ္ဒေါ၊ သမုဒ္ဒရာသည်။
ပဒိုဒိသတိ၊ ထင်၏။အယံသမုဒ္ဒေါ၊ဤသမုဒ္ဒရာသည်။ကတမော၊သော။
သမုဒ္ဒေါ၊ နည်း။ ။ဤဂ၊ထာဖြင့် မေးကုန်သည် ရှိသော်။ ။ကုရု
ကဆ္ဆ၀ပယာတာနံ၊၀ါဏိဇာနံ၊နေသိနံ။ နာ၀ါယ၀ိပ္ပနဋ္ဌာယ၊ ဗလဝါ
မုခါတိ ၀ုစ္စတိ။ ။ဘောဇ္ဈော၀ါဏိဇာ၊အိုအမောင်ကုန်သည်တို့။ကုရု
ကဆ္ဆ၊ကုရုကဆ္ဆဆိပ်မှ။ပယာတာနံ၊သွားကုန်သော။ဓနေသိနံ၊ဥစ္စာကို
ရှာလွှေရှိကုန်သော။ ၀ါဏိဇာနံ၊ အမောင်ကုန်သည်တို့၏။ နာ၀ါယ၊
သဘော်ဝသည်။၀ိပ္ပနဋ္ဌာယ၊အရပ်တပါးသို့ သွားသည်ရှိသော်။အယံသ

မုဒ္ဒေါ၊ ဤသမုဒ္ဒရာကို။ "ဗလဝါမုခါတိ၊ ဗလဝါမုခသမုဒ္ဒရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤဂါထာဖြင့် ထိုသမုဒ္ဒရာ၏အကြောင်းကိုဆို၍၊ မောင်တို့၊ ဤဗလဝါမုခသမုဒ္ဒရာသို့ရောက်သော သင်္ဘောသည် ပြန်နိုင်သည်မရှိ။ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်တော့သည်သာဟု ဆိုလျှင်။ ခုနစ်ရာသော သင်္ဘောသားတို့သည် သေဆုံးသောဘေးမှ ကြောက်ကုန်သည်ဖြစ်၍ .အဝိစိငရဲဌာ ကျကုန်သော ငရဲသူတို့ကဲ့သို့ တပြိုင်နက် အုတ်အုတ် ကျက်ကျက်သော အသံဖြင့် အလွန်သနားဘွယ် ငိုကြွေးမြည်တမ်းကုန်၏။ထိုသို့ နားအလုံးပွင့်ကောင်းဘွယ်သော နှလုံးကိုခွဲဘိသကဲ့သို့သော သမုဒ္ဒရာသံ၊ ခုနစ်ရာစေ့သော သင်္ဘောသား တို့ ၏ ငိုကြွေးမြည်တမ်းသောအသံကိုကြားလျက်လည်း ထိတ်လန့်ခြင်းမျှမရှိ။ မငိုကြွေး မမြည်တမ်း မစိုးရိမ် မကုန်လှုပ်သည်ဖြစ်၍။ ဘုရားလောင်း၏ သစ္စာအစွမ်းဖြင့် တာချက်တာဘန် အရပ်ဟောင်းသို့ ရောက်ပြန်ခြင်းအစရှိသော အဋ္ဌုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော သုပ္ပါဒကဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ကျယ်စွာသောအဂ္ဂမ်း ကမ်းမမြင်သည်ဖြစ်၍ တံပိုးရက်သံ ပဲ့တင်လျှံဖြင့် ကြောက်မက်ဘွယ် ဗိုဝိုရာမရှိသော သမုဒ္ဒရာအလယ်၌ အသက်ခံတွင်း မဆုံ၊ အုံကာမှိုင်ကာ တမ်းလျက် ရှံ့ရှာ လန့်ထိတ်ခြင်းကင်း၍ မစိုးရိမ် မငိုကြွေးဘဲ ခုနစ်ရက်ပတ်လုံး ကူးသည်ကို။ စတုလောက ပါလနတ်မင်းတို့ အစောင့်ထားသော နတ်သွင်းဆယ်သဖြင့်။ မဟာဇနကမင်းကြီးကဲ့သို့ မင်းအဖြစ်သို့ ရောက်လျှင်။မောင်းမအပေါင်း၊အမတ်အပေါင်းတို့၏ အလယ်တွင် ထီး ဖြူ အောက် ၌ နေ လျက်။ ။ဝါယာမေထေဝပုရိသော၊ နနိုဗ္ဗိန္ဒေယ ပဏ္ဍိတော။ ပဿာဓိဝေါဟ့မတ္တာနံ၊ ဥဒကာထလမုဇ္ဈတံ။ ။ဟူသောဂါထာဖြင့်၊ ဝမ်းမြောက်သော ဥဒါန်းကို ဆိုခြင်းအစရှိသော အဋ္ဌုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော သုပ္ပါဒကဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။ခုနစ်ရာသော သင်္ဘောသားတို့ကို မိကျောင်းလိပ်ငါးစားသဖြင့် ရေလုံးနှင်နှင် သွေးချည်းဖြင်၍။ ခနောင်းကြလေ။ ဝဲ ဖြင့် ဍုန် လှိုက်။ ကျိုက် ကျိုက် ဆူ လျက်။ အရှေ့အနောက် တောင်မြောက် ရေပြင်ပြင်ရှိသော မဟာသမုဒ္ဒရာအလယ်၌။ အသက်ဆံဖျားထားမျှ၊ ရင်ပတ်တာအိုင်၊ ကြောက်စွာ မှိုင်တမ်းလျက်။ မကြောက်မရွံ့ ကင်းသော ငိုကြွေးစိုးရိမ်ခြင်းရှိသည်ဖြစ်၍။ ခုနစ်ရက်

ပတ်လုံး ကူးသောဘုရားလောင်းကို။ မဏိမေခလာနတ်သွင်းဖြင့်၍။ ။ကောယံမဇ္ဈေသမုဒ္ဒဿိ၊ အပသံတိ ရမာယုဟော။ ကံတွံ အတ္ထဝသံ ဥဘတွာ၊ ဧဝံဝါယာမသေအညံ။ ။ဟူသောဂါထာဖြင့် မေးသည်ကို။ ။ နိသမ္မဝတ္တုံလောကသ္မာ၊ ဝါယာမသ္မာစဒေဝတော။ တသ္မာမဇ္ဈေသမုဒ္ဒဿိ၊အပသံတိရမာယုဟော။ ။ဟူသောဂါထာဖြင့် ဖြေ၍။ နတ်သွင်းနှစ်သက်ဝမ်းသာအားရစွာဖြင့်။ လိုရာအရပ်တိုင်အောင် ဆောင်ပေးခြင်း အစရှိသော အဥ္စုပ္ပတ္တိကို ဆိုရာ ဆိုကြောင်းဖြစ်သော မဟာဇနကဇာတ်ကိုအကြောင်းပြုသ ဖြင့်ရင်း သိအပ်၏။ ။ဤသည်လျှင်၊ ဘယဘေရဝုပ္ပါဒအားဖြင့်။ မစိုးရိမ်ခြင်းမည်၏ဟူလိုသော်။ ။ဤ အကြောင်းလေးပါးသည်ကား။ ပညာရှိ သူတော်ကောင်းတို့သည် မစိုးရိမ်အပ်သည်၌ မစိုးရိမ်ခြင်းကို ပြရာဖြစ်သော်အကြောင်းတည်း။ ။

၃၅။ မဟာသုတသောမမင်းကြီး

ပြဆိုအပ်သော ပညာရှိတို့ စိုးရိမ်အပ်သည်၌စိုးရိမ်ခြင်း
အပြားတို့တွင် ဂျူးဦးစွာ ဒါနလျှံတ်ဆုံသည်မှ
စိုးရိမ်ခြင်းကိုပြရာ။

ပညာရှိသူတော်ကောင်းတို့၏ စိုးရိမ်အပ်သည်၌ စိုးရိမ်ခြင်းကား။ ဒါနလျှံတ်ဆုံသည်မှ ကြောက်သောကြောင့် စိုးရိမ်ခြင်း။ သီလပျက်ဆုံးသည်မှ ကြောက်သောကြောင့် စိုးရိမ်ခြင်း။ သစ္စာ လျှံတ် ဆုံ သည် မှ ကြောက်သောကြောင့် စိုးရိမ်ခြင်း။ အဓိဋ္ဌာန်ပျက်ဆုံးသည်မှ ကြောက်သောကြောင့် စိုးရိမ်ခြင်း အစရှိသောအားဖြင့် များသောအပြားရှိ၏။ ထိုများသော် အပြားတို့တွင်။ ဒါန လျှံတ် ဆုံ သည် မှ ကြောက် သော ကြောင့် စိုးရိမ်ခြင်းကိုကား။ ။ဗာရာဏသီပြည်၌ ဖြိုဟ္မဒတ်မင်းကြီး လက်ထက်၊ ကုန်နှစ်ဆယ်ကြွယ်ဝသော ဝိသယ္ဟသူဌေးသည် ရွှီတံခါး လေးမျက်နှာ၊ ရွှီလယ်၊ အိမ်တံခါးတို့၌။ အလှူတင်းကုပ် ခြေဒက် ဆောင်ဆောက်၍။တနေ့တနေ့၌၊ခြောက်သိန်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်နှဲကြသဖြင့်။ ဇမ္ဗူ။ ဒီပါကျွန်းသူတို့ကို ထွန်ထမ်းပိုးမစွဲစေသည်ကိုပြု၍။ ကြီးစွာသောအလှူကိုပေးသည်ရှိသော်။ အလှူ၏ အာနုဘော်ကြောင့်။ သိကြားကျောက်ဖျာ။တုန်လှုပ်လျက်။ ဟူသောအခြင်းအရာပြ

သည်ကို။ ဤသူငှေးသည်၊ ဤအလှူဖြင့် ငါ့ကိုသိကြားအဖြစ်မှ ရွေ့စေ၍၊ သိကြားဖြစ်လတ္တံ့သည်ကို မသိ။ အလုံးစုံသော ဥစ္စာကို ဗျက်ဆီးပြီးမှ ဆင်းရဲအောင်ပြု၍ မြစ်ခဲ့ဟု, ဥစ္စာ ခမ်းနား၊ သား၊ မြေး၊ ကျေး ကျွန်ကို ကွယ်စေသည်ရှိသော်။ အလှူခွဲ ဝတ်ပြုသောသူတို့သည် အလှူပေးစရာ မရှိ။ထားရာတွင်အလိုလိုပျောက်ကြောင်းကိုဆိုလျှင်။သူငှေးမကိုခေါ်၍ အလှူဝတ်မပျက်စေလင့်။အလှူဝတ္ထု၊ပေးပါဟုဆိုသောကြောင့် သူငှေးမ အိမ်လုံး ရှာဘွေသော်လည်း။ တပဲခြမ်းမျှမရ၍၊ အကြောင်းကို ကြား လျှင်။ရတနာသုနစ်ပါးအတိ ပြည့်သောတိုက်ကို ဘွင့်လှစ်၍ ကြည့်သော်လည်း စိုးစဉ်းမျှမရှိ။ကျွန်အမှုလုပ်သောသူတို့လည်း။တပေယျာက်မျှမဖြင်သဖြင့်။ အသူဝတ် မပျက်စေလင့်။ အိမ်အလုံးကို ရှာဘွေ စူးစမ်းဟုဆိုသောကြောင့်၊ သူငှေးမရှာဘွေရာတွင်။မြက်ရိတ်သော ယောကျ်ားသည် တံခါးကြားဒွါ ပစ်ခဲ့၍ပြေးလေသော။တံစဉ်၊ထမ်းပိုး၊ကြိုးကိုသာ ဖြင့်၍၊ သည့်အပြင်မရှိဟုဘုရားလောင်းအား ပေးသည်ရှိသော်။ မိခင်၊ ငါဤမျှသောကာလပတ်လုံး။ မြက်မရိတ်စဘူး။ ယနေ့လျှင် မြက်ရိတ်၍ အသူပေးအံ့ဟု။ကိုယ်ဆင်းရဲအံ့သည်ကိုကြောက်သောစိုးရိမ်ခြင်းထက် အသူဝတ်ပျက်အံ့သည်မှ ကြောက်သော စိုးရိမ်ခြင်းသည် လွန်မင်းလှသောကြောင့်၊ မြက်ရိတ်၍ရောင်းသည် ရှိသော်။ တပဲသောဥစ္စာကိုရ၍ ထက်ဝက်ကိုအသူတို့။ ထက်ဝက်ကိုစားရာတို့ စီရင်ပါသည်ကို၊ ယာစကာမျှား၍။ငါမငါးငါမငဟုတောင်းပြန်သဖြင့်။ အလုံးစုံကိုပေး၍ ထိုနေ့ပတ်လုံး နှစ်ပါးစုံ မစားရသော်လည်း။ မစိုးရိမ် မပင်ပန်းသည်ဖြစ်၍။ ဤသို့သောနည်းဖြင့် ခြောက်ရက်ပတ်လုံး လွန်လေစေလျက်။ ခုနစ်ရက်မြောက်သောနေ့၌ မြက်ရိတ်ရာတွင်။ခုနစ်ရက်ပတ်လုံးမစား၍ အလွန်ဆိုမိန့်မွေသသူဖြစ်သောကြောင့်၊ နဖူးကို နေရောင်ကျောက်လျှင်။မျက်စိလည်သဖြင့် မူးမော်၍ မြက်ခင်းခွဲ လည်းသွား၏။ သို့ လည်းသည်ကို။ သိကြားသည် စူးစမ်းလျက် နေ သည် ဖြစ် သော ကြောင့် မြင် လျှင်။ ထိုခဏခွဲလာ၍ ကောင်းကင်ခွဲ ရပ်ပြီးသော်။ ။အဒါသိ ဒါနာနိ ပုဗ္ဗေ ဝိသယ္ဟ။ဒဒတောစ တေခယဝမ္မော အဟောသိ။ ဣတောပရံ နဒဒေယျ ဒါနံ။ တိဋ္ဌေယျတောသံယမန္တာ သဃောဂါ။ ။ဝိသယ္ဟ၊ဝိသယ္ဟ သူငှေးကြီး။ တို့ သင်သည်။ ပုဗ္ဗေ ရှေးကာလ၌။ ဒါနာနိ၊ အလှူတို့ကို။ အဒါသိ၊ ပေး၏။ဒဒတောစ၊ပေးသည်ရှိသော်လည်း။တော၊သင့်အား။ခယဝမ္မော၊

ပဲ့ဦနိတတ်သော သဘောရှိသည်။ အပေါသိ၊ဖြစ်၏။ ဖွားတော၊ဤနေ့မှ။ ပင့်၊နောက်၌။ ဒါနုံ၊အလှူကို။ နဒဒေယျ၊မပေးအံ့။ ၎င်း၊ဤသို့မပေးသည်။ သတိ၊ရှိသော်။ သံယမန္တိ သော၊အလှူပေးခြင်း၌ ကြဉ်သော။ တော၊သင်၏။ ဘောဂ၊စည်းစိမ်တို့သည်။ တိဋ္ဌေယျ၊တည်ပြန်ရာ၏။ ။ဤဂါထာဖြင့်၊ ရှေးကောင်လွှဲ ဥစ္စာရှိသောကြောင့် အလှူ ဒေးရ၏။ ယခု ပေးဘန် များသဖြင့် ကုန်တတ်သောသဘောရှိ၏။ ဥစ္စာကုန်ပြီးသော် အလှူပေး ဘွယ်မရှိပြီ။ဤနေ့မှစ၍ အသူမပေးပြီဟု ငါ့ကိုပဋိညာဉ်ပြုသည်ရှိသော်။ အလုံးစုံသော စည်းစိမ်ကို ရှေးအတိုင်း ဖြစ်ပြန်စေအံ့ဟုဆိုလျှင်။ သင် အသူနည်းဟုမေး၍။ ငါသိကြားဟု ဆိုသည်ကို သိကြားသည် အလှူ ပေး၍ သိလဆောက်တည်၍ ဥပုသ်သိတင်းသုံး၍ခုနစ်ပါးသောဝတ်ကို ဖြစ်စေ၍။သိကြားအဖြစ်သို့ ရောက်သည် မဟုတ်လော။မိမိစည်းစိမ်ကို အကြောင်းပြု၍ အဘယ့်ကြောင့်အလှူကိုဖြစ်သနည်း။သူတော်သဘော မဟုတ်တကားဟု ဆို၍။ ။အနရိယံအရိယောနသဟာသနေတွာ။ သုဒ္ဓ တေနာပိအက်ိယ္ဘမာဟု။မာဝေါဓနဿ အဟုဒေဝရာဇ။ ယံဘောဂဟေတု ဝိဇ္ဇဟေမသင်္ခံ။ ။ယေနဇကောရထောယဘာတိ၊ ယာတိတေနပရောရ ထော။ ပေါရာဏာနိဟိတံဝတ်ံ၊ ဝတ်ံတညော၀ါသ၀။ ။ယဒိဟောသ တိဒဿာမ၊ အသန္တေကိံဒဒါမသေ။ ဇဝံ ဘူတာပိဒဿာမ၊ မာဒါနုံ ပမာဒါမသေ။ ။သဟာသနေတွာ၊မျက်စိတာထောင် အမြင်ဆောင်သော သိကြားမင်း။ အရိယေန၊ မြတ်သော သန့်ရှင်းစင်ကြယ်သောအာစာရ နှင့်ပြည့်စုံသော သူသည်။ သုဒ္ဓတေနာပိ၊ အလွန် ဆင်းရဲငြား သော်လည်း။ အနရိယံ၊ ယုတ်မာသောအမှုကို။ အကိ်ဉ်း၊ မပြုအပ်ဟူ၍။ ဇာဒ္ဓါ ဒယော၊ ဘုရားအစရှိသော သူကောင်းကျေးဇူးတို့သည်။ အာဟု၊ဆိုကုန် ၏။ ဒေဝရာဇ၊ သိကြားမင်း။ ယံဘောဂဟေတု၊ အကြင် စည်းစိမ်ဥစ္စာ ဟူသော အကြောင်းကြောင့်။ သဒ္ဓံ၊ သဒ္ဓါဂုဏ်းကို။ ဝိဇဟေမု၊ စွန့်ကုန် ရာ၏။ တံဓနံ၊ထိုစည်းစိမ်ဥစ္စာသည်။ မာအဟု၊မဖြစ်စေသတည်း။ ။ ဒေဝရာဇ၊သိကြားမင်း။ယေနမဂ္ဂေန၊ အကြင်မဂ်ခရီးဖြင့်။ ဇကော၊တရ သော။ရထော၊ရထားသည်။ ယာတိ၊သွား၏။ တေနမဂ္ဂေန၊ထိုခရီးဖြင့်။ ပရော၊ တပါးသော။ ရထော၊ရထားသည်။ ယာတိ၊ သွား၏။ ဝါသ၀၊ သိကြားမင်း။ ပေါရာဏာနိဟိတံ၊ ရှေးဦး ဆောက်တည်အပ်သော။ ဝတ်ံ၊ အလှူဝတ်ကို။ဝတ်ံတညော၀၊ဆောက်တည်အပ်သည်သာလျှင်တည်း။ ။

ဝါသဝ၊သိကြားမင်း။ ဓနံ၊ ဥစ္စာသည်။ ယာဒိဟောသဒ်တိ၊အာကယ်၍ဖြစ်လတ္တံ့။ဒုါနံ၊အသ္ဆကို။ဒသ်သာမ။ပေးကုန်အံ့။အသင်္ကန္တ၊မရှိသည်ရှိသော်။ကိ်၊အဘယ်ကို။ ဒဒါမသေ၊ပေးရကုန်အံ့နည်း။ သဟာသနေတ္တ၊မျက်စိတထောင်အမြင်ဆောင်သောသိကြားမင်း။ဇေဝံဘူတာပိ၊ဤသို့ဖြက်ရိတ်၍ ရောင်းကုန်သည်ဖြစ်၍လည်း။ ဒါနံ၊ အသ္ဆကို။ ဒဒ်သာမ၊ ပေးကုန်အံ့။ ဒါနံ၊အလ္လကို။မံဘပမာဒါမသေ၊ငါတို့မမေ့မလျော့ကုန်ဖြို။ ။ဤဂါထာတို့ဖြင့်၊အသ္ဆကို မဖြစ်ရာသော်အကြောင်း။အသ္ဆဒ္ဒါမမေ့မလျော့အံ့သောအကြောင်းကိုဆိုလျှင်။ဖြစ်ခြင်းဌါ မတတ်နိုင်သည်ဖြစ်၍။အဘယ်အလို့ဌါ အလ္လပေးသနည်းဟုမေး၍။ သိကြား ဗြဟ္မာ အဖြစ်ကို တောင့်တသဖြင့်ငါမပေး။သဗ္ဗညုတဉာဏ်ကိုတောင့်တ၍ပေးသည်ဆိုမှ သိကြားနှစ်သက်၍ ကျောက်ကုန်းကို လက်ဖြင့် သုံးသပ်လျှင်။ ဘုရားလောင်းကိုယ်အလုံးအမြိုက်ရည် ပြည့်ဘိသကဲ့သို့ဖြစ်၍။ သိကြား၏အာနုဘော်ဖြင့်အလုံးစုံသော စည်းစိမ်ကို။ပကတိအတိုင်းဖြစ်ပြန်စေခြင်း။ ယနေ့မှစ၍ နေ့တိုင်း၊တနေ့တသိန်း၊ နှစ်သိန်းအလ္လပေးဟု၊ဘုရားလောင်းအိမ်၌အတိုင်းမသိ မရေတွက်နိုင်သော ဥစ္စာကိုဖြစ်စေခြင်း။ ထိုရောဓာဝါသူဌေးမသည် ပသုအခါ၌ ရာဟုလာ မယ်တော် ဖြစ်လာ၏။ ဝိသယ္ဟသူဌေးသည်ငါဘုရားဖြစ်လာ၏ဟုဇာတ်တော်ကိုပေါင်းခြင်းအာဒိုပ္ပတ္တိရှိသော၊ ဝိသယ္ဟဇာတ်ကို အကြောင်းပြုသဖြင့်၎င်း။ ။

ဗာရာဏသီပြည် မောဠိနိဟူသော အမည်ကိုတွင်ခိုက်။ မောဠိနိပြည်ကိုဖြိုဖျက်ဒတ်မင်းကြီး မင်းပြုသောအခါ၌။ မောဠိနိပြည်တွင် သင်္ဘပုဏ္ဏားသည်။ ကြွယ်ဝမြောင်းမြောင်သော ဥစ္စာရှိသည်။ မျှားသော သုံးဆောင်ရာ နှစ်သက်ဘွယ်သော ဥစ္စာနှင့်ပြည့်စုံသည်။ မျှားမြတ်သော ဥစ္စာစပါး၊ ငွေငွေရှိသည်ဖြစ်၍ ဆိုပြီးသောနည်းဖြင့်။ အသ္ဆတင်းကုပ်ခြောက်ဆောင်ဆောက်၍ကြီးစွာသောအသ္ဆပေးသည်ရှိသော်။ တနေ့သ၌ အိမ်တွင် ဥစ္စာကုန်၍ အလ္လပေးရာမဲ့သဖြင့်။ အသ္ဆဝတ်ပြတ်လတ္တံ့ဟု ကြောင့်ကြစိုးရိမ်ခြင်းဖြင့် ဥစ္စာမကုန်ခင်သုဝဏ္ဏဘူမိသို့သွား၍။ဥဉ္ဇာကို ဆောင်ချေအံ့ဟု သဘော်လျှို၍ ကုန်ရင်း ဥစ္စာဖြင့် ပြည့်စုံစေပြီးသော်။ သားမယား အစရှိသော သူတို့ကို လှူမြဲပေးမြဲသော ဝတ်ကို မပျက်ရအောင်စိုရင်ခွဲ၍။ကျွန်အမှုလုပ်သောသူများခြံရံလျက်။ သဘော်ဆိပ်သို့သက်သည်ရှိသော်။ ဂန္ဓမာဒနတောင်၌ တဆူသော ပလ္လင်ကဗျာ

သည်။ ဘုရားလောင်းကိုမြင်၍ မြတ်သောယောကျ်ားသည်။အလှူပြုတ်အံ့ဟုစိုး၍ဥစ္ဆာဆောင်ခြင်းငှါသွား၏။ မဟာသမုဒ္ဒရာ၌ အဘိရာယ်ဖြစ်အံ့လော၊မဖြစ်လောဟုဆင်ခြင်ရာတွင် ဖြစ်အံ့သည်ကိုမြင်၍။ဤသူငါ့ကိုမြင်လျှင်သိုးဘိနပ်လှူ၍။သိုးဘိနပ်၏အကျိုးဖြင့်မဟာသမုဒ္ဒရာ၌တည်ရာရလတ္တံ့ဟု။ ။ဘုရားလောင်းကို ချီးမြှောက်ခြင်းငှါ ကောင်းကင်ဖြင့်ကြွလာ၍ မနိုးမဝေးသောအရပ်၌ မြေသို့သက်၍ ပြင်းသောနေပူတံလျှပ်ဒိုးဘို့ဝိုးစုန့်တူသော သဲကိုနင်း၍။ ရှေ့ရှုလာသော ပစ္စေကဗုဒ္ဓါကိုမြင်လျှင်။ သိုးဘိနပ် လှူသည်ရှိသော်။ ဘုရားလောင်းအား သဒ္ဓါပွါးစိမ့်သောငှါ။ဘိနပ်စိုး၍ ထိုးဆောင်း၍ဂန္ဓမာဒနတောင်သို့ ရှေ့ရှုပြန်သည်ကိုမြင်လျှင်။ ။အလွန်ဝမ်းမြောက်ဝမ်းသာရှိသည်ဖြစ်၍သင်္ဘောလွှင့်ရာတွင်။ ခုနှစ်ရက်မြောက်သောနေ့၌ သင်္ဘောလှေကို၍ နစ်သဖြင့် သေအံ့သောဘေးမှကြောက်ကုန်သော လူအပေါင်းတို့သည်။အထူးထူးသောနတ်တို့အား ရှိခိုးကိုးကွယ်၍ ပြင်းစွာငိုကြွေးကုန်သော်လည်း။မငိုကြွေးမစိုးရိမ်သည်ဖြစ်၍ အလုပ်အကျွေးနှင့် တကွ လင်းယုဉ် တိုင်ထက်မှ ခုန်ဆင်း၍။ ငါးလိပ်စားရာ အရပ်ကို လွန်၍။ တဉ္ဇသာဘသော အရပ်၌ကျ၍။ ဘိနပ်လှူသော အကျိုးကြောင့် ဆောက်တည်ရာရသဖြင့် ခုနှစ်ရက်ကူးသည်ကို။ သရဏာဂုံ ပဉ္စသီ ဆောက်တည်သည်သူ၊ဥပုသ် သိတင်းသုံးသည်သူ။ အမိအဘကို မွေးသည်သူ အစရှိသော မသေကောင်းသည်ကိုကြည့်ရှုစိမ့်သောငှါ။ စတုလေါကပါလ နတ်မင်းတို့သည် အစောင့်ထားသော မဏိမေခလာနတ်သို့းသည်။ ခုနှစ်ရက် ပတ်လုံး စည်းစိမ်ခံ၍ ခုနစ်ရက်မြောက်သောနေ့၌ကြည့်သည်ရှိသော်။ ဘုရားလောင်းကိုမြင်၍။သိလအာစာရနှင့် ပြည့်စုံသောဤပုဏ္ဏားသည် မဟာသမုဒ္ဒရာ၌သေသဖြင့် အလွန်ကဲရဲဘွယ် ဖြစ်လတ္တံ့ဟု။ ထိုက်လန့်သော နှလုံးရှိသည်ဖြစ်၍။ အထူးထူးသော အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စုံသော ရွှေခွက်ကိုကိုင်၍ ဘုရားလောင်းသို့ရှေ့ရှုကောင်းကင်၌ရပ်လျက်။ ခုနှစ်ရက်ပတ်လုံး အစာမစားရဖြစ်သောကြောင့်။ ဤနတ်၏ဘောဇဉ်ကို စာ့လော့ဟုတိုက်တွန်းသောနတ်သို့းအား။ ငါဥပုသ်ဆောက်တည်သည်ဖြစ်သောကြောင့် မစားဟုဆိုသည်ကို။နောက်၌ကူးသောအလုပ်အကျွေးကြား၍ နတ်သို့းကိုမမြင်ရကား။ ဤပုဏ္ဏားသည် အလွန်ဆိမ့်နေ့သည်သူ ဖြစ်သောကြောင့်။ ခုနစ်ရက်ပတ်လုံး အစာ မစားရသဖြင့်။

မြည်တမ်း ယောင်ယမ်းသည်ဖြစ်မည်။ ငါနှစ်သိခဲ့စေအံ့ဟုကြံ၍။ ။ ဗဟုသုတော သုတဓမ္မောသိသင့်၊ ဒိဋ္ဌာတယာ သမဏဖြာဟ္မဏာစ။ အထက္ခဏောဒဿယသေဝိလာပံ၊ အညောနုကော တေပတိမန္ဒကော မယာ။ ။သင့်၊အရှင်သင့်။ ဗဟုသုတော၊ များသောအကြားအမြင် ရှိသည်။ အသိ၊ ဖြစ်၏။ သုတဓမ္မော ကြားအပ်သောဓမ္မရှိသည်သည်း၊ အသိ၊ဖြစ်၏။တယာ၊ အရှင်ပုဏ္ဏားသည်။သမဏာစ၊ရဟန်းတို့ကိုဂုဏ်။။ ဖြာဟ္မဏာစ။ ပုဏ္ဏားတို့ကိုဂုဏ်း။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ အထ၊ထိုသို့ လျက်။အထက္ခဏော၊ အရာမဟုတ်သည်၌။ ဝိလာပံ၊ မြည်တ့မ်းခြင်းကို။ ဒဿဿယသော၊ပြုတိ၏။ မယာ၊ ငါ၌။ အညော၊ တပါးသော။ကော၊အသူသည်။ တေ၊ အရှင်ပုဏ္ဏား၏။ ပတိမန္ဒကော၊ တိုင်ပင်ဘော်သည်။ အတ္ထိနု၊ရှိသနည်း။ ။အလုပ်အကျွေးစကားကိုကြား၍ဘုရားလောင်းလည်း။ ဤသူ နတ်သွဲ့ကို မဖြင်သည်ဖြစ်မည်။ သေအံ့သော ဘေးမှကြောက်သဖြင့် မဖြည်တမ်းကြောင်း၊ တပါးတိုင်ပင်ဘော်ရှိကြောင်းကိုပြအံ့ဟုကြံ၍။ ၊သုမ္ဘာသုဘာသုပ္ပတိမုက္ကကမ္မု၊ ပဂ္ဂယ္ဟသောဝဏ္ဏ မယာယပါတိယာ။ ဘုဉ္ဇသုဘဂ္ဂံ ဇာတိမံဝဒေသိ၊ သဒ္ဓါစိတ္တာတမဟံ နောတိဖြူမိ။ ။ဘော၊အချင်း။သုမ္ဘာ၊ကောင်းသောမျက်နှာရှိသော။ သုဘာ၊ လှမြတ်သောအဆင်းကို ဆောင်ထသော။ သုပ္ပတိမုက္ကကမ္မု၊ ကောင်းစွာဆင်သော်ဇွေတန်းဆာရှိသော။ ဒေဝဓိတာ၊ နတ်သွဲ့သည်။ သောဝဏ္ဏမယာယ၊ဇွေဖြင့်ပြီးသော။ပါတိယာ၊ခွက်ဖြင့်။ဟဂ္ဂံ၊ ထမင်းကို။ပဂ္ဂယ္ဟ၊ ယူ၍။ သဒ္ဓါ၊ ကြည်ညိုခြင်းရှိသည်ဖြစ်၍။ စိတ္တာ၊ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ဘုဉ္ဇသု၊စားလော့။ဇာတိ၊ဤသို့။မံ၊ငါ့ကို။ ဝဒေသိ၊ဆို၏။ တံ၊ထိုနတ်သွဲ့ကို။အဟံ၊ ငါသည်။နောတိ၊ မစားဟူ၍။ ဖြူမိ၊ဆို၏။ ။ဤဂါထာဖြင့် အကြောင်းကိုပြန်လျှင်။ နတ်သွဲ့ကိုဖြင်ပြီး၊ချမ်းသာရအံ့သောအကြောင်းကိုမေးပါလော့ဟု တိုက်တွန်းသဖြင့် နတ်သွဲ့ကိုဘုရားလောင်းမေး၍။ မဏိမေခလာ နတ်သွဲ့အမ်ဖြစ်ကိုဆို၍။ ပုဏ္ဏားအလိုရှိတိုင်း ငါပေးအံ့ဟု ဆိုသည်ကို။ အဘယ် ကောင်းမှု၏ အကျိုးကြောင့်ဆိုသည်ဟုမေးသော်။ဘိနဒ်လှသော အကျိုးကြောင့်ဟု ဆို၍။အလျားရှစ်ဉသဘာ၊အနုံလေးဉသဘာ၊ စောက်ကား တာနှစ်ဆယ်။ ဇာန္ဒနီလာဖြင့်ပြီးသော လင်းယဉ်း။ ဇွေဖြင့်ပြီးသော ကြိုးလွန်။ ငွေဖြင့်ပြီးသော လင်းယဉ်းရွက်။ဇွေဖြင့်ပြီးသောကြိုးရှိသော ရတနာဝန်းနစ်ပါးဖြင့်

ပြီးသော သဘော်ဘာ လွှ ဘန်ဆင်းခြင်း။ ရတနာ သုနစ်ပါး ပြည့်စေလျက် ဘုရားလောင်းကိုသာတင်၍။ အလုပ်အကျွေးကိုမတင်သည်ကို။ အလှူအတိုကိုဝေ၍သာဓုခေါ်မှ အလုပ်အကျွေးနှင့်တကွ။ မောင်္ဂနိပြည်တိုင် အောင်ဆောင်ခြင်း။ ဘုရားလောင်း အိမ်ဦးနေလျက် အလိုအလျောက် အသူသိတင်းဆည်းပူးခြင်း။ ထိုရောအခါ၊ မဏိမေခလာနတ်သွီးသည် ယာသုအခါဦး ဥပုလဝတ် ဖြစ်လာ၏။ အလုပ်အကျွေးသည် အာနန္ဒာ ဖြစ်လာ၏။ သခီပုဏ္ဏားသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းခြင်း. အင်္ဂုပ္ပတ်ရှိသော သခီဇာတ်ကို အကြောင်း ပြုသဖြင့်ရင်း သိအပ်၏။ ။ဤသည်လျှင် ဒါနချစ်ခဲ့သည်မှ ကြောက်သောကြောင့် စိုးရိမ်ခြင်းမည်၏ဟူလိုသော်။ ။

၃၆။ ပညာရှိသူတော်ကောင်းတို့သည်သိလျက်ခဲ့သည်မှ ကြောက်သဖြင့်စိုးရိမ်ခြင်းကိုပြုရာ။

သိလျက်ခဲ့သည်မှ ကြောက်သောကြောင့် စိုးရိမ်ခြင်းကိုကား။ အင်္ဂတိုင်းခွဲအင်္ဂမင်း။ မဂဓတိုင်းခွဲမဂဓမင်း မင်းပြု၍။ထိုတိုင်းနှစ်ပါး၏ အကြားခွဲ။စမ္ပါမြစ်တွင်စမ္ပေယျနဂါးမင်း မင်းပြုသည်ရှိသော်။အင်္ဂမင်း မဂဓမင်းတို့သည် မပြတ် စစ်ပြုကြရာတွင်။ ရံခါရံခါခွဲ မဂဓမင်းသည် အင်္ဂမင်းကို။ ရံခါရံခါခွဲအင်္ဂမင်းသည်မဂဓမင်းကိုနိုင်သဖြင့်။တနေ့သခွဲ၊ မဂဓမင်းရှုံး၍ အင်္ဂမင်း စစ်သည်တို့ လိုက်သည်ကို။ ရန်သူလက်တွင် သေရသောထက်၊ ရေခွဲသေရသော်မြတ်၏ဟု မြင်းနှင့်တကွ စမ္ပါမြစ်တွင် ဆင်းသည်ရှိသော်။ ရတနာ မဏ္ဍပ် ဘန်ဆင်း၍ မျှားသော မြတ် သောအခြံအရံအပေါင်းနှင့်တကွ။ မျှားသောအဖျာကိုသောက်၍ နေသော စမ္ပေယျနဂါးမင်းခန္ဓာခွဲကျ၍ မင်း၏အသွင်အပြင်ကိုမြင်လျှင်။ ချစ်ခင်လေးမြတ်ခြင်းဖြစ်သဖြင့်နေရာမှထ၍ခေါင်ဖြည့်တင်း၍ပလ္လင်ခွဲ အာတူနေစေ၍။ရေတွင်နစ်ကြောင်းကိုမေး၍ ဟုတ်သောအတိုင်းပြန်လျှင်။ မကြောင့်ကြလင့်။ ရှင်မင်းကြီးကိုငါနှစ်ပြည်လုံး၏အရှင်ဖြစ်အောင် ပြုမည် ဟုနှစ်သိမ့်စေ၍။ ခုနစ်ရက် ပတ်လုံး ကြီးစွာသော စည်းစိမ်ဖြင့် စံပယ်ကြ၍။ခုနစ်ရက်မြောက်သောနေ့၌ နဂါးမင်းနှင့် တကွလာ၍ နှစ်ပြည်လုံးရလျှင်။ မြဲမြံသော အဆွေခင်ပွန်းဖြစ်၍ တနှစ်တကြိမ်စမ္ပာမြစ်

နားဒ်များဖြတ်သောအတုတ်အခွန်ဖြင့်မင်းကြီးပူဇော်သည်ကိုနဂါးမင်း ထွက်၍ အပူဇော် ခံရာတွင်။ သူဆင်းရဲ အမျိုးဒ်ု ဖြစ်သော တိုဘုရား လောင်းသည်။ နဂါးမင်း စည်းစိမ်ကိုဖြင်လျှင် တပ်မက်မော၍။ အလှူ ပေးခြင်း၊သီတင်းသုံးခြင်းတို့ဖြင့် တောင့်တ၍။ နဂါးမင်း စုတေသည်မှ ခုနစ်ရက်မြောက်သောနေ့ဒ်ု။ဘုရားလောင်းစုဘေ့၍ နဂါးမင်းပြာသာဒ် ဒ်ု ကြက်သရေတိုက်တွင် အာသရေရှိသောအိပ်ရာအပြင်ဒ်ု၊ဥပဟါတ်ပဒိုး သန္ဓေနေသဖြင့်။ မုလေးပန်းဆိုင်းနှင့်တူသော ကြိုးစွာသောအတ္တဘော ကို ဖြင်လျှင်၊ နှလုံး မသာခြင်း ဖြစ်၍။ ငါပြုသော ကောင်းမှု၏ အကျိုး ဖြစ်သော နတ်ပြည်ခြောက်ထပ်ဒ်ု နတ်စည်းစိမ်သည် ကဲ့ဒ်ုထားသော စပါးကဲ့သို့ဖြစ်၍။ ဤ တိရစ္ဆာန်အမျိုးဒ်ု ပဒိုးသန္ဓေနေဘိ၏။ အသက်ရှင် ခြင်းဖြင့်အဘယ်မှုစဆံုးနည်းဟု သေခြင်းဒ်ုဆွတ်သောစိတ်ရှိသောဘုရား လောင်းကို သုမနဒေဂိ အမည်ရှိသော နဂါးမဖြင်လျှင်။ ဘုန်းရှိသော သတ္တဝါဖြစ်လာပေသည် ဖြစ်မည်ဟု နဂါးမအာပေါင်းကို ဆို၍၊အလုံးစုံ သော စည်စောင်းငြင်းကို တီးမှုတ်ခြင်းတို့ဖြင့် ခြံရံလျှင် နတ်ပြည်ကဲ့သို့ ထင်၍။ သေခြင်းသို့ဆွတ်သော စိတ်သည် ငြိမ်းသဖြင့်၊ ဖြွေ၏ ကိုယ်ကို စွန့်၍။အလုံးစုံသောတန်းဆာဖြင့် တန်းဆာဆင်အပ်သော နတ်၏ကိုယ် ကို ဘန်ဆင်း၍။ ကြိုးစွာသောစည်းစိမ်ဖြင့် မင်းပြုသည်ရှိသော်။ နောက် ကာလဒ်ု တိရစ္ဆာန်၏အဖြစ်ကို ငြီးငွေ့၍ နှလုံးမသာခြင်းရှိလျှင်။ ဥပုသ် သီတင်းဆောက်တည်ခြင်းဖြင့် လူပြည်သို့ဖြစ်၍ဆင်းရဲ၏ အဆုံးကိုပြုအံ့ ဟု ကြံ၍ နဂါးပြည်ဒ်ု ဥပုသ်ဆောက်တည်သည် ရှိသော် နဂါးမငယ် တို့၏ နှောင့်ရှက်ခြင်းကြောင့် ဥပုသ်ပျက်ဘန်များသဖြင့်။ လူပြည်သို့ သွား၍ဆောက်တည်ရသော် ကောင်း၏ဟု။ တခုသော ပဗ္ဗတာရာဇ်ရွာမှ မနိုးမဝေးသောခရိုးအနိုး တောင်ပို့ထိပ်ဒ်ု။ ငါ၏ အရေအသား စသည် ကို ယူလို့သူယူပစေ။ကစားစရာဖြွေပြုလိုသော်လည်းပြုပစေဟုကိုယ် ကို အသူ၏အရာဒ်ုထား၍ ဥပုသ်ဆောက်တည်သည်ကို။ ခရိုးမဒ်ု သွား သောသူတို့သည် ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍။ ဆုတောင်း ခြင်းအစရှိသော ပတ္ထနာကိုပြုကုန်၏။ပစ္စန္တရာဇ်ရွာသူတို့သည် တန်းခိုး ကြီးသော နဂါးမင်းသိတင်းသုံးသည်ဟု အထက်ဒ်ု မဏ္ဍာပ်ကန္ဒားပြု၍။ ထက်ဝန်းကျင် သဲမွေရာကြဲ၍ ပန်း နံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍။ သားဆုတောင်းခြင်း အစရှိသော ပတ္ထနာကို ပြုကုန်၏။ အဖန်ရှည်စွာ

ကြာလျှင်၊ သုမနဒေဝီ အမည် ရှိသော မိဘုရား ကြီးသည်။ လူပြည့်၌ သိတင်းသုံးခြင်းသည့် မျှားသော ဘေးအန္တရာယ်ရှိ၏။ ရှင်မင်းကြီးအား ဘေးအန္တရာယ် ရောက်သည်ရှိသော် သိအံ့သော နိမိတ်အကြောင်းကို ကြားတော်မူပါဟု တောင်းပန် သဖြင့်။ မိဘုရားကို မင်္ဂလာ ရှိသော ရေကန်သို့ခေါ် ၍။ ငါ့ကိုတစုံတယောက်သောသူသည် ရိုက်ခတ်ညှဉ်းဆဲ ၍ ပင်ပန်းစေအံ့။ ဤရေနောက်လမည်။ ဂင်္ဂါနယူအံ့။ ဤရေ ကျိုက်ကျိုက် ဆူလမည်။ ငြွေသမားဘမ်းအံ့။ သွေးအဆင်းကဲ့သို့ နီလမည်ဟု နိမိတ် သုံးပါးကိုကြား၍။ စတုဒ္ဒသိဉုပုသ်နေ့၌ နဂါးဘုံမှထွက်၍ ထွန်ဘုံးပမာ ဏာရှိသော ငွေပန်းဆိုင်းနှင့်တူသော ကိုယ်ကိုဘန်ဆင်း၍။ ထိုဘောင်ဝို ထိပ်၌ ဥပုသ် ဆောက်တည် သည်ကို။ ဗာ ရာ ဏ သီ ပြည်၌ လုလင် တယောက်သည် အလမ္ဗါယ်မန္တန်ကိုသင်၍ တက္ကသိုလ်ပြည်မှ ပြန်ရာ တွင် မြင်သဖြင့်။ ဤမြွေကို ကစေ၍ ဥစ္စာဖြစ်အောင်ပြုအံ့ဟု နတ်၏ဆေး ဝါးမန္တရားဖြင့်ချည်းသော လုလင်၏မန္တန်ကို ကြားလျှင်။ ရဲရဲညီးသော သံချောင်းဖြင့် နားကိုကျပ်တိသကဲ့သို့ ဖြစ်သဖြင့်။ အဘယ့်ကြောင့်နည်း ဟု အခွေကြားမှ ဦးခေါင်းဘော်၍ ကြည့်သည်ရှိသော်။ မြွေသမားကို မြင်လျှင်။ ငါ့အမျက်ထွက်၍နာခေါင်းလေလွှတ်ဘိမူကား။ ဤယောက်ျား သည် မွဲပြာအစုကဲ့သို့ ဖရိုဖရဲဖြစ်သဖြင့် ငါ၏သိလ ပျက်စီးလတ္တံ့။ ထို ယောက်ျားကို ငါမကြည့်ပြီဟု။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ကို ခံရလတ္တံ့သည်မှ ကြောက်သော စိုးရိမ်ခြင်းဆက်၊ သိလပျက်အံ့ သည်မှ ကြောက်သော စိုးရိမ်ခြင်းသည် လွန်မင်းလွသော ကြောင့်။ မျက်စိကိုအသာမှိတ်၍ ခေါင်းကိုအခွေကြားသို့သွင်းပြန်သော်။ ဘုရား လောင်းကို နတ်၏ဆေးဝါးမန္တရားဖြင့် ကိုယ်လုံးဖူးရုံးပေါက်အောင် ထွေး၍ အမြွေးကို ငင်ပြီးသော်၊ မြွေ၌ အလျားအိပ်စေ၍။ ဆိတ်ခွါလှံကန် ဖြင့် နှိပ်ခြင်း။ ဦးခေါင်းကိုမြွှာနှိပ်၍။ ဘွင့်သောခံတွင်း၌ ဝါးသောဆေး ကိုထွေးလျှင်။ သွားအားလုံး ကြွေအံ့သကဲ့သို့ဖြစ်၍ သွေးအတိပြည့်ခြင်း။ အမြွေးမှစ၍ ခေါင်းတိုင်အောင် အရိုးအသား ညက်ညက်ကြေကောင်း ဘွယ်သိပ်နှင်းခြင်း။ အမြွေ ကို ကိုင်၍ ပုဆိုးဖွပ်သကဲ့သို့ မြွေ၌ညက်ညက် ရိုက်ခြင်းတို့ဖြင့် ကြီးစွာသော ဝေဒနာကို ခံရငြားသော်လည်း။ သိလ ပျက်အံ့သည်မှ ကြောက်သော စိုးရိမ်ခြင်းဖြင့် မျက်စိဘွင့်၍ မကြည့်၊ သည်းခံ၏။ အားနည်းမှန်းသိမှ နွယ်ပခြုပ်ဖြင့်ဆောင်၍ ရွာငယ်တရုတ်သို့

ရောက်လျှင်။ များစွာသော လူအပေါင်းအလယ်၌ အလမ္ဘိယ် ပုဏ္ဏားအလိုရှိတိုင်း အညှိုအဖျော့အစရှိသော အဆင်းကိုဖြစ်စေခြင်း။ လုံးသောကိုယ်၊ လေးထောင့်သောကိုယ် အစရှိသော သဏ္ဌာန်ကို ဖြစ်စေခြင်း။ ငယ်သောကိုယ်၊ ကြီးသောကိုယ် အစရှိသော ပမာဏကို ဖြစ်စေခြင်း။ ပါးပျဉ်းအရာ ပါးပျဉ်းအထောင်ကိုဖြစ်စေခြင်းတို့ဖြင့်အလိုအလျောက်ကရ၍။ သပြာတထောင်နှင့်တကွ၊ တသောင်းထိုက်သော ပရိက္ခရာကိုရလျှင်။ ပစ္စန္တရာဇ် ရှာ၌လျက်လည်း ဤသို့သောဥစ္စာကို ရသေးဏှင့်။ ရှိ၌ မင်း အစရှိသော သူတို့၏အထံ၌ကရသော် များစွာ ရတနံ၏ဟု။ ဘမ်းဦးစက တထောင်ရလျှင် လွတ်အံ့ဟု ကြံသော စိတ်ကို ဖျက်၍၊ ဇလာဘနိုင်ငံကိုလိုက်သဖြင့်။လည်း၌ ပရိက္ခရာကိုတင်၍ မိမိယာဉ်သင်္ဘ စီး၍ ရှာနိုကုံးအစဉ်အတိုင်း ကစေလျက်။ဗာရာဏသီမြို့သို့ ရောက်လျှင်။ ဥဂ္ဂသေန မင်းကြီး အထံ၌ ကစေပြီးသော် လွတ်အံ့ဟု ကြံ၍။ ဘား ကိုသတ်၍ပေးသော်လည်း၊ငါ့ကြောင့်အဘန်တလဲလဲသတ်ပေအံ့ဟုမစား။ ဖျားပေါက်ပေါက်ပေးသော်လည်း မစား။ ငါစားချေက ပခြုံပိတ္တင်းပင်သေရလတ္တံ့ဟု၊ မစားသည်ဖြစ်၍။တလပြည့်လျှင် စည်လည်စေ၍။ ကြီးစွာသောသဘင်ဖြင့် မင်းရင်ပြင်၌ ကစေသည်ရှိသော်။များစွာသော လူအပေါင်းတို့၏ ဦးရစ်ပစ်ခြင်း၊ ကြွေးကြော်ခြင်း တို့ဖြင့်။ ရတနာမိုးယံးရှာစေသကဲ့သို့ ကြဲပစ်ပူဇော်သောရတနာဆုနစ်ပါးရှိသည်ဖြစ်၍ ကမ္ဘူးစည်။နဂါးမင်းမိဘုရားသုမနဒေဝိသည့်နဂါးမင်းမလာသည့် တလုရှိပြီ၊ အဘယ့်ကြောင့်နည်းဟု ရေကနဲသို့သွား၍ ကြည့်သည်ရှိသော်။ သွေးအဆင်းနှင့်တူသော ရေကို မြင်သဖြင့်၊ ယွဲ့သမားဘမ်းသည်ဟု သိ၍။ သိတင်းသုံးရာ တောင်ပို့မှစ၍ အစဉ်အတိုင်း အရာမှီး၍ လိုက်သည်ရှိသော်။ ဗာရာဏသီမြို့သို့ ရောက်လျှင်။ မဲင်းရင်ပြင်၌ ဘုရားလောင်းကသည့်ကိုမြင်၍။ ပရိသတ်အလယ် ကောင်းကင်၌ ငိုလျက်ရပ်သည်ကို ဘုရားလောင်းမြင်လျှင်။ရှက်သဖြင့်ပခြုံထဲသို့ဝင်၍နေသည်ကိုမင်းကြီးမြင်၍။ အဘယ့်ကြောင့် နဂါးမင်း ဝင်လေသနည်းဟု ထိုမှ၍မှ ကြည့်သည်ရှိသော်။ ကောင်းကင်မှရပ်သော သုမနဒေဝိကိုမြင်လျှင်။ ။ကာသု ဝိဇ္ဇ္ဇ္

ကာနှု၊အဘယ်သူနည်း။ ဒေပတာ၊စတုမဟာရာဇ်နတ်သို့းသည်တည်း။ အသိနှု၊ ဖြစ်သလော။ ဂန္ဓဗ္ဗို၊ ဂန္ဓဗ္ဗနတ်သို့းသည်တည်း။ အသိနှု ဖြစ်သလော။ တံ၊ သင့်ကို။ မာနှုသိ၊ လူမိန်းမဟူ၍။ နမညာမိ၊ ငါမအောက်မေ့။ ။ဤဂါထာဖြင့် ဥဂ္ဂသေနမင်းကြီး မေးသည်ရှိသော်။ ။နမ္မိဒေဝိ နဂန္ဓဗ္ဗို၊ မဟာရာဇနမာနုသိ။ နာဂကညာမ္မိဘဒ္ဒန္တေ၊ အတ္ထေနမ္မိဇာတာ ဂတာ။ ။မဟာရာဇ၊ဖြတ်သောမင်း။ အဟံ၊ ငါသည်။ ဒေဝိ၊ စတုမဟာရာဇ်နတ်သို့းသည်လည်း။နအမ္မိ၊မဂြစ်။ ဂန္ဓဗ္ဗို၊ဂန္ဓဗ္ဗနတ်သို့းသည်လည်း။ နအမ္မိ၊မဖြစ်။ မာနုသိ၊လူမိန်းမသည်လည်း။ နအမ္မိ၊မဖြစ်။ ဘဒန္တေ၊ ရှင်မင်းကြီး။ နာဂကညာ၊နဂါးမသည်။ အမ္မိ၊ဖြစ်၏။ အတ္ထေန၊အကြောင်းကြောင့်။ ဇာဓ၊ဤအရပ်သို့။ အာဂတာ၊ လာသည်။ အမ္မိ၊ဖြစ်၏။ ။ဤဂါထာဖြင့်ဖြေ၍၊ စမ္မေယျနဂါးမင်း၏ အဖြစ်ကို ဆို၍။ အလုံးစုံသော အကြောင်းကို မင်းကြီးကြားလျှင်။နဂါးမင်းကိုလွတ်စေခြင်း။နဂါးမင်းလွတ်လျှင် မိဘရှားနှင့်တကွ လူ၏အယောင်အဆင်းဖြင့် မင်းကြီး ရှေ့၌ရပ်၍ သူကျေးဇူးကိုသိသဖြင့် နဂါးပြည်သို့လိုက်စိမ့်သော်ငှါ မင်းကြီးကိုတောင်းပန်ခြင်း။နဂါးမင်းတောင်းပန်သည်ကို အကြောင်းပြုသဖြင့် စစ်အင်္ဂါလေးပါးနှင့်တကွ နဂါးပြည်သို့ လိုက်ခြင်း။ နဂါးပြည်၌ ဘုံဗိမာန်အစရှိသည်ကိုဖြင်လျှင် ထိုသို့သောဘုံဗိမာန်ကိုစွန့်၍ သီတင်းသုံးကြောင်းကို မင်းကြီး မမေး၍၊ ဘုရားလောင်း ဖြေခြင်း။ ဘုရားလောင်းစကားကိုကြားလျှင် မင်းကြီးသံဝေဂရ၍၊ လူ့ပြည်သို့ တဘန်ပြန်စေခြင်း။မင်းခစားသော ပရိသတ်တို့အား။ ဘုရားလောင်း အလို့အတိုင်းပေးသောရတနာကို အသို့အတိုင်းဆောင်ခဲ့သဖြင့်။ထိုကစ၍ ဇမ္ဗူ။ဒီပါကျွန်းဌ ရတစနာ ခုနစ်ပါးမျှားခြင်း။ ဤဝမ္မ ဒေသနာကို ဆောင်တော်မူသော ဖြတ်စွာဘုရားသည်။ ထိုရောအခါ၌ ဖြွဲသမားသည် ယခုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ သုမနဒေဝိသည် ရာဟုလာမယ်တော် ဖြစ်လာ၏။ ဥဂ္ဂသေနမင်းသည် သာရိပုတ္တရာဖြစ်လာ၏။ စမ္မေယျနဂါးမင်းသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်းအဋ္ဌ၊ပဉ္စမိရှိသော စမ္မေယျနာဂရာဇဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

တို့ဘုရားလောင်းသည် မဂဓတိုင်းဌ ရာဇဂြိုဟ်ပြည်ကို အစိုးရသောမင်းကြီးသားဖြစ်၍။ ဒုပေါဒနဟူသော အမည်ကိုရ၍ အရွယ်သို့ရောက်၍၊ တက္ကသိုလ်ပြည်မှ အလုံးစုံသော အတတ်ကို တတ်၍ ပြန်

လျှင်။ခမည်းတော် နှစ်သက်သဖြင့် အဘိသိက်သွန်း၍။ မင်းကြီးကား ရသော့ ရဟန်းပြု၍ မင်းဥယျာဉ်၌ နေသည်ကို သားတော်သည် တနေ့ သုံးကြိမ်ဆည်းကပ်သဖြင့်။ ပြန့်ပြောသော လာဘ်အဆွေအရွေကြောင့် ဆိတ်ငြိမ်ခြင်းကိုမရ၍ သားတော်ကို မသိစေဘဲ မဂဓတိုင်းကို လွှန်၍။ မဟိံသကတိုင်း၌ သခိပါလအိုင်မှ ထွက်သော ကဏ္ဏဝေဏ္ဏာမြစ်ကွေ့၌ စန္ဒကတောင်ယံ၌ နေ၍ ကသိုဏ်း ပရိကံပြုလျှင်။ ဈာန်သမာပတ် ရသဖြင့်။ သခိပါလ နဂါးမင်း ဆည်းကပ်သည် ဖြစ်သော်။ သားတော် မဂဓမင်းကြီးသည် ခမည်းတော်ကို စူးစမ်းရှာဖွေ၍တွေ့လျှင်။မျှားစွာသော စစ်သည် အခြံအရံနှင့်တကွ ဂူးမြင်မည်လာရာတွင်။ သခိပါလ နဂါးမင်း ဆည်းကပ်သည်ကို မြင်၍။ အဘယ် မင်းနည်းဟု ခမည်းတော်ကိုမေးသော်။ သခိပါလနဂါးမင်းအဖြစ်ကို ခမည်းတော်ဆိုလျှင်။ နဂါးစည်းစိမ်၌ တပ်မက်မောသဖြင့်။ ခမည်းတော်အား အမြဲသော ဆွမ်းပဿည်း ရလွယ်အံ့သော အကြောင်းကို စိုရင်၍ ပြည့်သို့ပြန်လျှင်။ အသူပေးခြင်း၊ သီလဆောက်တည်ခြင်းဖြင့် တောင့်တ၍။ အသက်အဆုံး ဆုံး၌ သခိပါလနဂါးမင်းဖြစ်လျှင်။ ကြီးစွာသော စည်းစိမ်ဖြင့် စံပယ်သည်ရှိသော်။ နောက်၌ မသာသောနှလုံးရှိ၍ လူအဖြစ်ကို တောင့်တသဖြင့်။ နဂါးပြည်၌ ဥပုသ်သီတင်းသုံး၍ နဂါးမငယ်တို့၏ နှောင့်ယှက်ခြင်းကြောင့်၊ သီလပျက်ဘန်မျှားလျှင်။ ကဏ္ဏဝေဏ္ဏာမြစ်၏ အနီး၌။ ခဲ့ဂိုး ကွေ့တို့၏ နှစ်ဘက်ကြား၌ တောင်ပို့ဆိပ်တွင် ငါ၏အသားအရေ အစရှိသည်ကိုအလိုရှိသူယူစေသတည်းဟု။ လှေပိန်းကောတစင်းရှိ၊ ဖြူစင်စွာကုံး၍ထားသော မုလေးကုံးကဲ့သို့သော အတ္တဘောကို ဘန်ဆင်း၍ ဥပုသ် ဆောက်တည်သည် ရှိသော်။ တကျိပ် ခြောက် ပေခန် သော ပစ္စန္တရာဇ်သားတို့သည်။ တံကျင်လက်စွဲကုန်လျက်။ သားငါးရှာစား၍ ဖွတ်ငယ်တခုမျှ မရသဖြင့် လက်ချည်းသက်သက် တောမှ ထွက်ကုန်ရာတွင် နဂါးမင်းကိုဖြင်လျှင် ပြေးအံ့စိုး၍။ ခွေလျက်နေစဉ်ပင် တံကျင်ဖြင့်ထိုး၍ အားနည်းအောင်ပြုပြီးမှ ယူအံ့ဟု တံကျင်လက်စွဲလျက် ချဉ်းကုန်သောသူတို့၏ ခြေသံကိုကြားလျှင်။ အခွေကြားမှ ခေါင်းဝေါ်၍ ကြည့်သည်ရှိသော်။ ထိုသူတို့သည် ငါ့ကို အစုတ်စုတ် အထွင်းထွင်း ထိုးကုန်ငြားသော်လည်း အမျက် မထွက် သဖြင့် မျက်စိဘွင့်၍ မကြည့် ပြီဟု ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်းကို ခံရအံ့သည်မှ ကြောက်

သော စိုးရိမ်ခြင်းထင်။ သိလ ပျက်အံ့သည်မှ ကြောက်သော စိုးရိမ်ခြင်းသည် လွန်မင်းလှသောကြောင့်။ ဝိရိယာဓိဋ္ဌာန် မြဲမြံစွာ ဆောက်တည်၍ ခေါင်းကို အခွေကြားသို့သွင်းလျှင်။အမြီးကို ရွတ်ရွတ်ငင်ရှား၍ မြေတွင် အလျားထားပြီးမှ။ ထက်လှစွာသော သစ်သား တံကျင်ဖြင့် ရှစ်တန့်ဘောက်၍အဆူးရှိသော ကြိမ်ဖြင့်သိပြီးသော်။ရှစ်ချောင်းသော ထမ်းပိုးဖြင့်ထမ်း၍ ခရီးမဋ္ဌသွားရာတွင်။ ဦးခေါင်း ဝဲ့လျှားကျ၍ မြေဋ္ဌ ထိသည်ကို။ တဘန်နှာခေါင်းတွင်းဋ္ဌ ဘောက်ပြန်၍၊ ကြိုးငယ်ဖြင့်သိပြီးလျှင်။ထမ်းပိုးစွန်းဋ္ဌဆွဲ၍ ထမ်းပြန်သည်ကို။ဝိဒေဟတိုင်း မိဓိလာပြည်မှ လှည်းငါးရာနှင့် ကုန်ပြုမည်လာသော အာဠာဝရသူကြွယ် ဖြင်လျှင်။ ဘမ်းယူဆောင်ကြဉ်းသော အကြောင်းကိုမေး၍။ စားစရာယူသည်ဟု ဆိုလျှင်။ အလွန်သနားစုံမက်ခြင်းဖြစ်၍။ အမောင်တို့၊ ဤဥစ္စာကိုယူ၍ နဂါးကို လွှတ်ပါလော့ဟု တောင်းပန်၍။ နွား၊ တယောက်တခု။ဖွေပဲ၊ တယောက် တလက်ဘက်။ အဝတ်အစား။ သားမယားတို့ကို အဝတ်တန်းဆာအသိုးသိုးပေး၍လွှတ်စေပြီးသော်။ဘုရားလောင်းကိုပို့လိုက်၍ ဘုရားလောင်း နဂါးပြည်သို့သွား၍ မျှားမဖြင့်လျှင်။ မျှားစွာသော အခြံအရံနှင့်တကွလာ၍။ အာဠာဝရသူကြွယ်ကိုတောင်းပန်၍။ နဂါးပြည်သို့ ဆောင်ခဲ့ပြီးမှ။ သုံးရာသော နဂါးသိုင်းတို့နှင့်တကွ ကြိုးစွာသောစည်းစိမ်ကိုပေး၍တန်စလည်လျှင်။ ။အဓိစ္ဆလဒ္ဓံပရိဏာမဇာနေန၊ သယံကတံဥဒါဟုဒေဝေဟိ ဒိန္နံ။ ပုန္ဆာမိတံ နာဂရာ ဓေတာမတ္တံ၊ကထဏ္ဍာဂရမာသိဝိမာန သေဋ္ဌံ။ ။ဘောနာဂရာဇ၊ အိုနဂါးမင်း။ ဤဥစ္စာဝိမာနသေဋ္ဌံ၊ ဤမြတ်သော ဗိမာန်ကို။တောသာ၊နဂါးမင်းသည်။အဓိစ္စ၊အကြောင်းကင်းသဖြင့်တည်း။လဒ္ဓံ၊ရအပ်သလော။တောဝါ၊နဂါးမင်း၏။အတ္တာယ၊ အလိုငှါ။ ပရိဏာမဇံ၊ သူတထူးသည် ညွှတ်စေအပ်သဖြင့် ဖြစ်သလော။ သယံ၊နဂါးမင်းအလိုလိုတည်း။ ကတံ၊ ပြုအပ်သလော။ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဒေဝေဟိ၊ နတ်တို့သည်။ ဒိန္နံ။ ပေးအပ်သလော။ နာဂရာဇ၊နဂါးမင်း။တံ၊သင်နဂါးမင်းကို။ဇေတမတ္တံ၊ ဤအကြောင်းကို။ ပုန္ဆာမိ၊ မေးပါ၏။ ကတံ၊အဘယ့်ကြောင့်။ ဇာဒံဝိမာနသေဋ္ဌံ၊ ဤမြတ်သောဗိမာန်ကို။အဇ္ဈာဂရမာ၊ရတော်မူသည်။အသိ၊ဖြစ်သနည်း။ ။ဤဂါထာဖြင့် မေးသည်ရှိသော်။ ။နာဓိစ္စလဒ္ဓံန ပရိဏာမဇံမေ၊ နသယံကတံ နပိဒေဝေဟိဒိန္နံ။ သကေဟိ ကမ္မေဟိ အပါပကေဟိ၊ ပုညေဟိ

မေလဒ္ဓမိဒံဝိမာနံ။ ။အာဠာဝရ၊အာဠာဝရ။ဣဒံဝိမာနသေဋ္ဌံ၊ဤမြတ်သော ဗိမာန်ကို။ အဓိစ္စ၊ အကြောင်းကင်းသဖြင့်။ မေမယာ၊ ငါသည်။ နလဋ္ဌံ၊ မရအပ်။ မေမမ၊ ငါ၏။ အတ္ထာယ၊ အလို၌။ နပရိဏာမဓံ၊ သူတပါးသည် ဥစ္စာတော်စေအပ်သဖြင့်မဖြစ်။ သယံ၊ အလိုလိုလည်း။ နကတံ၊ မပြု အပ်။ဒေဝေဟိ၊နတ်တို့သည်လည်း။နပိဒိန္နံ၊မပေးအပ်။ သကေဟိကမ္မေဟိ၊မိမိကံဖြစ်ကုန်သော။အပါပကေဟိ၊မယုတ်မာကုန်သော။ပုညေဟိ၊ ကောင်းမှုတို့ကြောင့်။ ဣဒံဝိမာနသေဋ္ဌံ၊မြတ်သောဗိမာန်ကို။ မေမယာ၊ ငါသည်။ လဒ္ဓံ၊ ရအပ်၏။ ။ဤဂါထာဖြင့် ဖြေလျှင်။ ဤသို့သော ဆုံဗိမာန် ဥယျာဉ်ရေကန်အစရှိသော မျှားမြတ်သော စည်းစိမ်ကိုရပြီး လျက်စွန့်၍။ အဘယ့်ကြောင့် ဥပုသ် သိတင်း ဆောက်တည်သနည်း ဟု မေး၍။လူပြည်သာစင်ကြယ်သော သူတို့၏နေရာ။လူပြည်၌သာ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည်ဖြစ်ကုန်၏။ ထို့ကြောင့်၊ လူပြည်၌ဖြစ်၍ ဇာတိမရဏာတို့၏အဆုံးကိုပြုလိုသောကြောင့်။လူပြည်သို့သွား၍ ဥပုသ် သိတင်းသုံးခြင်းကိုပြုသည်ဟုဆိုလျှင်။အာဠာဝရ သူကြွယ်သည် သံဝေဂ ရ၍။ လူပြည်သို့တာဘန် ပို့ပြုနှစ်ခွဲသောဌါ တောင်းပန်သည် ရှိသော်။ အလုံးစုံသော အလိုကို ပေးတတ်သော ပတ္တမြား ရတနာကိုပေးသော်လည်း မှယူဘဲ ရဟန်း၏ ပရိက္ခရာကိုသာ တောင်း၍။ ဟိမဝန္တာတော၌ ရသေ့ရဟန်းပြု၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍။ ဗာရာဏသီ မင်းကြီး မြင်လျှင် ကြည်ညို သဒ္ဓါသဖြင့် ဆွမ်းလုပ်ကျွေး၍။ ရသေ့ ရဟန်း ပြုကြောင်းကို မေးသဖြင့်။ နဂါးမင်းကို လွတ်စေသည်မှစ၍ တောတွက်သည် တိုင်အောင် အလုံးစုံသော အကြောင်းကိုဆို၍။ ။ဒိဋ္ဌာမယာ . မာနုသကာဝိကာမာ၊ အသဿတာဝိပရိဏာမဓမ္မာ။အာဒိနဝံကာမဂုဏေဒိသွာ ၊သဒ္ဓါယဟံပဗ္ဗဇိတောမှိရာဇ။ ဒုမပ္ပုလာနေဝပတန္တိ မာဏဝါ၊ ဒဟာရာစဂုဒ္ဓါစသရီရဘေဒါ။ ဇတံပိဒိသွာ ပဗ္ဗဇိတောမှိ ရာဇ အပဏ္ဏကံသာမညမေဝ သေယျော။ ။ ရာဇ၊ မဟာရာဇ၊ မြတ်သောမင်း။ အသဿတာ၊ မမြဲကုန်သော။ ဝိပရိဏာမဓမ္မာ၊ ဘောက် ပြန် တတ်သော သဘော ရှိကုန်သော။ မာနုသကာ၊ လူဖြစ်ကုန်သော။ ကာမာပိ၊ ကာမဂုဏ် တို့ကိုလည်း။ မယာ၊ငါသည်။ဒိဋ္ဌာ၊ မြင်အပ်ကုန်ပြီ။ကာမဂုဏေသု၊ ကာမဂုဏ်တို့၌။ အာဒိနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။အဟံ၊ငါ

သည်။ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ အဓိပ္ပါယ်ဖြစ်၏။ ရာဇမဟာရာဇ၊ မြတ်သောမင်း။ ဒုမပ္ပလာနိ၊သစ်သီးတို့သည်။ ပတန္တိဇ္ဈဝ၊ ကျကုန် သကဲ့သို့။ ဒဟရာ၊ငယ်ကုန်သော။မာဏဝါစ သတ္တဝါအပေါင်းတို့သည်ရင်း။ဝုဒ္ဓါ၊ကြီးကုန်သော။ မာဏဝါစ။ သတ္တဝါအပေါင်းတို့သည်ရင်း။ သင်္ခါရဘေဒါ၊ ပျက်သောကိုယ်ရုံကုန်သည်ဖြစ်၍။ ပတန္တိ၊ ကျကုန်၏။ ဇတေံပိ၊ဤအကြောင်းကိုလည်း။ နိသ္သာ၊မြင်သောကြောင့်။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။အဓိပ္ပါယ်ဖြစ်၏။မဟာရာဇ၊မြတ်သောမင်း။ အပတ္ထကံ၊ ချွတ်လွဲခြင်းမရှိသော။ သာမညမေဝ၊ ရဟန်းအဖြစ်သည်ဟျောင်။ သေယျော၊ မြတ်၏။ ။ဤဂါထာဖြင့်၊ ရဟန်းပြုကြောင်းကို ပြန်လျှောင်။ မင်းကြီးလည်းသံဝေဂရ၍။အသ္သသိတင်းဆည်းပူးခြင်းကိုပြု၏။ အာဠာရရဿလည်း ဟိမဝန္တဒေသကိုပြန်၍။ လေးပါးသော ဖြတ်ဝိဟာရကိုပွားစေ၍။ ဖြတ်ဝှေ့ပြည့်သို့ဖြစ်လေ၏။ နဂါးမင်းလည်း အသက်ထက်ဆုံး သိတင်းသုံး၍ကံအားလျော်ဝံပတ်စွာဖြစ်လေ၏။ ။(ဤသခ်ပါလဇာတ်၌ ကိုယ်တော်ကို စွန့်ခြင်းဖြင့် ဒါနပါရမီကို ဖြည့်သည်မည်၏။ ထိုသို့သဘောရှိသော အဆိပ်၏ တန်းခိုးနှင့်ပြည့်စုံလျက် အမျက်ဒေါသ မရှိသည်ဖြစ်၍ သီလ မပျက်သဖြင့် သီလပါရမီကိုဖြည့်သည်မည်၏။ နဂါးဘုံမှထွက်၍ ဥပုသ် သီတင်းဆောက်တည်ခြင်း တည်းဟူသော ရဟန်း တရားကိုပြုသဖြင့် နိက္ခမပါရမီကိုဖြည့်သည်မည်၏။ ဤအမှု ဤအမှုကို ပြုသော်သင့်၏။ ဤအမှုဤအမှုကိုပြုသော် မသင့်ဟူ၍ စိုရင် ခွဲခြမ်းခြင်းသည် ပညာပါရမီကိုဖြည့်သည်မည်၏။ ထိုသို့သဘောရှိသော ညှဉ်းဆဲခြင်း၌ သည်းခံခြင်းကို အားထုတ်သဖြင့် ဝိရိယပါရမီကို ဖြည့်သည်မည်၏။ ထိုသို့သဘောရှိသော ညှဉ်းဆဲကလူခြင်းကိုသည်းခံခြင်းဖြင့်ခန္တီပါရမီကို ဖြည့်သည်မည်၏။ မှန်စွာ ဆောက်တည်ခြင်းဖြင့် သစ္စာ ပါရမီကို ဖြည့်သည်မည်၏။ အထူးထူးအပြားပြား စိုရင်ငြားသော်လည်း ငါ၏သီလကို မပျက်ပြီဟု ဆောက်တည်ခြင်းဖြင့် အဓိဋ္ဌာန်ပါရမီကိုဖြည့်သည်မည်၏။ အမျက်ဒေါသမရှိသောသနားခြင်းဖြင့် မေတ္တာပါရမီကို ဖြည့်သည်မည်၏။ ထိုသို့ သဘောရှိသော ဆင်းရဲဝေဒနာကိုလျစ်လျူ။ ရှုခြင်းဖြင့် ဥပေက္ခာပါရမီကို ဖြည့်သည်မည်၏။ ဤသို့လျှင်၊ အယုတ်အလတ် အမြတ်အားဖြင့် ပါရမီအပြားသုံးဆယ်ကို တဇာတ်တည်း၌ရကောင်း၏။ ဤနည်းကိုမှီ၍ ထိုထိုသောဇာတ်တို့၌ ထိုက်သည့်အလျောံ

ထိုထိုသော ပါရဒိအ ပြား ကို ထုတ် အပ် ၏)။ ။ဤ ဝမ္မ ဒေသနာကို ဆောင်တော်မူ၍။ ထိုရောအခါ ခမည်းတော်ရသော့သည် ယသုအခါဠ် ကသဟ ဖြစ်လာ၏။ ဗာရာဏသီ မင်းကြီးသည် အာနန္ဒာ ဖြစ်လာ၏။ အာဠာဝရ ရသော့သည် သာရိပုတ္တရာ ဖြစ်လာ၏။ သခ်ပါလ နဂါးမင်း သည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းဆံတော်မူပေ၏။ဤသို့သော အခ္ခုပ္ပတ္တိ ရှိသော သခ်ပါလနာဂရာဇ ဇာတ်ကို အကြောင်း ပြုသဖြင့်ဂုဏ်း။ ။

တို့ဘုရားလောင်း ဒတ္တလုလင်သည်။ခမည်းတော် တရင်္ဂုနဂါးမင်း နှင့်တကွ၊သိကြားမင်းစည်းစိမ်ကိုဖြင်လေလျှင်။လိုချင်တောင့်တသဖြင့် နဂါးပြည်၌ ဥပုသ်သီတင်း ဆောက်စာည်သည် ရှိသော်။ ဆိုခဲ့ပြီးသော နည်းဖြင့် သီလ ပျက်ဘန် များ၍ ယမုနာဖြစ်နား ပညောင်ပင်၏ အနီး တောင်ပို့ထိပ်၌ လေးပါးသော အင်္ဂါနှင့် ပြည့်စုံစွာ ဥပုသ် သီတင်း ဆောက်တည်သည်ကို။ နဂါးပြည်သို့ဆောင်၍ ကြီးစွာသော စည်းစိမ် ဖြင့် မွေးမြူဘူးသော ကျေးဇူးရှင်ကို ကျေးဇူးပြုသဖြင့်။ အလွန်တရာ ဆိုး ယုတ်မာသော နေ သာဒ ပုဏ္ဏား သည်။ ။ဂေပ္ပါသပိစုရသော၀၊ ဇသောကာယောပဒိသတိ။ ဝဒ္ဓိကဂ္ဂဂတော သေတိ၊ တံတွံ ဂဏ္ဍာဟိ ဖြာဟဋ္ဌကာ။ ။ဟူသောဂါထာဖြင့်ကုန်းချောစား၍ အလွမ်းပယ်ပုဏ္ဏား မြင်လျှင် နတ်၏ ဆေးဝါးမန္တရားဖြင့် အမြှီးကို ကိုင်ရှား၍၊ ခံတွင်းကို လက်နှင့်ဘွင့်၍ ဝါးသော ဆေးကို ထွေးခြင်း။ အမြှီးကို မြှောက်ခြင်း။ ဦးခေါင်းစောက်ထိုး တဖြင့်တရှား လှုပ်ချောက်ချား၍ စားသောအစာ ကို အနှစ်စေခြင်း၊ မြေ၌အလျားထားပြီးသော် ခေါင်း အမြှီးလျှောက်၍ ဆိပ်ဆိပ်နှင်းခြင်း။ ခဝါသည် ယောက်ျား ပုဆိုး ဖွပ်သကဲ့သို့ အမြှီးကို ကိုင်၍ ဘယ်လွဲ ညာလွဲ ရိုက်ခြင်း။ ဖနှောင့်ဖြင့် ကျောက်၍ ပခုံးပဲထဲသို့ လက်နှင့်သွင်းခြင်းတို့ဖြင့် ကြီးစွာသောဆင်းရဲကို ခံရငြားသော်လည်း။ သီလပျက်အံ့သည်မှ ကြောက်သောစိုးရိမ်ခြင်းကြောင့် မျက်စိဘွင့်လှစ်၍ မကြည့်သဖြင့်။ အလွမ်းပယ် ပုဏ္ဏား အလို့အလျောက်ဖြစ်ခြင်း အစ ရှိသော အခ္ခုပ္ပတ္တိကို ဆိုရာ ဆိုကြောင်းဖြစ်သော ဘူရိဒတ် ဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း သိအပ်၏။ ။ဤသည်လျှင် သီ လ ပျက် အံ့ သည်မှ ကြောက်သော စိုးရိမ်ခြင်းမည်၏ ဟူလိုသော်။ ။

၃၇။ ပညာရှိသူတော်ကောင်းတို့သည် သစ္စာဆွတ်ခဲ့သည်မှ
ကြောက်သဖြင့် စိုးရိမ်ခြင်းကိုပြရာ။

သစ္စာဆွတ်ခဲ့သည်မှ ကြောက်သော စိုးရိမ်ခြင်းကိုကား။ ကပိလ တိုင်းခြံ ဥတ္တရပဉ္စာလပြည်ကို အစိုးရသော ပဉ္စာလရာဇ် မင်းကြီး၏ မိဘရား သားဘွားသည်ရှိသော်။ဘွားတိုင်းသောသားကို စားရသည့် ကိုယ်ဖြစ်ပါလို၏ဟု၊ ဆရာဘက်ဖြစ်သော ရန်သူ ဘီလူးမသည်။ မိဘရားဘွားဖြင်စဉ်စွတ်သောသားတစ်နှင့်တူသော မင်းသားကို ရွတ် ရွတ်ငင်၍ နှစ်ကြိမ်လုံး စားလေသောကြောင့်။ သုံးကြိမ် မြောက်၌ အစောင့်အရှောက်မြစွာစိုရင်လျက် ယူမြဲယူသည်ကို မိဘရားမြင်လျှင် သည်းစွာဟစ်ကြွေး၍။အစောင့်အရှောက်ထားသောလူတို့သည် လက် နက်စွဲလျက် လိုက်ကုန်သဖြင့် စားခွင့် မသာသောကြောင့် ပြန်ပေါက် ဖြင့်ချီ၍ပြေးထွက်ရာတွင်။အဓိဟူသောအမှတ်ဖြင့် သားမြတ်ကိုစွဲလျှင်။ သားကဲ့သို့ ချစ်ခြင်းဖြစ်၍ မစားဘဲ။သုသန်သို့ဆောင်၍ ကျောက်ဂူခွဲ ထား၍ မွေးသဖြင့် အစဉ် အတိုင်း ကြီးလျှင်။ ကိုယ်ကို ကွယ်ခြင်းငှါ မတော်နိုင်သည်ကို ဘီလူးမဆေးဖြစ်ပေး၍ ဓဆေး၏အာနုဘော်ကြောင့် ကိုယ်ပျောက်လျှင်။ ဘီလူးမသားဟူသော အမှတ်ဖြင့် ဘီလူးမနှင့်အတူ တကွ လူသားစား၍နေ၏။ ဘီလူးမသည် ဝေဿဝဏနတ်မင်း၏ အမှူ ကို ရွက်ဆောင်မည် သွားရာတွင် မပြန်ဘဲသေသဖြင့်။ အခါတပါးခြံ မွေ့လျော်၍ ဆေးဖြစ်ပျောက်ခဲ့လျှင်။ ထင်ရှားသောကိုယ်နှင့် သုသာန်ခြံ လူသားစားသည်ကို တယောက်သောသူမြင်၍။ယခု ဘီလူးတယောက် သည် ထင်သောကိုယ်ဖြင့် သုသာန်ခြံ လူသားစား၏။ အစဉ် သဖြင့် မြို့တွင်းသို့ဝင်၍စားလတ္တံ့။ဘမ်းပါစေသော် ကောင်းအံ့ဟု ပြည်သူတို့ မင်းရင်ပြင်ခြံကြွေးကြော်သဖြင့် ဘမ်းစေသည်ရှိသော်။လူအပေါင်းတို့ ကိုဘောက်၍ ကြောက်လန့် တကြား ပြေးလေပြီးလျှင်၊ လူ့ပြည်သို့ တဘန် မလာပြန်သည်ဖြစ်၍ ကျယ်သောတောအုပ်ခြံ ပညောင်ပင်ရင်း တခုတွင်နေမြဲပြု၍။ခရီးခြံသွားသောသူတို့ကို ဘမ်း၍စားခြင်း။လှည်းငါး ရာဖြင့် ကုန်ပြုမည်လာသောပုဏ္ဏားကိုဘမ်းရာတွင် သစ်ငုတ်စူး၍။ခုနစ် ရက်ပတ်လုံး အစာမစား၊ ပညောင်ပင်ရင်းခြံ အိပ်ခြင်းတို့ဖြင့်။မဟာ ပေါရိသာဒနှင့်တူသည်ဖြစ်၍။ဘီလူးမသားဖြစ်သော မင်းသားနောက်၊

လေးကြိမ်မြောက်ဘွားသော မင်းသားသည် ဘိလူးမဖြစ်သောရန်ကို အောင်သဖြင့် ဘွားသောကြောင့်၊ ဇယဒိသဟူသော အမည်ကိုရ၍ မင်းဖြစ်လျှင် သံဃာသတ်ခြင်းဌ လေ့လာသည်ဖြစ်၍၊ သုတနုဇာတ်၌ ဆိုသော နည်းဖြင့် တာဝေ၍ သားလိုက်ကြရာတွင်၊ မင်းကြီး တာမှ လွတ်သောသားကို သုံးယူဇနာတိုင်အောင်လိုက်၍၊အခဲထမ်း၍ပြန်သ ဖြင့် ပင်ပန်း၍၊ နောင်တော်စောင့်သော သစ်ပင်ရိပ်တွင် နားသည့်ကို၊ ထ၍သွားမည်ပြုသောအခါ၌၊ရပ်လော့၊ ငါ့အစာဖြစ်ပြီဟု လက်ကိုကိုင် ၍။ ။စိရသံဝတမေ ဥဒပါဒိအစ္စ၊ ဘက္ခောမဟာသတ္တမိဘတ္တ်ကာ လေ။ကုတောသိကောဝါသိတဒိဃီဗြို့။ဟိ၊အာစိက္ခဇာတိ ဝိဒိတောယ ထာသိ။ ။ဘော၊အချင်း။ အစ္စ၊ယနေ့။ မေ၊ငါ၏။သတ္တမိ၊ ခုနစ်ရက် ဖြေံသော။ဘတ္တကာလေ ထမင်းစားအံ့သောအခါ၌။မဟာ၊မျှားသော။ ဘက္ခော၊ အစာသည်။ ဥဒပါဒိ၊ထင်စွာဖြစ်၏။ စိရသံဝတာ၊ကြာမြင့်စွ တကား။ တွံ၊သင်သည်။ ကုတော၊ အတိအရပ်မှ။ အာဂဇတာ၊ လာ သည်။အာသိ၊ဖြစ်သနည်း။ကောဝ ါ၊ အသူသည်မူလည်း။ အာသိ၊ ဖြစ်သ နည်း။ ဣဃ၊ငါတို့က်တွန်း၏။တံ၊ထိုအကြောင်းကို။ဗြို့။ဟိ၊ ဆိုဘိလော့။ ယထာ၊ အကြင်အခြင်းဖြင့်ကြားသည်ရှိသော်။ ဇာတိ၊ ဇာတ်ကို။ဝိဒိ တော၊ သိအပ်သည်။ အာသိ၊ဖြစ်၏။ တထာ၊ထိုအခြင်းဖြင့်။ အာစိက္ခ၊ ကြားဘိလော့။ ။ဤဂါထာဖြင့် မေးသည်ရှိသော် ကြောက်စွာတုန် လှုပ်လျက် သတိကိုဆောင်၍။ ။ပဠာလရာဇာမိဂံပဝိဋ္ဌော၊ ဇယဒိ သေနာမယဒိသုတောဇတေ။ စရာမိဂန္တာဒိဝနာဒိစာပံ၊ပသဒံဇ္ဈမံခါဒ မမဠ္ဍရဋ္ဌ။ ။ဘောယက္ခ၊အိုဘိလူး။ မိဂံ၊ သမင်တော်သို့။ ပဝိဋ္ဌော၊ ဝင်သော။ဇယဒိသေနာမ၊ ဇယဒိသ်အမည်ရှိသော။ ပေါ်ပဠာလရာ ဇာ၊ အကြင်ပဠာလရာဇ်မင်းကြီးကို။ တေတာယာ၊သင်သည်။ ယာဒိသု တော၊အဉ်ကယ်၍ ကြားအပ်အံ့။ သောအဟံ၊ ထိုငါသည်။ ဂန္တာဒိန၊ တောင်ယံတို့သို့ဂင်း။ ဝနာဒိန၊တောတို့သို့ဂင်း။ စရ၊မိ၊ သွား၏။ပသဒံ၊ ပသဒအမည်ရှိသော။ ဇ္ဈမံ၊ဤသမင်ကို။ ခါဒ၊ စားလော့။ မမဠ္ဍ၊ ငါ့ကို လည်း။မဠ္ဍ၊လွှတ်ပါလော့။ ။မင်းကြီးစကားကိုကြား၍ စူဠပေါရိသာဒ လည်း။ ။သေနေဝ တွံပက္ခာသိသသမာနော၊ မမေသာဘက္ခောပသ ဒေါယံဝဒေသိ။ တံခါဠိယာန ပသဒံ ဇ္ဈာညံ ခါဒိသံ ပန္ထာနဝိလာပ ကာလော။ ။မဟာရာဇ၊ ရှင်မင်းကြီး။ တွံ၊ သင်မင်းကြီးသည်။သေ

နေဝ၊ငါ့ဥစ္စာဖြင့်လျှင်။သဿမာနော၊ ညှဉ်းဆဲထိသည်ဖြစ်၍။ ပဏာသိ၊ ဗလွယ်ဘိ၏။ယံ၊အကြင်ပသဒမည်သောသားကို။ ဝဒေသိ၊ဆို၏။ ဧသ ပသဒေါ၊ ထိုပသဒအမည်ရှိသော သားသည်။ မမ၊ ငါ၏။ ဘက္ခော၊ အစာတည်း။တံ၊ ရှင်မင်းကြီးကို။ပဋိမံ၊ ရှေးဦးစွာ။ခါဒိယာန၊ စားဦး၍။ ဇီဃဉ္စံ၊ မွတ်သိပ်ခြင်းမပြေသည်ဖြစ်၍။ ပစ္ဆာ၊ နောက်၌။ ပသဒံ၊ပသဒ အမည်ရှိသောသားကို။ ခါဒိဿံ၊ ခဲအံ့။မဟာရာဇ၊ ရှင်မင်းကြီး။ အယံ ကာလော၊ ဤအခါသည်။ နဝိလာပကာလော၊ဖြည်တမ်းအံ့သောအခါ မဟုတ်။ ။စူဠပေါရိသာဒစကားကို ကြားလျှင် ဇယဒိသမင်းကြီး လည်း မဟာပေါရိသာဒဇာတ်၌ လာသော နည်းဖြင့်၊ မင်းကြီး သား သတ်မည်ထွက်ရာတွင်။ တက္ကသိလ်ပြည်မှ နန္ဒပုဏ္ဏားသည် သတာ ရဟဂါထာကို ဟောမည်လာသည်နှင့်ကြို၍ ပြန်မှ နာအံ့ဟုဆိုသော အဆုံးအဖြတ်ကို အောက်မေ့၍ သစ္စာ ချုတ်အံ့သည်မှ ကြောက်သော ကြောင့် စိုးရိမ်သဖြင့်။ ။နစ္ထိမောက္ခောမမနိက္ကယော၊ ဂစ္ဆံဝါနပစ္ဆာ ဂမနာယပဒေဿု။ တံသက်ံ၊ဖြာဟဉ္စာသမ္ပဒါယ၊ သစ္စာနုရက္ခီပုနရာဝ ဇိသံ။ ။ဘောယာဂ္ဂ၊ ဒိုဘိလူး။ မမ၊ငါအား။နိက္ကယော၊ဗလွယ်ခြင်း ဝယ်ခြင်းဖြင့်။မေက္ခော၊ လွတ်ခြင်းသည်။ နစအတ္ထိ၊မရှိအံ့။ ဇဝံ၊ ဤသို့ လွတ်ခြင်းမရှိသည်။သတိ၊ရှိသော်။ဂစ္ဆံဝါန၊ သွားဦး၍။ပဒ္ဓေ၊နံနက်အခါ၌။ပစ္ဆာဂမနာယ၊ တဘန်လာပြန်ခြင်းငှါ။ ပဋိညံ၊ဝန်ခံခြင်းကို။ဂဏ္ဟ။ ယူလော့။တံသက်ံ၊ထိုဆုံးဖြတ်ခြင်းကို။ ဖြာဟဉ္စာသမ္ပဒါယ၊ ပုဏ္ဏား အားပြည့်စုံစေဦး၍။သစ္စာနုယာဇ်၊စောင့်သောသစ္စာရှိသော ငါသည်။ ပုနရာဝဇိသံ၊ တဘန်လာပြန်ပါအံ့။ ။မင်းကြီးစကားကိုကြားလျှင် စူဠပေါရိယပဒလည်း ထိုအကြောင်းကို မေးလိုသောကြောင့်။ ။ ကိံကမ္မဇာတံ အနုတပ္ပသိတ္ထံ၊ ပတ္တံသမိပံ မရဏာသရာဇ။ အာစိက္ခ မေတံ အပိသက္ကုဏောမု၊ အနုဇာနိတုံ အာဂမနာယ ပဏ္ဍေ။ ။ ဒေဝ၊ ရှင်မင်းကြီး။ တံ၊ ရှင်မင်းကြီးသည်။ မရဏာသ၊ သေခြင်း၏။ သမိပံ၊အနီးသို့။ ပတ္တံ၊ ရောက်ပြီးလျက်။ ကိံကမ္မဇာတံ၊ အဘယ်မည် သောအမှုကို။ အနုတပ္ပသိ၊ စိုးရိမ်သနည်း။ ရာဇ၊မင်းကြီး။ ဇတံ၊ ဤအ ကြောင်းကို။မေ၊ငါ့အား။အာစိက္ခ၊ ကြားဘို့လော့။ တံကာရဏာ၊ထိုအ ကြောင်းကို။ သုတ္ဝာ၊ကြား၍။ ပဏ္ဍေ၊ နံနက်အခါ၌။ အာဂမနာယ၊ လာခြင်းကို။ အနုဇာနိတုံ၊ ခွင့်ပြုခြင်းငှါ။အပိသက္ကုဏောမု၊ငါတော်နိုင်

ငြားအံ့လည်း မသိ။ ။စူဠပေါရိသာဒ စကားကို ကြား၍ ဇယဒိသ မင်းကြီးလည်း စိုးရိမ်ခြင်းကို ပြန်လိုသောကြောင့်။ ။ကတာမယာ ဗြာဟ္မဏာသဓနသာ၊ တံသက်ံရံပါဠိမဂ္ဂံနမတ္တိံ။ တံသက်ံရံဗြာဟ္မဏာ သမ္မဒါယ၊ သစ္စာနုရက္ခီပုနရာဝဇိသံ။ ။ယာဘ္ဝ၊ ဘီလူးမင်း။မယာ၊ ငါ သည်။ ဗြာဟ္မဏာသ၊ ပုဏ္ဏားအား။ ဓနသာ၊ တရားနာ၍ ဥဿာပေးအံ့ဟု ဆုံးဖြတ်ခြင်းကို။ကတာ၊ပြုအပ်၏။ ပါဠိမဂ္ဂံ၊မှန်အပ်သော။တံသက်ံရံ၊ ထိုဆုံးဖြတ်ခြင်းသည်။ နမတ္တိံ၊မလွတ်။ တံသက်ံရံ၊ ထိုဆုံးဖြတ်ခြင်းကို။ ဗြာဟ္မဏာသမ္မဒါယ၊ ပုဏ္ဏားအား ပြည့်စုံစေသဖြင့်။ သစ္စာနုရက္ခီ၊သစ္စာ စောင့်သည်ဖြစ်၍။ ပုနရာဝဇိသံ၊ တဘန် လာပြန်ပါအံ့။ ။ဤဂါထာ ဖြင့် စိုးရိမ်ကြောင်းကိုပြန်၍ မင်းကြီး တောင်းပန်သည် ရှိသော်၊ စူဠ ပေါရိသာဒလည်း ခွင့်ပေးလိုသောကြောင့်။ ။ယာဘ္ဝတကတာဗြာဟ္မဏာသဓနသာ၊ တံသက်ံ ပါဠိမဂ္ဂံနမတ္တိံ။ တံသက်ံရံ ဗြာဟ္မဏာ သမ္မဒါယ၊သစ္စာနုရက္ခီပုနရာဝဇိသူ။ ။ဒေဝ၊ရှင်မင်းကြီး။ ဗြာဟ္မဏာသ၊ ပုဏ္ဏားအား။ ယာဝနသ၊ အကြင်တရားနာ၍ ဥဿာပေးအံ့ဟု ဆုံးဖြတ်ခြင်းကို။ ကတာ၊ပြုအံ့။ ပါဠိမဂ္ဂံ၊စွပ်အပ်သော။ တံသက်ံရံ၊ ထိုဆုံးဖြတ်ခြင်းသည်။ နမတ္တိံ၊မလွတ်။ တံသက်ံရံ၊ ထိုဆုံးဖြတ်ခြင်းကို။ ဗြာဟ္မဏာသမ္မဒါယ၊ ပုဏ္ဏားအား ပြည့်စုံစေသဖြင့်။ သစ္စာနုရက္ခီ၊ စောင့်သော သစ္စာရှိသည်ဖြစ်၍။ပုနရာဝဇိသူ၊တဘန်လာပြန်ပါလတ္တံ့။ ။ဤဂါထာ ဖြင့် အဆုံးအဖြတ်ကို ဆို၍ မင်းကြီးကို လွှတ်လိုက်၏။ မင်းကြီးလည်း ရှိသို့ရောက်လျှင် မဟာသုတသောမမင်းကြီးကဲ့သို့ တရားနာ၍။ပုဏ္ဏား အား ပူဇော်သက္ကာရပြု၍။ အသီနသတ္တု၊ အမည် ရှိသော သားတော် အိမ်ရှေ့မင်းကိုခေါ်၍။။အဇ္ဇေဝရဇ္ဇံအာဘိသေစယာသူ ဝမ္မဓုရေသေ ပရေသုစာပိ။အမ္မကာရောစတေမာဟုရဋ္ဌေဂန္ဆာမဟံ ပေါရိသာဒ သုပန္တေ။ ။တာတ၊ချစ်သား။အဇ္ဇေဝ၊ယာနေ့လျှင်။တော်သင် ချစ်သား အား။ရဇ္ဇံ၊မင်းအဖြစ်ကို။ဒဠ္ဟံ၊ငါပေး၏။ အာဘိသေစယာသူ၊ အဘိသိက် သွန်းလော့။ သေသပရေသုစာပိ ကြွင်းသော တိုင်းနိုင်ငံသူအပေါင်းတို့ ၌လည်း။ ဝမ္မံ၊တရားကို။ စရေ၊ကျင့်လော့။ တော်၊ချစ်သားအား။ ရဇ္ဇေ၊ တိုင်း နိုင်ငံ၌။ အဝမ္မကာရောစ၊ မတရားသော အကျင့် သည်လည်း။ မာအဟု၊မဖြစ်စေလင့်။အဟံ ငါသည်။ပေါရိသာဒသာ၊လူသားစား၏။ ဥပန္တေ၊အထံသို့။ဂန္ဆာမိ၊သွားအံ့။ ။ဤဂါထာဖြင့်ဆုံးမသည်ရှိသော်။

ခမည်းတော်ဆိုသော အကြောင်းကို သားတော်မေး၍။ အလုံးစုံသော အကြောင်းကို သားတော်ကြားလျှင်။ ခမည်းတော်ကိုယ်စား ဘိလူး အထံသို့ သွားအံ့ဟု ဆိုသည်ကို။ ခမည်းတော်၊ မယ်တော်၊ နှမတော်၊ မြောက် သားတော် အစရှိသော သူတို့သည် အထူးထူး အပြားပြား တောင်းပန်ငြားသော်လည်း ခမည်းတော် ကျေးဇူးကို အာသက်နှင့် ဆပ်လိုသောကြောင့် မဖြစ်နိုင်၍။ သားတော် အစွမ်းသတ္တိကို ခမည်းတော် ယုံကြည်သဖြင့် ခွင့်ပြုလျှင်။ ခမည်းတော်၊မယ်တော် အစရှိသော သူတို့ ဝိုလိုက်သည်ဖြစ်၍။မဟာသုတသောမမင်းကြီးကဲ့သို့တယောက်အာဆီး တည်းသွားသည်ကို။ မင်းတို့မည်သည် ပရိယာယ်ဝေဝုစ်များ၏။ အသို့ ဖြစ်လတ္တံ့လည်းမသိဟု သစ်ပင်ထက်သို့ တက်၍ မြော်လင့်သော စူဠ ပေါရိသာဒဖြင်လျှင်။ အဘကိုယ်စား သားလာသည်ဖြစ်မည်။ ငါ့အား ဘေးမရှိပြီဟုသစ်ပင်မှသက်၍နောက်ပေး၍နေသည်ကို။ဘုရားလောင်း ချဉ်း၍ ရှေ့ခံရပ်လျှင်၊ လာကြောင်းကို မေး၍။ ခမည်းတော် ကိုယ်စား လာသော အကြောင်းကို ဆို၍။ စားစိမ့် သောဌါ တိုက်တွန်းသည်ကို မကြောက်မ,ရွံ့ မထိတ်မလန့်သောအကြောင်းကိုမေး၍။အမိအဘတို့၏ အမှုကိစ္စ၌ အသက်ကို စွန့်ရသောကြောင့် သုဂတိသို့ လားအံ့သော အကြောင်း အစရှိသော များစွာသောမကြောက်မ,ရွံ့ကြောင်းကို ဆို၍ စားစိမ့်သောဌါ တိုက်တွန်းပြန်သည်ရှိသော်။ဤသူအသားကို ငါစား၍ မသင့်။ဥပါယ်ဘာမျဉ်ဖြင့် ပြေးလေစေအံ့ဟုကြံ၍။ငါ့ကို စားစေထိုသော် ထင်းရှာ၍မီးမွေး၍မီး ကျီးစုဖြစ်အောင်ပြု။အခိုးအသုံမရှိသောမီး ကျီးစု ၌ကျက်သောအရသာကို ငါစားအံ့ဟုဆိုလျှင် ထိုသူဆိုတိုင်းပြု၍။ထိုသူ့ အနီးသို့ကပ်၍ စားစိမ့်သောဌါ တိုက်တွန်းသော ဘုရားလောင်းကို။ ဤမင်းသားသည် ပုရိသသိဟာ၊ပုရိသအာဇာနည်ဖြစ်၍ သေအံ့သော ဘေးမှမကြောက်။ ဤမျှသောကာလပတ်လုံး ဤမင်းသားကဲ့သို့သော သူကို မမြင်စဘူးဟု၊ ကြက်သီးမွေးညင်းထခြင်းရှိသည်ဖြစ်၍။ အဘန်ဘလဲလဲ ကြည့်သည်ကို။ အဘ သံ့ကြောင့် ငါ့ကို အဘန်တလဲလဲ ကြည့်သနည်း၊ သင်ဆိုတိုင်း မီးကျီးစုဖြစ်အောင် ငါပြုပြီ စားတော့လောဟု ဆိုသည် ရှိသော်။မင်းသား၊တရားဒွါတည်သောမှန်သောစကားကိုဆိုသော့ရှိသော မင်းသားသို့သောသူကို အသူစားပိမ့်မည်နည်း။အကြင်သူသည် စား၏။ ထိုသူ၏ ဦးထိပ်သည် ခုနစ်စိတ် ကွဲရာ၏။ ငါ မစားဟု ဆိုသည်ကို။ ထို

သို့လျက်အဘယ့်ကြောင့် မိုးထည့်ဆိုသနည်းဟု မေး၍။ မင်းသားကို စူးစမ်းလိုသောကြောင့်ဟု ဆိုသည်ကို၊ သင်ငါ့အား ဤကိုယ်အဖြစ်၌ အဘယ်မှာစူးစမ်းနိုင်အံ့နည်း။သိကြားကိုလျက်လည်းတိရစ္ဆာန်အမျိုး၌ ဖြစ်သောငါသည်။စူးစမ်းဖို့သောဌာနမပေးသဖြင့်၊သိကြားဆိုတိုင်း မိုးပုံကြိုး၌ ငါ့အသက်ကိုစွန့်၍ ဆင်းသောကြောင့်။ ငါ့ဂုဏ်နှင့်လျော်ပတ်စွာ တောင်၏အဆီကိုညှစ်၍ လှဉ်ယာန်ရုပ်ရေးသဖြင့် ကမ္ဘာပတ်လုံးတည်သော ပြာဋိဟာဖြစ်၍၊ လမင်းလည်း သဘိဟူသော အမည်ကို ရသေး၏ဟု။သင်ငါ့အား အတိမ္မာစူးစမ်းနိုင်အံ့နည်းဟု ဆိုမှ ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍၊ ရာဟုခံတွင်းမှလွတ်သော လမင်းကဲ့သို့။ ဆွတောင်မျိုးတောင်အပေါင်းကို ဖွင့်စေလျက်၊ ငါ့လက်မှ လွတ်သည်ဖြစ်၍ သွားတော်မူလော့ဟု ခွင့်ပေးလျှင်။ ရှေးနည်းဖြင့်ဆုံးမ၍ ငါးပါးသောသိလ၌တည်စေ၍၊ဤသူဘီလူးစင်စစ် ဟုတ်သလော၊မဟုတ်သလောဟု စူးစမ်းသည်ရှိသော်၊ ဘီလူးတို့မည်သည် မျက်စိနီ၏။ မျက်စိ မမှိတ်၊ အရိပ်မထွက်၊ မကြောက်မ၊ ရွံ့။ ဤသူ ဘီလူးဟုတ်မည်မထင်၊ငါ့ခမည်းတော်၏ နောင်တော်သုံးပါးကိုဘီးလူမယူ၍ စားလေသောဟူ၏။ထိုသုံးပါးတို့တွင် နှစ်ယောက်ကိုစား၍ တယောက်ကိုမူကား သား၏ချစ်ခြင်းဖြင့် မွေးသည်ဖြစ်ရာ၏ဟုကြံ၍၊ သင်ဘီလူးမဟုတ်၊ ငါ့ခမည်းတော်၏ နောင်တော်တည်း။ ငါနှင့်အတူသွား၍ မင်းပြုပါလော့ဟု ဆိုသည်ကို။ ငါလူမဟုတ်ဟု ငြင်းသောကြောင့်၊ ဤအရပ်၌ ယုံကြည်ထိုက်သသူရှိ၏လောဟုမေး၍။ ဒိဗ္ဗစက္ခုရသေ့ရှိ၏ဟု ဆိုလျှင်။စူဠပေါရိသာဒကို ရသေ့အထံသို့ဆောင်၍ လာသည်ကို ရသေ့မြင်လျှင်ပင် အသိုနည်း။ သားဘကြီး အဘယ်အတို့ငှါ လှည့်ပတ်သနည်းဟုမေးလင့်၍။ ထိုသူတို့၏သားဘကြီးဖြစ်ကိုဆို၍၊ အလုံးစုံသော အကြောင်းကို ပြန်မှ ယုံကြည်သဖြင့် ရှိသို့လိုက်စိမ့်သောငှါ တောင်းပန်သည်ကို၊ ချမ်းသာသာ သွားလော့။ ငါကား တခဲ့သောကိုယ် အဖြစ်၌ နှစ်ထွေဖြစ်ရသည် ဖြစ်သောကြောင့် မင်းအဖြစ်ကိုအလိုမရှိပြီ၊ရသေ့ရဟန်းပြု၍ တောင်ခြေနေတော့အံ့ဟု ရသေ့အထံ၌ ရဟန်းပြုလျှင်၊ ရသေ့နှစ်ပါးကို ဝိုးဆိုး၍ ပြန်လေသော မင်းသားကို ဘက်လဲတကင်း ကြိုဆိုခြင်းပြု၍ ရှိသို့ရောက်လျှင်။အလုံးစုံသော အကြောင်းကိုပြန်၍။ ဘကြီးတော်အဖြစ်ကိုဆို၍။ များစွာသော အခြံအရံနှင့်တကွ ခမည်းတော်ကိုခေါ်ခဲ့၍ တောင်းပန် သော်လည်း

မပြုနိုလိမ့မ်။သခိမ်းနှင့်မနိုးမဖေးသောအရပ်၌ တောင်ကျရေကိုတဘက်ဆည်ကန်ပြု၍။ ကြွယ်ဝများမြောင်သော အမျိုးတထောင်တို့ကို ရွှာထောင်စေ၍၊ ပဉ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးစေခြင်း။ ထိုရွာသည် စူဠကမ္မာသဓမ္မနိုဂုံးဟူသော အမည်ကိုရခြင်း။ ထိုရောအခါ စူဠပေါရိသာဒသည် ယခုအခါ၌ အဂ်္ဂလိမာလဖြစ်လာ၏။ မယ်တော် ခမည်းတော်တို့သည် မြတ်သောမင်းမျိုးဖြစ်လာကုန်၏။ ဒိဗ္ဗစက္ခုရဿသည် သာဂရိပုတ္တရာဖြစ်လာ၏။နှစ်မတော်သည် ဥပ္ပလဝဏ်ဖြစ်လာ၏။မိဘုရားသည် ရာဟုလာမယ်တော် ဖြစ်လာ၏။အလိနသတ္တ၊ မင်းသားသည် ငါဘုရားဖြစ်လာ၏ဟုဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌ၊ပဉ္စမိရှိသောဇယဒိသဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ရာမမင်းသား တရားစကားကိုကြားလျှင်။ သိတာ၊လက္ခဏ၊ဘီတရအစရှိသော အလုံးစုံသော သူတို့သည် စိုးရိမ်သောက ကင်းကုန်ကြသဖြင့်။ ဘတရမင်းသားသည် ရာမမင်းသားကို မင်းပြု စိမ့်သောဌါတောင်းပန်သည်ရှိသော်။ လက္ခဏသိတာတို့ကိုယူ၍ မောင်သွားတော့ဟု ဆိုသည်ကို၊ ရှင်မင်းကြီးကား အသို့နည်းဟုမေး၍။ ခမည်းတော်တဆဲ့နှစ်နှစ်လွန်မှလာ၍မင်းပြုဟု ငါ့ကိုဆိုတော်မူသည်။ ယခုငါမင်းပြုချေသော် ခမည်းတော် အာဏာကို လွန်သည်မည်ခဲ့ရာ၏ဟု ခမည်းတော်ကိုဝန်ခံသော သဘောရွတ်အံ့သည်မှကြောက်သော စိုးရိမ်ခြင်းဖြင့် သုံးနှစ်နေဦး၍ ငါလာအံ့ဟုဆိုသည်ရှိသော်။ ဤသုံးနှစ်တွင်းဌ အသူမင်းပြုမည်နည်းဟုမေး၍ မောင်တို့ ပြုလေကုန်ဟု ဆိုသည်ကို၊ အကျွန်ုပ်တို့မပြုဝံ့ပလေဟုဆိုလျှင်။ ငါ့ခြေနင်းကိုမင်းပြုစေ ဟုခြေနင်းကိုလွှတ်၍ပေးလိုက်သဖြင့်။ ဘုရားလောင်းကို ရိုသေစွာရှိခိုး၍ ပြန်ကုန်ပြီးသော်။ ခြေနင်းကို မင်းပြုစေသဖြင့် ရာဇပလ္လင်ဌဝေး၍၊ ပလ္လင်အောက်ဌနေလျက် တရားဆုံးဖြတ်ကုန်သည် ရှိသော်။ အမှုနှိုးဆုံးဖြတ်သောအခါ၊ဌ ငြိမ်သည်စွာ ပြကတော့အတိုင်းနေ၍၊လွှတ် ယွင်းသောအခါဌ ခြေနင်းနှစ်ခုသည်အချင်းချင်းခွပ်ကြလျှင်။ မမှန်သေးဟု အသစ်ဆုံးဖြတ်ပြန်၍။ မှန်သော အခါမှ ပြကတော့အတိုင်း ငြိမ်သက်စွာနေသဖြင့်။ သုံးနှစ်ပတ်လုံး ခြေနင်းမင်းပြု၍။ သုံးနှစ်လွန်မှဘုရားလောင်း ဟိမဝန္တာမှသက်ခဲ့၍ ဥယျာဉ်တွင်နေလျက်။ သိတာဒေဝီကိုမိဘုရားမြွောက်၍ ဥယျာဉ်ဌ အဘိသိက်သွန်းပြီးမှ၊ ကြီးစွာသော သဘင်ဖြင့် မြတ်သောရထားစီး၍ မြို့တွင်းသို့ဝင်၍

လက်ျာရစ်လှည့်၍။သူနန္ဒာအမည်ရှိသော ပြာသာဒ်မသို့ တက်၍၊တရား နှင့်ညီစွာမင်းပြု၍ အသက်၏အဆုံးဌ နတ်ပြည်ဆုကို ပြည့်သဖြင့် ဘုရား ဖြစ်တော်မူပြီ။ ။ဒသဝဿသဟာဿာနိ၊ သဋ္ဌိဝဿသတာနိစ။ ကမ္မ၊ ဂိဝေါမဟာဗာဟု၊ ရာမောရဇ္ဇမကာရယိ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တတောတတိယကာလေ၊ ထိုအခါ၌။ ဒသဝဿသဟဿာနိ၊ အနှစ် တသောင်းတို့ပတ်လုံးငင်း။ သဋ္ဌိဝဿသတာနိစ၊အနှစ်ခြောက်ထောင် တို့ပတ်လုံးငင်း။ကမ္မ၊ဂိဝေါ၊ဖွေမရိုးစည်နှင့်တူသော လည်တော်လည်း ရှိထသော။မဟာဗာဟု ကြီးမြတ်သောဘုန်းလက်ရုံးရှိထသော။ရာမော၊ ရာမမင်းသည်။ရဇ္ဇံ၊မင်းအဖြစ်ကို။အကာရယိ၊ပြု၏။ ။ဤမမ္မဒေသနာ တော်ကိုဖြစ်စေခြင်း။ ထိုရောအခါ ဒဿရထ မင်းကြီးသည် ပယဂအခါ၌ သုဒ္ဓေါဒန မင်းကြီး ဖြစ်လာ၏။ မယ်တော်သည် မယ် တော် မာ ယာ မိဘုရားဖြစ်လာ၏။ နှမတော် သိတာဒေဝီသည် ရာဟုလာ မယ်တော် ဖြစ်လာ၏။ဘတရသည်အာနန္ဒာဖြစ်လာ၏။လက္ခဏသည် သာရိပုတ္တရာ ဖြစ်လာ၏။ ကြင်းသောပရိသတ်တို့သည် ဂါဘုရားပရိသတ် ဖြစ်လာ၏။ ရာမပဏ္ဍိတသည် ဂါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းခြင်း အစ္ဆေ၊ပုတ္တိရှိသော ရာမဇာတ်ကိုအကြောင်းပြု၍ဖြင့်ရင်း သိအပ်၏။ ။ ဤသည်လျှင် သစ္စာခွဲတ်ခဲ့သည်မှ ကြောက်သော စိုးရိမ်ခြင်း မည်၏ ဟူလိုသော်။ ။

၃၈။ ပညာရှိသူတော်ကောင်းတို့သည် အဓိဋ္ဌာန်ပျက်ခဲ့သည်မှ ကြောက်သဖြင့် စိုးရိမ်ခြင်းကိုပြုရာ။

အဓိဋ္ဌာန်ပျက်ခဲ့သည်မှ ကြောက်သော စိုးရိမ်ခြင်းကိုကား။ ဗာရာဏသိပြည်သည်။ ဥဒယဘဒ္ဒဇာတ်၌ကား သုရုဇ္ဇန။ စူဠသုတသောမ ဇာတ်၌ကား သုဒဿန။သောဏနန္ဒဇာတ်၌ကား ပြဟ္မဝဇ္ဈန။ခန္ဓဟာလ ဇာတ်၌ကား ပုပ္ဖဝတီ၊ယုဓဉ္စယဇာတ်၌ကား ရဇ္ဇနဂရဟူသော အမည် ကိုရသဖြင့် ရံခါရံခါ ပြားသောအမည်ရှိ၏။ထိုကြောင့် ရှေးသူပေါင်း တို့သည်။ သုရုဇ္ဇန။ စသည် ငါးပါး။ မည်ပြားရှေးခါ။ ထံင်ရှားစွာသား။ ဗာရာဏသိ။ ပုရိဝရ။ ရွှေပြည်မ၌ဟု ဆိုကုန်၏။ ။ဤဗာရာဏသိ ပြည် သည် သုဒဿနဟု အမည်တွင်ခိုက်။ သုဒဿနပြည်ကို အစိုးရသော

ဖြဟ္မဒတ်မင်းကြီး သား၊ တို့ဘုရား လောင်းသည်။ လ ပြည့် ဝန်း နှင့် တူသော အသရေရှိသော မျက်နှာ ရှိသောကြောင့်။ သောမဂ္ဂမာရ ဟူသော အမည်ကိုရ၍ ဆိုကြား လိမ္မာသော အရွယ်သို့ ရောက်လျှင် အကြားအမြင် ဂုဏ်အင် ကျေးဇူးကို နှစ်သက်ခြင်း ရှိသည်၊ အကြားအမြင် ဂုဏ်အင် ကျေးဇူးကိုရှာသော နံသော အလေ့ရှိသည် ဖြစ်၍။ သုတဒသာမဟူသော အမည်တွင်၍။ အရွယ်ရောက်လျှင် တက္ကသိုလ် ပြည်၌ အာစရိယသို့ကို သင်၍။ တက္ကသိုလ် ပြည်က ပြန်လျှင် ခမည်း တော်ထင်ရှားရှိစဉ် အဘိသိက် သွန်း၍ တရားနှင့် ညီစွာ မင်းပြုသည် ရှိသေ၏။နောက်ကာလ၌ သားသို့တို့ဖြင့်ပြန့်ပွား၍။ အိမ်ရာထောင်ခြင်း ၌မေ့လျော်သဖြင့်။သေမင်းတန်ခွန်ကိုမြင်လျှင် ရဟန်းပြုအံ့ဟု ဆောက် တည်၍။ ငါဦးခေါင်း၌ ဆံဖြူရောက်လျှင် ငါ့ကိုကြားဟု ဆောင်ရွာသည် ကိုဆိုသောကြောင့်။ အဓွန့်ရှည်သော နောက်အဘို့၌ မင်းကြီးဆုံတိုင်း လျှောက်သည် ရှိသေ၏။ ဖွေးဖွေးညှပ်ဖြင့် နဖူတ်စေ့၌ လက်ဝါးပြင်တွင် တင်၍ကြည့်လျှင်။ငါ၏ကိုယ်သည် အိုခြင်းနှိပ်စက်ပြီဟု ဆံဖြူကိုကိုင်၍။ ပြာသာဒ်ထက်မှသက်၍ အမျှားခစားရာအရပ်၌ ရာဇပလ္လင်ထက်နေ၍ စစ်သူကြီး အမှူးရှိသော ရှစ်သောင်းသော အမတ်။ ပုရောဟိတ် အမှူး ရှိသော ခြောက်သောင်းသောပုဏ္ဏား။ပြည်သူဇနပုဒ်သူ အပေါင်းတို့ကို ခေါ်စေ၍။ ။အာမန္တယာမိနိဂမံ၊ မိတ္တာမစ္စပါရိသဇ္ဇေ။ သိရသို့ ပလိတံဇာတံ၊ ပဇ္ဇုဠ္ဆဒါနိုရောစာဟံ။ ။ဘောန္တော်အမတ္တာပေါ၊ အို အမတ်များတို့။နိဂမံစ၊ နိဂုံးဇနပုဒ်သူ အပေါင်းတို့ကို။ အာမန္တယာမိ၊ ဆိုပါ၏။မိတ္တာမစ္စေစ၊ခင်ပွန်းတို့ကိုလည်း။အာမန္တယာမိ၊ဆိုပါ၏။ပါရိ သဇ္ဇေစ ခြေရင်း၌အလုပ်အကျွေးတို့ကိုလည်း။အာမန္တယာမိ၊ဆိုပါ၏။ သိရသို့ ဦးခေါင်း၌။ ပလိတံ၊ဆံဖြူသည်။ ဇာတံ၊ရောက်ပြီ။ ဒါနိုဇ္ဇဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ ပဇ္ဇုဠ္ဆံ၊ ရဟန်းအဖြစ်ကို။ ရောစိ၊ နှစ်သက် ၏။ ။ဤဂါထာဖြင့် ရဟန်းပြုအံ့သော အကြောင်းကို ဆိုသည်ရှိသေ၏။ တယောဝံသောသူမှု ဖြစ်ခြင်းငှါ မဝံ့သဖြင့်၊ မယ်တော် မိဘုရားအထံသို့ သွား၍ အကြောင်းကိုဆိုလျှင်။မိဘုရားဆောစွာလာ၍ဖြစ်တာ၊းတောင်း ပန်သော်၎င်း။ ခမည်းတော်မင်းကြီး တောင်းပန်သော်၎င်း။ အမျိုး တူသော ခုနစ်ရာသော မိဘုရားငယ်တို့ခြေကိုဘက်၍ လူးလည်း တောင်း ပန်သော်၎င်း။ရင့်ပြီးသောပဋိသန္ဓေရှိသော စန္ဒာဒေဝီမိဘုရားသည် ပဋိ

သန္ဓေနှင့်တကွ ဖြစ်ပါလျက် ပစ်၍ ရဟန်းမပြုသောအခြောင်းကိုဆို၍ တောင်းပန်သော်ငင်း ခွင့်မရသဖြင့်။ မိဘရား ပြာသာဒ် ထက်သို့တက်၍ ငိုကြွေးသည်ကို သားတော်အကြီးမြင်၍ ငို ကြွေး ကြောင်း ကို မေး ၍ ကြားလျင် နှစ်ပ ါးစုံငိုကြွေးကြသည်ကဲ့ ခုနစ်နှစ်သာရှိသောသားတော် မြင်၍ မယ်တော်နောင်တော်တို့ ငိုကြွေးကြောင်းကိုမေး၍ ကြားလျင် မငိုကြွေးလင့်ကုန်။ ငါခမည်းတော်ကို ရဟန်းမပြုရအောင် မြစ်အုံ့ဟု အထိန်းနှင့်တကွ ပြာသာဒ်မှသက်၍။ ။မာတုစမေရဒန္တံ့ ၂၁၊ ဧဇ္ဇသေစ ဘာတုနော အကာမသေ။ဟဉ္စေပိတေဂဟိသံ၊ နဟိဂစ္ဆေသိနော်အကာမာနံ။ ။တာတ၊ခမည်းတော်။မေ၊အကျွန်ုပ်၏။မာတုစ၊ မယ်တော်၏လည်း။ ရဒန္တံ့ ၂၁၊ ငိုကြွေးခြင်းငြောင့်။ ဧဇ္ဇသေ၊ သားတော်ကြီးဖြစ်သော။ဘာတုနောစ၊နောင်တော်၏လည်း။ ရဒန္တံ့ ၂၁၊ ကြောင့်။ အကာမသေ၊ ငါတို့အလိုမရှိသော။ တော၊ခမည်းတော်၏။ ဟဉ္စေ၊ပါ၊လက်တို့ကိုလည်း။ဂဟိသံ၊ကိုင်အုံ့။နော၊ အကျွန်ုပ်တို့၏။ အကာမာနံ၊အလိုမရှိကုန်စဉ်။နဟိဂစ္ဆေသိ၊ မသွားရ။ ။ဤဂါထာဖြင့်၊ခမည်းတော်ကို မြစ္စာဘက်၍ မြစ်တားသည်ရှိသော်။ ဤငါ့သားတော်သည် ငါ့ကို အနှောရယ်ပြုဘို့၏။ အသို့သော အကြောင်းဖြင့်ဘဲစေရအုံ့နည်းဟု သားတော်ကို လက်ကိုင်၍ ဘဲစေခြင်းငှါ မတတ်နိုင်ရကား၊ အဲ့ဒိဋ္ဌာန် ပျက်အုံ့သည်မှ စိုးရိမ်ခြင်းဖြင့် ထို့ ဤကြည့်သည်ရှိသော် သားတော်အထိန်းကိုဖြင်၍။ ။ဥဇ္ဇေဟိတွံဓာတိဇ္ဇ၊ ကုမာရံရမေဟိအာညတ္တ။ မာမေပရိဗန္ဓမကာသိ၊သင်္ဂံမမပတ္ထယာနသေ။ ။ဓာတိ၊ အထိန်း။ တွံ၊ သင်သည်။ ဥဇ္ဇေဟိ၊ထလော့။ဇ္ဇမံကုမာရံ၊ဤသတို့သားကို။အာညတ္တ၊တပါးသောအရပ်၌။ရမေဟိ၊ ဆော့လျော်စေလော့။သင်္ဂံ၊ နတ်ရွာနိဗ္ဗာန်ကို၊ ပတ္ထယာနသေ၊ တောင့်တသော။မေမမ၊ငါ့အား။ပရိဗန္ဓံ၊ဘေးရန်ကို။မာအကာသိ၊မပြုစေလင့်။ ။ဤဂါထာဖြင့် အဘိနှိုးအား ပတ္ထုဖြားတန်းဆာ တံစိုးပေး၍ သားတော်ကိုလွှဲစားစေ၍ တပါးသို့ခေါ်စေလျင်။ စစ်သူကြီးသည် ကိုကြဘဏ္ဍာယုတ်ရှား၍ ဥစ္စာဓွေငွေနည်းစုံးသောကြောင့် ရဟန်းပြုအုံ့ဟု ကြံစေတော်မူသည်ဖြစ်မည်ဟု။ ကိုကြဘဏ္ဍာ ဥစ္စာဓွေငွေများကြောင်းကိုဆို၍ တောင်းပန်သည်ကိုငင်း၊ ကုလဝဏ္ဏ အမည်ရှိသော သူဌေးသည် မိမိအိမ်၌မရေမတွက်နိုင်သောဥစ္စာရှိကြောင်းကိုဆို၍ ထို ဥစ္စာဖြင့် ဖြားယောင်း၍တောင်းပင်သည်ကိုငင်း ခွင့်မပေးမူ၍။ညီတော်

သောမဒတ်မင်းသားကိုခေါ်၍ မင်းပြုစိမ့်သောဌါ ဆိုသည်ရှိသေ၏။ အကျွန်ုပ်လည်း ရှင်မင်းကြီးနှင့်အတူ ရဟန်းပြုအံ့ဟုဆိုသည်ကို။ ငါတော်လောက်တည်းသာ ရဟန်းပြုမည်ကိုမျှလျက်။ တဲ့နှစ်ယောနာသော သုဒဿနမြို့၌ ခုံလောတ်ဘွင် အိုးဆူသကဲ့သို့ ကျိုက်ကျိုက်ဆူသေးဖြစ်ရှင့်။ ငါတို့နှစ်ယောခုံ ရဟန်းပြု၍ အဘယ်မျှာ ကိုးကွယ်ရာရအံ့နည်းဟု ဖြစ်၍၊ပုပ္ပကအမည်ရှိသော ပြာသာဒ်ထက်တက်၍။ ပတ္တမြားဥသျှောင်ကို သန်လျက်ဖြင့်ဖြတ်၍ သင်တို့မင်းကိုယူကုန်ဟု ဦးပေါင်းနှင့်တကွသော ဥသျှောင်ကို လူမျှားစည်းဝေးရာသို့ ပစ်ထိုက်လျှင်။ ထိုဥသျှောင်ကိုကိုင်၍ လူးလည်းဝိုင်ကြွေးသံနှစ်စဉ် ရဟန်းပြု၍။ ပြာသာဒ်ထက်မှသက်သည်ကို မဖြင်၍၊ ခုနစ်ရာသော မင်းညီးတို့သည် ပြာ သာဒ် ထက် သို့တက်၍ ကြည့်သည်ရှိသေ၏ ချက်သောတန်းဆာကို ဖြင်မှ ရဟန်းပြုမှန်းသိ၍၊ တသောင်းခြောက်ထောင်သော မောင်းမတို့နှင့်တကွ။ မယ်တော်၊ခမည်းတော်၊မိဘရား၊သားတော်၊သို့းတော် အလုံးစုံသောပြည်သူတို့သည် ဘုရားလောင်းအထံသို့ အစဉ်လိုက်၍ ရသေ့ရဟန်းပြုကုန်သဖြင့်။ယူဇနာသုံးဆယ်သော သခိမ်းပြည့်၍။ ဘုရားလောင်းနှင့်တကွထိုရသေ့အပေါင်းတို့သည် ဖြဟ္မာ့ပြည်သို့ဖြစ်ခြင်း။ ထိုဇရာအခါ မယ်တော် ခမည်းတော်တို့သည် :မြတ်သောမင်းမျိုး၌ဖြစ်သော မယ်တော် ခမည်းတော်ဖြစ်လာ၏။ ဗန္ဓနာမိဘုရားသည် ရာဟုလာ မယ်တော်ဖြစ်လာ၏။သားကြီးသည် သာဂရုပတ္တရာဖြစ်လာ၏။ သားထွေးသည် ရာဟုလာ ဖြစ်လာ၏။ အဝထိန်းသည် ခဇ္ဇုပတ္တရာဖြစ်လာ၏။ကုလဝဗုနသူငယ်သည် ကာသပ ဖြစ်လာ၏။ စစ်သူကြီးသည် မောဂ္ဂလာန် ဖြစ်လာ၏။ သောမဒတ်မင်းသားသည် အာနန္ဒာဖြစ်လာ၏။ သုတသောမမင်းကြီးသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းခြင်းအဋ္ဌ၊ပုတ္တိရှိသော စူဠဇသုတသောမဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဗာရာဏသီပြည်ရှင် ကာသိကရာဇ်မင်းကြီးသည် သားတော်တော်မင်းသားကို ဘွားမြှော် တလရှိလျှင်။ တန်းဆာဆင်၍ မင်းကြီးအထံသို့ ဆောင်ခဲ့သည်ရှိသေ၏။ ချစ်လှစွာသောသားကိုမြင်လျှင် ထိပ်ထက်နမ်း၍ ရင်ခွင်၌ထားလျက်၊နှလုံးမွေ့လျော်စွာနေစဉ်။ လေးယောက်သောခိုးသူတို့ကို ဆက်လာသောကြောင့်၊ တယောက်သောခိုးသူကို အဆူးရှိသောကြိမ်လုံးဖြင့် တထောင်ခတ်။ကယောက်သောခိုးသူကို လှံဖြင့်ထိုး

၍ဆဝးမံ။ တယောက်သောခိုးသူကို သံငြဲချင်းခတ်၍ နှောင်အိမ်သွင်း။ တယောက်သော ခိုးသူကို တံကျင်ဿိုဟု စီရင်သည်ကို ဘုရားလောင်း ကြားလျှင်။ ငါ၏အဘသည် မင်းအဖြစ်ကိုမှီ၍ ငရဲသို့သွားရအံ့သော အလွန်ဝန်လေးသောအမှုကိုပြုဘို့ဟုကြောက်လန့်တကြားဖြစ်၍။ တနေ့သ၌ ထီးဖြူအောက်တန်းဆာဆင်သောအသရေဂိုသော အိပ်ရာအပြင်၌ အိပ်စေသည်ရှိသော်။ စဉ်းငယ်အိပ်၍နိုးလျှင် ထီးဖြူနှင့်တကွ ကြိုးစွာသောစည်းစိမ်ကိုဖြင်၍။ အတိုင်းထက်အလွန် ကြောက်လန့်ခြင်းဖြစ်ပြန်သဖြင့်။ ငါးတိုအရပ်မှလာ၍ ဤမှာဖြစ်ဘိသနည်းဟု ဆင်ခြင်သော်။ ဇာတိသရဉ်ကိုရ၍ နတ်ပြည်မှလာသော အကြောင်း ကိုဖြင်လျှင်။ အဘယ်အရပ်ကသွား၍ နတ်ပြည်မှာဖြစ်လေသနည်း ဟုဆင်ခြင်သဖြင့်။ ငရဲပြည်ကသွား၍ ဖြစ်သောအကြောင်းကိုဖြင်လျှင်။ အဘယ့်ကြောင့် ငရဲပြည်မှာ ဖြစ်လေသနည်းဟု ဆင်ခြင်ရာတွင်။ ဤဗာရာဏသီပြည်၌ အနှစ်နှစ်ဆယ် မင်းပြုမိသောကြောင့်၊ အနှစ်ရှစ်သောင်းပတ်လုံး ဥဿဒ္ဓ ရက်ငရဲ၌ ခံရချေသည်ကိုဖြင်၍၊ ငါမင်းပြုပြုန်သည်ရှိသော် ငရဲ၌ဖြစ်ပြန်၍ ကြီးစွာသော ဆင်းရဲကို ခံရပြန်ရအံ့ဟု ပြင်းစွာသော ကြောက်ခြင်းဖြစ်လျက်။ အိပ်ရာဝယ် မယ်တော် ဖြစ်ဘူးသော သိုးဖြူစောင့်သောနတ်သမီးသည် နှစ်သိမ့်ဖြားယောင်း၍။ ။မာပတ္တိစ္ဆ ယံဝိဘာဝယ၊ ဗာလမတော ဘဝ သဗ္ဗပါဏိနံ။ သဗ္ဗော ဝါ့ဒ္ဓ နော သြဒိနဝယာတု၊ ဇဝံ တဝ အန္တေဝာတဝိသတိ။ ။ဟူသောဂါထာဖြင့်။ချစ်သား၊ ဤမင်းအဖြစ်မှ လွတ်လိုသော်။ မသွံ့သော်လည်း သွံ့ဘိသကဲ့သို့။ မအေသော်လည်း အေဘိသကဲ့သို့။ နားမပင်းသော်လည်း ပင်းဘိသကဲ့သို့ ဖြစ်၍။ ဤသုံးပါးသော အင်္ဂါတို့ကဲ့ မြစွာဆောက်တည်သဖြင့် အလုံးစုံသော သူတို့သည် သူဖိုက်သူယုတ်ဟုသမုတ်အပ်သည်ဖြစ်၍။ငင်ထုတ်ပြုပစ်အံ့သောအကြောင်းကိုကျင်ဟု ဆုံးမသည်ကို။ ။ကာရောမိုတေတံ ဝစနံ၊ ယံမုံ ဘဏာသိ ဒေဝတေ။ အပ္ပဋ္ဌကာမာသိ မေအမ္မာ၊ ဟိတကာမာသိ ဒေဝတေ။ ။ဟူသောဂါထာဖြင့်ဝန်ခံသည်နှင့်ညီစွာ။ထိုကစ၍ ကာဆဲခြောက်နှစ် ပတ်လုံး အဝေထွေထွေ အထူးထူးသော စူးစမ်းခြင်းတို့ဖြင့် လွှဲပတ် ဖြားယောင်းသော်လည်း ခွင့်မပြုလျှင်။ ခမည်းတော် မင်းကြီး နှလုံးမသာရှိသဖြင့်။ ဘွားဦးစက လက္ခဏာဘတ်သော ပုဏ္ဏားတို့သည် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံ၏။ တစုံတခုသောအင်္ဂါရယ်မရှိ

ဟုဆိုလျက်၊ အဘယ့်ကြောင့်စကားရှေ့နောက်မညီရှိသနည်းဟု ပုဏ္ဏား တို့ကိုခေါ်၍ မေးသည်ရှိသော်။ငါတို့ဆရာဘုဏ္ဏားတို့သည် ဘွားဦးစက ပင် ဤအကြောင်းကိုမြင်ကုန်၏။ မမြင်သောမည်သည်မရှိ။ ထိုသို့လျက် ဆောဆောလျင်လျင် မဆိုကုန်သည်ကား။ ဤသမားတော်သည် ကာရ ဏာ မဲ့ရသောသားမဟုတ်။ အပတ်အကုတ် တောင့်တမှ ရသောသား တော် ဖြစ်ပေသောကြောင့် နှလုံးတော်မသာ ရှိအံ့စိုး၍ မဆိုသည်ဟု စကားသွေဖြန်ခဲ့လျှင်။ ယခုအသို့ပြုရသော်ကောင်းအံ့နည်းဟုမေးသည် ကို။ ဤသားတော်သည် နန်းတော်နှင့်မကွေမကွာရှိသော် အသက်တော် ၏အန္တရာယ်၊ ထီးပြု၏အန္တရာယ်၊မိဘရားကြီး၏အန္တရာယ်၊ဤသုံးပါး တွင်တပါးပါးဖြစ်ရာ၏။မြင့်စွာမထော်းသင့်ဟု လျင်ကြောင်းတဘန်ချေဝံ ပြန်ဘိ၍။ မင်းကြီးကြောက်လန့်တကြားဖြစ်သဖြင့်။ ပုဏ္ဏားတို့ဆိုတိုင်း သုနန္ဒာရထားထိမ်းကိုမြုပ်သတ်စိမ့်သောဌါစေသည်ရှိသော်။ပြဿဒ် မထက် အာသရေ ရှိသော အိပ်ရာ၌ သားတော်နှင့် တကွ အိပ်သော မိဘုရားကိုရှိသော်လာ တောင်းပန်၍ဘုရားလောင်းကိုရထားထိန်း ယူသ ဖြင့်။ ရင်ကိုခတ်၍ပြင်းစွာ ငိုကြွေးလျက် ပြဿဒ်မင်္ဂ လည်းသည်ကိုမြင် လျှင်။ငါစကားမဆိုက ငါ့အမိနှစ်လုံးကွဲ၍ သေလေတော့မည်ဟု ဆိုမည် ပြုပြီးလျက်။ ။ငါစကားဆိုချေသော် တဆဲ့ခြောက်နှစ် ပတ်လုံး ပြုသော လုံ့လသည်လည်းအချည်းအနှီးဖြစ်အံ့သည်။ငါ၏အဓိဋ္ဌာန်လည်းပျက်အံ့ သည်ဟု မယ်တော် ခန္ဓာကုန်အံ့သည်မှ ကြောက်သော စိုးရိမ်ခြင်း ထက်၊ အဓိဋ္ဌာန်ပျက်အံ့သည်မှ ကြောက်သော စိုးရိမ်ခြင်းသည် လွန် မင်းလှသောကြောင့်။ ကြီးစွာသော့စိတ်ပူပန်ခြင်း၊ ဆင်းရဲခြင်း၊ ပင်ပန်း ခြင်းကို သည်းခံ၍။ ရထားထိန်းဆောင်ရာ ပါလေခြင်း အစရှိသော အင်္ဂုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော မူဂပက္ခဇာတ်ကို အကြောင်း ပြုသဖြင့်ဂုဏ်း - သိအပ်၏။ ။ဤသည်လျှင် အဓိဋ္ဌာန်ပျက်အံ့သည်မှ ကြောက်သောစိုးရိမ်ခြင်းမည်၏ဟူလိုသော်။ ။ဤအကြောင်းလေး ပါးသည်ကား ပညာရှိ သူတော်ကောင်းတို့သည် စိုးရိမ် အပ်သည်၌ စိုးရိမ်ခြင်းကို ပြုရာဖြစ်သော အကြောင်းတည်း။ ။

ဤသို့လျှင် မဟာပေါရိသာဒမင်းသည်မဟာသုတသောမ မင်းကြီး ထံမှ မိမိရင်၌ ရေပေါက်ကျသည်ကို ငိုကြွေးစိုးရိမ်နှိုးထင်၍ ငိုကြွေး စိုးရိမ်ကြောင်းကို မေးသည်ရှိသော်။ ငါမငိုကြွေး မစိုရိမ်ဟု မဆို မူ

၍၊ စကားဆိုခွင့်ရပြီဖြစ်သောကြောင့် ငါကြွေးမိုးရိမ်ဘိသကဲ့သို့ နှုတ်ပေသင်္ဃာလိုက်၍၊ ပညာရှိတို့သည် မငိုကြွေး မစိုးရိမ်အပ်သည်၌ ငါမငိုကြွေးမစိုးရိမ်။ ပညာရှိတို့သည် ငိုကြွေး စိုးရိမ်အပ်သည်၌ ငါငိုကြွေးစိုးရိမ်ပါ၏ဟုဖြေပြီး၌။ ထိုပညာရှိတို့သည် ငိုကြွေးမှုးရိမ်အပ်သည်၌ ငိုကြွေးစိုးရိမ်ပါသောငါ့အား ခွင့်ပြုစေသေးဟုတောင်းပန်သတည်း။ ။ ဤစကားဖြင့် မင်းကြီး၏ ရာဇပရိယာယ်၊ ရာဇဥုံ။ဟာ၊ ရာဇမာယာ၌ လိမ္မာတော်မူသည်၏အဖြစ်ကိုလည်း ပြရ၏။ သတိသမ္ပဇည မကင်းသည်၏အဖြစ်ကိုလည်းပြရ၏။ မကြောက်မရွံ့ ရဲရင့်ခြင်းသတ္တိရှိသည်၏အဖြစ်ကိုလည်း ပြမူ၏။ တခိုးပုတ်ခြင်းကင်းလျင်သည်၏ အဖြစ်ကိုလည်း ပြရ၏။ ဤကဲ့သို့သောအရာ၌ မသာဝါဒ မဖြစ်သည်ကိုလည်း သိရ၏။ ပေါရိသာဒမင်းသည်။ နံတောရဒန့်၊ အစရှိသောဂါထာဖြင့် ချီးမွမ်းပေသင်ပြု၍ ကဲ့ရဲ့သည်ကိုလည်း ဖျေသည်မည်၏။ ငါတို့သခင်မင်းကြီးသည် ကြီးသောပညာရှိ၏။ စကားတခွန်းဆိုခွင့်ရက မဟာပေါရိသာဒကို ဆုံးမ၍၊ ခြင်္သေ့ခံတွင်းမှလွတ်သော ဆင်ပြောင်ကဲ့သို့ မမြင့်ခင်ပင် လာလတ္တံ့ဟု မှုးတော် မတ်တော်တို့ ယုံကြည်သည်နှင့်လည်း ညီ၏။ ဤသို့ မျှားစွာသောဒေကြောင်းရှိသေးကြောင့် ဤအရာ၌ အကျယ်ဆိုသင့်တည်း။

ရာဇာနုပသနခဏ်းပြီး၏။

မဏိကုဏ္ဍလဝတ္ထု၊ ဒုတိယတဲ့ ဤတွင်ဖွန့်ပြီး၏။

နမော်တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခေတ်း-၃။

ဓမ္မသဝန ဓမ္မဒေသနာခေတ်း။

——————>o<——————

၃၉။ မဟာသုတဇသောမမင်းကြီးတောင်းပန်သည်ကို ပေါရိသာဒမယုံကြည်သဖြင့် အခွင့်မပေးနိုင်ကြောင်း ငြင်းပယ်ခြင်း။

ထိဒ္ဓါဘဝန္တု၊လောကာဘိဝုဒိုယော၁။ ။ဤသို့ မဟာသုတသောမ မင်းကြီး တောင်းပန်သည်ရှိသော်၊ ထိုစကားကို မဟာပေါရိသာဒမင်း မယုံရကား။ ။နစာဟမေတံ အာဘိသဒ္ဓဟာမိ၊ သုဒိနရောမဉ္ဉုမုခါပ မုတ္တော၁အမိတ္တဟာတ္ထံ ပုနရာဝဇေယျ၊ ကောရဗျသေဋ္ဌနဟိမံဥပေသိ။ ။ ဟူသော ဂါထာကိုရွတ်ဖတ်၏။ ။ကောရဗျသေဋ္ဌ၊ ဖြတ်သောကောရဗျ မင်းဖြစ်သော၁မဟာရာဇ၊ ဥုင်မင်းကြီး။ မဉ္ဉုမုခါ၊ သေမင်း ဘုံခံတွင်းမှ။ ပမုတ္တော၁၊ လွတ်ပြီးသော၊ နရော၊ သူသည်။သုဒိ၊ ချမ်းသာရှိပြီးလျက်။ အမိတ္တဟာတ္ထံ၊ရန်သူလက်သို့။ပုနရာဝဇေယျ၊တဘန်လာပြန်ရာ၏။ဇုတံ။ ဤလာပြန်ခြင်းကို။အဟံ၊ငါသည်။ နစအာဘိသဒ္ဓဟာမိ၊ အလွန်မယုံပါ။ တုဝံ၊ ဥုင်မင်းကြီးသည်။ မံ၊ ငါ့ကို။ နဟိဥပေသိ၊ မကပ်ပေရာ။ ။ အဓိပ္ပါယ်ကား။မင်းကြီး၊သေမင်းခံတွင်းမှ လွတ်ပြီးသော အကြင်သူ သည် ချမ်းသာပြိမသက်ခြင်းရှိပြီးလျက် သေမင်းခံတွင်းဟုဆိုအပ်သော ထိုရန်သူလက်သို့ တဘန်လာပြန်ရာ၏။ဤသို့တဘန်လာပြန်ခြင်းကို ငါမ ယုံပါ။ မင်းကြီးလည်း ငါ့ကိုမကပ်ပေရာဟူလိုသော်။ ။မလာပေရာ သောသတ္တဝါကို သံသယဆိုး၍, မရ မလာပေရာသောအကြောင်းကို ပြလိုသောကြောင့်။ ။မုတ္တောတုဝံပေါရိသာဒသဟာဇ္ဇ၊ဂက်ွာသကံ မန္ဒိရံကာမကာမိ၊ မဓုရံပိယံဇီဝိတံလဒ္ဓံရာဇ၊ ကုတောတုဝံဒုဟိသိမေ

သကာသံ။ ။ဟူသောဂ်ထာကိုရွတ်၏။ ။ရာဇာ၊ မင်းကြီး။ ပေါရိ သာဒဿ၊လူသားစား၏။ဟာဋ္ဌာ လက်ဒှ၊မုဆွေဟာ၊ လွတ်ပြီးသော။ကာ မကာဓိ၊ လိုချင်တောင့်တသော ကာမဂုဏ်သော။ တုဝံ၊ မင်းကြီးသည်။ သကံမဇ္ဈံ ခံ၊ မိမိအိမ်သို့။ ဂတ္ဘံဂ သွား၍။ မခုရံ၊ ကောင်းသော။ ဝိယံ၊ ချစ်အပ်သော။ဇိဝိတံ၊အသက်ကို။လဒ္ဓံ၊ ရပြီးလျက်။ကုတော၊ အဘိမှာ။ တုဝံ၊ မင်းကြီးသည်။ မေ၊ ငါ၏။သကာသံ၊အထံသို့။ ဧဟိသိ၊ လာပေ လတ္တံ့နည်း။ ။အဓိပ္ပါယ်ကား။ မင်းကြီး၊လိုချင်တောင့်တသော ကာမ ဂုဏ်သော မင်းကြီးသည်၊ လူသားစားလက်မှ လွတ်ပြီးသော်၊ မိမိအိမ်သို့ သွား၍ အလွန်ချစ်မြတ်နိုးအပ်သော မိမိအသက်ကိုရပြီးလျက် အဘိမှာ ငါ့အထံသို့ တဘန်လာပြန်လတ္တံ့နည်း ဟူလိုသော်။ ။

၄၀။ မဟာသုတသောမမင်းကြီးသည် ပေါရိသာဒအား ယုံရာယုံကြောင်း သူတော်ကောင်းတရားကို ပြသ၍ တောင်းပန်ခြင်း။

မဟာပေါရိသာဒစကားကိုကြားပြီး၍ ဘုရားလောင်းလည်း ကောသ ရ ရာဇာခြင်္သေ့မင်းကဲ့သို့။ မကြောက်မ၀့ံ၌ မှန်သောသဖာဘကို ပြလို သောကြောင့်။ ။မတံဝရေယျ ပရိသုဒ္ဓသိလော နဇီဝိတံဂရဟိတော ပါပဓမ္မော။ နဟိဘံနဒံ့တာပယတိဒုဂ္ဂတိဘီ၊ ပရဿာပိဟေတုအလိကံ ဘဏေယျ။ ။ဟူသော ဂါထာကိုရွတ်၏။ ။သမ္မဒပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ ပရိသုဒ္ဓသီလော၊ သန့်ရှင်းစင်ကြယ်သော သီလရှိသော။ ယောနရော၊အကြင်သူသည်။ အတ္တာနော၊ မိမိ၏။ ဟေတု၊ အကြောင်း ကြောင့်။အလိကံ၊မမှန်သောစကားကို။ ဘဏေယျ ဆိုငြားအံ့။ သောန ရော၊ ထိုသူသည်။မတံ၊ သေခြင်းသည်။ ဝရေယျ၊ မြတ်ရာ၏။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ နဝရေယျ၊ မမြတ်ရာ။ ဂရဟိတော၊ ကဲ့ရဲ့အပ် သော်။ပါပဓမ္မော၊ယုတ်မာသောသဘောရှိသော်။ယောနရော၊အကြင် သူသည်။ပရဿသပိ၊သူတထူး၏လည်း။ဟေတုအကြောင်းကြောင့်။အလိ ကံ၊မမှန်သောစကားကို။ဘဏေယျ၊ဆိုရာ၏။ တံနံ့၊ထိုသူကို။ သောန ရော၊ ထိုသူတထူးသည်။ ဒုဂ္ဂတိဘီ၊ ဒုဂ္ဂတိတို့မှ။ နဟိတာပယတိ၊ မကယ် ပေရာ။ ။အဓိပ္ပါယ်ကား။ အဆွေပေါရိသာဒ၊ သန့်ရှင်းစင်ကြယ်သော

သိလရှိသော အကြင်သူသည်။ မိမိအမှုကြောင့် မမှန်မကန် မတည်ကြားသောစကားကို ဆိုမိလတ္တံ့။ ထိုသူသည် ထိုစကားကို မဆိုမိခင် သီလသီတင်းနှင့် ပြည့်စုံစဉ် လတ်တဲလော သေခြင်းသည် ဖြတ်၏။ အသက်ရှည်ခြင်းသည် မဖြတ်ရာ။အဆွေပေါရိသာဒ။ ကဲ့ရဲ့အပ်သော ယုတ်မာသောသဘောရှိသော အကြင်သူသည် သူတထူး၏ အမှုကြောင့်ဖြစ်သည်းမမှန်မကန်မတည်ကြားသော စကားကိုလည်း ဆိုပေရာ၏။ မိမိအမှုကြောင့် မမှန်မကန် မဘည်ကြားသော စကားကိုသော်ကား ဆိုဘွယ်ရာမရှိ။ အဆွေပေါရိသာဒ၊ ထိုသို့ ဆိုလေသည်ရှိသော်။ ကဲ့ရဲ့အပ်သော ယုတ်မာသော သဘောရှိသော ထိုသူကို။ ဤသူသည် ငါ့အမှုကြောင့် မမှန်မကန် မတည်ကြားသောစကားကို ဆိုပေသည်ဟု ထိုသူတထူးသည် ငရဲအစရှိသော ဒုဂ္ဂတိဘို့မှ မကယ်ပေရာဟူလိသော်။ ။

၄၁။ မဟာသုတသောမမင်းကြီးသည် ပေါရိသာဒအား ယုံကြောင်းတောင်းပန်ရာ၌။မိမိအားသူတပါးသည် ငရဲစသည်မှမကယ်နေပရာဟူသောစကား ဝယ်နှိုင်းရှာသွဲ့ထုတ်ပြအပ်သော ပုံစံဝတ္ထုများ။

ဤသူသည် ငါ့အမှုကြောင့် မမှန်မကန် မတည်ကြားသော စကားကိုဆိုပေသည်ဟု၊ထိုသူတထူးသည် ငရဲဒုစရိုက်သော ဒုဂ္ဂတိတို့မှ မကယ်ပေရာဟူ၍ ဆိုရာ၌။ ထိုသို့ မကယ်ပေခြင်း ကိုကား။ ကမ္မာဉီးဌ မဟာသမုတမင်း မင်းပြုသည်ရှိသော်။ ထိုကဲ့စ၍ အစဉ်သဖြင့် မဟာသမုတမင်းသားရောစ။ ရောစသား ဝရရောစ။ ဗရရောစသား ကလျာဏ။ ကလျာဏသား ဝရကလျာဏ။ဝရကလျာဏသား ဥပေါသထ။ ဥပေါသထသား ဝရဥပေါထ။ ဝရဥပေါသထသား မန္ဓာတု။ မန္ဓာတုသား ဝရမန္ဓာတု။ ဝရမန္ဓာတုသား ဝရ။ ဝရသား ဥပဝရ။ ဥပဝရသား စေတိယဟူသော။ အသက်အသန်ရှိ နေသော။ တဆဲ့နှစ်ဆက် မြောက်သော မင်းသည်၊ ကောင်းကင်ဌ သွားခြင်း။ နတ်သားလေးယောက်သန်လျက်ထမ်း၍ လေးမျက်နှာ စောင့်ခြင်း။ ကိုယ်မှ စန္ဒကူးနံ့ လှိုင်ခြင်း။ ခံတွင်းမှ ကြာညှိနံ့မွှေးခြင်းတည်းဟူသော။ လေးပါးသော တန်းခိုးနှင့်

ပြည့်စုံသည်ဖြစ်၍ စေတိယတိုင်းဌ မင်းပြုသည်ရှိသော်။ ကပိလ အမည်ရှိသော ခမည်းတော် ပုရောဟိတ် ပုဏ္ဏားသည်။ ငါ အသက် အရွယ်တန်ပြီ၊ပုရောဟိတ်ပု ဏ္ဍားပြုခြင်းငှါ မလျောက်ပတ်။ မင်းကြီးနှင့်အရွယ်တူသော ငါ့သားကိုပုရောဟိတ်ပြုစေ၍ ရသေ့ရဟန်းပြုရသော်ကောင်း၏ဟုကြံ၍။ မင်းကြီးကိုတောင်းပန်၍ သားကို ပုရောဟိတ်အရာ၌ တည်စေ၍ ရသေ့ ရဟန်းပြု၍။ မင်း၏ဥယျာဉ်၌ ဗျာန်အဘိညာဉ်ကို ဖြစ်စေလျက်၊ သားကိုအခွံပြု၍ နေသည်ရှိသော်။ ကောရကလမ္ဗက အမည်ရှိသော သည်ဟု သိသည်။ ငါ့အား ပုရောဟိတ်အရာကိုမပေး သားကို ပေးသည်ဟု ရန်ငြိုးဖွဲ့၍ နေစဉ်တွင်။ တနေ့သ၌ မင်းကြီးနှင့် ကောရကလမ္ဗကသည် သုခဒုက္ခပြောဆို၍နေကြစဉ်။ ငယ်ကတဆရာတည်းအတတ် သင်သော အဆွေခင်ပွန်းဖြစ်သောကြောင့် ငါမင်းဖြစ်လျှင် ပုရောဟိတ်အရာကိုပေးမည်ဆိုဘူးသည်ကို အောက်မေ့၍၊ အဘယ့်ကြောင့် ပုရောဟိတ်မပြုသနည်းဟု မေးသည်ကို။ အစ်ကိုယ် ရှိသောကြောင့် မပြုသည်ဟု ဆိုလျှင်။ အစ်ကိုယ် တောထွက်လေပြီ မဟုတ်လောဟု မေး၍။ထွက်လေပြီ။ပုရောဟိတ်အရာကိုမူကား သားကိုပေးခဲ့သည်ဟုဆိုလျှင်။သင်ပုရောဟိတ်ပြုတော့ဟုဆိုသည်ကို။ အမျိုးအနွယ် အဆက်မှဖြစ်သော သားကို အရာအထူးပေးသည် ဖြစ်သောကြောင့်။ **အကြီး**ကိုပယ်၍ အငယ်မပြုသာချေဟူ၍ဆိုလျှင်။ ငါ သင့်ကိုအကြီးပြု၍ အစ်ကိုယ်ကို အငယ်ပြုမည်ဟု ဆိုသည်ကို အဘယ်သို့ ပြုတော်မူမည်နည်းဟု မေး၍။ မသား ဆိုသဖြင့်ပြုခြင်းသည်ဟု ဆိုလျှင်။ငါ့အစ်ကိုယ်သည် ဘူတဝိဇ္ဇာအတတ်ကိုတတ်၏။ ထိုဝိဇ္ဇာဖြင့် သန်လျက်ထမ်း၍ စောင့်သော နတ်သားတို့ကို ကွယ်သကဲ့သို့။ ကိုယ်မှရင်း၊ ခံတွင်းမှရင်း ကောင်းသော အနံ့ကိုကွယ်စေ၍ မကောင်းသောအနံဖြင့် လိုင်သကဲ့သို့။ ကောင်းကင်မှကျ၍ မြေ၌ တည်သကဲ့သို့ဖြစ်စေ၍ လှည့်စားလတ္တံ့။ ထိုသို့ ဖြစ်လျှင် မင်းကြီးကြောက်၍ ဆိုတိုင်းမဖြစ်ရှိလတ္တံ့ဟုဆိုသည်ကို။ထိုသို့ဖြစ်ငြားသော်လည်း ငါတတ်နိုင်၏ဟု ဆိုလျှင်။အဘယ်ကာလ၌ဆိုတော်မူမည်နည်းဟု မေး၍။ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ ဆိုအံ့ဟု ဆိုသဖြင့်။ ထိုစကားသည် မြို့လုံးပျံ့၍။ ထိုကာလ၌ မှန်သောစကားကိုသာ သုံးစွဲသည်ဖြစ်သောကြောင့်။မသာဝါဒဟူသည်အညှိုလော၊အဖြူလော၊အမည်းလော အသို့သောအဆင်းသဏ္ဌာန်ရှိသနည်းဟု ကြံကြ၏။ ထိုစကားကို ကြားလျှင် ပုရောဟိတ်

ပုဏ္ဏားသားသည် အဘအထံသို့သွား၍ ထိုအကြောင်းကို ဆိုသည်ရှိ သော်၊မင်းကြီး မသားဆိုငြားသော်လည်း ငါတို့အရာအထူးကိုမဖျက် နိုင်ရာ၊ဆိုအံ့သောနှင့် ငါ့အားအကြောင်းကြားလှည့်ဟုဆို၍၊ချနစ်ရက် မြောက်သောနှင့် များစွာသော လူအပေါင်းတို့သည် မသဘဝါဒကိုရှု ကုန်အံ့ဟု မင်းရင်ပြင်၌ ညောင်စောင်းအဆင့်ဆင့်ဘွဲ့၍ အငြိုးဖြိုးစည်း ဝေးကုန်စဉ်၊မင်းဝတ်တန်းဆာဆင်လျက် မင်းကြီးထွက်၍ ပရိသတ် အ လယ် ကောင်းကင်၌ မင်းကြီးနေရာသို့၊ ကပိလဝတ္ထုသော် ကောင်းကင်ဖြင့် လာ၍၊ မင်းကြီးရှေကောင်းကင်၌ စမ္မခဏ်ခင်း၍ နေပြီးသော်။မင်းကြီး မသားဆို၍ အငယ်ကိုအကြီးပြုသဖြင့် ပုရောဟိတ်အရာကို ငါ့ညီအား ပေးမည်ဆိုသည် ဟုတ်ပေသလောဟူမေး၍ ဟုဘ်ပေ၏ဟုဆိုလျှင်။ ၎င် မင်းကြီး၊မသဘဝါဒဟူသည် အလွန်ဝန်လေး၏။ ဂုဏ်ကျေးဇူးကိုအထူး ဖျက်တတ်၏။လေးပါးသော အပါယ်တို့၌ ဖြစ်စေတတ်၏။ မင်းတို့မည် သည် မသားမဆိုရာ။ ဆိုသည်ရှိသော် တရားကို သတ်သည်မည်၏။ တရားကိုသတ်သော သူသည်လည်း ကိုယ်ကိုသတ်သည်မည်၏ဟု။ ။ ဧမ္မော ဟဝေ ဟတော ဟန်၊ နာဟတောဟန်ကိုန်။ တဿဟိဝမ်နဟ နေ၊ဟတံဓမ္မောဟတောဟန်။ ။မဟာရာဇ၊ ဖြတ်သောမင်း။ ဟဝေ၊ စင်စစ်။ ဟတော၊ သတ်အပ်သော။ ဓမ္မော၊ တရားသည်။ ဟတံ။ သတ် သောသူကို။ဟန်၊သတ်တတ်၏။ အဟတော၊ မသတ်အပ်သော။ဓမ္မော၊ တရားသည်။ ကိုဉ္စနံ၊တစုံတယောက်သောသူကို။နဟန်၊မသတ်။တဿဟိ တဿဇ္ဇဝေ၊ ထိုကြောင့်လျှင်။ ဓမ္မံ၊ တရားကို။ နဟနေ၊ မသတ်ရာ။ဟ တော သတ်အပ်သော။ ဓမ္မော၊ တရားသည်။ ဟတံ၊သတ်သောသူကို။ ဟန်၊ သတ်လေ၏။ ။ဤဂါထာဖြင့်ဆိုဦး၍။ ။အလိက်ဘ ဘာသမာ နသ၊ အပက္ကမန္တိ ဒေဝတာ။ ပုတိကဉ္ဉမုခံဝါတိ။ သဂ္ဂဉ္ဉာနာစမံသတိ။ ပေသာစာနံပုဿ္မိ တောပဠံ၊အညထာနံဝိယာကရေ။ ။မဟာရာဇ၊ဖြတ် သောမင်း။ ပေသာ၊ အကြင်သူသည်။ စာနံ၊ ဆိုလျက်။ပဠံ၊ ပြဿနာကို။ ပုဿ္မိ တော၊ မေးအပ်သည်ရှိသော်။အညထာ၊ တပါးသောအခြင်းဖြင့်။ နံ၊ထိုအကြောင်းကို။ ဝိယာကရေ၊ကြားရာ၏။ အလိကံ၊ပျက်စကားကို။ ဘာသမာနသ၊ ဆိုထသော။ တဿ၊ထိုသူအား။ ဒေဝတာ၊စောင့်ကုန် သောနတ်တို့သည်။ အပက္ကမန္တိ၊ ဘဲကုန်၏။ မုခဉ္စ၊ ခံတွင်းသည်လည်း။ ပုတိကံ၊ အပုပ်အတိ။ ဝါတိ၊လိုင်၏။ သဂ္ဂဉ္ဉာနာစ၊နတ်နှင့်တူသောအရာ

သည်ကို၊ဦးခေါင်းကသုတ်၍ချီသဖြင့် လေးသောဝန်ကြောင့် မချိနိုင်၍။ ချိနိုင်ကြောင်းလုံ့လပြုစဉ်တွင်ပင် ရေလွှမ်းတည့်လျှင် ရေနစ်၍သေခြင်းကြောင့် မျှားစွာသောဂဠုန်တို့သည် ပျက်စီးလေတော့သည်။ထိုဂဠုန်တို့သည် ဦးခေါင်းက ချိသောထက် အဖြိုးကချို၍ ဦးခေါင်းစောက်ထိုး၍သောကျောက်ကိုအနစေလျက်ယူသည်ရှိသော် ဘေးမရှိဟု မိမိလျှို့ဝှက်အပ်သော အမှုကို သိလ သိတင်းကင်းသော ရသေ့စဉ်းလဲအား အဓမ္မအသည်းကို ထုတ်၍ပြသကဲ့သို့ ပြောမှားချေ၍၊ ဂဠုန်မင်းအား အလုံးစုံသောအကြောင်းကိုပြောသည်ရှိသော်။နဂါးမင်းသည် အဆွေအမျိုးတို့၏ပျက်စီးကြောင်းကို သူတထူးအားကြားသဖြင့် မလျော်ကပ်သောအမှုကိုပြု၍ဟု ဂဠုန်မင်းအပြစ်ဆို၍။ ယနေ့ပင် ငါနဂါးကို ယူအံ့ဟုတောင်ဟုန်လေကိုဖြစ်စေ၍ နဂါးမင်းဆိုတိုင်းချိလျှင်။ဦးခေါင်းစောက်ထိုး ဂဠုန်မင်းခြေခြံ ပါလေသဖြင့် ငါပင် ငါ့ဆင်းရဲကိုဖြစ်စေ၏ဟု။ ။ဝိကိဏ္ဏဝါစံ အနိဂုယှမန္တံ၊ အသညတံ အပရိဒဂ္ဂိတာယံ။ ဘယန္တံမနွေတိ သယံအဗျောဓံ၊ နာဂံယာထာ ပဏ္ဍရကံသုပဏ္ဏော။ ။ယောဂုယှမန္တံပရိရက္ခဏေယျံ၊ မောဟာနရော သံသတိ ဟာသမာနော။တံဘိန္နမန္တံဘယမနွေတိခိပ္ပံ၊နာဂံယာထာပဏ္ဍရကံသုပဏ္ဏော။ ။ ဝိကိဏ္ဏဝါစံ၊ဗဟုဗဟုဇနံသော စကားရှိသော။ အနိဂုယှမန္တံ၊ မသျှို့ဝှက်အပ်သော အတိုင်အပင် ရှိသော။ အသညတံ၊ ကိုယ်နှုတ် နှလုံးမစောင့်သော။အပရိဒဂ္ဂိတာယံ၊ဤသူအား ကြားထိုက်၏၊ ဤသူအား မကြားထိုက်ဟု စုံစမ်းဆင်ခြင်ခြင်းငှါ မတတ်နိုင်သော။ အဗျောဓံ၊ ပညာမရှိသော။ တံနံ၊ ထိုသူကို။ သယံ၊ မိမိသည်။ ကတံ၊ ပြုအပ်သော။ ဘယံ၊ ဘေးသည်း အနွေတိ၊ အစဉ်လိုက်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ပဏ္ဍရကံ၊ပဏ္ဍရကအမည်ရှိသော။ နာဂံ၊နဂါးကို။ သုပဏ္ဏော၊ ဂဠုန်သည်။ အနွေဝကတောယထာ၊ အစဉ်လိုက်သကဲ့သို့။ ဘယံ၊ ဘေးသည်။အနွေတိ၊အစဉ်လိုက်၏။! ။ယောနရော၊ အကြင်သူသည်။ ပရိရက္ခဏေယျံ၊ ဖောင့်ရှောံ ဆင်ခြင်အပ်သော။ ဂုယှမန္တံ၊ သျှို့ဝှက်သော အတိုင်အပင်ကို။မောဟာ၊တွေဝေသဖြင့်။ဟာသမာနော၊ ရွှင်မြူးသည်ဖြစ်၍။သံသတိ၊ကြား၏။ ဘိန္နမန္တံ၊ပျက်သောအတိုင်အပင်ရှိသော။ တံနံ၊ထိုသူကို။ဘယံ၊ဘေးသည်။အနွေတိ၊အစဉ်လိုက်၏။ကိမိဝ၊အဘယ်ကဲ့သို့နည်းမူကား။ ပဏ္ဍရကံ၊ ပဏ္ဍရကအမည်ရှိသော။ နာဂံ၊ နဂါးကို။

သုပဏ္ဏော၊ဂဠုန်မင်းသည်။အနွေဂတောယထာ၊အစဉ်လိုက်သကဲ့သို့။ တထာ၊ထို့အတူ။ခိပ်၊လျင်စွာ။ဘယံ၊ဘေးသည်။ အနွေတိ၊ အစဉ်လိုက် ၏။ ။ဤသို့အစရှိသော ရှစ်ဂါထာဖြင့်။ကောင်းကင်၌ ဦးခေါင်းတဲ့လွှဲ ငိုမြည်တမ်းသောနဂါးကို မိမိ၏ လျှို့ဝှက်အပ်သော အကြောင်းကို အစေလကအားကြောင့်၍ အဘာ ဉ်ကြောင့် ငိုကြွေးသနည်းဟု ဂဠုန်မင်း ကဲ့ရဲ့၍။ ။ကောန္ဓိတိဏ္ဍံဂရဟံဥပေတိ၊အသ္မိဓလောကေပါဏာဘူနာ ဂရာဇ။ သမဏော သုပဏ္ဏောအထဝါတဝေဝ၊ ကိံကာရဏာပဏ္ဍုရ ကဂဟိတော။ ။နာဂရာဇ၊နဂါးမင်း။ ဣဓ၊ ဤနဂါးကိုဘဲမိမ်းဖမ်းရာ၌။ တိဏ္ဍံ၊ သုံးပေါက်ကုန်သော ငါတို့ဝယ်။ ကော၊ အဘယ်မည်သော။ ပါဏာဘူ သတ္တဝါသည်။ အသ္မိဓလောကေ၊ ဤလောက၌။ ဂရဟံ၊ ကဲ့ရဲ့ အပ်သောအဖြစ်သို့။ဥပေတိနု၊ ရောက်သနည်း။ သမဏော၊တက္ကတွန်း ရဟန်းသည်မူလည်း။ဂရဟံ၊ကဲ့ရဲ့အပ်သောအဖြစ်သို့။ဥပေတိနု၊ရောက် မည်လော။အထဝါ၊ထိုသို့မဟုတ်မူကား။ သုပဏ္ဏော၊ ဂဠုန်မင်းသည် တည်း။ဂရဟံ၊ကဲ့ရဲ့အပ်သောအဖြစ်သို့။ ဥပေတိနု၊ ရောက်မည်လော။ အထဝါ၊ထိုသို့မဟုတ်မူကား။တဝေဝ၊သင်သည်ပင်လျှင်။ဂရဟံ၊ ကဲ့ရဲ့ အပ်သောအဖြစ်သို့။ဥပေတိနု၊ရောက်မည်လော။ ပဏ္ဍုရက ပဏ္ဍုရက နဂါးမင်း။ကိံကာရဏာ၊ အဘာယ်ကြောင့်။ အဟံ၊ငါ့ကို။ သုပဏ္ဏော၊ ဂဠုန်မင်းသည်။ ဂဟိတော၊ဘမ်းလေသနည်း။ဣတိ၊ ဤသို့။စိန္တေတွာ၊ ကြံ၍။ အဇ္ဈာနမေဝ၊ မိမိကိုယ်ကိုလျှင်။ ဂရဟိ၊ သင်ကဲ့ရဲ့လော့။ ။ အဆွေပဏ္ဍုရက၊ဥပါယ်တမျှဉာဏ်ဖြင့် လျှို့ဝှက်ခြင်းကိုမေးသည်ဖြစ်သော ကြောင့် ရဟန်းကိုလည်း မဲကဲ့ရဲ့အပ်၊အဆွေ၏ ရန်သူစင်စစ်ဖြစ်သော ကြောင့် ဂဠုန်မင်းကိုလည် မကဲ့ရဲ့အပ်။ အဆွေသည်လျှင်၊အဆွေ၏အ ကျိုးမရှိခြင်းကို ပြုသည်ဖြစ်သောကြောင့်။အဆွေကိုယ်ကိုသာ အဆွေ ကဲ့ရဲ့အပ်၏ဟု ဂဠုန်မင်းကဲ့ရဲ့အပ်သည်ရှိသော်။ ။သမဏောတိမေ သမ္မတဇ္ဈောအဟောသိ ဝိယောစမေမနသာဘာဝိတဇ္ဈော။ တသာ ဟမက္ခိံ ဝိဝရိံ ဂုယှမတ္ထံ၊အတိတမဇ္ဈောကပဏ်ဝံရုဒါမိ။ ။သမ္မဉ္ဇရဂါ ဝိပ အဆွေဂဠုန်ငင်း။မေမယာ၊ငါသည်။ သမဏောသို၊ ရဟန်းဟူ၍။ သမ္မတဇ္ဈော၊သမဂတ်အပ်သည်လည်း။အဟောသိ၊ ဖြစ်၏။ မေမယာ၊ ငါသည်။ ဝိယောစ၊ ချစ်အပ်သည်လည်း။အဟောသိ၊ ဖြစ်၏။ မနသာ၊ နှလုံးဖြင့်။ဘာဝိတဇ္ဈော၊ ပွါးစေအပ်သည်လည်း။အဟောသိ၊ ဖြစ်၏။

တသ္မာ၊ထို့ ကြောင့်။တသ္မာ၊ထိုတက္ကတွန်းအား။အဘိ၊ငါသည်။အကြို့၊ကြားမိ၏။ဂုယ်၊လျှို့ဝှက်သော။အင်္ဂုံ၊အနက်ကို။ဝိဝရိ့၊ဘွင့်မိ၏။ အတိတ မင်္ဂလာ၊လွန်သောအကြိုးရှိသော။အဟံ၊ငါသည်။ ကပဏံ၊ အထီးကျန်သည်ဖြစ်၍။ရဒါမိ၊ငိုရ၏။ ။နဂါးမင်းစကားကိုကြား၍ ဂဠုန်မင်းသည်လည်း။ ။မာဏဝိတာ ပရမာဟန္ဒဝါနံ၊ နာသတတိယော အနုကမ္ပကတ္ထိ။ တေသင်္ဂါ ဂုယ်ပရမံနသံသေ၊ မန္ဒဿဘေဒံ ပရိသက်မာနေ။ ။မာတာဝိတာ ဘဂိနိ ဘာတရောစ၊ သဟာယောဝါယသဟာယိဿပက်ခာ။ တေသင်္ဂါဂုယ်ပရမံနသံသေ၊ မန္ဒဿဘေဒံပရိသက်မာနော။ ။ဘရိယာစေပုရိသံဝဒ္ဓာ ကောမာဒိဝိယဘာဂါနိ။ ပုတ္တာရှပယသူပေတာ၊ ဉာတိသဃပုရေက္ခကာ။ တာသာဝိ ဂုယ်ပရမံ နသံသေ၊မန္ဒဿဘေဒံပရိသက်မာနော။ ။သမ္မပဏ္ဍာရက၊ အဆေ့ပဏ္ဍာရက။ဟန္ဒဝါနံ၊ အဆေ့ခင်ပွန်းအပေါင်းတို့တွင်။ မာတာဝိတာ၊အမိအဘာတို့သည်။ပရမာ၊လွန်မြတ်သော အဆေ့ခင်ပွန်းမည်ကုန်၏။အသ၊ ထိုသူအား။တတိယော၊သုံးယောက်မြောက်သော။အနုကမ္ပကော၊ သနားတတ်သောသူသည်။နဉ္ဇို၊မ၏။ တေသင်္ဂါ၊ထို အမိအဘာတို့အား၊လည်း။ မန္ဒဿ၊အတိုင်အပင်၏။ဘေဒံ၊ ပျက်ခြင်းကို။ ပရိသက်မာနော၊ ရုံ့ဂ္ဂါသည်ဖြစ်၍၊ပရမံ၊မြတ်သော။ ဂုယ်၊လျှို့ဝှက်ခြင်းကို။နသံသေ၊ မကြားရာ။ ။သမ္မပဏ္ဍာရက၊ အဆေ့ပဏ္ဍာရက။ယသသ၊ အကြင်သူ၏။ မာတာဝိတာစ အမိအဘာတို့သည်၎င်း။ဘဂိနိစ၊ နှမသား၊ချင်းတို့သည်၎င်း။ ဘာတရောစ၊ ညီအစ်ကိုတို့သည်၎င်း။ သဟာယော၀ါ၊ နှလုံး၀င်သောအဆွေခင်ပွန်းသည်၎င်း။ သပက္ခော၀ါ၊မိမိ၏အပင်းအသင်း၊ဖြစ်ကုန်သောမိထွေး မိကြီး ဒေရဲဦးရီးအစရှိသောသူတို့သည်၎င်း။ဟောန္တို့၊ ဖြစ်ကုန်၏။တေသင်္ဂါ၊ထိုသူတို့အား၊လည်း။မန္ဒဿ၊ အတိုင်အပင်၏။ဘေဒံ၊ပျက်ခြင်းကို။ ပရိသက်မာနော၊ ရုံ့ဂ္ဂါသည်ဖြစ်၍။ ပရမံ၊ မြတ်သော။ ဂုယ်၊လျှို့ဝှက်ခြင်းကို။နသံသေ၊မကြားရာ။ ။သမ္မပဏ္ဍာရက၊ အဆေ့ပဏ္ဍာရက။ကောမာဒိ၊ ငယ်သောအရွယ်၌ဖြစ်သော။ ပိယဘာဂါနိ၊ ချစ်ဘွယ်သောစကားကို ဆိုတတ်သောအလေ့ရှိသော။ ပုတ္တာရှပယသူပေတာ၊ သားသို့အားအရောင်အဆင်းအခြံအရံနှင့်ပြည့်စုံသော။ ဉာတိသဃပုရေက္ခကာ၊အဆွေအမျိုး အပေါင်းတို့ ရှေးရှုရာဖြစ်သော။ ဘရိယာ၊ မယားသည်။တ၀၊သင်၏။ဂုယ်၊လျှို့ဝှက်အပ်သောအကြောင်းကို။မေ၊ငါ့အား။

အဂ္ဂဝါဟိ၊ ကြားဘိလော့။ ဤတိ၊ ဤသို့။ ပုရိသံ၊ ယောကျ်ားကို။ စေဝဇ္ဇာ၊ အကယ်၍ဆိုငြားအံ့။ တာဒသာပိ၊ ထိုမယားအားလည်း။ မန္တဿ၊ အတိုင် အပင်၏။ ဘေဒံ၊ ပျက်ခြင်းကို။ ပရိသင်္ကာ၊ ရှိဝာသည်ဖြစ်၍။ ပရမံ၊ မြတ်သော။ ဂုယှံ၊ သို့။ ဂုက်ခြင်းကို။ နသံသေ။ မကြားရာ။ ။ဤသို့ အစရှိသော၊ တဆဲ့တပါးသော ဂါထာဖြင့် နဂါးမင်းကို ဂဠုန်မင်းအပြစ် ဆိုး၍ ဓမ္မဒေသနာပြုလျှင်။ နဂါးမင်းသည် ဂဠုန်မင်းအား အသက်ရ ကြောင်းတောင်း၍ အဆွေခင်ပွန်းဖြစ်ကြပြီးမှ။ အစေလကသခ်မ်းသို့ သွား၍ နဂါးမင်းကျွန်ဆဲလျှင်။ ဦးခေါင်းခုနစ်စိတ်ကွဲ၍၊ မြေမျိုခဲ့အပိစေ ငရဲဒုခံရခြင်း။ ထိုအခါကရမ္မိယအစေလကတက္ကတွန်းသည် ယခုအခါ ဒွဲဒေဝဒတ်ဖြစ်လာ၏။ နဂါးမင်းသွည် သာဂရိပုတ္တရာဖြစ်လာ၏။ ဂဠုန်မင်းသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌုပ္ပတ္တိရှိသော ပဏ္ဏာရကနဂရာဇဇာတ်ကို အကြောင်းပြုသဖြင့်ဂုင်း။ ။

တို့မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ အဝါနှစ်ဆယ်သော ပဋ္ဌမဗောဓိတွင် မရေတွက်နိုင်သော လူနတ်ဗြဟ္မာ သာဝကတို့သည် အရိယမဂ်ဟို သက်ကုန်သဖြင့်။ ကျေးဇူးတော် အပေါင်းတို့သည် ပုံသောတက်သော ကျော်စောခြင်း ရှိကုန်သည်ဖြစ်၍။ အစိုးအရာသော လည်းဒွဲတင်သောဝန်ကို တစိုးတည်းသောလည်းဒွဲ တင်ဘိသကဲ့သို့။ အစင်းအရာသော လွှဲဒွဲ တင်အပ်သောဝန်ကို တစင်းတည်းသော လွှဲဒွဲတင်ဆီသကဲ့သို့။ ဖြစ်ကြိုးငါးသွယ် ဖြစ်ငယ်ငါးရာမှ စိုးသော ရေတို့၏ တပြိုင်နက် ပေါင်းဆုံရာဖြစ်သော မုခဒွါရကဲ့သို့။ မျှားဖြတ် ဝှန်ဝါသော လာဘ်သပွဲကာ ဖြစ်လတ်သည်ရှိသော်။ တိတ္ထိအပေါင်းတို့သည် နေ ထွက်သောအခါ ဝိုးရည်မြှုံးကဲ့သို့ အာရောင်အဝါ မရှိသဖြင့်။ လာဘ် သပွဲကာယုတ်လျှင်။ ခဒိုးမခဒိုးကွေ့ဒွဲ ရှိ၍။ ဂေါတမလည်းဘုရား၊ ငါတို့လည်းဘုရား၊ ဂေါတမအား ပူဇော်ခြင်းသာ အကျိုး ရှိသလော။ ငါတို့အား ရှိခိုးပူဇော်ခြင်းသည်လည်း အကျိုးရှိ၏။ငါတို့အံ့ဩား ပေးကုန် လှူကုန်ဟုတောင်း၍လည်း မရကုန်သည်ရှိသော်။ ဆိတ်ငြိမ်ရာအရပ်ဒွဲ စည်းဝေး၍၊ အသို့သောဥပါယ်တမျှဉ်ဖြင့် လူမျှားဘောင်ဒွဲ ဂေါတမ၏ ကျေးဇူးမရှိခြင်းကိုပြု၍ လာဘ်သပွဲကာကို ဖျက်ရအံ့နည်းဟု တိုင်ပင် ရာတွင်။ သာဝတ်ပြည်ဒွဲ လှမြတ်သော အဆင်းကို ဆောင်သော၊ တင့် တယ်ခြင်းနှင့်ပြည့်စုံသော၊ နတ်သွဲးအတို့ရှိသော ကိုယ်မှ ပြက်သော အ

ရောင်ရှိသော။ စိန္တမာဏဝိကာအမည်ရှိသော ပရိဗိုဇ်မကိုစွဲ၍ ဂေါတမ ဏ၏ ကျေးဇူးမဲ့ကိုဖြစ်စေ၍ လာဘ်သပ္ပကာကို ဖျက်ရသော်ကောင်း၏ဟု ကြမ်းကြုတ်သော အတိုင်အပင်ရှိသော သူတပေါက်ဆိုသည်ကို အဓျားအလိုတူ၍။ စိန္တမာဏဝိကာသည် တိတ္ထိကျောင်းသို့လာလတ်၍ရှိခိုး သည်ကို စကားတုံ့ မဆိုသဖြင့်၊ သုံးကြိမ် မြောက်အောင် ရှိခိုးသော်လည်း စကားတုံ့မရသျှင်။ သုံးကြိမ်မြောက်အောင်ရှိခိုးပါလျက် စကားမဆိုသည်ကား အကျွန်ုပ်တွင်အဘယ်အပြစ်ရှိသနည်းဟုမေး၍။ တပါး အပြစ်မရှိ၊ ငါတို့ကိုဂေါတမည့ှဉ်းဆဲ၍ လာဘ်သပ္ပကာ မရှိအောင်ပြုသည်ကို နှမရှုဆိတ်လေသည်။ ဤအပြစ်ကို နှမ မသိသလောဟုမေး၍။ အကျွန်ုပ်မသိ အကျွန်ုပ်ကို အသို့ပြုစေလိုသနည်းဟု မေးသည်ရှိသော်။ နှမ၊ ငါတို့ချမ်းသာကိုအလိုရှိသော် နှမကိုစွဲ၍ဂေါတမ၏အရောင်အဝါ မရှိခြင်းကို ဖြစ်စေသဖြင့် လာဘ်သပ္ပကာကို ဖျက်လော့ဟု ဆိုလျှင်။ ကောင်းပြီ၊ အကျွန်ုပ်ဝန် ဖြစ်စေ မကြောင့်ကြလင့်ဟု ဆို၍။ ဇီဝကထိမာယာ၌ လိမ္မာသည်၏အဖြစ်ကြောင့်၊ ထိုနေ့မှစ၍ သာဝတ္ထိပြည်သူတို့ ဟူရား နာ၍ ဇေတဝန်ကျောင်းတော်မှထွက်သောအခါ၌ ဝိုးပရန်အဆင်းနှင့် တူသောပုဆိုးကိုရုံလျက်၊ ပန်းနုံသာလက်စွဲ၍ ဇေတဝန် ကျောင်းတော်သို့ ခြေးရှူသွားသည်ကို၊ တရားနာ၍ ဇေတဝန်ကျောင်းတော်မှပြန်သော သူတို့က ပသခဘယ်သို့သွားမည်နည်း မေးသည်ရှိသော်။ ငါသွားရာ အရပ်ကိုမေးခြင်း သင်တို့အဘယ်ပြုမည်နည်းဟုဆို၍။ ဇေတဝန်ကျောင်းတော်ပါး တိတ္ထိကျောင်းတွင်အိပ်၍။ ဖြတ်စွာဘုရားကို ရှိခိုးရအောင်ဟု လုံ့ထပြု၍ အိမ်မှထွက်ကုန်သော် ပသကာတို့နှင့်ကြုံအော်။ ဇေတဝန်ကျောင်းတော်မှထွက်သော အခေါသာင်ဖြင့်၊ မြို့သို့ခြေးရှူလာသည်ကို အဘယ်ကလာသနည်းဟု မေးလျှင်။ ခြေးဆိုမြဲအတိုင်း ဆို၍၊ ဤသို့သော နည်းဖြင့်မေးသည်ကိုလေးလလွန်မှ ဇေတဝန်ကျောင်းတော်၌ ဂေါတမနှင့်အတူအိပ်၍ ဂန္ဓကုဋိမှ ထွက်သည်ဟုဆို၍။ ပထဝီဥဖြစ်သော သူတို့သည် ဟုတ်သလော မဟုတ်သလောဟု သက်ဝင်ရှိသဖြင့်။ လေးလကျော်လျှင် ဝမ်းခြဲ ပုဆိုးပြားရစ်၍တစေ့ရှတစေ့ရှ ပွါးစေလျက်၊ ဂေါတမကိုစွဲ၍ ပဒိုသန္ဓေ ဖြစ်သည်ဟုဆို၍။ ဖွစ်လလွန်လျှင် သစ်ကိုပြီစွာလုပ်၍ ဘွဲ့ပြီးသော်။ လက်မိုး ခြေမိုးတို့ကို နွားမေးဂိုးဖြင့်ခတ်၍ ဘောက်ပြန် စေလျက်။ ညစ်ညမ်းသော ဇာခြေဖြင့်၊ ညချမ်းသော် တရားသဘင် စည်းဝေး

သောဒုခါဒ္ဒိ။တနိဆာဆင်အပ်သော ဘုရားနေရာထက်နေလျက်တရား ဟောတော်မူစဉ်တွင် ရှေ့တော်တူရုဒ္ဒိရပ်၍၊ ရဟန်းကြီး၊ လူများ အား တရားဟောသည် သာယာလှပေ၏။သွားနှုတ်ခမ်းစေ့စပ်လှပေ၏။ ငါတမူကား သင့်ကိုစွဲ၍ ရင့်သောကိုယ်ဝန်ရှိပြီ။သားဘွားအိမ်ကိုလည်း မမြဖိရင်၊ ဆီထောပတ် အစရှိသော ပြိဘွယ်ကိုမှကိုလည်းမပြု။ မိမိမပြု သာသော်လည်း အလုပ်အကျွေးဒါယကာဖြစ်သော ကောသလမင်း၊အ နာထပိဏ်သူဌေး၊ ဝိသာခါဒေါယိကာမတို့ကို၊ ဤစိဉ္စမာဏဝိကာအား ပြုအပ်သောအမှုကို ပြုပါဟုမဆို၊ မွေ့လျော်မည်ကိုသာ တတ်သံ့ည်ဟု၊ မစင်စုကိုကိုင်၍ လပြည့်ဝန်းကို ပစ်ခြင်းငှါ လုံ့လပြုသကဲ့သို့။ ပရိသတ် ဘောင်၌ ဖြတ်စွာဘုရားကို စွပ်စွဲသည်ရှိသော်။ ဟောတော်မူသော တရားကို ထား၍၊ ခြေသွင်းမင်းကဲ့သို့ စံပယ်လျက်။ ထိုအခြင်းဖြင့် ဟုတ် သည်ကိုးနင်း၊ မဟုတ်သည်ကိုဂုဏ်း၊ သင်နှင့်ငါသာ သိသည်ဟု မိန့်တော် မူလျှင်။ဟုတ်သည်ကို သင်လည်းသိ၏ ငါလည်းသိ၏ဟု ဆိုသော ခဏ်၌။ သိကြားနေရာ ပူသော အခြင်းအရာ ပြသဖြင့် ကြည့်သည်ရှိသော်။ ထို အကြောင်းကို သိကြားသိသဖြင့်၊ဤဝတ္ထုကို သုတ်သင်အံ့ဟု နတ်သား လေးပေါက်နှင့်တကွလာ၍၊ နတ်သားလေးပေါက်တို့သည် ကြွက် အယောင်ဖြင့် ဝမ်းခွဲဘွဲ့သော ကြိုးလေးသွယ်ကို တပြိုင်နက်ဖြတ်လျှင်။ လေနတ်သားသည် ရုံသောပုဆိုးကိုလွှစ်သဖြင့် ထိုသစ်ပြားသည် ခြေ ဖမိုးထက်ကျ၍ ခြေဖျားနှစ်ဘက်ပြတ်လျှင် ထိုခွဲစည်းဝေးသော လူအ အပေါင်းတို့သည်။ သူယုတ်မ၊ မြတ်စွာဘုရားကိုစွပ်စွဲသည်ဟု ခေါင်းခွဲ တံဘွေးထွေး၍၊ ခဲလှံကနန်လက်စွဲကုန်လျက် ဇေတဝန် ကျောင်းတော်မှ ထုတ်၍။ မြတ်စွာဘုရားနှစ်ကွ၊ ဝိညာဉ်ကို လွှန်သောအခါ၌ မဟာပထဝီ သည် နှစ်ဖြာကဲ့၍။ အငိုစိုင်ရဲမှ မီးသွေ့တက်၍။ ဆွေမျိုးညာတကာ ချစ်စွာ ပေးသော ကမ္မလာနီကို ရုံးကိုသကဲ့သို့ ငရဲမီးလျှံဖြင့်ခြုံရုံ၍ အဝီစိငရဲ၌ ခံရခြင်း။ တိုင်းအပေါင်းတို့သည် လာတ်သပွကာ အလွန်ယုတ်ခြင်း၊ မြတ်စွာဘုရားအား အတိုင်းထက်အလွန် လာ၏သပွကာ ပြန့်ပွားခြင်း အမှုပုတို့ကို ဆိုရာဆိုကြောင်း ဖြစ်သော စိဉ္စမာဏဝိကာ ဝတ္ထုကို အကြောင်းပြုသဖြင့်ဂုဏ်း သိအပ်၏။

ဤ၌ ကောရကလွိကသည် စေတိယဝံမင်းအား မကယ်ပေသကဲ့သို့ ဂုဏ်း။ ဂဠုန်မင်းသည် ကရဝိယ အစေလကအား မကယ်ပေသကဲ့သို့

ဂုဏ်း။ တိတ္ထိအပေါင်းတို့သည် စိဉ္စမာဏဝိကာအား မကယ်ပေသော်ကဲ့သို့ဂုဏ်း။ ငါ့အမှုကြောင့် ဤသူသည် မမှန်မကန် မတည်ကြားသောစကားကို ဆိုပေသည်ဟု။ ထိုသူကို ထိုသူတထူးသည် ငရဲအစရှိသောဒုက္ခတို့မှ မကယ်ပေဟူလိုသော်။ ။

၄၂။ မဟာသုတသောမမင်းကြီးသည် တိုင်းပြည်မှ
တဘန်ပြန်လာဆဲဟူသောမိမိစကားကိုပေါရိသာဒအား
ယုံရာယုံကြောင်းထပ်မံ၍ပြဆိုခြင်း။

ထိုမှတပါး ယုံကြည်ရာသောအကြောင်းကို ပြလိုသောကြောင့်။ ။ သစေပိ ဝါတော ဂိရိမာဝပေါယျ၊ စန္ဒေါစ သူရိယောစ ဆမာပတေယျုံ။ သဗ္ဗာစနုဇ္ဇာ ပတိသောဘံ ဝဇေယျုံ။ နတွေဝါဟံ ရာဇမုသာဘဏေယျံ။ ။ဟူသောဂါထာကိုရွတ်၏။ ။မဟာရာဇ၊ မင်းကြီး။ ဝါတော၊ လေသည်။ ဂိရိံ၊ တောင်ကို။သစေပိ၊ အကယ်၍လည်း။ အာဝဟေယျ၊ ရွက်ဆောင်ရာ၏။စန္ဒေါစ၊လသည်ဂုဏ်း။သူရိယောစ၊ နေသည်ဂုဏ်း။ ဆမာ၊မြေ၌။ သစေပိ၊အကယ်၍လည်း။ ပတေယျုံ၊ကျကုန်ရာ၏။ သဗ္ဗာ၊အလုံးစုံသော။နဇ္ဇာစ၊ မြစ်တို့သည်လည်း။ ပတိသောတံ၊ အညာသို့။သစေပိ။ အကယ်၍လည်း။ ဝဇေယျုံ၊ စီးကုန်ရာ၏။ ရာဇ၊မင်းကြီး။ အဟံ၊ ငါသည်။ မုသာ၊ မမှန်သောစကားကို။ နတွေဝဘဏေယျံ၊ မဆိုရာ။ ။အဓိပ္ပါယ်ကား။မင်းကြီး မင်းကြီးနှင့်ငါတဆရာတည်း၌အတတ်သင်ဘော် အဆွေခင်ပွန်းဖြစ်၍ အသက်ကြောင့်သော်လည်း ငါမုသားဆိုဘူး၏ဟု ငယ်သောအခါမှစ၍ကြားဘူးသလော။အရှင်လေးမျက်နှာမှလာသောလေသည် ကြီးစွာသောတောင်ကို ဝဲ၊ဂွမ်းစကဲ့သို့ ကောင်းကင်သို့ ရွက်ဆောင်သည် ဖြစ်ရာ၏။ နေလတို့သည် မိမိဓိမာန်နှင့်တကွ မြေသို့ကျကုန်သည် ဖြစ်ရာ၏။ အလုံးစုံသော မြစ်ရေတို့သည် အညာသို့ စီးသည်ဖြစ်ရာ၏။ ငါ့ကားမုသားမဆိုပေရာ။ ။မင်းကြီး၊ အရှင်လေးမျက်နှာမှလာသော လေသည် ကြီးစွာသောတောင်ကို ဝါ့ဂွမ်းစကဲ့သို့ကောင်းကင်သို့ ရွက်ဆောင်၏ ဟူ၍ဂုဏ်း။ နေလတို့သည် မိမိဓိမာန်နှင့်တကွ မြေသို့ကျကုန်၏ဟူ၍ဂုဏ်း။ အလုံးစုံသော မြစ်ရေတို့သည် အညာသို့ တဘန်စီးကုန်၏ ဟူ၍ဂုဏ်း။ ဤသို့သော စကားကို တစုံတယောက်

သောသူသည်ဆိုငြားအံ့။ ထိုစကားကို အဆွေယုံကဲ့မူ။ ငါ မုသားဆို၏ ဟု တစုံတယောက်သော သူသည် ဆိုငြားအံ့။ ထိုစကားကို အဆွေမယုံလင့် ဟူလိုသော်။ ။

ထို့နောင်မှ ဘုရားလောင်းသည် ယုံကြောင်း တဘန် ထပ်ပြန်လို သည်ဖြစ်၍။ ။နဘံဖလေယျုံ ဥဒဓိပိသုသော၊ သံဝတ္တေယျ ဘူတဓရ ဝသုန္ဓရာ။ သိလုစ္စယောမေရုသမူလမဇ္ဇဟေယျုံ၊ နတ္ထေဝါဟံရာဇမသော ဘဏေယျ။ ။ဟူသော ဂါထာကို ရွတ်၏။ ။ရာဇ၊ မင်းကြီး။ နဘံ၊ ကောင်းကင်သည်။ ဖလေယျုံ၊ ကွဲရာ၏။ ဥဒဓိပိ၊ သမုဒ္ဒရာသည်လည်း။ သုသော၊ခြောက်တပ်ရာ၏။ဘူတဓရ၊သင်္ဘောဂါတို့၏တည်ရာဖြစ်သော။ ဝသုန္ဓရာ၊ မြေမျက်နှာသည်။ သံဝတ္တေယျ၊ အောက်အထက် ပြန်ရာ၏။ သိလုစ္စယော၊ တခဲနက် ကျောက်အတိ မြင့်ထသော။ မေရု၊ မြင့်မိုရ် တောင်မင်းသည်။သမူလံ၊အမြစ်နှင့်တကွ။ ဥဇ္ဇဟေယျ၊ငွေ့ရာ၏။ ရာဇ၊ မင်းကြီး။အဟံ၊ငါသည်။ မုသာ၊မမှန်သော စကားကို။ နတ္ထေဝ ဘဏေ ယျ၊မဆိုရာ။ ။အဓိပ္ပါယ်ကား။ အဆွေမင်းကြီး၊ ဤလမ်းရာ မရှိသော ကောင်းကင်သည် ကွဲအက်သည် ဖြစ်ရာ၏။ ယူဇနာ ရှစ်သောင်း လေးထောင် အထူ အပြော ကျယ်သော သမုဒ္ဒရာသည် ခန်းခြောက် သည်ဖြစ်ရာ၏။ သတ္တဝါတို့၏ ကိန်းဝပ်ရာယူဇနာ နှစ်သိန်းလေးသောင်း ရှိသော မဟာပထဝီသည် အောက်အထက် ပြန်သည်ဖြစ်ရာ၏။ ယူဇနာ တသိန်း ခြောက်သောင်း ရှစ်ထောင် အစောက်အမြင့် ရှိသော မြင်းမိုရ်တောင်သည် ဘက်ရွက်ခြောက် ကဲ့သို့ ဧရွှလွင့်သည်ဖြစ်ရာ၏။ ငါ သေဘ်ကား မုသား မဆိုပေရာ။ အဆွေမင်းကြီး၊ ဤလမ်းရာ မရှိသော ကောင်းကင်သည် စိတ်ဖြာ သေးဖွဲ့ ကွဲအက်၏ ဟူ၍ဖြင်း။ ယူဇနာ ရှစ်သောင်း လေးထောင် အထုအပြော ကျယ်သော မဟာသမုဒ္ဒရာသည် ခန်းခြောက်၏ဟူ၍ဖြင်း။ သတ္တဝါတို့၏ တည်ရာဖြစ်သော နှစ်သိန်း လေးသောင်းအထုရှိသော မဟာပထဝီသည် အောက်အထက် ပြောင်းပြန် လန်၏ဟူ၍ဖြင်း။ယူဇနာ တသိန်းခြောက်သောင်း ရှစ်ထောင် အစောက် ရှိသော မြင်းမိုရ်တောင်သည် ဘက်ရွက်ခြောက် ကဲ့သို့ ဧရွှလွင့်၏ဟူ၍ ဖြင်း၊ ဤသို့ အလိုသူတို့ဆိုအံ့။ ထိုစကားကို အဆွေယုံရာ၏။ ငါ မုသား ပျက်ကွက်၏ဟူသောစကားကို အဆွေမယုံရာ ဟူလိုသော်။ ။

၄၃။ မဟာသုတသောမမင်းကြီးသည် မိမိစကားကို ပေါရိသာဒ မယုံကြည်သဖြင့် ကျွန်စာရွက်ဆို၍ ယုံစေခြင်း။

ဤသို့ဆိုငြားသော်လည်း မဟာပေါရိသာဒ မယုံလေ။ ထိုသို့ မယုံသည်ရှိသော် ဘုရားလောင်းလည်း။ ဤသူငါ့ကို မယုံပါလေ။ ကျွန်စာရွက်သဖြင့် ယုံစေအံ့ဟု ကြံ၍။ အဆွေ၊ ငါ့ကို ပခုံးထက်မှ ချပါလော့။ ကျွန်စာရွက်၍လည်း အဆွေကို ယုံစေအံ့ဟု ဆိုလျှင်။ မဟာပေါရိသာဒလည်း ပခုံးမှချ၍ မြေ၌ထား၏။ တုရားလောင်းလည်း ကျွန်စာရွက်လို သောကြောင့်။ ။အသို့သင်္ဃိစ္ဆပရာမသာမိ၊ သပတံပိတောသမ္မအဟံ ကဆရောမိ။ တယာပမဇ္ဇော အနဏော၁ဘဝိတ္တာ၊ သစ္ဆာနုရက္ခီ ပုနရာဝဇိသံ။ ။ဟူသော ဂါထာကို ရွတ်၏။ ။သမ္မ၊ အဆွေ။ ယောအဟံ၊ အကြင်ငါသည်။ အသိစ္ဆ၊သန်လျက်ကိုဂင်း။ သတ္ထိစ္ဆ၊လှံကိုဂင်း။ ပရောမသာမိ၊ သုံးသပ်အံ့။ သပတံပိ၊ ကျွန်ခြင်းကိုလည်း။ တော၊ အဆွေအား။ ကရောမိ၊ပြုအံ့။တယာ၊အဆွေသည်။ ပမဇ္ဇော၊လွှတ်အပ်သော။ သော အဟံ၊ထိုငါသည်။ အနဏော၊ မြီမရှိသည်။ ဘဝိတ္တာ၊ ဖြစ်၍း၍။ သစ္စာနုရက္ခီ၊သစ္စာစောင့်သည်ဖြစ်၍။ပုနရာဝဇိသံ၊တဘန်လာအံ့။ ။အဓိပ္ပါယ်ကား။ အဆွေသည် အကယ်၍ အလိုရှိအံ့။ ဤသို့သော ထားလှံတို့ဖြင့် စောင့်ရှောက်အပ်သောမင်းမျိုးဌာ ဖြစ်စေသတည်း။ဤသို့သော လက်နက်တို့ဖြင့် စောင့်ရှောက်အပ်သော မင်း၏ အမျိုးဌာ ဖြစ်ရသည့် မဖြစ်လိုဟု လှံထား သန်လျက်ကိုသော်လည်း သုံးသပ်၏။ထိုမှတပါး အဆက်ဆက်သော မင်းတို့သည် မကျွန်ကူးမြဲသော အကြင် ကျွန်စာကိုသော်လည်း အဆွေအလိုရှိ၏။ ထို ကျွန်စာကို သော်လည်း ငါရွက်ပါ၏။ အဆွေ လွှတ်ပါသည်ရှိသော် ငါသွား၍ ပုဏ္ဏားအား မြီမရှိသည်ကိုပြု၍ သစ္စာစောင့်သဖြင့် တဘန်လာပြန်အံ့ ဟူလိုသော်။

၄၄။ မဟာပေါရိသာဒသည် သုတသောမမင်းကြီးအား တိုင်း ပြည်သို့သွားပြီး၍တဘန်ပြန်လာရန်အခွင့်လွှတ်ခြင်း။

ဤသို့ ဘုရားလောင်း တောင်းပန်သည် ရှိသော် မဟာပေါရိသာဒသည်း။ သုတသောမသည် မင်းတကာတို့ မပြုအပ်သော်ကျွန်ခြင်းကို ပြု

၏။ဤသုတသောမမင်းဖြင့် အဘယ်မျှစအံ့နည်း။ လာသည်မျှလည်းဖြစ်စေမလာသည်မျှလည်းဖြစ်စေ။ ငါလည်းမင်းပင်တည်း။ သုတသောမမင်းမလာသည်ဂိုသော် ငါ့လက်ရုံး သွေးကိုထည့်၍ တရှဉ့်တယောက်ပြည့်စေလျက် ပူဇော်အံ့။ ဤသုတသောမမင်းသည် အလွန်ပင်ပန်းခဲ့ဖြီဟုကြံဦး၍၊ ခွင့်ပေးလိုရကား။ ။ယောတေကတော့ သင်္ကရောဖြာဟွဲကောန၊ ရဇ္ဇေသကေဇ္ဈသရိယေဒ္ဓိတေန။, တံသင်္ကံရုံဖြာဟွဲကသမ္မဒါယ၊ သစ္စာနုရက္ခီ ပုနရာဝဇာသု။ ။ဟူသောဂါထာကိုရွတ်၏။ ။သမ္မသုတသောမ၊အဆွေသုတသောမ။ တေတယာ၊အဖဆွေသည်။သင်ကရဇ္ဇေ၊မိဒိတိုင်းနိုင်ငံ၌။ ဇ္ဈသရိယော၊မင်းအဖြစ်၌။ ဒ္ဓိတေန၊ တည်သဖြင့်။ ဖြာဟွဲကောန၊ ပုဏ္ဏားနှင့်။ ယောသင်္ကရော၊ အကြင်ဆုံးဖြတ်ခြင်းကို။ ကတော၊ပြုအပ်၏။ တံသင်္ကံရုံ၊ ထိုဆုံးဖြတ်ခြင်းကို။ ဖြာဟွဲကသမ္မဒါယ၊ပုဏ္ဏားပြည့်စုံစေဦး၍။ သစ္စာနုရက္ခီ၊ သစ္စာစောင့်သောအဆွေသည်။ ပုနရာဝဇာသု၊ တဘန်လာပြန်ပါလျှည့်။ ။အဓိပ္ပါယ်ကား။ အဆွေသုတသောမ၊အဆွေသည်အဆွေနိုင်ငံ၌မင်းအဖြစ်၌တည်သဖြင့်။ အကြင်ပုဏ္ဏားအား အကြင်သို့ သဘောရှိသော ဆုံးဖြတ်ခြင်းကိုပြု၏။ ထိုပုဏ္ဏားအား ထိုဆုံးဖြတ်ခြင်းကို ပြည့်စုံစေ၍ သစ္စာ စောင့်သော အဆွေသည်တဘန်ပြန်ပါလျှည့်ဟူလိုသော်။ ။

ဤသို့ခွင့်ပေးသည်ရှိသော် တုရားလောင်းလည်း၊အဆွေ၊ မစိုးလင့်၊ လေးပါးသော သတ္တာရဟဂါထာကိုနာ၍။ တရားဟောအား ပူဇော်သဒ္ဓါရပြု၍။ နံနက်စောစောကလျင် လာအံ့ဟုဆိုဦး၍။ ။ယောမေကတောသင်္ကောရော်ဖြာဟွဲကောန၊ ရဇ္ဇေသကေဇ္ဈသရိယေဒ္ဓိတေန။ တံသင်္ကံရုံဖြာဟွဲကသမ္မဒါယ၊ သစ္စာနုရက္ခီပုနရာဝဇ်ီသံ။ ။ဟူသောဂါထင်ကိုရွတ်၏။ ။သမ္မ၊အဆွေ။သကော၊ငါ့ဥစ္စာဖြစ်သော။ရဇ္ဇေ၊တိုင်းဒ္ဓိ။ဇ္ဈသရိယော၊ မင်းအဖြစ်ဒ္ဓိ။ဒ္ဓိတေန၊တည်သော။မေမယာ၊ ငါသည်။ ဖြာဟွဲကောန၊ ပုဏ္ဏားနှင့်။ ယောသင်္ကောရော၊ အကြင်ဆုံးဖြတ်ခြင်းကို။ ကတော၊ပြုအပ်၏။တံသင်္ကံရုံ၊ထိုဆုံးဖြတ်ခြင်းကို။ ဖြာဟွဲကသမ္မဒါယ၊ ပုဏ္ဏားအားပြည့်စုံစေဦး၍။ သစ္စာနုရက္ခီ၊ သစ္စာစောင့်သောငါသည်။ ပုနရာဝဇ်ီသံ၊တဘန်လာပြန်အံ့။ ။အဓိပ္ပါယ်ကား။ အဆွေ၊ငါ့တိုင်းနိုင်ငံ၌ တည်သော ငါသည်။အကြင်ပုဏ္ဏားနှင့် အကြင်သို့သဘောရှိသော ဆုံးဖြတ်ခြင်းကို ပြုအပ်၏။ ထိုပုဏ္ဏားအား ထိုဆုံးဖြတ်ခြင်းကို

ပြည့်စုံစေဦး၍ သစ္စာစောင့်သောငါသည် တဘန်လာပြန်ပါအံ့ ဟူထိုသော်။ ။

ထိုနောင်မှမဟာပေါဂိသာဒလည်း။ ဂုဏ်မင်းကြီးသည် မင်းတကာတို့မရွတ်ဘူးသော ကျိန်စာကိုရွတ်၏။ ထိုကျိန်ခြင်းကို အောက်မေ့ပါဟုဆို၏။ ဘုရားလောင်းသည်၊ အဆွေ၊ ငယ်သေ-အခါမှစ၍ အဆွေငါ့ကိုသိ၏။ရယ်မှဖြင့်သော်လည်းမုသားမဆိုစဘူး။ ယခုငါမင်းအဖြစ်၌တည်၍ အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိသော ငါသည် အဘယ်မှာမုသားဆိုတော့အံ့နည်း။အဆွေငါ့အားယုံကာမူ။ငါနက်ဖြန် အဆွေပူဇော်မှိအရောင်လာလတ်မည်ဟုဆို၏။ မဟာပေါဂိသာဒလည်း ဂုဏ်မင်းကြီး၊ သွားလော့၊ ဂုဏ်မင်းကြီးတို့သည် မလာကုန်သည် ဂိုသော်ငါ့အစိအရင်သည် ပျက်လတ္တံ့။ နတ်မင်းလည်း အဂုဏ်မင်းကြီးတို့နှင့်ကင်း၍ အပူဇော်မခံပေရာ။ ထိုကြောင့်ပူဇော်ခြင်းကိုအနှစ်ရာယ်မပြုပါလင့်ဟုဆို၍လွှတ်လိုက်၏။ ။

၄၅။ မဟာသုတသောမမင်းကြီးသည်ပေါဂိသာဒလက်မှ လွတ်သဖြင့်တိုင်းပြည်သို့ပြန်ခြင်း။

တုရားလောင်းလည်းရာဟုခံတွင်းမှ လွတ်သောလမင်းကဲ့သို့။ ဆင်ပြောင်အားနှင့်တူသောအားနှင့်ပြည့်စုံသည်ဖြစ်၍ လျင်စွာမြို့သို့ရောက်လေ၏။ စစ်သည်အပေါင်းတို့သည် ငါတို့သခင်မင်းသည် ကြီးသောပညာရှိ၏။ ဘာဝယ်ဘာစွာသော-ဘရားကိုဟောတတ်၏။ စကားတခွန်းနှစ်ခွန်းဆိုရုံက မဟာပေါဂိသာဒကိုဆုံးမ၍ ခြေသံ့ခံတွင်းမှ လွတ်သောဆင်ပြောင်ကဲ့သို့လာလတ္တံ့။ ငါတို့သခင်မလာဘဲကို မြို့တွင်းသို့ဝင်ချေသော်၊ ဤသူတို့သည်ငါတို့သခင်ကို ပေါဂိသာဒအားပေး၍ လာသည်ဟုငါတို့ကိုပြည်သူတို့ကဲ့ရဲ့လကုန်အံ့ဟုကြံ၍မြို့ပြင်၌ သစ်ခက်မြို့တည်၍နေကုန်၏။ ထိုစစ်သည် တို့လည်း ထိုသို့သော အခြင်းဖြင့် တုရားလောင်းလာသည်ကို အဝေးက မြင်လျှင် ခရီးဦးကြိုဆို၍၊ အဂုဏ်မင်းကြီး၊ အသို့နည်း။ မဟာပေါဂိသာဒသည် အကျွန်ုပ်တို့ သခင်မင်းကြီးကိုမပင်ပန်းစေလော။ ဤသို့အစရှိသော ပဋိသန္ထာရကိုပြုကုန်၏။ မင်းကြီးလည်း ပေါဂိသာဒသည် ငါ့ကို ငါ့မိဘသော်လည်း မပြုအပ်

သော အမှုကိုပြုပေသည်။ ကြမ်းကြုတ်သော အနိုင်အထက် ပြုတတ်သေးသဘောရှိသော သူစင်လျက်။ ငါ့တရားစကားကိုကြား၍ ငါ့ကို လွှတ်ပေသည်ဟုဆို၍။ အမတ်အပေါင်းတို့လည်း မင်းကြီးကို တန်းဆာဆင်လျက် ဆင်ကျောက်ကုန်းထက်တင်ပြီးသော် ခြံရံ၍မြို့တွင်းသို့ ဝင်ကုန်၏။ မင်းကြီးကိုမြင်လျှင် အလုံးစုံသောပြည်သူတို့သည် အလွန်နှစ်သက်ဝမ်းသာခြင်းဖြစ်ကုန်၏။ ။

၄၆။ မဟာသုတသောမမင်းကြီးသည်
တိုင်းပြည်သို့ရောက်၍ကသဖြတ်စွာတရား
ဟောကြားတော်မူသောသတာရဟ ၄ ဂါထာကို
နှုန်းပုဏ္ဏားထံနာယူခြင်း။

ထိုမင်းကြီးလည်း တရားဒွါ မြတ်နိုးခြင်း ရှိသည်၊ တရားတည်းဟူသော ယစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ မယ်တော် ခမည်းတော်တို့ကို နောက်မှဖူးအံ့ဟု နန်းတော်သို့ တက်၍ မင်းနေရာဒွါ နေပြီးသော်။ ပုဏ္ဏားကိုခေါ်စေပြီးလျှင်၊ ဆံမုတ်ဆိတ် ပြင်စေပြီး၍။ ရေချိုးစေ၊ပန်းနံ့သာလိမ်းစေ၊ ဝတ်စား တန်းဆာ ဆင်စေ၍။ မင်းကြီး စားတော်ကို ပုဏ္ဏားအား ကပ်စေ၍။ နောက်မှ မင်းကြီးရေနံ့သာချိုးပြီးသော် စားတော်ခေါ် ၍၊ထိုပုဏ္ဏားကိုရာဇပလ္လင်ဒွါ နေစေလျက်တရားဒွါ ရှိသေလေးမြတ်သောကြောင့်နိမ့်သောနေရာဒွါ မင်းကြီးနေ၍။ ပန်းနံ့သာဖြင့်ပူဇော်ပြီးမှ။ ဆရာပုဏ္ဏားတို့သည် အကျွန်ုအား ဆောင်ခဲ့သော သတာရဟ ဂါထာတို့ကို နာကုန်အံ့ဟုတောင်းပန်၏။ ။ထိုအကြောင်းကို ထင်စွာပြတတ်သော်ရှင်တော်ဘုရားသည်။ ။မဂ္ဂေါစသောပါရိသာဒသဟဇ္ဈာဂတို့နှင့်တံပြာဟပ္ပဏ်းတေဒဂေါစ။ သုဏောမဂါထာယောသတာရဟာယော၊ ယာဓေသုတာအသုဟိတာယပြောဟပ္ပ။ ။ဟူသောဂါထာကိုမိန့်တော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။တဒါ၊ ထိုအခါဒွါ။ယောသုတသောမော၊ အကြင်သုတသောမသည်ဖြစ်။ ပါရိသာဒဿ၊ လူသားစား၏။ဟဇ္ဈာ၊လက်မှ။ မဂ္ဂေါစ၊လွတ်သည်ဖြစ်၍လျှင်။ ဂတို့ဒှန်၊သွားဦး၍။တံပြာဟပ္ပဏ်း၊ကိုပုဏ္ဏားကို။ ပြောဟပ္ပ၊ ရှင်ပုဏ္ဏား။ မော၊ ငါသည်။ သုတာ၊ ကြားအပ်ကုန်သော။ ယာဂါထာ၊ အကြင်ဂါထာတို့

သည်။ ဟိတာယ၊ စိးပွါးခြင်းငှါ။ အသူ၊ဖြစ်ကုန်ရာ၏။ သတာရဟာယော၊ သတာရဟဖြစ်ကုန်သော။ တာယောဂါထာယော၊ထိုဂါထာတို့ကို။ သုဏောမ၊နာပါကုန်အံ့။ ဇာတိ၊ ဤသို့။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ဆို၏။ ။အဓိပ္ပါယ်ကား၊ချစ်သားတို့။ ထိုရောဒနခါဂါဘုရား သည်သုတသောမဖြစ်၍ ပေါရိဏာဒလက်မှလွတ်သည်ရှိသော် လျင်စွာ သွား၍ ပုဏ္ဏားကိုခေါ်ပြီးသော်။ ဆရာပုဏ္ဏား၊ဂါထာတို့ကို ငါကြား သည်ရှိသော် စိးပွါးခြင်းငှါဖြစ်ကုန်ရာ၏။ သတာရဟဖြစ်ကုန်သော ဂါထာတို့ကို နာကုန်အံ့။ ဤသို့သော စကားကို ဆိုသတည်း ဟူ လိုသော်။ ။

ဤသို့ဘုရားလောင်းဇတာင်းပန်လတ်သောအခါ၌။ ထိုပုဏ္ဏားသည် နှံ့သာဖြင့် လက်ကို ပွတ်သပ်ပြီးသော်။ မိမိတောင့်မှ နှလုံးမွေ့လျော်ဘွယ်ရှိသော ဈေးပေကိုထုတ်၍ လက်နှစ်ဘက်ဖြင့် ရိုသေစွာ ကိုင်ပြီးသော်။ ရှင်မင်းကြီး၊ ကသပ ဖြတ်စွာတရားသည် ဟောတော် မူအပ် ကုန်သော၊ရာဂအစရှိသည်ကိုနှိပ်နင်းတတ်ကုန်သော။ ဒေါသမြွက်နှိပ်ဖျောန်သို့ ရောက်စေ တတ်ကုန်သော သတာရဟဂါထာတို့ကို နာတော်မူဟု ကောင်းချီးကျူး၍ ဈေးပေကိုကြည့်လျက်။ ။သကိံ ဒေဝသုတသောမ၊ သန္တိဟောတိသမာဂမော။ သာနုသင်္ကိပါလေတိ၊ နာသန္တိဗဟုသင်္ဂမော။ ။သန္တိရေဝသမသေထ၊ သန္တိကုဗ္ဗထသန္ထဝံ။ သတံသန္ဓိမ္မ မညာယ၊ သေယျောဟောတိနပါဠိယော။ ။ဓိရန္တိဝေရာဓရထာ သုဗိဇ္ဇာ၊ ဒေထောသရီရဗိ္ဗ ဓရံဥပေတိ။ သတဉ္စဝေမ္မော နဓရံဥပေတိ၊ သန္ဒိဿဟဝေသင်္ဂါပဝေဒယန္တိ။ ။နဘဉ္ဉုရေဃထဝိစဒ္ဓရေ၊ ပါရံသမုဒ္ဒဿတရဒါဟုဒ္ဓရေ။ တတော်ဟဝေဒ္ဓရတရံဝဒန္တိ၊ သတဉ္ဉဝေမ္မော အသတဉ္ဉရာဓ။ ။ဟူသော်ဂါထာကိုရွတ်၏။ ။သုတသောမ၊သုတသောမဖမလည်တော်ရှိသော။မဟာရာဇ၊ဖြတ်သောမင်း။သန္တိ၊သူတော်ကောင်းတို့နှင့်။ သကိံ ဒေဝ၊ တကြိမ်သာလျှင်။ ပေါသမာဂမော၊ အကြင်ပေါင်းဘော်ခြင်းသည်။ဟောတိ၊ဖြစ်၏။သာသင်္ကတိ၊ ထိုပေါင်းဘော်ခြင်းသည်။နံ၊ထိုသူကို။ပါလေတိ၊စောင့်ပေ၏။ ဒေသန္တိ၊သူတော်မဟုတ် ယုတ်သော သူတို့နှင့်။ ဗဟူ၊ များစွာသော။ ပေါသင်္ဂမော၊ အကြင်ပေါင်းဘော်ခြင်းသည်။ဟောတိ၊ဖြစ်၏။ သာသင်္ကတိ၊ထိုပေါင်းဘော်ခြင်းသည်။နံ၊ထိုသူကို။နပါလေတိ၊မစောင့်ရှောက်တတ်။ ။

ကပုတ္တသေဒ်သည် ပြတ်ရာ၏။ ငါ့အထံသို့မရောက်ဟု မိန့်တော်မူလျှင်။ ဒါရုပတ္တိက အနေနဲ့ဝါသိက ဖြစ်သော စာလိယသည် တနိုးပြာဒို့ဟာကိုရှိနှင့်စေဦး။ ဂေါတမသည် နေရာမှမထနိုင်ဟုဆို၏။ တစုံတခုသော ဥပါဒ်တမျှဉ်ဖြင့် ပါထိကပုတ္တကို နေရာမှထစေအံ့။ ဤသို့ထစေသဖြင့် ဂေါတမကျိုးလတ္တံ့။ ပါထိကပုဉ္ဇနိုင်လတ္တံ့ဟုကြံ၍။အဓျင်ပရိသတ်တို့၊ တာမဟုတ်မျှင့်ပါကုန်ဦး။ငါသွား၍ ပါထိကပုတ္တကို ဤပရိသတ်အလယ် သို့ဆောင်ခြင်းငှါ တတ်နိုင်ပြားအံ့လည်းမသိဟု ပါထိကပုတ္တအထံသို့ သွား၍။လာလော့ အဓျင်ပါထိကပုတ္တ။လာခြင်းသည်သာ •အဓျင့်အား ကောင်းသည်ဖြစ်ရာ၏။ အဓျင်ဂေါတမသည် ပါထိကပုတ္တ ငါ့အထံသို့ လာခြင်းငှါမထိုက်။သင်တို့နွားအဓျဉ်းအရာအထောင်မကဝှိုဖြင့် တိုက်ပြားသော်လည်း ပါထိကပုတ္တာမထနိုင်။ လွန်သော်လည်းပြတ်ရာ၏။ ပါထိကပုတ္တာသော်လည်း ပြတ်ရာ၏ဟု ဆိုသည်ဖြစ်သောငကြောင့်။ နေရာမှထလာကာမျှဖြင့် အဓျင့်အားအောင်ခြင်း၊ ဂေါတမအား ရှုံးခြင်းကို ပြုကုန်အံ့ဟုဆိုသော်လည်း။ ကောင်း၏အဓျင်၊ လာပြီဟုဆို၍ နေရာမှမထနိုင်။ တလွန်လွန်ရှိသည်ကိုဖြင်၍။ ဤပါထိကပုတ္တသည်ရှုံးအံ့သောငသဘောရှိ၏ဟုသိ၍။ ပါထိကပုတ္တ။ငါ ပုံဆိုမည်။ နားထောင်။ရှေးသရော ခါ ကောသရရာဇာခြင့်မင်းသည် တဇနဲ့သဒ္ဒါကျက်စားရာမှ ပြန်ရာတွင် ကြောက်သဖြင့် ပြေးသောဖြေခွေးဘဆုကိုဖြင်၍။ ဟဲ့အချင်း။မကြောက်လင့်၊ ရပ်လော့ဟုဆို၍။ သင်အဘယ်အမည်ရှိသနည်း ဟုမေး၍။ ဇမ္ဗုကအမည်ရှိ၏ဟု ဆိုလျှင်။ အချင်းဇမ္ဗုကာ။ ငါ့ကိုခစားလှည့်ဟု ခစားစေ၍။ ကျက်စားရာအရပ်မှ ကြီးစွာသော အမဲတုံးကို ဆောင်ခဲ့၍ ပေးသဖြင့်။ ထိုအမဲကိုစား၍ တခုသောကျောက်ဖျာ၌ နေစမှတ်ပြု၍၊ သုံးလေးရက်လွန်လျှင် ဆူသောကိုယ်ရှိသည် ကြီးသော လည်ကုပ်ရှိသည်ဖြစ်၍။ အချင်းဇမ္ဗုကာ။ ငါစံပယ်သောအခါ၌။ အဓျင်ခြင်္သေ့မင်း။စံပယ်လော့၊ အဓျင်ခြင်္သေ့မင်း၊ စံပယ်လော့ဟုဆိုခြင်းငှါ တတ်နိုင်အံ့လောဟုမေး၍။ တတ်နိုင်၏ဟုဆိုလျှင်။ ထိုအတိုင်းဆိုစေသဖြင့်။ ခြင်္သေ့မင်းအား လွန်ကဲသော အထင်မာန်ရှိသည်ဖြစ်၏။ ထိုဖြေခွေးသည် တဇနဲ့သဒ္ဒါရေးသောကျက်ရာတွင် မိမိအရိပ်ကိုဖြင်လျှင်။ ဖြေခွေးဟူ၍မမှတ်။ ငါခြင်္သေ့ဖြစ်ပြီဟုမှတ်၍။ အချင်းဇမ္ဗုကာ။ ဤသို့သောကိုယ်ဖြင့် ယုံစားကြွင်းကိုစားခြင်းငှါ လျောက်ပတ်မည်လော။ ခြင်္သေ့လည်း အခြေလေးချောင်း။

အစ္ဆယ်နှစ်ဘက်၊ နှားနှစ်ခု၊ အမြှီးတဆျောင်း။ သင်္ဘလည်း အခြေလေး ဆျောင်း၊ အစ္ဆယ်နှစ်ဘက်၊ နှားနှစ်ခု၊အမြှီးတဆျောင်း။ မင်ဆံတမည် မရှိသည်သာ။ သင်ယောကျ်ားမဟုတ်တုံလောဟု ကြံသည်ရှိသော် အ သို့ မာန်ပွါး၍။ ထိုခြင်္သေ့အတုပြုသဖြင့် ခြင်္သေ့သံကိုဖြစ်စေအံ့ဟု သုံးကြိမ် ဟောက်သော် မြေခွေးသံသာဖြစ်သကဲ့သို့။ ထို့အတူငှင်း၊ သင်္ဘလည်း ဘုရား စားကြွင်းကို စားလျက် မြတ်စွာဘုရားကို ချုပ်ချယ်၏ဟု ဤသို့ သောဥပမာကိုဆောင်၍ ထိုပရိသတ်ဘောင်သို့ စာလိယသည် တဘန် လာပြန်သဖြင့်။ မြတ်စွာဘုရားလည်း ထိုပရိသတ်အပေါင်းအား တရား စကားဖြင့် ဆွင်စေ၍၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို ကြိုး စွာသော နှောင်ဘွဲ့ခြင်းမှ လွတ်စေ၍။ နက်နဲလှစွာသော ချောက်မှတုတ် တော်မူ၍။ တောင်ဝှေ့ဝါတ်ကိုဝင်စားတော်မူ၍။ ထန်းရုနစ်ဖျားမျှသော ကောင်းကင်သို့တက်တော်မူ၍။ ကဏ္ဍာမ္ဗအရပ်ရှိသောသရက်ပင်၏ အ နီးဦးပြသော ယမိုက်ပြာဦးဟာနှင့်တူသောယမိုက်ပြာဦးဟာကိုပြတော် မူ၍။ မဟာဝုန်ဒ်ကူဒုဂဂါရသာလာသို့ သက်တော်မူလေ၏။ ဤပါထိက ပုတ္တဝတ္ထုဒ်၌ သုနက္ခတ်ကိုအကြောင်းပြုသဖြင့်ဂုဏ်း။ သဘောတူရာညွှတ် သည်၏အဖြစ်ကိုသိအပ်၏။ ။ဤအရာဒ်၌တမူကား။မဟာသုတသောမ မင်းကြီးနှင့် မဟာပေါရိသာဒသည်။ ငါ့သဘောနှင့် ငါသဘောသည် ရေနှင့်ဆီကဲ့သို့ကဲ့၏ဟု ရှေးဆိုပြီးသည်နှင့်ညီစွာ။ သဘောမတူလျက် သဘောတူသကဲ့သို့ မဟာသုတသောမ မင်းကြီး ဆိုသည်ကား။ လို သောဆုကိုယူလိုသောကြောင့် လွှဲပတ်ဖျားယောင်း သတည်း။ ။ ဤသို့လျှင် မဟာ ပေါရိသာဒ၏ အသက်ရှည်ခြင်းကို မြင်လို သဖြင့် ဘုရားလောင်း၏ အသက်တည်းဟူသောဆုကိုယူသည်။ ပညာရှိတို့ သ ဘောသည် အသက်ကို ပေးပါဟု တိုက်ရိုက်တောင်းခြင်းငှါ မသင့်။ ဘုရားလောင်းလည်းအလွန်သောပညာရှိဖြစ်သောကြောင့်။ပရိယာယ် ဆိုသဖြင့် အသက်ရှည်လိုသောဆုကို တောင်းသည်။ဤသည်လျှင်ပညာ ရှိတို့၏သဘောတည်း။ ။

၇၁။ ဘုရားလောင်းသုတသောမမင်း လှည့်စား၍ ဆုယူသည်ကို
မသိသဖြင့်။ငါ၏အသက်တရာရှည်ခြင်းကို သင်ရှုလော့ဟု
ဝမ်းမြောက်စွာ ပေါရိသာဒဆုပေးခြင်း။

မဟာပေါရိသာဒမင်းလည်း ထိုစကားကိုကြား၍ ဤသုတသောမ
သည် ယခုပင်သတ်၍ အသားကိုစားခြင်း၊ အကျိုးမရှိခြင်းကို ပြုတတ်
သော ဒိုးသူကြီးဖြစ်သော ငါ၏အသက်ရှည်ခြင်းကို တောင့်တပေ
သည်။ အံ့ဘွယ်သရဲလျှင် ငါ၏အစီးအပွါးကိုလိုပေ၏ဟု နှစ်သက်ဝမ်း
သာ ဝမ်းမြောက်စွာသော စိတ်ရှိသည်ဖြစ်၍။ လှည့်စား၍ ဆုယူသော
အဖြစ်ကိုမသိရကားထိုဆုကိုပေးလိုသောကြောင့်။ ။အရိယာသာအရိ
ယေန သမေတိသဒိ၊ ပညာသပညာဇာဝတာ သမေတိ။ ပဏ္ဍာသိမံ
ဝဿသတံအာရောဂျံ၊ဇေတံဝရုနံပဋ္ဌမံဒဒါဒိ။ ။ဟူသောဂါထာကို
ရွတ်၏။ ။သမ္မာသုတသောမ၊ အာဆွေသုတသောမ။ အရိယာသာ၊ မြတ်
သောသူ၏။ အရိယေန၊ မြတ်သောသူနှင့်။သဒိ၊ ခင်ပွန်းသဘောသည်။
သမေတိ၊ညီ၏။ပညာသ၊ ဉာဏ်ပညာနှင့်ပြည့်စုံသောသူ၏။ ပညာဇာဝ
တာ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူနှင့်။ သဒိ၊ ခင်ပွန်းသဘောသည်။
သမေတိ၊ညီ၏။သမ္မာသုတသောမ၊အာဆွေသုတသောမ၊တဲ့၊သင်အာဆွေ
သည်။မံ၊ငါ့ကို။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ အာရောဂျံ၊ အနာမရှိ
သည်၏အဖြစ်ကို။ ပသေသိ၊ မြင်လော့။ ဝရုနံ၊ လေးပါးသောဆုတို့
တွင်။ ပဋ္ဌမံ၊ ရှေးဦးစွာသော။ဇေတံဝရံ၊ ဤဆုကို။ဒဒါဒိ၊ပေး၏။ ။အ
ဓိပ္ပါယ်ကား။အာဆွေသုတသောမ။ အဓေ့ဆွေဆိုတိုင်း မြတ်သောသူလည်း
မြတ်သောသူချင်း။ ပညာရှိသူလည်း ပညာရှိသူချင်း အာဆွေခင်
ပွန်းသဘောသည် မဟုတ်ညီ၏။ ထို့ကြောင့် ငါ၏အနှစ်တရာပတ်လုံး
အသက်ရှည်ခြင်း ဟူသောနာမရှိခြင်းကို အဓေ့မြင်လော့။လေးပါးသော
ဆုတို့တွင် ရှေးဦးစွာသော ဤဆုကို ငါပေး၏ဟူလိုသော်။ ။

၇၂။ မဟာသုတသောမမင်းကြီး ပေါရိသာဒကိုလှည့်စား၍
ဆုယူရာ၌ ထုတ်ပြအပ်သော ဝဋ္ဋနမျိုးတို့တွင်။
ရှေးဦးစွာနေကတိကဝဋ္ဋနကိုပြရာ။

ဤအရာဝယ် လှည့်စား၍ ဆုယူသောအဖြစ်ကို မသိဟူရာ၌ လှည့်

စားခြင်းကား။ နေကတိကဝစ္ဆန သာဟသိကဝစ္ဆန။ နိရတ္ထကအာဠာနဝစ္ဆန။ မာယာကာဝရဝစ္ဆန။ စက္ခုမောဟဝစ္ဆန။ ပရိဿာယဝစ္ဆနအစရှိသောအားဖြင့် များသောအပြားရှိ၏။ ။ထိုများသောအပြားတို့တွင်၊

၁။ နေကတိကဝစ္ဆနဟူသော်ကား ကောက်ကျစ်စဉ်းလဲခြင်းဖြင့် လှည့်စားခြင်းတည်း။ ထိုကောက်ကျစ်စဉ်းလဲသဖြင့် လှည့်စားခြင်းကို ကား။ ချိန်ဖြင့်လှည့်စားခြင်း။ အိုးဖြင့်လှည့်စားခြင်း။ ခွက်ဖြင့်လှည့်စားခြင်း။အဝတ်ဖြင့် လှည့်စားခြင်းတို့၌ သိအပ်၏။ အထူးသဖြင့်ကား။ ဗျိုင်း၊ ဗုဒ္ဓန်၊ရေသွေးစဉ်းလဲအစရှိသောသူတို့ကိုကိုအကြောင်းပြု၍သိရာ၏။ ။ ထိုအကြောင်းအတိုနည်းဟူမူကား၊တို့မြတ်စွာဘုရားသည် ဖောတဝန်ကျောင်းကြီး၌ နေတော်မူစဉ် စိဝရဝဟကအမည်ရှိသောရဟန်းသည်။ ပုဆိုးနွမ်းပုဆိုးညစ်အစရှိသည်ကို ရုံးစု၍ ခကောင်းမွန်စွာချုပ်၍ ဖွပ်ဆိုးပြီးသော်။ အဆုံး၌ကစိတင်၍ ခရုသင်းဖြင့်ပွတ်၍ထားလျှင်။ သင်္ကန်းကိုပြုပြင်စိရင်ခြင်းငှါ မတတ်ပါသောသူတို့သည် သင်္ကန်းစိရင်စိမ့်သောငှါထိုသူအထံသို့ရောက်လာသည်ရှိသော်။ သင်္ကန်းကို ပြုပြင်စိရင်ခြင်းသည် ခဲ၏။ဖြင့်ရှည်စွာကြာမှပြီးသည်။ငါပြုပြင်၍ထားသောသင်္ကန်းပြီးရှိ၏။အလိုရှိသော် ယူဟုထုတ်၍ပြသဖြင့်။ အဆင်းသဏ္ဌာန်ကိုမြင်လျှင် ကြိုက်နှစ်သက်၍ အသစ်သောပုဆိုးကို ပေး၍။ ထိုသင်္ကန်းကိုဝတ်၍ ညစ်နွမ်းသဖြင့်ရေနွေးဖြင့်လျော်မှထိုအကြောင်းကိုသိလျှင်မသာသောနှလုံးရှိသည်ဖြစ်၏။ ဤသို့လှည့်စားဘန်များသဖြင့် ထင်ရှားစွာဖြစ်၏။ တဆသောရွာလက်ခံလည်း ဤအတူၤဂင်း ရဟန်းတပေဒံရှိသဖြင့်။ ထိုအကြောင်းကိုကြားလျှင်။ ပဒင်းဖြိုသားရဟန်းကို ငါလှည့်စားအံ့ဟုယခင်သင်္ကန်းကဲ့သို့သောသင်္ကန်းကိုဝတ်၍ ဖောတဝန်ကျောင်းတော်သို့လာရာတွင် ထိုသင်္ကန်းကိုမြင်လျှင် လိုချင်သောနှလုံးရှိသည်ဖြစ်၍။ ဖောတဝန်ကျောင်းသား ရှင်လှည့်စားတောင်းသည်ကို ငါ့မှာ;ဝတ်စရာတာပါးမရှိဟု ရွာလက်သားရှင်လှည့်စားဆိုလျှင်။အကျွန်ုပ်မှာ အစာမကျေသောပုဆိုးရှိ၏ဟု ပုဆိုးသစ်ပုဆိုးကောင်းပေး၍ ထိုသင်္ကန်းကိုဝတ်၍။ ရှေးနည်းဖြင့် ဖွပ်လျော်မှ လှည့်စားမှန်းသိသဖြင့် ရှက်ကြောက်စွာဖြစ်သောထိုအကြောင်းကိုစွဲ၍တရားသဘင်၌ဖြစ်သောစကားစပ်တွင်။ယခုအခါ၌သာ ဤရဟန်းကို ထိုရဟန်း လှည့်စားသည်မဟုတ်။ လွန်လေပြီးသောအခါ၌လည်း တောတဆအလယ်တွင်၊ မကျယ်လွန်းသောအိုင်တ

ချသည် နွေလအခါ၌ နည်းသောရေရှိသဖြင့်။ များစွာသောငါးကိုမြင်၍ ဗျိုင်းတချသည် လှည့်စား၍ စားလိုသောကြောင့် အိုင်နား၌ ကြံလျက် နေသည်ကို ငါးများဖြင်၍။ အဂ္ဂင်ဗျိုင်း၊ အဘယ်ကိုကြံသနည်းဟု မေး သည်ကို။ သင်တို့ကိုသနား၍ ကြံသည်ဟုဆိုလျှင်။ ငါတို့ဝယ် အဘယ် ကြံစွင့်ရှိသနည်းဟု မေး၍။ ဤအိုင်သည် ရေလည်းနည်းဏ်။ ကျက်စား ခင်းလည်းမကျယ်။နွေလလည်း များသေး၏။ဤငါးများ အဘယ်သို့ ဖြစ် လတ္တံ့နည်းဟု ကြံသည်။ငါ့စကားကို သင်တို့နာသည်ရှိသော် တချတခု စီရှိ၍ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ချမ်းမြေ့သော အိုင်ကြီး တခုဌ် လွှတ်အံ့ဟု ဆိုသည်ကို ကမ္ဘာဥဒိုးကစ၍ ငါတို့ကိုကြံသောသူ မည်သည် မရှိ။သင်ငါတို့ကို တချတခုစီရှိ၍ စွန့်မည်ကြံသည်ဖြစ်ရာ၏ဟု ဆိုလျှင်။ ငါ့စကားကို မယုံလျှင် တချသောငါးကို လိုက်၍ ကြည့်စေဟု ဆိုသော ကြောင့်၊ရေဒဋ္ဌဂင်း ကြည်းဒဋ္ဌဂင်း စွမ်းနိုင်သော ငါးနက်တောင်သူကြီးကို လိုက်စေသည်ရှိသော် ထိုငါးကိုလွှတ်မည်ဟူသော အိုင်သို့ဆောင်၍ စူး စမ်းစေပြီးမှ တဘန်ပြန်ခဲ့၍၊ ထိုငါး၏စကားကို ငါးများယုံကြည်သဖြင့် ရှေးဦးစွာ ထိုငါးကိုချီ၍လွှတ်မည်ဟူသော ရေအိုင်ကိုပြ၍။ထိုအိုင်နားဒဋ္ဌ ရေခံတက်ပင်တွင် ချ၍ သစ်ခွကြားဒဋ္ဌ ထား၍ နှုတ်သီးဖြင့် ခွပ်သတ်၍။ အသားကိုစား၍။အရိုးကိုသစ်ပင်ရင်းဒဋ္ဌချ၍။ထိုအိုင်သို့ တဘန် လာပြန် ၍။ယွင်ငါးကို ငါလွှတ်ချေပြီ။ တပါးငါးလာလေ့ဟု ဆို၍။ ဤသို့သော နည်းဖြင့် ငါးတချတခုစီချ၍စားသဖြင့် ငါးများကုန်ခဲ့လျှင်။ဗုဒ္ဓနိကခုသော ကြွင်းသည်ကို မြင်၍။ ထို ဗုဒ္ဓနိ ကိုလည်း လှည့်စား၍ စားလိုသော ကြောင့်။အလုံးစုံသောငါးကို ငါဆောင်၍ အိုင်ကြီးတခုဌ် လွှတ်ချေပြီ။ သင့်ကိုလည်း ဆောင်၍ ငါလွှတ်အံ့ဟု ဆိုသည်ကို။ ငါ့ကို ဆောင်သော် အာသို့ ဆောင်အံ့နည်းဟု မေး၍။ နှုတ်သီးဖြင့် ချိ၍ ဆောင်အံ့သည်ဟု ဆိုသည်ကို နှုတ်သီးဖြင့်ချိ၍ ဆောင်သည်ရှိသော် ခဒိုးတွင် ကျလတ္တံ့။ ငါမလိုက်ဝံ့ဟု ဆိုလျှင်။ မြွေပြစွာချီအံ့။ မကြောက်လင့်ဟု ဆို၍။ ဤဗျိုင်း သည် ငါးများကိုအိုင်ဒဋ္ဌ လွှတ်သောဟူသည် မဟုတ်ပေရာ။ ငါ့ကိုလည်း လွှတ်လျှင်လွှတ်စေ။မလွှတ်လျှင် လည်ကိုဖြတ်၍သေစေအံ့ဟုကြံ၍။ သင် ငါ့ကို မြွေပြစွာမချီနိုင်ရာ။ သင့်လည်ကို ငါ့လက်မဖြင့် မြွေစွာကိုင်၍သိုက်ရ သော်သာ လိုက်မည်ဟု ဆိုသည်ကို။ ဤဗုဒ္ဓနိသည် ငါ့ကိုလှည့်စား၍ ဆို သည် ဟုမသိသောကြောင့် ကောင်းပြီဟုဝန်ခံ၍ လည်ကုလက်မဖြင့် ဆွဲ

၍လိုက်စေသည် ဂိုသေဝ်။ လွတ်မည် ဟူသော အိုင်ပါးသို့ ရောက်လျှင် အိုင်ကိုပြ၍ ရေခံတက်ပင်သို့ပျံသည်ကို။ ဦးဒိုးမင်း၊ အိုင်ကားထိုမှာ။ ငါ့ကိုကား ဤသို့ဆောင်ဘို့၏ဟု ဆိုသည်ကို။နင့်ဦးဒိုးငါဟုတ်ပေ၏။နင် ငါ့နှမသားပေ။ နင့်ကိုငါခြို၍ ျံသည်ကို နင့်ကျွန် မှတ်သလော။ ဤသစ်ပင်ရင်းခွဲငါးမျှားကို ငါစားသောအရိုးကို ကြည့်ပါလော့။နင့်ကိုလည်း ငါယသုစားတော့အံ့ဟု ဆိုသည်ဂိုသေဝ်။ ငါးမျှား မိုက်သောကြောင့် နင်စားရ၏ဂျင့်။ ငါ့ကိုကား အလိမ္မာ စားရအံ့နည်းဟု လည်ကိုညှစ်လျှင် ခံတွင်း ငပ်ငါးယိုသောမျက်ရည် ဂိုသည်ဖြစ်၍။ အဂျင့်ကို ငါမစားပြီ။ ငါ့အသက်ကိုပေးပါဟု တောင်းပန်သည်ကို။အသက်လွတ်လိုလျှင် ငါ့ကို အိုင်သို့ပို့ ဟုဆိုလျှင်။အိုင်သို့တဘန် ဖဆောင်ပြန်၍။ ညှာနအပြင်၌ ချသည်ဂိုသေဝ် ။နွားညံ့သော ကြာရိုးကို ကတ်ကျေးဖြင့် ရည့်သကဲ့သို့ ထိုဗျိုင်းလည်ကို လက်မဖြင့်ဖြတ်၍ ရေသို့သက်လေသော အံ့ဘွယ်သရဲကိုဖြင်၍။ ဘုရားလောင်း ရေခံတက်ပင်စောင့်သော နတ်သည်။ ။နာဘွန့်နိကတိပ္ပညော၊ နိကတျာသုခမေဓတိ။ အာရာဓေတိကတိပ္ပညော၊ ဗကော ကဏ္ဍဒုကာမိဝ။ ။သမ္မဒေဝဂဏာ၊ အဓေ့ဇအဓျင်း နတ်မင်းအပေါင်း တို့။နိကတိပ္ပညော၊ ကောက်ကျစ်စဉ်းလဲ လှည့်စားခြင်းနှင့် ယှဉ်သော ပညာရှိသသူသည်။ နိကတျာ၊ ကောက်ကျစ် စဉ်းလဲခြင်းဖြင့်။ အဘွန့်၊ စင်စစ်။သုခံ၊ ချမ်းသာ၌။နဇေတိ၊မတည်။ကတိပ္ပညော၊စဉ်းစား စဉ်းလဲ လျာမမြဲသော ပညာရှိသောသူသည်။ အဏ္ဏနော၊မိမိသည်။ ကတာသး၊ ပြုအပ်သော။ ပါပဿ၊ယုတ်မာသောအမှု၏။ ဟလံ၊ အကျိုးကို။ အာရာဓေတိ၊ရ၏။ ကိမိဝ၊အဘယ်ကဲ့သို့နည်း ဟူမူကား။ ဗကော၊ ဗျိုင်းသည်၊ ကဏ္ဍဒုကာ၊ ဗဒွနှမှ။ ဂီဝဆွဲဒံ၊ လည်ပြတ်ခြင်းကို။ အာရာဓေတိဇ္ဈဝ။ ရသကဲ့သို့။ ပါပဿ၊ယုတ်မာသောအမှု၏။ ဟလံ အကျိုးကို။ အာရာဓေတိ၊ရ၏။ ။ဤဂါထာဖြင့် တောလုံး ပဲ့တင်ထပ်စေလျက် သာယာစွာသောအသံဖြင့် ဓမ္မဒေသနာပြုခြင်း။ ထိုရောအခါ ဥဗျိုင်းသည် ယသုအခါ၌ စိဝရဝဖုကအမည်ရှိသော ဇေတဝနကျောင်းသား ရှင်လှည့်စားဖြစ်လာ၏။ ဗဒွနှသည် စိဝရဝဖုကဂုင်း အမည်ရှိသော ရွာလက်သား ရှင်လှည့်စားဖြစ်လာ၏။ ရေခံတက်ပင်စောင့်သောနတ်သည် ငါဘုရား ဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဒ္ဒုပ္ပတ္တိရှိသော ကဏ္ဍဒုဇာတ်ကို အကြောင်းပြုသဖြင့်ဂုင်း။ ။

လွန်လေပြီးသော အခါ၌။ ဗာရာဏသီပြည်ကို ဖြတ်၍ဒတ်မင်းကြီး မင်းပြုစဉ်။ ရသေ့စဉ်းလဲ တပေါက်ကို။ သူကြွယ်တပေါက်သည် တော၌ သခိမ်းဆောက်၍ အိမ်၌မွန်မြတ်သော အာဟာရဖြင့်နေ့တိုင်း လုပ်ကျွေး၍။ သီလသိတင်းနှင့် ပြည့်စုံသောသူဟု ယုံကြည်၍ ခိုးသူဘေး မှကြောက်သဖြင့် သခိမ်းပါးခြင်း ငွေတရာမြှုပ်၍။ ဤဝတ္ထုကိုကြည့်တော်မူပါဟု အပ်သည်ကို။ငါတို့ရသေ့ရဟန်းတို့အား ဤသို့သောစကားကို မဆိုအပ်။ ငါတို့ရသေ့ရဟန်းတို့သည် သူဥစ္စာကို လိုချင်ခြင်း မရှိဟု ဆို၍ ထိုသူကြွယ်သွားလေလျှင်။ဤဥစ္စာသည်အသက်မွေးလောက်၏ဟု တရက်နှစ်ရက်လွန်မှ ထိုငွေကိုယူ၍။ သွားအံ့သော ခဒိုးမှာမြှုပ်၍ သခိမ်းသို့ တဘန်ပြန်၍။ မိုးသောက်လျှင် ထိုသူကြွယ်အိမ်၌ ဆွမ်းစား၍။ ငါတို့ဤအရပ်တွင် မြင့်စွာနေကုန်ပြီ။ တခုသောအရပ်တွင် မြင့်စွာနေခြင်းသည် လူနှင့် နီးနှောခြင်းဖြစ်၏။ လူနှင့် နီးနှောခြင်းသည်လည်း ရသေ့ရဟန်းတို့၏ အညစ်အကြေးဖြစ်၏ ထိုကြောင့်ငါသွားတော့အံ့ဟုဆို၍။ ထိုသူကြွယ်သည် အဘန်တလဲလဲ တောင်းပန်သော်သည်း ခွင့်မရသဖြင့်။ရွာတံခါးတိုင်အောင် ပို့လိုက်၍ သူကြွယ်ပြန်လေလျှင်။ ဤသူကြွယ်ကို လှည့်စားရသော် ကောင်း၏ဟုကြံ၍။ ဆံကျစ်ကြားခဲ့ မြက်ကိုချပ်၍ ပြန်လာပြန်လတ်သည်ကို။ အဘယ့်ကြောင့် ပြန်တော်မူပြန်သနည်းဟု မေး၍။တကဒ္ဒအိမ်မိုးမှပြက်တချောင်းသည်ငါ့ဆံကျစ်ကြားတွင်ငြို၍ပါလတ်သည်။ငါတို့ရသေ့ရဟန်းတို့သည် သူဥစ္စာခဲ့မြက်ပင်တပင်ကိုမျှမပြစ်မှားဟူ၍ သိစိမ့်သောငှါ ပို့လွှာသည်ဟု လှည့်စားသည်ကို ယုံကြည်သဖြင့် ထိုရသေ့ကိုချီးမွမ်းထောပနာပြု၍ လွှတ်လိုက်သည်ရှိသော်။ တို့ဘုရားလောင်းသည် ထိုသူကြွယ်အိမ်၌ တဲသောအခိုက်နှင့်ကြုံ၍။ ထိုရသေ့စကားကိုကြား၍။ထိုရသေ့ပျက်သည် ဤသူကြွယ်ဥစ္စာကို ယူသည်ဖြစ်ရာ၏ဟုကြံ၍။ ရသေ့အထံ၌ တစုံတခုသောဥစ္စာပစ္စည်းကို အဆွေအပ် နှံသလောဟုမေး၍။ ရွှေတရာအပ်နှံကြောင်းကိုဆိုလျှင် စူးစမ်းချေဟု ဘုရားလောင်းဆို၍ စူးစမ်းမှရွှေပျောက်မှန်းသိ၍။ တဘန်လာပြန်ပြီးလျှင် အဆွေ၊ ရွှေကိုရသေ့ယူချေပြီ။ ငါတို့လိုက်ကုန်အံ့ဟု လျှင်စွာလိုက်ကြ၍မိလျှင်။ ပုတ်ခတ်ဆဲရေး၍ အပြင်းတောင်းမှ ရွှေတရာရသဖြင့်။ရွှေတရာခိုးသည်ကား သူဥစ္စာ၌မငြိမတွယ်။ဆံကျစ်၌ မြက်ပါသည်မူကား သူဥစ္စာ၌ ငြိတွယ်သောမည်သည် အံ့တွယ်ရှိလှ၏ဟု။ ။ဝါစာဝကိရ

တောအာသိ၊ သဏ္ဌာသခိလဘာဏိနော။တိဏမတ္တေ အသင်္ခိတ္တေဘာ၊ နော စ နိက္ခသတံဟာရံ။ ။ပောက္ခရဏီတာပသ၊ ဟဲ့ရဘေ့စဉ်းလဲ။ သခိလဘာဏိနော၊ ပြေပြစ်သောစကားကို ဆိုတတ်သော။ တော၊သင်၏။ ဝါစာဝ၊ ငါတို့ ရဘေ့ရဟန်းတို့သည် သူမပေးသော ဥဿာဒ်၌ မြက်သစ်ရွက်ကိုမျှ မပြစ်မှားဟု ဆိုသောစကားသည်သာလျှင်။ သဏ္ဌာ၊ သိမ်မွေ့သည်။ အာသိဘိရ၊ ဖြစ်သတတ်။ တိဏမတ္တေ၊ မြက်မျှကည်း၌။ အသင်္ခိတ္တော၊ မငြိတွယ်သည်။ ဇာတော၊ ဖြစ်လျက်။ နိက္ခသတံ၊ ရွှေတရာကို။ ဟာရံ၊ ဆောင်သေး သင်သည်။ အသင်္ခိတ္ထော၊ မငြိတွယ်သည်။ နောစ ဇာတော မဖြစ်။ ။ဤဂါထာဖြင့်ကဲ့ခဲ့ဦး၍။ တဘန်မကျင့်ပြန်စိမ့်သောဌာနဆုံးမ၍လွှတ်လိုက်ခြင်း။ ထိုရောအခါ ကုဟကရဘေ့သည် ပဟုအခါ၌ ကုဟကရဟန်းဖြစ်လာ၏။ပညာရှိသောပေါက်ဖျားသည် ဂါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အမှု၊ပုတ္တိရှိသော ကုဟကဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

တို့မြက်စွာ ဘုရားသည် ဇေတဝန်ကျောင်းကြီး၌ နေတော်မူစဉ်။ သာဝတ္ထိပြည်၌ ကူဋဝါဏိဇ၊ ပဉ္စတဝါဏိဇဟူသော ကုန်သည်နှစ်ပေါက်တို့သည် လှည်းငါးရာဖြင့် ကုန်ပြောင်းနှုန်၍။ မျှားစွာသော ဥစ္စာရသဖြင့် တဘန်လာပြန်၍။ ပဉ္စဝါဏိဇသည် ဥဇ္ဇာခွဝေဒိမ့်သောဌာနဆိုသည်ကို။ ကူဋဝါဏိဇသည် ဤသူနှစ်ရက်မျှား ဆင်းရဲငြိုငြင်သော အိပ်နေစားသောက်ခြင်းဖြင့် အိမ်သို့ရောက်လျှင် အထူးထူးသော အရသာကို စား၍ အစာမကျေနိုင်သဖြင့် သေလတ္တံ့။ အလုံးစုံသော ဥဿာသည် ငါ့ဘုရားဖြစ်လတ္တံ့ဟု ကြံ၍။ ပာနေ့ ရက်မသင့်သေး။ ပာနေ့နာဂဒတ်မကောင်းသေး။နက်ဖြန်မှသိရအံ့။ သံဘက်ခါမှသိရအံ့ဟုနှစ်ရှည်လသည်ကို ပဉ္စတ ဝါဏိဇသည် လက်နှိုင်မျှဉ်း၍ ဝေခြမ်းစေပြီးသော်။ပန်းနဲ့သာလက်စွဲ၍ဖြတ်စွာဘုရားအထံတော်သို့ လာသည်ကို အာဘာယနဲ့ရောအခ ါက ရောက်သနည်းဟုမေးတော်မူ၍ လခွဲရှိပြီးသော အကြောင်းကို လျှောက်လျှင်။အဘာ ဒုံကြောင့် လခွဲစဉ်ရှိပြီးလျက် ပာဒုဖွင့် ဘုရားကို ဖူးမြင်ခြင်းငှါ လာသနည်းဟု မေးတော်မူသောကြောင့်။ ထိုအကြောင်းကို လျှောက်သည်ရှိသော်။ထိုသူသည် ပာဒုအခါ၌ သင်္ကဋ္ဌဝါဏိဇမဟုတ်။ ရှေးဦးလည်း ကူဋဝါဏိဇ ဖြစ်ဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍။ ထိုဒါယကာသည် တောင်းပန်သဖြင့်။ လွန်လေပြီး

သောအခါ၌ ဗာရာဏသီပြည်ကို ဖြတ်၍ဒတ်မင်းကြီး မင်းပြုစဉ် ငါဘုရား လောင်းသည် ထိုမင်း၏အမတ် တရားသူကြီးဖြစ်သဖြင့်။ ရွာလက်သား ကုန်သည်၊ မြို့သားကုန်သည်နှစ်ယောက်တို့သည် အဆွေခင်ပွန်းဖြစ်၍၊ ရွာလက်သားကုန်သည်သည် မြို့သားကုန်သည်၌ ဟရင်းငါးရာနှုန်းပါသည်ကို ရောင်းစား၍။ ဟရင်းထားရာ၌ ကြွက်ချေးကိုစု၍။ ဟရင်းရှင် တောင်းလျှင် အဆွေဟရင်းကို ကြွက်စားလေ၏ဟု ကြွက် ချေး ကို ပြသည်ရှိသော်။ ဟရင်းကိုကြွက်စားသည်ကို အသူတတ် နိုင် မည့် နည်းဟုဆို၍။ ထိုသူ့သားငယ်ကို ရေချိုးရာသို့ခေါ်၍။ အဆွေခင်ပွန်းတယောက်၌။အောက်သို့မသက်၊ ပြင်ထွက်ရအောင်အပ်ခဲ့၍။ ထိုအိမ်သို့ တဘန်လာပြန်သည်ကို။ ငါ့သား အဝင်မှာနည်းဟု မေးသောကြောင့်။ အဆွေသားကို ကမ်းနားတွင်ထား၍ ငါရေငုပ်ချိုးစဉ် စွန်ရဲချီ၍ ပျံခဲ့သည်။ လက်ချပ်တီး၍ ဟစ်ကြွေးပါသော်လည်း မချလေဟုဆိုသည်ကို။ သူငယ်ကိုချီခြင်းငှ၊ စွမ်းနိုင်သေး စွန်မရှိသင့်။ မဟုတ်မရာဆိုရမည်လောဟုဆိုလျှင်။ ချီနိုင်သည်မှာလည်းဖြစ်စေ မချီနိုင်သည်မှာလည်းဖြစ်စေ။ သားကိုစွန်ချီခဲ့သည်ကို ငါအသို့ပြုရအံ့နည်းဟု ဆိုလျှင်။ ဟယ်မကောင်းစွာသော လူသတ်ခိုးသား၊သင့်ကို တရားသဘင်၌ဟုတ်သည့် အတိုင်းဆိုစေအံ့ဟုမြဲမိုးဓ၍ တရားပွဲသို့ခေါ်လေသော်။ ငါ့အကြွေးကပင်ဟု ထိုသူနှင့်အတူလိုက်၍ တရားပွဲသို့ရောက်လျှင်။ ထိုဒေကြောင်းကိုပြန်၍ ဆုံးဖြတ်တော်မူပါဟုဆိုသည်ရှိသော် ဟုတ်ပေသလောဟု ဟရင်းရှင်ကိုမေး၍ ဟုတ်ပေ၏ဟုဆိုလျှင်။ ဤလောကာ၌ သူငယ်ကိုစွန်ချီဘူးမည်လောဟု ဘုရားလောင်းဆိုမှ။ အကျွန်ုပ်လည်း ရှင်အမတ်ကြီးကိုမေးပါအံ့။ စွန့်ဘို့သည် သူငယ်ကို မချီနိုင်သည်ဖြစ်စေဦး။ ကြွက်တို့သည် ဤလောကာ၌ သံဟရင်းကို စားဘူးပါစံ့ဟုမေး၍။ အဘယ်စကားတုံနည်းဟု ဘုရားလောင်းဆိုမှ။ အလုံးစုံသောအကြောင်းကိုပြန်၍။ ဤသူသည် သံဟရင်းကို ကြွက်စားလေ၏ဟု ဆိုတိသည်ဖြစ်သောကြောင့် ကြွက်စားသည်ကိုငင်း၊မစားသည်ကိုငင်း သိအောင်ပြု၍ အကျွန်ုပ်တရားကိုလည်း ဆုံးဖြတ်တော်မူပါဟုဆိုသည်ရှိသော်။ ဤယောကျ်ားအားစဉ်းလဲဘုံကိုပြု၍ အောင်ဓစအံ့ဟူ၍ ဤသို့ ကြံသည် ဖြစ်ရာ၏ဟု ဘုရားလောင်းသိသဖြင့်။ သင်ကြံသည် သင့်ဖြတ်ပေ၏ ဆိုဦး၍။ ။သဋ္ဌသသာဒ္ဓေယျမိဒံသုစိန္တံ တံ။ ပဒ္ဓေဒ္ဓိဝံပဒ္ဓိကာဒ္ဓသကာဒ္ဓံ။ ဟါလံစေအာဒေ

ယူ၊ မှသိကာ၊ ကသ္မာဂ္ဟဏာ၊ မာရံကုလလဗနဟာရေယျု၊။ ။ကဋ္ဌသဟိဓ
သန္တိကဋ္ဌကဋ္ဌာ၊ ဘဝန္တိစာပိနိကတိနောနိကတ္ထာ။ ဒေဟိပုဗ္ဗနဋ္ဌဟါ
လနဋ္ဌသဟါလံ၊ မာတောပုတ္တမဟာသိဟါလနဒ္ဓော။ ။ဘောဇ္ဇောပရိ
သာ၊ အိုပရိသတ်တို့။သဋ္ဌသ၊စဉ်းလဲသောသူအား။ ဇာဒံသာဒ္ဓေယျံ၊ ဤ
သို့သော စဉ်းလဲဘုံကို။ သုစိန္တိတံး ကောင်းစွာကြံအပ်၏။ ကူန့သ၊
ကောက်ကျစ်သောသူအား။ ပဋိကူဋံ၊ ကောက်ကျင့်ဘုံကို။ ပဇ္ဇဋိတံ၊
တဘန်လာပြန်အပ်၏။ ဟါလံ၊ဟရင်းကို။မှသိကာ၊ကြွက်တို့သည်။ စေအာ
ဒေယျုံ၊ ဇ္ဈကယ်၍စားကုန်အံ့။ဇဝံ၊ ဤသို့စားသည်။ သတ်၊ ရှိသော်။
ကုမာရံ၊သူငယ်ကို။ ကုလလာ၊ စွန်တို့သည်။ကသ္မာ၊ အဘ ကြောင့်။
နဟာရေယျုံ၊ မချိလွှတ်ကုန်အံ့နည်း။ ။ဟိ၊ ထိုစကားသင့်စွ။ ဇာဓ၊ ဤ
လောကဋ္ဌ။ကူဋသ၊ ကောက်ကျစ်သောသူထက်။ ကူဋကူဋာ၊ အလွန်
ကောက်ကျစ်သောသူတို့သည်။သမ္ဘဿ၊ ရှိကုန်၏။ နိကတိနော၊ လှည့်ပတ်
သောသူအား။နိကတ္ထာ၊တဘန်လှည့်ပတ်သောသူသည်လည်း။ ဘဝန္တိ
စာပိ၊ ဖြစ်ကုန်သည်သာလျှင်တည်း။ ပုဗ္ဗ နဋ္ဌ၊ သား ပျောက်သော
ပေါက်ကျား။ဟါလနဋ္ဌသ၊ ဟရင်းပျောက်သောပေါက်ကျားအား။ဟါလံ၊
ဟရင်းကို။ဒေဟိ၊ပေးပေ၊ ဟါလနော၊ ဟရင်းပျောက်သောပေါက်ကျား
သည်။ တေ၊သင်၏။ပုတ္တံ၊သားကို။မာဒေဟာသိ၊မဆောင်စေလင့်။ ။
ဤဂါထာဖြင့် သားပျောက်သောသူသည် ဟရင်းပေးပေ။ဟရင်းပျောက်
သောသူသည် သားပေးပေဟု ဆုံးဖြတ်သည်ရှိသော်။ ငါ့သားပေးက
ဟရင်းပေး၏။ ဟရင်းပေးက သားပေး၏ဟုဆိုကြ၍။ ဟရင်းရှင်ဟရင်း၊
သားရှင်သားရခြင်း။ ထိုရောအခါ ကူဋဝါဏိဇသည် ပဿအခါဠိ ကူဋ
ဝါဏိဇဌင်းဖြစ်လှာ၏။ပဿိတဝါဏိဇသည်လည်းပဿိတဝါဏိဇပင်
ဖြစ်လှာ၏။ အမတ် တရားသူကြီးသည် ငါဘုရားဖြစ်လှာ၏ဟု ဇာတ်
တော်ကို ပေါင်းခြင်း အဋ္ဌုပ္ပတ္တိ ရှိသော ကူဋဝါဏိဇ ဇာတ်ကို
အကြောင်းပြုသဖြင့်ဂုဏ်း။ ။

လွန်လေပြီးသောအခါ၌။ ဗာရာဏသီပြည့်ကို ဖြဟ္မဒတ်မင်းကြီး
မင်းပြုသည်ရှိသော် တို့မြတ်စွာဘုရားအလောင်းသည် ကြွက်အမျိုးဌ
ဖြစ်၍။ ဝက်ယပမာဏရှိသောကိုယ်ဖြင့် ကြွက်အပေါင်းတို့၏မင်းဖြစ်
၍ တောဋ္ဌနေသည်ကို မြေခွေး ထိုမှ ဤမှ လှည့်ရာတွင်ဖြင်၍။ ဤကြွက်အ
ပေါင်းကိုလှည့်စား၍စားအံ့ဟု၊ မဝေးမနီးသောအရပ်ဌ ခံတွင်းကိုဟ၍

နေသို့ ရှေး၌ ခြေတဘက်တည်း ရပ်သည်ကို ကြွက်မင်း မြင်၍။ သင်
အဘယ်အမည်ရှိသနည်းဟု မေးသည်ကို၊ ခဇ္ဇိကအမည်ရှိ၏ဟု ဆို၍။ ခြေ
တတက်ဟူသည်း အဘယ့်ကြောင့် ရပ်သနည်းဟု မေးသည်ကို။ ငါ ခြေ
လေးဘက်ရပ်သော် မြေမခံနိုင် ပြိုအံ့ဘိုးသောကြောင့်ဟု ဆို၍။ ခံတွင်း
ဟ၍ အဘ သ့ဲကြောင့်ရပ်သနည်းဟုမေးသည်ကို။တပါးသောအစာကို
မစား။ လေကိုသာ စားသောကြောင့်ဟု ဆို၍။ ဇနသို့ ရှေး၌ အဘယ့်
ကြောင့် ရပ်သနည်းဟုမေးသည်ကို နေကိုရှိခိုးသည်ဟုဆို၍။ ထိုစကား
ကိုကြား၍။သီလသိတင်းနှင့်ပြည့်စုံသသူဖြစ်ဘိမည်ဟု ကြွက်အပေါင်း
ခြံရံလျက် ညဉ့်နက် ခစား၊ချေသောကြောင့်။ ခစား၍ ပြန်သောအခါ၌
အလုံးစုံသော ဇနာဂ်ကျန်သသူကိုခုပ်စား၍ ကြွက်ပါးပါး ရှိလေလျှင်။
ရှေးကာလ၌ငါတို့နေရာသည်အခြား၌အသိပ်ပြည့်၏။ယခုမူကားဇနရာ
မပြည့်လျော့သည်။ဘယ်အကြောင်းနည်းဟု ကြွက်မင်းအား ကြားသည်
ရှိသော်။ ကြွက်မင်းသည် ထိုမြေခွေးခဲ့သ ကဲ့သို့ရှိသဖြင့် စူးစမ်းရသော်
ကောင်း၏ဟု ခစား၍ ပြန်သောအခါ၌ နောက်ဆုံး လိုက်သည်ကို။ မြေ
ခွေးပြေး၍ခုပ်တည့်လတ်လျှင် ကြွက်မင်းပြန်လှည့်၍။ သင့်အကျင့်သည်
ကောင်းသော အကျင့်မဟုတ်။ အကုသိုလ် ကမ္မပထကို တန်းခွန် ပြု၍
ကျင့်၏ဟု ဆိုဦး၍။ ထိုမြေခွေး လည်ပိုးကို ကိုက်ဖြတ်၍ မြေခွေးသေလေ
လျှင်။ကြွက်အပေါင်းတို့သည် ထိုမြေခွေးအသားကို စားလေခြင်း အစ
ရှိသောအပ္ပါပ္ပတို့ကို ဆိုရာ ဆိုကြောင်းဖြစ်သော ဗိဠာရဝတာဇာတ်ကို
အကြောင်းပြုသဖြင့်ဂုဏ်း။ ။

မြေခွေးတရုသည် တောဒိုးလောင်၍မပြေးနိုင်ရှိခဲ့သော် သစ်ပင်တရု
၌ ခေါင်းဆိုက်၍ နေသဖြင့်။အလုံးစုံသောကိုယ်မွေးကိုလောင်၍ သစ်ပင်
၌တိသော အမွေးသောကြောင်း၍ ဦးစွန်းကဲ့သို့ ရှိသည်ကို ရေသောက်ရာ
တွင်မြင်လျှင်။ ဤငါ့ဦးစွန်းသည် အသက်မွေးရာဖြစ်၏ဟု။ မျှားစွာသော
ကြွက်အပေါင်းကို လှည့်စား၍ စားလိုသောကြောင့် ရှေးနည်းဖြင့် နေ
သည်ကို ဘုရားလောင်း မြင်၍ အဓမ္မကိုမေးလျှင် အဝိဂဘာရဇာတ်
ဟု ဆို၏။ အဘယ့်ကြောင့် ဤအရပ်သို့ လာသနည်းဟု မေးသည်ကို
သင်တို့ကို စောင့်ရှောက်ခြင်းငှါ လာသည်ဟု ဆို၍။ ငါ့ကို အသို့
စောင့်ရှောက်အံ့နည်းဟု မေးသော်။ နဂိုဠ္ဟကဇာန အတတ်ကို တတ်၏။
သင်တို့ နံနက်ကျက်စားခင်းသို့ ထွက်သောအခါ၌ အမြီးကိုရေ၍ ဤမျှ

ရှိဖူး၏ဟု စောင့်ရှောက်မည်။ ညပြန်သော အခါ၌လည်း ဤအတူ ရေ၍ စောင့်ရှောက်မည်ဟု ဆိုသည်ကို။ သိလ သိတင်းနှင့် ပြည့်စုံသောသူ ဖြစ်ဘိမည်ဟု ယုံကြည်၍။ ကောင်း၏ဦးရိုးမင်း။ စောင့်ရှောက်လေ့ဟု ဆိုချေသောကြောင့်။ ထွက်သောအခါ၌လည်း တသူ နှစ်ခုရေ၍ နောက် ဆုံးကျသည်ကို ခုပ်၍စား၏။ ညပြန်သော အခါ၌လည်း ဤအတူ စား သဖြင့်။ ကြွက်တစေ့စေ့ရှိနည်းသည့်ဂို့သော် ရှေးနည်းဖြင့် ကြွက်မင်း စူး စမ်း၍ အကြောင်းကိုသိသျှင်။ သင်၏အတတ်သည်လည်း သဘောအား ဖြင့်ဖြစ်သော် နဂ်ိုဠ်ကဏန အတတ်မဟုတ်။ သင်၏ အကျင့်သည်လည်း သဘောအားဖြင့် ကောင်းသောအကျင့် မဟုတ်။ သင်၏ ဦးစွန်းသည် လည်း သဘောအားဖြင့် သားသောဦးစွန်းမဟုတ်။ ဝမ်း၏အကြောင်း ကြောင့် ကျင့်၏ထားဂို့ဟု ဆို၍။ ရှေးနည်းဖြင့် ကိုက်သတ်ငလေခြင်း အစရှိသောအဋ္ဌပုတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော အဂ္ဂိကာဘာရဒွါဇ ဇာတ်ကို အကြောင်းပြုသဖြင့်ဂင်း။ ။

သင်္ဘောသားတို့၏ ဒိသာကာက ကို်းသည် ဆင်္ဘောပျက်၍ ကျွန်း တခုသို့ရောက်လာသည်ရှိသော်။ များစွာသောဌက်အပေါင်းကိုမြင်လျှင် လှည့်စား၍စားလိုသောကြောင့်။ ရှေးနည်းကဲ့သို့ ခံတွင်းကိုဘွင့်၍ ဇရြ တဘက်တည်း ရပ်ခြင်းဖြင့် ဌက်အပေါင်းတို့၏ အလယ်၌နေ၍ အမည် ကိုမေးသည်ရှိသော် ဓမ္မိက ဟု ဆို၍။ ငါခြေနှစ်ဘက် စုံ၍ရပ်သော် ငါ့ ဂုဏ်ကို မခံနိုင်။ မြေပို့အံ့သောကြောင့် ခြေတဘက် တည်းသာ ရပ် သည်။ တပါးအစာကို မစား။ လေကိုသာ စားသောကြောင့် ခံတွင်း ဘွင့်၍ ရပ်သည်။ အခွေ့ ဌက်အပေါင်းတို့လည်း တရားကိုသာ ကျင့် ၏နှင်။ တရားကို ကျင့်သောသူသည် ဤဘဝ၌ဂင်း၊ တမလွန် ဘဝ၌ဂင်း ချမ်းသာခြင်းဖြစ်၏ဟု ဆုံးမ၍။ ဌက်အပေါင်းတို့သည် သိလ သိတင်း နှင် ပြည့်စုံသဆူ။ လေကိုသာစားပေသဆူဟု ယုံကြည်၍ အဉနှင့်တကွ သားငယ်များကို အပ်နှင်း၍ အစာရှာမည့် သွားသည့်နောက်၌ ဝမ်း ပြည့်အောင်စား၍ နေမြဲနေပြန်သည်ရှိသော်။ ဌက်အပေါင်းတို့ လာ၍ သားငယ်များကိုမမြင်လျှင်။ အသူစားလေသနည်းဟု မြည်တမ်း၍။ ဤ ကို်းသည် တရား စောင့်ပေ သဆူဟု သက်သာခြင်း မျှမရှိ။ စားဘန်များ သော် ထိုဌက်အပေါင်းတို့၏ မင်းဖြစ်သော ဘုရားလောင်းသည် ဤ အရပ်၌ ဘေးရန်မရှိ။ ဤ ကို်းရောက်မှ ဘေးရှိသည်။ စူး စမ်း ရသော်

ကောင်းဏ်ဟုကြံ၍။ ဌက်အပေါင်းတို့နှင့်တကွ ကျက်စားခင်းသို့ သွား
ကွန်ပြု၍ ကြည့်ဦးသည်ရှိသော်။ ထိုကျီးသည် သွားမြဲသွားလေကုန်ပြီ
ထင်၍ ရွံရှာခြင်းမရှိစား၍ စားမြဲစား၍ နေမြဲနေသည်ကိုဖြင်၍။ ဌက်အပေါင်း
လာလျှင် အလုံးစုံသောအကြောင်းကို ဌက်အပေါင်းတို့အား ကြား၍။
ရှေးဦးစွာ ဌက်မင်းခံ၍ ခေါင်းကိုနွယ်လျှင်၊ အလုံးစုံသော ဌက်တို့သည်
ခြေသည်း အတောင် နှုတ်သီးတို့ဖြင့် နွယ်သတ်လေခြင်း အစရှိသော
အန္တရာယ်တို့ကိုဆိုရာဆိုဇကြောင်းဖြစ်သော မွေးဇာတ်ကို အကြွင်းပြု
သဖြင့်ဂုဏ်း။ ။

သူကြွယ်မျိုးခွန် ဖြစ်သော ဘုရားလောင်း ညီနောင်သည် ဖြိုဟောင်း
တောင်း၍အပြန်တွင်။ဂင်္ဂါဖြစ်အကျုံးခွန်လွှကိုင့်စည်။ဘုရားလောင်းအိမ်
ပျော်သောနောက် ညီတော်သည် ထိုဥစ္စာကို လုံးလုံးယူလိုသောကြောင့်
ထိုဥစ္စာ ထောင်ထုပ်နှင့်တူစွာ ကျောက်စရစ်ကိုထုပ်၍ ဖြစ်လယ်တွင်
ချသည်ရှိသော် ဥစ္စာထုပ်ကိုချမှား၍။ အိမ်သို့ရောက်လျှင် ဝမ်းမြောက်
ဝမ်းသာ ဖြေ၍ကြည့်သော် ကျောက်စရစ်ကို ဖြင်လျှင်။ ခြောက်တပ်
သောနွားလုံးဖြင့် ညောင်စောင်းကိုတက်၍ ပြီးသောအခါ၌။ ဂင်္ဂါစောင့်
သောနတ်သည်။ ဖြစ်ကိုမကူးမီတွင် စားသောစမြိန်စာကြွင်းကို ဘုရား
လောင်း ငါတို့အား လှူ၍ အလှူအတို့ပေးဝေသည်ကို အကြောင်းပြုသ
ဖြင့်။ ထိုဥစ္စာကိုစောင့်ရှောက်၍ ငါးကြိုးတရကို မျိုစေပြီးသော်။ တံငါ
တို့လက်မှသည် ဘုရားလောင်းအိမ်သို့ရောက်အောင်ပြု၍။ကောင်းကင်
ထက်ကကိုယ်ထင်ပြလျက်။ ညီတော် ကောက်ကျစ်စည်းလုံးကြောင်းကို
ဆို၍ မဝေခြမ်းစိမ့်သောဌါ ဖြစ်တားခြင်းအစရှိသော အန္တရာယ်တို့ကိုဆို
ရာဆိုဇကြောင်းဖြစ်သော မန္ဆွဒါနဇာတ်ကိုအကြောင်းပြုသဖြင့်ဂုဏ်း။ ။

တို့ဖြတ်စွာဘုရားသည် ဇေတဝန် ကျောင်းကြီးခွ နေတော်မူစဉ်။
တခုသော ပဒုန်ဆရာဇ်ရွာဝယ်ငှင် ကျောက်အပြင်ခွ တည်ထသဒ ချမ်းမြေ့
သောရေ၊ နီးသောဆွမ်းခံရွာမရှိသော ကျောင်းတခုခွ ဒါယကာတို့သည်
ချစ်မြတ်နိုးသဖြင့် ယုံအပ်သော ဆွမ်းရှိဇသော ရဟန်းတပေါက်နေရာ
သို့ ဒေသစာရီသွားသော ရဟန်းတပေါက် ရောက်လွှသဖြင့်။ ထို
ရဟန်းအား ဝတ်ကြီးဝတ်ငယ်ကိုပြု၍ မိုးသောက်လျှင်။ ထိုရဟန်းကို
ခေါ်၍ ဆွမ်းခံဝင်သည်ရှိသော်။ ဒါယကာတို့ မွန်မြတ်သော ဆွမ်းဖြင့်
လုပ်ကျွေး၍ နက်ဖြန်အလှူ့ဌါလည်း ဘိတ်ပြန်သဖြင့် တရက် နှစ်ရက်

စားရဲလျှင်။ ဤရဟန်းကို ဥပါယ်တမျှဉာဏ်ဖြင့် လှည့်စား၍ ဤကျောင်းမှ ထုတ်အံ့ဟုကြံ၍ ခစားခြင်းငှါလာသော ကျောင်းနေရဟန်းကို၊ အဘယ်ကြောင့် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ မသွားပါသနည်းဟု မေး၍။ ကျောင်းကို သုတ်သင်ကြသ့်ရုပါမည့်သူ မရှိသောကြောင့်ဟု ဆိုလျှင်။ အရှင်မြတ်စွာဘုရားကို ဖူးမြင်၍ပြန်ရုံ ငါသုတ်သင်လင့်မည်ဟု၍ လှည့်စားသည်ကို ယုံကြည်မှားသဖြင့် ကောင်းပြီဟု အာမခံ၍။ ဤမထေရ်အား မမေ့မလျော့ပါကုန်လင့်ဟု ဒါယကာတို့ကို အပ်နှံခဲ့၍ ထိုရဟန်းသွားလေလျှင်။ ထိုသူ၏အပြစ်ကိုသာ အထွေထွေ အထူးထူးဆို၍။ ဒါယကာတို့၏ အကြားဒုဗ္ဘာက်ဆိုး၍။ ထိုရဟန်းပြန်လျှင် ကျောင်းသို့မဝင်ရဖြစ်သဖြင့် သင့်တင့်ရာဌာနေ၍။ မိုးသောက်လျှင် ရွာသို့ ဆွမ်းခံဝင်ပါသော်လည်း ဒါယကာတို့ ဖြတ်နိုးခြင်းမျှ မရှိသည်ကိုဖြင်လျှင် မသာသော နှလုံးရှိသည်ဖြစ်၍။ ဧတဝဏ်ကျောင်းတော်သို့ တဘန်လာပြန်၍။ ထိုအကြောင်းကို ရဟန်းသင်္ဃာအား ကြားသဖြင့် တရားသဘင်ဌာဖြစ်သော စကားစပ်တွင်။ ပသုတ္တဇာတ်ကို ဟောတော်မူသည်မဟုတ်။ ရှေးသရောအခါဌာလည်း ဗာရာဏသီပြည်ကို ဖြိုဖျက်ဒဏ်မင်းကြီး မင်းပြုခိုက်၊ ငါဘုရား အလောင်းသည် တောဌ သစ်ပင်စောင့်နတ်ဖြစ်၍ ချုံနစ်ရက်ပတ်လုံး မိုးသွေးစွေသော အခါ။ မျောက်နီမျောက်ငယ် တရုသည် မိုးမစွတ်သော ချောက်ကြားကျောက်ဖျာလိုဏ်သာရဌာန နေသည်ကို။ စွတ်သောမိုးရေဖြင့် ချမ်းငေးတုန်လှုပ်လျက် သွားရသော မျောက်ကြီးမြင်လျှင်။ ဥပါယ်တမျှဉာဏ်ဖြင့် လှည့်စား၍ ဤမျောက်ကိုနေရာမှထုတ်၍ ငါနေအံ့ဟုကြံပြီးသော်၊ ဝမ်းကို တဲ့လျားကျစေလျက်။ ဝပြောသောအခြင်းအရာကိုပြ၍၊ ထိုမျောက်ဏ်ခေါ်ဆဲရပ်လျက်။ ။ဥဒုမ္ဗရာစိမေပက္ခာ၊ နိဂ္ရောဓာစကပီတနာ။ ဇေဟိ နိက္ခမ္မဘဒ္ဒသုကိ ံဇီဃာ ဆွာသမိသုသိ။ ။ကနိဋ္ဌ၊ ညီထွေး။ မေ၊ငါ၏။ ဥဒုမ္ဗရာစ၊ ရေသဖန်းတို့သည်၎င်း။ နိဂ္ရောဓာစ၊ ပညောင်တို့သည်၎င်း။ ကပီတနာစ၊ ညောင်ချဉ်တို့သည်၎င်း။ ပက္ခာ၊ မှည့်ကုန်၏။ ဇေဟိ၊ လာလည်း။ နိက္ခမ္မ၊ ထွက်၍။ ဘဒ္ဒသု၊ စားပါလော့။ ဇီဃာဆွာသ၊ မွတ်သိပ်ခြင်းဖြင့်။ မိသုသိကိ ံ၊ သေတော့အံ့သလော။ ။ဤဂါထာဖြင့် ရေသဖန်းအစရှိသည်တို့သည် အသီး တည်းဟူသော ဝန်ဖြင့် ညှုတ်သောအခက်ရှိကုန်၏။ ဝစွာစား၍ ငါလာသည်။ သင်လည်းသွား၍ စားပါချေလော့ဟု

လှည့်စားသည်ကို အကယ်ထင်၍ သစ်သီးစားချင်သောကြောင့် ထွက်၍ လှည့်ပတ်ရှာဘွေသော်လည်း တလုံးမျှမရသဖြင့်။ တဘန်လာပြန်၍ ထိုမျောက်ကိုဖြင်လျှင်။ ဤမျောက်သည် ငါ့နေရာဘွင် နေရအောင် ငါ့ကို လှည့်စားသည်။ ငါတဘန်လှည့်စားပြန်အံ့ဟု။ ။ဧဝံသောသုဟိတော ဟောတိ၊ သေးဝုစ္စမပစာယတိ။ ယထာဟမဇ္ဇသုဟိတော။ ဒုမပဏ္ဏာနိမာသိတော။ ။ဘာတိက၊ အစ်ကိုပင်ကြီး။ ဒုမပဏ္ဏာနိ၊ မှည့်သော သစ်သီးတို့ကို။အာသိတော၊စား၍ဝသော။အဟံ၊ငါသည်။အဇ္ဈဂါ၊ ယသ့။ သုဟိတောယထာ၊ ဝပြောသကဲ့သို့။ ဧဝံ၊ ဤအတူတုံင်း။သေသာ၊ အကြင်သူသည်။ဝုစ္စံ၊ကြီးသောသူ၏စကားကို။အပစာယတိ၊ ကျိုးနွံစွာ နာ၏။သေ၊ထိုသူသည်။သုဟိတော်၊ဝပြောသည်။ဟောတိ၊ ဖြစ်၏။ ။ ဤဂါထာဖြင့်ဆိုသော မျောက်နှိ မျောက်ငယ်စကားကိုကြား၍ မျောက်ညို မျောက်ကြီးလည်း။ ။ယံဝနေဇော၀နေဇသာ၊ ဝစ္ဆေယျကပိနော ကပိ။ ဒဟရောကပိသင်္ခေယျ၊ နဟိဇိဏ္ဏော ဇရာကပိ။ ။ဟေဗဟာလ၊ ပဲ့ဝင်ရိုက်၊ဝနေဇော၊တောခွီဖြစ်သော။ ကပိ၊ မျောက်တာရုဘာသည်။ ဝနေဇသား၊တောခွီဖြစ်သော။ ကပိနော။မျောက်တာရုအား။ယံဝစနံ၊ အကြင်စကားကို။ဝတ္တာ၊ဆို၍။ဝစ္ဆေယျ၊လှည့်ပတ်ရာ၏။တံဝစနံ၊ ထိုစကားကို။ တဒေသော၊သင်နှင့်တူသော။ဒဟရော်ကပိ၊ မျောက်ငယ် မျောက်သေးသည်။ သင်္ခေယျ၊ယုံပေရာ၏။ မာဒိသော၊ ငါနှင့်တူသော။ ဇိဏ္ဏော၊ အရွယ်လွန်ပြီးသော။ဇရာကပိ၊မျောက်အိုမျောက်ကြီးသည်သော်ကား။ နဟိသင်္ခေယျ၊ အလွန်မယုံပေသည်သာလျှင်တည်း။ ။ဤဂါထာဖြင့် ဗဒ်ကြွမ်တရာဆိုသော်လည်း ငါမယုံ။ ဤနေရာကိုသင်မရပြီ။ သွားလေလော့ဟုဆို၍ နှလုံးမသာသွားရှာလေခြင်း။ ထိုရောအခါ မျောက်ငယ်သည် ယသ့အခါ၌ အာဝါသိကရဟန်းဖြစ်လာ၏။မျောက်ကြီးသည်အာဂန္တုကရဟန်းဖြစ်လာ၏။ထိုအကြောင်းကို သိဖြင်သော သစ်ပင်စောင့်နတ်သည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အခွဲ၂ပုဒ်တို့ရိသော ဥဒုမ္ဗရဇာတ်ကို အကြောင်းပြုသဖြင့်ဂုင်း။ ။

တို့မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းကြီး၌ နေတော်မူစဉ်။ သာဝတ္ထိပြည်၌။ ကုဋုဝါဏိဇ၊ပဉ္စသတဝါဏိဇဟူသော ကုန်သည်နှစ်ပေါက်တို့သည် တပေါင်းတည်းကုန်ပြုကြ၍ ရှေးနည်းဖြင့် ဥဿဝမဝေလိုသည်ကိုလက်နှိင်ဝေခြမ်းစေ၍။ပဉ္စသတဝါဏိဇသည်ဖြစ်စွာဘုရား

ကို ဖူးမြင်သွားသောစကားစပ်တွင်။ ယခုဒခ်ိန်သာ ထိုကုန်သည်သည် စဉ်းလဲသည်မဟုတ်။ ခရေးသရောအခါလည်း ဗာရာဏသိပြည်ကို ဖြတ်၍ ဒတ်မင်း မင်းပြုခိုက်။ ငါဘုရားလောင်းသည် ကုန်သည်မျိုးဦးဖြစ်၍ ပဏ္ဍိတ ဟူသော အမည်ကို ရသဖြင့်။ အဝိပဏ္ဍိတာ အမည်ရှိသော ကုန်သည်တယောက်နှင့် ကုန်ဘက်သွားကြ၍ အမြတ်ဥစ္စာ ဝေကြရာတွင်။ အဝိပဏ္ဍိတသည် ငါနှစ်ဆရကောင်းဟု ဆိုသောကြောင့်။ ငါးရာသော လှည်း နွားကဲ့၊ ဥစ္စာအမျှဖြစ်လျက်။ အဘယ့်ကြောင့် နှစ်ဆရရာမည်နည်းဟူ ဆိုသည်ကို။ငါအဝိပဏ္ဍိတဟူသောအမည်ဖြင့် အလွန်သော ပညာဂုဏ်ဖြစ်သောကြောင့်ဟုဆို၍ ငြင်းခုံခြင်း ပွါးလတ်သည်ရှိသော်။ အဝိပဏ္ဍိတသည် စဉ်းလဲသောဥပါယ်တမျဉ်ကိုကြံမိ၍။ မိမိအဘက်ကို အရင်းမှ အဝဂ်ရှိ၍ အထက်သို့ ထုတ်ခြင်းသဖြင့်ပေါက်သောသစ်ပင်ကြီးခဲ့ အောင်းစေ၍။ငါတို့နှစ်ယောက်လာ၍မေးလျှင် အဝိပဏ္ဍိတ နှစ်ဆခုဟုငြင်းဆို၍ဆိုလော့ဟု နှုတ်ထည့်ပြီးမှ။ ငါနှစ်ဆရရာသည် မရရာသည်ကို အဓေ့နှင့် ငါဤမည်သော သစ်ပင်စောင့်နတ်မှာ မေးကြအံ့ဟု ဆုံသစ်ပင်သို့သွား၍။ ရှင်နတ်မြတ်။ ငါတို့နှစ်ယောက်ကို တရားဆုံးဖြတ်တော်မူပါလော့ဟု ဆိုသည်ရှိသော်။အဘဖြစ်သူသည် အသံကိုဘောက်ပြန်စေ၍။ အဘယ့်ကြောင့်နည်းဟုမေး၍ အကြောင်းကိုကြားလျှင်။ဒဝဒိပဏ္ဍိတ နှစ်ဆရကောင်းလေ၏ဟု ဆုံးဖြတ်သည်ကို။ ပဏ္ဍိတသည် နတ်ဟုတ်သည်ကိုလည်းသိစေ မဟုတ်သည်ကိုလည်း သိစေဟု၊ကောက်ရိုးဖြင့် အပေါက်ကိုဆို၍ မီးတိုက်လေသောကြောင့်၊အဝိပဏ္ဍိတအဘသည် ထက်ဝက်လောင်သောကိုယ်ဖြင့် အထက်ပေါက်ကို ပြေးထွက်၍။ ။သာခုခေါ် ပဏ္ဍိတောနာမ၊ နတ္တေဝအဝိပဏ္ဍိတော။ ။ဘောန္တော၊ အရှင်တို့။ ဇာခလောကေ၊ ဤလောကဌ်။ ကာရဏာ ကာရဏာညူ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကိုသိလေ့ရှိသော။ပဏ္ဍိတနည်း၊ ပညာရှိ၏အဖြစ်နှင့်။ သမ္မန္နဒဂတော၊ ပြည့်စုံသော။ ပဏ္ဍိတောနာမ၊ ပဏ္ဍိတာဟူသော အမည်ရှိသောသူသည်။ သာခုခေါ်၊ ကောင်းသည်သာလျှင်တည်း။အဝိပဏ္ဍိသော၊အဝိပဏ္ဍိတဟူ၍။ နာမမတ္တေန၊ အမည်မျှဖြင့်။ ကုဏ္ဍ ပုရိသော၊ စဉ်းလဲသော ယောကျ်ားသည်။ နတ္တေဝ သာခု၊ မကောင်းသည်သာလျှင်တည်း။ အဝိပဏ္ဍိတောန၊ ပညာရှိ လွန်သော။

ပုဏ္ဏန၊ သဒးကြောင့်။ ဓနံ၊ ဥစ္စာအဒးဖြင့်။ ဥပကူဋ္ဌံတော၊ ထက်ဝက်လောင်သည်။ အဓိ၊ဖြစ်၏။ ။ဤဂါထာဖြင့် မြည်တမ်း၍ သစ်ခက်မှ ဆင်းသက်ခြင်း။ နှစ်ပေါက်သောသူတို့သည် အညီအမျှဝေခြမ်း၍ ကံအာဒးလျောက်ပတ်စွာလာဒးမှခြင်း။ ထိုရောဒနဓါ ကူဋုဝါဏိဇသည်ပဒသူ အခါ၌ကူဋုဝါဏိဇဂင်းဖြစ်လွာ၏။ ပဏ္ဍိတဝါဏိဇသည် ငါဘုရားဖြစ်လွာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း ဒေဋ္ဌပုတ္တိဂိုဏသော ကူဋုဝါဏိဇဇာတ်ကို ဒေကြောင်း ပြုသဖြင့်ဂင်း သိအပ်၏။ ။ဤသည်လျှင် နေကတိကဝတ္ထုနမည်၏ဟူလိုဇသဒ်။ ။

၇၃။ သာဟသိကဝတ္ထုနဒအာဒးဖြင့်လည့် ပတ်ခြင်းကိုပြုရာ။

၂။ သာဟသိကဝတ္ထုနဟူသေဒ်ကား။ ဒေနိုင်ဒဓထက်ပြု၍ လည့်စာဒးခြင်းတည်း။ထိုဒေနိုင်ဒဓထက်ပြု၍လည့်စာဒးခြင်းကိုကား။ စည်းဓဝ်ဒနွင့် ဖြင့်ဂင်း။ကြီးကျယ်သော မျက်ဓဝ်မျတ်နှာဖြင့်ဂင်း။ ကောင်းသော ဒံမျိုးအမည် ဖြင့်ဂင်း။ ဘုန်းလက်ရုံး တန်းခိုး အာနုဘော်ဖြင့်ဂင်း။ ဒေတွင် အကျယ်ဒေကျော်ဒစောဖြင့်ဂင်း။ ဒုစိုးပိုင်သောဒေဖြစ်ဖြင့်ဂင်း။ ဒနိုင် အထက်လည့်ပတ်၍ ပရသာလျက် ရသာကြောင်း ကြံစည်ယူငင်လွယ်ပယ်ခြင်းဒစရိသည်တို့၌သိအပ်၏။ ။ဒထူးသဖြင့်ကား။ ဗျို၊ဖြေခွေး၊ မင်း၊ကုန်သည်ဒစရိသောသူတို့ကိုဒေကြောင်းပြု၍သိရာ၏။ ။

ထိုဒေကြောင်း ဒေဇ်နည်း ဟူမူကား။ တို့ဗြတ်စွာ ဘုရားသည် ဇေတဝနဝိဟာရ၌နေတော်မူစဉ်။ သာကိဝင်မင်းသားဥပနန်သည် ကြီးသောလောဘရှိသည်ဖြစ်၍။ ဝါဆိုအံ့သောဒေခါ၌ နိဂုံးဇနုပုန်ထိုသွား၍၊ နှစ်ကျောင်းသုံးကျောင်းကိုသိမ်း၍။တကျောင်း၌ဘုံးဘိနပ်၊ တကျောင်း၌ တောင်ဝေးရေဗူးထား၍။တကျောင်း၌မိမိနေ၍။ ရဟန်းတို့မည်သည် နည်းသောဒလိုရှိရာ၏။ ရောင့်ရဲလွယ်သည် ဖြစ်ရာ၏ဟု ကောင်းကင်ပြင်၌ လပြည့်ဝန်းကို တင်စေတိုသကဲ့သို့။ ပဒုပဟ သဒ္ဒဿသဒ်ပြကြောင်းဖြစ်သော ဒေရိယဝံသပဒီပဒဂါဒ်ဆိုသဖြင့်။ ထို့ရဟန်းတို့သည် နှလုံးဒေမွေလျော်ဘွယ် နှစ်သက်ဘွယ်သော သဘိတ်သက်နိုးတို့ကို စွန့်၍။ ဖြေသိုတ်ပံသုကူသက်နိုးတို့ကို ဆောင်သဖြင့်။ ထို့ရဟန်းတို့စွန့်သော

ပရိက္ခရာကိုသိမ်းဆည်း၍ ဝါကျွတ်လျှင် ထိုပရိက္ခရာကို လှည်းဖြင့်တင်၍ ဇေတဝန်ကျောင်းတော်သို့လာသည်ဖြစ်သော် ခရီးဒုက္ခဖြစ် တရားသောကျောင်းအပြင်တွင်ခြေခွန်ယပြသည်ကို။ ဤကျောင်းခွင် တစုံတရာသော ရဒေဝသော ဝန္ဒုဂ္ဂိသည် ဖြစ်မည်ဟု နှိမိတ်ယူ၍ ထိုကျောင်းသို့ဝင် သည်ဖြစ်သော်။ထိုကျောင်းခွင် ဝါဆိုကုန်သောရဟန်းကြီး နှစ်ယောက်တို့ သည် ပုဆိုးကြမ်းနှစ်ထည်၊ သိမဂ္ဂသောကမ္မလာတလိပ် ဝါဆိုတို့ ရသည်ကို မဝေခြမ်းတတ်၍။ ထိုဥပနန်ကိုဖြင်လျှင် ဤမဇ္ဈထေရ်သည် ဝါတို့ကို ဝေ၍ပေးလေ့ဟု နှစ်သက်သောစိတ်ဖြစ်ကုန်သည်ဖြစ်၍။ မဝေခြမ်းနိုင်ကြောင်းကိုဆို၍။ အမျှဝေဒဉ်သောဥဂ္ဂါတောင်းပန်ကုန်သည်ဖြစ်သော်။ ကောင်း၏။အမျှဝေအံ့ဟု ပုဆိုးကြမ်းနှစ်ထည်ကို တပေါက်တထည်စီ ပေး၍။ ဤကမ္မလာသည် ဝါတို့ဝိနည်းဓိရ်ဘို့ဟု အသည်းဟင်းလင်း ယူ၍ သွားသည်ကို ထိုရဟန်းတို့လိုက်၍။ ဝိနည်းကိုဆောင်သော ပုဂ္ဂိုလ်တို့အား ယူသင့်မယူသင့်ကိုမေး၍။ အမှုသော ရဟန်းတို့သည် အရှင်ဥပနန်ဘုန်းတန်းခိုးရှိလှ၏။ သပိတ်သင်္ကန်းမျှားစွာရသည်ဟု ဆိုသည်ကို။ အတာယ်မှာ ဘုန်းကံရှိမည်နည်း။ ငါဤသို့သောအကြောင်းကြောင့် ရသည်ဟု ဆိုသဖြင့်။ တရားသဘင်ခွင် ထိုအကြောင်းနှစ်ပါးကြောင့် ဖြစ်သော စကားစပ်တွင်။ ချစ်သားတို့။ ဥပနန်သည် အရိယာဝံသ ပဋိပဒါနှင့် လျော်ပတ်စွာ မိမိမကျင့်ဘဲလျက် ကျင့်ဘိသကဲ့သို့ သူ့ကို ဆုံးမခြင်းသည် မသင့်ဟုမိန့်တော်မူဦး၍။ ။အာဿာနမေဝပဋ္ဌမံ၊ ပတိရူပေနိဝေသပေါ။အထညမနဲသာသေယျ၊ နကိလိသေယျုပဇ္ဇောတော။ ။ဘိက္ခဝေ၀၊ ငါ၏ချစ်သား ရဟန်းမျှားတို့။ ပေါပဇ္ဇောတော၊ အကြင်ပညာရှိသည်။ အဿာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပတိရူပေ၊ လျော်ပတ်ရာ၌။ နိဝေသပေါ၊ သင့်စေရာ၏။အထ၊ထို့နောက်မှ။အညံ၊တပါးသောသူကို။အနနဲသာသေယျ၊ဆုံးမရာ၏။သောပဇ္ဇောတော၊ထိုပညာရှိသည်။နကိလိဓသေယျ၊မညစ်သူးရာ။ ။ဟူသော ဓမ္မပဒဋ္ဌလာသော ဤဂါထာဖြင့် ဓမ္မဒေသနာပြုတော်မူပြီးမှ။ပဿဒ္ဓေခါဋ္ဌသာဥပနန်ကားကြီးသော လောဘရှိသည် ပဟုတ်။ ပဿဒ္ဓေခါဋ္ဌသာ ဤရဟန်းတို့၏ ဥစ္စာကို အနှိုင် အထက် လုပေါက်သည် ပဟုတ်။ ဓမ္မေးသောရောဒေခါဋ္ဌလည်း ဗာရာဏသီပြည်ကို ဖြတ္ဖွဒတ်မင်းကြီး မင်းပြုခိုက်။ ငါဘုရားအလောင်းသည် ဖြစ်နားဋ္ဌသစ်ပင်စောင့်နတ် ဖြစ်၍။ ဧဇြွေးတရသည် မာယာဝီ အလည်ရှိသော

မယားနှင့်တကွ ထိုဖြစ်နားဌ် တသူသောဒေရပ်တွင် နေသည်ဖ်ုသော်။ တ
နေ့သဒ္ဓါ ပြေးမသည် စွတ်သောငါးကြင်းသားဌ် ချင်ခြင်းဖြစ်၍ ပြေးသွေး
ဖိုအား ကြားသည်ကို။ မစိုးရိမ်လင့်။ ရဒေဝင်ဆောင်ချေအံ့ဟု။ ဖြစ်နား
တသျော်က် သွားရာတွင် ရေကို နွယ်ငြိုးပြင့် ဒိမိတ်ယူ၍ ဖြစ်နားသို့
သက်သောအခါဌ်။ ဂန္ဓိရစာဒိုး၊ ဒေနုဘ်ရစာဒိ အမည်ဖ်ိုသော ဗျုံနှစ်ခု
သည် ငါးရာကြာတွင်း၊ ဂန္ဓိရစာဒိုသည် ငါးကြင်းကြီးကိုပြင်၍ ဆော
စွာ ၎ပ်၍ အမြီးကိုကိုက်သည်ကို ကြီးစွာသော ဒေါးဖ်ုသော ထိုင်ငါးရုန်း
ရာပါသပြင့်။အဆွေ အနုဘ်ရစာဒုံ။ငါးကြီးလှဏ်။ငါတို့နှစ်ယောက် စား
လောက်ဏ်။ ဒေဘေဝ်ပြုပါလော့ဟု။ ။အနုတိရစာရိဘဒ္ဒန္တော် ၊ သဟား
ယ မနုဒာဝ ဒံ။မဟာမေဂတိတောမန္တော၊သောဠံဟာရတ်ဝေဂသာ။ ။
အနုဂတိရစာရိ၊ဖြစ်နားတလျော်ဝံ ဂုာစားသော ဒေ ဖ်ုသော။သဟာယ၊
အဆွေ။တော၊အဆွေအား။ဘဒ္ဒံသုန္ဒရံ၊ကောင်းသောဒေခြင်းသည်။ ဘဝ
တူ၊ဖြစ်စေ။မံ၊ငါသို့။အနုဓာဝ၊ပြေးလာလတ်လော့။မေယျာ၊ငါသည်၊
မဟာ၊ကြီးစွာသော။မန္တော်၊ငါး၊ကို။ဂဟိတော၊ဘမ်းယူဒေဝ်ဏ်။ သော၊
ထိုငါးသည်။ဒံ ငါ့ကို။ဝဂသာ၊ဒေဟုနှင့်ဖြင့်။ ဟာရတိ၊ဆောင်ဏ်။ ။ဤ
ဂါထာဖြင့် ဤငါးသည် ငါ့ကို မဆောင်နိုင်အောင် ငါ့ဒေမြီးကို ခွဲလော့
ဟု ဆိုသည်ဖ်ိုသော် ။ဂန္ဓိရစာရိဘဒ္ဒန္တော်၊ ဒဠ်ဂဏ္ဌာဟိထောမသော။
အဟန်္တံ ဥဒ္ဒရိသာမိ၊ သုပဏ္ဏာဉရဂါဒိဝ။ ။ဂန္ဓိရစာရိ၊ရေထဲ နက်
ရာ ဂုာစားသော ဒေလ့ဖ်ိုသော။ သဟာယော၊ ဒေဆွေ။တော ဒေဆွေအား။
ဘဒ္ဒံသုန္ဒရံ၊ ကောင်းသောအခြင်းသည်။ ဘဝတု၊ ဖြစ်စေ။ ထောမသော၊
အစွမ်းဖြင့်။ဒဠ်ဟံ၊မြစွာ။ဂဏ္ဌာဟိ၊ကိုင်လော့။ ဒေဟံ၊ငါသည်။ တံ၊ ဒေဆွေ
ကို။ သုပဏ္ဏော၊ ဂဠုနိမင်းသည်။ ဥရဝံ၊ခြေကို။ ဥဒ္ဓရိတုံ၊ဝဝ၊ထုတ်သကဲ့
သို့၊ ဥဒ္ဒရိသာမိ၊ ထုတ်အံ့။ ။ဤဂါထာဖြင့် နှစ်သိဒ့်စေ၍။ ဗျုံနှစ်ခုတို့
သည် တပေါင်းတည်း ငါးကိုငင်ထုတ်၍ ဒေသေသတ်၍။ ဒုဒေဆွေ ဝေ
လော့၊ အဆွေဝေလော့ဟု တပေါက်ကိုတပေါက် တိုက်တွန်း၍ငြင်း
ခုံကြစဉ်။ ထိုပြေးခွေးကို ဖြင်လျှင် ဗျုံနှစ်ခုတို့သည် ခရိုးဦးကြွေဆို၍။ ဒေ
ဆွေဒဠ်ဟုပ္ပ၊ ငါတို့နှစ်ယောက် တညီတညီးယူသော ဤငါးကို ငါတို့ မ
ဝေခြမ်းနိုင်သောကြောင့် ငြင်းခုံကြဏ်။ဒေမှုဝေ၍ပေးပါဟုဆိုဦး၍။ ။
ဝိဝါဒေါနောသမုပ္ပန္နော၊ ဒဠ်ဟုပ္ပါသုဏောဟိဝေ။ သဝေဟိမေဂံသမ္ဘ၊
ဝိဝါဒေါဂုပသမ္ဘတံ။ ။သမ္ဘဒဠ်ဟုပ္ပါ၊ ဒေဆွေဒဠ်ဟုပ္ပါ။ ဝေ၊ ငါဏ်။ ဝစနံ၊ စ

ကာဒးကို။ သုဏောဟိ၊ နာလော့။ နော၊ ငါတို့အား။ ဝိဝါဒေါ၊ ငြင်းခုံကြ ခြင်းသည်။သမ္ဗုဇနော၊ကောင်းစွာဖြစ်၏။တံမေဓံ၊ထိုငြင်းခုံခြင်းကို။သ မေဟိ၊ ငြိမ်းစေလော့။ သမ္မဒဇ္ဈပုဗ္ဗ၊ အဆွေဒဇ္ဈပုဗ္ဗ။ တံ၊ သင်အဆွေကို။ နိသဇ္ဇ၊ ဒို၍။အမှောကံ ငါဘို့၏။ ဝိဝါဒေါ၊ငြင်းခုံခြင်းသည်။ ဂူပသမ္မတံ ဂူပသမ္မဝေါ၊ငြိမ်းစေသတည်း။ ။ဤဂါထာဖြင့် တောင်းပန်ချီးမြှောက် သောဗျံနှစ်ခုစကားကိုကြား၍။ ဖြေခွေးဖီသည် မိမိအားကိုပြလိုသော ကြောင့်။ ။ဓမ္မဒ္ဒြောဟံပုရေအာသိ ံ၊ ဗဟုံအခဲ့မေတ်ရိတံ။ သမေမိမေ ခဂံသမ္မာ၊ ဝိဝါဒေါဂူပသမ္မတံ်။ ။သမ္မာ၊အဆွေတို့။ အဟံ၊ ငါသည်။ ပုရေ ဖြေး၌။ ဓမ္မဒ္ဒြော၊တရားဆုံးဖြတ်သော အမတ်ကြီးသည်။ အာသိ ံ၊ ဖြစ်ဘူး၏။ဗဟုံ၊များစွာသော။အခဲ့၊တရားကို။ မေမေယာ၊ငါသည်။ တိရိ တံ၊ဆုံးဖြတ်အပ်၏။ မေခဂံ၊ ငြပဲးခုံခြင်းကို။ သမေမိ ၊ငြိမ်းစေအံ့။သမ္မာ၊ အဆွေတို့။ မံ၊ငါ့ကို။ နိသဇ္ဇ၊ဒို၍။ တုမှာကံ၊ အဆွေတို့၏။ ဝိဝါဒေါ၊ ငြင်းခုံခြင်းသည်။ ဂူပသမ္မတံ ဂူပသမ္မတု၊ငြိမ်းစေသတည်း။ ။ဤဂါထာ ဖြင့်ငါခွေးဘဝ၌မင်းတို့၏အဓမ်တရားသူကြီးဖြစ်၍။ထိုထိုသောပုဏ္ဏား သူကြွယ် အစရှိသောသူတို့၏ မျှားစွဲသော အမှုကို ဆုံးဖြတ်ဘူး၏။ အခြေလေးချောင်းချင်းသတောဇာတ်တူသောသင်တို့၏အစီးအပွါးကို အဘယ့်ကြောင့် မဆုံးဖြတ်နိုင်အံ့နည်း။ ငါအမျှဝေ၍ ပေးမည်ဟုကြိုး ဝါး၍။ ။အခဲ့ဘိရစာဂိနှင့်ဇဋ်၊သိသံဂန္ဓိရစာရိနော။ အဓွာယံမဇ္ဈိမော ခဏ္ဍော၊ ဓမ္မဉ္ဉသဘဝိသတိ။ ။အခဲ့တိရစာဂို၊ အခဲ့တိရစာဂိ။ တွံ၊ သင်သည်။နှင့်ဇဋ်၊အခြိုးကို။ဂဏ္ဍ၊ယူလော့။သိသံ ဦးခေါင်းသည်။ ဂန္ဓိရ စာရိနော၊ဂန္ဓိရစာရိအား။ ဟောတု၊ဖြစ်စေ။အဓွ၊ ဤနှစ်ပိုင်းကိုလွန်၍။ ဇ္ဈတော၊ တည်သော။ အယံမဇ္ဈိမော၊ခဏ္ဍော၊ ဤအလယ်ပိုင်းသည်။ ဓမ္မဉ္ဉသ၊ ဟရားဆုံးဖြတ်သောငါ့အား။ ဘဝိသတိ၊ဖြစ်လတ္တံ့။ ။ ဤဂါထာဖြင့်ငါးကိုသုံးဒိုင်းပိုင်း၍။ မငြင်းခုံကြလင့်။ သင်လည်းအခြိုး စား၊သင်လည်းခေါင်းစားဟုဆို၍။ ကြီးစွာသော အလယ်ပိုင်းကိုချို၍ ပြေးခဲ့သည်ဂိုသော်ဗျံနှစ်ခုတို့သည်ဥာဝတာထောင်ရုံးသော ပေါက်ျား ကဲ့သို့နှုတ်မသာ မျက်နှာသို့းငယ် ဂိုကုန်သည်ဖြစ်၍။ ။စံခံဘကွော အဘဝိသ၊ သစေနဝိဝဒေမသေ။ အသိသကံအနဂ္ဃံ၊ သိဂ်ါလောဟာရိ ရောဟိတံ။ ။ဘောဇန္ဓော အဆျင်းတို့။သစေ၊အကယ်၍။နဝိဝဒေမသေ၊ငါ တို့မငြင်းခုံငြားအံ့။ဗိရံ၊ဖြင့်စွာ။ဘကွော၊အစာသည်။အဘဝိသ၊ဖြစ်ရာ

၏။အသိသကံ၊ဦးခေါင်းမရှိသော။ အနှင့်နှံ၊အမြီးမရှိသော။ ရောဂိတံ၊ ငါးကြင်းအသားတုံးသက်သက်ကို။ သိဂ်ါလော၊ ပြေစွေးသည်။ ဟရိ၊ ဆောင်လေ၏။ ။ဤဂါထာဖြင့် မြည်တမ်းကုန်စဉ်။ဝမ်းပြောက် ဝမ်း သာချိ၍လာသော ပြေစွေးဖိုကို ပြေစွေးမပြင်လျှင်။ ။ပထဝီရာဇာ နန္ဒေသူ၊ရဖို့လဒ္ဓါနခဏ်းပေါ့။ဂေါဟမင်္ဂုနဒေါဝိ၊ဒိသွာပုဏ္ဏမုခံပတိ်။ ။ သာဝိ၊ချစ်လင်။ခတ္တိပေါ့၊ ပြောကိုအစိုးရသော။ရာဇာ၊ မင်းသည်။ရဖို့၊ မင်းအဖြစ်ကို။ လဒ္ဓါန၊ ရသော်ကြောင့်။ ‘နန္ဒေသူပထာဒေါ၊ နှစ်သက် သကဲ့သို့။ဂေါ၊ဤအတူတင်း။ ပုဏ္ဏမုခံ၊ပြည့်သောမျက်နှာရှိသော။ ပတိ်၊ လင်ကို။ဒိသွာ၊ဖြင်၍။အဖို့ပေါ့။အဟံ၊ငါသည်။နန္ဒေါဝိ၊ နှစ်သက်ဖို့။ ။ ဤဂါထာဖြင့် ပြေစွေးဖိုကို ချီးမွမ်းဦး၍ ရကြောင်းကို မေးလိုသော ကြောင့်။ ။ကထန္နုထလဇောသဒ္ဓေါ၊ဒကေမဉ္စံ ပရာမသိ။ ပုဋ္ဌောမေ သမွအာကွာဟိ၊ကထံအဓိဂတံတပေါ။ ။အယျ၊ချစ်လင်။ထလဇော၊ကုန်း ကြည်းဌပေါတ်ဘွားချိကုန်းကြည်းဌသောလျှင်ကျက်စားသည်။သဒ္ဒေါ၊ ဖြစ်လျက်။ဒကော၊ရေဌ။မဉ္စံ၊ငါးကို။ ကထန္နု၊ အသို့လျှင်။ ပရာမသိ၊သုံး သပ်နိုင်ဘိသနည်း။သမွ၊ချစ်လင်။ ‘ပုဋ္ဌော၊မေးအပ်သော ချစ်လင်သည်။ မေ၊ငါ့အား။အာကွာဟိ၊ကြားဘိလော့။တပေါ၊ချစ်လင်သည်။ကထံအဓိ ဂတံ၊အသို့ရအပ်သနည်း။ ။ဤဂါထာဖြင့်မေးသောပြေစွေးမစကားကို ကြား၍။အဘံယ်၊စားလော့ဟုငါးကြင်းတုံးကိုရှေ့တွင်ထား၍ရကြောင်း ကိုပြန်လိုသောကြောင့်။ ။ဝဝါဒေနကိသာဟောန္တိ၊ ဝိဝါဒေနခနာဒ္ဓ ယော။ဒုနာဉ္ဇနိဝိဝါဒေန၊ဘုဉ္ဇမာဃာဒိရောဟိတံ။ ။ဗာဟုဝါဝိ၊အဘာယ် မာဃာဝိ။ဝိဝါဒေန၊ ငြင်းခုံခြင်းဖြင့်။ ကိသာ၊ကြီလှသည်းဖြစ်ခဲကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဝိဝါဒေန၊ငြင်းခုံခြင်းဖြင့်။ခနာဒ္ဓေါ၊ ဥ၊ာကုန်ခြင်း တို့သည်။ ဟော၊ ဖြစ်ကုန်၏။ဥဒ္ဓါ၊ဖျံတို့သည်။ ဝိဝါဒေန၊ ငြင်းခုံခြင်း ကြောင့်။ဒုနာ၊ယုတ်ကုန်၏။ မာဃာဝိ၊ အဘာယ်မာဃာဝိ။ ‘ရောဟိတံ၊ ငါးကြင်းဘုံးကို။ဘုဉ္ဇ၊စားလော့။ ။ဤဂါထာဖြင့် နှစ်ယောက်ငြင်းခုံ ကြက တယောက်ခွီးမြဲ။ တယောက်နိုင်ပြု။ ရှုံးသသူသည်ရှုံးချေသော ကြောင့် အစားအသောက် အိပ်နေတောက်၍ ‘ကြီလှသည်းခြောက် ခြင်း။ဆွေးဥဉ္ဇာရတနာကုန်ခြင်းဖြစ်၏။ နိုင်သသူလည်းနိုင်သဖြင့်ပင် ဆွေ းဥဉ္ဇာရတနာယုတ်၏။ ထို့ကြောင့် ဖျံနှစ်ခုတို့သည် ငြင်းခုံခြင်းဖြင့် ငါးကြင်းဘုံးမှ ယုတ်၏ဟု ပြေစွေးဖိုဆိုခြင်း။ ဘုရားဖြစ်တော် မူပြီး၍

လည်း။ ။ဌဝမေဝမနွေသေးသူ၊ ဝိဝါဒေါ်ယာဌ္ဌဇာယတိ။ မမွှံပဒိုဓာဝဉ်ဘဲ၊ သောဟိနေသံ ဝိနာပဇာကော။ ဓနာဝိတဿဖိယာနိ၊ ရာဇကောသေဝေဝဝဖုတိ။ ။ဘိဇ္ဇ ဝေ။ငါ့၏ချစ်သားရဟန်းများတို့။ ဌတေဉ္ဇန္ဓါ၊ ထိုဖျံဘို့သည်။ ဒေါ်နာဇာထာ၊ယုတ်ဂုနိသကဲ့သို့။ ဌဝမေဝ၊ဤအတူရင်း။ လေသုမနွေသေးသူ၊အကြင်လူတို့တွင်။ ပဇာ အကြင်အရပ်၌။ဝိဝါဒေါ်ငြင်းခုံခြင်းသည်။ ဇာပေဘတိ၊ ဖြစ်၏။ တဉ္စ၊ ထိုအရပ်၌။ တေမနွေသေးသူ၊ ထိုလူတို့သည်၊ခမွေ၌၊တရားသူကြီးသို့။ ပဒိုဓာဝဉ်ဘဲ၊ ပြေးဝင်ဆည်းကပ်ရကုန်၏။ဟိ၊ထိုစကားသင့်စွ။ သေဘ၊ ထိုတရားသူကြီးသည်။ နေသံ၊ထိုလူတို့၏။ဝိနာပဇာကော၊ခရိုးညွှန်သည်။ဟောတိ၊ဖြစ်၏။ တဇ္ဇ ထိုငြင်းခုံရာ၌။ ဓနာဝဲ၊ဥစ္စာတို့သည်လည်း။ ဗိယျန္တိ၊ကြေပျက်ဆုံးရှုံးကုန်၏။ ရာဇကောသေဘဝ၊မင်း၏ဘဏ္ဍာကြသည်သာလျှင်။ ဝဇုတိ၊ပွါး၏။ ။ဤဂါထာဖြင့်၊ချစ်သားတို့၊ ရုံးသော သူလည်း လျှောက်ချခြင်း၊ ဒဏ်သင့်ခြင်းတို့ဖြင့် ဥစ္စာကြေပျက်၏၊နိုင်သောသူလည်း နိုင်ဒေသင် လက်ဆောင်တံဆိုးပေးရခြင်းဖြင့်ဥစ္စာရုံးပါး၏။ မင်းတို့၏ ဂဏ်ကြဘဏ္ဍာသာပြည့်ပွါး၏ဟုဓမ္မဒေသနာပြုခြင်း။ထိုရောဇဓာဒေါ်ဗြေဌေးဗိသည့် ပဘုဇနုန်ဖြစ်လာ၏။ ဗျုံနှစ်ခုသည် ရဟန်းကြီး နှစ်ယောက် ဖြစ်လာ၏။ ထိုဒေကြောင်းကို မျက်မှောက် ထင်ထင် သိဖြင်သော ဖြစ်နားသစ်ပင်စောင့် နတ်သည်ငါဘုရားဖြစ်လာ၏ဟုဇာတ်တော်ကို ပေါင်းခြင်း ဒေဋ္ဌ၊ပဋ္ဌိဒ္ဓိသောဒဗ္ဗပုပ္ဖဇာတ်ကိုဗဒေကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ် မင်းကြီးသည်။ ဥစ္စာဒ္ဓ မက်မောသည်၊လိုချင်သောသဘောရှိသည်ဖြစ်၍။ဆင်၊ ခြင်း၊ ရထား၊ ပဋ္ဌာဖြား၊ ဣွေ၊ဒွေဒနစရိသောရောက်လာသော ရတနာတို့ကိုအဘိုးပြတ်ဝိဓွံသော ဌါထားသော တည်သူကြီးဟောင်းသည် ထိုက်သည့် ဒေဝလျာက်အဘိုးပြတ်သည်ကို မနှစ်သက်၍။ဤသူကိုပင် တည်သူကြီး ပြုစေသော်ငါ့ပရိဿရာမခြင့်ခင်ကုန်ရာ၏။ တပါးသူကို တည်သူကြီး ပြုစေရသော်ကောင်း၏ဟုကြည့်ရှုစုံစမ်းသည် ရှိသော်။ လျှပ်ပေါ်ရိက်မဲသောဟောတွင်းသားတယောက် မင်းရင်ပြင်၌ သွားသည်ကို ငလေသွန်နန်းဂ၊ခြင်လျှင်၊ဤသူငါ့အလိုသို့ပါရာ၏ဟု စိတ်နှစ်သက်သဖြင့်မခါစေ၍။ တည်သူကြီးဒေရာ၌ထားလျှင်။ မင်းမှ ခွင့်ရသော အရာအထူး၌ တည်သူဖြစ်သောကြောင့်ထိုသူပြတ်တိုင်းတည်ရ၏။ အခါတပါး၌ ဥဇ္ဇုရာပထ

မှ မြင်းကုန်သည်တယောက် မြင်းငါးရာနှင့် ကုန်ပြုလာသည်ကို။ ထို့ခေ့ အား မြင်းဘိုးပြတ်စေသည်ရှိသော်။ မြင်းငါးရာကို ဆန်တပြည်ထိုက်၍ ဟု ဆန်တပြည်ပေး၍ မြင်းတင်းကုပ်သို့ သွင်းသည်ကို။ မြင်းကုန်သည် သည် ရင်ထုမနာ မသက်သာဘဲဖြင့်။ တည်သူကြီးဟောင်း ဘုရား လောင်းသို့သွား၍ ထိုအကြောင်းကိုပြန်ပြော၍။ အသို့ပြုရပါအံ့နည်းဟု မေးသော်။ ထိုယောက်ျားအား တံစိုးပေး၍ မြင်းငါးရာကို ဆန်တပြည် ထိုက်သည်ကိုကားသိရပြီ။ ဆန်တပြည်ဘိုးသည် အဘို့မျှထိုက်မည် နည်း။ ဂုဏ်မင်းကြီးဌေးတော်၌ ဤမျှထိုက်၏ဟု ဆိုခြင်းငှါ တော်နိုင်ပါအံ့ လောဟုမေး၍။ တတ်နိုင်၏ဟုဆိုလျှင် ထိုသူကို မင်းဌေးသို့ခေါ်၍ သွား လေ။ ငါလည်းလာမည်ဟုဆို၍။ ထိုအတိုင်း မင်းဌေးသို့ သွားသဖြင့် အမတ်အပေါင်းတို့လည်းလာကုန်၍။ ထိုယောက်ျားအား ဆန်တပြည် ဘိုးကိုမေးစမ်းသောငှါ မင်းကြီးကို မြင်းကုန်သည်တို့ တိုက်တွန်းလျှင်။ ထိုအကြောင်းကို မသိချေသောကြောင့် မေးသည်ရှိသော်။ ထိုငမိုက် ယောက်ျားလည်း ဓနုဒ္ဒမင်းအလိုသို့လိုက်၍ မြင်းငါးရာကိုဆန်တပြည် ထိုက်၏ဟု ပြတ်ပြီးမှ။ ကုန်သည်တို့ တံစိုးကိုစားရလျှင် ဆန်တပြည် လည်း ဗာရာဏသီပြည်တွင်း ပြည့်ပထိုက်၏ဟု။ တသဲ့နှစ်ယူဇနာ အ ပြောရှိသော ဗာရာဏသီပြည်တွင်း။ ယူဇနာသုံးရာအဝန်းရှိသောဗာရာ ဏသီပြည်ပကို ဆန်တပြည်ဘိုးသာ ပြုခဲ့သောကြောင့်။ ။ဟံအဿ တိတဏ္ဍုလနာဠိကာယံ၊ အသဿနမ္ပလာပဝဒေဟိရာဇ။ ဗာရာဏသိ သန္တဿရဗာဟိရတော၊ အပါမဿတိတဏ္ဍုလနာဠိကာ။ ။ရာဇဓေဟာ ရာဇ၊ မြတ်သောမင်း။ အသဿနံ၊ ပြင်းကို၏။ မှုလာပ၊ အဘိုးငှါ။ ပဝတ္တ၊ ဖြစ်သော။ အယံတဏ္ဍုလနာဠိကာ၊ ဤတပြည်သောဆန်သည်။ ကိံ အဿတိ၊ အတယ်မျှအဘိုးထိုက်သနည်း။ ဝဒေဟိ၊ ဆိုလော့။ အယံ တဏ္ဍုလနာဠိဏာ၊ ဤဆန်တပြည်သည်။ သန္တဿရဗာဟိရတော သန္တဿရ ဗာဟိရတံ၊ အတွင်းအပနှင့်တကွသော။ ဗာရာဏသိ.၊ ဗာရာဏသင်ပြည် ကို။ အဿတိကိ.၊ အကယ်ပင်ထိုက်သည်မှန်သလော။ ။ဤဂါထာဖြင့်၊ မြင်းဘိုးတန်တိုင်း ပေးစမ်းသောငှါဆို၍။ ရှေးကာလ၌ ဗြေအပြင်သည် ၎င်း၊ မင်းအဖြစ်သည်၎င်း၊ အဘိုးအတိုင်းမသိဟု အကျွန်ုပ်တို့မှတ်ကုန် သည်။ ယခုတမူကား၊ ဤသို့ကြီးကျယ်သော မင်းနှင့်တကွသော ပြည် သည် ဆန်တပြည်သာထိုက်တိ၏။ အံ့ဘွယ်ရှိလှ၏။ ဤတည်သူကြီး

သည် ငါတို့သခင်မင်းကြီးနှင့်သာ လျောက်ပတ်ပေသည်ဟု လက်ခုပ်တီး၍ အံ့မတ်တို့ ပျက်ရယ်ပြုလေခြင်း အစရှိသော အင်္ဂါပဒတို့ကို ဆိုရာဆိုကြောင်းဖြစ်သော တဏ္ဍုလနာဠီဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဖွေးသရောအခါ ဗာရာဏသီပြည်၌ ဖွေအဆင်းနှင့်တူသော အလွန်လှသော အဆင်းရှိသော။ ပန်းပွင့်ရစ်သော ကိန္နရီမကဲ့သို့ စံပယ်ခြင်းနှင့်ပြည့်စုံသော။ သုဇာတာအမည်ရှိသောအမျိုးသို့ကို။ မြို့မပေနိုးမဇေဝ။ သောဏဒ္ဓါ အသည်ကောင်းသား ဘုရားလောင်းနှင့် ထိမ်းမြားစုံတက်သဖြင့်။ လင်ကိုလုပ်ကျွေးခြင်း၊ ပေသာကွမကိုလုပ်ကျွေးခြင်းအစရှိသော ဝတ်ကြီးဝတ်ငယ်၊ သီလအာစာရ ပဋိပဒါကျေးဇူးနှင့် ပြည့်စုံကောသူဇာတာသည်။ တနေ့သဒ္ဓါမိတ်ကို ဖူးမြင်လိုသောကြောင့် ဘုရားလောင်းနှင့်တကွ လှည်းပေါင်စိုး၍ လာသည်ရှိသော်။ မြို့တွင်းသို့ ရောက်လျှင် ပေါင်မှသက်၍ စံပယ်လျစ်လျူ။ သွားသည်ကို ဖြဟ္မဒတ်မင်းကြီး မြို့လှည့်ရိက်နှင့်ကြုံ၍မြင်လျှင်။ အိမ်ရှိအိမ်မဲ့မေး၍အိမ်ရှိသောအဖြစ်၊ ပေါင်စီးသောပေါက်ရှားသည် ခင်ပွန်းအဖြစ်ကိုသိလျက် တပ်သောစိတ်ကိုမဖျောက်နိုင်၍ တခုသော ဥပါယ်တမျှဉာဏ်ဖြင့် အနိုင့်အထက် လှည့်စားခြင်းသတ်အံ့ဟုကြံပြီးသော်။ ပဉ္စဖြားဥဿျောင်ကျင်ကို ထိုလှည်းသို့ ရောက်အောင်စီရင်၍။ ပဉ္စဖြား ဥဿျောင်ကျင်ပျောက်သည်ဟု ပြည်လုံး ချောက်ချားစေလျက် မြို့တံခါးလေးမျက်နှာကို ပိတ်၍ အိမ်ရာတဲ့အုံ လှည်းရထားစသော အကြီးဒေကြား မွှန်ညှော်စေ၍။ ဆံကျင်ကို ပေါင်ဦးထားလွှာသော သူသည် ဟယ်ပေါက်ရား၊ မင်းကြီးပဉ္စဖြားဆံကျင်ပျောက်သည်ဖြစ်သောကြောင့် ပေါင်ဦးသုတ်သင်အံ့ဟု သုတ်သင်ကြည့်ရှုကွန်ပြု၍ဒိမိထားသောဆံကျင်ကို ရလျှင်။ ဘုရားလောင်းကိုဆံကျင်ခိုးဟုထောင်းခတ်ဆဲခေါ်း၍ လက်ပြန်ချည်၍ဆက်သဖြင့် သတ်လေတော့ဟုဆိုသောကြောင့် ကြမ်းသောအသံရှိသော ထက်စည်ဖြင့် မြို့လုံးသွည်၍ ခေါ်းဆုံတိုင်းကြိမ်နှင့် ခတ်ခြင်းအစရှိသည်ကိုပြု၍။ တောင်တံခါးဖြင့် သတ်ရာစည်းနှီးသို့ ဆောင်သည် ရှိသော်။ ငါ့ကြောင့် ငါ့လင်ဆင်းရဲဝေဒနာသို့ ရောက်ပေသည်ဟု ငိုကြွေးပြည့်တမ်းလျက် နောက်ဒွိဒအစဉ်တစိုက်လိုက်၍ သတ်ရာစည်းနှီးဒွ တလန်းကြား အိမ်စေသည်ကို ဖြင်လျှင် ပိမိ၏သီလကိုဆင်ခြင်၍။ ဤလောကဒွ သီလသီတင်းရှိသူ

ကို ညှဉ်းဆဲကလူ အနိုင်အထက်ပြုတတ်သော ယုတ်မာသောသူတို့ကို
ဖြစ်ခြင်းငှါ စွမ်းနိုင်သေး နတ်တို့သည် မရှိပါကုန် သလော ဟု။ ။
နသန္တိဒေဝါ ပဝသန္တိနူန၊ နဟိနူနသန္တိဓလောကပါလာ။ သဟာသာ
ကရောန္တောနံ အသညတာနံ၊ နဟိနူန သန္တိပဒိုသေဓိတာရော။ ။
ဘောန္တော၁ဒေဝတာပေါ၊ဒိုနတ်ဒမပေါင်းတို့။ဣ၊ဣလောကဒ္ဒ။လော
ကပါလာ၊လူကိုစောင့်တတ်ကုန်သော။ဒေဝါနတ်တို့သည်။ နသန္တိနူန၊
မရှိပါကုန်ယောင် တကား။ ဣဓ၊ ဣလောကဒ္ဒ။ လောကပါလာ။ လူကို
စောင့်တတ်ကုန်သော်။ဒေဝါ၊နတ်တို့သည်။ ပဝသန္တိနူန၊အရံပ်တပါး
သွားလေကုန်ယောင်တကား။ဣဓ၊ဣလူရွာဒ္ဒ။လောကပါလာ၊လောက
ပါလာဟု သမုတ်အပ်ကုန်သော။ သိလဝံ နှံ၊ သိလရှိသေ၁သူတို့ကို။
အနုဂ္ဂါဟကာ၊ ချီးမြှောက်တတ်ကုန်သော။ သမဏာဗြာဟ္မဏာ၊ရဟန်း
ပုဏ္ဏားတို့သည်။နဟိနူနသန္တိ၊မရှိပါကုန်ယောင်တကား။ ဣဓ၊ဣလူရွာ
ဒ္ဒ။ သဟာသာ၊အနိုင်အထက်။ ကရောန္တောနံ၊ပြုတတ်ကုန်သော။ အသည
တာနံ၊ကိုယ် နှုတ် နှလုံးမစောင့်ကုန်သော သူတို့ကို။ ပဒို့သေဓိတာရော၊
ဖြစ်တတ်ကုန်သော။ လောကပါလာ၊လောကပါလာဟု သမုတ်အပ်
ကုန်သော။ သမဏာဗြာဟ္မဏာ၊ရဟန်းသူတော် ပုဏ္ဏားကျော်တို့သည်။
နဟိနူနသန္တိ၊ မရှိပါကုန်တကား။ • ။ဣဂါထာဖြင့် ဣသို့ ကြမ်းကြုတ်
သောအမှုကို မပြုလင့်။ ဣသို့ပြုခြင်းငှါမရဟု ဖြစ်ဟား ဆုံးမတတ်ကုန်
သော နတ် သိကြား ရဟန်း ပုဏ္ဏားဟို့သည် မရှိပါကုန် သလောဟု
ငိုကြွေး မြည်တမ်းသော သုဇာတာ၏ တန်းခိုးကြောင့် သိကြားနေရာ
ပူသောအခြင်းအရာပြသဖြင့်သိကြားကြံ့သွသည်ရှိသော်ထိုအကြောင်း
ကိုသိ၍။ ဆောစွာလာပြီးသော် သိကြားအာနုဘော်ဖြင့် ဆင်ကျောက်
ကုန်း၌ စီးသောမင်းကြီးကို ဆင်မှချ၍ သတ်ရာမည်းနှိုး၌ တလန်းကြား
ထား၍။ဘုရားလောင်းကိုသတ်ရာစည်းနှိုးမှယူ၍ မင်း၏အသွင်တန်းဆာ
ဆင်လျက်။ ဆင်ကျောဝံကုန်း၌တင်သောခဏာ၌ မင်းကြီးလည်ကို ပေါက်
ဆိန်ဖြင့်ဖြတ်၍ အပြီးသို့ရောက်မှ မင်းကြီးအဖြစ်ကို သိသဖြင့်။ သိကြား
သည် ကောင်းကင်ထက် ကိုယ်ထင်ပြလျက်။သုဇာတာကို မိဘုရားကြီး
အရာ၌ထား၍ ဘုရားလောင်းကို အဘိသိက်သွန်းလျှင်။ အမတ် ပုဏ္ဏား
အစရှိသော သူတို့သည် သိကြားကို မြင်သဖြင့်။ မတရားသော မင်းကို
သတ်၍ တရားနှင့်ယှဉ်သော သိကြားပေးသောမင်းကို ငါတို့ ရပေကုန်

သည်ဟု ဝမ်းဗြေဝံဝမ်းသာ နှစ်သက်စွာရှိကုန်သဲည်ကို ဖြင်၍။ သိကြား လည်း ယနေ့မှစ၍ မတရားသောအမှုကို မပြုလင့်။ တရားနှင့်ညီစွာ မင်း ပြု။ တရားကို စောင့်သော မင်းဏိုင်ငံ၌၊ မွတ်သိပ်ခြင်း၊ အနာ နှိပ်စက် ခြင်း၊ ဘိလူး နှိပ်စက် ညှဉ်းဆဲခြင်း တည်းဟူသော ဘေးဆိုးပါးသည် မဂဝ်ကြဲသဲ့ ပဓဏိဟု ဆိုဦး၍။ ။အကာလေဝသတိတာသဲ၊ ကာလေ တသုနဝသတိ။ သင်္ဂါစစဝတိဉ္စာနှာ၊နဒုသောတာဝတာဟတော၁။ ။ တသဲ့အခ ဒ်ကရည်ာ၊ ထိုတရားမစောင့်သော မင်း၏။ ရဇ္ဇေ၊ ဏိုင်ငံ၌။ ဒေဝေါ၊ခိုးသဲ့ သည်။ အကာလေ၊ အခါမဟုတ်သည်၌။ ဝသတိ၊ရှိ၏။ တသဲ့အခ ဒ်ကရည်ာ၊ ထိုတရားမစောင့်သော မင်း၏။ ရဇ္ဇေ၊ တိုင်း၌။ ဒေဝေါ၊ မိုးသဲ့သည်။ ကာလေ၊အခါ၌။ နဝသတိ၊ မရှာ။ သင်္ဂါ၊ နှတ်ဖြစ် သော။ ုာနှာစ၊အရာမှလည်း။ စဝတိ၊ရှိ၏။ သော၊ထို တရားမစောင့် သောမင်းကို။ နန္နုကံသေန၊ အကယ်မလွဲသဖြင့်။ တတော၊ ထိုမှတည်း ဖြင့်သာလျှင်။ ဟတော၊ သတ်အပ်သည်။ နဟောတိ၊မဟုတ်သေး။ ။ ဤဂါထာဖြင့် တရားမစောင့်သောမင်း၏ နှိပ်စက်၌။ မှည့်သောအခါ၊ ရိတ် သောအခါဟု ဆိုအပ်သော မလျော်ကပ်တသော အခါ၌ မိုးမသဲ့ရှာ၏။ စိုက်ကြဲသောအခါ အသီးအပင်ပြုသောအခါ၊ ပုံးလုံးသောအခါဟု ဆို အပ်သော လျော်ကပ်သောအခါ၌ မိုးမသဲ့ရှာ။ တရားမစောင့်သော မင်းသည် နှတ်ပြည်ကို မရသဖြင့် နှတ်၏ဒေရာ်မှ လျှောသည် မည်၏။ တရား မစောင့်သော မင်း သည် ဤမျှတည်း ဖြင့်သာ သတ်အပ်သည် မဟုတ်။ငရဲကြီးဖွစ်ထပ် ငရဲပေါ့တရာ့နှစ်ဆဲ့ဖွစ်ထပ်တို့၌ အခါရေးဖြင့် သတ်လ ့။ ုံ့ကြောင့် တရားကိုကျင့်ကုန်ဟု ဆုံးမ၍ နှတ်ရှာတဘန် ပြန်လေခြင်း ဘုရားလောင်းသည် တရားနှင့်ညီစွာမင်းပြု၍ နှတ်ပြည်ဆု ကိုပြည့်စုံခြင်း။ ထိုဇရာအခါ အာမဏ္ဍရာဇာသည် ယသ အခါ၌ ဒေဝဒတ် ဖြစ်လာ၏။ သိကြားသည် အနုရုဒ္ဓါဖြစ်လာ၏။ သုဇာတာသည် ရာဟုလ မယ်တော် ဖြစ်သာ၏။ သိကြား ပေးသော ခမ္မရာဇာသည် ငါဘုရား ဖြစ်လာ၏။ ဟုဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌ၊ပဏ္ဏာသ မဂ်ိုဇောရ ဇာတ်ကို ဒေသနာကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်မင်းကြီး၏ ကာဠကအမည်ရှိသော စစ်သူကြီးသည် တရားသူကြီး ဖြစ်သဖြင့် တံစိုး စား၍ တရား ဆုံးဖြတ် သည့်ကို။ ခမ္မဇဇာအမည်ရှိသော ပုရောဟိတ်ပုဏ္ဏားမင်း အိမ်တက်မည်

လောရာတွင် ဟရုးဂိုးသသူတို့ ငိုယို၍ တောင်းပန်သဖြင့် တရားတင်း ကုပ်သို့ဝင်၍ ဆုံးဖြတ်ရာတွင်ဖြစ်သော ကောင်းချီးသံကို မင်းကြီးကြား ၍။ဆရာ၊ ဤကဲ့သို့ဆုံးဖြတ်ပါသည်ရှိသော် ငါးလည်းနားငြိမ်း၊ ပြည်သူ တို့ စိုးပွါးလည်း မျှားအံ့ဟု အဘန်တဲလဲ တောင်းပန်သောကြောင့် တရားဆုံးဖြတ်သည်ကို။ တံစိုးမစားရသဖြင့် စစ်သူကြီး ရန်ငြိုးငဲ့၍။ မမွေစာသုခမိန် မင်းဖြစ်ကြိသည်ဟု မယုံယုံကြောင်းကိုပြု၍ မင်းကြီးယုံ ကြည်သဖြင့်။ အသို့ပြုရသော် ကောင်းမည်နည်းဟုမေးသည်ကို။ သတ် ရသော် ကောင်းဖြို့ဟု စစ်သူကြီးဆိုလျှင်၊ ရှုန့်ရှင်းသော အပြစ်မရှိတဲ့ လျက် အသို့သတ်ကောင်းအံ့နည်းဟု မင်းကြီးဆိုသည်ကို။ ဥယျာဉ်မည် သည်ကား ကောင်းသောမြို့ စိုက်ပျိုးပြုစုရသော်လည်း သုံးလေးနှစ် သီးသည်။ ထိုကြောင့် နက်ဖြန်ပင် ဥယျာဉ်ကစားခြင်းငှါ အလိုရှိ၏။ ဥယျာဉ်ဘန်ဆင်းဘိဟုဆို၍။ မဟာတ်နိုင်သော် အခန်ိုင်အထက်အပြစ်ရှာ၍ သတ်ရစေဟုဆိုသဖြင့် ထိုအတိုင်း ဘုရားလောင်းကိုခေါ်၍ မင်းကြီး ဆိုသည်ရှိသော် ကာဠကသည် တံစိုးမစားရသောကြောင့် မင်းကြီးအ ကြားဌ ဗျက်သည်ဖြစ်မည်ဟုသိ၍ ဟာတ်နိုင်အံ့။ ဘန်ဆင်းမည်ဟု ဆို၍ အိမ်သို့တဘန်လာပြန်၍ကောင်းသောဘောဇဉ်ကိုစား၍။အိမ်ရာအပြင် ဌ အသို့ဘန်ဆင်းရသော် ကောင်းအံ့နည်းဟု ကြံရာလျက် အိပ်ရာသို့ဝင် ၍နေစဉ်၊ သိကြားနေရာပူသောအခြင်းအရာပြသဖြင့်။သိကြားလာ၍အ ဘယ်ကို ကြံသနည်းဟု မေး၍ အကြောင်းကို ကြားလျှင်။ သုမမိန်၊ ငါ့ကြံ လင့်။ ငါနှစ်ဝန်ဥယျာဉ် စိတ္တာလတာဥယျာဉ်နှင့်တူသော ဥယျာဉ်ကိုဘန် ဆင်းအံ့ဟုဆို၍။ အဘယ်အရပ်၌ ဘန်ဆင်းစေလိုသနည်းဟုမေး၍။ ဤ မည်သောအရပ်ဟု ဆိုသဖြင့်။ ထိုအရပ်၌ ဘန်ဆင်း၍။ မိုးသောက် လျှင် ဘုရားလောင်း မျက်မှောက်ထင်ထင်ဖြင့်မှ မင်းကြီးအထံသို့ သွား ၍။ဥယျာဉ်ပြိုးပြိုး၊ကစားတော်မူလော့ဟု ဆိုသောကြောင့် မင်းကြီးသွား ၍ ဥယျာဉ်ကိုဖြင်လျှင်။ အသို့ပြုပါရအံ့နည်းဟု ကာဠကကို မေးသည်ရှိ သော်။ ကာညဉ့်တွင်း၌ ဥယျာဉ် ဘန်ဆင်းနိုင်သသူသည် မင်းအဖြစ်ကို ပြုခြင်းငှါ မတတ်နိုင်ရှိရာအံ့လောဟု လောင်းထပ်ပြုန်၍။ ဥယျာဉ်ဖြင့် မ သတ်ရသောလျှင် ဤသို့သောနည်းဖြင့် ထိုဥယျာဉ်၌ ရတနာသုနစ်ပါးဖြင့် ပြီးသော ရေကန်ကို ဘန်ဆင်းစေ၍။ ရေကန်ဖြင့် မသတ်ရသောလျှင် ဥယျာဉ်ရေကန်နှင့်လျော်ကပ်တစ်ခွာ ရတနာသုနစ်ပါးအတိပြီးသော အိမ်

ကို ဘန်ဆင်းစေ၍။ အိမ်ဖြင့် မသတ်ရသာလျှင် ထိုအိမ်၌ အလင်းကိုပြု
တတ်သော ပတ္တမြားရတနာကို ဘန်ဆင်းစေ၍။ ပဉ္စမြားဖြင့် မသတ်ရ
သာလျှင် နတ်သကြားတို့ ဘန်ဆင်းခြင်းငှါ မတတ်နိုင်သော လေးပါး
သောအင်္ဂါနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို ဘန်ဆင်းဘိဟု ဆိုရာ
တွင်မှ။ ငါသူလက်တွင် သွဉ်းဆဲ ကလူသေရသောထက်။ တောင်္ခကိုး
ကွယ်ရာမရှိသော သေခြင်းဖြင့် သေဖူသော်ကောင်းဏိဟု တောသို့ဝင်
၍။ တခုသောသစ်ပင်ရင်း၌ သူတော်တရားကို ဆင်ခြင်လျက် နေရာသို့
သိကြားသည် မူဆိုးအယောင်ဖြင့်လာ၍။ ။သုခံဇိဝိတာရူပေါသိ၊ရဠာ
ဝိဝနမာဂတောဘာ။ သောဇကကော အရညွှင်္ဘံ၊ ရာက္ခမူလေ ကပဏော
ဝိယာစျာပေးသိ။ ။ပြောဟွဏာ၊ ပုဏ္ဏားဟေ။ ယောဘွံ၊အကြင်သင်သည်။ သုခံ၊
ချမ်းသာစွာ။ ဇိဝိတာရူပေါ၊ အသက်ရှည်သော သတောရှိသည်လော။ အာသိ၊
ဖြစ်၏။ သေဘွံ၊ ထိုသင်သည်။ ရဠာ၊ပြည့်မှ။ ဝိဝနံ၊ တောအုပ်ကြီးသို့။
အာဂတောဘာ၊ လာသည်ဖြစ်၍။ဇကကော၀၊ တယောက်အာဇီးဘည်း။
အရညွှင်္ဘံ၊ တောကြီးထဲ၌။ရာက္ခမူလေ၊ သစ်ပင်ရင်း၌။ ကပဏောဝိယ၊
အာဇီးကျန်သကဲ့သို့။ ဈာယသိ၊ ရှင်သနည်း။ ။ဤဂါထာဖြင့် မေး
သောသိကြားအား။ ။သုခံဇိဝိတာရူပေါဘွံ၊ ရဠာဝိဝနံ မာဂတောဘာ။
သောဇကကော အရညွှင်္ဘံ၊ ရာက္ခမူလေ ကပဏောဝိယ ဈာယသိ။ ။
ဘောမာဏဝ၊ အိုလူလင်။ ပေါအဟံ၊ အကြင်ငါသည်။သုခံ၊ချမ်းသာ
စွာ။ ဇိဝိတာရူပေါ၊ အသက်ရှည်ဖသော သတောရှိသည်လည်း။ အသ္မိ၊
ဖြစ်၏။ ရဠာ၊ပြည့်မှ။ဝိဝနံ၊တောအုပ်ကြီးထဲသို့။အာဂတောဘာ၊လာသည်
လည်း။ အသ္မိ၊ဖြစ်၏။ သောအဟံ၊ ထိုငါသည်။ ဇကကော၊ တယောက်
အာဇီးတည်း။ အရညွှင်္ဘံ၊တောကြီးထဲ၌။ရာက္ခမူလေ၊သစ်ပင်ရင်း၌၊ က
ပဏောဝိယ၊ အာဇီးကျန်သကဲ့သို့။ဈာယာမိ၊ရှင်၏။ ။ဤဂါထာဖြင့်၊
လာဘာ၊အလာဘာ၊ ပသာ၊အယသာ၊နိန္ဒာ၊ ပသံသာ၊သုခ၊ဒုက္ခ-ဟူသော
လောကဓံတရားရှစ်ပါးသည် ဘုရားပဿေကဗုဒ္ဓါသာဝက အစရှိသော
သူတော်ကောင်းတို့၏ တရားမည်၏။ ဤတရားရှစ်ပါးတွင် တဲပါးပါး
ဖြင့် နှိပ်စက်အပ်သော် သူတော်ကောင်းတို့သည် မတုန်လှုပ်ရာ ဟူ၍
သူတော်ကောင်း တရားကို ဆင်ခြင်သည်ဟု ဆိုသည်ကို။ အဘယ့်
ကြောင့် ဆင်ခြင်သနည်းဟုမေး၍ အလုံးစုံသောအကြောင်းကိုပြန်လျှင်
သိကြားအဖြစ်ကိုဆို၍။ ငါသိကြားနတ်မင်းဟု သဝိညာဏကကို ဘန်

ဆင်းခြင်းဌါမတတ်နိုင်။ လေးပါးသောအင်္ဂါနှင့်ပြည့်စုံသော ဥယျာဉ်စောင့်ကိုအလိုရှိသော်။ ဆဉ္ဇာပါဏိအမည်ရှိသော မင်းကြီး၏ဆေးဘဉ်သည်ကို ညွှန်ပေဟု ဆိုသောကြောင့် သိကြားဆိုဘိုင်း ညွှန်သည်ရှိသော်။ သင်လေးပါးသော အင်္ဂါနှင့် ပြည့်စုံသည် မှန်ပေသလောဟု ဆေးဘဉ်သည်ကို မင်းကြီးမေး၍ မှန်ကြောင်းကိုဆိုလျှင်။ အသို့သော လေးပါးသော အင်္ဂါနှင့်ပြည့်စုံသနည်းဟုမေး၍။ မငြူးခြင်း၊ သေမသောက်ခြင်း၊ မချစ်ခြင်း၊ အမျက်မထွက်ခြင်းတည်းဟူသော လေးပါးသော အင်္ဂါနှင့်ပြည့်စုံကြောင်းကိုဆိုလျှင်။ အဘာ ကြောင့်.ငြူးခြင်း မရှိသနည်းဟု မင်းကြီးမေးသောကြောင့်။ ရှင်မင်းကြီး၊ ရှေးသရောဇာခါ၌ အကျွန်ုပ်သည် ဤဗာရာဏသီပြည်၌ ရှင်မင်းကြီးကဲ့သို့သော ပြုဟ္မဒတ်မင်းကြီးဖြစ်၍။ မိဘုရားအား ဆုပေးသည်ကို။ အကျွန်ုပ်တွင် ရခဲသောမည်သည် မရှိ။ တပါးသောဆုကို မလို။ ယခုမှစ၍ တပါးသောသူကို တပ်သောစိတ်ဖြင့် မကြည့်ပါအံ့သောဆုကိုသာ လိုသည်ဟုဆို၍။ မင်းကြီးမပေးလိုသည်ကို အဘန်တားလေ မူးဉီး၍ တောင်းဘန်မျှားသဖြင့်။ မိဘုရားအလိုသို့လိုက်၍ တသောင်းခြောက်ထောင်သောမောင်းမကိုမငဲ့မူ၍။ မိဘုရားတယောက်ကိုသာ ကြည့်သေ်လည်း မရောင့်ရဲသဖြင့်။ ပဗ္ဗန်ုရာဇ်နှောင့်ရှက်သည်ကို သုတ်သင်မည်သွားရာသို့ လိုက်မည်ဆိုသောကြောင့်။မဟတုဂါမနှင့်မရာ။မလိုက်သာသောအကြောင်းကို အဘန်တလဲလဲဆို၍။ မလိုက်ရသေ်ာ် တစခန်းတယောက်စီ တမန်လွှတ်၍ သုခဒုက္ခကို မပြတ်စူးစမ်းပါဟုဆိုသောကြောင့်။ သုံးဆဲ့နှစ်ယူဇနာသောခရီးကို သုံးကျိပ်နှစ်ယောက်သောတမန်စေလွှတ်၍။ ပြန်သောအခါ၌လည်း ဤနည်းအတူ တစခန်း တယောက်စီလွှတ်သော ခြောက်ကျိပ်လေးယောက်သောတမန်တို့နှင့် ပေ့ဖလျှော်ကြ၏။မင်းကြီးမြို့သို့ရောက်ခါနီးတွင် မြို့စောင့်ထားသော ပုရောဟိတ်ပုဏ္ဏားသို့ မြို့နန်းကို သုတ်သင်စိမ့်သောဌါ တမန်လွှတ်သဖြင့်။ မြို့ကိုသုတ်သင်ဦး၍။ နန်းကို သုတ်သင်ခြင်းဌါဝင်သော ဘုရားလောင်းကိုမြင်လျှင် တပ်မက်မော၍ မတွယ်မရာသောအမှုကို ဘုရားလောင်းကိုတိုက်တွန်းသည်ကို။ ရှင်မင်းကြီးကိုလည်း လေးမြတ် ကြောက်ရှက်၏။ မကောင်းမှုကိုလည်း ကြောက်ရွံ့၏ဟု ဆိုလျှင်။ ခြောက်ကျိပ်လေးယောက်သော တမန်တို့သည် ရှင်မင်းကြီးကိုမလေးမြတ်။မကောင်းမှုကိုလည်းမကြောက်။ သင်

သဘလျှင် မင်းကြီးကို ဖေးမြတ်သည်။ မကောင်းမှုကို ကြောက်သည် လောဟာဆိုသောကြောင့်။ ထိုသူတို့လည်း ဂုဏ်မင်းကြီးကို လေးမြတ်က မကောင်းမှုကိုကြောက်က ဤသို့သောအမှုကို မပြုရာ။ ငါလည်း ဤသို့ သောအမှုကို မပြုပြို ဟုဆိုသည်ကို။ အဘယ့်ကြောင့် များစွာမြည်တမ်း သနည်း။ငါ့စကားကို နာလျှင်နာ။ မနာလျှင် သင့်ဦးခေါင်းကိုဖြတ်စေအံ့ ဟုဆိုသော်လည်း။ ဤကိုယ်အဖြစ်ကိုသာ မဆိုနှင့်ဦး။ အဖြစ်တာ ထောင်ပတ်လုံး ဦးခေါင်းကိုဖြတ်ဇစေသော်လည်း ဤသို့သောအမှုကိုပြုခြင်းငှါ မတတ်နိုင်ဟုဆိုမှ။ကောင်း၏ သိရအံ့ဟု ဘုရားလောင်းကို ဖြိမ်းချို့ ကိုယ်ဒွဲ့ လက်သည်းရာကိုပြု၍ ဆိမ့ွမ်းမွမ်းလူး၍ ညစ်သွားသောအဝတ်ကိုဝတ်၍။နာသောဒဏ်ချင်းအရာကိုပြု၍ မင်းကြီးဇမေးလျှင် မကျန်းဆိုဟု ကျွန်မတို့ကိုနှုတ်ထည့်၍ ခမ်းတိုက်သို့ဝင်၍ အိပ်သည်ရှိသော်။ မင်းကြီးအား ဘုရားလောင်း ခဲ့ဦးဦးတို့ဆို၍ ပြာသာဒ်သို့ ရောက်လျှင်။ မိဘုရားကို မမြင်သောကြောင့်။ မိဘုရား အဘယ်မှာနည်းဟု မင်းကြီးမေးသဖြင့်။ မဤမကျန်းကြောင်းကိုကြားလျှင်။ ကြက်သရေတိုက်သို့ဝင်၍။ကျောကိုလက်ဖြင့်သပ်၍ မကျန်းကြောင်းကိုမေးသော်လည်း အလျင်မဆို။ မျက်နှာသို့၍ သုံးကြိမ်တိုင်အောင်မှ မင်းကြီးကိုကြည့်၍။ဂုဏ်မင်းကြီးလည်း အသက်ရှည်သည်မည်၏။ အကျွန်ုပ်နှင့် တူသောမိန်းမလည်း လင်ရှိသည်မည်၏ ဟု ဆိုသည်ကို။မိဘုရား၊အခါသို့ဆိုသနည်းဟုမေး၍။ မြို့စောင့်ထားသော ပုဏ္ဏားသည် နန်းကိုသုတ်သင်မည်လျှင်၍ အလိုမပါသောကျွန်ုပ်ကိုပုတ်ခတ်သဖြင့်။ ကိုယ်ဒဏ်အလိုအတိုင်းပြည့်ဖစ၍ သွားလေသည်ဟုဆိုလျှင် ရဲရဲသိသော်မီး ကိုးဦး ထည့်သောဆားကဲ့သို့ မင်းကြီးအမျက်ဖြုန်းဖြုန်း ထွက်၍ ပုရောဟိတ်ပုဏ္ဏားကို သတ်လေဟု ဆိုသဖြင့်။ ချည်နှောင်၍ ဆောင်လေသောပုဏ္ဏားသည် မိဘုရားဟုကျမ်းတတ်သည်ဖြစ်မည်။ ငါ၏ အစွမ်းဖြင့် လွတ်စေအံ့ဟုကြံ၍။ ငါ့ကို အလျင်မသတ်လင့်။ မင်းကြီးစိုးပိုင်းကို ငါပြုသည်။ငါသေက မင်းကြီးဥစ္စာပျောက်လေတော့မည်။ ငါ့ကို မင်းကြီးဖျောသို့ ဆောင်ဦးဟုဆို၍ မင်းကြီး ဖျောသို့ရောက်လျှင်။ ငါ့ကို လည်းမရက်။ မကောင်းမှုကိုလည်းမကြောက်။ အဘယ့်ကြောင့် ဤသို့ ယုတ်မာသော အမှုကို ပြုသနည်းဟု မင်းကြီး ဆိုမှ။ အကျွန်ုပ်သည် သောက်ယစ်အမျိုးဖြစ်သဖြင့် သူအသက်ကိုလည်း မသတ်စတမ်း။ သူမပေးသောဥစ္စာကိုလည်း မယူစတမ်း။တပါတောအားဖြင့် သူ့သားမယား

ကို ဇာနည်ပျက်၍မကြည့်စဘူး။ရပ်မှဖြင့်လည်း မသားမဆိုစဘူး။ သမန်း မြက်ပျားဖြင့်လည်း သေအရက် မသောက်စဘူး။ ဤသို့ ဒေစဂ္ဂိသည်ဖြင့် မိဘရား ကုန်းပြုတိုင်း မဟုတ်သော အကြောင်း။ ခြောက်ကျိပ် လေးယောက်သော တမန်တို့သည် မိဘရားအလိုသို့လိုက်ရကြောင်း အစရှိသည်ကိုဘို၍။မင်းကြီးဟုတ်သောအတိုင်းသိမှ ဘုရားဓလောင်းကို လွှတ်၍၊ ခြောက်ကျိပ် လေးယောက်သော တမန်ကိုကို သတ်မည်ပြုသည်ကို လည်း။ မိဘုရားအပြစ်သာဟု လျှောက်ပက်စွာ တောင်းပန်၍။ မိဘုရား အား အပြစ်ပေးမည်ပြုသည်ကိုလည်း မာတုဂါမတို့ သဘောကို မျှား စွာဆို၍တောင်းပန်သဖြင့် မင်းကြီးစိတ်ပြေမှု။ငါ့ မစ္စူးမစမ်းမဆင်မခြင် မိန်းမစကားကိုနာ၍ မပြစ်မှားအပ်သောပုရောဟိတ်ပုဏ္ဏားကို ပြစ်မှား မိသည်။ ယခုနှမ်စ၍ အရဟာဘုမိလ် မဓရောက်သေးသရွေ့ ကာလပတ် လုံး ကံလေသာကိုခံ၍ ငြ။စုခြင်းမရှိစေသတည်းဟု ဗုဒ္ဓဝန်သဖြင့်။ ထိုက စ၍ ငြ။စုခြင်းမရှိသည်ဟု ဆဘုပါကိုဆိုယျင်။ အဘ သို့ကြောင့် သေ မသောက်သနည်းဟု မင်းကြီးမေးသဖြင့်။ ရှင်မင်းကြီး၊ရှေးသရောအခါ ဌ အကျွန်ုပ်သည် ဗာရာဏသီပြည်တွင် ရှင်မင်းကြီး ကဲ့သို့သော မင်း ဖြစ်၍။ သေသောက်ခြင်းနှင့် ကင်းဝေးခြင်း၊ အမဲ မရှိသော ထမင်းကိုစား ခြင်းငှါရင်း၊ မတတ်နိုင်သဖြင့်။ ဤမဟာသုတဓသောမ ဖွာတ်၌ ဆိုသော နည်းဖြင့် မသတ်သော ဥပုသ်နေ့အလိုငှါ၊ ထားဓသောအမဲကို မင်းအိမ်၌ မွေးသောခွေးတို့သည်စားခဲ့သောကြောင့်။မင်းကြီးစားဝေါကိုဘင်၍ အခဲမရှိသဖြင့်စားဝေါမကပ်ဝံ့၍ မိဘုရားအားအကြောင်းကြားသည် ရှိသော်။ ငါ့သားကို မင်းကြီးချစ်လှသည် ဖြစ်သောကြောင့် တန်းဆာ ဆင်၍ မင်းကြီးသို့ပို့အံ့။သားကိုငြင်လျှင်နမ်းရှုပ်၍နေစဉ်။စားတော်ကပ် ဟု မိဘုရားဆို၍။ထိုအတိုင်း ကပ်သည်ရှိသော်။သေပစ်သဖြင့် အခဲကို ကိုမမြင်လျှင် အမဲဘယ်မှာနည်းဟု မေး၍။ ဥပုသ်နေ့ ဖြစ်သောကြောင့် အမဲမရကြောင်းကိုဆိုလျှင်။ ငါသို့သော မင်းအား အမဲ ရ ဖြစ်ရာမည် လေဟု ချစ်လှစွာသော သားဇတော်လည်ကို လိမ်သတ်၍ စားတော် သည်ဖွေသို့ ပစ်ထိုက်ပြီးသော်။ ယခုပင် ပြည့်စုံအောင်ပြု၍ ယူခဲ့ဟု ဆို၍။ သား၏ အသားနှင့် ထမင်းစားသည်ကို မင်းကြီးကို ကျောက် သဖြင့် တယောက်သောသူမျှဆိုခြင်းငှါမြည့်တမ်းခြင်းငှါမဝံ့သည်ဖြစ်၍။ မင်းကြီး အိပ်ပျော်သဖြင့် သေပစ်ပြီ၍။ မိုးဓသောက်လျှင် ငါ့သားကို

ယူခဲ့ဟု ဆို၏။ မိဘရား ခြေရင်းခို လူးလဲသည်း၍ ငိုသည်ကို။ အဘယ့် ကြောင့်နည်းဟုမေး၍။ အလုံးစုံသော အကြောင်းကို ကြားလျှင် သားခို ကြီးစွာသောစိုးရိမ်ခြင်းဖြင့် ငိုကြွေးမြည်တမ်း၍။ဤငါ၏ စိုးရိမ်သောက ခြင်း ဆင်းရဲ ခြင်းသည် သေသောက် ခြင့် ကြောင့် ဖြစ် ၏ဟု။ သေ သောက်ခြင်းခို အကျိုးမရှိ ကြီးစွာသောအပြစ်ကိုဖြင်သဖြင့်။ယခုနေ့မှစ၍ ဒေဝဒတ္တဖို့ဖိုလ်ကို မရသေးသေ၌ ကာလပတ်လုံး အကျိုးမရှိ၊ ကြီးစွာ သောပျက်စီးခြင်းကို ပြုတတ်သော သေကို သောက်ရသည်ကိုယ် မဖြစ် လို ဟု ငိုဟွာန်သဖြင့် သေမသောက်သည်ဟု ဆိုလျှင်။ အဘယ့်ကြောင့် ချစ်ခြင်းမရှိသနည်းဟု မင်းကြီး မေးသောကြောင့်။ ရှင်မင်းကြီး၊ ရှေး ကာလခို ဗာရာဏသီပြည့်ရှင် ကိဗဒဝါသမင်းဖြစ်၍။ဒုဋ္ဌကုမာရအမည် ရှိသော ချစ်လှစွာသော သားကို အရွယ်သို့ ရောက်လျှင် အိမ်ရှေ့မင်း ဖြစ်စေ၍။ ဘွားဦးစကပင် ဤမင်းသားသည် ရေမသောက်ရသဖြင့် ခန္ဓာကုန်လတ္တံ့ ဟု လက္ခဏာ ဘတ်တတ်သောသူတို့ ဆိုသောကြောင့်။ ရှိတံခါး လေးမျက်နှာ၊ ရှိလယ်၊ ရှိတွင်း တို့ခို ကြီးစွာသော ဖရကန်ကို တူးစေ၍။ခရီးလေးဆယ့် အစရှိသော ထိုထိုသောအရပ်တို့ခို ကြီးစွာသော အိုးစရည်းကြီးတို့ကို တည်စေ၍။ မင်းကြီးသွားရာရာ ဖက္ကေမကွာ ခေါ် လျက်။ တနေ့သခို ထိုမင်းသားချည်း ဥယျာဉ်ကစားမည် သွားရာတွင်။ ခရီးအကြားခို ပဒေသာဒုဋ္ဌါဘုရားကိုဖြင်သဖြင့် ပရိသတ် အပေါင်းတို့ လက်အုပ်ချိသည့် ရှိခိုးသည်ကို ဖြင်လျှင် ငါသို့သောသူနှင့် အတူလိုက် လျက် ဤဦးပြည်းကို ရှိခိုးကုန်သည်ဟု အမျက်ထွက်၍ ဆင်မြသက်ပြိုး သော် ပဒေသာဒုဋ္ဌါအနီးသို့ ကပ်၍။ ရဟန်း၊ ယုံ မိုးရေ၏လောဟု မေး၍။ မင်းသား၊ရေ၏ဟုဆိုလျှင်။ပဒေသာဒုဋ္ဌါလက်တော်မှ သပိတ်ကိုလု၍ ဖြေခို ပစ်ခဲ့၍ ထမင်းနှင့်တူးကွ နှင်းနယ်၍ မုန့်မုန့်ညက်ညက် ကြေအောင်ပြု သည်ကို။ဤသင်္ဘာဝါသည် ပျက်စီးခြင်းပြင်းလှလေ၏ဟု မင်းသားမျက် နှာကို ကြည့်သည်ရှိသော်။ အဘယ့်ကြောင့် ငါ့ကိုကြည့်သနည်း။ ငါ ကြောင်တဝါသမင်းကြီးသား၊ဒုဋ္ဌကုမာရမင်းသား မဟုတ်လော။သင် ငါ့ကို အမျက်ထွက်သဖြင့်ကြည့်၍ အဘယ်ပြုစပါအံ့နည်းဟု ဆိုလျှင်။ပဒေသာ ဒုဋ္ဌါသည် ပြတ်သောဆင်မြ ရှိသည်ဖြစ်၍ နန္ဒမူလ တောင်သို့ ပြန်လေ သောခဏခို။ ထိုမကောင်းမှု၏အကျိုးသည် ရောတ်တည့်သဖြင့်။ပူလွှ၏၊ ပူလွှ၏၊ လောင်လွှ၏၊ လောင်လွှ၏ ဟု မြည်တမ်းလျက် ၇နှစ်တက်သော

ပူပန်ခြင်းရှိသည်ဖြစ်၍။ကန်ချောင်းပြောင်းအစရှိသောအလုံးစုံသောအ
ရပ်၌ ရေဟူသမျှ ခန်းခြောက်၍ ရေမရသဖြင့်။အသက်ဟုန်၍ အဝိစိငရဲ
၌ဖြစ်လေ၏။ ထိုအကြောင်းကို မင်းကြီးကြားလျှင် သားခွစိုးရိမ်ခြင်းဖြင့်
နှိပ်စက်လပ်သည်ဖြစ်၍။ ဤဂါထာ၏စိုးရိမ်ခြင်းသည် ချစ်သ သူ ကြောင့်
ဖြစ်၏။ ချစ်ခြင်းမရှိသည်ရှိသော် စိုးရိမ်ခြင်းမရှိရော။ဤနေ့မှစ၍ သဝိညာ
ဏကခွဒ္ဓဂင်း အဝိညာဏကခွဒ္ဓဂင်း ချစ်ခြင်း ဂင်းသည်ဖြစ်စေသတည်းဟု
ဝိဒ္ဒာန်သဖြင့် ထိုနေ့မှစ၍ ချစ်ခြင်းမရှိသည်ဟုဆိုလျှင်။ အဘ ့် ကြောင့်
အမျက်မထွက်သနည်းဟု မေးသည်ကို။ အကွန့်ပ်သည် ရှေးသင်္ဘောအ
ခါ၌ အရကရသေ့ဖြစ်၍ ခုနစ်နှစ်ပတ်လုံး မေ့ွာစတ်ကို ပွါးစေသဖြင့်
ခုနစ်ပါးသောသံဝဋ္ဋဝိဝဋ္ဋကပ်ပတ်လုံး ပြုဟွ့ပြည်၌ဖြစ်၏။ ဤသို့အခါ
လေးဖြင့် လွဲကျက်သော မေ့ွာဘာဝနာကြောင့် အမျက်မရှိသည်
ဟုဆို၍။ဆတ္တပါဏိ၏အင်္ဂါလေးပါးကိုကြားလျှင် ထိုဒွစည်းဝေးသော
ပရိသတ်အား မင်းကြီး အမှတ်သညာပေးသဖြင့်။ အမတ်ချွေးသူ သူ
ကြွယ်အစရှိသောသူတို့သည်။ ပဲ့မကောင်းစွာသော ကာဠကဏ္ဏိ တံဆိုး
မစားရဟူ၍ သုခမိန်ကို အနှိုင်အထက်စွပ်စွဲ၍ သတ်ရအောင်ကြံသည်
ဟု လက်ခြေလေးဘက်ကိုကိုင်၍ မင်းအိမ်မှဆွဲ၍။ကိုင်မိသော်ရသောခဲ
လုံကနဆောက်ပုတ်တို့ဖြင့် ခေါင်းကို ညှက်ညှက်ကြေရိုက်ခွဲ၍ ခြေကို
ငင်၍ တံမြက်ဖတ်စုဒွိပစ်လေခြင်း။ ထိုနေ့မှစ၍ မင်းကြီးတရားနှင့်ညီ
စွာ မင်းပြုသဖြင့် ကံအားလျော်ပတ်စွာ လားရခြင်း။ ထိုကြောင့်ခါ
ကာဠကဏ္ဏိသည် ယခုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ ဆ ့ပါဏိသည် သာရိ
ပုတ္တရာဖြစ်လာ၏။သိကြားသည် အနုရုဒ္ဓါဖြစ်လာ၏။မင်းကြီးသည်အာ
နန္ဒာဖြစ်လာ၏။ဓမ္မာဇီဝသုခမိန်သည် ငါတရားဖြစ်လာ၏ဟု ဇာတ်တော်
ကိုပေါင်းခြင်း အဋ္ဌုပ္ပတ္တိရှိသော ဓမ္မာဇီဝဇာတ်ကို အကြောင်းပြုသဖြင့်
ဂုဏ်းသိအပ်၏။ ။ဤသည်လျှင်သာဟသိကဝဂ္ဂနမည်၏ဟူလိုသော်။ ။

၇၄။ နိရယကအမ္ဗာနဝဏ္ဏနအားဖြင့် လှည့်ပတ်ခြင်းကိုပြရာ။

၃။ နိရယကအမ္ဗာနဝဏ္ဏနဟူသော်ကား။အကျိုးမရှိ။ အကြောင်း
မဟုတ်သဖြင့်။ မကြားဘဲကိုကြားဘိသကဲ့သို့။ မမြင်ဘဲကိုမြင်ဘိသကဲ့

သို့။ မသိဘဲကိုသိဘိသကဲ့သို့။ မဟုတ်ဘဲကို ဟုတ်ဘိသကဲ့သို့။ မမှန်ဘဲ ကို မှန်ဘိသကဲ့သို့။ အထူးထူးသော အကြောင်းကိုဆောင်၍ ဆိုခြင်းတို့ ၌ သိအပ်၏။ ။ဤနိဒါန်းအကဒ္ဒါနဝဏ္ဏနာ တရားသောအကြောင်းကိုမူ ဆောင်၍ပြပေအံ့။ ။ရွာလက်သား အသက်ကြီးတယောက်သည်။ ဟင်းရွက်ဟင်းသီး ခါးခိုင်ပုက်လျက် တရားသော သေတင်းကုပ်၌ သေသောက်၍ နေသည်ကိုမြင်၍။ လှည့်စားခြင်းငှါ အလိုရှိကုန်သော သေသောက်ခြင်းတို့သည် ထိုအသက်ကြီး သောက်ရာ သေတင်းကုပ်သို့ ဝင်၍ အခွက်တကွ သောက်ကြပြီးသော်။ ဤသူ၏အဝတ်ပုဆိုး လက်၌ရှိ သောဥစ္စာကို ယူကုန်အံ့ဟုကြံ၍။အချင်းတို့၊ ငါတို့တယောက် တယောဝံ စိ ဒသီးဒသီး မျက်မှောက်ထင်ထင်သိမြင်သော ယုံတွယ်ကိုပြောကုန် အံ့။ အကြင်သူသည် မဟုတ်ဟူ၍သော်လည်း ပယ်အံ့။ ဆိုသောစကား ကိုလည်း မယုံအံ့။ ထိုယူကို ကျွန်ုပ်တို့ဟု ကတ်ကဝတ်ကိုဆိုကုန်ပြီး သော်။ အိုအသက်ကြီး၊ အသို့နည်း။ အဘလည်း အလိုတူပါ၏လောဟု မေး၍ တူ၏ဟုဆိုလျှင်။ ခြံမြို့စွာကတိကဝတ်ပြုပြီးမှ သေသောက်ကြူး တယောက်သည် ဤသို့ဆို၏။ အနောင်တို့၊ ငါ့မိဝမ်းခွဲ ငါပဋိသန္ဓေနေ သော်။ ငါ့မိသည် သိုးသိုးစားချင်သောဇကြောင့် သိုးသိုးယူမည့်သူတပါး မရှိ၍ ငါ့ကိုပင်စေလိုက်၏။ ငှါးသုံးသည်လည်း သိုးပင်ရှိရာသို့ သွား၍ တက်ခြင်းငှါမတတ်နိုင်သည်ရှိသော်။ ငါ့ခြေကိုဂုင်း ငါသည်ပင်ကိုင်၍ ဆောက်ပုတ်လှုံကန်ကိုကဲ့သို့ သိုးပင်ထက်သို့ပစ်လိုက်၏။ အထက်သို့ ရောက်လျှင် သစ်တခက်နှင့်သည် တခက်သို့လျှောက်၍ များစွာသောသိုး သိုးကိုဆွတ်ပြီးသော်။တဘန်သက်ခြင်းငှါ မတတ်နိုင်ရကား။ ငါ့မိအိမ် သို့သွား၍ လှေကားဟောင်းကိုယူခဲ့ချေ၍။ သက်ပြီးသော်၊ ငါ့အမိထံသို့ သွား၍ တခါးပိုက်တည်းဖြင့် ဆောင်ခဲ့သောသိုးသိုးကိုငါ့မိအားပေး၏။ ထိုသိုးသိုးတို့သည် ပမာဏအားဖြင့် အိုးစရည်းရှိရှိကြီးကုန်၏။ ငါ့မိ လည်း ထိုသိုးသိုးကို တနေရာတည်းခွ အလုံးခြောက်ဆယ်ကုန်အောင် စားစေ၏။ ကြွင်းသမျှကို ကြီးသူငယ်သားတို့အား စားစေ၍။ မဟုန်နှင့် လျှင် တဒုခြောက်တောင်အစောက်ဖြင့်သော ငါ့မိအိမ်၌ အလုံးစုံသော ပရိဘောဂကိုထုတ်၍ အမိုးတိုင်အောင် သိုးသိုးအတိပြည့်စေ၏။ ထိုမှ ကြွင်းသမျှကို တံခါးအနီး၌ စုစေ၏။ ထိုအစုသည် အတောင်ရှစ်ဆယ် အစောက်ဖြင့်၍ တောင်ကဲ့သို့ဖြစ်၏။ ဤသို့သောစကားကို အသူမယုံ၍

ပါဘုအံ့နည်း။ ယုံပါဘုန်၏လော်ဟုမေး၍။ ရွာလက်သား ယောကျ်ား လည်းဆိတ်ဆိတ်နေ၏။ ထိုသူတို့လည်းအလိုအလျောက် ဆိုကုန်၏။ ထို့နောင်မှ အသို့နည်း အဘယုံပါ၏လောဟု မေး၏။ အသက်ကြီးလည်း သားတို့ နိုင်ငံကျယ်သည် ဖြစ်ဖသောကြောင့် ဟုတ်ပေဘွယ်ရှိ၏။ ကျယ်သောနိုင်တိုင်းငံ၌ မယုံမရှိကောင်း။ယုံရတော့သည်ဟုဆို၏။ ။ကြွင်းသော သေသောက်ကြွေးယောကျ်ားတို့လည်း ဤအကျွေဂုဏ်းစွမ်းနိုင်သော အလျောက် အသံးအလိုး အကျိုးမရှိသော စကားကိုဆိုကုန်၏။ ။ထို့နောင် ရွာလက်သားအသက်ကြီးလည်း။ သားတို့၊ ငါ့စကားကို့လည်း နာပါကုန်။ သင်တို့ ဆွေမျိုး ညာတကာသာ ကြွပင်ဝ များမြောင်သည် မဟုတ်၊ ငါ့ဆွေမျိုး ညာတကာလည်း ကွယ်ဝများမြောင်၏။ဤသဗ္ဗညုအခါ ငါတို့ လယ်လုပ်ကြရာတွင် အလုံးစုံသော ယာထက် ငါဝါယာသည် ဧကလွန်တရာကြီးကျယ်၏။ ထိုငါဝါယာ၏အလယ်၌ ဝါတပင်သည် အလွန်မြင့်သည်ဖြစ်၍ အတောင်ခွစ်ဆယ်အစောက်ရှိ၏။ ထိုဝါပင်သည် ခက်မငါးဖြာနှင့်ပြည့်စုံ၏။ အလွန်နွစ်သက်ဘွယ်ရှိ၏။ ထိုခက်မငါးဖြာဘို့တွင် လေးဖြာသောခက်မသည် အသီးမသီး။ အခြားခက်မ အနှာသည် ကြီးစွာသော အိုးစရည်းရှိ တလုံးတည်းသီး၏။ ထိုအသီး၌ ခြောက်မြောင့်သော အစုတို့သည်ဖြစ်ကုန်၏။ ထိုခြောက်မြောင့်သော အစုတို့၌ ခြောက်ခုသောဝါပေါက်တို့သည် ပေါက်ကုန်၏။ငါးသည် လည်း ဆံမုတ်သိပ်ပြင်စေပြီးသော် ရေချိုးပြီးသော် ပန်းနံ့သာလိမ်းပြီးသော်ဝတ်စားပြုပြင်၍ဝါယာကြည့်ခြင်းငှါသွား၏။ထိုအခါ၌ဝါပေါက်တို့ကိုဖြင်၍။ ဖြောပင်ရပ်လျက် လက်ကိုဆန့်၍ ငါယူ၏။ ဝါခြောက်ပေါက်တို့သည် ငါယူလျှင် စွမ်းပကားခွန်အားနှင့် ပြည့်စုံသော ကျွန်ယောကျ်း ခြောက်ယောက်ဖြစ်ကုန်၏။ ထိုကျွန်ယောကျ်း ခြောက်ယောက်ဘို့သည် ငါတယောက်တည်းကိုသာ စွန့်ခဲ့၍ ပြေးလေကုန်၏။ ဖြင့်ဖြစ်စွာသော် ကာလပတ်လုံး ရှာဖွေသော်လည်းမရ။ ယခုမူကား ငါဖြင်ပြီ။ သင်တို့ ခြောက်ယောက်သည် ထိုပြေးလေသော ကျွန်ခြောက်ယောက်တို့တည်း။ သင်သည်နာ နွမည်၏။ သင်သည် သုမနာမည်၏။ သင်သည် ဝဿကာနာမည်၏။ သင်သည် ဆဏ္ဍာမည်၏။ သင်သည် မဃံလမည်၏။ သင်သည် ပါဓိယာမည်၏ဟု။ ထိုတည့်၍ထိုင်လျက်နေကုန်သော ထိုသေသောက်ကြွေး ခြောက်ယောက်တို့ကို ရောင်ကိုကိုင်၍ရပ်၏။ ထိုသူတို့

သည့် ငါတို့ သင့်ကျွန် မဟုတ်ဟု ဆိုပဉ္စကလည်း အကြင်သူသည် မ
ဟုတ်ဟူ၍သေ ဒါလည်းပယ်အံ့၊ ဆိုသော စကားကိုသော်လည်းမယုံအံ့။
ထိုသူကို ကျွန်ပြုတမ်းဟူသော ကတိကဝတ်မှ ကျုံး၍ ကျွန်ဖြစ်ရာခဲ့။ ကတိ
ကဝတ်ကိုကြောက်၍ ဆိုသော စကားကို ယုံချေကလည်း သူ့ကျွန်ရင်း
မှန်ရာခဲ့။ ထိုကြောင့်သင့်ကျွန်မဟုတ်ဟူ၍မငြင်း၊ ဟုတ်ပေ၏ဟူ၍လည်း
ဝန်မခံဝံ့ရကား ဤတိတ်ဆိတ်နေကုန်၏။ ဤနောင်မှ ထိုသူတို့ကို ဥဿျာင်
ကို ကိုင်ဝင်၍ တရားတင်းကုပ်သို့ ဆောင်ပြီးသော် အဆုံးအဖြတ်ခံ၍
ကမ္မည်းစာရင်းတင်၍ အသက်ထက်ဆုံး သူ့ကျွန်ပြု၍ သုံးဆောင်လေ
၏။ ။ဤ၌မကြားဘဲကို ကြား ဟိသကဲ့သို့။ မမြင်ဘဲကိုမြင်ဘိသကဲ့သို့။
မဟုတ်ဘဲကိုဟုတ်သိသကဲ့သို့ မမှန်ဘဲလျက် မှန်ဘိသကဲ့သို့ အကြောင်း
ဆောင်၍ သူကို့ကျွန်ပြုရအောင် အကျိုးမရှိ အချည်းနှီးအကြောင်း မ
ဟုတ်သဖြင့် လွှဲစား၍ သူကို ကျွန်ပြုရမည်ထားဘိ။ ဒါမိတို့ပင် သူ
ကျွန်အဖြစ်သို့ ရောက်ချေ၏။ ဤသည်လျှင် တရားသောအကြောင်းမည်၏
ဟူလိုသော်။ ။

အထူးသဖြင့်ကား ဆိတ်မ မြေခွေး၊မင်း၊ပုဏ္ဏား အစရှိသော သူတို့
ကို အကြောင်းပြုသဖြင့် သိရာ၏။ ။ထိုအကြောင်း အတိုနည်းဟူမူ
ကား။တို့မြတ်စွာဘုရားသခင် ဒဇာဘဝန မဟာဝိဟာရ၌နေတော်မူစဉ်။
စာ၌အစရှိသော ဇာန်ကို မစောင့်ကုန်သော များစွာသော ရဟန်းတို့
ကိုမြင်တော်မူ၍။ ဤရဟန်းတို့ကို ဆုံးမအပ်၏ဟု။ ရှင်အာနန္ဒာကိုခေါ်
တော်မူ၍။ မည်သည့်ရဟန်းကိုဟု မရည်ရွယ်ဘဲ ရဟန်းအပေါင်းတို့
ကို စည်းဝေးစေ၍။ တန်းဆာဆင်အပ်သော မြတ်သော ဘုရားနေရာ၌
နေတော်မူလျက်။ ချစ်သားတို့၊ ရဟန်းမည်သည် ရူပါဂုံစသည်တို့၌ သူ
ဘဒ္ဒိမိတ်ကို ယူခြင်းငှါမအပ်။ ထိုဒိမိတ်ကိုယူသော ခဏ၌ အကယ်၍
သေအံ့။ ငရဲအစရှိသည်ကို၌ဖြစ်၏။ မျက်မှောက်သောကိုယ်၏ ဒုက္ခဖြစ်၌
လည်း ကြီးစွာသော ပျက်စီးခြင်းသို့ရောက်၏။ ထို့ကြောင့် ရူပါဂုံအစရှိ
သည်ကို သုဘအားဖြင့်မရှုမူ၍။ မိမိ၏အာဂုံဖြစ်သော လေးပါးသော
သတိပဋ္ဌာန်၊လေးပါးသောသမ္မပ္ပဓာန်၊ရှစ်ပါးသောမဂ္ဂင်၊ကိုးပါးသော
လောကုတ္တရာတည်းဟူသောအာဂုံ၌ ကျင်လည်သောသူကို မာရ်သည်
အခွင့်မရရာ။ ကိလေသာနှင့် စပ်သည်ဖြစ်၍။ သုဘနိမိတ်အားဖြင့် အ
ကယ်၍ရှုအံ့။ ပူတိဆံသ အမည်ရှိသော မြေခွေးသည် မိမိအစာမှယုတ်

သကဲ့သို့။ မိမိကျင်လည်ရာမှ ယုတ်လတ်ဟုံ့ဟု မိန့်တော် မူဦး၍။ ရှေး အကြောင်းကို ဆောင်တော်မူ၍။ ။ချစ်သားတို့၊လွန်လေပြီးသောအခါ ၌။ဗာရာဏသီပြည်ကို ဖြိုဖျက်ဒတ်မင်းကြီး မင်းပြုခိုက်။ ဟိမဝန္တာတော၌ တရုသော်တောင်ယံတွင် လိုဏ်တရုံ၌ အရှာမဂဂါများလွှစွာသော ဆိတ် အပေါင်းတို့သည် နေကုန်ဏ်။ ထိုလိုဏ်နှင့် မနီးမဝေးသော် လိုဏ်တရုံ၌ ပူတိမံသအမည်ရှိသော ဖြေခွေးသည် ဝေဏ်အမည်ရှိသော မယားနှင့် တကွနေ၍။တနေ့သ၌ လှည့်ပတ်သွားလာရာတွင် ထိုဆိတ်အပေါင်းကို မြင်လျှင်။ တရုသောဥပါယ်တမျှဉ်ဖြင့် စားရသော် ကောင်းဏ်ဟု ကြံ၍။ ထိုကြံတိုင်းစားသဖြင့်။ ခွန်အားနှင့် ပြည့်စုံသည်။ ဆူသောကိုယ်ရှိသည် ဖြစ်၍။အစဉ်သဖြင့် ဆိတ်များကုန်ခဲ့လျှင်။ မေတ္တာမာတာ အမည်ရှိသော ဆိတ်မတရုသာ ကြွင်း၍။ ထို ဆိတ်မသည် ဥပါယ်တမျှဉ်၌ လိမ္မာသော ကြောင့် စားခြင်းငှါ မတတ်နိုင်သည် ရှိသော်။ တနေ့သ၌ ဖြေခွေးမကို ခေါ် ၍။ဆိတ်များကုန်ခဲ့ပြီ။ဆိတ်မတရုသာ ကြွင်းတော့သည်။ထိုဆိတ်မ ကို တရုသော ဥပါယ်တမျှဉ်ဖြင့် စားရသော် ကောင်းဏ်။ အသို့သော ဥပါယ်တမျှဉ်ဖြင့် စားရအံ့နည်းဟူမူကား။ သင်တပေါက်အခင်းတည်း သွား၍ ထိုဆိတ်မနှင့် အဆွေခင်ပွန်းဖြစ်အောင်ပြု။ အဆွေခင်ပွန်းဖြစ်၍ အကျွမ်းဝင်လျှင် ငါသေကျွန်ပြု၍အိပ်မူည်။သင် ထိုဆိတ်မအထံသို့ သွား၍ ငါ့လင်သေခဲ့သည်။ အခွင့်ကိုထား၍ တပါးကိုးကွယ်ရာ ဆွေမျိုး ညာတာကား ငါ့တွင်မရှိ။လိုက်ပါလှည့်။ ငါတို့နှစ်ယောဒံ မြည်တမ်း၍ သင့်ဟာ ပါအံ့ဟု ထိုဆိတ်မကိုခေါ် ၍လာလှည့်။အပါးသို့ရောက်လျှင် ထ၍ကိုက်သတ်မည်ဟု မယားနှင့်တိုင်ပင်ကြ၍။ ထိုတိုင်ပင်ဘိုင်း စိရင်သည်ရှိသော်။သင့်လင်သည် ငါ့အဆွေအမျိုး ညာတာကာကိုစား၍ ကုန်ခဲ့ပြီ။ ငါကြောက်ဏ်ဟု ဆိုလျှင်။မကြောက်လင့်၊ သေဖြီးသော သူသည် အသို့ပြုလတံ့နည်းဟုဆိုသည်ကို သေငြားသော်လည်း သင့်လင်ကိုငါကြောက်ပေဏ်ဟု ဆိုလျက်။ မယုံ ယုံကြောင်းဆို၍ အဘန်တော်လဲ တောင်းပန်သဖြင့်။အကယ်စင်စစ် သေသည်ဖြစ်မည်ဟု ဝန်ခံ၍ ဖြေခွေးမနှင့်အတူ လိုက်သည်ရှိသော် အသို့ဖြစ်လတ္တံ့သည်ကို အသူသိနိုင်အံ့နည်းဟုတွေးတွေး ဒတာတော သက်သာလျက်။ဖြေခွေးမကို ရှောင်၍ ဖြေခွေးဖိုအထံသို့ သိမ်းဆည်း၍ မြဲတင်းလျက်သွားသဖြင့် ခြေဆံကိုဖြေခွေးကြားလျှင် ဆိတ်မ ပါသလော၊ မပါသလောဟု ဦးခေါင်း မော်၍ မျက်လုံးလှည့်၍

ကြည့်သည်ကိုဖြင်လျှင်။ဤကျွန်မယုတ်သည် ငါ့ကိုလွှဲစား၍ သင့်လင်ကို ကံဆိုက်သတ်စေလိုသောကြောင့် ခေါသည်ဟု၊ တဘန်ပြောပြန်ခဲ့သည်ကို မြေခွေးမလိုက်၍ အဘယ့်ကြောင့်ပြောသနည်းဟု မေးသည်ရှိသော် ထိုအကြောင်းကို ပြန်လိုသောကြောင့်။ ။နခေါမေရှင်တော်အာလိ၊ဟူတိမံသလေပေါ့နာ။ ဇတောဒ်သာသခါရသို့ဘာ၊ အာရကာပရိဝန်ဖွဲ့ယော။ ။အာလိ၊အခွေခင်ပွန်းမ။ ဟူတိမံသသ၊ဟူတိမံသဏ်။ ပေါ့နာ၊ကြည့်ခြင်းကို။ ခေါ၊ စင်စင်။ မေ၊ ငါ့အား။ နရှင်တို၊ မနှစ်သက်။ ဇတောဒိသား ဤသို့သဘော်ရှိသော။ သခါရသို့ဘာ၊ အခွေ့ခင်ပွန်းမှ။ အာရကာ၊ ဝေးစွာ။ ပရိဝန်ဖွဲ့ယော၊ ကြဉ်ရာဏ်။ ။ဤဂါထာဖြင့် ပြေးကြောင်းကိုဆို၍ မနုရာဟောင်းသို့ ပြန်သော မေဏ္ဍာမဘာတာကို တဘန် လာပြန် စေခိုင်းသောဌာ မတာတ်နိုင်လျှင် အမျက်ထွက်၍ မြေခွေးဖို အထံသို့လာ၍ မှိုင်လျက် နေသောမြေခွေးမကို မြေခွေးဖို ကဲ့ရဲ့လိုသောကြောင့်။ ။ဥမ္မတ္တကာ အယ်ဝေဏ်၊ ဝဏ္ဏတိပတိနောသခိ်။ ပဏ္ဍာယိပဋိဂန္ဓာ၊ အာ၊တံမေဏ္ဍာမဘာတံ။ ။အယ်ဝေဟ်၊ ဤဧဝဏ်သည်။သခိ်၊ခင်ပွန်းမကို။ပတိနော၊ လင်ဖြစ်။ သန္ဒိဇော၊အထံ၌။ ဝဒဏ္ဍာတိ၊ ချီးမွမ်း၏။ အယံဝေဟ်၊ ဤဝေဟ်သည်။ ဥမ္မတ္တကာ၊ ရူးဘိသလော။ အာဂတံ၊ လာပြီးလျက်။ ပဋိဂန္ဓာ၊ တဘန် သွားပြန်လေသော။ မေဏ္ဍာမဘာတရံ၊မေဏ္ဍာမဘာဝါကို။ ပဏ္ဍာယ်၊ တဘန်စိုးရိမ်ပြန်၏။ အယံဝေဟ်၊ ဤဝေဟ်သည်။ ဥမ္မတ္တိကာ၊ ရူးဘိသလော။ ။ဤဂါထာဖြင့်၊ မေဏ္ဍာမဘာသည် ငါ၌ ချစ်မြတ်နိုး၏။ အကျွမ်းဝင်၏။မသျှတ်မသင့်လာလတ္တံ့။သေကျွန်သာပြုစမ်းပြုဟုခင်ပွန်းမကို ငါ့အထံ၌ ချီးမွမ်းသည်လည်း ရူးဘိသလော။လာပြီးလျက် ငါ့အထံသို့မရောက်တဲ့ ပြန်လေသော ခင်ပွန်းမကို စိုးရိမ်ပြန်သည်လည်း ရူးဘိသလောဟု မြေခွေးမကို မြေခွေးဖို ကဲ့ရဲ့သည်ရှိသော်။ ။ဘွံခေါသိသမ္မဒ ဥမ္မဇ္ဇော၊ဒုမ္မေခါအခိစကွာဟော။သောတ္ထံမတာလယံကတွာ၊ အကာလေနပိပေက္ခသိ။ ။သမ္မ၊အချင်း။ ပေါတ္ထံ အကြောင်းသင်သည်။ မတာလယံ၊သေသော အခြင်းအရာကို။ ကတွာ ပြုဦး၍။ အကာလေန၊အခါမဟုတ်သဖြင့်။ပိပေက္ခသိ၊ကြည့်၏။ ဒုဗ္ဘဒ္ဒေါ နည်းသောပညာရှိသော။ အဝိစက္ခဏော၊အဆင်အခြင်နှင့်ပြည့်စုံသောပညာမှကင်းသော။သောတ္ထံ၊ ထိုသင်သာလျှင်။ ဥမ္မတ္တော၊ရူးသည်။ အသိ၊ဖြစ်၏။ ။ဤဂါထာဖြင့် မြေခွေးဖိုကို မြေခွေးမ ကဲ့ရဲ့ပြန်၏။ ဤသည်ကို အကြောင်းပြု၍ မြတ်စွာ

ဘုရားသည်။ ။နဒကာလေဝိပေကွေယျ၊ ကာလေပေကွေယျပဿိ
တော။ ပုတိမံသော၀ ပဇ္ဈာယိ၊ ယောဒကာလေ ဝိပေ့ဒတိ။ ။တိဏ္ဍ
၀ေ၊ ငါ၏ချစ်သား ရဟန်းမျိုးတို့။ပဿိတော၊ ပညာရှိသောသူသည်။
အာကာလေ၊အခါမဟုတ်သည်ဖြစ်။နဝိပေကွေယျ မကြည့်ရှုရာ။ကာလေ၊
လျောက်ပတ်သောအခါဖြစ်သာလျှင်။ပေကွေယျ၊ကြည့်ရှုရာ၏။ပေါ၊အ
ကြင်သူသည်။ အကာလေ၊အခါမဟုတ်သည်ဖြစ်။ငပေ့ဇတိ၊ ကြည့်ရှု၏။
သော၊ထိုသူသည်။ ပုတိမံသော၀၊ ပုတိမသအမည်ရှိသော မြေးဆွေးမှိ
ကဲ့သို့။ပဇ္ဈာယိ၊စိုးရိမ်ရ၏။ ။ဤဂါထာဖြင့်ကာမဂုဏ်တို့အပေကြောင်း
ပြု၍ သုဘအားဖြင့် ရှုပါရုံကိုရှုခြင်းသည်။ရဟန်းတို့အား အခါမဟုတ်
သည်ဖြစ်ကြည့်ခြင်းမည်၏။ အသုဘအားဖြင့်ဂဠန်း၊ အဋ္ဌိသင်္ခလိကအားဖြင့်
ဂဠန်း၊ ကသိဏ်းပရိကံ်အားဖြင့်ဂဠန်း ရှုခြင်းသည်။ ရဟန်းတို့ဖြစ်ား အခါ
ဟုတ်သည်ဖြစ် ကြည့်ခြင်းမည်၏။ အခါမဟုတ်သည်တို့ဖြစ် ကြည့်သောသူ
တို့သည်၊ ဟရိတရဿေ၊ လောမကသပ ရဿေကိုကဲ့သို့ ကြီးစွာသော
ပျက်စီးခြင်းသို့ ရောက်ကုန်၏။ အခါဟုတ်သည်ဖြစ် ကြည့်သော သူတို့
သည် တိသဃထေရ်၏ အစရှိသော သူတို့ကဲ့သို့ အရဟတ္တဖိုလ်သို့ ရောက်
ကုန်၏။ အခါမဟုတ်သည်ဖြစ် ကြည့်သောသူလည်း ပုတိမံသ မြေးဆွေး
သည် အခါမဟုတ်သည်ဖြစ် ကြည့်သဖြင့် မိမိအစာရှာ ယူတတ်သကဲ့သို့
သက်ပဋ္ဌာန်းအစရှိသော မိမိကျင်လည်ရာမှယုတ်၏။ မျက်မှောက်သော
ကိုယ်အဖြစ် တမလွန်သော ကိုယ်အဖြစ်ဖြစ် ပင်ပန်း၏ဟု သြ၀ါဒမှတေ
သနာချပ်တော်မူ၏။ ။ဝေဘိအမည်ရှိသော မြေးမလည်း၊ ပုတိမံ
သအမည်ရှိသောမြေးဖို့ကိုနှစ်သိမ့်မျှားယောင်းပြန်၍။ချစ်လင်၊မကြီ
လင့်။ ငါတရသော ဥပါယ်တမျှဖြင့်ခေါ် ပြန်ချေအုံ့ဟုဆို၍။ ထိုဆိတ်မ
အထံသို့သွား၍။အာလိ၊အခွင့်၏လာခြင်းသည်အကျိုးရှိလျှင်၏အခွင့်လာ
လျှင်ပင် ငါ့လင်ခွင့်ပြန်သည် ဖြစ်သောကြောင့်။ အခွင့်လာ၍ ငါ့လင်ကို
ပဋိသန္ထာရရပြုပါလော့ဟုဆိုဦး၍။ ။ဒိယံခေါအာလိမေဇံဟောတု၊ပုတ္တ
ပတ္ထံဒဒါဟိမေ။ ပတိသဒ္ဒိဝိတောမယံ၊ဇေဋ္ဌာသိပိယပုန္တိတာ။ ။အာ
လိ၊ အဆွေခင်ပွန်းမ၊ မေ၊ ငါ့အား။ ခေါ၊ စင်စစ်။ ဒိယံ၊ ချစ်ခြင်းသည်။
ဟောတု၊ဖြစ်စေ။ ပုတ္တာပတ္ထံ၊နှစ်သက်သော ပေးခြင်းကို။ မေ၊ ငါ့အား။
ဒဒါဟိ၊ပေးပါလော့။ မယံ၊ငါ၏။ ပတိ၊လင်သည်။ သဒ္ဒိ တော၊တာဘန်
ရှင်ပြန်၏။ ပိယာပုန္တိတာ၊ ချစ်အပ်သော မေးခြင်းရှိသည်ဖြစ်၍။ ဇေဋ္ဌာ

သိ၊လောပါလော့။ ။ဤဂါထာဖြင့်၊တာဝန်လွှဲစားပြန်သောဖြေခွေးမ စကားကိုကြားလျှင်။ ယုတ်မာသော သဘောရှိသော ဤကျွန်ယုတ်မ သည် ငါ့ကိုလွှဲစားပြန်၏။ ဆန့်ကျင်ဘက်ပြု၍ မကောင်း။ တခုသော ဥပါယ်တမျှဉာဏ်ဖြင့် လွှဲစားရသော် ကောင်း၏ဟုကြံ၍။ ။ပိယံမေါ ဝေဏ်တောဟောဝတူ၊ ပုဏ္ဏာပတ္တံ ဒဒါဒိတော။ မဟာတာပရိဝါရေန၊ ဇသံ ကယိရာသိဘောဇနံ။ ။ဝေဏိ၊ရှင်မဝေဏိ။ဝေ၊သင့်အား။ခေါ၊စင် စစ်။ ပိယံ ချစ်ခြင်းသည်။ဟောတူ၊ဖြစ်စေ။ တော၊သင့်အား။ပုဏ္ဏာပတ္တံ၊ နှစ်သက်သော ပေးခြင်းကို။ ဒဒါဒိ၊ ပေးအံ့။ မဟာတာ၊ မျှားစွာသော။ ပရိဝါရေန၊ အခြံအခံဖြင့်။ ဇသံ၊ ငါလာအံ့။ တောသံ ထိုအခြံအခံတို့ အား။ဘောဇနံ၊အစာကို။ကယိရာသိ၊ပြုလော့။ ။ဤဂါထာဖြင့် မျှားစွာသောအခြံအခံနှင့်တကွငါလာမည်။ငါ၏အခြံအခံတို့အား စားစရာစီရင်လေဟုဆိုသည်ဖြစ်သော်။ထိုအခြံအရံကိုမေးလိုသောကြောင့်။ ။ကိဒိသောတုယှံပရိဝါရော၊ ယေသံကာဟာမိဘောဇနံ။ကိံနာမကာစ တေသဇ္ဇေ၊တံမေအာစိက္ခာဟိပုစ္ဆိတာ။ ။အာလိ၊အဆွေခင်ပွန်းမ။ပေ သံ အကြင်အခြံအရံတို့အား။ဘောဇနံ၊အစာကို။ကာဟာမိ စီရင်အံ့။ တုယှံ၊သင်၏။သောပရိဝါရော၊ထိုအခြံအရံသည်။ကိဒိသော၊ အသို့သဘောရှိသနည်း။ သဇ္ဇေ၊အလုံးစုံကုန်သော။ တော၊ထိုအခြံအရံတို့သည်။ ကိံနာမကာ၊ အဘယ်အမည် ရှိကုန်သနည်း။ တံ၊ ထိုအကြောင်းကို။ ပုစ္ဆိတာ၊ မေးအပ်သောရှင်မသည်။ မေ၊ငါ့အား။ အာစိက္ခာဟိ၊ ကြားဘိ လော့။ ။ဤဂါထာဖြင့်မေးသော ဝေဏိအား ထိုအခြံအရံတို့ကိုကြား လိုသောကြောင့်။ ။မာလိယော စတုရင်္ဂုလော စ ပိဂိယော အထဇမ္မု ကော။ ဇမ္ဗေသောမယှံပရိဝါရော၊ဟေ၊ကယိရာသိဘောဇနံ။ ။ဝေ ဏိ၊ရှင်မဝေဏိ၊မာလိယော၊စ၊မာလိယ၊ငှ်း။တုရင်္ဂုလော၊စ၊တုရင်္ဂုလငှ်း။ ပိဂိယော၊စ၊ပိဂိယငှ်း။အထ၊ထိုနှစ်။ဇမ္ဗု၊ကော၊စ၊ ဇမ္ဗု၊ကငှ်း။မယှံ၊ငါ၏။ ပရိဝါရော၊ အခြံအရံသည်။ဇဒိသော ဤသို့သဘောရှိ၏။တောသံ၊ ထိုအခြံအရံတို့အား။ သောဘောဇနံ၊အစာကို။ကယိရာသိ၊စီရင်လော။ ။ ဤဂါထာဖြင့် မာလိယ၊တုရင်္ဂု၊ပိဂိယ ဇမ္ဗု၊ကဟူသောခွေးမင်းလေးရ တို့သည် တစေ့တောက်ပသောကျောက်လျှင် ငါးရောငါးရာစီ အခြံအရံ ရှိကုန်၏။ ဤလေးပေါက်သောအခြံအရံရှိသည်ဖြစ်၍ငါလာအံ့။ ဤခွေးတို့သည် အစာမစားရသည်ရှိသော် သင်တို့လင်မယားကို သတ်၍ စားလတ္တံ့။

ထို့ကြောင့် အစာအရေစိရင်းလဟု ဆိုပျှင်။ မြေဆွေးမ ကြောက်၍။ ဤဆိတ်မကို တရသေးသော ဥပါယ်တမျဉ်ဖြင့် မလာအောင် ပြုစုံဟုကြံ၍။ ။နိကွန္တာဃ အဂါရဿဝ၊ ဘဏ္ဍာဂါဒိနယတိ။ အာရောဂျံ အာလိနော ဝဏ္ဏံ၊ ဇာဝေဝသမာဂမ။ ။အာလိ၊အဆွေခင်ပွန်းမ။အဂါရဿဝ၊အိမ်မှ။နိကွန္တာဃ၊ထွက်သောဝှင်မ၏။ ဘဏ္ဍာဂါဒိ၊ ဥစ္စာဘဏ္ဍာသော်လည်း။ဝိနသတိ၊ ပျောက်ပေရာ၏။ အာလိနော၊ အဆွေခင်ပွန်းမ၏။ အာရောဂျံ၊အနာမရှိသည်၏အဖြစ်ကို။ ပဇို၊ဆိုလေအံ့၊ ဇာဝေဝ၊ဤအရပ်ဌိလျှင်။ဝသ၊ နေတော်မူလော့။ မာဂမ၊မလာလင့်။ ။ဤဂါထာဖြင့် မလာအံ့သောအကြောင်းကိုဆိုခြင်း။ သေအံ့သောဘေးမှကြောက်သဖြင့် မြွေခွေးဖိအထံသို့ ပြေးလေ့ရှိခြင်း။ ထိုအကြောင်းကို မြွေခွေးဖိအား ကြား၍၊ မြွေခွေးဖိကို ခေါ်၍ တပါးသောအရပ်သို့ ပြေးပြန်မလေခြင်း။ထိုမြွေခွေးလင်မယားသည် ထိုအရပ်သို့တဘန် မလာပြန်ခြင်း။ထိုကြောင့်အခါ ထိုအရပ်၌ ထိုအကြောင်းကိုသိဖြင်သော သစ်ပင်စောင့်နတ်မင်းကြီးသည် ငါဘုရားဖြစ်၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အစ္ဆရိယဓမ္မတိုနှင့်ပြည့်စုံသော ပုတိမံသဇာတ်ကိုအကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး၏ ကြော့သွေးသောအဆင်းထွက်သောအစွယ်ရှိသော ပုရောဟိတ် ပုဏ္ဏားဇ၏ ပုဏ္ဏားမသည်။ ထိုပုဏ္ဏားနှင့်ကျသော ကြော့သွေးသောအဆင်း၊ ယုတ်သောအစွယ်ရှိသော ပုဏ္ဏားတပေါက်နှင့် ကျင်လည်သည်ကို ထိုပုဏ္ဏားသိ၍၊ အဘန်တလဲလဲ ဆုံးမဖြစ်တားသော်လည်း မနိုင်သောကြောင့်။ ငါ့ရန်သူကို ငါ့လက်နှင့် သတ်သောထက်။မင်းကြီးကိုလှည့်စား၍ သတ်စေအံ့ဟုကြံ၍။ ရှင်မင်းကြီး၊မြို့တော်လည်း ဇမ္ဗူ။ဒီပါကျွန်းဦး မြတ်သောမြို့။ ရှင်မင်းကြီးလည်း ဇမ္ဗူ။ဒီပါကျွန်းဦး မြတ်သောမင်းဖြစ်တော်မူသည်။ထွက်တော်မူသော တောင်တံခါးတော်သည် မင်္ဂလာရှိသောကြောင့်။ မင်္ဂလာပြု၍ အသစ်တည်ရသော် ကောင်းဖို့ဟုလျှံဝှဲလျှင်။ မင်းကြီးဒဓံလိုပါသောကြောင့်၊ပုဏ္ဏားအလိုရှိတိုင်း မင်္ဂလာရှိသောသစ်အစရှိသည်ကို ယူစေ၍ လုပ်ကြံပြီးစီးမှ။ရှင်မင်းကြီး၊ နက်ဖြန် နာဂစ်တော်ကောင်းသည်ဖြစ်သောကြောင့် တံခါးတိုင်စိုက်အံ့။ နတ်ပူဇော်ရာ စီရင်တော်မူဟုဆိုသည်ကို၊ အဘယ်ကို အလိုရှိသနည်းဟုမေး၍။ဤတံခါးကို တန်းခိုးကြီးသောနတ်စောင့်သည်ဖြစ်သောကြောင့် များမြတ်သော ပူဇော်ဘွယ် ဝတ္ထုနှင့်

တာကွ ကြော့သွေးသောအဆင်း၊ ထွက်သောအစွယ်ရှိသော၊ အဓိအဘာ
မျိုးမှ စင်ကြယ်သော ပုဏ္ဏားစစ်ကို ဒေတ်၍။ အသားအသွေးဖြင့် ပူဇော်
၍။ အကောင်ကိုထည့်၍ စိုက်အံ့။ သင်းမင်းကြီးလည်း ချမ်းသာစီးပွါး
များအံ့သည်။ ဖြို့တော်လည်း မြဲမြံခိုင်ခန့်အံ့သည်ဟု ဆင်ခြင်လျှင်။ ကောင်းပြီ
ဟု မင်းကြီးအာဓမခံသဖြင့်။ ရန်သူ၏ပျက်စီးခြင်းကို ဖြင်ရတော့မည်ဟု
ဝမ်းမြောက် ဝမ်းသာ အိမ်သို့လာ၍ နှုတ်ကိုစောင့်ခြင်းငှါ မတတ်နိုင်ရ
ကား။ဟယ်ကွန်မယုတ်။ ဤနေ့မှစ၍ နင်အသူနှင့် ငမွေလျှင်ရအံ့နည်း။
နက်ဖြန်နှင့်သယောက်ကိုသတ်၍ မင်္ဂလာပြုတော့မည်ဟု အဆောတ
လျင်ဆို၍။အပြစ်မရှိဘဲကို အဘယ့်ကြောင့်သတ်ရအံ့နည်းဟုဆိုသည်ရှိ
သော်၊ ဤသို့သောဒေကြောင်းကြောင့် သတ်မည်ဟုဆို၍ ထိုအကြောင်း
ကို ပုဏ္ဏားမကြားလျှင် သယောက်သို့စေခိုင်း၍ တပါးသို့ပြေးလေစေ
သဖြင့်၊ ထိုစကားကို အဆင့်ဆင့်ကြား၍။ ထိုပုဏ္ဏားနှင့်တူသောသူတို့
သည်လည်း ပြေးလေ၏တန်၏။ မိုးသောက်လျှင် ရန်သူပြေးမှန်းကိုမသိ
သောကြောင့်၊ ပုရောဟိတ်ပုဏ္ဏားသည် နံနက်စောစောက မင်းအိမ်သို့
သွား၍။ဤမည်သောအရပ်၌ ဤသို့သောအဆင်းသဏ္ဌာန်ရှိသောပုဏ္ဏား
ရှိ၏။ ယူစေဟုဆိုလျှင်။ အဓမ်တို့ကို မင်းကြီးစေ၍ ပြေးလေးသောအ
ဖြစ်ကိုသိ၍။ ထိုပုဏ္ဏားနှင့်တူသောသူကိုရှာဟု မြို့အလုံးရှာသော်လည်း
မရ၍။ပုရောဟိတ်ပုဏ္ဏားမှတပါး မရှိဖြိုဟုလျောက်သဖြင့်၊ ပုရောဟိတ်
ပုဏ္ဏားကို မသတ်ကောင်းချေဟု မင်းကြီး ဆိုသည်ကို။ ပုရောဟိတ်
ပုဏ္ဏားကြောင့် တံခါးကိုဖျက်၍။ ယခုမတည်သည်ရှိသော် မြို့မလုံရာ။
ပုရောဟိတ်ပုဏ္ဏားသည် ယခုမတည်ဖြစ်သော် တနှစ်လွန်မှ အခါရ
မည်ဟူ၍ ဆိုသည်ဖြစ်သောကြောင့်။ တနှစ်ပတ်လုံး တံခါးမရှိခဲ့သော်
ရန်သူခွင့်မရလေပြီလော။ တပါးကို ပုရောဟိတ်ပုဏ္ဏားပြုစေ၍။ ဤသူ
နှင့် တံခါးတည်ရသော် မကောင်းလောဟု အဓမ်တို့လျှောက်လျှင်။ အသူ
ကို ပုရောဟိတ်ပုဏ္ဏားပြုစေရသော် ကောင်းအံ့နည်းဟု မင်းကြီးမေး
၍။ဤပုဏ္ဏားတပည့်ဖြစ်သော တက္ကာရိပါ ပုဏ္ဏားလုလင်ကိုပြုစေသော်
ကောင်း၏ဟုလျောက်ကုန်သဖြင့်။ တက္ကာရိပါလုလင်ကိုခေါ်စေ၍ များ
စွာသော ပူဇော်ခြင်း ဖြတ်နိုးခြင်းနှင့်တကွ ပုရောဟိတ်အရာကိုပေး၍။
များသောအခြံအခင်ဖြင့် တံခါးတည်ရာ မင်္ဂလာပြုစိမ့်သောဌာနေသည်
ရှိသော်။ ဘုရားလောင်း တက္ကာရိပါလုလင်သည် တံခါးတည်အံ့သော

အရပ်သို့သွား၍။ကျယ်စွာသော်တွင်းကိုတူးစေပြီးသော်။တွင်းနှင့်တကွ
တင်းထိမ်ခံ၍နေရာသို့ ပုရောဟိတ်ပုဏ္ဏားကိုမင်း၏အာဟာဖြင့် နှောင်
ဘွဲ့၍ဆောင်ခဲ့သည်ကို ဘုရားလောင်းခေါ်၍ တင်းထိမ်တွင်းခြံ အတူ
နေစေ၍၊ပုရောဟိတ်ပုဏ္ဏားသည် တွင်းကိုကြည့်၍ ဆောက်တည်ရာမရ
သဖြင့်။ငါမိုက်ခဲသောကြောင့် နှုတ်ကိုမစောင့်၍ ရန်သူ၏ပျက်ကြောင်း
ကိုဆိုသော ငါသည်။ ငါ့ကိုယ် ငါပင် သတ်၏ဟု ဘုရားလောင်းအား
ဆိုသည်ရှိသော်။ ဆရာသာ နှုတ်မစောင့်သောကြောင့် ဆင်းရဲခြင်းသို့
ရောက်သည်မဟုတ်။ တပါးသော သူတို့သည်လည်း ရေဝံ့ နှုန်တော့
သည်ဟုဆိုဦး၍။ဆရာပုဏ္ဏား။ငါပုံတာရဆိုဦးအုံ့။ဆရာနားထောင်။ ဖရုံး
သရောအခါဗာရာဏသီပြည်၌ ကာဒ္ဒိအမည်ရှိသော ပြည်မျက်စိသည်။
ကုဏ္ဍိလအမည်ရှိးသော ဓမောင်ကို ဥယျာဉ်ကျေးပေး၍ သိမ်းမွေး၏။ထို
မောင်သည်။ဓာတ်ထိုဓာတ်၊သုရာဓာတ် အက္ခရာဓာတ် အစရှိသဖြင့် ရသောဥစ္စာ
ကိုဖျောက်၍။အဘန်တလဲလဲ ဆုံးမသော်လည်း မနိုင်ရကား။ တနေ့သ၌
အနှိုက်း၍ အဝတ်မပါကင်ကျစ်ပုဆိုးကိုဝတ်၍လာသည်ကို ကာဒ္ဒိအမျက်
တွက်၍ လည်ကို ငင်၍ထုတ်စေသည်ရှိးသော် တံခါးရင်းခြံ ငိုး၍နေစဉ်
တနေ့ တထောင်တထောင်ပေး၍ နေ့တိုင်းနေ့တိုင်းလာမြဲသော သူငွေး
သားတယောက် လာမြဲလာရာတွင် မြင်၍ အငြောင်းကို ကြားလျှင်။
ကာဒ္ဒိကို အဝတ်အစားပေးစိမ့်သောငှါ ဆိုသည်ကို။အရှင် ချစ်မြတ်နိုး
လျှင်ပေးပါလော့ဟုဆိုသဖြင့်။တထောင်သောဥစ္စာပါရာတွင် ငါးရာကို
အလျှင်ယူ၍။ငါးရာကို ထိုသူဘို့အဝတ်တန်းဆာ ပန်းနုံသာဘိုးပြုစေ၍။
အဝတ်သစ်ကြီးမြို့မှ ဧွေလျှောကြ၍ သွားခါနီးလျှင် အဝတ်ဟောင်းကို၍
အလိုးစုံကိုထားခဲ့ရသောအလေ့ဖြစ်သောကြောင့်။ထိုသူငွေးသားသည်
အဝတ်သစ်လဲလျှင်အဝတ်ဟောင်းကိုကုဏ္ဍိလအားပေးစေသည်ရှိသော်
ကာဒ္ဒိသည် မိုးသောက်၍သွားလျှင် ဤသူငွေးသား အဝတ်ကိုချွတ်၍ ယူ
လိုက်ဟု ကွန်မတို့အား နှုတ်ထည့်သဖြင့်။ ထိုအတိုင်း ချွတ်၍ ယူလိုက်
သောကြောင့်။ မတတ်နိုင်ချေ၍။ ဖြစ်တိုင်းသော ကိုယ်ဖြင့် သူငွေးသား
ထွက်သည်ကို ဖြင်ဖြင်သသူတို့သည် ရယ်မော၍ ဂျတ်ခွတ်သံသဲ ပျားစွဲ၏
သို့ပြုကုန်သဖြင့် အလွန်ကရာဂုက်ကြောက်စွာဖြစ်ခဲ့။ငါနှုတ်ကိုမစောင့်
သောကြောင့် ဤသို့ ဖြစ်သည်။ ငါ့ကိုယ်ကို ငါသာ ဖျက်သည် ဟု

ငိုကြွေးမြည်တမ်း သကဲ့သို့။ ဤအတူငင်း ဆရာလည်း နှုတ်ကိုမစောင့်
ခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်၏။ ။

ဤမှတပါးလည်း ငါပုံတုရဆိုဦးအံ့။ဆရာနှားထောင်။ဤဗာရာဏသီ
ပြည်၌ဆိတ်ကျောင်းတို့ မွေ့လျော်ကုန်စဉ်။ကျက်စားရာမြေ၌ ဆိတ်နှစ်ခု
လုံးဧထွေးကြသည်ကို နွားပြိုးဆွဲငှက်မြင်လျှင် ဓေါင်းကဲ့၍ သေကုန်တော့
မည် ဦးဦးမင်းတို့။ နေပါတော့ နေပါတော့ဟု ဖြစ်သော်လည်း မနှိုင်
သဖြင့် ကျောက်ခဲငှင်း ဦးခေါင်းခဲငှင်း စီး၍ တောင်းပန် သော်လည်း
ဖြစ်ခြင်းငှါ မတတ်နိုင်သည်ရှိသော်။ ထိုသို့ တပြိုးကား ငါ့ကိုသတ်၍
လုံးထွေးဘုန်ဟု ဓေါင်းနှစ်ဘက်ကြားသို့ ဝင်ပြေးသော်လည်း ဆိတ်နှစ်
ခုတို့သည် အကျိုးကိုလည်းမသိ အကြောင်းကိုလည်းမသိသဖြင့်။ ဒိမိတို့
လုံးထွေးမြဲ လုံးထွေးကြရာတွင် မုန့်မုန့်ညက်ညက်ကြေ၍။ ထိုနွားပြိုးဆွဲ
ငှက်သည် ဒိမိပြုသောအမှုဖြင့် ကြီးစွာသောပျက်ခြင်းသို့ ရောက်သကဲ့
သို့။ဤအတူငင်း ဆရာလည်း ဒိမိပြုသော အမှုကြောင့် ဆင်းရဲခြင်းသို့
ရောက်၏။ ။

ဤမှတပါးလည်း ငါပုံတုရဆိုဦးအံ့။ ဆရာနှားထောင်။ ဤဗာရာဏ
သီပြည်၌ နွားကျောင်းသားတို့ နွားကျောင်းရာတွင် သီးသော ထန်းပင်
ကို ဖြင့်၍ တယောက်သောသူကို ထန်းသီးတက်စေသည်ရှိသော် ထို
ယောကျ်ားး ထန်းသီးချလျှင် ထန်းပင်အောက် တောင်ပို့၌နေသော ဖြွေ
တခုသည်ပြေးထွက်၍ တန်းပင်ကိုတက်သည်ကို။ အောက်၌နေသော
သူတို့ လှံကန် အစစ်ရှိသည်ဖြင့် မဖြစ်တားနိုင်သောကြောင့် ဖြွေတက်၏
ဟုဆိုလျှင်။ ထိုယောကျ်ားသည် ကြောက်လန့်တကြား ဟစ်ကြွေး
သည်ကို။ အောက်၌ နေသော သူလေးယောက် တို့သည်။ မြဲမြံခိုင်ခဲ့
သောပုဆိုးကို လေးစွန်းခွဲကိုင်၍ သည်တွင် ဆင်းတည့်ဟု ဆိုလျှင်။ ထို
ယောကျ်ားး ဆင်းတည့်သည်ရှိသော်။ ပြင်းသောအဟုန်ဖြင့် ကျရကား။
ထိုသူလေးယောက်တို့သည် မချုပ်နိုင်၍ ခေါင်းလေးလုံး အချင်းချင်းထိ
သဖြင့် ဖြန်းဖြန်းဂဲ့၍။ဒိမိတို့ပြုသောအမှုကြောင့် လေးယောက်သော သူ
တို့သည် အသက်သေဆုံးခြင်းသို့ ရောက်သကဲ့သို့။ ထိုအတူငင်း ဆရာ
လည်း ဆရာပြုသောအမှုကြောင့် ဆင်းရဲခြင်းသို့ရောက်၏။ ။

ဤမှတပါးလည်းငါပုံတုရဆိုဦးအံ့။ဆရာနှားထောင်။ရှေးသရောအ
၁၂ ဤဗာရာဏသီပြည်၌ ဒိုးသူတို့သည် ညှဉ်၌ ဆိတ်တခုကိုခိုး၍ နေ့မှ

တောမှာသတ်စားအံ့ဟု။ မမြည်တမ်းအောင်နှုတ်သိုးကိုစည့်း၍ ဝါးရုံ
တော၌ထားလျက်။ နေ့အခါသွား၍သတ်မည့်စိရင်မှ တယောက်သော
သူတွင်မျှထားမပါ၍။ ဤဆိတ်ကိုသတ်ငြားသော်လည်း သေကာသာ။
ထားမပါသော် အဘယ်ဖြင့်လိုးဖြတ်စားမည်နည်း။ သင်းဘုန်းကံရှိလ
ဏ်။လွတ်ပေတော့ဟုလွှတ်ကုန်သည်ရှိသော်။ငါလွတ်ပြီဟု ဝမ်းမြောက်
ဝမ်းသာ မြွေးတူးရာတွင် ဝါးရုံပင်ကို ခြေကန်မိ၍။ ဒေါင်းရွေသဖား
တယောက်ဝါးယူရာတွင် တဘန်ယူပြန်လာဦးမည်ဟု ဝါးရုံကြားဌာပ
၍ထားခဲ့သောထားကျသဖြင့်၊ ထိုထားသံကိုကြားလျင်ခိုးသူတို့ရှာ၍ထို
ထားဖြင့်သတ်၍ စားလေကုန်ဏ်။ ထိုဆိတ်သည် ဒိဒိပြုသော အမှုဖြင့်
အသက်သေဆုံးခြင်းသို့ရောက်သကဲ့သို့။ ဤအဝတ္ထုဂုဏ်း ဆရာလည်းဆရာ
ပြုသောအမှုဖြင့်ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ဘုန်ဏ်။ ။နွတ်ကို
စောင့်၍အချိန်ကာလသို့ရောက်၌ နှိုင်းရဉ်ပျူးစပ်း၍ ဆိုတတ်သောသူတို့
သည်ဆင်းရဲခြင်းသို့ ရောက်သော်လည်း ထိုဆင်းရဲ၌ လွတ်ကုန်ဏ်။ထို
အကြောင်းအတိုနည်းဟူမူကား။ ငါပုံတရုဆိုဦးအံ့။ ဆရာနားထောင်။
ရှေးသရောအခါ ဤဗာရာဏသီပြည်၌နေသော မူဆိုးတယောက်သည်
ဟိမဝန္တာသို့သွား၍ တရုသောဥပါယ်တမျှဉ်ဖြင့် ကိန္နရာဇာမကိုရခဲ့၍။
ဗာရာဏသီမင်းကြီးအားဆက်သည်ရှိသော်။ မဖြင်ဘူးမြဲသော ကိန္နရာ
ဇာမတို့ကိုဖြင်လျှင်ဝမ်းမြောက်ဝမ်းသာသောစိတ်ရှိသည်ဖြစ်၍။ဤသူတို့
ဝယ် အဘယ်ဂုဏ်ကျေးဇူးရှိသနည်းဟုမေး၍ ဤသူတို့ သာယာသော
အသံဖြင့်သိလည်းသိတတ်ကုန်ဏ်။ ကလည်းကတတ်ကုန်ဏ်။လူတို့သည်
ဤသူတို့ကဲ့သို့မတတ်နိုင်ကုန်ဟုဆိုလျှင် ထိုမူဆိုးအား များစွာသော ဆု
လာဘ်ပေး၍ သိကဂုန်ဟု မင်းကြီး အဘန်တလဲလဲ တိုက်တွန်းသော်
လည်း။ငါတို့သိချေကချေသည် ရှိသော် ပုဏ္ဏားဒီအောင် မဆိုနိုင်ချေ
ရာ။သိခြင်းကခြင်းမကောင်းလျှင် ကဲ့ရဲ့သော်လည်း ကဲ့ရဲ့လတ္တံ့။ သတ်
သော်လည်းသတ်လတ္တံ့။ များစွာဆိုချေကမူသာဝါဒသည်လည်း ဖြစ်ခဲ့
ရာ၏ဟုမူသာဝါဒမှ ကြောက် သောကြောင့် ဘိတ်ဆိတ် နေကုန်ဏ်။
မင်းကြီးအမျက်ထွက်၍။ သင်တို့နတ်လည်း မဟုတ် လူလည်းမဟုတ်။
အဲ့ဟင်းလျာသာ။ ကျွန်သားမူဆိုးဟင်းအကျိုးငါသာ ဆောင်ခဲ့သည်
ဖြစ်သောကြောင့်တရုကိုညစာ၊ တရုကိုကားနံနက်စာ ချက်လေစေဟု
မင်းကြီးစေလျှင်။ ကိန္နရီမသည် မင်းကြီး အမျက်ထွက်ပြီ။ မည်တော်မလွဲ

သတ်လတ္တံ့။ ဆိုရတော့သေဒ်ကောင်းရှိ။ ဆိုခါတာန်ပြီဟု စကားဆိုလို သောကြောင့်။ ။သတံသဟဿာနိဒုဘာသိတာနံ၊ ကလမ္ပိနာဃဿ အဿုဘာသိတာသေ။ ဒုဗ္ဘာသိတံသက်မာနောကိလေသော၊ တာသွာတုဏ္ဍိ ကိံပုရိသေနဗာလျာ။ ။ဟူသောဂါထာကိုရွတ်၍။ ၊ရာဇသေဋ္ဌ၊မင်း မြတ်။ဒုဘာသိတာနံ။မကောင်းသဖြင့်ဆိုအပ်သောစကားတို့ရှိ။သတံသ ဟာသနာနံ၊တာသိနိုးတို့သည်။သုဘာသိတသေ။ ကောင်းစွာ ဆိုအပ်သော စကားရှိ။ကလဒ္ဒံ၊တစ်တံကိုမျှလည်း။နာဃဿ ဣဿရ၊မထိုက်ကုန်။ဒုဗ္ဘာသိတံ၊ မကောင်းသဖြင့်ဆိုခြင်းကို။သက်မာဓနော၊ပြောဆိုသည်ရှိသော်။ကိလေ သော၊ ညစ်သူးဘတ်ရှိ။ တသွာ၊ ထို့ကြောင့်။ကိံပုရိသော၊ ကိုးနွားတို့ သည်။ တုဏ္ဍိ၊ဆိတ်ဆိတ်နေ ၂ နှုန်ရှိ။ နဗာလျာ၊မိုက်သဖြင့် ဆိတ်ဆိတ် နေသည်မဟုတ်ကုန်။ ။ဤသို့ဆိုသော် ကိုးနွားမဲ့မစကားကို မင်းကြီး ကြားလျှင် ဓားလွန်နှစ်သက်သည်ဖြစ်၍၊ ကိုးနွားရှိမကို ဟိမဝန္တာဒေသမြို့ လွတ်ပစေချ။ ဂိုးနွားမျိုကို နံနက်စာ စားတော်အဖြစ်သို့ ပို့ပစ်ချေဟုဆိုလျှင်၊ ငါစကားကို မဆိုကမလျှင်မလွဲသတ်လတ္တံ့။ ဆိုရတော့သေဒ်ကောင်း ရှိဟု။ ။ပဉ္စာလနန်းထောပသဓွေါ၊ပသုနာထောအယံပဗောဝ။ တွံနာထော သိမဟာရာဇ၊နာထောပံဘရိယာယမေ။ဖွိန္နမညတရံဉ္ဉတွာ၊ မုဏ္ဍောဂဇ္ဇေယျပဗ္ဗတံ။ ။မဟာရာဇ၊မြက်သောမင်း။ပသဓွေါ၊နွားအပေါင်း ဘို့သည်။ပဉ္စာလနာထော၊မိဃ်းလျှင်ကိုးကွယ်ရာ ရှိကုန်ရှိ။ အယံပဗောဝ၊ဤ လူအပေါင်းသည်။ပသုနာထော၊နွားလျှင် ကိုးကွယ်ရာရှိကုန်ရှိ။ ကွံ၊သင် မင်းကြီးသည်။မမ၊ ငါ့ရှိ။နာထော၊ကိုးကွယ်ရာသည်။ အသိ၊ဖြစ်တော် မူလော့။အဗျံ၊ငါသည်။မေ၊ငါ့ရှိ။ဘရိယာယ၊မယားရှိ။ နာထော၊ကိုး ကွယ်ရာသည်။ အာသိ၊ဖြစ်ရှိ။ ဒြိန္နံ၊ နှစ်ယောက်ကုန်သော ငါတို့တွင်။ အညတရံ၊ တယောက်မယောက်ကို။ မတံ၊ သေသည်ကို။ ဥ တွာ၊သိ၍။ မုဏ္ဍော၊ သေခြင်းမှ လွတ်သော သူသည်။ ပဗ္ဗတံ၊ ဟိမနှာတောင်သို့။ ဂစ္ဆေယျ၊ တယောက်တည်းသွားရာရှိ။ ။ဤဂါထာဖြင့် မြက်သစ် ရွက်လျှင်အစာရှိသည်ရှိ၍ အဖြစ်ကြောင့်မိဃ်းသည့် နွားအပေါင်းတို့ရှိ၍ ကိုးကွယ်ရာဖြစ်ရှိ။ငါးပါးသောနွားအရသာကိုခံ၍ အသက်မွေးသည် ဖြစ်သောကြောင့် နွားသည် လူအပေါင်းတို့ရှိ၍ ကိုးကွယ်ရာဖြစ်ရှိ။ ဤင် မင်းကြီးသည် ငါရှိ၍ကိုးကွယ်ရာဖြစ်ရှိ။ ငါသည်မယားရှိ၍ ကိုးကွယ်ရာ ဖြစ်ရှိ။ ဤကြောင့် တယောက်ကို နှစ်သက်သဖြင့် နှစ်ယောက်စုံကို

လွတ်တော်မူပါသည်ရှိသော် ဟိမဝန္တာတောသို့သွားပါအံ့။ အသက်ရှင်လျက် ငါတို့နှစ်ယောက် အချင်းချင်းမစွန့်ကွဲနိုင်ပြီ။ ဒေကယ်၍ ကံနှမ်းမကို ဟိမဝန္တာသို့ပို့အံ့။ ငါ့ကို ရှေးဦးစွာသတ်ပြီးမှ ပို့တော်မူပါ။ ငါတို့စကားမဆိုလို၍ နေသည်မဟုတ်။စကားများခြင်းဌာ အပြစ်ကိုဖြင်သောကြောင့် စကားမဆိုသည်။ ဤသို့အစရှိသော ကိန္နရာဇာတ်၏ တရားစကားကိုကြားလျှင် မင်းကြီး အလွန်တရာနှစ်သက်စွာဖြစ်၍။ ထိုကိန္နရာတို့ကို ရွှေချိုင့်နန်းနေစေလျက်။ ထိုမှဆိုးကိုပင် ဘမ်းရာအရပ်သို့လွှတ်လေ၏။ ဤသို့လျှင် ထိုကိန္နရာဘို့သည် နှုတ်ကိုစောင့်၍ လျောက်ပတ်သောအခါဌာ ဆိုသေး ကြောင့် သေဘေးမှလွတ်ကုန်၏။ ဆရာသခင်ကား နှုတ်ကိုမစောင့်သောကြောင့် သင်းရဲခြင်းသို့ရောက်၏ဟု ပုံပြင်နည်းနာဆောင်၍ ဆိုပြီးမှ၊ ဆရာမကြောက်လင့်။ ဆရာ့အသက်ကို ငါပေးမည်။ ငါ့ကို မှကား စောင့်ပါဟုဆို၍။ နက္ခတ်မပြည့်သေးဟု နေ့အာဋ်ကို လွန်စေလျက်။ သန်းခေါင်ယံ၌ ဆိတ်သေတခုကိုယူစေ၍ ထိုဆိတ်သားဖြင့်နတ်ပူဇော်၍ ဆရာကို ဝေးစွာလွှတ်လိုက်ခြင်းအစရှိသော အဋ္ဌုပ္ပတ္တိကိုဆိုရာဆိုကြောင်းဖြစ်သော တက္ကာရိယဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်။

ရှေးသရောအခါ ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်။ ဟိမဝန္တာတော၌ ဒေဝဒတ်အလောင်းမျိုဝံမင်းသည် သားယောကျ်ားမွေးလျှင် အခြေအရှေ့ကို ဆောင်လတ္တံ့ဟု မိမိအခြေအရှေ့ကို သိမ်းဆည်းအုံသည်မှ ကြောက်သောကြောင့် ဝေးဇ္ဈကို သွားဖြင့် ကိုက်ထုတ်သည်ရှိသော်။ထိုအခါ၌ တို့ဘုရားလောင်းသည် မျောက်မငယ်တာဆုံ၌ ပဒိုသန္ဓေနေသဖြင့်။ ထိုမျောက်မသည် ပဒိုသန္ဓေရှိကြောင်းကိုသိလျှင်။ သားကိုစောင့်ခြင်းငှါ တပါးတောင်ခြေသို့ပြေး၏။ ထိုအရပ်၌ ဘုရားလောင်းကိုတွေ့သဖြင့်။ သိကြားလိမ္မာခြင်းသို့ရောက်၍ အဘယ်ကို အမှီအာဝံမေး၍ အလုံးစုံသောအကြောင်းကိုကြားလျှင်။မိခင့်၊မကြောင့်ကြလင့်။ ငါကို ငါ့အဘအထံသို့ ဆောင်ဟုဆောင်စေ၍။ သားကိုဖြင်လျှင် ဤသားကြီးသေ၌ ငါ့ကို အခြေအရှေ့မဆောင်ရအောင် လုပ်ကြံလတ္တံ့။ပဃုက္ကသတ်ရသော် ကောင်း၏ဟုကြံ၍၊ လာလတ္တံ့ချစ်သား။ဤမျှသောကာလပတ်လုံး အဘယ်မှာနေချေသနည်းဟု ချစ်သောဒေခြင်းအရာဖြင့်ခေါ်၍ ပိုက်ဘက်ဟာန်ပြု၍ ညှစ်သတ်သည်ကို။ ဘုရားလောင်းသည် ဆင်ပြောင်အားနှင့်တူသော အား ရှိသည်ဖြစ်သော ကြောင့်။

အဘာကိုဂုဏ်ဒိုက်ဘုက်ဟန်ပြု၍သွစ်သည်ဂို့သေ၏။အရိုးကျိုးအံ့သို့ဖြစ်၍။ ဤသားကြီးသေ၏ ငါ့ကိုသတ်လတ္တံ့။ ငါအလျင်သတ်ရသော်ကောင်းဏ်။ဒကရက္ခိုသ်စောင့်သောရေကန်သို့စေ၍ ဘီလူးစာ ဖြစ်စေအံ့ဟုကြံပြီးသေ၏။ချစ်သား ငါကြီးရင့်ပြီ၊အရွှေအရွှေကို ချစ်သားဆောင်တော့။ ယနေ့ပင် မင်းမြှောက်မည်၊ ဤမည်သောအိုင်၌ မင်းမြှောက်စရာ ကြာယူချေဟု လွှတ်စေး၍စေသည်ကို ထိုအိုင်သို့သွား၍ အဆောတလျင် မသက်ဘဲ။သဘောအားဖြင့်ဖြစ်သော ဇဟုသုတရှိသဖြင့် အိုင်နားဝန်းကျင်လွှတ်၍ စူးစမ်းသည်ရှိသော်၏။ သက်သောခြေရာကိုသာ ဖြင်၍တက်သောခြေရာကို မဖြင်ရကား။ ဤအိုင်သည် ဒကရက္ခိုသ်စောင့်သော အိုင်တည်း။ ငါ့ကို အဘာကိုယ်တိုင် မသတ်နိုင်၍ ဘီလူးစားစိမ့်သောငှါ လွှတ်စေး၍စေသည်ဟုသိသဖြင့် ဘီလူးကိုလည်း မစားစေရ။ ကြာကိုလည်းရအောင် ယူအံ့ဟု ဘီလူးအာဏာတည်ရာ အရပ်သို့မသက်မူ၍။ပြင်းစွာသောအဟုန်ဖြင့် အိုင်နားတဘက်သို့ခုန်၍ကြာနှစ်ပွင့်ကိုဆွတ်လျက် အိုင်နားတဘက်သို့ကျ၍။ဤသို့သောနည်းဖြင့် တဘက်မှသည် တဘက်သို့ခုန်၍ များစွာသောကြာရလျှင် တန်ပြီဟု တပေါင်းတည်းစုသောအခါ၌။ ဤသူသည် ကြာကိုလည်း ရအောင်ယူနိုင်၏။ ငါ့အာဏာတည်ရာအရပ်သို့လည်း မသက်။ ဤမျှသောကာလပတ်လုံး ဤသို့သော ပဒိုဘာန်နှင့် ပြည့်စုံသော အံ့ဘွယ်သရဲသောသူကို ဖြင်စဘူးဟု ရေကိုနှစ်ဖြာခွဲ၍ ထွက်ပြီးသေ၏။ ဂှင်မျောက်မင်း။ ဤလောက၌ အကြင်သူအား သုံးပါးသော ဓမ္မတို့သည် ဂိုကုန်၏။ထိုသူသည်ရန်သူကို နှိပ်နင်းနိုင်၏။ဂှင်မျောက်မင်းအာလည်း သုံးပါးသော ဓမ္မတို့သည် ဂိုပေပေါင်တကား ဟု ဘုရားလောင်းကို ချီးမွမ်းလိုသောကြောင့်။ ။ ယသေတေ တပေါဓမ္မာ၊ ဝါနရိန္ဒ ပဏ္ဍိတာ တာဝ။ ဒက္ခိဏေယ္ယသူရိယံ ပညာ၊ ဒိဋ္ဌံသော အတိဝဿတိ။ ။ဟူသောဂါထာကိုရွတ်၏။ ။ဝါနရိန္ဒ၊ ဂှင်မျောက်မင်း။ တာဝ၊ဂှင်မျောက်မင်းအား။ ဒက္ခိဏေယံ၊ ရန်သူဘေးကို ဖျက်ဆီးခြင်းဌာ သိဖြင်နိုင်သောပညာနှင့်ယှဉ်သော မြတ်သောဝိရိပဏ်း။သူရိယံ၊ ရဲရင့်သောအဖြစ်ဂုဏ်း။ပညာ၊ ဥပါယ်တမျဉ်ဖြင့် လိမ္မာသောပညာဂုဏ်း။ ဇတေစ၊ဤသို့သဘောရှိသည်သာလျှင်ဖြစ်ကုန်သော။ တပေါ၊သုံးပါးကုန်သော။ဓမ္မာ၊ကျေးဇူးတို့သည် အတ္ထိပဏာ၊ရှိကုန်သကဲ့သို့။ပဏာ၊ အကြင်သူအား။ တပေါ၊ သုံးပါးကုန်သော။ ဇတေ

ဝမ္မာ၊ ဤကျေးဇူးတို့သည်။ သန့်ရှင်းခြင်းတို့၏။သော၊ ထိုသူသည်။ ဒိဋ္ဌ၊ ရန်မာန်ကို။ အတိဝတ္တတိ၊လွန်နိုင်၏။ ၊ဤဂါထာဖြင့် ကောင်းချီးပေး၍။ အဘယ်အလို၌ဂါ ဤပန်းကိုယူသနည်းဟုမေး၍။ ငါ့ကိုမင်းမြှောက်မည် ငါ့ဘစေ၍ ယူသည်ဟူဆိုလျှင်။ အရှင်သို့သော ဖြတ်သော် ယောကျ်ား သည်ကိုင်၍ သွားခြင်းငှါ မလျောက်ပတ်၊ ငါဦးထိုက်မည်ဟု ဘီလူးပန်း ရွက်၍ နောက်၌လိုက်သည်ကိုမျှောက်မင်း အဝေးကဖြင်လျှင်။ငါဘီလူး စာ ဖြစ်စိမ့်မည်ဟု စေပါသည်ကို ဘီလူးစာကားမဖြစ်။ ဘီလူးကိုပင် ပန်းရွက်ထည့်၍ လာလတ်သည်။ ငါပျက်စီးမျှပြီဟု ကြံသော ဧမျှောက် မင်းဏှိနှုလုံးသည် ခုနစ်စိတ်ကွဲ၍ သေသဖြင့် မျှောက်အပေါင်းတို့သည် ညီ၍ ဘုရားလောင်းကို မင်းမြှောက်ခြင်းအစရှိသောအခွန့်ပွတို့ကိုဆိုရာ ဆိုကြောင်းဖြစ်သော တယောဓမ္မဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။

တို့မြတ်စွာဘုရားသည် ဖေတဝနိရိဟာရဒွဲနေတော်မူစဉ်။ သာဝတ္ထိ ပြည်၌ ကုဋေရှစ်ဆယ်မက များလွန်စွာသော ဥစ္စာစည်းစိမ်ရှိသော အာဂန္တုကသူဌေးသည်။ မိမိလည်း စည်းစိမ်ကိုမခံစားဘူး။ သူတထူးအား လည်းမပေး။ အဆွေထူးထူးသောအရာနှင့် ပြည့်စုံသောထမင်းကို ကပ် သော်လည်း ပုနိုးရည်ချဉ်အဘော်ရှိသော ဆန်ခွဲထမင်းကိုသာစား၏။ အမွေး အသင်းထုံသော ကာသိတိုင်းမှဖြစ်သော ပုဆိုးကို ကပ်သော် လည်းမဝတ်။ ရုန့်ရင်းကြမ်းထမ်းသော ပုဆိုးကိုသာဝတ်၏။ အာဇာ နည်မြင်းကသော ပဏ္ဏာမြားရွှေဇွန်းတို့ဖြင့် ဆန်းကြယ်သော ရထားကို ကပ်သော်လည်းမစီး။ ခြင်္ကေသောသစ်ရထားကိုသာစီး၏။ ရွှေဇွန်းအတိ ပြီးသော ထမ်းကိုကပ်သော်လည်း မဆောင်း။ သစ်ရွက်မိုးသောထမ်းကို သာဆောင်း၏။ထိုအာဂန္တုကသူဌေးသည် အာဒီအစရှိသော ကောင်း မှုတို့တွင် တခုခုကိုမျှမပြု။သေသဖြင့် ရောရုပဝေဒနာဒွဲ ဖြစ်လေ၏။ ထိုသူဌေး ဒွဲ သားမရှိသောကြောင့်။ အမွေခံထိုက်သူကို စိစစ်၍မရလျှင်။ပသေ နဒီ ကောသလမင်းသည် ကိုယ်တိုင်ကြပ်မ၍ ခုနစ်နှေ့ခုနစ်ညဉ့် ပတ်လုံး အိမ်တော်သို့ သွင်းစေ၍။ ရှစ်ရက်မြောက်သောနေ့၌ နံနက်စာ စားပြီး သော် ဘုရားအထံသို့သွား၍။ ဧြတော်အစုံကို ရှိခိုး၍ လျောက်ပတ် စွာနေသောမင်းကြီးအား အဘယ်ကြောင့်ခုနစ်ရက်စဉ် ငါဘုရားကို ဖူး မြင်ခြင်းငှါ မရောက်သနည်းဟုမေးတော်မူသဖြင့်။ အာဂန္တုကသူဌေး လွန်ကြောင်း၊ထိုသူဌေးဒွဲဥစ္စာများကြောင်း၊သားမရှိကြောင်း၊ ထိုဥစ္စာ

ကိုဆိမ်းယူကြောင်းကိုလျှောက်၍။သူဌေးသည်ဤသို့သောဥာဏ်ရပါ
လျက်။မိမိလည်းမစား၊ သူအားလည်းမပေး။ဒရေါရက်ခြံသ ဖောင့်သော
ရေကန်ကဲ့သို့ဖြစ်၍။ တဖန်မှ ကောင်းသော အစာအဝတ် အစရှိသည်
ကို မသုံးဆောင်ဘဲ သေမင်းခံတွင်းသို့လိုက်ရလေ၏။ ဤသို့ဝန်တိုသော
နည်းပါးသော ဘုန်းရှိသောသတ္တဝါသည် အဘ ဲကြောင့် ဤမျှသော
စည်းဝန်းကို ရသနည်း။ အဘယ့်ကြောင့် ရပြီးလျက် ထိုစည်းဝိန်းကို
ခံစားခြင်းငှါ စိတ်မသက်တပါသနည်းဟုမေး၍။ ဥဒ္ဒါရကြောင်းကို အာ
ဂန္တုကသူဌေးပင်ပြုသည်။ ရလျက် မခံစားရကြောင်းကိုလည်း အာ
ဂန္တုကသူဌေးပင်ပြုသည်ဟု မိန့်တော်မူလျှင်။ ထိုအကြောင်းကို မင်း
ကြီး တောင်းပန်သဖြင့်။ လွန်လေပြီးသောအခါ၌ ဗာရာဏသီသူဌေး
သည် သဒ္ဓါကြည်သည်ခြင်းမရှိ၊ ဝန်တိုခက်ထန်ခြင်းဖြင့် တစုံတယောက်
သောသူအား ပေးကမ်းသင့်တတ်မရှိလျက်။တနေ့သ၌ ဖြိုဟွဒတ်မင်းကြီး
ကိုခစားမည်သွားရာတွင်။|တဋ္ဌရသိဒ္ဓိအမည်ရှိသော ပဒ္မကမှဒ္ဓါဆွမ်း
ခံသည်ကို မြင်လျှင်၊ ဆွမ်းရတော်မူ၏လောဟု မေးသည်ကို။ မရဟု
တိုက်ရိုက်မဆို။ သူဌေးကြီး။ ရလေ့ရှိ့။ သွားနှာသေး၏ဟု ဆိုသော
စကားရိပ်ကြောင့်နောက်လိုက်တပေါက်ကိုခေါ်၍ဤသခင်ကိုအိမ်သို့
ဆောင်၍ငါ့ပလ္လင်၌နေစေလျက်။ငါ့ဦးစီရင်သောဆွမ်းဖြင့် သပိတ်ပြည့်
ဇနခင် သူလိုက်ဟုသူဌေးမယိုစေ၍။ သူဌေးဆိုတိုင်း သူသောဆွမ်းကို
ယူ၍လာသော ပဒ္မကဗုဒ္ဓါကို မင်းအိမ်ကတဘန်ပြန်သော ထိုသူဌေး
သည် ခရီးတွင်တွေ့၍။ ဆွမ်းရတော်မူခဲ့၏လောဟု မေးသဖြင့်။ ရခဲ့၏
ဟုဆိုသော်။ ပဒ္မကဗုဒ္ဓါသဂိတ်၌ ဆွမ်းကိုဖြင်လျှင်။ စိတ်ကိုကြည်လို
စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍။ ဤထမင်းကို ကျွန်သူခစားသည်
ဂင်း။ အမှုလုပ်သောသူသည်ဂင်း စားရသည်ရှိသော် ခက်ခဲစွာသော
အမှုကိုသော်လည်း ပြုလေ့ကုန်၏။ အံ့ဘွယ်သရဲလျှင် ငါ့ကိုးပါး လှည့
၏ဟု ကြံ၍။ အပရစေတနာကို ပြည့်စုံအောင် မတတ်နိုင်ရကား
နောင်တတဘန် ဝှိပြန်၏။ အာဠဝကသည်သည် သုံးပါးသော စေတနာကို
ပြည့်စုံအောင်ပြုနိုင်သေးသူအားသာလျှင် ကြီးသောအကျိုးရှိ၏ဟုမိန့်
တော်မူပြီး၍။ ။ပုဗ္ဗေဝဒါနာသုမနော၊ ဒုဒ်စပ္ပံပသာဒယေ။ ဒတ္တွာ
အတ္တမနောဟေး တီးဇသောပုညဿသဗ္ဗဒါ။ ။ဟာရာဇ်းဖြတ်သော
မင်း။ဒါနာ။ဂ္ဂ သည်မှ။ပဗ္ဗေဝ၊ရှေးဦးလျှင်။သုမနော၊ ဖွင့်လန်းသောစိတ်

ဝှဲသည်။သိယာ၊ဖြစ်ရာ၏။ဒဒံ၊သို့စဉ်။ စိတ္တံ၊စိတ်ကို။ ပသာဒပေါ ကြည်စေရာ၏။ဒတ္တာ၊သို့ပြီး၍။ အတ္တမနော၊ဝမ်းမြောက်သည်။ ဟောတိ၊ဖြစ်၏။သော၊ ဤသည်လျှင်။ ပညာသမာ၊ကောင်းမှု၏။ သမ္ဘဒါ၊ပြည့်စုံခြင်းတည်း။ ။ဤဂါထာဖြင့်၊မသို့မိုရှေးအတိုင်းလည်း ဤမည်သော ဝတ္ထု၊ကို သို့အံ့သည်ဟု ဆွဲငင်လန်းသောစိတ်ဖြင့် စင်ကြယ်စွာ ဗိရင်ရာ၏။ သို့စဉ်ဆဲဆဲ၌လည်း၄င်းကိုကြည်သိုစေရာ၏။ သို့ပြီးသော်နောက်၌လည်း ဤမည်သောဝတ္ထုကို ငါသို့ရသည်ဟု ဝမ်းမြောက် ဝမ်းသာအာနန် တလဲလဲအောက်မေ့ရာ၏။ဤသို့ပုဗ္ဗစေတနာ၊ မုန္စစေတနာ၊ အပရစေတနာ၊ဤစေတနာသုံးတန်ညီမှ ကောင်းမှု၏အကျိုးပြည့်စုံသည်ဟု ဓိန့်တော်မူပြီးမှ။ အာဂန္တုကသူဌေးသည် တဂ္ဂရသိဒ္ဓိ ပဒ္မောတ္ထုဂါအား ဆွမ်းသို့သောကြောင့် မျှားသောဥစ္စာကိုရ၏။ သို့ပြီးသောနောက်၌စေတနာမကောင်းသောကြောင့်ရသောစည်းဓိမ်ကို ခံစားခြင်းငှါ ဓတ်နိုင်ဟု ဓိန့်တော်မူလျှင်။ အဘယ့်ကြောင့် သားမရှိသနည်းဟု လျှောက်သဖြင့်။ သားမရစေအံ့သောအကြောင်းကိုလည်း ထိုသူဌေးပင် ပြု၏ဟုဓိန့်တော်မူ၍။ ထိုအကြောင်းကို မင်းကြီးတောင်းပန်သဖြင့်၊ လွန်လေပြီးသောအခါဗာရာဏသီပြည်ကို ဖြတ်ပွဲတော်မင်းကြီး၊မင်းပြုခိုက်။ငါဘုရား အလောင်းသည် ကုဋေဂုစ်ဆယ် ကြွယ်ဝသော သူဌေးအမျိုးဌာဖြစ်၍။ ဓိဘာလွန်လျှင် ညီကိုဆိမ့်ပိုက်၍။ ဥစ္စာစည်းစိမ်ကို ပြုစုစီရင်၍။ အိမ်တံခါးဌာ ကြီးစွာသော အလှူတင်းကုပ်ဆောက်၍။ များပြတ်သောအလှူကို ပေးလျက်။လူ၏ဘောင်ဌာနေ၍ သားတယောက်ဖြင့်လျှင်။ ကာမဌာအပြစ်ကိုဖြင့်၍။ တောထွက်ခြင်းဌာ အကျိုးကိုဖြင့်သဖြင့်။ ဥပ္ပာဒမ်းနား သားမယား၏ကို ညီတော်အားအပ်နှင်း၍။ မမေ့မလျော့ အလှူကောင်းမှုပြုဟု ဆုံးမခဲ့၍ ရသေ့ရဟန်းပြု၍၊ အာဠာရကာဠာမသို့ဖြစ်စေလျက် ဟိမဝန္တာဌာနသည်ရှိသော် ညီတော်အား သားတယောက်ဖြင့်လျှင် ငါ့အစ်ကိုယ်သားကြီးသော် ဥစ္စာနှစ်စုကဲ့လတ္တံ့။ ယခုကသတ်ရသော် ကောင်းဏ်ဟုကြံ၍။ တနေ့သဌေ ရေချိုးရာခေါ်၍ နှစ်သတ်ပြီးမှ အိမ်သို့လာသည်ကို ငါ့သားအတ်မှာနည်းဟုမေးသောမိုးအား ရေကစားရာတွင် ပျောက်ခဲ့သည်၊ စူးစမ်းရှာဖွေ၍မရဟု ဒိုရဇ္ဇကအဌာနဝဏ္ဏနဖြင့် လွှဲစားသည်ကို အကယ်ထင်၍ ငိုကြွေးမြည်တမ်းလျက်နေသော်။ ထိုအကြောင်းကို ဘုရားလောင်းသိ၍။ဤအမှုကို ထင်စွာပြုအံ့ဟု ကောင်း

ကင်ဖြင့်လာ၍ တံခါးသို့ရောက်မှ ညီတော်သိသဖြင့် ခရီးဦးကြိုဆိုလျက် ပြာသန်းထက်သို့ တင်၍။ ကောင်းသော ဘောဇဉ်ဖြင့် လုပ်ကျွေးပြီး သောနောက်၌ သုခကထာဖြင့်နေစဉ်တွင် သားတော်ကို မေးသည်ရှိသော်။ ရေချိုးရာတွင် ပျောက်ခဲ့သည်။ မည်သည့်အကြောင်းကြောင့် ပျောက်ခဲ့သည်မသိဟုဆိုသော ညီတော်အား။ သူယုတ်မာ၊ သင်ကား ဘယ်မှာသိမည်နည်း။ ငါသိ၏ဟု ထိုသူ ကြံစည်ကြောင်းကိုဘော်ပြ၍။ မင်းအစရှိသော ရန်သူငါးပါးတို့သည် ဤဥဿာကိုယူသော် သင်စောင့် ရှောက်နိုင်မည်လော။ မယ္ဒက်နှင့်သင် အဘယ်အထူး ရှိအံ့နည်းဟု ဘုရား၏ စံပယ်ခြင်းဖြင့် တရားဟောသိသောကြောင့်။ ။သကုနော မယ္ဒကောနာမ၊ ဂိရိသာနုဒဲစရော။ ပက္ကံပိပ္ပလိမာရုယ္ဟ၊ မယ္ဒံမယ္ဒန္တိ ကန္ဒတိ။ ။တာသေဝံဝိလပန္တာသ၊ ဒိဇသမီဘသမာဂတာ။ ဘုတ္တွာန ပိပ္ပလိံယန္တေ၊ ဝိလပတ္တေဝ သောဒိဇော။ ။ဇဝမေဝ ¦ ဣဂေကဿော၊ သမီရိတ္ဝာဇဟံမနုံ။ နေဝဉ္ဉနာနညာတိနုံ၊ ယထေဓိံပဋိဘဇ္ဇတိ။ ။ နသောအန္ဆာဒနုံ ဘတ္တံ၊ နမာလံ နဝိလေပနုံ၊ နာနုဘောတိသကံကိဉ္စိ၊ နသင်္ကာတိ ညတာဂေါ။ ။တာသေဝံ ဝိလပန္တာသ၊ မယ္ဒံမယ္ဒန္တိ ရက္ခတောဟေ။ရာဇဒဲနော အဇဝါစောရာ:ဒါယာဒါ ယောစအဓိယာ။ ဓန မာဒါယ ဂန္ဆန္တိ ဝိလပတ္တေဝသောနရော။ ။ဓိရော ဘောဂေ အဓိ ဂမ္မ၊ သင်္ကာတိစညတာဒေါ။ တောနသောက်တွံပပ္ပေါတိ၊ ပေဿသဂွေ ပမောဒတိ: ။ဟော ဗာလာ၊ ဟယ် ငမိုက်။ ဂိရိသာနုဒရီ စရော၊ တောင်စဉ်ချောက်ကြား ပျံသွားရှာသော။မယ္ဒကောနာမ၊ မယ္ဒအမည် ရှိသော။ သကုနော၊ ဌက်ငေါ်သည်။ ပက္ကံ၊ မွှေ့သော။ ပိပ္ပလိ၊ ညောင် ကြွတ်ပင်သို့။အာရုယ္ဟ၊ ပျံတက်၍။မယ္ဒံမယ္ဒန္တိ၊ ငါ့အပင် ငါ့အရွက် ငါ့အ ခက် ငါ့အသီးဟူ၍လျှင်။ ကန္ဒတိ၊ မြည်တမ်းခြင်း။ ။တာသေ၊ ထိုဌက် ငေါ်၏။ ဇပံ၊ဤသို့။ ဝိလပန္တာသ၊ မြည်တမ်းစဉ်။ ဒိဇသမီဘ၊ ဌက်အ ပေါင်းတို့သည်။ သမာဂတာ၊ အညီလာရောက်၍။ ပိပ္ပလိ၊ညောင်ကြွတ် သီးကို။ ဘုတ္တွာန၊စားဦး၍။ ယန္တိ၊ပျံလေကုန်၏။ သောဒိဇော၊ထိုဌက် ငေါ်သည်။ ဝိလပန္တေဝ၊ မြည်တမ်းရှာသည်သာလျှင်တည်း။ ။ဇဝ မေဝ၊ ဤအတူရှင်းလျှင်။ဣဂ၊ ဤလောက၌။ ဇကမ္မော၊ အနှို့သောသူ သည်။ ဇဟုံ၊များစွာသော။ ဓနံ၊ဥစ္စာကို။ သမီရိတ္ဝာ၊ရုံးစု၍။ အတ္တာနာ၊ မိမိသည်လည်း။ နဝပရိဘုဉ္ဇတိ၊ မခံစား။ ဉာတီနုံ၊ အဆွေအမျိုးတို့

အား။ ယထောဓိ၊အဝိုင်းအခြားအစုအဝေးအလျောက်။ နပါ့ဘဒ္ဒုတိ၊ မခွဲမဝေ။ ။သော၊ထိုသူယုတ်သည်။အန္ဓဝဒနံ၊အဝတ်ကောင်းကို။နာနုဘောတိ၊ မသုံးဆောင်။ဘဇ္ဇံ၊ထမင်းကို။နာနုဘောတိ၊မသုံးဆောင်။ မာလံ၊ပန်းကို။ နာနုဘောတိ၊မသုံးဆောင်။ ဝိလေပနံ၊နံသာပျော်းကို။ နာနုဘောတိ မသုံးဆောင်။ သကံ၊ မိမိသည်လည်း။ ဒုဿံ၊ တစုံတခု စိုးစဉ်းကိုမျှ။ နာနုဘောတိ၊ မသုံးဆောင်။ ဥတောဂေစ၊ အဆွေအမျိုး တို့ကိုလည်း။ နသက်ဏာတိ၊မသုတ်ပြီဟု။ ။မယံမဿ၌၊ငါ့ကြောင့်ခင်ဗျား ဟူ၍။ ရာဇာတော၊ စောင့်သော။ တဿ၊ ထိုသူယုတ်၏။ ဇဝံ၊ ဤသို့။ ဝိလပန္တာ သေ၊မြည်တမ်းစဉ်။ရာဇာနော မင်းတို့သည်ဂုဏ်း။ အထဝါ၊ထို မြို့တံု။ စောရာ၊ ခိုးသူတို့သည်ဂုဏ်း။ ယေဗဒါယာဒါ၊ အကြင်အမွေခံတို့ သည်ဂုဏ်း။ အပိုယာ၊ မချစ်မနှစ်လိုသော သူတို့သည်ဂုဏ်း။ ဓနံ၊ဥစ္စာကို။ အာဒါယ၊ ယူ၍။ ဂစ္ဆန္တိ၊ သွားလေကုန်၏။ သောနရော။ ထိုသူယုတ် သည်။ ဝိလပတော့ဝ၊ မြည်တမ်းရှာသည်သာ လျှင်တည်း။ ။ဒိရော၊ ပညာရှိသောသူသည်။ ဘောဂေ၊ စည်းစိမ်တို့ကို။ အဓိဂမ္မ၊ ရ၍။ အတ္တ နာစ၊မိမိသည်လည်း။ပရိဘုဉ္ဇိ၊သုံးဆောင်ခံစား၏။ဥတောဂေစ၊အဆွေ အမျိုးတို့ကိုလည်း။ သဂ်ဏာတိ၊ သင်္ဂြိုဟ်ချီးငင့်၏။ တေန၊ ထိုကြောင့်။ သော၊ ထိုပညာရှိသသူသ ည်။ ကီတ္တိ၊ ကျော်စောခြင်းသို့။ ပပ္ပေါတိ၊ ရောက်၏။ ပေစ္စ၊ တာမလွန်၌လည်း။သဂ္ဂေ၊ နက်္ခတ္တာဠ်။ ပမောဒတိ၊ မွေ လျော်ရ၏။ ။ဤဂါထာဟိုဖြင့် ဓမ္မဒေသနာသြဝါဒါနုသာသနီပြုခြင်း။ သူမြဲဝတ်ကို ပြုကတော့အတိုင်း ဖြစ်ပြန်စေခြင်း။ ဟိမဝန္တဒေသသို့တဘန် ပြန်ပြန်၍ မယုတ်သောဈာန်ဖြင့် ဗြဟ္မာ့ပြည်သို့ဖြစ်ခြင်း။ ဤဓမ္မဒေသနာ တော်ကို ဆောင်တော်မူ၍။ အာဂန္တုကသူဋ္ဌေးသည် အစ်ကို၌သား ကို သတ်သောကြောင့် ဤမျှသောကာလပတ်လုံး သားယောကျ်ားကို လည်းမရ၊ သားမိန်းမကိုလည်းမရဟု မိန့်တော်မူခြင်း။ ထိုရောအခါ၌ ညီသည် အာဂန္တုကသူဋ္ဌေးဖြစ်လာ၏။ အစ်ကိုယ်သည် ငါဘုရားဖြစ် ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌုပ္ပတ္တိနှင့်ပြည့်စုံသော မယ္ဘဇာတ် ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဆေးသမားတယောက်သည် ဗာရာဏသီပြည်၏ အနီး ရွာတခုသို့ သွား၍ တစုံတခုသော ဆေးကုခြင်းကို မရသဖြင့် ရွာမှထွက်ရာတွင်။ သစ်ခွကြားခွ ခေါင်းပြူ၍အိပ်သောမြွေတခုကိုမြင်လျှင်။ ထိုသစ်ပင်ရင်း

၌ ကစားသောသူငယ်ကိုလွှတ်စား၍ ဤမြေကို ကိုက်စေပြီးသော်။ဆေး
ကုရာဆေးဘိုးမှူအံ့ဟု ဘုရားလောင်းမြေမှုန့်ဖြင့်စကားရာသို့ ချဉ်းကပ်
၍။ ဆက်ရက်ငယ်ကိုမြင်သော် ယူမည်လော့ဟုမေး၍။ ယူမည်ဟုဆို
လျှင်။ ထိုဆက်ရက်ငယ်ကား သားစိန္တကြားဦးအိပ်၏။ ယူလော့ဟု ဆိုသ
ဖြင့်။ ဘုရားလောင်း မြေမှုန်းမသိ၍ သစ်ပင်ထက်သို့တက်၍။ လည်ကို
ကိုင်မိမှ မြေအဖြစ်ကိုသိသောကြောင့် မြို့စွာဆုပ်၍ ပစ်လိုက်သည်ရှိ
သော် ထိုဆေးသမားလည်ကို ရစ်ဘိသကဲ့သို့ မှန်၍။ ထိုမြွေခဲသဖြင့်
လည်း၍သေသည်ကို။ များစွာသော လူအပေါင်းတို့သည် စည်းဝေး-
ကုန်သည်ရှိသော်။ ။ယွာယံသာဠိယဆာပေါတိ၊ ကဉ္ဉာသပ္ပံအဂါဟာ
ယိ။တေနသပ္ပေနယံဒုဋ္ဌော၊ပါတောပါပါနိသာသကော။ ။အဟန္တာ
ရမဟန္တာခဲ၊ယောနရောဟန္တုမိစ္ဆတိ။ဇဝံသောဒိဟတောသေတိ၊ယ
ထာယံ ပုရိသော ဟတောဘာ။ ။ယောအပ္ပဒုဋ္ဌသ နရဿ ဒုဿတိ၊
သုဒ္ဓဿပေါသဿအနက်ဏာသော။ တာမေဝဗာလံပစ္စေတိပါပံ၊ သုခုမော
ရဇောပဋိဝါတံဝဓိဇ္ဈော။ ။ဘောပရိသာ၊အိုပရိသတ်တို့။ယွာယံပုရိ
သော၊ အကြင်ပေါကျားသည်။ သာဠိယာဆာပေါတိ၊ ဆက်ရက်ငယ်
ဟူ၍။ ကဉ္ဉာသိပ်၊ မြွေဟောက်ကို။ အဂါဟာသိ၊ယူစေ၏။တေနသပ္ပေန၊
ထိုမြွေသည်။အယံပုရိသော၊ဤပေါကျားကို။ ဒုဋ္ဌော၊ခဲအပ်၏။ပါပါနိ
သာသကော ယုတ်မာသောဒေမှုဠ္ဍ တိုက်တွန်းတတ်သော။သောပုရိ
သော၊ ထိုယောကျားသည်။ ပါတော၊လည်းလေ၏။ ။ယောနရော၊
အကြင်သူသည်။ အဟန္တာခံ၊မည္သည်းဆဲအပ်သောသူကို၊ဟန္တုံ၊ သည်း
ဆဲခြင်းငှါ။ ဇာနာတိ၊ အလိုရှိ၏။ အဟန္တာံ၊ မသပ်အပ်သောသူကို။
ဟန္တုံ။သတ်ခြင်းငှါ။ဇာနာတိ၊အလိုရှိ၏။သောနရော၊ထိုသူသည်။အယံ
ပုရိသော၊ ဤယောကျားသည်။ဟတောယာထာ၊သေသကဲ့သို့။ ဇဝံ။ ဤ
အတူငုင်း။ နိဟတော၊သေသည်ဖြစ်၍။ သေတိ၊အိပ်ရ၏။ ။ယောဗာ
လော၊အကြင်သူမိုက်သည်။အပ္ပဒုဋ္ဌသ၊မပြစ်မှားအပ်သော။သုဒ္ဓဿ၊
သန့်ရှင်းစင်ကြယ်ထသော။ ပေါသဿ၊ သတ္တုပညတ်ဖြစ်ထသော။ အ
နင်္ဂဏသ၊ ကင်းသောအပြစ်ရှိထသော။နရဿ၊သူအား၊ဒုဿတိ၊ပြစ်
မှား၏။ တာမေဝဗာလံ၊ ထိုသူမိုက်သို့သာလျှင်။ ပါပံ၊မကောင်းမှုသည်။
ပစ္စေတိ၊ ရောက်ပြန်ရာ၏။ ကိဓိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဋိ
ဝါတံ၊ လေညာသို့။ ဒိဇ္ဇော၊ ပစ်အပ်သော။ သုခုမော၊ သိမ်မွေသော။

ရဇော၊ဖြို့သည်။ ပဿေတိဇ္ဇဝ၊ •လွှင့်ပြန်လာသကဲ့သို့။ ပဇ္ဇုတိ၊ တဘန် ပြန်လာ၏။ ။ဤဂါထာတို့ဖြင့် ပရိသတ်အပေါင်းအား ဓမ္မဒေသနာပြု ခြင်း အစရှိသော အန္ဓပုဗ္ဗိကို ဆိုရာဆိုကြောင်းဖြစ်သော သာဠိပါဌ ဇာတ်ကို အကြောင်းပြုသဖြင့်ရင်း။ ။ထိုမှတပါး။ သေရိဝဝါဏိဇ ဇာတ်။ကုက္ကုဠရဇာတ်။ရောမကဇာတ်။အနုသောတိကဇာတ်။ ပုဏ္ဏကပါတိ ဇာတ်။အဟိကုဏ္ဍိကဇာတ်။ ဝိသလိဘ္ဘဇာတ်အစရှိသော ဇာတ်တို့ကို အကြောင်းပြု၊ ဖြင့်ရင်း သိအပ်၏။ ။ဤသည်လျှင် ဒိဋ္ဌဓမ္မဝေဒနီယ ဝဋ္ဋနမည်၏ဟူလိုသော်။ ။

၇၅။ မာယာကာရဝဋ္ဋနအား ဖြင့် လှည့်ပတ်ခြင်းကိုပြရာ။

၄။ မာယာကာရဝဋ္ဋနဟူသော်ကား။ မာယာပြု၍လှည့်စားခြင်း တည်း။ထိုမာယာပြု၍ လှည့်စားခြင်းကိုကား။ စက္ခုဝေါလိသာဟိခလုသမ္မ ပုဏ္ဏမုခဒ္ဒါးနှင်ဟိ ဣတ္တိပုရိသံ အစ္ဆာစရတိအစရှိသော ပါဠိပဒေသနှင့် ညီ၏။ လေးဆယ်သော မာယာတို့တွင် တပါးပါးဖြင့် လှည့်စားခြင်း အစရှိသည်တို့၌ သိအပ်၏။ ။အထူးသဖြင့်ကား။ ခိုးသူ၊ ပြည့်မျက်စိ၊ ပုဏ္ဏား၊ပုဏ္ဏားမ၊ဒါနော ပိန်းဗဲယ်အစရှိသောသူတို့ကို အကြောင်းပြု သဖြင့်ရင်း သိအပ်၏။ ။ထိုအကြောင်း အတိုနည်းဟူမူကား။ တို့မြတ် စွာဘုရားသည်။ ဇေတဝန်ဝိဟာရ၌နေတော်မူစဉ်။ သာဝတ္ထိပြည်တွင် သဘင်နေ့၌ အနာထပိဏ်သူဌေး ကျွန်မသည် သဘင်ကစားလိုသည် ဖြစ်၍ ပဉ္စလက္ခဏဒေပိဒမည်ရှိသောသူငွေးကတော်အား တန်းဆာ တောင်းသဖြင့် အဘိုးတသိန်းထိုက်သော မိမိတန်းဆာကိုပေး၍ ကျွန် အပေါင်းနှင့်တကွ ကစားခြင်းငှါ ဥယျာဉ်သို့ သွားသည်ကို။ ခိုးသူက ယောက်လိုက်၍။ ဤမိန်းမကိုသတ်၍။တန်းဆာကိုယူအံ့ဟု ထိုမိန်းမနှင့် စကားပြောတက်ပြု၍ ဥယျာဉ်သို့ရောက်လျှင်။ ငါးအဲသေထမင်းပေး သည်ကို တပ်သောဓိတ် ရှိသည်ဖြစ်၍ ပေးသည်ဟူသော အမှတ်ဖြင့် စားသောက်၍ ချက်ကြွေးတူးပြီးမှညချမ်းသောအခါ၌ အဘော်မှခွါ၍ခိုးသူ နေရာသို့သွားသည်ကိုငှေ့သို့လိုက်လှည့်ဦးဟုဆိုလျှင်။ဤအရပ်၌သော် ဝက် သောအမှုကို ပြုခြင်းငှါ တတ်ကောင်းလျက် ဤသို့တဘန် ခေါ်ပြန်

ခြင်းသည် ငါ့ကိုသတ်၍ တန်းဆာကိုယူလိုသည်ဖြစ်မည်။ ဤသို့တဘန် မကျင့်ပြန်အောင် သတ်အံ့ဟု။ ငါသေယာစီးဖြင့် ခြောက်တပ်သော ကိုယ်ရှိသည်ဖြစ်၍ ရေမွတ်သိပ်လှသေး၏။ ရေသောက်ပါရစေဦးဟု ရေတွင်းတာ၍သို့သွား၍ ကြိုးအင်တံ့ကိုပြုလျှင် တွင်းသို့သွတ်၍ ရေငင်သော ခိုးသူ၏တင်သိုးကို လက်နှစ်ဘက်ဖြင့် မျှဉ်း၍ တွန်းချလိုက်ပြီးသော်။ဤမျှတည်းဖြင့် မသေတန်သေး ဟု ကြီးစွာသောအုတ်ကိုချလိုက်၍။ခိုးသူသေလျှင် ရှိသို့ဝင်၍။ပညာလက္ခဏဒေါ်အား တန်ဆာနှင်းသောအခါ၌ ဤတန်းဆာကြောင့် ယနေ့အသူသေချေ၏ဟု ထိုအကြောင်းကို ပြောသဖြင့်။ပညာလက္ခဏဒေဝီသည် အနာထပိဏ်သူဌေးအား ကြား၍။ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား လျှောဝံသည်ရှိသော် ပာရအခါ၌သာ ဤကျွန်မသည် အရာသို့ရောက်သော ပညာနှင့် ပြည့်စုံသည်မဟုတ်။ရှေးဦးလည်း ပြည့်စုံဘူးပြီ။ပာရအခါ၌သာလျှင် ဤခိုးသူကိုသတ်သည် မဟုတ်။ ရှေးဦးလည်း သတ်ဘူးလေပြီဟု မိန့်တော်မူ၍။ ထိုအကြောင်းကို သူဌေးတောင်းပန်သဖြင့်။ လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော်။ သတ္တုကအမည် ရှိသော ခိုးသူသည် ဆင်ပြောင်အားနှင့်တူသောအားရှိသည်ဖြစ်၍။ညဉ့်အတို၌ ကြွယ်ဝများမြောင်သူတို့၏အိမ်သို့ ခွံ့ခွံ့တက်၍ လုယက်သည်ကို ပြည့်သူတို့ပေါင်းစည်း၍ မင်းပယင်ပြင်၌ကြေးကြေဒါသဖြင့် မြို့ကွပ်ကို ဝန်ပြု၍ ထိုခိုးသူကိုရလျှင် မြို့လုံးချောက်ချားစေလျက် သတ်ရာစည်းနှိုးသို့၊ ဆောင်သည်ကို။ ကျွန်ုပ်အခံငါးရာရှိသောတည်ခိုတဲဒါယကဆောင်သော သုလသာအမည်ရှိသောပြည်မကံကျွေးသည် လေသွန်ကြသဲ့၍မြင်လျှင် တပ်သောစိတ်ရှိသည်ဖြစ်၍။ ဤပေသာကျွန်းကိုလွှတ်စေနိုင်တပြီကား ညစ်သူးသောအမှုကို မပြုမူ၍ ဤပေသာကျွန်းနှင့်ညီညွတ်စွာနေရ၏ဟုကြံ၍ သို့။ ဝှက်သောဥပါယ်တမျှဉ်ဖြင့်ထုတ်လိုသော ကြောင့်၊ခိုးသူဟုဆောင်မသော ဤပေသာကျွန်းသည် အကျွန်ုပ်မောင်ဖြစ်သည်။ အကျွန်ုပ်ကို ညစ်သူးသောအမှုကိုပြုသည်ဟု မချဉ်းမကပ်နေလေသည်။အကျွန်ုပ်အားအကြောင်းပြုသဖြင့် ဤအသပြာတဆောင်ကို ယူ၍ အကျွန်ုပ်မောင်ကိုလွှတ်ပါဟု မြို့ကွပ်သို့စေသည်ရှိသော်။ ဤခိုးသူသည် ထင်ရှားသော ခိုးသူဖြစ်သော်ကြောင့် အချည်းနှီးမလွှတ်သော်။ အစားရအောင်ရာဟုမှာလိုက်စည်တွင်ကာနေ့တဆောင်ပေး၍လာမြဲဖြစ်

သော သူဌေးသားလောသည်ကိုမြင်လျှင်။ ဥယျာထောင်ထုပ်ကို ရင်ခွင်၌ထားလျက် ငိုကြွေးပြု၍ ဇာတ်မာယာဖြင့် လှည့်စားသည်ကို သူဌေးသားမေးမှားချေ၍၊ ပသုသတ်မည်ပြုသော ဒိုးသူသည် ငါမောင်ဖြစ်သည်။ မြို့ကပ်သို့စေလိုက်သည်ကို အသပြာတထောင်ပေးလျှင် လွှတ်မည်ဆိုပေလျက်။ ဤဥစ္စာကိုဒုပါမည်သူမရှိသောကြောင့်မိုးရိမ်ငိုကြွေးမြည်တမ်းသည် ဟုဆိုသည်ကို အကယ်ထင်၍။ ထိုသူခွဲတပ်သော အာသာဖြင့် ငါ့ဖို့အံ့ဟုဆိုချေသောကြောင့်၊ အမောင်ဆောင်ခဲ့သောဥစ္စာကိုပင်ဒုံ့ချေဟုဆို၍ မြို့ကပ်သို့ သူဌေးသားရောက်လျှင် သူဌေးသားကို ကပ်ရာအရပ်၌ ချုပ်၍ထားပြီးသော်။ ဤဒိုးသူသည် ထင်ရှားသော ဒိုးသူဖြစ်သောကြောင့် ညဉ့်မှသတ်မည်ဟုဆို၍ လူချေတိတ်လျှင် ဒိုးသူအစား သူဌေးသားကိုသတ်၍ အကောင်ကိုတံကျင်တင်၍ထားပြီးမှ။ ထိုဒိုးသူကို သုလသာအိမ်သို့ဒုံ့စေသဖြင့် ဝမ်းမြောက်ဝမ်းသာ ညီအစ်ကိုတို့ထွက်ခွာသုံးလေးရက်နေလျှင်။ ငါဤအရပ်တွင်လည်းမနေချင်။ လက်ချည်းလည်းမသွားလို။ ဤမိန်းမတန်းဆာသည် တသိန်းထိုက်၏။ ဤမိန်းမကိုသတ်၍ တန်းဆာကိုယူ၍သွားအံ့ဟုကြံပြီးသော်။ တနေ့သဒ္ဓါငါ့ကိုသတ်မည်ဆောင်သော အခါငါလွတ်လျှင် နတ်မြတ်ကို ပူဇော်မည်ဟု ဤမည်သောတောင်စောင့်နတ်ကိုကိုးကွယ်ပေသည်။ ပသုမပူဇော်ဟု ငါ့ကိုမြဲမံးချောက်သည်ဖြစ်သောကြောင့်ပူဇော်အံ့ဟုဆိုလျှင်။ကောင်း၏။စိရင်၍ပို့ချေစေဟုသုလသာဆိုသည်ကို။ စေ၍သာမသင့်။ ငါတို့နှစ်ပေါက်စုံ ဆင်ယင်ပတ်စားလျက်သွား၍ ပူဇော်ရမှသင့်မည်ဟု ဆိုသဖြင့် မျှားသောအခြံအရံနှင့်တကွ တောင်ခြေရင်းသို့သွား၍။ လူမျှားကိုမြင်သော် နတ်ပူဇော်မခံပေရော။ငါ့တို့နှစ်ပေါက်သာတက်၍ပူဇော်အံ့ဟု သုလသာကို ပူဇော်ပွဲရွက်စေ၍ ဒိုးသူကား လက်နက်ငါးပါးစွဲလျက်။ တောင်ထိပ်သို့ရောက်လျှင်။အသူတရာရှိသော ကမ်းပါးပြတ်ခွင်ရောက်သောသစ်ပင်ရင်းတွင်ချစေ၍။ ငါနတ်ပူဇော်မည်မလော။ သင့်ကိုသတ်၍ အဝတ်တန်းဆာကိုယူ၍သွားမည်လောသည်။ တန်းဆာကိုဆွတ်၍ ထုပ်ဟုဆိုလျှင်။ အဘယ့်ကြောင့်သတ်အံ့နည်းဟုမေး၍။ ဥယျာကိုလိုသောကြောင့်ဟု ဆိုသဖြင့်။ သတ်ခြင်းဌာနဆောင်သည်ကို သူဌေးသားနှင့်လွယ်၍။ တနေ့တထောင်ရသည်ကိုစွန့်၍။ မျှားစွာသော ကျေးဇူးရှိကြောင်းကို ဆိုလျက်။ ငါအသက်သခင်ကို အဘယ့်ကြောင့် သတ်မည်နည်း။ မျှားစွာသော ဥစ္စာ

ကိုလည်း ပေးအံ့။ ငါ့ကိုလည်း ကျွန်ပြုတော့ဟု တောင်းပန် ထိုသော်
ကြောင့်။ ။ဤဒသဝတ္ထုကား ယူရံ၊ မတ္တာဝေဠုရိယာဇဟူ။ သင်္ဘီဟ
ရသုဘဒ္ဒန္တ၊ မဠုဒါသိတိသာဝယာ။ ။သာမိ၊အရှင်။ တေ၊အရှင့်
အား။ ဘန်း၊ကောင်းခြင်းသည်။ ဘဝတု၊ဖြစ်စေ။ ဤဒသဝတ္ထုကာယူရံ၊
ဤရွှေအတိုပြီးသောလည်တန်းဆာသည်။ မတ္တာဝေဠုရိယာ၊ ပုလဲပတ္တ
မြားညှိုတို့သည်။ ဇဟူ၊ မျှားကုန်၏။ သင်္ဘီ၊အလုံးစုံကို။ ဟရသု၊ဆောင်
တော်မူလော့။ မဠု၊ ငါ့ကိုလည်း။ဒါသိတိ၊ ကျွန်မဟူ၍။ သာဝယ၊ကြား
တော်မူလော့။ ။ဤဂါထာဖြင့် တောင်းပန်သည် ဂို့ဖေသော်။ ။ဩ
ရောပယာသုကသျှာကိ၊ မာဇာဠံ ပရိဒေဝသိ။ နစာဟံ အာဘိဇာနာမိ၊
အဟာတို့ဝဓနမာဘာတံ။ ။ကသျှာကိ၊ ကောင်းသောအသွင်ရှိသော။
ဘဒ္ဒေ၊ အဘယ်။ ကာယူရံ၊တန်းဆာကို။ ဩရောပယာသု၊ချွတ်လော့။
ဇာဠံ ဖြင်းစွာ။မာပရိဒေဝသိ မငိုကြွေးလင့်။အဟံ၊ငါသည်။အဟာတို့ဝ၊
မသတ်မူ၍။ခနံ၊ဥစ္စာကို။ အာဘာတံ၊ဆောင်သည်ကို။ နစအာဘိဇာနာမိ။
မသိစတူး။ ။ဤဂါထာဖြင့် မိမိအလိအတိုင်း သင်္ဘုကဆိုလျှင်။သုလ
သာသည် အရာသို့ရောက်သော အကြောင်းကို ရ၍။ ဤခိုးသူသည်ငါ့အ
သက်ကိုမပေးပေရာ။ ဥပါယ်တမျှဖြင့် သူ့ကို ဖျောင်းဖျစွာကမ်းပါးပြတ်
ဒွိတွန်းချ၍သေစေအံ့ဟုကြံ၍။မဲ့ပသာကာရ ဝဉ္စနဖြင့်လှည့်စားထိုသော
ကြောင့်။ ။ယထော သရာမိ အတ္တာနံ၊ ပသော်ပတ္တော သို့ ဝိညူတံ။
နစာဟံအာဘိဇာနာမိ၊ အညံဝိယတရံတယာ။ ။ဇဟိတံဥပဓုဟိသံ၊
ကရိဿဉ္စုပဒကွိဏံ။ နဟိဒ၊နိပုနအတ္ထိ၊ မမတုယ္ဟဉ္စသက်မော။ ။အ
ယုပုဇ္ဇ၊ အရှင်သား။ယတော၊ အကြင်အခါမှ။အတ္တာနံ၊ ကိုယ်ကို။ သ
ရာမိ၊အောက်မေ့၏။ ပသော်၊အကြင်အခါမှ။ ဝိညူတံ၊ သိကြားလိမ္မာ
သည်၏အဖြစ်သို့။ ပတ္တော၊ရောက်သည်။အသို့၊ဖြစ်၏။ တတော၊ ထိုအ
ခါမှ။ ပဋ္ဌာယ၊စ၍။ တထာ အရှင့်သား၊ထက်။ ဇယတာံ၊ချစ်မြတ်နိုးအပ်
သော။အညံ၊တပါးသောသူကို။နစအာဘိဇာနာမိ။မသိစတူး။ ။အယျ
ပုတ္တ၊အရှင့်သား။ ဇဟိ၊လာလှည့်။ တံ၊အရှင့်သားကို။ဥပဓုဟိသံ၊ဘက်
ပါအံ့။ပဒကွိဏဉ္စ၊ လက်ျာရစ်လှည့်ခြင်းကိုလည်း။ ကရိဿံ၊ ပြုပါအံ့။ဇု
ဒါနိ၊ ယာဝအခါခြွ။ပုန၊တဘာန်။မမစ၊ငါ့၏ဂုဏ်း။တုယ္ဟဉ္စ၊အရှင့်သား၏ဂုဏ်း။
သင်္ကမော၊ ပေါင်းဘော်ခြင်းသည်။ နဟိအတ္ထိ၊မရှိပြီ။ ။ဤဂါထာဖြင့်
လှည့်စားသော သုလသာ၏ အလိုကို သင်္ဘုကမသိချေသောကြောင့်။

မင်းခံတွင်းကိုထွင်း၍သွားသဖြင့် ခမည်းတော်သေလျှင် မှင်ဆံနှင့်တကွ
သော ဦးခေါင်းကိုယူ၍ ပြန်ခဲ့သောနေ့သည်။ဝက်ရောဇ်မင်းလွန်၍ ခုနစ်
ရက်မြောက်သောနေ့နှင့်တိုက်သဖြင့်။ထိုမင်းဦး သားမရှိသေ။ ကြောင့်၎င်း။
မင်းသားပြုသောအမှုကို နှစ်သက်ကုန်သဖြင့်၎င်း။ မင်းကြီးမြေးတော်
အဖြစ်ကို သိသဖြင့်၎င်း။ မယ်တော် ခမည်းတော်တို့ကို သိသော
ကြောင့်၎င်း။အမတ်အပေါင်းတို့သည် တစိတ်ဘည့်ညီညွတ်ကြ၍ မင်း
မြောက်ကုန်သည်ရှိသော်။ ထိုဝက်မြို့ဦး မင်းပြုပြီးမှ။မယ်တော် ဘထွေး
တော်တို့အား ထိုတိုင်းဦး မင်းအဖြစ်ကိုပေးခဲ့၍။ သီဟာသိဝလိဒေဝီကို
ယူခဲ့၍။တွားရာမြေသို့သွား၍။မြို့ပြကျုံးမြောင်းလုပ်၍။ သီဟာပုရအမည်
ကို တွင်စေလျက် ယူဇနာဝတရာသောတောအုပ်ကို မြို့တည်ထောင်ပြုစု
၍ သီဟာသိဝလိဒေဝီကို မိဘုရားမြောက်၍ လာဒ္ဓတိုင်း သီဟာပုရပြည်ဒ္ဓ
သီဟာဗာဟုမင်းကြီးမင်းပြုသည်ရှိသော်။ကာလတန်လျှင် သီဟာသိဝလိ
ဒေဝီမိဘုရားသည်။ ဝိဇယာ၊သုမိတ္တာဟူသော သားတော်နှစ်ယောက်ကို
တည့်ဖြိုင်နှက်ဘွားခြင်း။ ဤသို့သောနည်းဖြင့် တဆဲ့ခြောက်ကြိမ်ဘွားသော
သားတော် သုံးကုဋေနှစ်ယောက်တို့တွင်။ အကြီးဆုံးဖြစ်သော ဝိဇယ
မင်းသားအားအိမ်ရှေ့အရောပေး၍။ပရိသတ်နှင့်ဟာကွသောအိမ်ရှေ့မင်း
သည် မည်မမည့်တော်သောဒေကျင့်ရှိသည်ဖြစ်၍။ အနိုင်အထက်လုယက်
မျက်ဆီးခြင်းအစရှိသည်ဖြင့် သည်းမခံနိုင်သောအမှုကိုပြု၍။ ပြည်သူ
တို့ဒေမျက်ထွက်၍။သားတော်ကိုဆုံးမစီမံသောငှါမင်းကြီးအားလျှောက်
ကုန်သော်။ ပြည်သူအပေါင်းကို နှစ်သိမ့်ဖြားယောင်း၍။ သားတော်ကို

ကောင်းစွာဆုံးမသော်လည်း မဆုံးမနိုင်သဖြင့်။ နှစ်ကြိမ်မြောက်လျှော်ဒ
၍ သုံးကြိမ်စေ့သောအခါ သားတော်ကို သတ်ပေတော့ဟု ပြည်သူဖ
ပေါင်းတို့ဆိုကုန်သောကြောင့် ဝိဓုယမင်းသားနှင့်ကကွ ခုနစ်ရာသော
အမတ်သားတို့ကိုခေါ်၍ လွတ်တင်ပြီးသော် သရဒ္ဒရာဒ္ဒ မျှောလိုက်
၍။ထိုသူတို့၏မယား၊ ထိုသူတို့၏သားတို့ကိုလည်း ဤအတူရင်း အသိး
အသိး မျှောလိုက်သဖြင့်။ သူငယ်တို့ လွတ်သောဆိပ်၌ သူငယ်တို့
လွှမ္မသက်၍ သူငယ်တို့နေသော ကျွန်းသည် နဂဒ်ပဟူသော အမည်
ကိုရ၏။ မိန်းမတို့လွတ်သောဆိပ်၌ မိန်းမတို့လွှမ္မသက်၍ မိန်းမတို့
နေသောကျွန်းသည် မဟိလာဒ်ပဟူသော အမည်ကိုရ၍။ ဝိဓုယမင်း
သားတို့လွှသည် လက်ာဒ်ပကျွန်း၌ တင်၏။ ။လူသုံးပါးတို့၏ ပ ဘွ
မြားမျက်ကွင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးဆဲ့ငါးနှစ်
ပတ်လုံး လူသုံးပါးတို့၏ စိုးပွါးကို ဆောင်တော်မူ၍ ကုသိနာရုံပြည်
မလ္လမင်းတို့၏ အင်ကြင်းပင်ခြောက်သော ဥယျာဉ်တွင်ပရိနိဗ္ဗာန်ပြုရာ
ညောင်စောင်း၌ လျောင်းတော်မူစဉ်။ လက်ာဒ်ပ၌ ဝိဓုယမင်းသားတင်
သည်ကိုမြင်တော်မူလျှင်။ ဆိကြားမင်းကို ခေါ်တော်မူ၍။ လာဋ္ဌတိုင်းမှ
သိဟဗာဟုမင်းကြီးသား ဝိဓုယသည်။ ခုနစ်ရာသော အမတ်သားတို့
နှင့်တကွ ယခုလက်ာဒ်ပသို့ ရောက်၏။ လက်ာဒ်ပ၌ ငါ့သာသနာတည်
လတ္တံ့။ အခြံအခဲ့နှင့်တကွသော ဝိဓုယမင်းသားကိုလည်း၊ လက်ာဒ်ပကို
လည်း၊ကောင်းစွာစောင့်ရှောက်ဘိဟု နှင်းတော်မူလျှင်။ ထိုခဏ၌ ဥပ္ပလ
ပဒ္မာအမည်ရှိသော နတ်သားကို ဆိကြားမင်းခေါ်၍ဝန်ပြုသည်ရှိသော်
ထိုနတ်သားသည် ပရိဗိုဓ်ရဟန်းအသွင်ဖြင့် လက်ာဒ်ပသို့သွား၍ သစ်
ပင်ရင်း၌နေရာသို့ ဝိဓုယမင်း သားတို့လာ၍ အဘယ်ကျွန်းနည်းဟု မေး
သည်ကို။လက်ာဒ်ပကျွန်းဟုဆို၍။ ဤကျွန်း၌သူမရှိ။ သင်တို့အားလည်း
ဘေးအန္တရာယ်မရှိစေသတည်းဟု ကရုဏာဖြင့်ရေဖြင့် အလုံးစုံသော်သူကို
သွန်း၍ ပရိတ်ချည်ကိုလည်း၌စွပ်၍ ကောင်းကင်ဖြင့် သွားလေလျှင်။ ကု
ဝဏ္ဏာအမည်ရှိသောဘီလူးမ၏ အလုပ်အကျွေးဖြစ်သော ဘီလူးမငယ်
တယောက်သည် မျက်စိ၌ ခွေးကဲ့သို့ထင်စေလျက် ဖြလှာသည်ကို မင်း
သားဖြင့်လျှင်။ရွာရှိသော်သာခွေးရှိရာသည့်ဟုဆို၍လှလင်တယောက်
ကို အစဉ်တစိုက်လိုက်စေသည်ရှိသော်။ သစ်ပင်ရင်း၌ ယက်ကန်းရှယ်
သော ရသေ့မအသွင်ကဲ့သို့ ထင်စေလျက် ဖန်သော ကုဝဏ္ဏာကိုဖြင်

လျှင်။ ထိုဘီလူးမအနီး ရောက်သို့သက်၍ ချီးသောက်ပြီးသော်။ ကြာ
စွယ်ကြာရင်းကို ဖျှ၍ ကြာရွက်၌ရောကိုထုပ်၍ မင်းသားတို့ဆောင်ခြင်း
ဌါယူ၍တက်သည်ကို။ ရပ်လော့၊ငါ့အစာဖြစ်ပြီဟုဆိုလျှင်။ နှောင့်ဘွဲ့၍
ထားဘိသကဲ့သို့ဖြစ်လျက်။ပရိတ်ချည်၏အာနုဘော်ကြောင့် မစားဝံ့၍။
ထိုပရိတ်ချည်ကို ဖောင်းသော်လည်း ဖေပေးရကား နှောင်အိမ်သို့ ပစ်
လိုက်၍။ဤသို့သောနည်းဖြင့် လာတိုင်းလာတိုင်းကို တပေါက်စီဘမ်း
၍ နှောင်အိမ်သို့ပစ်လိုက်သဖြင့် ဒဓိမတ်သားဆုနစ်ရာတို့မလာလျှင်။ဝိဇ
ယမင်းသားသည် ရုံရှာထိတ်လန့်ခြင်းဖြစ်၍။မြဲမြံသောလက်နက်ငါးပါး
ကိုစွဲလျက် လိုက်သည်ရှိသော် ရောကန်ကိုတွေ့၍။ ရောကန်၌ ခြေရာကို
ကြည့်လျှင် ဘီလူးမကိုဖြင်သဖြင့်။ ငါ့လူတို့ကို ဤဘီလူးမ ယူသည်ဖြစ်
မည် ဟု ငါ့ကျွန်တို့ကိုဖြင်၏လောဟုမေးသည်ကို။ မင်းသား ကျွန်တော်
တို့ကိုမေး၍ အဘယ်ပြုမည်နည်း။ရော်ကန်သို့သက်၍ ချီးသောက်တော်
မူပါလော့ ဟုဆိုလျှင်။ ဤဘီလူးမ ငါ့ကိုမင်းသားအဖြစ်ကို သိလေ၏ဟု
လျှင်စွာပြေးတည့်၍ လက်ဝဲလက်ဖြင့်ဆံကိုကိုင်ပြီးသော် သန်လျက်မိုး၍
ငါ့ကျွန်များကိုပေး။ မပေးသော် ယခုသတ်တော့မည်ဟု ဆိုလျှင်။ အ
ကျွန်ုပ်အသက်ကိုပေးပါ၊ မသေပါစေလင့်။ မင်းအဖြစ်ကိုလည်း ပေး
မည်။ မာတုဂါမအဖြစ်ကိုလည်းပြီးစီမ့်မည်။ အလိုက်အိုးရှိသောအမှုကို
လည်းပြုမည်ဟု ဆိုလျှင်။ အပြစ်အမှား မပြုစိမ့်သောဌါ သင်္ဘောစကား
ဆိုကြပြီးမှ။ ငါ့လုလင်တို့ကို အလျင်ဆောင်ယူခဲ့ဟု ထိုလုလင်တို့ကို
ဆောင်ခဲ့စေ၍။ဤသူတို့ထမင်းမွတ်ဘုန်၏ဟုဆိုလျှင် မဆွကဘီလူးမ
စားသောသဘောသားတို့၏လွှဲပါသောသကာ၊ထောပတ် ဆီ၊ပျား
ဆန်၊အဲအစရှိသော။ အထူးထူးအပြားပြား များစွာသော ဝတ္ထုကိုပြု
သဖြင့် အလိုအလျောက် ချက်ပြုတ်စီရင်၍။မင်းသားကိုလုပ်ကျွေး၍၊မိမိ
တို့စား၍။ ဘီလူးမအား စားဦးပေး၍ ဝမြောက္ခုန်ပြီးသော်။ ထို ဘီလူးမ
သည် ဝတ်စားပြုပြင်တန်းဆာဆင်၍တဆဲ့ခြောက်နှစ်ရွယ်ရှိသော မင်း
သားနှလုံးကို ယူကျုံးဘိသကဲ့သို့သော မိန်းမငယ်ဘန်ဆင်း၍။ ရုံအပ်
သော တင်းထိမ်ရှိသော၊ဆန်းကြယ်သော ရွှေကြယ်ဗိတာန် ကြက်အပ်
သော၊ မြတ်သောသူအား ထိုက်သောအိပ်ရာကို သစ်ပင်ရင်းခွံခင်း၍။
အမတ်တို့အားလည်း တင်းထိမ်ရုံကာ အသီးအသီးခင်း၍ အိပ်ကြ၏။
ညဉ့်အခါ၌ စောင်းသံ သီချင်းသံကိုကြားသောကြောင့် ဘီလူးမအား

မင်းသား မေးသည်ရှိသေ၏။ငါ့ကို လူနှင့်ပေါင်းဘက်သည် ဟူ၍ ဘိလူး တို့သတ်လတ်ဘုန်ရာ၏။ထို့ကြောင့် အရှင့်သားအား မင်းအဖြစ်ကိုပေး အံ့။ဘိလူးအပေါင်းကိုလည်း သတ်စေအံ့ဟုကြံ၍။သိရိယဝဏ္ဏ၊ အမည်ရှိ သောဘိလူးပြည်၌ ဘိလူးမင်းအား **လက်ာဒ်**ပဒ္မ ဘိလူးမငယ်ကိုဆောင် ခဲ့၍ ကြီးစွာသောသဘင်ဖြင့် ထိမ်းမြားမင်္ဂလာပြုသည် ယနေ့ခုနစ်ရက် ရှိပြီ။ယနေ့ပင်ဘိလူးအပေါင်းကိုသတ်၍ မင်းပြုတော်မူလော့။ယနေ့ဟ လွန်သော် မတတ်နိုင်ခဲ့ပြီဟု ဘိလူးမဆိုသည်ကို။ ထင်ရှားသောကိုယ် ရှိသောငါသည်၊မထင်ရှားသောကိုယ် ရှိသောဘိလူးကို အာသို့သတ်နိုင် မည်နည်းဟု ဆိုသည်ရှိသော်။ ထိုအရပ်၌ ငါအသံပြုမည်။ ငါ့အသံသို့ လိုက်၍ခုတ်။ ငါ့အာနုဘော်ကြောင့် ကိုယ်တို့ကို လက်နက်ကျလိမ့်မည် ဟုဆိုလျှင်။ဘိလူးမဆိုတိုင်း အလုံးစုံသောဘိလူးကို သတ်၍။ ဘိလူးမင်း တန်းဆာကိုမင်းသားဆင်၍။ဘိလူးအမတ်တန်းဆာကို အမတ်သားတို့ ဆင်၍။ ထို၌ တရက်နှစ်ရက် နေပြီးလျှင် တမ္ဗပဏ္ဏိအရပ်သို့ သွား၍။ ထို အရပ်၌ တမ္ဗပဏ္ဏိမြို ဟည်၍။ အမတ်အပေါင်းခြံ၌ လျက် ထိုဘိလူးမနှင့် တကွမင်းပြု၏။ထိုကျွန်းသည်တမ္ဗပဏ္ဏိကျွန်းဟူသော အမည်ကိုရသည် ကား။ လွမ္မသည် မြေသို့ သက်ရောက်ခြင်း ဝိဇယမင်းသား အမှုးရှိသော အလုံးစုံသောသူတို့သည် ပင်ပန်းကုန်သည်ဖြစ်၍။မြေ၌ လက်ထောက်၍ နေကုန်သည်ရှိသော်။ နိလ္ဘာသောမြေမှန်ဖြင့် ချိပ်ရည် ဆိုးဘိသကဲ့သို့ သော လက်ဝါးအပြင်ရှိသောကြောင့် ထိုအရပ်သည်တမ္ဗပဏ္ဏိဟူသော အမည်ကိုရသည်။ ထိုအရပ်သည် ထိုအမည်ကို ရသောကြောင့် ကျွန်း သည်လည်း ထိုအမည်ကို ရပါသည်။ သီဟဠဒိပ ဟူသော အမည်ကို ရသည်ကား။ ခ မည်း တော် ခြင်္သေ့မင်းကို ယူ တတ် သော ကြောင့် သီဟဗာဟုမင်းသည် သီဟဠမည်၏။ ထိုသီဟဠမင်းနှင့်စပ်သော သား တော်မြေးတော်တို့သည်လည်း သီဟဠ မည်ပါကုန်၏။ ထို သီဟဠမင်း တို့၏နေရာဖြစ်သောကြောင့် ထိုကျွန်းသည်လည်း သီဟဠဒိပ ဟူသော အမည်ကိုရသည်။ အနုရာဓ၊ ဥပတိဿ ဥဇ္ဇေန ဥရုဝေလ ဝိဇိတ အစရှိ သော အမတ်ပုဏ္ဏားတို့ တည်ထောင်ကြသော ရွာပြည်တို့သည်လည်း အနုရာဓအစရှိသော အမည်ကိုရကုန်၏။ ဤသို့ တည်ထောင် ပြုစုသော ဝိဇယမင်းကြီးအား အဘိသိက်သွန်းခြင်းငှါ အဓိတ်တို့တောင်းပန်သည် ကိုအဘိသိက်ခံဘက် မိဘုရားမရှိသောကြောင့် မင်းကြီးအလိမ္မာလျှင်

အမတ်အပေါင်းတို့တိုင်ပင်၍ ပုဏ်ဝပတ္တမြား အစရှိသောရတနာ၊ များမြတ်သော ပန္နာကာရဖြင့်။ ဒက္ခိဏာမဓုရပုရသို့ ပဏ္ဍုရာဇာအမည်ရှိသောမင်းကြီး၏ သို့အလှိုင်၌ ဆက်စာနှင့်တကွ သီဃနာဝါဖြင့် တမန်လွှတ်၍ မှာစာ ကြားလျှင်။ သို့တော်ကို ပေးလိုသောကြောင့် အမတ်အပေါင်းနှင့်တိုင်ပင်၍စိရင်သည်ရှိသော်။တရာမျှလောက်ဖသောအမတ်သို့တို့ကို နှုးဥိးစွာ ရလျှင်။ လက်ဝဒိပသို့ သားသို့ကို လွှတ်လိုသော သူသည် နှစ်ထပ်သောအဝတ်ကိုဝတ်စေ၍ အိမ်တော်ခါးဦ ထားကုန်။ ထိုနိမိတ်ဖြင့် အလိုရှိသူကိုသာယူကုန်အံ့ဟု။ ညှဉ်းဆဲကလူ မယူမငင်တဲ့ ဖြူဦ စည်လည်စေ၍ များစွာသော သို့း ကညာ ရလျှင်။ မိဘ တို့အား များစွာသော ဆုလာဘ်ကို ပေး၍။ အလုံးစုံသော အဝတ်တန်းဆာဖြင့် တန်းဆာဆင်၍။ သို့းတော်၏ အခြံအရံ ပြုစေလျက်။ သို့းတော်နှင့်တကွ မင်းနှင့် ထိုက်တန်သော ဆင်ဖြင်းရထား။ တဆဲ့ ရှစ်ပါးသော ဗစ်သည်။ တထောင်သောအမျိုးတို့ကို လွှဲပွဲသဘင်ဖြင့်ကူးစေ၍။ထိုလူအပေါင်း တို့သက်ရှာ်ဆိပ်သည့် မဟာတိတ္ထဟူသော အမည်ကို ရလျက် ဝိဇယမင်းကြီးလံသို့ ပို့လေစေ၏။ ဝိဇယမင်းကြီးလည်း မင်းသို့းလာသည်ကို ကြားလျှင်။သားဧယျာက်ျား သားမိန်းမနှစ်ယောက်ဖြင်သော ကုဝဏ္ဏာ ဘီလူးမကိုသားနှစ်ယောက်ကိုကားခဲ့၍သွားတော့ဟုဆိုသည်ရှိသော်။ ဘီလူးတို့သတ်လတ္တံ့သည်မှ ကြောက်သောကြောင့် တနှစ်တဆောင် အခွန်သွင်း၍ သင့်တင့်ရာနေပါမည်ဟု တောင်းပန်သော်လည်း ခွင့်မရသဖြင့်။သားနှစ်ယောက်ကိုယူ၍ ဘီလူးတို့နေရာလက်ဝါပုရမြို့သို့သွား၍။ သား နှစ်ယောက်ကို ပြင်က ထားခဲ့၍ မြို့တွင်းသို့ ဝင်သော်။ ဘီလူးအပေါင်းတို့ကြောက်လန့်တကြား ချောက်ချားရှိစဉ်တွင်။ဘီလူးကြမ်းတယောက်သည်ပြေး၍လက်ဝဲးဖြင့်ရိုက်တည့်သဖြင့်ညက်ညက်ကြေ၍ သေလေလျှင်။ ထိုဘီလူးမဦးရီး မြို့ပြင်သို့ထွက်ရာတွင် မြေးနှစ်ယောက်ကိုမြင်၍။ သင်တို့ အသူသားသို့းနည်းဟု မေး၍။ ကုဝဏ္ဏာ သားဟု ဆိုလျှင်။ သင်တို့အမိကို သတ်လေပြီ။ သင်တို့ကိုလည်း သတ်လေကုန်အံ့။ လျှင်စွာပြေးပါလေဟုဆိုသဖြင့် သုမနကူဋတောင်သို့ ပြေး၍။ထိုဘီလူးယေမောင်နှမအိမ်ထောင်ဖြစ်ကြ၍ သားသို့းတို့ဖြင့်ပြန့်ပွါးလျက်။သုမနကူဋတောင်၌နေကုန်၏။ ။ပဏ္ဍုရာဇ်မင်းကြီးတမန်တို့လည်း။မင်းသို့းနှင့်တကွ အလုံးစုံသော ပန္နာ လက်ဆောင်ကို ဝိဇယ မင်းကြီးအား

ဆက်လျှင်။ တမနှတ်ကိုအား မျာ်းစွာသော ပူဇော်ခြင်း မြတ်နိုးခြင်းဖြင့်။ ထိုထိုသော အမတ်သျှိုးအစရှိသောသူတို့ကို ထိုထိုသောအမတ်အစရှိသောသူတို့နှင့်စုံဘက်၍။ အမတ်အပေါင်းဟူသည် ကြီး စွာ သော သဘင်ဖြင့် ပဏ္ဍုရာဇာသျှိုးတော်ကို မိဘုရားမြှောက်၍ မင်းကြီးကို အာတိသိက်သွန်းကုန်၏။ မင်းကြီးလည်း တနှစ်လျှင် နှစ်သိန်းထိုက်သော ခရသင်း ပုလဲအစရှိသော ရတနာကို ပဏ္ဍုရောဇမင်းကြီးအား နှစ်တိုင်း ဆက်၍။ ရှေးဒ္ဓမညီမညွတ်သော အာကျင့်ကိုပယ်၍ တရားနှင့်ညီစွာ အလုံးစုံသော လက်ဝဒါပကိုဆုံးမ၍ တမ္ဗပဏ္ဏိမှဒ္ဓိသုံးဆဲ့ရှစ်နှစ်ပတ်လုံး နိုင်ငံသူတို့၏ စိုးပွါးကိုရှာ၍ နတ်ရွာလားလေ၏။ ဤသို့သောအပ္ပုဒ်တို့ နှင့်ပြည့်စုံသော ဝိဇယာဓမ္မရာဇဝတ္ထုကို အကြောင်းပြုသဖြင့်ဂုဏ်း သိအပ်၏။ ။ဤသည်လျှင် စကွေ့မောဟာဝစ္ဆနမည်၏ဟူလိုသော်။ ။

၇၇။ ပရိယာယဝစ္ဆနအားဖြင့် လှည့်ပတ်ခြင်းကိုပြရာ။

၆။ ပရိယာယဝစ္ဆနဟူသည်ကား ပရိယာယ်ဖြင့် လှည့်စားခြင်းတည်း။ ထိုပရိယာယ်ဖြင့် လှည့်စားခြင်းကိုကား။ အထူးထူးသောဝေဝစ်ကိုကြံသဖြင့်။အထူးထူးသောဝေဝိစ်ကိုဆိုသဖြင့်။ အထူးထူးသော ဝေဝစ်ကိုပြုသဖြင့်။ လိုအပ်သောအကျိုးတို့၏ ဖြိုးစီးခြင်းတို့၌ သိအပ်၏ ။အထူးသဖြင့်ကား။ အမတ်ပညာရှိ။မျောက်မငယ်၊ဗိကျောင်းဗို၊ မျောက်အစရှိသော သူတို့ကို အကြောင်းပြု၍ သိအပ်၏။ ။ထိုအကြောင်း အတိုနည်းဟူမူကား။ လူသုံးပါးတို့၏ ပဋ္ဌမြားမျက်ရစ်ဖြစ်တော်မူသော ငါတို့ဖြတ်စွာဘုရားသည်။ ရတနာဗိမာန် ဇေတဝန်၌နေတော်မူစဉ်။ ပသေနဒိကောသလမင်းကြီး၏ မောင်းမတို့သည်။ ဘုရားဖြစ်ခြင်းကိုလည်း အလွန်ရခဲ၏။ လူ၏အဖြစ်ကိုလည်း အလွန်ရခဲ၏။ ပြည့်စုံသော ဣန္ဒြေရှိခြင်းကိုလည်း အလွန်ရခဲ၏။ တရားနာရခြင်းကိုလည်းအလွန်ရခဲ၏။အလွန်ရခဲသောခဏသမဝါယာကိုရပါလျက်လည်း အလိုအလျောက် ကျောင်းသို့သွား၍ တရားနာခြင်း၊ဘုရားအားပူဇော်ခြင်း၊အသူပေးခြင်းအစရှိသည်ကို မပြုကြပါရကုန်။တံဘင်းဒ္ဒလောင်၍ ထားဘိသကဲ့သို့ နေရကုန်၏။ ရှင်မင်းကြီးအား လျောက်ကြား၍ တရားဟောတော်သော ပုဂ္ဂိုလ်တဦးကိုပင့်၍ တရားနာပါရသေ့ တော်နိုင်

မှတ်နိုင်သေးရှေးလည်းတတ်ပါ မှတ်ပါရဏ်။ အာဿအစရှိသောကောင်းမှု
ကိုလည်း ပြုပါရဏ်။ငါတို့အား လူအဖြစ်ကိုရကျိုးရှိပါလေ၏ဟုကြံကုန်
၍။ ကြံသည်အတိုင်း လျောက်ကြားသည်ကို။ကောင်း၏ဟုဆို၍။ တနေ့
သ၌ ဥယျာဉ်ကစားခြင်းငှါ ဥယျာဉ်မှူးကိုခေါ်၍ဥယျာဉ်သုတ်သင်စေ
ရာတွင် တရုသောသင်္ဘောပင်ရင်း၌ နေတော်မူသော မြတ်စွာဘုရားကိုမြင်
သဖြင့်။ ဥယျာဉ်သုတ်သင်ပြီးသော အကြောင်း၊ မြတ်စွာဘုရားသခင်
လည်း ဥယျာဉ်တွင်သီတင်းသုံးနေတော်မူသောအကြောင်းကိုလျောက်
လျှင်။ ကောင်း၏။တရားလည်းနာအံ့ဟု ရထားစီး၍ ဥယျာဉ်ကစားပြီး
လျှင်။ မြတ်စွာဘုရားသို့ကပ်သည်ရှဲ့သေသ် ဆင်္ဂြိုပါကိုအမည်ရှိသော
အနာဂါမ်ဒါယကာသည် ရှေ့တော်၌ တရားနာ၍နေလင့်သည်ကိုမြင်
လျှင်။ခပ်ဆိုးဆိုးရှိသဖြင့် ဆုတ်ဆိုင်းနေပြီးမှ။ ယုတ်မာသောသူသည်မြတ်
စွာဘုရားအကဲ်၌ တရားမနာပေရာ။ သူတော်ကောင်းဖြစ်မည်ဟုအထံ
တော်သို့ချဉ်းသော မင်းကြီးအား၊ နေရာ့်လည်းမထ၊ခရီးဦးကိုလည်း
မဆို။ရှိလည်းမရှိး။ ပြကတော့အတိုင်းနေသည်ကို မင်းကြီးနှလုံးမသာရှိ
၍။ နှလုံးမသာကြောင်းကို သိတော်မူသဖြင့်။ ဥဒ်မင်းကြီး၊ဤဒါယကာ
သည် မျှားသောဒေးကြားအဖြင်ရှိဏ်။ ရောဂ်အပ်သောမဂ်ဖိုလ်ရှိဏ်။ကာ
မ၌ ဘဝ်ခြင်းကင်း၏ဟု မိန့်တော်မူလျှင်။ မြတ်စွာဘုရားသခင် ချီးမွမ်း
တော်မူသည် အချည်းနှီးမဟုတ်ရာဟု စိတ်ပြေ၍။ လိုတိုင်းသောဝဏ္ဏ
ကိုဆိုပါဟုဘိတ်မန်၍တရားနာ၍မင်းကြီးပြန်လျှင်။တနေ့သ၌ပြာသာဒ်
အထက်လေသွန်နန်းက မင်းကြီးကြည့်ရာတွင်။ ဒေးလက်စွဲလျက် တရား
နာယူခြင်းငှါ ကျောင်းတော်သို့သွားသော ထိုဒါယကာကို မြင်သဖြင့်
ခေါ်စေ၍။ သင်ဒါယကာသည် အကြားအမြင် မျှား၏ဟု မိန့်တော်မူ
သည်ဖြစ်သောကြောင့်။ ငါ့ကိုယ်လုပ်တော်တို့ တရားနာချင်သည်ကို
ဟောလည်း ဟောပါ၊ သင်္ဃလည်းသင်ပါစေဟု တောင်းပန်သည်ရှိ
သော်။အကျွန်ုပ်တို့လူဖြစ်သသူသည် နန်းတော်တွင်းသူတို့အား တရား
ဟောခြင်း၊ သင်ခြင်းငှါမသင့်။ ရဟန်းသမီးအရာသာဟုလျောက်သ
ဖြင့် ဒါယကာဆိုသည် ဟုတ်ပေ၏ဟု မောင်းမတို့ကိုခေါ်၍ ရှစ်ကျိပ်
သောမဟာသာဝကာတို့တွင် သင်တို့ ဘယ်ပုဂ္ဂိုလ်ကို နှစ်သက်ကုန်မည်
နည်းဟုမေး၍။ တရားဘဏ္ဍာဘိုး ဖြစ်သော အရှင်အာနန္ဒာမထေရ်ကို
ဟုဆိုလျှင်။ထိုအတိုင်း လျောက်တောင်းပန်၍ ခွင့်ပြုတော်မူသဖြင့်။ရှင်

အာနန္ဒာအထံတရားနာသည် ရှိသော်။ တနေ့သ၌ မင်းကြီး ပဉ္စဖြာဆဲ ကျင်ပျောက်ခဲ့၍ အတွင်း၌သုံးဆောင်သောသူတို့ကို မေးမြန်းသုတ်သင် ဘိဟု အမတ်တို့အား ဝန်ပြု၍။ ကိုယ်လုပ် မောင်းမ မလွတ် အကွင်းသူ အတွင်းသားတို့ရိုက်ပင်ပန်းကုန်သောကြောင့် ငှဲ့ကဲ့သို့ဝမ်းမြောက် ဝမ်းသာ နှင်ခြင်း သင်ခြင်းကို မပြုသော မောင်းမ အပေါင်း အား အကြောင်းကိုမေး၍ ကြားလျှင်။ မစိုးရိမ်ကြကုန်လင့်ဟု နှစ်သိမ့်စေ၍။ မင်းကြီးအထံသို့သွား၍။ဆံကျင်ပျောက်သည်ဟုကြားပကြောင်းကိုဆို၍ ဆံကျင်ပျောက်သောကြောင့် အတွင်းသူ အတွင်းသား ဆင်းရဲပင်ပန်း ကြောင်းကိုမင်းကြီးဆိုလျှင်။မပင်ပန်းစေမူ၍ ရအောင်မတတ်နိုင်လော ဟုမေး၍ မတတ်နိုင်ကြောင်းကို ဆိုသည်ရှိသော်။မပင်ပန်းစေမူ၍ရဆဲ့ သောအကြောင်းရှိ၏ဟုဆိုသည်ကို ဒေဘယ်အကြောင်းနည်းဟုမေး၍။ ပိဏ္ဍာဒါနအကြောင်းဟု ဆိုလျှင်။အသို့သော ပိဏ္ဍာဒါန အကြောင်းနည်း ဟု မေး၍။အကြင်မျှလောက်သောသူ၌ သင်္ကန်းရှိ၏။ထိုမျှလောက်သော သူတို့အား စွတ်သောညွန်ဖိုင်ကို တရစိပေး၍ မိုးသောက်ထ အခါ၌ ဤ မည်သောအရပ်တွင် ထားကုန်ဟု ဆိုလျှင်။ အကြင်သူသည် ယူ၏။ ထို သူသည် ထိုမြေဖိုင်၌ ထည့်၍ ထားလတ္တံ့။ ရှေးဦးစွာသော နေ့၌ ရလျှင် ရစေ။မရသာသော်သုံးရက်တိုင်အောင်ဟူးစမ်းဟုဆို၍ ထိုအတိုင်းစီရင် သော်လည်း မရနိုင်သဖြင့်။ သုံးရက် စေ့လျှင် ရှင်အာနန္ဒာ လာ၍ ရပြီ လော ဟု မေး၍ မရသေးဟု မင်းကြီးဆိုလျှင်။ သင်းသို့ မရနိုင်သည် ရှိသော် အိုးစရည်းကြီး၌ ရေအပြည့်ထဲ့ ထည့်၍ ပြာသာဒ်မတွင်ပင် ပုန်း ကွယ်ရာအရပ်၌ တင်းထိမ်း၍ထား။တယောက်စီဝင်းလာ၍ လက်ဆေး ဖစေဟု ဆို၍။ ထိုအတိုင်း စီရင်မှ။ ဆံကျင်ဦးသည်သူသည် အဓိကရာဏ်း မငြိမ်းဘဲကို တရားဘဏ္ဍာစိုးမနေပေရာ။ ချပေးရတော့သော် ကောင်း ၏ဟု ထိုအိုး၌ချသဖြင့် ဆံကျင်ရသောကြောင့် မင်းကြီးလည်း အလွန် တရာနှစ်သက်စွာဖြစ်၏။ အတွင်းသူ အတွင်းသား တို့လည်း ကြီးစွာ သောဆင်းရဲမှ ငါတို့လွတ်ကုန်သည်ဟု အလွန်တရာ နှစ်သက်ကုန်၏။ ဖြိုအလုံးဦးလည်း တရားဘဏ္ဍာစိုး ဥပဒေသကြောင့် ဆံကျင်ရသည်ဟု အုတ်အုတ်ကျက်ကျက် ကျော်စောကြ၏။ ရဟန်းသမီး အပေါင်းဦးလည်း ထင်စွာဖြစ်၏။ ထိုကြောင့် တရားသဘင်၌ ဖြစ်သော စကားစပ်တွင်။ ယခုအခါ၌ အာနန္ဒာသာ သူတထူးလက်သို့ ရောက်လေပြီးသော ဥဿာ

ကို ဥပါယ်တမျှဉ်ဖြင့် ပြသည်မဟုတ်။ ရှေးဒို ပညာရှိတို့ သည်လည်း များစွာသော လူအပေါင်းကို မပင်ပန်းစေ မူ၍။ တိရစ္ဆာန် လက်သို့ ဖရာက်လေပြီးသောဥစ္စာကို ဥပါယ်တမျှဉ်ဖြင့်ပြာဘူးကုန်၏ဟု မိန့်တော် မူဦး၏။ ထိုအကြောင်းကို ဆောင်တော် မူလိုသောကြောင့်။ ချစ်သားတို့၊ လွန်လေပြီးသော အခါဒို ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်မင်းကြီး သည် များစွာသော အင်္ဂြိအခံဖြင့် ဥယျာဉ်ဒို့ပျော်ပါး၍ မင်္ဂလာရှိသော ရေကန်ကွင် မောင်းမ အပေါင်းနှင့် ရေကစားသည်ရှိ၊သော်။ မောင်းမ တို့သည် တန်းဆာကို ချွတ်၍ ပုဆိုးပေါ်ဒို ထား၍ ရေကစားကြရာ တွင်။ မောင်းမတယောက်၏ ပုလဲသွယ်ကို အစောင့်ထား သော မိန်းမ ၏ ထိမှ ဤမှ ကြည့်၍ ငိုက်မျဉ်းသဖြင့် မေ့လျော့စဉ်တွင်။ ဥယျာဉ်ဒို့ နေသောမျောက်မတာရသည် လောဘ၏လျင်ခြင်းဖြင့် ပြေးသက်၍ ပုလဲသွယ် ကို လည်ဒို့ စွပ်၍။ သစ်ပင်ထက်သို့ တဘန်ပြေးတက်၍ သစ်ခွကြားဒို့ ထား၍။ ထိုပုလဲသွယ်ကို စောင့်လျက် ငြိမ်သက်စွာ နေသော အခါဒို့။ အစောင့်ထားသော မိန်းမ နိုးလျင် ပုလဲသွယ်ကို မမြင်၍ ကြောက်စွာ တုန်လှုပ်လျက် ထိမှ ဤမှ ကြည့်ရှုသော်လည်း သူတယောက်မျှ မမြင် ဘဲလျက်။ ယောကျ်ားတယောက် ပုလဲသွယ်ကို ယူ၍ ပြေးလေ၏ ဟု ပြင်းစွာ ဟစ်သည်ကို ကြားလျင်။ အစောင့်ထားသော ယောကျ်ားတို့ သည် ထိုထိုသောအရပ်မှ စုဝေး၍။ ထိုမိန်းမ စကားအတိုင်း မင်းကြီး အား လျောက်ကုန်သည်ရှိသော် ဦးသူကို မိအောင်ဘမ်းဟု ဆိုသဖြင့် ဥယျာဉ်မှထွက်၍ ဦးသူဘမ်းဟု ဗိစိသဲသဲ လိုက်လံရှာဖွေသော အသံ ကို ဇနပုဒ်သားတယောက် ကြားလျင်။ ကြောက်စွာ တုန်လှုပ်လျက် ပြေး သည်ကိုဦးသူဖြစ်မည်ဟုလိုက်၍။အဘယ့်ကြောင့်မဟာသာရတန်းဆာ ကို ဦးသနည်းဟု ဆဲရေးကိုင်ငင်သည် ရှိသော်။ ငါမယူဟု ဆိုချေက ထောင်းခတ်မေးမြန်းရာတွင် ယခုပင်သေရအံ့ဟု ကြံ၍ ငါဦးပေသည် မှန်ပေ၏ဟု ဆိုလျှင်။ နှောင်ဖွဲ့၍ မင်းကြီးအထံသို့ ဆောင်ခဲ့သော တောတွင်းသားကို မင်းကြီးမေးသည်ကို။ အကျွန်ုပ် မဟာသာရတန်း ဆာကိုထား၍ မဟာသာရညောင်စောင်း အင်းပျဉ်ကိုမျှမမြင်စဘူး။သူ ငွေးကြီးသည် မဟာသာရ တန်းဆာကိုယူဟု ဆိုသောကြောင့် ယူပါ သည်ဟုဆိုလျှင်။ ယခု အဘယ်မှာနည်းဟု မေး၍။ သူငွေးကြီးကို ပေး သည်ဟုဆိုသဖြင့်။သူငွေးကိုခေါ်၍မေးသော်။ သူ ့းလည်း ရှေးနည်း

ဖြင့်အာမခံ၍ ပုရောဟိတ်ပုဏ္ဏားကို ပေးသည်ဟုဆိုလျှင်။ ပုရောဟိတ် ပုဏ္ဏားကိုခေါ်၍မေးသော်လည်း ရှေးနည်းဖြင့်ဝန်ခံ၍။ စောင်းသမား ကိုပေးသည်ဟုဆိုလျှင်။ စောင်းသမားကိုခေါ်၍ မေးသော် စောင်းသ မားလည်း ရှေးနည်းဖြင့် အာမခံ၍ ပြည်မကံကျွေးကိုပေးသည်ဟု ဆို လျှင်။ပြည်မကံကျွေးကိုခေါ်၍ မေးရာတွင်ငါမယူဟုဆိုသဖြင့်။ အစဉ် အတိုင်းမေးရာတွင်ပင် နေဝင်ခဲ့၍ မိုးသောက်မှစိစစ်မေးမြန်းအံ့။ ဤသူ ငါးယောက်ကို မြို့စံဘထားဟု အမတ်တို့အားနှင်း၍ မင်းကြီးမြို့သို့ ဝင် လေလျှင်။ဘုရားလောင်းအမတ်ပညာရှိသည် ဤတန်းဆာကားအတွင်း သားတွင် ပျောက်သည်။ ဤယောကျ်ားတောတွင်းသားလည်း ပြင်မှာ ဖြစ်သည်။ တံခါးလည်း မြို့ဘေသတ်စောင့်ရှောက်သည်။ အတွင်း သားမှယူ၍ပြေးခြင်းငှါ မတတ်နိုင်ရာ။အပဒ္ဒြဖြစ်သော်ကား ဆိုတွယ်မ ရှိ။ထိုကြောင့်ဤတန်းဆာသည်အတွင်းသားတွင်အရိပ်ထင်၏။ဤဆင်း ရဲသားသည်သူဌေးအားပေး၏ဟူသည်ကား လွတ်ပါလိုသောကြောင့် ဆိုသည်ဖြစ်ရာ၏။ သူဌေးသည် ပုရောဟိတ်ပုဏ္ဏားအား ပေးသည်ဟူ သည်ကားငါတို့နှစ်ယောက်ညီ၍ ထုတ်အံ့ဟုဆိုသည်ဖြစ်ရာ၏။ ပုရော ဟိတ်သည်စောင်းသမားအားပေး၏ဟူသည်ကား နှောင်အိမ်ထားရာ၌ နှလုံးမကောင်းအံ့ဟု ဆိုသည်ဖြစ်ရာ၏။ စောင်းသမားသည် ပြည်မကံ ကျွေးအားပေး၏ဟူသည်ကား နှောင်ချိုင့်တွင်း၌ မဆန့်ကျင်သဖြင့် နေ ရအံ့ဟုဆိုသည်ဖြစ်ရာ၏။ ဤသူတို့သည် ခိုးသူမဟုတ်ရာ။ ဤတန်းဆာ သည်ဥယျာဉ်၌တရသောမျောဝံမလက်သို့ရောက်လေရာ၏ဟုကြံ၍ မင်း ကြီးအထံသို့ကပ်ပြီးသော်ခိုးသူကို အကျွန်ုပ်အားနှင်းတော်မူ။ အကျွန်ုပ် စိစစ်သုတ်သင်မည်ဟုလျှောက်၍ ငါးယောက်သောသူတို့ကိုတပေါင်း တည်းနေစေ၍။ ဤသူတို့ဆိုသောစကားကို ငါ့အားအလျှင်ကြားလော့ ဟု နားထောင်သူထား၍ ဘုရားလောင်းသွားလေလျှင်။ညဉ့်လူသံဆိတ် သောအခါ၌ သူဌေးကြီးသည် တောတွင်းသားကို။ ဟယ်မကောင်းစွာ သောတောင်သူယောကျ်ားတောတွင်းသား၊ သင်လည်းငါ့ကိုမမြင်စ ဘူး၊ငါလည်းသင့်ကိုမမြင်စဘူး။အဘိနှံ့အခါ၌သင်ငါ့အားတန်းဆာပေး သနည်းဟုမေးသော်။ အရှင်သူဌေးကြီး။ အကျွန်ုပ် မဟာသာရသစ်ဖြင့် ပြီးသော ညောင်စောင်းအင်းပျဉ်ကိုမျှမမြင်စဘူးဘဲကို။မဆိုတောင်းကို ဆိုဘိသကဲ့သို့ ဆိုဘိသောကြောင့်။ ရှင်သူဌေးကြီးကို ဖိရမ္မ လွတ်ပါ

မည်ဟုဆိုပါသည်။ အမျက်ထွက်တော်မမူပါလင့်ဟုဆိုလျှင်။ ၌အတူ ၎င်းပုရောဟိတ်ပုဏ္ဏားသည် သူဌေးကြီးကို။ စောင်းသမားသည် ပုရောဟိတ်ပုဏ္ဏားကို။ ပြည်မကံကျွေးသည် စောင်းသမားကို အစဉ်အတိုင်းမေး၍ ဘုရားလောင်းကြံတိုင်းဆိုကုန်သော်ထိုစကားကိုဘုရားလောင်းအားကြားလျှင်။ ၌တန်းဆာဆို ဥပါယ်တမျှဉာဏ်ဖြင့် ရစေအံ့ဟု သစ်ဖြင့်ပြီးသောခွေတန်းဆာကို များစွာပွတ်စေ၍။ဥယျာဉ်ခွဲမျောက်တို့ကိုဘမ်းစေပြီးသော် လက်ခြေလည်ပင်းတို့ခွဲဆင်ယင်၍ လွှဲတ်ပြန်စေသဖြင့်။ ငါတို့ တန်းဆာရကုန်သည်ဟု ဝမ်းမြောက်ဝမ်းသာလှည့်ပတ်ကုန်လျက်။ ထိုမျောက်မနေရာသို့သွား၍ ငါတို့တန်းဆာကို ကြည့်ပါလော့ဟု ဆိုကုန်သည်ရှိသော်။ ထိုမျောက်မသည် သည်းမခံနိုင်သည်ဖြစ်၍။ နင်တို့သစ်တန်းဆာသည် ဘစာအရာဝင်မည်နည်းဟု ပုလဲသွယ်ကို ဆင်၍ထွက်သည်ကို အစောင့်ထားသောသူတို့ဖြင်လျှင် မြို့မိုးချောက်လိုက်လံ၍တန်းဆာရသဖြင့်။ဘုရားလောင်းဒေါသပေး၍။တန်းဆာနှင့်တကွ မင်းကြီးအထံသို့ ဘုရားလောင်းသွား၍။ သူငါးပေါက်တို့သည် ခိုးသူမဟုတ်ကြကြောင်း၊ တန်းဆာသည်ကား မျောက်မလက်မှာရှိကြောင်း။ မျောက်မလက်သို့ ရောက်လေပြီးသော တန်းဆာကို ပရိယာယ်ဝေဒစဖြင့်ရကြောင်းကို မင်းကြီးအား ကြားလျှင် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍။ ။ဥက္ကဋ္ဌသူရမိန္ဓဆိတ်၊ မန္တိသုအကုတ္တဟာဠံ။ပါယာဇူအနုပါနဒ္ဓိ၊ အနေ့ဇောတေစပဏ္ဍိတံ။ ။ဘောဇ္ဈာအမစ္စာယော၊ အိုအမတ်များတို့။ဥက္ကဋ္ဌ၊ စစ်မြေအရပ်၌။သူရဲ၊ ရဲရင့်သော သူရဲကို။ဇ္ဈာဆိတ်၊ အလိုရှိကုန်၏ တောင့်တကုန်။ မန္တိသု၊အတိုင်အပင်တို့၌။ အကုတ္တဟာဠံ၊ ပရိဟရဲသောစကားမရှိသောသူကို။ဇ္ဈာဆိတ်၊အလိုရှိကုန်၏၊ တောင့်တကုန်၏။အနုပါနဒ္ဓိ၊ ထမင်းအဖျော်သည်။ဇောတော၊ဖြစ်သည်ရှိသော်။ပါယာဇူ၊ ချစ်မြတ်နိုးသောသူကိုသာလျှင်။ဇ္ဈာဆိတ်၊အလိုရှိကုန်၏ တောင့်တကုန်၏။ အနေ့ဇော၊ နက်နဲထိမ်မြှုပ်သောအကြောင်းသည်။ဇောတော၊ ဖြစ်သည်ရှိသော်။ ပဏ္ဍိတံ၊ ပညာရှိတို့ကို။ဇ္ဈာဆိတ်၊ အလိုရှိကုန်၏၊တောင့်တကုန်၏။ ။ဤဂါထာဖြင့် နှစ်ဘက်ဆိုင်တက်သော စစ်မြေ၌ ထိုးပြစ်ခြင်းဖြစ်သည်ရှိသော်။ ထိပ်ထက်ဗိုလ်ကြီးကျသော်လည်း မလန့်ဖျပ်မပြေးလွှဲသော သူရဲစစ်သည်ကို လိုကုန်တောင့်တကုန်၏။ ပြုအပ်သောအမှုကို တိုင်ပင်သောအခါ၌မဘိတ်မယို ဝရိဖရဲမရှိသော စကားကောင်း

ကိုဆိုတတ်သော သူတို့ကို လိုက်ကုန် တောင့်တ ကုန်၏။ ကောင်းသော ထမင်းအရသာ အဖျော်ယာမကာ ဖြစ်သည်ရှိသော် တကွစားတော် ချစ်နှစ်သက်သောသူကို လိုက်ကုန်တောင့်တကုန်၏။နက်နဲသိမ်မွေ့သော အကျိုးအကြောင်း ပြဿနာ်ကောင်းဖြစ်သည်ရှိသော် ပညာရှိသူတော် ကောင်းကို လိုက်ကုန်တောင့်တကုန်၏ဟု ချီးမွမ်းဦး၏။ တခဲနက်ရှာသော မိဃ်းကဲ့သို့ ဘုရားလောင်းအား ခုနစ်ပါးသောရတနာဖြင့်ပူဇော်ခြင်း။ မင်းကြီးသည် ဘုရားလောင်း အဆုံးအမ၌ တည်သဖြင့် အသူ အစရှိသောကောင်းမှုကိုပြု၍ ကံအားလျော်ပတ်စွာ လားရခြင်း။ ထိုရောအခါဗာရာဏသီမင်းကြီးသည်အာနန္ဒာဖြစ်လာ၏။အမတ်ပညာရှိသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းခြင်း အဋ္ဌုပ္ပတ္တိနှင့် ပြည့်စုံသော မဟာသာရဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ရှေးသရော်ငါ ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော်။ဟိမဝန္တာတော၌ ဆင်ပြောင်အားနှင့်ကျသော အားရှိသော။ အလွန် တင့်တယ် ကြီးကျယ်သော ကိုယ်ရှိသော မျောက်မင်း ဘုရားအလောင်းသည် ဂင်္ဂါမြစ်ကွေ့၌ တခုသောတောအုပ်တွင် နေသည်ကို။ ထိုဖြစ်၌ မိကျောင်းမသည် ဘုရားလောင်း အဆင်းသဏ္ဌာန်ကို မြင်လျှင် နှလုံးနှံသားခြွေချင်ခြင်းဖြစ်၍ မိကျောင်းမိအားကြားသည်ရှိသော်။ငါတို့ရေ၌ လွတ်ကျက်သောသူသည် ကြည်းခွေလွတ်ကျက်သော သူအား အသို့တတ်နိုင်ရာ မည်နည်းဟု ဆိုသည်ကို၊ တစုံတခုသော အကြောင်းဖြင့် ရအောင်ပြု။ မရသော် ငါသေအံ့ဟု ဆိုလျှင်။ ကောင်း၏ မစိုးလင့်၊ စားစိမ့်မည်ဟု မိကျောင်းမကိုဖြည့်တင်း၍။ ဂင်္ဂါနားတွင် ရေသောက်၍နေသောဘုရားလောင်းအထံသို့ချဉ်း၍ ရှင်မျောက်မင်းကား မပြည့်စုံသော သစ်သီးချိုချဉ်ရှိသော ဤနာဘက်၌သာ အဘယ့်ကြောင့်ကျက်စားရှာသနည်း။ ချိုမြိန်သော သရက်ပိန္နဲအတိုင်းမသိ ထိုမှာဘက်မှာ အဘယ့်ကြောင့်မကျက်စားပါသနည်းဟု အသာအယာ လှည့်စား သည်ကို သဘောမှတ်၍။မိကျောင်းမင်း၊အဖြောမငယ်ကျယ်သောရေအတိုင်းပြည့်သောဂင်္ဂါခြားလျက် အသို့ သွားနိုင်မည်နည်းဟု ဆိုသျှင်။ ရှင်မျောက်မင်းအလိုရှိသော် ငါ့ကျောက်ထက်တင်၍ဆောင်အံ့ဟု လှည့်စားသည်ကို အကယ်ထင်၍။ကောင်းပြီဟုကျောက်ခွံစိုးလျက် လိုက်သည်ရှိသော် တဖွဖွတဖွဖွ နစ်သဖြင့် အဘယ့်ကြောင့် အဆွေ ငါ့ကို နှစ်သနည်းဟု

မေး၍။သင့်ကိုကောင်းသောသဘောဖြင့်ငါမဆောင်ပေ။ငါ့ဓိကျောင်းမသည် သင့်နှလုံးဌိ ချင်ခြင်း ဖြစ်၍ နှလုံးကို ယူလိုသောကြောင့် ဆောင်သည်ဟုဆိုမှ။ အဆွေ၊ ငါ့ကိုသတ်၍ နှလုံးကိုမရ။ ငါလည်းအကျိုးမဲ့သေလေရာ၏။ ငါတို့ မျောက်တို့ မည်သည် နှလုံးသည်းပွတ်ကို အတွင်းဌိ မထားစပါ။အကယ်၍ထားချေအုံ။သစ်တပင်မှသည်သစ်တပင်သို့ သစ်တခက်မှသည် သစ်တခက်သို့ ပြေးခုန် ပြေးဆင်းပြုရာတွင် မုန့်မုန့်ညက်ညက် ရှေ့ကြွေသေရာ၏ဟု လှည့်စားသည်ကို အကယ်ထင်၍။ အဘယ်ဌိထားခဲ့သနည်းဟု မေးသည်ရှိဖေသော်။ မနိုး မဝေးသော ရေသဖန်းပင်ဌိ မှည့်သော ရေသဖန်း အခိုင်ကို ပြ၍။ ငါ့နှလုံးကိုကား ထိုရေသဖန်းပင်တွင် ဆွဲထားသည်ဟု ဆိုလျှင်။ ငါ့ကို ပေးမည်လော၊ ငါကြည်းသို့ ဆောင်ခဲ့ဟု၊ဆိုသည်ကို။ကောင်း၏၊ဆောင်လျှင်ပေးမည်ဟု ဆိုသဖြင့်။ ဘုရားလောင်းကို ကမ်းနားသို့ ဆောင်ပြန်သည်ရှိသော်။ ရေသဖန်းပင် အနိုးသို့ ရောက်လျှင် မိကျောင်း ကျောက်ဖျ ခုန်၍ ရေသဖန်းပင်ထက် နေလျက်။ ဟယ်မိကျောင်းမိုက်။ အလုံးစုံသော သတ္တဝါတို့သည် နှလုံးသည်းပွတ်ကို သစ်ပင်ဌိ ဆွဲ၍ထားသည် ဖြစ်ရာမည်လောဟုဆိုဦး၍။ ။ အလမေတောဟိအမ္မေဟိ၊ ဇမ္ဗု။ဟိပနသေဟိဝ ။။ ယာဒိပါ ရံသမုဒ္ဒဿ၊ ဝရံမဿံဥဒုမ္ဗရော။ ။မဟာဇိဝတာတေဇောဒ္ဓိ၊ နစပညာတာဒိုပိကာ၊ သုသုမာရ ဝဋ္ဋိတော မေသိ၊ ဂန္ဓဗ္ဗဒါနိုယထာ သုခံ။ ။သု သု မာ ရ။ မိကျောင်း။သမုဒ္ဒဿ၊သမုဒ္ဒရော၏။ပါ ရံ၊ကမ်းတာဘက်ဌိ။ ယာဒိအမ္မာနိ၊ အကြင် သရဂ်သိုး တို့ကိုဂင်း။ ယာဒိဇမ္ဗု။နိ၊ အကြင် သပြေသီးတို့ကိုဂင်း။ယာဒိပနသာနိ၊အကြင်ပိန္နဲသီးတို့ကိုဂင်း။နိဒ္ဒိဋ္ဌာနိ၊ ဘွန်အပ်ကုန်၏။ တေဟိအမ္မေဟိ၊ ထိုသရက်သီးတို့နှင့်ဂင်း။ တေဟိဇမ္ဗု။ဟိဝါ၊ထိုသပြေသီးတို့နှင့်ဂင်း။ တေဟိပနသေဟိဝါ၊ထိုပိန္နဲသီးတို့နှင့်ဂင်း။ အလံ၊တန်ပြီ။ မသံ၊ ငါ့အား။ ဥဒုမ္ဗရော၊ ရေသဖန်းသီးသာလျှင်။ ဝရံ၊ မြတ်၏။ ။ သုသုမာရ၊မိကျောင်း။ တေ၊သင်၏။ ဇောဒ္ဓိ၊ကိုယ်သည်။ ဝတာ၊စင်စစ်။ မဟာဇိ၊ကြီး၏။တာဒိုပိကာ၊ထိုကိုယ်နှင့်လျော်ကဲ့ပတ်သော။ပညာ၊ပညာသည်။နုစအဇ္ဇိ၊မရှိ။ သုသုမာရ၊မိကျောင်းဖို့။ မေမယာ၊ငါသည်။တုဝံ၊ သင့်ကို။ ဝဋ္ဋိတော၊ လှည့်စားအပ်သည်။ အသိ၊ဖြစ်၏။ ဒါနိဇ္ဈဒါနိ၊ ယခုအခါဌို။ ယထာသုခံ၊အလိုအလျောက်။ ဂန္ဆ၊သွားပါလော။ ။ဤဂါထာတို့ဖြင့်ပြက်ရယ်ပြုလျှင်။ဥဒုမ္ဗရာတထောင်ရုံးသောယောကျ်ားကဲ့သို့မသာ

သောနှလုံဖြင့်သွားရာလေခြင်း။ မျောက်မင်းသည် နေရာမြဲသို့ပြန်လေခြင်း။ထိုရောအခါ မိကျောင်းဖိုသည် ဟာရုအခါ၌ ဖေဝဒတ်ဖြစ်လာ၏။ မိကျောင်းမသည်စဉ္ဆမာဇာဝိကာဖြစ်လာ၏။မျောက်မင်းသည် ငါဘုရားဖြစ်၏ဟု ဇာတ်တော်ကိုပေါင်းခြင်းအဓိ္ဌာ်ပုတ်ကိုနှင့်ပြည့်စုံသောသုသုမာရဇာတ်ကိုအကြောင်းပြုသဖြင့်ဂင်း။ ။

ဤဇာတ်နှင့်တူသော အဓ္ဌာပုတ်ကိုရိသော ဓမ္မဒေသနာတော်၌။ ။အသက္ခိဝတအတ္ထာနံဉ်ဒ္ဓါတုံဥဒကာဝထလံ။နဒါနာဟံပုနတုယ်ံ၊ဝသံဂစ္ဆာမိဝါရိဇ။ ။ယောဥပုတ်တိတံအတ်ံ၊ နခိပ်မနုဗုဇ္ဈတိ။ အမိတ်ဘဝံသမန္နေတိ၊ပန္ဆာစအာနုတပ်တိ။ ။ယောဥပုတ်တိတံအတ်ံ၊ခိပ်မေဝနိဗ္ဗာဓတိ။ မနုဗ်တောသတ်ထုသမ်ဘာဓာ၊နစပန္ဆာနုတပ်တိ။ ။ဝါရိဇ၊မိကျောင်းမိုက်။ အဟံ၊ငါသည်။ဥဒကာ၊ရေမှ။ထလံ၊ကြည်းသို့။ အတ်ထာနံ မိမိကိုယ်ကို။ ဥဒ္ဓါဘုံ၊ထုတ်ခြင်းငှါ။ အသက္ခိဝတာ၊စွမ်းနိုင်စွတကားး။ဒါနိုဏ်္ဍဒါနိ၊ယခုအခါ၌။အဟံ၊ငါသည်။ပုန၊တဘန်။တုယ်ံ၊သင်၏။ဝသံ၊နိုင်ငံသို့။နဂစ္ဆာမိ၊မလိုက်ပြီ။ ။ဝါရိဇ၊ မိကျောင်းမိုက်။ ဣဒ၊ ဤလောကဖ်ိ။ယော၊ အကြင်သူသည်။ဥပတ်တိတံ၊ဖြစ်ပေါ်လာသော။အတ်ံ၊အကြောင်းကို။ခိပ်ံ၊ လျင်စွာ။နအနုဗုဇ္ဈတိ၊မသိနိုင်။ သော၊ ထိုသူသည်။ အမိတ်ဘဝံသံ၊ ရန်သူနိုင်ငံသို့။ အနွေတိ၊လိုက်ရ၏။ ပန္ဆာစ။နောဒ်ိလည်း။အနုတပ်တိ။ ပုပန်စိုးရိမ်ရ၏။ ။ဝါရိဇ၊ မိကျောင်းမိုက်။ ဣဒ၊ ဤလောကဖ်ိ။ ယော၊ အကြင်သူသည်။ဥပတ်တိတံ၊ဖြစ်ပေါ်လာသော။အတ်ံ၊အကြောင်းကို။ခိပ်ံ မေဝ၊လျင်စွာသာလျှင်။ နိဗ္ဗာဓတိ၊သိနိုင်၏။သော၊ထိုသူသည်။ သတ်ထုသမ်ဘာဓာ၊ရန်သူလက်ဖ် ကျဉ်းမြောင်းခြင်းမှ။မနုဗ်တော၊လွတ်နိုင်၏။ ပန္ဆာစ၊နောက်ဖ်လည်း။ နအနုတပ်တိ၊ နောင်တတာဘန်မရှိပြန်ပြီ။ ။ဤဂါထာတို့ဖြင့် ကဲ့ရဲ့ရာပြုခြင်းအစရှိသော အန္ဓပုဗ္ဗ်ကို ဆိုရာဆိုကြောင်းဖြစ်သော ဝါနရဇာတ်ကို အကြောင်းပြုသဖြင့်ဂင်း။ ။ထိုမှတပါး။ ။ယသေတေ စတုရော ဓမ္မာ၊ဝါနရိန်ဒ် ယထာတာ။သစ်္စံဓမ္မောဓိတိစာဂေါ၊ ဒိဋ်ဌံသောအတိဝတ်တိ။ ။ဟူသောဂါထာဖြင့် ဆင်းအပ်သောတန်းဆာရှိသော ဝါနရိန္ဒဇာတ်ကို အကြောင်းပြုသဖြင့်ဂင်း။ ။ဤဝါနရိန္ဒဇာတ်နှင့်တူသော သဘောလက္ခဏာရှိသော။ ။ယသေတေ စတုရောဓမ္မာ၊ ဝါနရိန္ဒ်ယထာတာဝ။ သစ်္စံဓမ္မောဓိတိစာဂေါ၊ ဒိဋ်ဌံသော အတိဝတ်တိ။ ။ယသ်စေတေနဝိဇ်နိ၊ ဂုဏာစ ပရိမဒ္ဒကာ။ သစ်္စံ

ဝမ္မော ဓိတိစာရော၊ ဒိဋ္ဌံသောနာတိဝတ္တတိ။ ။ဟူသောဂါထာဖြင့် ဆင်အလှဲသော တန်းဆာရှိသော ကုန်လှိုလ ဇာတ်ကို အကြောင်းပြုသဖြင့်ဂုဏ်း။ ။

ဘုဥ္ဇနီဖြဟ္မဒတ်မင်းကြီးသည်။ တရုတ်ပေါက်သောမင်း၊ တဆဲ့ ရှစ်ခေါပဏ်သောမင်းတို့သည် ဝိဒေဟပြည်ကို စစ်ထိုး၍ မနိုင်လျှင် ပြန်တော့မည်ပြုသည်ကို။ ကေဝဋ္ဋပုဏ္ဏားသည် တရားစစ်ထိုး၍နိုင်မှ ပြန်သော်သာ အရှက်မရမည်ဟုကြံ၍ တရားစစ်ထိုးချေသောကြောင့် ပတ္တာမြားဖြင့်လှစား၍ နဂိုးကဲ့ခြင်း။ ခရီးလွဲ၍ပစ်လေခြင်း။ အနုကေဝဋ္ဋကို စီရင်၍ ဘုဥ္ဇနီဖြဟ္မဒတ်မင်းကြီး၊ တရုတ်ပေါက်သောမင်း၊ တဆဲ့ ရှစ်ခေါဘိဏ်သော စစ်သည်တို့ကို ဝတ်သောပုဆိုးကိုမျှ အစိုးမရ။ ထွားထွားညက်ညက်ပျက်၍ ပြေးစေခြင်း။ ဥတ္တရပဉ္စာလသို့ရောက်၍ မင်းအိမ်သို့တက်သည့်နေ့ပင်။ စောင်းတန်းလျှောခါးအောက်တွင် ဥမင်ထားအပ်သောအရပ်၌ မြေမပြုစိမ့်သောဌါ၌ဥထွေးစီရအောင်စီခြင်း။ စောင်းတန်းမကို မနွေ့စိမ့်သောဌါ ဖျက်၍ အသစ်လုပ်ရအောင်လုပ်ခြင်း။ ဝိဒေဟရာဇ်မင်းကြီးဘို့ လက်ထပ်အိမ်ဆောက်ခြင်းငှါ အိမ်ရာရွေးသည်ဟု ကိုးကွယ်ရှိမျှသော ဥယျာဉ်စံခိုးရအောင် ဆောင်ခြင်း။ ဥပကာဂိမြို့နှင့်တကွ နန်းပြာသာဒ်ဆောက်ရအောင် ဆောက်ခြင်း။ ဥမင်တူးရအောင်တူးခြင်း။ ဥမင်မြေကို ရေခွံသွန်ဂိုင်အောင်သွန်ခြင်း။ ဝိဒေဟရာဇ်မင်းကြီးရောက်၍။ တရုတ်ပေါက်သောမင်း၊ တဆဲ့ရှစ်ခေါဘိဏ်သောစစ်သည်နှင့်တကွ ဥပကာဂိမြို့ကို ဘုဥ္ဇနီဖြဟ္မဒတ်မင်းကြီး ဝန်းခံစဉ်ပင် လေးပါးသောမင်းတို့ကို ရအောင်ဆောင်ခြင်း။ထိုရောအခါ ဝိဒေဟရာဇ်မင်းကြီးနှင့်ပဉ္စာလစန္ဒီကိုအဘိသိက်သွန်း၍ ဝိဒေဟမြို့သို့ ပို့နိုင်အောင်ပို့ခြင်း။ ဘုဥ္ဇနီဖြဟ္မဒတ်မင်းကြီးနှင့် တရုတ်ပေါက်သောမင်း၊ တဆဲ့ရှစ်ခေါဘိဏ်သော စစ်သည်ကို ဥမင်ဝင်းသို့သွင်းရအောင်သွင်းခြင်း။ သူတပေါက်မှ မထွက်ခင် ဘုဥ္ဇနီဖြဟ္မဒတ်မင်းကြီးကို ထွက်စေ၍ ဥမင်ကိုဒိတ်ပြီးသော်။ပဉ္စာလရာဇ်မင်းကြီးကို သနဲလျက်မိုး၍ ဤဇမ္ဗူ။ဒီပါကျွန်းလုံးကို ရအောင်တောင်းခြင်း။ရပြီးသောမင်းအဖြစ်ကိုစွန့်၍။ မင်းကြီးနှင့် တဦးကိုတဦး မပြစ်မှားခြင်းငှါ သစ္စာပြုရအောင်ပြုခြင်းအစရှိသည်ဖြင့်။ ရန်သူကိုနှိမ်နင်းခြင်းဌာန စွမ်နိုင်စိမ့်သောဌါ။ အထူးထူးသော ပရိယာယ်ဝေါဒစ်ဖြင့် လှည့်စားခြင်းကို အကြောင်းပြု

၍။ ။ဒိဗ္ဗံ အဓိယသေမာယံ၊ အကာသိစက္ခုံ မောဟာနံ။ ယောမေအာ
မိတ္တံဟတ္ထဂတံ၊ ဝေဒေဟံပရိမောစယိ။ ။မဟောသဓ၊ မဟောသဓ၊။
ယောဘံ၊ အကြင်မဟောသဓသည်။ မေ၊ငါ၏။ ဟဒ္ဒုဂတံ၊လက်အနှိုး
သို့ရောက်ပြီးသော။ အဓိတ္တံ၊ ရန်သူစင်စစ်ဖြစ်သော။ ဝေဒေဟံ၊ဝိဒေဟ
ရာဇ်မင်းကို။ ပရိမောစယိ၊ လွတ်စေ၏။ သောဘံ၊ ထိုမဟောသဓ
သည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။မာယံ၊မာယာကိုတည်း။အဓိယသေ။၊သ
ရဏ္ဍာယ်သလော။ စက္ခုံ မောဟာနံ၊ မျက်စိ၏မိုက်ခြင်းကိုတည်း။ အကာ
သိ၊ ပြုလလော။ ။ဤဂါထာဖြင့် ဗုဒ္ဓနိဗြဟ္မဒတ်မင်းကြီး မေးသောအ
ခါ။ ။အဓိယန္တိ မဟာရာဇ၊ ဒိဗ္ဗမာယိ ခပတ္တိတာ။ တေမောစယန္တိ
အတ္တာနံ ပတ္တိတာမန္တိ နောဇနာ။ ။မဟာရာဇ၊မြတ်သောမင်း။ဣဓ၊ဤ
လောကဌ။ မန္တိ နောဇနာ၊ တိုင်ပင်ကြံစည်ခြင်းနှင့် ပြည့်စုံသူဖြစ်ကုန်
သော်။ ယေပတ္တိတာ၊ အကြင်ပညာတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။
မောစယန္တိ၊ လွတ်စေကုန်၏။ တေပတ္တိတာ၊ ထိုပညာရှိတို့သည်။ ဒိဗ္ဗ
မာယံ၊ နတ်၏မာယာကို။ အဓိယန္တိ၊ သရဏ္ဍာယ်ကုန်၏။ ။ဤဂါထာ
ဖြင့် ပညာရှိတို့သည် စက္ခုံ မောဟာဝဓုနကို မသုံးဆောင်ကုန်။ ဒိဗ္ဗမာ
ယာဟုဆိုအပ်သော ပရိယာယဝဓုနကိုသာ ဆောင်ကုန်၏ဟု ဖြေဆိုခြင်းအာ
စရိယော အဓွေ့ပုတ္တိကိုဆိုရာဆိုကြောင်းဖြစ်သော မဟောသဓပတ္တိတာ
ဇာတ်ကို အဆုံးပြုသဖြင့်ဂုဏ်း သိအပ်၏။ ။ဤသည်လျှင် ပရိယာယ
ဝဓုနမည်၏ ဟူလိုသော်။ ။

ဤသို့ဆိုအပ်ပြီးသော လှည့်စားခြင်းတို့တွင်။ ပရိယာယဝဓုနဖြင့်
လှည့်စားခြင်းကိုကား အလောင်းတော်တကာတို့သည် မစွန့်ကုန်။ ထို
ကြောင့် မဟာသုတသောမမင်းကြီးသည် မဟာပေါရိသာဒမင်းအား
ပရိယာယ်ဆိုသဖြင့် လှည့်စား၍ အသက်ရှည်လိုသောဆုကို ယူသ
တည်း။ ဤသည်လျှင် အလောင်းတကာတို့ ဓမ္မာတည်း။ ။

ဝဓုနခဏ်းပြီး၏။

မဏ်ကုဏ္ဍလဝတ္ထုစတုဇ္ဇတ်ဂဲ့ဤတွင်ပြီး၏။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခေတ်း-၅။

ဝရအာဒါနခေတ်း။

>o<

၇၈။ မဟာပေါရိဿဒပေးသောဆု ၄ ပါးတို့တွင်။ ၂ ခု ပြောက်။ပေါရိသာဒဘမိုးအပ်ပြီးသောမင်းတို့ကို မစားအံ့သောဆုကိုယူကောမူခြင်း။

သိဒ္ဓါဘဝန့် လောကာဘိရုမ်ပေါ။ ။ဤသို့ ဖွားငြိုးစွပ်သောဆုကိုပေးပြီးသောနောက်၌။ ဘုရားလောင်းလည်း ထို့နောင်ဆုကိုယူလိုသောကြောင့်။ ။ပေခတ္တိယာသေဋ္ဌတွေမိပါလာ၊ မဒ္ဒါဘိသိဿာက ကနာမဟေယျာ။ နတာဒိသောဘုမိပတိ ဒေဒေသိ၊ ဇေတံဝရာနံ ဒုတိယံဝရံ မိ။ ။ဟူသော ဂါထာကိုရွတ်၏။ ။သမ္မပေါရိသဒေ၊ အရှေ့ပေါရိသာဒေါ်ကုလာ၊ ဤအရပ်၌။ ဘူမိပါလာ၊ ဖြေကိုအစိုးရကုန်သော။ မဒ္ဒါဘိသိဿာ၊ ထိပ်၌အာဘိသိက်သွန်းအပ်ကုန်ပြီးသော။ ကတာနာမဟေယျာ၊ မှည့်အပ်သောအမည်ထူးရှိကုန်သော။ ပေခတ္တိယာသေ၊ အကြင်မင်းတို့သည်။အဋ္ဌသတ္တ၊ ရှိကုန်၏။တေဘူမိပတိ၊ ထိုမင်းတို့ကို။ နအဒေသိ၊ မစားပါလင့်။ ဝရာနံ၊ လေးပါးသောဆုတို့တွင်။ ဒုတိယံ နှစ်ခုမြောက်သော။ ဇေတံဝနံ၊ ဤဆုကို။ ဝရာမိ၊ ယူပါ၏။ ။အခါပုဂ္ဂိုလ်ကား။ အရှေ့ပေါရိသာဒေါ်။ ဖြေကိုအစိုးရကုန်သော၊ ထိပ်၌သွန်းအပ်သော အာဘိသိက်ရှိကုန်သော၊ အသီးအသီးသော အမည်အထူးကို ရကုန်ပြီးသော အကြင်မင်းတို့သည် ဤအရပ်၌ရှိကုန်၏။ ထိုမင်းတို့ကို မစားပါလင့်။ အရှေ့ပေးသော လေးပါးသောဆုတို့တွင် နှစ်ခုမြောက်သောဤဆုကိုငါယူပါ၏ဟူလိုသော်။ ။

မဟာပေါရိသာဒလည်း ထိုဆုကို ရက်ရက်ပေးလိုရကား။ ။ပေခတ္တိယာသေဋ္ဌတွေမိပါလာ၊ မဒ္ဒါဘိသိဿာက ကတာနာမဟေယျာ။ နတာဒိသောဘုမိပတိ ဒေဒေသိ၊ ဇေတံဝရာနံ ဒုတိယံဒဒါမိ။ ။ဟူသောဂါထာ

ကိုရွတ်၏။ ။သမ္မဲသုတသောမ·အဆွေသုတသောမ။ ဤစု၊ ဤအရပ်၌။ ဘူမိ၁လာ၊ မြေကိုအစိုးရကုန်သော။ မဒ္ဓါဘိသိတ္တာ၊ ထိပ်၌အဘိသိက်သွန်းအပ်ကုန်ပြီးသော။ ကတာနာမဇေယျာ၊ မှည့်အပ်သော အမည်ထူးရှိကုန်သော။ ပေါခတ္တိယာဃဲသော၊ အကြင်မှင်းအပေါင်းတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တာဒိသေ၊ ထိုသို့သတောရှိကုန်သော။ တောဘူမိပတိ၊ ထိုမင်းတို့ကို။ နအဒေမိ၊ မစွန့်ပြီ။ ဝရာနံ၊ လေးပါးသော ဆုတို့တွင်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ဇေဋ္ဌဝရံ၊ ဤဆုကို။ ဒဒါမိ၊ ဒုပေး၏။ ။အဓိပ္ပါယ်ကား။ အဇေဋ္ဌသုတသောမ။ မြေကိုအစိုးရကုန်သော။ ထိပ်၌သွန်းအပ်သောအဘိသိက်ရှိကုန်သော၊ ရအပ်သော အမည်ထူးရှိကုန်သော အကြင်မင်းတို့သည် ဤအရပ်၌ရှိကုန်၏၊ ထိုမင်းတို့ကိုငါမစွန့်ပြီး လေးပါးသောဆုတို့တွင် နှစ်ခုမြောက်သောဤဆုကိုငါးပေး၏ဟူလိုသော်။ ။ဤဆုကိုပေးရာ၌ထိုမင်းများတို့သည် ထိုမင်းနှစ်ပါးတို့၏ အသံကိုကြားကုန်သလောပဟူမူကား။ အလုံးစုံသောစကားကိုမကြားကုန်။ အဘယ့်ကြောင့်နည်းဟူမူကား။ မဟာပေါဓိသာဒသည် ပညောင်ပင်ကို မီးခိုးဖြင့် နှိပ်စက်အံ့ဖို့၍ ပညောင်ပင်မှခွါ၍ မီးထည့်၏။ မီးပုံ၏ဂုဏ်း၊ ပညောင်ပင်၏ဂုဏ်း၊ နှစ်ဘက်ကြားခဲ့နေ၍ဘုရားလောင်းနှင့်ဆိုကြ၏။ ထို့ကြောင့် အလုံးစုံသောစကားကို မကြားကုန်။ အချို့အချို့စကားကို ကြားကုန်၏။ ထိုမင်းတို့တွင် နိုးသောမင်းတို့သည် ယခုသုတသောမ မင်းကြီးသည် မဟာပေါဓိသာဒကို ဆုံးမ၏။ မကြောက်ကြလင့်ကုန်ဟု အချင်းချင်း နှစ်သိမ့်ကုန်၏။ ။

၇၉။ ပေါဓိသာဒ ပေးသော ဆု ၄ ပါးအနက်။

၃ ခုမြောက်။ပေါဓိသာဒဘမ်းအပ်ပြီးသောမင်းတို့ကို
အသိုးအသီးမိမိတို့တိုင်းပြည်ရောက်ပြန်ပို့
အံ့သောဆုကိုယူတော်မူခြင်း။

ထိုခဏ၌ဘုရားလောင်းသည် ဆုတပါးကိုယူလိုသည် ဖြစ်၍။ ပရောသတံ ခတ္တိယာတေဂဟိတာ၊ တလာဝုတာအသုမုခါရုဒန္တာ၊ သကေတရဋ္ဌေ ပဒိပါဒယာဟိ၊ ဇတံဝရံ တတိယံဝရာမိ။ ။ဟူသောဂါထာကိုရွတ်၏။ ။သမ္မပေါဓိသာဒ၊ အဆွေပေါဓိသာဒ။ တော

တာယာ၊အာဆွေသည်။ ဂဟိတာ၊ဘမ်းအပ်ကုန်သော။ တလာရုတ်ာ သိ အပ်သေးလက်ဝါးအပြင်ရှိသော။ အာသုမုခါ၊မျက်ရည်ယိုသော မျက် နှာ ရှိကုန်လျက်။ ရုဒန္တာ ငိုကုန်သော။ ပရောသတံ အရာမကသော။ ယေခတ္တိယာ အာကြင်မင်းတို့သည်။အာဇိသန္တိ၊ရှိကုန်၏။ တောခတ္တိပေါ၊ ထိုမင်းတို့ကို။ သကော၊ မိမိအရပ် ဖြစ်ကုန်သော။ ရဇ္ဇ၊တိုင်းတို့သို့။ပဋိ ပါဒယာဟိ၊ပို့ပြန်ပါ။ ဝရာနံ၊လေးပါးသော ဆုတို့တွင်။ တတိယံ သုံးခ ကြောက်သော။ ဇတံဝရံ၊ဤဆုကို။ ဝရာမိ၊ယူပါ၏။ ။အဓိပ္ပါယ်ကား။ အာဆွေပေါရိသာဒ။ အဆွေသည် ဘမ်းအပ်ကုန်သော ထွင်း၍ သိအပ် ကုန်သော လက်ဝါးအပြင် ရှိကုန်သော၊ မျက်ရည်ယိုသော မျက်နှာဖြင့် ငိုကုန်သော အရာမကသောမင်းတို့သည် ဤအရပ်၌ရှိကုန်၏။ထိုမင်းတို့ ကို မိမိတို့တိုင်းနိုင်ငံသို့တဘန်ပို့ပြန်ပါ။လေးပါးသောဆုတို့တွင် သုံးခ ကြောက်သော၍ဆုကိုလည်း ငါယူပါ၏ဟူလိုသော်။ ။ဤသို့လျှင် သုံးခ ကြောက်သော ဆုကို ယူသော ဘုရားလောင်းသည်။ ထိုမင်းတို့ကို မိမိ တို့တိုင်းနိုင်ငံသို့ တဖန် ပို့ပြန်စဉ်သောငှါ ဆုကိုယူ၏။ အဘယ်ကြောင့် နည်း ဟူမူကား။ မဟာပေါရိသာဒသည် ဖခင်ပေးသော ဆုကြောင့် ထိုမင်းတို့ကိုမစားငြားသော်လည်း မိမိအားရန်ပြုအံ့သည်မှ စိုး၍။ကျွန် ပြု၍တော်မှာပင်သော်လည်းနေစေတိုရာ၏။သတ်၍သော်လည်း ပစ်ပေ ဘိရာ၏။ တိုင်းတပါးသို့ ဆောင်၍ သော်လည်း ရောင်းပေတိုရာ၏။ ထို့ကြောင့် ထိုမင်းတို့ကို တိုင်းနိုင်ငံသို့ တဘန် ပို့ပြန်အံ့သော ဆုကို ယူသတည်း။ ။

မဟာပေါရိသာဒလည်း ဤဆုကို မဆုတ်မနစ် ပေးလိုရကား။ ။ ပရောသတံ ခတ္တိယာ မေ ဂဟိတာ၊ တလာရုတာ အသုမုခါ ရုဒန္တာ။ သကောတေရဇ္ဇေ ပဋိပါဒယာမိ၊ ဇတံဝရာနံတတိယံဒဒါမိ။ ။ဟူသော ဂါထာကိုရွတ်၏။ ။သမ္မာသုတသောမ အဆွေသုတသောမ။မေမယာ၊ ငါသည်။ ဂဟိတာ၊ ဘမ်းအပ်ကုန်သော။ တလာရုတာ၊ သိအပ်သော လက်ဝါးအပြင် ရှိကုန်သော။ အာသုမုခါ၊ မျက်ရည်ယိုသော မျက်နှာ ရှိကုန်လျက်။ ရုဒန္တာ၊ ငိုကုန်သော။ ပရောသတံ၊ အရာမကသော။ ယေ ခတ္တိယာ၊ အာကြင်မင်းတို့သည်။ အာဇိသန္တိ၊ ရှိကုန်၏။ တောခတ္တိပေါ၊ ထိုမင်းတို့ကို။ သကော၊ မိမိအရပ် ဖြစ်ကုန်သော။ ရဇ္ဇေ၊တိုင်းတို့သို့။ ပဋိ ပါဒယာမိ တဘန်ပို့ပြန်အံ့။ ဝရာနံ၊လေးပါးသော ဆုတို့တွင်။တတိယံ၊

သုံးဆမြောက်သော။ ဒေဝံဝဒံ၊ ဤဆုကို။ ဒဒါမိ၊ ပေးပါ၏။ ။အဓိပ္ပါယ်ကား။အဲဒေ့သူကသောမ။ငါသည်ဘမ်းအပ်ကုန်သော၊ထွင်းချိသီအပ်ကုန်သော လက်ဝါးအပြင် ရှိကုန်သော မျက်ရည်သုံသော မျက်နှာဖြင့် ငိုကုန်သော၊ အရာမကသော အကြင်မင်းဘို့သည် ဤအရပ်၌ ရှိကုန်၏။ ထိုမင်းဘို့ကို မိဒါဘို့ဘိုင်းနှိုင်ငံသို့ တဘန်ခြိုပြန်အံ့။ လေးပါးသော ဆုတို့ တွင် သုံးဆမြောက်သောဤဆုကို ငါပေး၏ဟူလိုသော်။ ။

၈၀။ မဟာပေါရိဿဒပေးသော ဆု ၄-ပါးအနက်။ ၄-ခုမြောက် လူသားမကားအံ့သောဆုကို ယူတော်မူခြင်း။

ဤသို့လျှင် မဟာပေါရိသာဒမင်းသည် နဖူး မျက်မှောင် နှာယောင် မတွန့်သည်ဖြစ်၍ သုံးပါးသောဆုတို့ကိုတွန့်တိုမရှိပေးပြီးသည့်နောက်။ လေးခု မြောက်သော ဆုကိုယူလိုသော မဟာသုဘဒ္ဒသာမ မင်းကြီး သည်။ ။ဆိုန္နဒေဘုရဋ္ဌဗျတိတံဘယာဟိ၊ ပုထူနရာလောဓမနုပ္ပဝိဋ္ဌာ။ မနုဿဓံသံဝိရမေဟိရာဇဓဇံတံဝရာနံစတုဒ္ဒံဝရာမိ။ ။ဟူသောဂါထာကိုရွတ်၏။ ။ရာဇ မဟာရာဇ၊ မြတ်သောမင်း။ ယာသေမနုဿမံသာသ၊ အကြင်လူသား၏။ ဟေတု၊ အကြောင်းကြောင့်။ ဘယာဟိ၊ ကြောက်ခြင်းဘို့ဖြင့်။ ဗျထိဘံ၊ ချောက်ချားခြင်းရှိထသော။ တေ၊ ရှင်မင်းကြီး၏။ ရဋ္ဌံ ပြည် တိုင်းကားသည်။ ဆိုန္နံ၊ ပျက်၏။ ပုထူ၊ များစွာ ဖြစ်သော။ နရာ၊ လူတို့သည်။ လေဏံ၊ ပုန်းကွယ်ရာသို့။ အနုပ္ပဝိဋ္ဌာ၊ တိုးဝင်ကုန်၏။ တံမနုဿမံသံ၊ ထိုလူသားကို။ ဝိရမေဟိ၊ ကြဉ်ဘိလော့။ ဝရာနံ၊ လေးပါးသောဆုဘို့တွင်။စတုဒ္ဒံ၊လေးခုတို့၏ ပြည့်စုံကြောင်းဖြစ်သော ဒုတံဝံ၊ဤဆုကို။ဝရာမိ၊ယူပါ၏။ ။အဓိပ္ပါယ်ကား။ရှင်မင်းကြီး၊အကြင်လူသားကြောင့် ယသုပင် လူသားစား လာလတ္တံ့ဟု ရှင်မင်းကြီးကို ကြောက်ကုန်သဖြင့် ချောက်ချားခြင်းရှိသော ထိုထိုအရပ်တို့၌ ရွာအစရှိသည်တို့၏ကင်းခြင်းကြောင့် ရှင်မင်းကြီး တိုင်းနှိုင်ငံသည် ပျက်သဖြင့် ဘိတ်ညံ့၏။ထိုမှတပါး များကုန်သောလူတို့သည် သား ဖြေး လက်ငင်း၍ တောချ၊ အစရှိသော ပုန်းကွယ်ရာသို့ တိုးသျှိုးကုန်၏။ မကောင်းသော အနံ့ရှိသော စက်ဆုပ်ဘွယ် ရွံရှာဘွယ်ရှိသော ထိုလူသားမှ ကြဉ်အံ့သောဆုကို ငါယူ၏ဟူလိုသော်။ ။

၈၁။ မဟာသုတသောမမင်းကြီးယူအပဲသော
လူသားမစားအံ့သောဆုက်။ အလွန်ချစ်အပ်သော
အစာဖြစ်၍ မစပေးနိုင်ဟု ပေါရိသာဒ
ငြင်းပယ်ခြင်း။

ဤသို့ဘုရားလောင်းဆိုသည်ရှိသော် မဟာပေါရိသာဒလည်း လက်
ခုပ် ပေါက်ပေါက်ပဲး၍ ရယ်သွမ်းသွေးပြီးသော်။ အဆွေသူတကသော မ။
အဘ ကြောင့် ဤသို့သောပကားကိုဆိုဘိသနည်း။ ငါ့အသွေအား ဤ
ဆုကို အဘယ်မှာပေးပေအံ့နည်း။ အကယ်၍ အသွေ ယူလိုသည်ရှိ
သော် တပါးမသောဆုကိုယူကာမူ။ ဤဆုကို မယူလင့်ဟုဆိုဦး၍။ ။
အစ္ဆရိယံ သောဘနော်ဘမမ မနာပေါ။ ဇတသေ တေတုမှိ ဝနံ ပင်ဒြော။
သောဟံ တယိဒ္ဓမ္မောဥပါရမေယံ့။ အညံ ဝရာနံစတုတ္ထံ ဝရသု။ ။
ဟူသောဂါထာကိုရွတ်၏။ ။သမ္မသုတသောမ၊ အသွေသုတသောမ။
အစ္ဆရိယံ အစ္ဆရိဂဝ၊ စင်စစ်လျှင်။ သောဘနော်၊ ထိုလူသားဟူသောအ
စာသည်။ မမ၊ ငါ၏။ မနာပေါ၊ နှလုံးကိုပွါးစေတတ်သော။ဘနော်၊အ
စာတည်း။ ဇတသေ၊ ဤလူသားအစာ၏၊ ဟေတုမှိ၊အကြောင်းကြောင့်။
ဝနံ တောသို့။ ပဒြော၊ ဝင်သည်။အခါ၊ဖြစ်၏။အထ၊ထိုသို့လျက်၊သော
အပ်၊ထိုက်သည်။ဇနော်၊ ဤအစာမှ။ကုထံ၊အဘယ်ကြောင့်။ ဥပရမေ
ယ်္ယံ၊ကြဉ်နိုင်အံ့နည်း။ သမ္မသုတသောမ၊ အသွေသုတသောမ။ ဝရာနံ၊
လေးပါးသောဆုတို့တွင်။စတုတ္ထံ၊လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။
အညံ၊ဝေးပါးသော။ဝံ၊ဆုကို။ဝရသု၊ ယူလော့။ ။အဓိပ္ပါယ်ကား။
အသွေသုတသောမ၊ထိုအစာသည်။ စင်စစ်လျှင် နှလုံးကိုပွါးစေတတ်
သော ဖြစ်နိုးအပ်သောအစာတည်း။ဤအစာကြောင့် ဤဇာတ်သို့ ငါ
ဝင်သည်။ ထိုသို့လျက် ဤအစာမှ ငါအတွက် ကြဉ်နိုင်အံ့နည်း။အသွေ
ယူလေသည်ရှိသော် ဤဆုမှတပါး။ လေးပါးတို့၏ ပြည့်ကြောင်းဖြစ်
သောဆု တခြားကိုယူ။ဤဆုကိုမယူလင့်။အဓွေအား ဤဆုကိုငါမပေး
ဟူလိုသော်။ ။

၈၂။ မဟာသုတသောမမင်းကြီးသည်။ ပေါရိသာဒအား ချစ်မြတ်နိုးအပ်သော ဝတ္ထုကို မှီဝဲသဖြင့် မိမိကိုယ်ကို မချက်ခြင်းရဟု တားဟောတော်မူခြင်း။

ဤသို့ မဟာပေါရိသာဒ ဆိုသည်မှာသော်။ ဘုရားလောင်းလည်း အရွေးအရွေးသည့် လူသားတို့ ချစ်မြတ်နိုးသောကြောင့် ထိုလူသားမှ ကြဉ်ခြင်းငှါ မတတ်နိုင်ဟုဆို၏။ အကြင်သူသည် ချစ်မြတ်နိုးသည်ကို မှီ၍ ယုတ်မာသောအမှုကိုပြု၏။ထိုသူသည် သူမိုက်မည်၏ဟုဆို၍ ။ နဂဝပိယံမေတိဇနိုးတာဒိသော၊အတ္တံနိုင့်ကဉ္စပိယာဒိုးသေဝတိ။အတ္တာ ဝသေယျောပရမာဝသေယျော၊ လဇ္ဇာပိယာဩဿတးဆုနပန္ဆာ။ ။ ဟူသောဂါထာကိုရွတ်၏။ ။ဓနိန္ဒ၊လူများအရှင် ဖြစ်ငဇကျင်သော။ မဟာရာဇာ၊ မြတ်သောမင်ကြီး။ တာဒိသော၊ မှုန်မင်းကြီးသို့သော သူသည်။နှုး၊ ဤဝတ္ထုကို။မေမယ်ပာ၊ငါသည်။ပိယံ၊ချစ်အပ်၏။ ဋ္ဌတိ၊ဤသို့။ အတ္တံ၊မိမိကိုယ်ကို။ နိုးကဉ္စ၊ စွန့်၍။ ပိယာဒိ ချစ်အပ်သောဝတ္ထုတို့ကို။ ဝေ၊စင်စစ်။နသေဝတိ၊ မမှီဝဲရာ။ကံ်ကာရဇာ အဘ ကြောင့်နည်း ဟူမှုကား။ အဇ္ဈာဝ၊ ကိုယ်သည့်သာလျှင်။ သေယျော၊ အထူးသဖြင့် ဖြတ်၏။ကုတော၊ အဘယ်ထက် ဖြတ်သနည်းဟူမှုကား။ ပရမာဝ၊ အလွန်ဖြတ်သောဝဇ္ဇုဘက်လျှင်။ သေယျော ဖြတ်၏။ ကသ္မာ အဘယ့် ကြောင့်နည်းဟူမှုကား။ ဩတာစိတွန်၊ ပွါးစီးဒေသောကိုယ်ဇတ်ရှိသောသူသည်။ ပိယာ၊ချစ်ဖြတ်နိုးအပ်သော ဝတ္ထုတို့ကို။ပန္ဆာ၊နောက်၌။လဇ္ဇာ၊ရှေ့ပါကုန်၏။တသ္မာ၊ထို့ကြောင့်။အတ္တာဝ၊ မိမိကိုယ်သည် သာလျှင်။သေသေယျော၊အထူးသဖြင့်ဖြတ်၏။ ။အဓိပ္ပါယ်ကား။ လူမျာ့းသခင် ဖြစ်ထကျင်သော အရှင်မင်းကြီး။ အလွန်ရွယ်ပျိုသော၊ လှသော အဆင်းရှိသော၊ များဖြတ်သော စည်းစိမ်အဝံအနံနှင့် ပြည့်စုံသော၊ ကြီးသောပညာရှိသော ရှင်မင်းကြီးသို့သောသူသည်။ ဤဝတ္ထုကို ငါ ချစ်မြတ်နိုး၏ဟု ထိုဝတ္ထုကိုမက်မောသဖြင့်။ ထိုဝ ုဒ္ဓ ကိုယ်ကိုနှင်း၍၊ ကိုယ်ကို ဝဲသည်ရာ ဒဏ်စွန့်သဖြင့်။ ဒေလုံးစုံသော သုဂတိ၊ အလုံးစုံသော ချမ်းသာအထူးခံ ကိုယ်ကိုဆွဲလျော့စေ၍ ငရဲဒုက္ခစေသည်ကိုပြု၍ မဒှိဝဲရာ။အကြင်ပေသကျားတော်တကာအား ချစ်မြတ်နိုးအပ်သောဝတ္ထုထက် ကိုယ်သာမြတ်သည်။ အဘယ့်ကြောင့်နည်းဟူမှုကား။ အရာ

အားဖြင့်ဂုင်း၊ ကောင်းမွန်ထူးအေားဖြင့်ဂုင်း၊ ပွါးစေဒ်ဝ်သော ကိုယ်စိတ်ရှိသောသူသည့် မျက်မှောက်သေားကိုယ်၏အဖြစ်ဒွဲဂုင်း၊ တမလွန်ဒွဲဂုင်း၊ လွှဲဈည်းဘဝ် နတ်ဈည်းစိဝ်သို့ ရောက်သဖြင့်။ ထိုချစ်ဖြတ်နိုးအဝ်သေား၀ ဥး့ကို နောက်ဒွဲတ့ဘန် ရပြုန်၏။ ထိ့ကြောင့် ချစ်ဖြတ်နိုးအဝ်သေား၀ ဥး့ထတ် ဗိဓိကိုယ်သေားဖြတ်သည်။ ချစ်ဖြတ်နိုးအဝ်သေား၀ ဥး့ကြောင့် ဗိဓိကိုယ်ကို မပျက်စိုးမေရာ ဟူထိုသေဒ်။ ။

၈၃။ မဟာသုတသောမဓင်းကြီး ဟောတော်မူအဝ်သော ချစ်အဝ်သေား၀ ဥး့ကြောင့် ကိုယ်ကိုမပျက်စီး စေရာဟူသောစကေားဝယ် နှိုင်းဈွဲ့ထုတ်ပြအဝ်သော ခရုပုတ္တစောတ် ၀ ဥး့။

ဤအရာဝယ် ချစ်ဖြတ်နိုးအဝ်သော ၀ဥး့ထတ် ကိုယ်သဘ ဖြတ်သည်။ ချစ်ဖြတ်နိုးအဝ်သော၀ဥး့ကို အကြောင်းပြု၍ ကိုယ်ကိုမပျက်စီးစေရာဟူဒွဲ့။ ထိုသို့ မပျက်စီးစေရခြင်း ကိုကေား။ ။ဗာရာဏသိပြည်ရှင် သေနကမင်းကြီးသည် ဥယျာဉ်ကစားမည်ထွက်ရာတွင်။ နဂါးမင်းတပေါတ်သည် ခြေငယ်သဖြင့် ကြည်းဒွဲ့ အပဘရာစေားသည်ကို ရွာသူသေားပေယ်တို့ ခဲလုံကနိုဖြင့် ပစ်ခတ်သည်ကိုဖြင်၍ ဖြစ်ဘာေားသဖြင့် နဂါးမင်းအသက်လွတ်လျှင်နဂါးပြည်သို့သွား၍။ များစွာသေားရွှေငွေပုရတနာနှင့်သနံးခေါင်းဒွဲလာ၍။ထိုအကြောင်းကိုဆို၍။အသွေးခင်ပွန်းဘွဲ့၍၊ မင်းကြီးကို မပြတ်ဖူးဖြင်လာရောတွင်။ကာမဒွဲ့ရောင့်ခဲခြင်းမရှိသော နဂါးမေးယ် တပေါတ်ကို စောင့်ရှောက်ဒ်ခဲ့သောဌါ မင်းကြီးအားအပ်၍၊ နဂါးမငယ်ကိုမဖြင်လျှင်ဤမန္တန်ကိုရွတ်ဟူတရုသော မန္တန်ကိုပေး၍။တနေ့သဒွဲ့ မင်းကြီးဥယျာဉ်သို့သွား၍ နဂါးမငယ်နှင့်တကွ ရေကစားကြရာတွင်။ ဖရေငွေတရုကိုဖြင်လျှင် ကိုယ်အဖြစ်ကို စွန့်၍ ထိုရေငွေနှင့် ပေါင်းဘော်ကြသဖြင့်။ နဂါးမငယ်ကိုမဖြင်လျှင် မန္တန်ကို ဗပ်၍မင်းကြီးကြည့်သည့်ဂိုဏ်သဒ် ထိုအကြောင်းကိုဖြင်၍။ဝါးခြမ်းဗတ်ဖြင့်ဂိုက်၍ ဆုံးမသည့်ကို နဂါးမငယ်အမျက်ထွက်သဖြင့် နဂါးပြည်သို့သွား၍။ လာကြောင်းကို နဂါးမင်းမေးသေဒ်။ မင်းကြီးက ငါစကားကိုမလိုက်နာဟူ၍ ဂိုက်လေသောကြောင့် လာသည်ဟု ဒဏ်ရာကိုပြလျှင်

နဂါးမင်း အမျက်ထွက်၍။ ငသနကာမင်းကြီးကို ဖွဲ့ပြောဖြစ်အောင် နှာခေါင်းလေဖြင့် သတ်ချေဟု နဂါးလုလင် လေးပေါက်ကို စေသဖြင့်။ နဂါးလုလင်တို့ မင်းကြီးအိပ်ရာတိုက်သို့ဝင်ရာ၌ ခဏာတွင်း။ နဂါးမငယ် သွားသောဖန်ကြောင်းကို သိပါ၏လော်ဟုမင်းကြီးမေး၍ မသိကြောင်း ကိုမိဘုရားဆို သျှင်။ နဂါးမငယ် အကျင့်ကောင်းသောကြောင့် ဆုံးမပေသည်။ ငါ့အစေ့နဂါးမင်းကိုဟုန်းပြု၍အခေ့ခင်ပွန်းပျက်အံ့လည်း မသိဟုမိဘုရားဒေါသပြုနိုသည်ကို နဂါးလုလင်တို့ကြောင်းလျှင်။နဂါးပြည် သို့သွား၍ ဒေလုံးဗုံသောအခေကြောင်းကို နဂါးမင်းအားပြန်သည်ရှိသော် နဂါးမင်း ထိဟဲလန့်ခြင်းဖြစ်၍။ထိုခဏာတွင်ပင် မင်းကြီးအိပ်ရာတိုက်သို့ နဂါးမင်းလာ၍ ဒေကြောင်းကိုပြုနိ၍။ နဂါးမင်းဒေပြစ်ကို သည်းခံစေလို သောကြောင့် ဒေလုံးဗုံသောသဒ္ဒ ဝါတို့၏ ဘာသာကိုသိနိုင်သော သဇ္ဇ ဂုဒဇာနနမန္တာန်ကိုပေး၍ ဤမန္တာန်သည်ဒေဘိုးအဘိုင်းမသိထိုက်၏။ဤမန္တာန်ကိုသူတသူးအားဒေပးလျှင်မိုးတွင်ဆင်း၍သေပါလေဟုဆိုသည်ကို ကောင်းပြီဟု ဝန်ခံ၍။ ထို့နေ့မှစ၍ ပိုးဟွဲခြုံနိုးတို့၏ စကားကိုသော်လည်းထိသဖြင့်။ဟုနေ့သဒ္ဒါ ပျားတင်းလဲနှင့်မင်းကြီးမုန့်စားရာတွင်။ပျားတင်လဲကျသည်မုန့်ခဲကြွသည်ကို ပိုးရွဟာခုဖြင်လျှင်။မင်းကြီးပြာသာဒ်မဒ္ဒီ ပျားဒို့းတင်းလဲအိုးဟဲသည်းမုန့်လှည်းဖောက်သည်ကို စားပါလှည့်ကုန်ဟု ဟာစံကြေးသည်ကို ကြား၍ ပြီးသည်ကို ဒိတုရားဖြင်လျှင်။ ဒေပယ်ကို ပြုသနည်းဟုကြို၍။ ခဲဘွယ်ဟားပြီးသော် ရေချိုး၍ မင်းကြီးပန္နင်ထက်နေစဉ်။ ယင်ဗျိသည်ပဒင်မကို၊ဒေဘယ်လားလှည့်၊ ဖွေလျှော်ကြအံ့ဟုခေါ်သည်ကို။သည်းခံပြီး ပဒုမင်းကြီးသောလိမ်းလ ။။ သော ပေါက်ကျရာတွင် လူးသည်း၍ မွေးကဲ့ဝင်သောအ ရိုး မင်းကြီးကျောတွင်နား၍ ဖွေလျှော်ကြအံ့ဟု ပယင်မဆိုသည်ကို ကြား၍ ပြီးသည်ကို ဂုဏ်း။မင်းကြီး ညာဟ်ထမင်းစားရာတွင် ထမင်းဘလုံးကျ၍ ဟုးရွတဆုဖြင် ၍။မင်းကြီးနန်းဘဝ်၌ ဆန်လှည်းကျိုးသည်ကိုစားပါလှည့်ဟုန်ဟုဟာစံကြော်သည်ကိုကြား၍ မင်းကြီးပြီးသည်ကိုဂုဏ်း။ ရွှေဟင်းချိုကိုင်၍လုပ်ကွေးသော မိဘုရားဖြင်၍။ကြက်သရေတိုက်၌အိပ်ခါနိုးတွင်မှ မင်းကြီးပြီးကြောင်းကို မိဘုရား မေးသည်ရှိသော်။ ငါပြီးသည်ကိုမေး၍ အဘယ်ပြုမည်နည်းဟုပယ်ပြီးလျက်။ အဘန်တသဲလဲ ဆွဲခါမေးသဖြင့် ပြန်ပြောမှားချေ၍။ ထိုမန္တာန်ကို တောင်းသည်ကိုလည်း မပေးသာဟုပယ်

ပြီးလျက်။ အဘန်တလဲလဲ ခြေဆွဲလက်လောင်းတောင်းသောကြောင့်၊ ဤမန္တန်ကိုငါပေးက မိုးတွင်ဆင်းခဲ့ ငါသေရချေတော့မည်ဟု ဆိုပါလျက်။သေသေသလည်းမပေးမနေသာ။ပေးတော်မူပါဟု တောင်းသည်ကို။မာဘုဂါမနိုင်ငံသို့လိုက်သဖြင့်။ ရွာမျိုးရှစ်ပါးတွင် တပါးဝင်ရကား ကောင်းရှိဟုဝန်ခံဦး၍။မိဘုရားအား မန္တန်ပေး၍ မိုးတွင်ဆင်း၍သေအံ့ဟု ရထားစီး၍ ဥယျာဉ်သို့သွားသော အခါနိုင်တွင်။ ဘုရားလောင်းဖြစ်သော သိကြားမင်းသည် လူတို့ကို ကြည့်ရှုမြော်တင်းသောဒုဋ္ဌိက်နှင့် ကြုံသဖြင့် ထိုအကြောင်းကိုမြင်လျှင်။ ဤမင်းမိုက်၏အသက်ကို ငါပေးအံ့ဟုသုံတာနှင့်တကွဗာရာဏသီပြည်သို့လာ၍ အသူရာသို့းသုဇာတာကိုဆိတ်မယောင်ဘန်ဆင်းစေ၍။ သိကြားမင်းကားဆိတ်ဖိုယောင်ဘန်ဆင်း၍။ မင်းကြီးနှင့်ရထားခွကသောမြင်းကိုသာ ဖြင်စေလျက်၊ အလုံးစုံသောသူတို့သည် မမြင်စေသတည်းဟု ဓိဋ္ဌာန်၍။ စကားထွက်စေလိုသောကြောင့် ရထားခွေခွိမဘွယ်မရာသောအမှုကို ပြုဘိသကဲ့သို့ထင်စေသည်ကို။ရထားခွကသော မြင်းတစီးသည် ခွေးကာလခွ ဆိတ်တို့သည် အသရေမစောင့်မိုက်ကုန်၏ဟု ငါတို့ကြားဘူးသည်သာ ၊မမြင်ဘူးကုန်။ယာခုမူကား မျက်မြောက်ထင်ထင်မြင်ရ၏။ ဗုံးကွယ်ရာခွပြုအပ်သောအမှုကိုပွဲလယ်ခွပြုဘိ၏။ ခွေးငါတို့ကြားဘူးသည်နှင့် ညီလွှ၏ဟု ဆိုသည်ကိုဆိတ်မင်းကြားလျှင် ငါ့ထက်သင်မိုက်၏။ သင့်ထက်လည်း သင်ရွက်ဆောင်သော သေနကမင်းကြီးသည် အလွန်မိုက်လှ၏ဟုဆိုသဖြင့်၊အဘ ကြောင့်ငါမိုက်သနည်းဟုမေး၍။ အကြင်အခါခွရထားသို့နှောင့်ယှဉ်ခြင်းမလွတ်၏။ ထိုအခါခွတောချောက်နက်ရာ ဝေးစွာပြေး၍လွတ်ကြောင်း မကြံသည်မှာ သင်မိုက်၏ဟုဆိုလျှင်။ ငါ့ကဲ့မိုက်၏ဟူသည်အဟိတ်တိရစ္ဆာန်ဖြစ်သောကြောင့်ဆိုသင့်စေ၊ ငါ့ထက်သေနကမင်းမိုက်၏ဟူသည် အဘယ့ကြောင့်နည်းဟု မေးသည်ရှိသော်။ ဤသေနကမင်းသည်ဖြတ်သောမန္တန်ကိုရ၍ထိုမန္တန်ကိုမိဘုရားအားပေးသဖြင့် မိုးတွင်ဆင်း၍ သေမည်ပြုသည်။ မိမိအသက် ကိုလည်းစွန့်ရအံ့။ ထို မိဘုရားနှင့်လည်းကင်းရအံ့။ ထို့ကြောင့် သင့်ထက် သေနကမင်းမိုက်၏ဟုဆိုလျှင်။သဉ္ဇဝါတို့ဘာသာကို မင်းကြီးသိသောကြောင့် ရထားကို အသာအသာသွင်းစေ၍နာသဖြင့် အလုံးစုံသောစကားကို ကြားလျှင်။ ငါ၏ချမ်းသာကိုရှာအံ့သူသည်အရှင်ဆိတ်မင်းသာရှိ၏။ ပြုဖန်ဝ်သော

အမှ မပြုအပ်သောအမှုကို အရှင်ဆိုပါ၏လော့ဟု မင်းကြီးမေးသည် ရှိ သော်။ ရှင်မင်းကြီး၊ အလုံးစုံသောသတ္တဝါတို့အား ကိုယ်ထက်ချစ်ခြင်း နှိုးအပ်သောတပါးသူမရှိ။ တစုံတခုသော ချစ်ခြင်းနှိုးအပ်သောဝတ္ထုကို အကြောင်းပြု၍ ပိဓိကိုယ်ကို မပျက်စီးစေရာ။ ရပြီးသော စည်းစိမ်ကို မပျောက်ရာဟုဆိုဦး၍။ ။နဝေပိယံမေတိဇနိန္ဒတာဒိသော၊ အတ္ထံနိရံ ကဿပဿာနိသေဝတိ။ အတ္ထာဝဿယျောပရမာသေယျော၊ လဇ္ဇာပိ ယာဿိစ်တန္တေနပန္ဆာ။ ။ဟူသောဂါထာဖြင့် ဆုံးမလျှင် မင်းကြီး အလွန်တရာ နှစ်သက်စွာ၍။ ဆိတ်မင်း၊ အဘယ်ကလာသနည်းဟု မေး သော်မင်းကြီးအား သိကြားအဖြစ်ကိုဆို၍ ရှင်မင်းကြီးကို သနားသဖြင့် သဘေးမလွတ်စေလိုသောကြောင့်ငါလာသည်ဟုဆိုလျှင်။ အကျွန်ုပ် မိဘုရားအား ပန်ကန် ပေးမည်ဟူ၍ ဆိုမိသော်လည်း ဖြစ်သောကြောင့် အဘယ်သို့ပြုပါရအံ့နည်းဟုမေးသည်ကို။ မန္ဒုန၏ဥပစာရဟုဆို၍ ပြန် လုံးဖြင့်သုံးချက်လေးချက်ရိုက်စေဦး၍ ဥပါယ်တမျှဖြင့် မန္ဒုန်ကိုမယူ ဝံ့ဖြိုဟူဥပဒေသပေး၍။ မင်းကြီးကိုဆုံးမ၍ တာဝတိံသာ နတ်ပြည်သို့ ပြန်လေ၏။ မင်းကြီးလည်း ဥယျာဉ်သို့သွား၍ မိဘုရားကို ခေါ်စေပြီး သော်။ မန္ဒုန်ကိုယူမည်လောဟုမေး၍။ ယူမည်ဟုဆိုလျှင်။ ယူလိုသည့် ရှိသော်မန္ဒုန၏ဥပစာရ ပြုစေဟုဆိုသည်ကို။ ဘယ်သို့သော ဥပစာရ နည်းဟု မေး၍ ကျောကို အချက်တရာ ရိုက်သော်လည်း အသံမပြု ကောင်းဟုဆိုလျှင်။ မန္ဒုန်ကိုလိုချင်လှသောကြောင့် ကောင်းပြီဟုအာမ ခံဘဖြင့်။ ခိုးသတ်ပေါက်ကျားကို ခေါ်၍ ကြိမ်လုံးဖြင့် ရိုက်စေသည်ရှိ သော် နှစ်ချက်သုံးချက်ဝေါက်တိုင်ရုံသည်းခံ၍။ ထို့ထက်လွန်လျှင်ငါမန္ဒုန်မလို ပြီဟု ဟစ်ကြွေးသောမိဘုရားအား သင်ငါ့ကိုသတ်၍ မန္ဒုန်ယူမည် လောဟု ကျောက်ရေကွာအောင် ရိုက်စေ၍ လွှတ်ခြင်း။ ထိုနေ့မှစ၍ မန္ဒုန်မင်းဘဝင်းပြန်ပုံခြင်း။ ပန္နုပ္ပန်ဝတ္ထုဒွေ့ပေါ်ဘေးကောင့် ဆန့် ကျင်ဖသာရဟန်းသည် သောတာပတ္တိဖိုလ်ကိုရခြင်း။ မင်းကြီးသည် ဆန့်ကျင်သောရဟန်းဖြစ်လာ၏။ မိဘုရားသည် ခင်ပွန်းဟောင်း ဖြစ် လာ၏။ ငြင်းသည်သာရိပုတ္တရာဖြစ်လာ၏။ သိကြားမင်းသည် ငါဘုရား ဖြစ်လာ၏ဟု ဇာတ်တော်တို့အပေါင်းခြင်းအဋ္ဌုပ္ပတ္တိနှင့် ပြည့်စုံသော ခရပုတ္တဇာတ်ကိုအကြောင်းပြုသဖြင့်ဂင်းသိအပ်၏။ ။

၁၄။ မဟာပေါရိသာဒလည်းပြည့်သေးမျက်ရည်
ဂိသည်ဖြစ်၍။လူသားစားခြင်းမှကြဉ်ရအံ့သောဆုကို
လွဲ၍တပါးဆုကိုယူရန်ဘုရားလောင်းဒေါး
တောင်းပန်ခြင်း။

ဤသို့ချစ်မြတ်နိုး အပ်သောဝဏ္ဏ၂ကို အကြောင်းပြု၍ ကိုယ်ကိုမစွန့်နဲ့ ရဟုဘုရားလောင်းဆိုသည်ဂိသော် မဟာပေါရိသာဒမင်းသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍။ သုတသောမယူသောဆုကို လွှတ်စိမ့် သောဌါလည်း ငါမတတ်နိုင်။ လူသားမှကြဉ်ခြင်းဌါလည်း ငါမတတ်နိုင်။ အသို့ပြုပါရအံ့နည်းဟုကြံပြီးသော် မျက်စိ၌ပြည့်သော မျက်ရည်ဖြင့်။ ။ပိယံမေမာနုသံမံသံ၊သုတသောမဝိဇာနာဟိ။ နာမိသင်္ဘာဒိဝါရေတုံ၊ အညံတုဝံသမ္ဘဝံရံဝရသူ။ ။ဟူသောဂါထာကိုရွတ်၏။ ။ သမ္မသုဂသောမ၊ အဆွေသုတသောမ။ဝိဇာနာဟိ၊သိပါလော့။ မေမယာ၊ ငါသည်။မာနုသံမံသံ၊လူသားကို။ ပိယံ၊ချစ်အပ်၏။ နိဝါရေတုံ၊ မြစ်ခြမ်းဌါ။ သင်္ဘာ၊တတ်နိုင်သည်။ နအာမိ၊ မဖြစ်။သမ္မ၊ အဆွေ။တုဝံ၊ အဆွေသည်။အညံ၊တပါးသော။ဝံရံ၊ဆုကို။ဝရသူ၊ ယူပါလော့။ ။ အဝိပ္ပါပဉ်ကား။ အဆွေသုတသောမ။ငါ့အဖြစ်ကို အဆွေသိပါလော့။ လူသားကိုချစ်မြတ်နိုးလျှင်။ဖြစ်ခြင်းဌါမတတ်နိုင်။ဤဆုမှတပါးသောဆုကိုအဆွေယူပါ။ဤဆုကိုမယူပါလင့်ဟူလိုသော်။ ။

၁၅။ မဟာသုတသောမမင်းကြီးသည်
မချစ်အပ်သောဝဏ္ဏ၂ကိုချစ်လျှင်တမလွန်ဘဝဆင်းရဲ၏။မချစ်အပ်
သောဝဏ္ဏ၂ကိုစွန့်၍အရိယာမဂ္ဂင်္ဂိဝံမှတမလွန်ဘဝ
ချမ်းသာရ၏ဟုတရားဟောတော်မူခြင်း။

ဤသို့မဟာပေါရိသာဒ ဆိုသည်ဂိသော်။ ဘုရား လောင်းလည်း အဆွေ၊မချစ်အပ်သည်ကိုချစ်သဖြင့် ဆင်းရဲခြင်းသာဖြစ်ရာ၏ ဟုဆိုဦး၍။ ။ပေါစေဝံယံမေတိဝယာနုရ ရက်၌၊ အဉ်ိုနိုံကန္ဒုပိယာနိသေဝတိ။ သောဏ္ဍောဝဝိတ္တာသမိသထာလံ၊ ကေနဝသောဟောတိဒုမိပရဇ္ဇ။ ။ပေါစိဓသခီါယံပိယာနိဟိတ္တာ၊ကိဉ္စနပိသေဝတိဒုရိယဓမ္မော။ ဒုက္ခိတောဝဝိတ္တာနုယထောပဒါနိ၊ တေ နဝ သောဟောတိ

သုခီပရဲ့ဘူး။ ။ဟူသောဂါထာကိုရွတ်၏။ ။သမ္မပေါရိသာဒ၊အသွေးပေါရိသာဒ။ ဖေသာဏ္ဍော၊ သေသောက်ကြွေးသည်။ ဝိသမိသဆထဲလံ၊ အဆိပ်နှင့်ရောသောသေခွက်ကို။ ပိတွာ၊သောက်ဦးချ။ တနေဝ၊ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော။ ပါပကမ္မေန၊ ယုတ်မာသောအမှုကြောင့်။ ပရဲ့ဘူး၊တမလွန်၌။ ဒုဂ်ိ၊ဆင်းရဲခြင်းရှိသည်။ ဟောတိ့ဇ္ဈဝ၊ဖြစ်သကဲ့သို့။ ယော၊ အကြင်သူသည်။ ဇာဒဲ၊ဤသည်ကဲ့။မေမယော၊ငါသည်။ ဝိယံ၊ ချစ်အပ်၏။ ဇာတိ၊ ဤသို့။ ပိယာနုရဲ့ဘွဲ့၊ ချစ်အပ်သည်ကဲ့စောင့်သည်ဖြစ်၍။ အတ္တံ၊ ဒိဓိဂ်ယံကို။ နိရံကဆ၊ တဝဲရာခဲ့ပြု၍။ ဒုယာနိ၊ချစ်အပ်သော ဝဠုတ္ဆိကို။ စေသေဝတိ၊ အကယ်၍ မှီဝဲအံ့။ သော၊ ထိုသူသည်။တနေဝ၊ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော။ ပါပကမ္မေန၊ ယုတ်မာသောအမှုကြောင့်။ပရဲ့ဘူး၊တမလွန်၌။ ဒုဂ်ိ ဆင်းရဲခြင်းရှိသည်။ ဟောတိ၊ဖြစ်၏။ ။သမ္မပေါရိသာဒ၊အသွေးပေါရိသာဒ။ဇာဒ၊ဤလောကာ၌။ ယော၊အကြင်သူသည်။ သခီါယ၊ ဆင်ခြင်၍။ ဒိယာနိ၊ ချစ်အပ်သောဝဠုတ္ဆိကို။ ဟိတွာ၊ စွန့်၍။ ဒုက္ခိတောဝ၊ ဆင်းရဲလျက်လျှင်။ ယတောပဒါနိ။ အကြင်အခြင်းဖြင့် ရအပ်သောဝဠုတ္ဆိကို။ ပိတွာန၊ စားသောက်ဦး၍။ ကိစ္ဆုနဝိ၊ ဦးခြင်သဖြင့်လည်း။ အရိယာဝမ္မေ။ ဖြတ်သောတရားတို့ကို။သေဝတိစေဝ မှီဝဲခြားအံ့။ သော၊ ထိုသူသည်။ တနေဝ၊ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော။ ပုည်ကမ္မေန၊ ကောင်းသောအမှုကြောင့်။ ပရဲ့ဘူး၊ တမလွန်၌။ သုဂ်ိ၊ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ဖြစ်၏။ ။

၇၆။ မဟာသုတသောမမင်းကြီးဟောတော်မူသော

ပဋ္ဌမဂါထာ၏အရ၊မချစ်အပ်သည်ကိုချစ်သဖြင့်သံသရာ၌ ဆင်းရဲရ၏ဟူရာဝယ်နှိုင်းယှဉ်ထုတ်ဆောင်အပ် သောဝတ္ထုသက်သေများ။

ပဋ္ဌမဂါထာ၏ ၊အဓိပ္ပါယ်ကား။ အသွေးပေါရိသာဒ။ အကြင်သူသည် ဤအမှုကိုငါချစ်မြတ်နိုး၏ဟု ချစ်မြတ်နိုးအပ်သောအမှုကိုစောင့်ရှောက်သဖြင့် ချစ်မြတ်နိုးအပ်သောယုတ်မာသောအမှု၌ကိုယ်ကိုနှင်း၍ ကိုယ်ကို အနုပေကွစွန့်သဖြင့် အကယ်၍ မှီဝဲအံ့။ ထိုသူသည် ထိုယုတ်

မာသောအမှုကြောင့်ပစ္စုပ္ပန်ဘဝ၌ပင်၊ တမလွန်ဘဝ၌ပင် ဆင်းရဲခြင်းဖြစ်
၏။ အဘယ်ကဲ့သို့ နည်းဟူမူကား။ အခွေပေါရိသာဒ။ ငါပုံဆိုဦးအံ့။
အကြင် သေသောက်ကြူးယောကျ်ားသည် သေဟူသော ဝတ္ထု၌ ချစ်
မြတ်နိုးသဖြင့် အဆိပ်နှင့် ရောသော သွေးကို သောက်တတ်၏။ ထို
ယောကျ်ားသည်ထိုယုတ်မာသောအမှုကြောင့် ဤပစ္စုပ္ပန်ဘဝ၌လည်း
အသက်သေဆုံးရှုံးခြင်းသို့ရောက်၏။ တမလွန်ဘဝလည်း ငရဲဒုစရိုက်သော
ကြီးစွာသောဆင်းရဲကိုခံရ၏။ ဤဒေတူဂင်း ဒုဇ္ဈေလည်း ဤဒုမ္မကိုင်၊
ချစ်မြတ်နိုးဖို၏ဟု ထိုချစ်မြတ်နိုးအပ်သော ယုတ်မာသောဒုဿဒ္ဒ ကိုယ်ကို
နှင်းခဲချစ်မြတ်နိုးအပ်သောအမှုကို စောင့်ရှောက်သည် ဖို့သေဝ်။ ကိုယ်
ကိုတပ်ရာမဲ့ပြု၍ မှိုဝဲသည်ဖို့သေဝ်။ ဤပစ္စုပ္ပန်ဘဝ၌လည်း ဆင်းရဲ
ငြင်ခြင်း၊ သုကဲ့ရဲခြင်းသို့ရောက်၏။ တမလွန်ဘဝ၌လည်း ငရဲဒုစရိုက်သည်
တို့၌ကြီးစွာသောဆင်းရဲကိုခံရလတ္တံ့ဟူလိုသေဝ်။ ။

ဤသို့ဆိုသည့် အလိုကား။ မမကမောအပ်သော အစာ၌ မက်ဝေမော
သဖြင့်။ကျေးသား၊ ကျိုးမိုက်တို့ကဲ့သို့ အသက်လည်းဆုံး လူလည်းမနုံး
မဖြစ်စေလင့်ဟူလိုသေဝ်။ ထိုအကြောင်းဒေတိနည်းဟူမူကား။ တို့ဖြတ်
စွာဘုရားသည်ဇေတဝနဝိဟာရ၌ နေတော်မူစဉ်။ အစာ၌ မက်ဝေမော
သောကြောင့်လွန်စွာစား၍ အစာမကျနိုင်သဖြင့် သေသော ရဟန်း
တယောက်ကို အကြောင်းပြု၍ ဖြစ်သော စကားစပ်တွင်။ ဤရဟန်း
သည်ယခုအခါ၌သာ သေသည်မဟုတ်။ ဖူးသရော ခါ၌လည်း ဗာရာ
ဏသီပြည်ကို ဖြုတ်ဒတ်မင်းကြီး မင်းပြုခိုက်။ ငါဘုရားလောင်းသည်
ကျေးအမျိုး၌ဖြစ်၍။ သမုဒ္ဒရာနှင့်စပ်သောဟိမဝန္တာတွင် မျိုးစွာသော
ကျေးတို့၏မင်းဖြစ်သဖြင့် ထိုကျေးမင်း၏ တရုသောသားသည် အရွယ်
သို့ရောက်လျှင်။ ကျေးတို့သဘောသည် လျင်စွာသော ဒုဟုန်ကြောင့်
အရွယ်တန်လျှင် မျက်စိ အားနည်းမြဲ ဖြစ်ရကား။ ဘုရားလောင်းသား
သည်အားနည်းသော မျက်စိရှိသော မိဘတို့ကို အသိုက်တွင် နေစေ၍
မွေးသည်ရှိသေဝ် တနေ့သ၌ကျက်စားရာမြေ၌ တခဲသော တောင်ထိပ်
မှကြည့်ရာတွင်သမုဒ္ဒရာဒုလယ်၌ ကွန်းငယ်တခုကို မြင်သဖြင့်။ တနေ့
သ၌ထိုကွန်းသို့သွား၍။ ရွှေအဆင်းနှင့်တူသောဒုဆင်းဒုံး အရသာနှင့်
ပြည့်စုံသောသရက်သီးမျှည့်ကိုစား၍။ မိဘတို့ချိုခဲ့သော ထိုသရက်သီး
ကို ဘုရားလောင်းစားလျှင် အရသာကို သိ၍ ဤမည်သော ကွန်း၌

သရက်ဘီးမဟုတ်လောဟုမေး၍ဟုတ်၏ဟုဆိုလျှင်။ ချစ်သား၊ ဤကျွန်း သို့သွား၍စား၊သော ကျေးသားတို့သည် အသက်ရှည်နိုင်ကုန်သည်မရှိ။ ယခုနေ့မှစ၍ ချစ်သားမသွားလေလင့်ဟု ငြိစ်လျက်ကို။ အရသာ၌ မက် မောသောကြောင့်ဘုရားလောင်းစကားကိုမနာ။ အဘန်တလဲလဲ သွား၍စားသဖြင့်။တနေ့သ၌ လွန်စွာစားရကား ပင်ပန်းသောကိုယ်ရှိသည် ဖြစ်၍ အိပ်မွေခြင်းဖြင့် နှိပ်စက်လျှင် ဒိဝိဒျိခဲ့သော သရက်သီး လွတ်၍ ကောင်းကင်မှ တဒွန်းဒွန်းလျှောသဖြင့်။ သမုဒ္ဒရာရေမျက်နှာသို့ ရောက်လျှင် ဓရဏိနှစ်သည်ကို တသုသော ငါးစားလေ၏။ ရောက်သို့တန်မှမရောက်လျှင် သမုဒ္ဒရာသို့ကျ၍ သေလေတော့သည် ဖြစ်မည်ဟု ဘုရားလောင်းသိသဖြင့်။ အစာမစားရခြောက်တပ်၍။ မိဘလည်း ခန္ဓာကုန်။ ဒိဗိလည်းအကျွေးမရှိ ပျက်စီးခြင်းကို အကြောင်းပြု၍၊ ။ယာဝသော မည်းမည်းသည်၊ဘောဇနသို့ ငိဟက်မော။တာဝအဒ္ဒါနမာပါဒိ၊ မာတာရဉ္ဇ အပေါသယိ။ ။ယာတောစခေါသောဗဟုတရံ၊ဘောဇနံအစ္ဆာဂါဟယ်၊ ကတောတေ့ဥဝသံသိဒိ၊ အမင်္ဂလည္ဟိသောအဟု။ ။တသ္မာမင်္ဂလည္ တာ သာခံ၊ဘောဇနသို့ အဂိဠိတော။ အမင်္ဂလည္ဟိ သိဒန္တိ၊ မင်္ဂလည္ နစသိဒရေ။ ။သိဂ္ဂဝေါဠါ၏ချစ်သားရဟန်းများတို့။ တဓောတာဒါ ကာလေ ထိုအခါ၌။ ဃောဠိဟက်မော၊ ထိုကျေးသားသည်။ ယာဝ၊ အကြင်ရွာလောက်။ ဘောဇနသို့ ၊ အစာ၌။ မတ်တုံ၊အတိုင်းအရှည်ကို။ အညာသိ၊သိ၏။တာဝ၊ ထိုရွာလောက်။ အဒ္ဒါနံ၊ရှည်သော အဓွန့်ပတ်လုံး။အာပါဒိ၊အသက်ရှင်၏။ မာတာရဉ္ဇ၊ အမိအဘကိုလည်း။ အပေါသယိ၊မွေးရ၏။ ။ယာတောစ၊အကြင်အခါ၌ကား။ခေါ၊စပ်စပ်။ သောဝိဟင်္ဂမော၊ထိုကျေးသားသည်။ဗဟုတရံ များစွာ။ဘောဇနံ၊အစာကို။ အစ္ဆာဂါဟယိ၊အလွန်စား၏။တတော၊ထိုအခါ၌။တဇ္ဇေဝ၊ ထိုသမုဒ္ဒရာ ၌လျှင်။သံသိဒိ၊နစ်၏။ သော၊ ထိုကျေးသားသည်။ အမင်္ဂလည္ဟိ၊ အတိုင်းအရှည်ကို မသိသောအလေ့ရှိသည်။ဟိယသ္မာ၊အကြောင်ကြောင့်။ အဟု၊ ဖြစ်၏။ ။တသ္မာ၊ ထို့ကြောင့်။ ဘောဇနသို့ ၊ အစာ၌။ အဂိဠိတော၊ မမက်မောသည်ဖြစ်၍။ မင်္ဂလည္တာ၊ အတိုင်းအရှည်ကို သိသောသူ၏ အဖြစ်သည်။သာဓု၊ကောင်း၏။ဟိ၊ထိုစကားသင့်စွ။အမင်္ဂလည္ဟိ၊ အတိုင်းအရှည်ကိုသိလေ့မရှိသော သူတို့သည်။ သိဒန္တိ၊ နစ်ကုန်၏။ မင်္ဂလည္ဟိ၊ အတိုင်းအရှည်ကိုသိ ေ့ရှိသောသူတို့သည်။ နစသိဒရေ၊မနစ်ကုန်။ ။

ဤဂါထာဖြင့် ဘုရားဖြစ်ကောင်မှုပြီး၍ ဓမ္မဒေသနာတော်ပြုခြင်း။ သန္ဓာလေးပါးတို့ကို ပြတော်မူသည့်ဏ်အဆုံးဌ် တရားနာတို့သည် သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာများစွာဖြစ်ခြင်း။ ထိုရောအခါကျေးသားသည် ယသအခါဌ် အတိုင်းအရှည်မသိသော ရဟန်းဖြစ်လာဏ်။ အဘာကျေးမင်းသည် ဂါဘုရားဖြစ်လာဏ်ဟု ဓာတ်ငံတော်ကိုပေါင်းခြင်း အင်္ဂုတ္တရာပုဏ္ဏားနှင့်ပြည့်စုံသော သုဝရာဇဓာတ်ကို ဒေဝကြောင်းပြုသဖြင့် ၎င်း။ ။

ပဒုမုတ္တရာပုဏ္ဏားဌ် လျှပ်ပေါ်မက်သော ရဟန်းတပေါင်းကို ဒေဝကြောင်းပြု၍ ဖြစ်သော စကားစပ်တွင် ပသုသာ မက်မောလျှပ်ပေါ်သည်မဟုတ်။ ရှေးသရောအခါဌ်လည်း ဗာရာဏသီပြည့်ရှင် ဖြိဟ္မဒတ်မင်းကြီး လက်ထက်၊ ဗာရာဏသီသူဌေး စဖိသည်သည် ဂုသိုလ်ကောင်းမှုကို ဒေလိုရှိသည်ဖြစ်၍ ဌက်ကျေးတိရစ္ဆာန်တို့ ချမ်းသာစွာနေပါစေဟု စဖိအိမ်ဌ် တောင်းကိုဆွဲ၍ ထင်းရာတွင် ဘုရားလောင်းခိုမင်းနေသည်ရှိသော် တာနေသဌ် စဖိအိမ်ထက်ဌ်ရှိသော လျှပ်ပေါ်မက်မောသော ကံုးတသည် အထူးထူးအပြားပြားသော အဓဲကိုဖြင်လျှင် အသူကိုဖြ၍ စားပါရအံ့နည်းဟု ကြံရာတွင် ဘုရားလောင်းကိုဖြင်သဖြင့်။ ဤခိုမင်းကိုဖြ၍ စားအံ့ဟု ဆုံးဖြတ်ပြီးသော်။ ဘုရားလောင်း• ကျက်စားရာသို့ အစဉ်တစိုက် နောက်ကလိုက်၍။ သင့်အစာလည်း တခြား၊ ငါ့အစာလည်း တခြား။ အဘယ့်ကြောင့် လိုက်ပါသနည်းဟုဆိုလျှင်။ အခြင်ခိုမင်း၏ အမှုအရာကိုနှစ်သက်ပါသောကြောင့် အခြင်ခိုမင်းစားသောက်တိုင်းစားသောက်၍ ခစားပါမည်လိုက်သည်ဟု ဆိုသည်ကို အကယ်သင်၍။ ကောင်းပြီဟု အာမခံသဖြင့် အင်္ဂုကျက်စားဟန်ပြု၍ တစေ့စေ့လျှောပြီးမှ နွားချေးစုကို ပျက်၍ တိရစ္ဆာန်ပိုးမွှားတို့ကို ဝမ်းပြည့်အောင် စားပြီးလျှင် ဘုရားလောင်းအထံသို့ချဉ်း၍။ ခြင်ခိုမင်းကား ကျက်စားခွာသေး၏။ အခစာ့ဌ် ပမာဏကိုသိရာသည်မဟုတ်လော။ မိုးချုပ်ပြီ။ လာတော့ဟု ဆို၍ ဘုရားလောင်းနှင့်အတူ ပြန်သည်ကို စဖိသည်မြင်လျှင် ငါခိုမင်း အဘော်ခေါ်၍ လာလတ်သည်ဟု တောင်းတလုံးဆွဲပြန်သည်ရှိသော်။ ထိုတောင်းဌ်နေ၍။ လေးငါးရက်ရှိလျှင် မျှားစွာသော ခဲတွယ်စားတွယ် ငါး အမဲကိုဖြင်၍ စားချင် မက်မောရကား ကြည်းညည်းလျက် အိပ်သည်ကို ခိုမင်းကကျက်စားခင်းသို့ခေါ်သည်ရှိသော်။ မကျေနိုင်သောအစာရှိ

၊ မဟောသဓာသုခမိန်သည်။ မံဝံဂေါဏောဂန္ဓိသုဟ္ဟံ-အစဂို့သော ဒုဂ္ဂဟနဝိသတိပဉ္ဟာကို မဆိုသည်ဂို့သော် ဤသူသည် ပညာဂို့ပေဟု သူတို့မသိကုန်။ ချုနစ်နှစ်သော အရွယ်ကဆိုသောကြောင့်သာလျှင် ဇမ္မူဒီပါကျွန်း၌ အတုမဂို့သောပညာဂို့အဖြစ်ကို သူတို့သိကုန်၏။ထို့ကြောင့်။ နာဘာသမာနံဇာနန္တိ ဟူသော ဂါထာဖြင့်ဆိုသော်သာ ပညာဂို့ကိုသိ

သည်။ မဆိုသည်ဂိုဒေါ်သ် မသိဟု မဟာသုတသောမမင်းကြီး ဆိုသတည်း။

၁၂၄။ ဆို့ခွင့်မရောက်၍မဆိုသဖြင့်သာ
ပညာဂိုကိုမသိသည်မဟုတ်၊ ပြခွင့်မရောက်၍
မပြိသဖြင့်လည်းပညာဂိုဟုမသိကြောင်း
ဝတ္ထုသိုက်သေထုတ်ပြရာ။

၅၂၂။ ဤအရာ၌တမူကား မဟာသုတသောမမင်းကြီး မဆိုငြားသော်လည်း။ ။ဒေဿနာ ဝိစယော ယုတ္တိ၊ ပဒဠ်ဳာနော စ လက္ခဏော။ စတုဗ္ဗိဟောစအာဝတ္တော၊ဝိဘာတ္တိပရိဝတ္တနော။ ။ဝေဝစနောစပညတ္တိ၊ သြတရဏောစ သောဒနော။ အဓိဋ္ဌာနော ပရိကဿောရော၊ သမဓရောပနော သောဋ္ဌသော။ ။ဟူသောဂါထာနှင့် လျော်ပတ်စွာ ဒေဿနာဟာရ။ ဝိစယဟာရ။ ယုတ္တိဟာရ။ ပဒဠ်ဳာနဟာရ။ လက္ခဏဟာရ။ စတုဗ္ဗိဟဟာရ။ အာဝတ္တဟာရ။ ဝိဘာတ္တိဟာရ။ ပရိဝတ္တနဟာရ။ ဝေဝစနဟာရ။ ပညတ္တိဟာရ။ သြတရဏဟာရ။ သောဒနဟာရ။ အဓိဋ္ဌာနဟာရ။ ပရိကဿာရဟာရ။ သမာရောပန ဟာရတည်းဟူသော တဆဲ့ခြောက်ပါးသောနေတ္တိဟာရတို့တွင်။ လက္ခဏဟာရနှင့်လျော်သဖြင့် ၎င်း။ ။ပဒဠ်ဳာမော နဒ္ဒိယာဝဉ္စော။ဒုတိယော၁စ အိပ္ပ ဿလော။ သိဟဝိက္ကိဠိတောနာမ၊တတိယော နယပဠ္ဌကော။ ။ဒိသာလော်စနမဟဲ့ သု၊စတုတ္ထံ နယမဂ်္ဂဏံ။ ပဠ္ဌမော အာဠ်ဝေါနာမ၊သဇ္ဇေ ပဠ္ဌနယာဂတာ။ ။ဟူသောဂါထာဖြင့်ပြအပ်သော နဒ္ဒိယာဝဉ္စနည်း။တိပုက္ခလနည်း။ သိဟဝိက္ကိဠိတနည်း။ ဒိသာလောစနနည်း။ အာဠ်ဝနည်းတည်းဟူသောငါးပါးဖြေသောနေတ္တိနည်းတို့တွင် ဒိသာလောစနနည်း။ အာဠ်ဝနည်းတို့နှင့် လျော်သဖြင့်၎င်း။ ဆိုအပ်သောအဓိပ္ပာယ်ကိုရောက်၍ ဆိုသော်သာ ပညာဂိုကိုသိသည်။ ဆိုအပ်သောအဓိပ္ပာယ်ကို မရောက်သောကြောင့် မဆိုသဖြင့် ပညာဂိုကို မသိသည်သာမဟုတ်။ ပြအပ်သော အဓိပ္ပာယ်ကိုရောက်၍ ပြသော်သာ ဤသူသည် ဤသို့သော ဂုဏ်နှင့် ပြည့်စုံသော် ပညာဂိုပေဟု သူတို့သိကြုံနိုင်သည်။ ပြအပ်သောအဓိပ္ပာယ်ကိုမရောက်သောကြောင့်မပြသဖြင့် ဤသူသည် ဤသို့ပေဟုဂုဏ်နှင့်ပြည့်စုံသော် ပညာဂို

ပေဟုံသူတို့ မှသိကုန်သည်လည်းရှိ၏။ ထိုအကြောင်း အတိုနည်းဟူမူကား။ ဗာရာဏသီပြည်ရှင် ဇြဟ္မဒတ် မင်းကြီးသားတော် အာသဒိသကုမာရ မင်းသားသည်ခမည်းတော်နတ်ရွာလားခြင်း မင်းမြောက်ကုန်သော်လည်း၊ ငါမင်းအဖြစ်ကို အလိုမရှိဟု ညီတော်အား တိုးနှန်းသော်ခြင်းကြောင့်အားဟုတ်သော နေစရာသည်ကို။ လက်နှစ်ဘက်ကို အုပ်ရက်တိုက်သည် ခရုကြီးဟူသကဲ့သို့ ကုန်းချောလကားနာမှာခြင်း၏ နောင်တော်ကို ဘမ်းမည့် ကြံချေသောကြောင့် ညီတော်ကို အမျက်ထွက်သဖြင့် တိုင်းတပါးသို့သွားခြင်း၏ လေးအတတ်ဒုအပြီးတိုင်ကြောင်းကိုဆို၍ တပေါက်သောမင်းဝယ် ခစားပါလေသဖြင့်။ တန္ဆစ်တသိန်းတသိန်းအပူဇော်ခံရသည်ကို လေးသွားဟောင်းတို့ငြားရကား၊ တနေ့သခြင်းကြီးဥယျာဉ်ကစားမည်သွားရာတွင်။ မင်္ဂလာဇကြောက်ဟုခြင်း၏အခိုး သရက်ပင်ရင်းခြင်တင်းထိုမိတံတိုင်းခုံလျက် အသရေရှိသော အိပ်ရာထက်လျောင်းသောငှင်းကြီးသည် သရက်ပင်မျှားခြင် တက်၍ မစွတ်သာသော သရက်ဖိုင်ကိုဖြင်လျှင် လေးသွားတို့ကိုခေါ်၍ ဤသရက်ဖိုင်ကို လေးဖြင့်ချခြင်းဌါတတ်နိုင်ကုန်အံ့လောဟု မေးသည်ကို။ အကျွန်ုပ်တို့ အတတ်ကို များစွာဖြင်တော်မူပြီ။ တန္ဆစ်တသိန်းတသိန်းရသော လေးသွားအတတ်ကို ရှင်မင်းကြီးလည်းဖြင်တော်မမူဘူးလေး။ အကျွန်ုပ်တို့လည်းမဖြင်ကုန်။ ထိုသို့ကိုချပါစေဟု လျှောက်သဖြင့် ဘုရားလောင်းကိုခေါ်၍ မင်းကြီးမေးသည်ရှိသော်။ နေ့ကောဒိမူရာခြင်နေ၍ ပစ်ရသော်တတ်နိုင်၏ဟု လျှောက်သဖြင့်မင်းကြီးနေ့ရာလွဲသျှင် လက်ကလေးမပါ။ ခါးဖြင့်သာပိုက်၍သွားရာရာဆောင်သည်ဖြစ်သောကြောင့် တင်းထိမရံစေ၍။ တင်းထိမတွင်းခြင်နေလျက် အပေါ်ရုံဝတ်သော ပုဆိုးကို ပယ်၍။ နီလစွာသော ပုဆိုးတထည်ကို ထည်းဝှေ့ဝတ်၍ ဒေခေါက်ပိုးကျိုက်ပြီးမှ။ နီလစွာသော ပုဆိုးတထည်ကို စည်းကုံးရစ်၍ အသရေရှိသောလေးအိမ်မှ အစပ်လျှော့၍ ထားသော သန်လျက်ကို တင်းတင်းဆက်၍ လက်ဝဲနံပါးမှလွယ်ပြီးသော်။ ဖွေးတိုပြီးသောသင်္ကိုင်းကိုစွပ်၍။ ဖြားတောင့်ကိုကျောမှလွယ်၍။ အစပ်ဖြင့်ပြီးသော ဆိတ်ချိုလေးကြီးကိုဆက်၍။ သန္ဘာအဆင်းနှင့်တူသောသို့ကိုဟန်၍။ ဦးခေါင်းခြသင်းကျစ်စွပ်၍။ ဝရဇိန်စည်သွားကို လက်သည်းဖြင့်ဖြန်းခြင်ဖြကိုခွဲ၍ ထွက်သောနှဂါးလုလင်ကဲ့သို့ တင်းထိမကိုလွှစ်ပြီးသော် အထက်သို့ တက်သောဖြားဖြင့် ကျစေ ရအံ့လော၊ အောက်သို့

သက်သေပြခြင်းဖြင့် ကျွန်စေရအံ့လောဟု မင်းကိုဇမ်း၍။ ငါအထက်သို့ ကသက်သေပြခြင်းဖြင့် ချသည်ကို များစွာမြင်ဘူးပြီ။ အောက်သို့ သက်သေပြခြင်းဖြင့် ချသည်ကိုမမြင်စဘူး။ အောက်သို့ သံဂ်သေပြခြင်းဖြင့် ချဟုဆိုသည်ရှိသော်။ ရှင်မင်းကြီး၊ ဤမြားသည် စတုမဟာရာဇ်နှတ်ပြည်တိုင်အောင်တက်၍ ညှဉ်ပြန်လတ္တံ့။ ညတိုင်အောင် သည်းခံတော်မူဟု ဆိုဦး၍။ ဤမြားသည် တက်သည်ရှိသော် သရက်ခိုင်အညာကို ထက်ဝက်ကုန်အောင်ဖြတ်၍တွက်လတ္တံ့။ သက်သည်ရှိသော်လည်း ဆံမွှေးတစ်ချောင်းမျှ မယွင်းသည်ဖြစ်၍ တဝက်ကြွင်းသောအညာကိုဖြတ်၍ သရက်ခိုင်နှင့်ထက္ခ ကျလတ္တံ့ဟူ၍ မြားတချွန်ကို သရက်ခိုင်အညာကို ထက်ဝက်ကုန်အောင် ဖြတ်စေလျက် လွှတ်၍ စတုမဟာရာဇ်သို့ ရောက်ချိန်တန်လျှင်၊ ရှေးပစ်သောမြားထက် လွန်သောအဟုန်ကို ဖြစ်စေလျက် တွန်းလှတ်ပြန်သည်ရှိသော်၊ နောက်လွှတ်သောမြားသည် ရှေ့လွှတ်သောမြားကို မှီလျှင်မြားလွှဖြင့်ခတ်၍ ပြန်လေစေပြီးသော်။ မိမိသည် တာဝတိံသာသို့ တက်၍ နတ်တို့ယူလင့်သဖြင့်။ ပြန်လေသောမြားသည် မိဃဝံးကြိုးသံကဲ့သို့ မြည်၍သက်သည်ကို။ အဘယ်အသံနည်းဟု လူအပေါင်းတို့ မေးသဖြင့်။ မြားပြန်သောအသံဟုဆိုလျှင်၊ မိမိထက်ကျလတ္တံ့သည်မှ ကြောက်သောကြောင့် တိုးဝှေ့ကုန်သော လူအပေါင်းကို နှစ်သိမ့်စေ၍။ ထိုမြားသည် ဆိုပြီးသောအတိုင်း တဆံဖျားမျှမယွင်းစေဘဲ အညာထက်ဝက်ကြွင်းကိုဖြတ်၍ သရက်ခိုင်နှင့်တကွ ကျသည်ကို ငါပြသို့မရောက်စေမူ၍။ မြားကို လက်တဘက်၊ သရက်ခိုင်ကို လက်ဖဘက် ခံလင့်သော အံ့ဘွယ်သရဲကိုဖြင်လျှင် များစွာသောလူအပေါင်းတို့ကြွေးကြော်ခြင်း၊ ဦးရစ်ပစ်ခြင်း အစရှိသော ပူဇော်ခြင်းဖြင့် တဆဲ့ရှစ်ကုဋေလောက်သောဥဿာဖြစ်၍။ မင်းကြီးလည်း အလွန်နှစ်သက်သဖြင့် တခဲနက်ရွှဲသော မိဃဝံးကဲ့သို့ များစွာသောဥစ္စာဖြင့် ပူဇော်၍ ကြီးစွာသောစည်းစိမ်ကို ပေးသည်ရှိသော်။ ဘုရားလောင်း ဗာရာဏသီပြည်၌ မရှိသည်ကို သိလျှင် ခုနစ်ပြည်ထောင်သော မင်းတို့သည် စစ်ရောက်၍ သေအံ့သောဘေးမှကြောက်သဖြင့် နောင်တော်ကို မေးမြန်းရှာဘွေစေ၍။ များစွာသောပူဇော်ခြင်း ကန်တော့ခြင်းဖြင့် ပင့်ခေါ်၍၊ ဘုရားလောင်းရောက်လျှင်။ ငါအသနီသမင်းသားရောက်ပြီ။ တစင်းတည်းသောမြားဖြင့် အံ့လုံးစုံသော သူတို့၏အသက်ကိုယူအံ့သည်။ အသက်ရှင်လိုသော သူတို့

သည့် ပြေးလေ့ကုန်ဟု မြားဦးအကွရာရေး၍ ချုနစ်ပါးသော်မင်းတို့ ထ မင်းစားကုန်စဉ် မရနော်လင်ပန်းအချက်ဦ မြားကိုကျစေသဖြင့်။ အကွရာ ်ကို မြင်လျှင် ကြောက်လန့်တကြား ပြေးလေကုန်၍။ ယင်ငယ် သောက် လောက်ရုံသော်သွေးမျှ မထွက်စေဘဲ ချုနစ်ပြုည်ထောင်သော့ မင်းတို့ ကို ဇအော်ခြင်း။ တဉသဘသောအရပ်ဦ ခရမ်းဆွဲသော် သားမြီးကို မလျှတ်မယွင်းသော မှန်ခြင်း။ လျှပ်တပြက်ဦ ချုနစ်ချက် ရှစ်ချက် ပစ်မိ ခြင်း။ ဒုတိယပ်တုရာလော ကျွဲရေကိုတွင်းနှိပ်ခြင်း။ လက်ရှစ်သစ်ရှိသော ကြေးနီပြား၊ လက်ရှစ်သစ်ရှိသောသံပြား၊ အထပ်တရာစိတစပ်တည်း တည်သော ရေသဖန်းပြား ဒီတောက်ပြားတို့ကို ရှေ့နောက် ထုတ်ချင်း ထွင်းနှိုင်ခြင်း။ သဲလှည်း ကောက်ရိုးလှည်းတို့ကို ရှေ့နောက် ထုတ်ချင်း ဘောက်စေခြင်း။ ရေဦလေးဉသဘ၊ ကြည်းဦ ရှစ်ဉသတိုင်တိုင် ကြပ တဲ့ရောက်စေခြင်းတို့ဖြင့်။ ဇမ္မု။ဒိပါကျွန်းဦ အဏုမရှိသော ဂုဏ်နှင့် ဖြည့်စုံသော အသဒိသမင်းသားကိုဂုင်း။ ။

ဗာရာဏသီပြည်ကို အစုံးရသော ဗြဟ္မဒတ်မင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားသားသည်။ ဘွားသောအခါ လှံထားအစရှိသော လက်နက်တို့ သည့် တပြည်လုံး ပြောင်ပြောင်တောက်သဖြင့် ဇောတိပါလအမည်ကို ရ၍။ တဆဲ့ခြောက်နှစ်မြောက်လျှင် တက္ကသိုလ်ပြည်သို့သွား၍ အတတ် ပဉ္စာသင်သည်ရှိသော်။ ချုနစ်ရက်တွင်းဦ အလုံးစုံသော အတတ်ပဉ္စာ ကိုတက်သဖြင့် ဆရာ့နှစ်သက်၍။ ရတနာသနံလျက်၊ အစပ်ဖြင့်ပြီးသော ဆိတ်သျှိုလေးကြီး၊ အစပ်ဖြင့် ပြီးသောမြေး၊ ဝတ်သောသင်တိုင်း၊ စွပ် သောသင်းကျစ်ကိုပေး၍ ဗာရာဏသီပြည်သို့ပြန်လျှင်။တနေ့တနေ့ဦ အ သပြာတထောင့် အပူဇော် ခံရသဖြင့် မင်းကြီးဦ ဇစားသည်။ လေး သွားဟောင်းတို့ ငြ။ရှုသောကြောင့်။ ထိုအကြောင်းကို မင်းကြီးအား ကြား၍ စုံးစမ်းသည်ရှိသော်။ ယနေ့မှ ချုနစ်ရက်မြောက်သောနေ့ဦ အ ကဝ်ပဉ္စာပြအံ့။ နိုင်ငံတော်ဦရှိသော လေးသွားတို့ကို စည်းဝေးလှာပါ စေဟုဆိုသဖြင့် ရှိုဦစည်လည်စေသည်ရှိသော်။ ခြောက်သောင်းသော် လေးသွားအစည်းဒေဝေးဖြစ်သဖြင့် တိုင်းနိုင်ငံသူဒေလုံးမှုင့်တကွ မင်း ရှင်ပြင်ဦ သဘင်ကြီးစွာပြု၍ ဇောတိပါလကိုခေါ် စေလျှင်။ ဆရာပေး သော မြွေဇလေးအစရှိသည်ကို ခါးဖြင့် ဆောင်၍ ကြပတေ့ဒးတိုင်း လာ သည်ကို။ဇော်တိပါလလက်တွင် လေးမပါ။ငါတို့လေးကိုတောင်း၍ ဒး

တတ်ပြမည် ကြိဿည်ဖြစ်မည်။ လေးတောင်းလျင်မပေးကုံနှလင့်ဟု ဂ္ဂ တိကဝတ်ဆိုကုန်စဉ်ဓောတိပါလရောက်လျင်။ အမောင်ဓောတိပါလ၊ အစ်တတ်ပြလော့ဟု မင်းကြီး တိုက်တွန်းသဖြင့်။ တင်းထိမ်ရံစေ၍ ခေါ်းနည်းဖြင့်စိရင်ပြီးသော်။ မြေကိုခွဲ၍ထွက်သော နဂါးလုလင်ကဲ့သို့ တင်းထိမ်ကိုလှစ်၍ ထွက်သောဘုရားလောင်းကိုဖြင်လျင် မျိုးစွာသော် လူအပေါင်းတို့၏ အုံးသြခြင်း ကြော်ငြာ ဟစ်ကြွေးခြင်းတို့ဖြင့်။ အမောင်ဓောတိပါလ၊ ပြပေတော့ဟု မင်းကြီးဆိုလျင်။ သဘင်တာလင်းကိုလေးထောင့် ညီအောင် ပရိသတ်ကို နေစေ၍။ ဤလေးသွား ဒဲအပေါင်းတို့တွင်။ အကွာဏဝေဒ၊ ဝါလဝေဒ၊ သရဝေဒ၊ သဒ္ဒဝေဒဖြစ်သော လေးသွားကျော် လေးယောက်အား မြားသုံးသောင်းစီပေး၍ လေးထောင့်၌ နေလျက်ပစ်ပါစေ။ အကွန့်၌ပဲအလယ်တွင်နေ၍ ထိုသူတို့ပစ်သေးမြားကိုကာမည်ဟုဆိုသည်ကို၊ အကွန့်၌တို့အကွာဏဝေဒ၊ဝါလဝေဒ၊သရဝေဒ၊သဒ္ဒဝေဒဖြစ်သော လေးသွားပေါက်ကျိုးဖြစ်ကုန်သည်။ ဓောတိပါလကားယမန်တွင်ဖြစ်သော လုလင်ငယ်သာ။ အကွန့်၌တို့မပစ်ကုန်ဟုလျောက်သည်ကို။ဝံ့သော်ပစ်၊ မဝံ့သော်နေလဟု ဘုရားလောင်းဆိုလေသဖြင့် မြားကောက်ကာ ကောက်ကာ လေးထောင့်က တပြိုင်နက်လွှတ်ကုန်သည်တို့ကို ဝရဇိန်မြားဖြင့်ခံတ်၍ ဗောဓိပင်ကိုရံသော မျက်ကွင်းခြိုပွတ်ကဲ့သို့။အသွားကိုအသွားချင်း။အရိုးကို အရိုးခြင်း။ အလွှာကို အလွှာချင်း ဂ္ဂက်ဘိသကဲ့သို့။ တာရကို တာရမလွန် ထမ်းနှင်းကျင် ရံလျက်ကျစေ၍ လေးသွားတို့လက်ဝယ် မြားသုံးသောင်းစီကုန်လျင်.ထိုမြားတို့ကို မပျက်ရအောင်ချုန်ထွက်၍ မင်းကြီးအား ဂ္ဂိုဒိုးလျက် နေသည်ကိုဖြင်လျင်။ ဂ္ဂေးနည်းဖြင့် ကြွေးကြော်ခြင်း ပူဇော်ခြင်း ဖြစ်၍။ ထိုဗဒ္ဓမပွဲ၌ တာဆဲဂ္ဂစ်ကုဋ္ဌေသော ဥပ္ပဗာရသဖြင့်။ အဘယ်အတတ်နည်းဟု မင်းကြီးမေးသည်ကို သရဖန္ဒီဗဟာဟန အတတ်တည်းဟု လျောက်၍။ ဇမ္ဗူဒီပါကျွန်းခြံမောင်ကဲ့သို့ အတိမ္မရိသနည်းဟုမေးသည်ကို။ အကွန့်၌ကိုထား၍စာပါးမရိဟုလျောက်လျင်။ဤမှတပါးသောအဘက်ကိုပြဦးဟု ဆိုသဖြင့်။ ကိုယ်တို့လေးယောက်သည် လေးထောင့်ကနေ၍ အကွန့်၌ကို.မပစ်နိုင်ဖြစ်သောကြောင့်။ ကိုယ်တို့လေးယောက် လေးထောင့်နေသည်ကို အကွန့်၌အလယ်တွင်နေ၍.တစင်းတည်းသောမြားဖြင့်ပန့်အုံဟု ဆိုသည်ကိုလေးသွားတို့မခံဝံ့၍။လွဲပါးသော်အထောင့်၌ ဂ္ဂက်ပျော်လေး

ပင်စိုက်စေဖြိုးသော်၊ မြားလွှဲခွ နိလ္ပစ္ဆာသောပိုးဈည့်တတ်၍ ဌက်ပျော်တာ ပုံင်ကိုပစ်လျှင် လေးပင်လုံးကိုထွင်း၍၊ အစစ္ဆာပစ်သော ဌက်ပျော်ပင် သို့လည်မှ မြားလုက်သို့ရောက်လှာ၍။ တပ်သော ချည်နှီသာထက်ဝန်း ကျင်ရံဘိသကဲ့သို့ တုည်သည်ကို ဖြင်လျှင်။ ဇွဲနှဲးနည်းဖြင့် ကြိုးကြော် ခြင်းပူဇော်ခြင်းဖြစ်၍။ 'အဘယ်အခြင်းနည်းဟုံမေးသော် စက္ကဝေဓိအ ခြင်းဟုလျှောက်၍၊ ယို့နောက်မင်းကြီးတိုက်တွန်းသဖြင့်။သရဲလံ့ဒ်။ သ ရရဒ္ဓေ။ သရဓေဝိ။သရေပါသာဒ။ သာရဲသော့ပါန။ သရေမဏ္ဍာပ။ သရေပါ ကာခ။ သရေပေါက္ခရဏီ။ သရေပဒုမ။ သရေဝသတည်းဟူသော သူတ ထူးနှင့် မဆက်ဆံသော တဆဲ့နှစ်ပါးသော အခြင်းကိုပြ၍။ လက်ရှစ် သစ်ရှိသော ရေသဖန်းပျဉ်။ လက်လေးသစ် ရှိသော ဒိတောက်ပျဉ်။ လက်နှစ်သစ်အထူရှိသော ကြေးနီပြား။ လက်တသစ်အထူရှိသော သံ ပြား၊ တစ်တုည်းတည်သော ပျဉ်ပြားအထပ်တရာ။ ကောက်ဝိုးလှည်း။ သဲလှည်း၊ ဖဲ့လှည်းတို့ကို ရွှေ့ပြစ်၍ နောက်မှ ထွက်စေခြင်း။ နောက်ခွ ပစ်၍ ရွှေမှထွက်စေခြင်း။ ရေခွဲလေးဥသဘာ၊ ကြည်းခွဲ ရှစ်ဥသဘာတိုင် တိုင်ရောက်စေခြင်း။ တဥသဘာအရပ်ခွဲ ခရမ်းချဉ်သောသားမြိုးကို မြား ဖြင့် ထက်ခြမ်းခွဲစေခြင်းတို့ဖြင့်။ ဇမ္ဗု။ ဒိပါကျွန်းခွဲ 'အတုမရှိသော ဂုဏ် နှင့်ပြည့်စုံသောဇော်တိပါလလုလင်ကိုဂုင်း။ ။

ဗာရာဏသီပြည့်၏အနှီး ပန်းပဲရွာခွဲတထောင်သော ပန်းပဲတို့၏အ ကြီးဖြစ်သော၊ မင်းနှိုင့်အကျွမ်းဝင်သော ကြွယ်ဝ များမြောင်သောဥစ္စာ ခမ်းနားရှိသော်ပန်းပဲသူကြီး၏သွီးသည် နတ်သွီးကဲ့သို့ လှမြတ်သော အ ဆင်းပြင်လျှာ ဇနပဒကလျာဏီလက္ခဏာနှင့်ပြည့်စုံသောကြောင့်။ အ ဝေးအနှီးရွာကြီးရွာငယ်မှ ပဲခွဲ ပုဆိန်အစရှိသည်လုပ်လာ၍ မြင်ကုန် သောသူတို့သည်။ ဗိမိတို့ရွာခွဲ စုဝေးမိရာအရပ်တွင်။ ယို့ပန်းပဲသွီး၏ အ ရောင်အဆင်းကိုပြောပရာပြုသည်ကို။ ထိုရွာနှင့် မှနီးမဝေးသောပန်း ပဲရွာခွဲ ပန်းပဲဆင်းရဲသားလုလင်ကြားလျှင်။ သဝနသံသဥ်ဖြင့်ပြု၍။ ငါ့ အားရပလေသောဟူ၍ ကောင်းမြတ်သောသံမျိုးဖြင့် သိမ်းမွှေစွာအံ့ လုံ့၍။ ခုနစ်ထပ်သော အိမ်နှင့်တကွပြုလျှင် ထိုရွာသို့သွား၍။ ပန်းပဲ သူကြီးအိမ်ဝန်းကျင်ခွဲလှည့်၍။ အိမ်တံခါးဖွင့် အနှီးခွဲရပ်လျက်။ ။အ ကက္ကသီအ်ဖရသံ၊ ခရေဓေတံသုပါသိယုံ။ သုခုမံတိဒဏ္ဍဥ္စ၊ ကောသု စိ ကေတုမိန္ဒသိ။ ။သာမိနော၊ အဂ္ဂင်ကောင်းတို့။ အကက္ကသံ၊ အ

ပြောက်အစွန်းကင်းသော။ အဖရုသံ၊ မကြွမ်းကြုံတ်သော့။ ခရုဝေတံ၊ မှတ်ကျောက်ဖြင့် ပွတ်အပ်သော။ သုပါသိယံ၊ ကောင်းသော နဖူးရှိသော။ သုခုမံ၊ သိမ်မွေ့သော။ တိဝိဏ္ဍရွှေ၊ အလွန်ထုတ်သော အဖျဉ်းရှိသည့်မှုံလည်းဖြစ်သော။ သူစိ ၊ အပ်ကျော်ကို။ ကေ၊ အံသူသည်။ ကောဏ်၊ ဝယ်ခြင်းငှါ။ ဣန္ဒသို၊ အလိုရှိသနည်း။ ။ဤဂါထာဖြင့် အံပ်ကို ချီးမွမ်း၍ သာယာချွေ့သောအသံဖြင့် ရောင်းသည်ရှိသော်။ နံနဂ်စာ စားဖြီးလျှင် နိမ့်သောအိပ်ရာ၌ ၊ လျှောင်းသောအဘအား ယပ်ခတ်၍နေသော ဗိန်းမငယ်ကြားလျှင်။ စွတ်သော်အသားစိုင်ဖြင့် ရင်ခွဲလပ်လှာတိသကဲ့သို့။ အလွန်ပူပန်သောအခါ၌ ချမ်းမြေ့သောရေအိုးတဝေါင်ဖြင့် သွန်းဘိသကဲ့သို့ဖြစ်၍။အသူလျှင် သာယာစွာသောအသံဖြင့် ပန်းပဲရွာတွင် အပ်ရောင်းပါဘိသနည်းဟု ထွက်၍ကြည့်သည်ရှိသော် ဘုရားလောင်းကိုဖြင်၍။ လုလင်၊ ဤတိုင်းလုံး သူတို့သည် အပ်အစရှိသော ဒုလုံးစုံသော အဆောက်အဦကို ဤရွာသို့လာ၍ ဝယ်လှာရတော့သည်သ။။ လုလင်မူကား ဤပန်းပဲရွာကွင် အပ်ရောင်းခြင်းငှါ အလိုရှိဘိ၏။ တနေ့ ပတ်လုံး ဂုလင်အပ်ကို ချီးမွမ်းငြားသော်လည်း အသူဝယ်လှာပေအံ့နည်း၊အဘိုးဖြင့်အလိုရှိသော် တပါးရွာသို့သွားပါလေဟုဆိုဦး၍။ ။ ။ဣတောဒါနိုပတာယန္တို့၊သူစိယော့ဝဋ္ဋိသာနိစ။ကောယံကမ္မာရဂါမမှိ၊ သူစိ ဝိက္ကေတုမိစ္ဆသိ။ ။ဘောမာဏဝ၊ အိုလုလင်။ ဒါနိုဣတောဒါနိုး၊ ယံခုအခါ၌။ဣတော၊ဤရွာမှ။ သူစိယောဝစ၊ အပ်တို့ကိုဝှင်း။ ဗဋ္ဋိသာနိစ၊ဖြားတို့ကိုဝှင်း။ ပတာယန္တို့၊ ဆောင်ကုန်၏။ အထ၊ထိုသို့လျှက်။ ကော၊ အသူသည်။ အယံကမ္မာရဂါမမှိ၊ ဤပန်းပဲရွာ၌။ သူစိ ၊ အပ်ကို။ ဝိက္ကေတုံ၊ ရောင်းခြင်းငှါ။ ဣစ္ဆသိ၊ အလိုရှိသနည်း။ ။ဤဂါထာဖြင့် ပန်းပဲရွာ၌ အပ်မရောင်းရသောအကြောင်းကိုဆိုသော မိန်းမငယ်စကားကို ကြားလျှင်။ ။သူစိ ကမ္မာရဂါမမှိ၊ ဝိက္ကေတုမိစ္ဆသိ။ အာစရိယာပဓာနတာ။ အာစရိယာပဓာနန္တို့၊ ကမ်ဳံသုကတာဒုက္ကဋံ။ ။ဣမဉ္စတေပိတာဘာဒ္ဒေ၊ သူစိ ဧည်ာမယံသာကတံ။တယာစမံနိမန္တေယျ၊ယဉ္စဉ္ဇည်ဃရေဓနံ။ဘဂိနိ၊ နှမ။ပဓာနတာ၊ ပညာရှိသည်။ ကမ္မာရဂါမမှိ၊ပန်းပဲရွာ၌။သူစိ ၊အပ်ကို။ဝိက္ကေတုံ၊ ရောင်းအပ်၏။ ဘဂိနိ၊ နှမ။ သုကတံဒုက္ကဋံ၊ ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြုအပ်သော။ ကမ်ဳံ၊ အမှုကို။ အာစရိယာ၊ ဆရာတို့သည် သာလျှင်။ ပဓာနန္တို့၊ သိကုန်၏။ ။ဘဒ္ဒေ၊ အာဘယ်နှမ။ မယာ၊ငါသည်။

ကတော်၊ ပြုံအမ်ိဳးသော။ ဤမစ္ဆာသူစိုး၊ ဤအပ်ကို။ တော်၊ နှုမဖ၏။ ပဲတာ၊ခမည်း တော်သည်။ ဇာညာ၊ သိငြားအံ့။ တပဲဘဝ၊ သင်နှုမနှင့်လျှင်။ မံ၊ ငါ့ကို။ နှိမ်မနှေ့ယူ၊ဘိတ်ရာ၏။ဤမိမ်၌။အညံ့၊တုပါးသော။ ယံဓနံ၊အကြင် ဥစ္စာသည်။အထ်ထိ၊နှိ၏။ တေနစ၊ထိဥစ္စာဖြင့်လည်း။မံ၊ငါ့ကို။နှိမ်နှေ့ယူ၊ ဘိတ်ရာ၏။ ။ဤဂါထာတို့ဖြင့် ပညာရှိသည် ပန်းပဲရွာမှ အပ်ရောင်း ရာ၏။ အဘာ ဘုကြောင့်နည်းဟူမူကား။ သံဆရာတို့သည် ကောင်းသည် မကောင်းသည်ကို သိကုန်၏။ လူနှင်နှင်တို့သည် မသိကုန်။ ထို့ကြောင့် လူနှင်နှင်ရှာ၌မကောင်းမှု၍။ငါ့ဂုဏ်အထူးကိုသိစေလိုသောကြောင့် ပန်း ပဲရွာမှာ ရောင်းလှာသည်။ ငါ့အပ်ကို ဤသို့လုပ်ကြံပြုစုသည်၊ ဤသို့ ဘ ဘောဂို၏ဟု ရှင့်ခမည်းဘေဝ်သိမြင်တပြီးကား။ အရှင်နှင့်တကွ အိမ်လုံး ကို မနှင်းချေလွှဲလောဟု ဘုရားလောင်းဆိုသည်ကို ပန်းပဲသူကြီးကြား လျှင်။ ဩဖိုးကိုခေါ်၍ အသူနှင့်ဆိုကြသနည်းဟု မေးသည်ကို။ အပ်ရောင်း ဇာသော လောကျားတလောက်နှင့်ဆိုကြသည်ဟုပြန်လျှင်၊ လုလင်ကို ခေါ်လော့ဟု သို့းကိုခေါ်စေ၍။ပန်းပဲသူကြီးအား ဂိုဒိုး၍နေသော ဘုရား လောင်းကို။ နေသောရွာ အမျိုးအမည်ကိုမေး၍။ အပ်ကို ကြည့်မည် တော့်းသေး။ တယောက်တည်းကြည့်တော်မူသောထက် ပရိသတ် အလယ်၌ ကြည့်တော်မူသော် မဂဓောင်းလောဟုဆိုသဖြင့်။ တထောင် သော ပန်းဝဲ။ဒေးလုံးစုံသောရွာသူကို စည်းဝေးစေလျှင်။တူ။ပေ၊ရေပြည့် သော လင်ပန်းတို့ကို ယူစေ၍ အသင့်ထားပြီးမှ အပ်ကြည့်ကို ခါးမှ ထုတ်၍ပေး၏။ ပန်းပဲသူကြီးသည် အပ်ကျည်မှ ထုတ်၍ကြည့်ပြီးလျှင်။ အဓေယျံအပ်ကား ဤသည်ပင်လောဟု မေးသည်ကို။အပ်မဟုတ်သေး၊ အဓိမိသာဟု ဆိုသဖြင့်။ ပန်းပဲသူကြီး ကြည့်ပါသော်လည်း မမြင်မှ ကားဘန်ယူပြန်၍။ ခြောက်ထပ်သော အ လည်းမမြင်။ အဆုံးကိုလည်းမမြင်မှ။ ဘုရားလောင်း တဘန်ယူပြန်၍။ လက်သည်းဖြင့်လှစ်၍၊ အဓိမိတထပ်ကို ဆရာ့ခြေရင်း၌၊ အပ်ကို ဆရာ့ လက်၌ကားသည်ကို အမောင်ဤသည်ကားအပ်လောဟု မေးပြန်သည် ကိုလည်း။ အပ်မဟုတ်သေး။ အဓိမိသာဟု ဆိုသဖြင့်။ ပန်းပဲသူကြီး ကြည့်ပါသော်လည်း မမြင်မှ ကားဘန်ယူပြန်၍။ ခြောက်ထပ်သော အ ဓိမိကို အစဉ်အတိုင်းခွါ၍။ အဓိမိကို ဆရာ့ခြေရင်း၌၊ အပ်ကို ဆရာ့ လက်၌ထံးသည်ရှိသော်။ကထောင်သော ပန်းပဲတို့သည် လက်ခါ ရင် ခတ် အုံးသြကြ၍။ ဦးပေါင်းဦးရစ်ကြပစ်ပူဇော်စဉ်။အမောင့် အပ်သည်

အသို့သော အာနုဘော်ဒ်ရှိသနည်းဟု ပန်းပဲသူကြီးမေးလျှင်။ ယွင်ထားသော ပေကို ခွန်အားကြီးသူကိုမြစွာကိုင်စေ၍။ ရေပြည့်သော လှုင့်ပန်းကို အောက်ကခံ၍။အခွံလယ်၌ အပ်ကိုစိုက်၍။ ဒီဓားရှိသူကို တူဖြင့် ခတ်စေသည်ရှိသော်။ ဓအာဃာတ်သို့ရင်း • အထက်သို့ရင်း၊ တဆံ့ဘားမျှ မနွံ့။ ပေကို ထုတ်ချင်းထွင်း၍ ရေအပြင်၌ ဘီလာတည့်သည်ကို ဖြင့်၍။ အလုံးစုံသောသူတို့သည် ဤမျှသောကာလပတ်လုံး ဤသို့သောပန်းပဲရှိဟု ကြားမျှမကြားစဘူး။မဲဖြင့်စေတောင်း မြင်ရသည်ပမာ ရှေးဆက်လွန်စွာ ကြေငြာခဲ့ခဲပစ်ကြဲ ပူဇော်ခြင်းတို့ဖြင့်။ ပန်းပဲသူကြီးလည်း အလွန်ထာရုန္နစ်သက်စွာ၍။ ထိုပရိသတ်အလယ်၌ သို့ကိုခေါ်ပြီးသော်။ ဤသို့ဖြင့် သည် အမောင့်ဓားသာ ထိုက်တော့သည်ဟု ရေသွန်းလက်ထပ်ပြု၍။ နောက်၌ ပန်းပဲသူကြီးအဖြစ်သို့ ရောက်သဖြင့်။ ဇမ္ဗု။ ဒီပါကျွန်း၌ အတူ မရှိသော ဂုဏ်နှင့်ပြည့်စုံသော ကမ္မာရမာဏဝကိုဂုင်း။မိမိဂုဏ်ကို မပြသည်ရှိသော်။ ဤသူသည် ဤသို့သောဂုဏ်နှင့် ပြည့်စုံသော ပညာရှိပေဟုသူတို့မသိကုန်။ ပြသောကြောင့်သာ ဤသူသည် ဤသို့သောဂုဏ်နှင့် ပြည့်စုံသော ပညာရှိဟု သူတို့သိကုန်၏။ ။ထိုကြောင့် မဟာသံဃာသောမ မင်းကြီး တိုက်ရိုက် မဆိုငြား သော်လည်း။ တဆင့် ခြောက်ပါးသော ဟာရတို့တွင်။ လက္ခဏဟာရဖြင့် သတ္တာလင်္ကာ တူရာ ထုတ်သောကြောင့်ဂုင်း။ ငါးပါးသော နည်းတို့တွင်။ ဒိသာစစ်မဟုတ်သော်လည်း။ ဒိသာလောစနဖြင့်ရှု၍။ အာဇိုသနည်းဖြင့် ငင်သော် ပါကောင်းသောကြောင့်။ မဟာသုတသောမ မင်းကြီး ဆိုတိသဒ္ဒါသို့ ဆိုပါသတည်း။

၁၂၇။ တရားစကားဆိုခြင်း၊ အတတ်ပညာ
ဖြခြင်းတို့ကိုလည်းဂုဏ်အထူးကိုသိတတ်သည်ရှိသော
ဆိုသင့်ပြသင့်သည့်အကြောင်း။

ထိုသို့ဆိုသည် ပြသည် ရှိသော်လည်း. ပုရိသဝိသေသ၏ ဂုဏ်အထူး .ကို သိသောသူ၌သာ ဆိုရာပြရာ၏။ ပုရိသဝိသေသ၏ ဂုဏ်အထူးကို မသိသောသူ၌ မဆိုမပြရာ။ အဘယ့်ကြောင့်နည်း ဟူမူကား။ ဒဿိဟိုင်ခြင်း၌ မင်းတယောက်သည် သိန္နောဖြင်းငယ် တစီးကိုရ၍။ ဤဖြင်းကို

ကောင်းစွာဆုံးမတိဟု မြင်းဆရာကို အပ်သည်ဟု ဂိုသော်။ မြင်းဆရာသည် သိန္ဓောမြင်း အဖြစ်ကိုမသိ၍။ အကျွေး အမွေး အသိမ်း အမြန်း မလျောက်ပတ် သော်မြဟောင့်။ ဤသူသည် ဂုဏ်အထူးကို သိနိုင်သလော မဟုတ်ဟုဆရာသင်တိုင်း မကျင့်မူ၍ မဆုံးမနိုင်သျှင်။ ဤမြင်းသည်မြင်း ကောင်းမဟုတ်။ မြင်းစည်းလံတည်းဟုခြင်းကြိုးအံ့ားကြား၍ လွှတ်စေသ မြင့်အလေအလွတ်နေရာတွင်။ တနေ့သ၌မြင်းဆရာဖြစ်ဘူးသော ပဉ္စင်း ပျံသည် ဆရာ့နောက်ကလိုက်သောအခိုက်။ ကျုံးပြင်တွင် စားလင့် သောထိုမြင်းကိုမြင်လျှင်။ အခ်ဂင်ဘုရား၊ဤမြင်းသည် အဘိုးအတိုင်းမသိ ထိုက်သောသိန္ဓောမြင်းပေ။ မင်းကြီးသိသည်ဂိုသော် မင်္ဂလာပြုရာ၏ဟု ဆိုသည်ကို။ ယင်းသို့တပြိုးကား။ အမောင်၊ မင်းကြီးသည်မိန္ဒဝင်္ဂဒိုဖြစ် သောကြောင့် ဤမြင်းဂုဏ်ကိုအမောင်ဆို၍သိသဖြင့် ဘုရားသာသနာ၌ ကြည့်ညှိပါငြားအံ့လည်းမသိဟု ဆရာဆိုသောစကားရိပ်ကြောင့်။ မင်း ကြီးအထံသို့သွား၍ ထိုမြင်း၏အကြောင်းကိုဆိုပြီးသော်။ မင်းကြီးစား သောက္ကွေ့ကန့်နှင့်စားပေတော်။ မင်းကြီးသောက်သောအထုံရောသင်း။ မင်း ကြီး လိမ်းကျုံသောနံ့သာ။ မင်းကြီးပန်သောပန်းကိုယူခဲ့စေ၍ ထိုမြင်း၏ ရှေ့သွားသဖြင့် အနံ့ကိုရလျှင်ပင်။ ငါ့ဏ်ကိုသိစွမ်းနိုင်သော ဆရာဖြစ် မည်ဟု လည်မော့၍ မြော်လင့်သော်မြင်းအား ထိုထမင်းကိုဂင်း ရောကို ဂင်းပေး၍။ပန်းနံ့သာဖြင့်လိမ်း၍ ပန်းဖြင့်ပန်၍ လက်ဖျစ်တီးလျှင် ရွှေက သွား၍မင်္ဂလာဖြင့်းချည်ရာဌ်နေသည်ကို။ ဤမြင်းသည်အဘိုးအတိုင်း မ သိထိုက်ဖသောသိန္ဓောမြင်းတည်း။ ဤအစိအရင်အတိုင်း တရက် နှစ်ရက် လုပ်ကျွေးစေဟုမင်းကြီးအားဆို၍။ တရက် နှစ်ရက်ကြာလျှင် ပဉ္စင်းမျိုး လာပြန်၍ဤ မြင်းအာနုဘော်ကိုရှုတော်မူဟုဥယျာဉ်သို့ခေါ်၍။ သစ်ပင် ကိုလှည့်၍၊ ပြေးစေလိုသောအခြင်းအရာဖြင့် လက်ဖျစ်တီးလျှင် ညဉ့်အ ခါ၌ ကြီးသောခွန်အားရှိသောယောက်ကျားသည်ပတ်ပတ်လည့်သော ထင်းဒီးစအဝန်းကဲ့သို့။ လျင်သောအဟုန်ကြောင့် မင်းကြီး မမြင်သည် ကို သုံးဆောင်ရာဖြစ်သော လှံကန်ကိုကိုက်၍ပြေးစေမှ လှံကန်ကိုသက် မြင်ခြင်း ဥယျာဉ်တံတိုင်းထိပ်၌ ပြေးစေသော်လည်း'ရှေးနည်းဖြင့် မ မြင်၍။ နိလုစ္ဆာသောကမ္မလာကိုခြေ၌ရစ်မှ ကမ္မလာကိုသာမြင်ခြင်း။ ရေ ကန်အပြင်၌ ပြေးစေသော်လည်း တချပ်သောကြာရွက်မျှ မနင်းမိသည် မရှိ။ တချပ်သောကြာရွက်မျှ·ကဲ့သည် ပေါက်သည် နှစ်သည် ကျိုးသည်

မ၌ခြင်း။လက်ဝါးဖြန့်၍ပြလျှင် လက်ဝါးဒွဲခြေလေးဘက်စုံ၍ ရပ်ခြင်းတို့ ဖြင့်။ ဂုဏ်ထူးကိုဆိုသောသူဌေ မိမိဂုဏ်ကိုပြ၏။ ။ဗာရာဏသီပြည်၌. အနီး ရွာတခုဌေ သူဌေးအမျိုးသည် အစဉ်သဖြင့်ကုန်ခန်း၍ ကြီးစွာသော အိမ်ဌေ မိန်းမကြီးတယောက်သာ ကျွင်းသံညှိသွေး။ ဥစ္စာရာပုထုမှမြင်း ငါးရာနှင့် ကုန်ပြုလွှာသော မြင်းကုန်သည်တို့သံည် ထိုအိမ်ဌေတဲရာ၌တွင် အသင်္ဘောနည်မြင်းမွှားး၍ သွားသောအခါ အိမ်ခပေးရာတွင် ထိုမြင်း ငယ်ကိုထည့်သဖြင့်သားပြု၍ မြေက်သစ်ရွက်ဆန်ကွဲ့ထမင်း ချိုးဖြင့် မွေး မြူ၏။အရွယ်သို့ ရောက်သောအခါ။ မြင်းငါးရာနှင့် ကုန်ပြုမည်လာသော ဈာရားလောင်းသည် ထိုအိမ်ဌေတဲရာတွင် ထိုမြင်းကိုမြင်လျှင်။ မရောင်း လိုရောင်းလိုကြောင်းဆို၍။ရြဲ့လေးဘက်ဌေတထောင်စီ။အမြီးနှဲတ်သိုးဌေ တထောင်စီစု၍ အသပြာ ခြောက်ထောင်ပေး၍ ဗာရာဏသီပြည်သို့ သွားရာတွင်။တနေ့သဌေ ဤမြင်းသည် အထိုက်အလိုက်ကို သိမည်ဖြစ်လော မသိလော၊ ရှုးစမ်းအံ့ဟု စားကျင်းဌေ ဆန်ကွဲ့ရာဂုကို ထည့်ပေးစေသည် ရှိသော် မစားသောက်လိုသည်ကိုဖြင်၍။ ။ဘုတ္တာတိဏပရိဃာစသံ၊ ဘုတ္တာဒမာစာမကုဏ္ဍာကံ၊ ဇတေန္တ ဘောဇနံအာသိ။ ကသ္မာဒါနိနှဲဘုဇ္ဇသိ။ ။တာတ အမောင်။ တို့၊ သင်သည်။ တိဏပရိဃာသံ၊ ဖြင်သစ်ရွက်စားခြင်းကို။ဘုတ္တာ၊ စား၍။အာစာမကုဏ္ဍာကံ၊ ထမင်းချိုးဆန်ကွဲ့ထမင်းကို။ဘုတ္တာ၊စား၍။ဝမိ တော၊ကြီးရှေ့။ဇတံ၊ ဤသည်လျှင်။ တော၊သင်ဖြ။ဘောဇနံ၊အစာသည်။အာသိ၊ဖြစ်ဖြ။ တံ၊ထိုအစာကို။ဒါနိ၊ ယခုအခါဌေ။ ကသ္မာ၊အဘယ့်ကြောင့်။ နဘုဇ္ဇသိ၊ မစားသနည်း။ ။ဤဂါထာဖြင့် အမေ့င်္ဘးကာလဌေ ဖြက်သစ်ရွက်ဆန်ကွဲ့ထမင်းချိုးကိုစား၍ ကြီးသည်မဟုတ်လော။ငါလည်း ရှေးစားသေ့အတိုင်း ပေးသည်ကို အဘယ့်ကြောင့် မစားသနည်းဟု မေးသည်ရှိသော်။ ။ပဉ္စင်္ဂုပေါသံ နဇာနန္တိ၊ဇာတိယာဝိနယေနဝါ။ဗဟုံတဿ မဟာဖြဟွေ၊အဝိအာစာမကုဏ္ဍာကံ။ ။တွဌေခေါမံပဇာနာတိ၊ ယာဒိသာယံဟာယုတ္တာမေ။ဇာနန္တော်ဇာနမာဂမ္မ၊ နဟောဝံခဏုံသာမိကုဏ္ဍာကံ။ ။မဟာဖြဟွေ၊ ဖြတ်သောယောကျ်ား။ ယဿဌေ၊အကြင်အရပ်ဌေ။ ပေါသံ၊ယောကျ်ားကောင်းကို။ ဇာတိယာဝါ၊ အမျိုးအားဖြင့်ဂုဏ်။ ဝိနယေနဝါ၊အကျင့်အာစာမှအားဖြင့်ဂုဏ်း။ နဇာနန္တိ၊မသိကုန်။ တဿ၊ထိုအရပ်ဌေ။ဗဟုံ၊များစွာ။ အာစာမကုဏ္ဍာကံ၊ထမင်းချိုးဆန်ကွဲ့ထမင်းကို။အပိ၊ စင်စစ်။ဘဂ္ဂဝါ၊စား

ဇ္ဈ။ ။တွန္ဆ၊လွင်သည်ကား။ အယံဟုယူ့မော၊ ဤဖြင်းဖြတ်သည်။ ယာဒိသော၊ အကြင်သို့သတော်ရှိ ဤဟု။ ခေါ၊စင်စစ်။ မံ၊ငါ့ကို။ ပဇာနာတိ၊ သိဇ္ဈ။ ဇာနန္တော့၊ ဖြစ်သောငါသည်။ ဇာနံ၊သိသော ယောကျ်ားဖြတ်ကို။ အာဂမ္မ၊ အကြောင်းပြု၍။ တေ အခ္ဂင်ဇ္ဈ။ ကုလ္လာကံ၊ဆန့်ကျင်ထမင်းကို။ နဘက္ခဝါမိ၊မစားသင့်ချည်း။ ။ဤဂါထာဖြင့် မစားကြောင်းကိုဆို၍ ငါ့ကို ဆန့်ကျင်ထမင်းကျွေးမည်ဟူ၍ ခြောက်ထောင့်မပေးဟုဆိုလျှင်။ အမောင့်ကို ငါစွမ်းသည်သာ၊ အမျက်မထွက်လင့်ဟု ကောင်းသောအာစာကိုကျွေး၍ ဗာရာဏသီပြည်သို့ရောက်လျှင်။ သင့်တင့်သောအရပ်၌ ဆန်းကြယ်သော တင်ထိမ်ရုံ၍။ အခင်းဗိတာန်ဖြင့် အသီးထားသည်ကို မြင်းကုန်သည် ရောက်ပြီဟုကြားလျှင် မြင်းကြွယ်ခြင်းငှါထွက်သော ဗာရာဏသီမင်းကြီး မြင်သဖြင့်။ အသီးထားကြောင်းကိုမေး၍ ကြားလျှင်။ မြို့ဝင်းဇ္ဈ်ကို ငါကြွယ်အံ့ဟုဆိုသောကြောင့် ဘုရားလောင်းစီး၍ နှင်သည်ရှိသော်။ အလုံးစုံသောမင်းပေါင်းပြင်သည် မြင်းအတိုင်းဘိသကဲ့သို့ထွင်၍ အစည်သဖြင့် တယောက်သောသူမျှ မမြင်သောကြောင့်။ နိလ္လာစွာသော ပုဆိုးကို ဝမ်းဗိုစည်း၍ လွှတ်မှ ထိုပုဆိုးကိုသာ မြင်ခြင်း။ ဥယျာဉ်ရေကန်ဗိုလွှတ်ခြင်း။ ခွါမစွတ်ခြင်း။ ကြာရွက်ဗိုပြုံးခြင်း။လက်ဝါးဗိုခြေစုံမျပ်ခြင်းတို့ဖြင့် ရှေးနည်းကဲ့သို့ ဂုဏ်အထူးကို သိသောသူ့ဗိုမိမိဂုဏ်ကိုပြ၏။ဘုရားလောင်းလည်းမြင်း၏လျင်ခြင်းကို အလိုအတိုင်းပြသည်ရှိသော်။ သမ္ဗန်ဗွဲများ အပိုင်းအခြားရှိသော ဤမြေပြင်သော်လည်း မလောက်ရာဟု ဇော်လျှောက်၏။ မင်းကြီးလည်း အလွန် နှစ်သက်သဖြင့် ဘုရားလောင်းကို ပြည်ထက်ဝက်ပေး၍ သိန္ဓောမြင်းကို အတိသိက်သွန်း၍ မင်္ဂလာဖြင်းပြု၍ နေရာအရပ်ကို မင်းကြီးနေရာတိုက်ကဲ့သို့လုပ်ခြင်း။ လေးပါးသော နံသာမျိုးဖြင့် မြေကိုထုံခြင်း။ နံသာဆိုင်း ပန်းဆိုင်းဆွဲခြင်း။ ရွှေကြယ်ဗိတာန်ကြက်ခြင်း။ ဆန်းကြယ်သော တင်းထိမ်ရုံခြင်း။ ဆီနံသာဖြင့် ဆီမီးထွန်းခြင်း။ ကျင်းကြီးကျင်ငယ်အရပ်၌ ရွှေဖျဉ်းခံခြင်း။ မင်းကြီး စားတော်ကို ကျွေးခြင်းတို့ဖြင့် မွေးမြူသောကြောင့်။ ထိုဖြင်းရောက်သောအခါမှစ၍ အလုံးစုံသော ဇမ္ဗူ။ ဒီပါကျွန်းသည် လက်နက်ဦးဝင်ဖြစ်၏။ ဤသို့လျှင်တိရစ္ဆာန်ဖြစ်သောသန္ဓာဝါဘုံသော်လည်း။ ဂုဏ်အထူးကို ဝဲသိသောသူ၌သာ မိမိဂုဏ်ကိုပြသည်၊ ဂုဏ်အထူးကိုမသိသောသူ၌ မပြ။ ထိုကြောင့် ဆိုသည်ပြသည်ရှိသော်လည်း ပုဂ္ဂိုလ်သဘ

သဏ္ဌိ ဂုဏ်အထူးကို သိဒ်သောသူ၌သာ ဆိုရာပြရာ၏။ မသိသောသူ၌ မဆို ရာမပြရာ ဟု ဆိုသတည်း။ ။

၁၂၇။ ဂုဏ်အထူးကို မသိတတ်သူ၌။

တရားစကားမဆိုရုံး၊ အတတ်ပညာ မပြရုံသာမက၊
စွန့်ပစ်ပယ်ခွါအပ်သေးသည်ကိုပြဆိုရာ။

ပုရိသဝိသေသ၏ ဂုဏ်အံ့ထူးကို မသိသောသူကိုသော်ဂ်ားး ဆိုရာ ပြရာသည်ကိုထားဘိ။ သပ္ပါဒကသုခမိန်သည် ကုရုရာဇ်မင်းကို စွန့်၍ သွားသကဲ့သို့။ ဟ ဒ်ာမင်း ညီနောင်သည် နေရမည်သော ရွှေတောင်ကို စွန့်၍ပျံသကဲ့သို့။စွန့်ခွါကြဉ်ဖဲ့ရဲအပ်သည်သာလျှင်တည်း။ ။ထိုနှစ်ပါးတို့တွင် သပ္ပါဒက သုခမိန်သည် ကုရုရာဇ်မင်းကို စွန့်၍သွားလေဟန်ကား။ ဘယဘေရ ဝပ္ပါဒအရာ၌ ဆိုခဲ့ပြီးသော သပ္ပါဒက ဝံထွဋ်ကို အကြောင်း ပြုသဖြင့် သိအပ်၏။ ။နေရမည်သော ရွှေတောင်ကို ဟာဒ်ာညီနောင်စွန့်၍ ပျံလေကြောင်းကိုကား။ တို့ဘုရားလောင်း ဟာဒ်ာမင်းညီနောင်သည် ဟိမဝန္တာတောအပြင်၌ကျက်စား၍ မိမိတို့နေရာ စိတ္တကူတောင်သို့ ပျံသွားရာတွင်။ တနေ့သ၌ နေရမည်သော ရွှေတောင်ကိုမြင်၍ နားကြသည်ရှိသော်။ ထိုတောင်၌ သားအပေါင်း ဌက်အပေါင်းတို့သည် ရွှေအဆင်းနှင့်တူကုန်သော အဆင်းသဏ္ဌာန်ကုန်သည်ကို မြင်၍။ညီတော်သည် ထိုတောရှိ အကြောင်းကို မသိသောကြောင့်။ ။ကာကောဠာ ကာကသ္စယိာစ၊မယဉ္စုပတတံဝရာ။သပ္ပေဝသဒ်္ဓါသာဟောမး ဇာမမာ ဂမ္မပဇ္ဇတံ။ ။ဇာဝသိဟာ စဗျ ဒ္ဓါစ၊သိဂံလာစ မိဂံဖဇ္ဇာ။ သပ္ပေဝ သဒ်္ဓါသာဟော ဒ္ဓံ၊ အယံကောနာမ ပဒ္ဒတောဝါ။ ။ဘဲ့ာတိက၊ နောင်တော်။ ကာကောဠာစ၊ တောကျီးတို့သည်ငင်း။ ကာကံသယိာစ၊ ကျီးစွန်အပေါင်းတို့သည်ငင်း။ ပတတံ၊ ဌက်တို့တွင်။ ဝရာ၊ မြတ်ကုန်သော။ မယဉ္စု၊ ငါတို့သည်ငင်း။ ဇာမံပဇ္ဇာဝံ၊ ဤတောင်သို့။ အာဂမ္မ၊ လာကုန်၍။ သပ္ပေစ၊ အလုံးစုံသော သားဌက်တို့သည်လျှင်။ သဒ်္ဓါသာ၊ တူကုန်သည်။ ဟောမ၊ ဖြစ်ခဲ့ကုန်၏။ ။ဘဲ့ာတိက၊နေငင်တော်။ဇာစ၊ ဤတောင်၌။ သိဟာစ၊ ခြင်္သေ့တို့သည်ငင်း။ ဗျဂ္ဃာစ၊ ကျားတို့သည်ငင်း။ ဧဏေယျာစ၊ ယုတ်ကုန်သော။ သိဒ်ါလာစ၊ ဖြေခွေးတို့သည်ငင်း။ ဒီဂ်ါစ၊သား

အပေါင်းတို့ရှိသည်ရှင်း။ သင်္ဘော၀၊ အလုံးစုံသောသူတို့သည်လျှင်။ သဒ္ဓိသာ၊ တူကုန်သည်။ ဟောန္တို့၊ ဖြစ်ကုန်၏။ အယံ၊ ဤတောင်သည်။ကောနာမပဗ္ဗတော၊ အဘိဗျဲမည်သော တောင်နည်း။ ။ဤဂါထာဖြင့် ညီတော် မေးသည်ရှိဖူးသော်။ ။ကုံနေရုတိဇာနန္တိ၊ မနုဿာ ပဗ္ဗတုတ္တမံ။ ကုဝေဿောနသမ္ပန္နော၊ဝသန်တိသဗ္ဗပါဏိနော။ ။ကနိဋ္ဌ၊ညီထွေး။ဥတ္တမံ၊ မြတ်သော။ ကုမံပဗ္ဗတံ၊ ဤတောင်ကို။ နေရုတိ၊ နေရုတောင် ဟူ၍။ မနုဿာ၊ လူတို့သည်၊ ဇာနန္တိ၊ သိကုန်၏။ ကုဝ၊ ဤတောင်၌။ သဗ္ဗပါဏိနော၊ အလုံးစုံသော သတ္တ၀ါတို့သည်။ ဝဏ္ဏေန၊ အဆင်းနှင့်။ သမ္ပန္နော၊ ပြည့်စုံကုန်သည်ဖြစ်၍။ ဝသန္တိ၊နေကုန်၏။ ။ဤဂါထာဖြင့်၊ထိုတောင်၏ အကြောင်းကို နောင်တော်ပြန်လျှင်။ ။အမာနနာ ယဇ္ဈ သိယာ သန္တာနံ ဝါဝိမာနနာ။ ဟိနသံမာနနာဝါဝိ၊ နတဇ္ဇ၀သတိံ၀သေ။ ။ယဇ္ဈာလသောစ ဒက္ခောစ၊ သူရောဘိရုစပူဇိယာ၊ နတဇ္ဇ သန္တောဝ၀ ဆန္တိ၊ အဝိသဲသကရေနရေ။ ။နာယံနေရုဝိဘာဇတိ၊ ဟိနမုက္ကဋ္ဌမဇ္ဈိမေ။ အဝိသေသကရောနေရု၊ ဟန္ဒနေရုံ ဇဟာမသေ။ ။ဘာတိက၊ နောင်တော်။ ယဇ္ဈ၊ အကြောင်သူ၌။ အမာနနာ၊ မြတ်နိုးလွေ့ရှိမသည့်။ သိယာ၊ဖြစ်ရာ၏။ သန္တာနံ၀ါ၊ သူတော်ကောင်းတို့ကိုမူလည်။ ဝိမာနနာ၊ ကင်းသောမြတ်နိုးခြင်းရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဟိနသံမာနနာ၀ါဝိ၊ ယုတ်သောသူတို့ကို မြတ်နိုးခြင်း ရှိသည်မူလည်း။ သိယာ၊ ဖြစ်ရာ၏။ နတဇ္ဇ၀သတိံ၊ ထိုသူအထံ၌။ နံ၀သေ၊ မနေရာ။ ။ဘာတိက၊ နောင်တော်။ ယဇ္ဈာလသောစ၊ အကြောင်သူ၌၊ အလသောစ၊ ပျင်းရိမိုက်မဲသော သူသည်ရှင်း။ ဒက္ခောစ၊လိမ္မာထက်သောသူသည်ရှင်း။ သူရောစ၊ ရဲရင့်သောသူသည်ရှင်း။ ဘိရုစ၊ ကြောက်တတ်သောသူသည်ရှင်း။ ပူဇိယာ၊ အမျှပူဇော်ခြင်းကို ရကုန်၏။ အဝိသေသကရော၊ အထူးကို မပြုတတ်သော။ တံဇ္ဇနရော၊ ထိုသူအထံ၌။ သန္တော၊ သူတော်ကောင်းတို့သည်။ နဝသန္တိ၊ မနေကုန်။ ။ဘာတိက၊ နောင်တော်။ အယံနေရု၊ ဤနေရုတောင်သည်။ ဟိနမုက္ကဋ္ဌမဇ္ဈိမေ၊ အယုတ်အမြတ်အလတ် တို့ကို။ နဝိဘာဇတိ၊ မခွဲခြမ်းနိုင်။ အယံနေရု၊ ဤနေရုတောင်သည်၊ အဝိသေသကရော၊အထူးပြုခြင်းမှကင်း၏။ဟန္ဒ၊ ယူ။ နေရုံ၊ နေရုတောင်ကို။ ဇဟာမသေ၊ စွန့်ကုန်အံ့။ ။ဤဂါထာတို့ဖြင့်။ အကြင်သူ၌ ဂုဏ်အင်ကျေးဇူးနှင့်ပြည့်စုံဖသော သူတော်ကောင်းတို့ကို မြတ်နိုးခြင်းမရှိ။ အကြင်သူ၌ သူ

တော်ကောင်းကို မတွေ့မဲ့မြင်ပြု၏။ အကြင်သူ၌ ယုတ်ညံသောသူကိုသာ မြတ်နိုးခြင်းရှိ၏။ ထိုသူအထံ၌လည်းမနေရာ။ အကြင်သူ၌ ပျင်းရိမှိုက်မဲ့သော်လည်း၊ လိမ္မာပြေပြစ်ထက်သန်သူကိုဂုဏ်းရေရှင့်ခြင်ကဲ့ချန်းသော်သူ၊ ကြောက်ရွံ့ထိတ်လန့် တတ်သော်သူကိုဂုဏ်း အမျှ ပူဇော်၏။ ထိုသူ အထံ၌လည်း မနေရာဟူ၍ဆိုသည် မဟုတ်တုံလော။ ဤတောင်သည်းလည်း အပျံ့ုတ် အလတ်အမြတ်ကို မခွဲခြမ်း နိုင်ဖြစ်သောကြောင့် ဒေထူးကိုမပြုတတ်။ သိမ်ဖျင်းအောင်သာ ပြုတတ်သော ဤတောင်၌ နေသူဖြင့်။ အဘယ်အကျိုးရှိအံ့နည်းဟူ၍ထိုတောင်ကိုစွန့်၍စိတ္တကုန်းတောင်သို့ ပုံလေကုန်၏။ ထိုကြောင့် ဂုဏ်အထူးကို မသိသော သူကိုသော်ကား ဆိုရာပြရာသည်ကိုထား၏။စွန့်ခွါကြည့်ဖဲ့ ခဲ့အပ်လေသည်သာလျှင် တည်း ဟုဆို သတည်း။ ။

ဤအရာ၌တမူကား။ မဟာသုတသောမမင်းကြီးသည် ကိုယ်တော်ကိုဖမ္မ။ ဒီပါကျွန်း၌အတုမရှိသောဂုဏ်အထူးနှင့် ပြည့်စုံသော ပညာရှိသူတော်ကောင်းဟု သိစေလိုသောကြောင့် မဟာပေါရိသာဒ မင်းကိုလည်း ပုရိသဝိသေသ၏ဂုဏ်အထူးကိုသိတတ်သောပညာရှိဟု ချီးမွမ်းလိုသောကြောင့်။ နာဘာသမာနာဇာနန္တိ - အစရှိသောဂါထာ ဖျံဖြင့် ငါသည် သဟာသာရဟာဂါထာကို မဟောသည် ရှိသော် ဤသူသည် ပညာရှိပေဟုငါ့ကိုမသိ။သဟာသာရဟာဂါထာကိုဟောသောကြောင့် သာဤသူသည်ပညာရှိပေဟုငါ့ကိုသိ၍။ ငါ၌ကြည်ညဉ်သော စိတ်ဖြင့်လေး ပါးသောဆုကိုပေး၍။ငါးပါးသောသီလ၌တည်သည်ဟုဆို၏တည်း။

၁၂၉။ ဘုရားလောင်းမဟာသုတသောမမင်းကြီး အဆုံးအမကိုနာယူသဖြင့်ပေါရိသာဒဖြိုဖွဲ့ဒတ်မင်းကို အာဘိသိက်သွန်း၍မင်းပြုစေခြင်း။

ဤသို့သော ဘုရားလောင်း တရားစကားကို ကြားလျှင်။ မင်း စစ်သူကြီးတို့သည် နှစ်သက်သော စိတ်ရှိကုန်သည် ဖြစ်၍ ရှင်မင်းကြီး၊ ကောင်းပြီ။ အကျွန်ုပ်တို့သွားခဲ့ ဆောင်အံ့ဟုဝန်ခံပြီးမှ။ မြို့၌စည်လံ့ည် စေ၍။ ပြည်သူအပေါင်းကို စည်းဝေးစေပြီးသော် သင်တို့မကြောက်လင့်ကုန်။ ငါတို့သခင်မင်းကြီးသည်တရား၌တည်တတ်မူပြီ။ လာကုန်။

ငါတို့သခင်ဖုဉ်းကြီးကို ဆောင်ကုန်အံ့ဟု နှစ်သိမ့်စေပြီးသော်။ မျှားစွာ
ဲသောလူအပေါင်းနှင့်တကွ ဘုရားလောင်းကိုရှေ့တည်ပြု၍။ မင်းကြီး
အထံသို့သွား၍။ ရှိခိုးလျက်နေကုန်ပြီးသော် ဆေတ္တာသည်ကိုခေါ် ၍ဆံ
ဖတ်ဆိတ်ပြင်စေပြီးသော်။ ပန်းနံ့သာလိမ်းပြီးသော်။ တန်းဆာဆင်ပြီး
သော် ရတနာဈုံခွေနေစေ၍။ အာဘိသိက်သွန်း၍ ဖြူသိုသွင်းကုန်ဏ်။ ။ဤ
အာဘိသိက်သွန်းခြင်းသည်ကား၁တ္တိယာဘိသေကအားဖြင့် အာဘိသိက်
သွန်းခြင်းမည်။သိရိပဝေသနအားဖြင့်ဘိသိုက်သွန်းခြင်းမည်ဏ်။

၁၃၀။ ပေါရိသာဒဖြဟ္မဒတ်မင်းကိုအာဘိသိက်သွန်းသည်
ဟူရာ၌။ခတ္တိယာဘိသိက်သွန်းခြင်း
အခမ်းအနားကိုပြဆိုရာ။

ခတ္တိယာဘိသေကအားဖြင့် အာဘိသိက်သွန်းခြင်းသည်ကား။ အာဘိ
သိက်မင်္ဂလာပြုခြင်း၌ စိရင်အပ်သော တန်းဆာအတိဆင်သော မဏ္ဍပ်
ဏ်၏ အံ့ဝင်းခြ ရေသဖန်းဖြင့် ပြီးသော မဏ္ဍပ်လုပ်၍။ ထိုမင်္ဂလာမဏ္ဍပ်
ဏ်၏ ဈာလယ်၌ ရေသဖုန်းဖြင့် ပြီးသော အင်းပျဉ်ခင်း၍ အာဘိသိက် သွန်း
ထိုက်သော၊ အာဘိဇ္ဈခတ္တိယာဇာဂ်ဖြစ်သောမင်းကို ထိုအင်းပျဉ်၌နေစေ
၍။ ရတနာအတိ ပြီးသော မင်္ဂလာ တန်းဆာဖြင့် တန်းဆာ ဆင်အပ်
သောဖြတ်သောဘူမျိုး၌ဖြစ်သော မင်းသွဲ့သည် ဂင်္ဂါရေဖြင့်ပြည့်သော
သမုဒ္ဒရာ လက္ခဏာရစ် ခရုသင်းကို လက်နှစ်ဘက်ဖြင့် ရှိသေစွာကိုင်၍။
အာဘိသိက်ခံသော မင်း၏ ထိပ်၌ စိုက်ပြီးသော်။ အဖျင် မင်းကြီး၊ မင်း
အပေါင်းကို စောင့်ရှောက် စိမ့်သောငှါ။ အဖျင်မင်းကြီးကို အလုံးစုံ
သောမင်းအပေါင်းတို့သည် ဤအာဘိသိက်ရေစင်ဖြင့် အာဘိသိက်သွန်း
ပါကုန်၏။ မင်း၏တရား၌တည်တော်မူသည်ဖြစ်၍ တရားနှင့်ညီစွာမင်း
ပြုတော်မူစေသတည်း။ ဤမင်းအပေါင်းတို့၌သားကိုကဲ့သို့ဖြတ်နိုးခြင်း
သနားမေတ္တာကရုဏာရှိခြင်းနှင့် ပြည့်စုံသည်ဖြစ်၎တော်မူစေသတည်း။
ရက္ခာဝဏဏာဂုတို့ဖြင့် ထိုမင်းအပေါင်းတို့အား စောင့်ရှောက်တော်မူ
စေသတည်းဟု ကဆုန်လပြည့်နေ့၌ ရှေးဦးစွာမင်းသွဲ့သွန်း၏။ ။ထို
နောင်ပုဏ္ဏော်ဟိတ်ပုဏ္ဏားသည် ဗိမိအားလျော်ပတ်စွာ မင်္ဂလာအဝတ်
တန်းဆာ ရှိသည်ဖြစ်၍။ ဂင်္ဂါရေဖြင့် ပြည့်သော ၎ အတိုပြီးသော

ခရုသင်းကို လက်နှစ်ဘက်ဖြင့် ရိုသေစွာကိုင်၍ အံတိသိက်ခံသောမင်း ၏ ထိပ်ဒွိစိုက်ပြီးသော်၊ အရှင်မင်းကြီး၊ ပုဏ္ဏားအပေါင်းတို့ကို စေ့ငဉ်ရောက်ပါစိမ့်သောဌါအရှင်မင်းကြီးကိုအလုံးစုံသော ပုဏ္ဏားအပေါင်း တို့သည် ဤအတိသိက်ရေစင်ဖြင့် အတိသိက်သွန်းပါကုန်၏။ ဤသို့အစ ရှိသဖြင့် ရှေးဆိုမြဲအတိုင်းဆို၍ နှစ်ကြိမ်မြောက် ပုဏ္ဏာဘိုးသွန်း၏။ ။ ထို့နောင် သူဌေးကြီးသည် မိမိအား လျော်ပတ်သောမင်္ဂလာအဝတ် တန်းဆာရှိသည်ဖြစ်၍ ဂုဏ်ရှေဖြင့်ပြည့်သော ရုဇာနုဘ အဝတ်ပြီးသော ခရုသင်းကို လက်နှစ်ဘက်ဖြင့် ရိုသေစွာကိုင်၍ အတိသိက်ခံသောမင်း၏ ထိပ်ဒွိစိုက်ပြီးသော်။ အရှင်မင်းကြီး၊ သူဌေး သူကြွယ် ကုန်သည် လယ်လုပ်အပေါင်းတို့ကို ဧစောင့်ရှောက်ပါစိမ့်သောဌါ သင်မင်းကြီးကို အာလုံးစုံသောသူဌေးသူကြွယ်အပေါင်းတို့သည်ဤအတိသိက် ရေစင်ဖြင့် အတိသိက်သွန်းပါကုန်၏။ ဤသို့အစရှိသဖြင့် ရှေးဆိုမြဲဆို၍ သုံးကြိမ်မြောက်သူဌေးသွန်း၏။ ။ဤသို့သောသွန်းခြင်းသည် ငါတို့သွန်းသည့် နှင့်ညီစွာကျင့်တော်မူပေသည်ရှိသော်။ ဘုန်းတော်ကြီးလင့်မနား ကြီး တော်မူသည်။ သက်တော် ရှည်လင့်မနား ရှည်တော်မူသည်ဖြစ်စေ သတည်း။ငါတို့ဆိုသည့်နှင့်ညီစွာ ကျင့်တော်မမူသည်ရှိသော်၊ ရှင်မင်း ကြီးထိပ်သည် ခုနစ်စိတ်ကွဲစေသတည်းဟု ကြိမ်သကဲ့သို့ဖြစ်၏။ ဤသို့ ပါရာဇိကာဏ်ဒုကာဒ္ဒသလာ၏၊ ဤပါရာဇိကာဏ် ဒုကာဒ္ဒ လာသောရဇ္ဇာ ဘိသေကသည့် မဇ္ဈိမနိကာယ်၌ စူဠဒုက္ခဓမ္မာဒသုတ်ဟူ၍ အဋ္ဌကထာနှင့် လည်းညီ၏။ သိဟဠဒုက္ခဓမ္မာဒသုတ်နှင့်လည်းညီ၏။ ဤသည်လျှင် ခတ္တိယာ ဘိသေကတည်း။ ။

၁၃၁။ မဟာသုတသောမမင်းကြီးသည်ပေါရိသာဒ ဗြဟ္မဒတ်မင်းအားဗာရာဏသီပြည်၌မင်းအဖြစ်သို့ရောက်စေ ပြီးလျှင်ဟူ၍ပဉ္စနိဂ္ဂဟဂါထာပြဋ္ဌာန်းမင်း၏တရားဆယ်ပါး နှင့်အညီ မင်းပြုတော်မူခြင်းကိုပြရာ။

မဟာပေါရိသာဒ မင်းကြီးသည်၊ ဘုရားလောင်းအာဒင်း၊ အရာ မကသော မင်းတို့အာဒင်း များမြတ်သော ပုဇော်သက္ကာရတို့ ပြု၏။ မဟာသုတသောမမင်းကြီးသည် မဟာ ပေါရိသာဒကိုဆုံးဖြ၍ မင်းအ ဖြစ်၌ တည်စေ၏ဟု ဇုမ္မ။ ဒီပါကျွန်း၌ သည်းစွာအုတ်အုတ်ကျဲကဲကျက်

သောကျေဒေါခြင်းဖြစ်၏။ ဤနှစ်ပတ္တနဂိုရ်ပြည်သူတို့လည်း ငါတို့သခင် မင်းကြီးသည် ပြည်ရွာကိုသိမ်းတော်မူစေသတည်းဟု စေလွှာကုန်၏။ မဟာ သုတသောမ မင်းကြီးလဲည်း ဗာရာဏသီပြည်၌ တလ လုံးလုံး နေ၍၊အဆွေ၊ ငါတို့သွားကုန်အံ့။မမေ့မလျော့သင့်ည်ဖြစ်၍ မြို့တံခါးလေး မျက်နှာအိမ်တံခါး၌ ငါးဆောင်သော အာဿုတင်းကုပ်ကိုပြုစေ၍ ကြီး စွာသောအသူကိုပေး၍။ ဆယ်ပါးသောမင်း၏တရားကို မပျက်စေမူ၍ ဆန္ဒာဂတိအစရှိသည်ကိုပယ်၍။ တရားနှင့်ညီစွာမင်းပြုလော့ဟု မဟာ ပေါရိသာဒမင်းကြီးကို ဆုံးမ၏။ အရာမကသော ရာဇဒ္ဒာနိတို့မှ စစ် သည်ဗိုလ်ပါတို့သည်လည်းစုဝေးလွှာကုန်၏။ ဘုရားလောင်းလည်း ထို မင်းအပေါင်း စစ်သည်အပေါင်းတို့ ခြံရံလျက်။ အသူရာ စစ်သည်ကို အောင်သော သိကြားမင်းကဲ့သို့ ဗာရာဏသီပြည်မှ ထွက်ခဲ့၏။ မဟာ ပေါရိသာဒ မင်းလည်း ထက်ဝက်သော ခဲ့ဒုံးတိုင်အောင်ပို့လိုက်၍ ပူ ဇော်ခြင်းမြတ်နိုးခြင်းကိုပြု၍ပြန်လေ၏။ ။ဘုရားလောင်းလည်း ဆင် မကောင်းသောမင်းကို ဆင်ကောင်း။ မြင်းမကောင်းသောမင်းကို မြင်း ကောင်း။ယာဉ်မကောင်းသော မင်းကို ယာဉ်ကောင်းပေး၍ မင်းအ ပေါင်းကို လွှတ်တော်မူ၏။ ထိုမင်းတို့လည်း ဘုရားလောင်းနှင့် ဝမ်း မြောက် ဝမ်းသာ နွှင်လန်းစွာ ခပြာဟောပြီးမှ။ ဘုရားလောင်အား ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ဘက်ယမ်းခြင်းအစရှိသည်ကိုပြု၍ ဗိမ တို့ပြည်သို့သွားခွင့်ကုန်၏။ ဘုရားလောင်း ဤနှစ်ပတ္တနဂိုရ်မြို့သို့ ရောက် လျှင်။ ပြည်သူအပေါင်းတို့သည် သုဒဿန မြို့ကိုကဲ့သို့ ဆင်အလှသော တန်းဆာရှိသော မြို့သို့ဝင်၍ မယ်တော် ခမည်းတော်တို့အား ရှိခိုး၍။ သာယာစွာသော ပဋိသန္ဓာရကို ပြုပြီးမှ ပြာသာဒ်မသို့တက်၍ မင်း၏ တရားဆယ်ပါးနှင့် ညီစွာမင်းပြု၏။ ။

၁၉၂။ မဟာသုတသောမမင်းကြီးဤနှစ်ပတ္တနဂိုရ်ပြည်၌
မင်း၏တရားဆယ်ပါးနှင့်အညီမင်းပြု၏ဟူသော စကား၀ယ်
ထုတ်ပြအလ်သောမင်းကျင့်တရားဆယ်ပါး။

မင်း၏တရားဆယ်ပါးဟူသော်ကား။ ။ဒါနံသီလံပရိစ္စာဂံ၊အဇ္ဇဝံ မဒ္ဒဝံတပံ။အကောဓံအဝိဟိံသဉ္စ။ခန္တီစအဝိရောဓနံ။ ။ဤ၀တေတကု-

သလေမမွေ၊ ဦတေမသတိအတ္တာနိ။ တတောမွေဇာယတ္တိဒိတိ၊ သော် မနသဿနုပ္ပကံ။ ။ဒါနန္တု၊အလ္လုပေးခြင်းငင်း၊ သိလန္တု၊သိလဆောက် တည်ခြင်းငင်း။ ပဓိဗ္ဘာဂန္တု၊ပေးကမ်းစွန့်ကြဲခြင်းငင်း။ အဇ္ဇဝန္တု၊ဖြောင့် ဖြောင့်ကျင့်ခြင်းငင်း။ မဒ္ဒဝန္တု၊ နူးညံ့ ပြေပြစ် ခြင်းငင်း။ ်တပန္တု၊ ဥပုသ် သိတင်း သုံးခြင်းငင်း။ ၎ ဤနေ့ကို စောင့်ခြင်း မှတ်၍ တကျမ်းဦ ဆိုရာ၏)။ အကောဓန္တု၊အမျက်မထွက်ခြင်းငင်း။ အဝိဟိ ံသာန္တု၊မညှဉ်းဆဲခြင်းငံင်း။ ခန္တိစ၊ သည်းခံ ခြင်းငင်း။ ်အဝိရောဓနန္တု၊ မဆန့်ကျင်ခြင်းငင်း။ ဇာတ၊ ဤလောကဦ ။ဧတေ ဤသို့သဘောရှိကုန်သော။ ကုံသလော်၊ကောင်းကုန် ့သော။ ဓမ္မေ တရားတို့ကို။ အတ္တာနိ၊ငါဦ။ ဦတော်တည်ကုန်သည် တို့ကို။ ပဿတိ၊မြင်၏။ တတော၊ထိုသို့မြင်သောကြောင့်။ မေ၊ငါ၏။ အနုပ္ပကံ၊ အတိုင်း မထိသော။ ဒီတိစ၊ နှစ်သက်ခြင်း သည်ငင်း။ သောမနဿန္တု၊ ဝမ်းမြောက်ခြင်း သည်ငင်း။ ဇာယတိ၊ ဖြစ်၏။ ။ဤ ဂါထာ တို့ဖြင့် ပြအပ်သော ဆယ်ပါးသော ဓမ္မသည် မင်း၏ ဆယ်ပါးသော ဓမ္မ မည်၏။ ။

၁၃၃။ မင်းကျင့်တရားဆယ်ပါးအနက်။ အကောဓ ဟူသော ရာဇဓမ္မသည် ကြွင်းကိုးပါးတို့၏ အခြေပ် အခြာဖြစ်သည်ကို ပြဆိုရာ။

ဤမင်း၏ဘရား ဆယ်ပါးတို့တွင်။ အကောဓ ဟူသော ရာဇဓမ္မ တပါးသည် ကိုးပါးသောရာဇဓမ္မတို့ကို ငုံဝေ၏။အဘယ့်ကြောင့်နည်း။ ဟူမူကား။ အမျက်ထွက်သဖြင့် အမှားအမတ် အစရှိသော တိုင်းနိုင်ငံသူ တို့၏ စည်းစိမ်အသက်ကိုလုယက်ဖျက်ဆီးရာလျက် အမျက်မထွက်လျှင် လုယက်ဖျက်ဆီးခြင်းမရှိသဖြင့် စည်းစိမ်အသက်တည်းဟူသော အလှ ကို ပေးသည်မည်သောကြောင့် ဒါနတည်း ဟူသော ရာဇဓမ္မကို ကျင့် သည်မည်၏။ ။အမျက်ထွက်သဖြင့် ဆေဇ္ဇဘေဇ္ဇ အစရှိသောမကောင်း မှုကိုပြုရာလျက်၊ အမျက်မထွက်လျှင် မပြုသဖြင့် ပါဏာတိပါတ် အစ ရှိသော ငါးပါးသောရန်မှ ကင်းဆောကြောင့် သီလဟူသော ရာဇဓမ္မ ကို ကျင့်သည်မည်၏။ ။အမျက်ထွက်သဖြင့် စည်းစိမ်ချမ်းသာ ဥစ္စာ ခမ်းနား သားမယားကို ဖျက်ဖြိုယူတဲ့သဲ့ ချီးမဲ့ရာလျက်၊အမျက်မထွက် လျှင် ထိုအမှုကို မပြုသဖြင့် အသစ်တာဘန် စွန့်ကြဲပြုနိုသည်၊ ဖြစ်သော

ကြောင့် ပရိယောဂဟူသော ရာဇဓမ္မကို ကျင့်သည်မည်၏။ ။အမျက်ထွက်သဖြင့် ဓေဒါသဂတိ အစရှိသည်သို့ လိုက်၍ ပြည်ကြီးချိန်ခွင်မပြို။ မည်မည္ဟုတ် ကျင့်ရာလျက်၊ အမျက် မထွက်လျှင် ဖကျင့်သဖြင့် ဖြောင့်သားဟုတ်မှန် အဖြင်သနိဿောကြောင့်။ အဇ္ဈဇံဟူသော ရာဇဓမ္မကို ကျင့်သည်မည်၏။ ။အမျက်ထွက်သဖြင့် မင်းဇ၏ စောင်းမာန် ဆံလွှင်ကန်သို့ ခက်ထန်ကြောကြမ်းသမ်းရာလျက်၊အမျက်မထွက်လျှင် အဘာန် တရာစစ်သော ဆိဒ္ဓိကျသော ဝါဂွမ်းကဲ့သို့" ညံ့သက်သိမ်မွေ့ စွာလော စိတ်ရှိသဖြင့် နူးညံ့ပြေပြစ်သောကြောင့် မဒ္ဒဝံဟူသောရာဇဓမ္မကိုကျင့်သည်မည်၏။ ။အမျက်ထွက်သဖြင့် ဥပသိတင်း ပျက်ခြင်း၊ ဇာန်ဈေး ပျက်ခြင်း၊ နောင်နင်ခတ်မှု ရှိရာလျက်၊ အမျက်မထွက်လျှင် မရှိသဖြင့် ရှိုးခြံစွာ ကျင့်သောကြောင့် တပဟူသော ရာဇဓမ္မကို ကျင့်သည်မည်၏။ ။အမျက်ထွက်သဖြင့်လည်း ထုနှက်ပါးတီး၊ရှောင်လိုးပါးပေါက် အစရှိသော ဣာလုကလဲ ညှဉ်းဆဲမှုကို ပြုရာလျက်။ ဒဏ်အမျက်မထွက်လျှင် မပြုသဖြင့် သနားမေတ္တာ ကရုဏာနှင့် ယှဉ်သောကြောင့်အဝိဟိံ သာဟူသော ရာဇ ဓမ္မကို ကျင့်သည် မည်၏။ ။အမျက် ထွက်သဖြင့် ဖြစ်ပေါ်ခင်းဖြစ်သစ် ပွေ့စိစစ်၍။သတ်ညှစ်နှိုင်နင်း။ နှိပ်စက်ခြင်းကို ပြုရာလျက်၊ အမျက်မထွက်လျှင် မပြုရာသောကြောင့် သည်းညည်းခံစောက်နိမ့်ဖာန်ရောက်သဖြင့် ခန္တီ ဟူသော် ရာဇဓမ္မကို ကျင့်သည် မည်၏။ ။ အမျက်ထွက်သဖြင့် ဘာဓိုင်းမော်ကွန်းပျက်၍။ အတုတ်အခွန်။ ရှေးလွန်မည်။ ဝိရောဓိပြုရောလျက်။ အမျက်မထွက်လျှင် မပြုသဖြင့်။ တိုင်းနိုင်ငံသူလူမဆန့်ပြု။ လမ်းရိုး ညီသောကြောင့်။ အဝိရောဓဟူသော ရာဇဓမ္မကို ကျင့်သည်မည်၏။ ။ထို့ကြောင့် အကောဓ ဟူသော ရာဇဓမ္မ တပါးသည် ကိုးပါးသော ရာဇဓမ္မတို့ကို ငုံနိုင်လေ၏ဟု ဆိုသတည်း။ ဤသို့ ဆိုခြင်းဟူသည်ကား။ ။ကောဓောဓမ္မံ နဇာနာတိ၊ ကောဓောဓမ္မံ နပ သာတိ။ အနွံတမံ တဒါ ဟောတိ၊ ယံကောဓော ပဟာတေ နံ။ ။ ကောဓော၊အမျက်ထွက်သောသူသည်။ဓမ္မံ၊တရားကို။နဇာနာတိ၊မသိ။ ကောဓော၊အမျက်ထွက်သော သူသည်။ဓမ္မံ၊တရားကို။နပသတိ၊မဖြင်။ တဒါ၊ ထို အမျက်တွက်သော ဒဓခါ၌။ အနွံတမံ၊ အလွန်မိုက်မဲတွေဝေသည်။ဟောတိ၊ဖြစ်၏။ကောဓော၊အမျက်သည်။ ယံနံ၊အကြင်အမျက် ထွက်သော သူကို။ ပဟာတေ၊ နှိပ်စက်ပေ၏။ ။ဤသို့ အစရှိ သဖြင့်

ဖွာတိဝုတ္တက အစရှိသော် ကျမ်းတို့၌ လာသော ဓမ္မဒေသနာတော်နှင့် လည်းညီ၏။ ။မာဿကုဏ္ဍိဘုမိပတိ၊ မာဿကုဏ္ဍိရထေသဘာ။ ကိုဋ္ဌံ အပ္ပဋိကုဏ္ဍာနော၊ ရာဇာရဋ္ဌဿာဏုပဂိတော်ဝါ။ ၎င်းမဂါယဒိဝါရည် နိဒ္ဒေစါယဒိဝါ ထလော့။ သဗ္ဗတ္ထမနုသာသာမိ၊ မာဿကုဏ္ဍိရထေသ ဘာ။ ။ဘူမိပတိ၊ မြေကြီးသော်ဌင်နှင်း မင်းဖြစ်တော်မူသော်။ မဟာရာဇာ၊ ရှင်မင်းကြီး။ မာဿကုဏ္ဍိ၊ အမျက်တွက်တော်မမူလင့်။ ရထေသဘာ၊ ရထားစီးချင်း မင်းတကာတို့ဆက် အာသဘ မြောက်တော်မူသော်။ မဟာရာဇာ၊ မြတ်သောမင်း။ မာဿကုဏ္ဍိ၊ အမျက်ထွက်တော်မမူလင့်။ ကုဋ္ဌံ၊ အမျက်ထွက်သောသူကို။ အပ္ပဋိကုဏ္ဍာနော်၊ အမျက်တာဘန် မတွက်ပြုနိုသော်။ရာဇာ၊မင်းကို။ ရဋ္ဌဿ၊ တိုင်းနိုင်ငံသူအပေါင်းသည်။ ပူဇိတော၊ ပူဇော်အပ်၏။ ။ရထေသဘာ၊ရထားစီးချင်း မင်းတကာတို့ ထက် အာသဘမြောက်တော်မူသော်။ မဟာရာဇာ၊ မြတ်သောမင်း၊ ဂါမေဝါ၊ရွာဒို့ရင်း။ယဒိ၊ထိုမြို့။ အရညေဝါ၊တောဒို့ရင်း။ နိဂမေဝါ၊ချိုင်းဝှမ်း ရာဒို့ရင်း။ ယဒိ၊ထိုမြို့။ ထလေဝါ၊ကြည်းကုန်းခင်ဒို့ရင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့ဒို့။ အနုသာသာမိ၊ ဆုံးမပါ၏။ မာဿကုဏ္ဍိ၊ အမျက်ထွက်တော်မမူလင့်။ ။ဤသို့အစရှိသော ရာဇောဝါဒ နှင့်လည်းညီ၏။ ဤသည်ကိုအကြောင်းပြု၍ ဂေါသူတော်ကောင်းတို့လည်း။ ။မာဿကုဏ္ဍိ ဘူမိပတိ။ မာဿကုဏ္ဍိ ရထေသဘာ။ သမ္မာဒဋ္ဌလျင်။ ဆုံးမပေဟာထား။ ဤတရားကို။ မှတ်သားလည်းပြု။ သည်းခံမှုဖြင့်။ ပြည်သူခမည်း။ မျက်တော် နည်းလော့။ ဖြိုတ်ခြည်းအမျက်။ ထွက်လည်း မပြင်း။ လူခပင်းကား။ မင်းကိုဟူက။ လောင်ပူရဲရဲ။ ရှားမီးခဲသို့။ ဝမ်းထဲခွဲခွဲ၊ အံမျက်မဲ့လျင်။ တုန်လဲ့သည်းချာ၊ ကြောက်ကုန်ရာရှင့်။ပြင်းစွာအံမျက်။ ထွက်တပြီးကား။ ကြက်သီးကြက်ဝန်။ဦးထိပ်မွှန်မျှ။အလွန်အကျူး။ ဖကြောက်မိန်းမူးအံ့။ ဆူးဆူးရေားရေား။ အမျက်အားကို။ တရားဆည်ကိုင်။မချုံ့ပိန့်လည်း။ စိတ်ခိုင်တည့်တံ့။ ဆင်ခြင်ငုံ၍။ မဝံ့နှစ်ဆစ်။ အကြိမ်စစ်လျက်။ အံ့ပြစ်အလျောက့်။ သုံးကြိမ်မြောက်မှ။ လျော်လောက်သေဘေး။ မှင်းဒဏ်ပေးသည်။ ။ကွပ်ရေးဘန် မံမျှားစေလင့်။ ။ဟုဆိုစကုန်၏။

နဂရပဝေသနခဏ်းပြီး၏
မဏိကုဏ္ဍလဝတ္ထု၊ အံ့ဖွယ်မတုံပြီး၏။

နဲ့မေ့ပစေသော ဘဝတွေ အရဟာတော့ သမ္မာသမ္ဗုဒ္ဓဿ။

အာခေါ်း - ၉။

ဇာတ်ကံသမ္ဘောနာခေါ်း။

၁၃၄။ မဟာသုတသောမမင်းကြီးသည်
ကမ္မာသဓမ္မရွာကိုတည်၍ညောင်စောင့်နတ်အား ပူဇော်ခြင်း။
မင်းအပေါင်းတို့ ဘုရားလောင်း အဆုံးအမခွဲ တည်၍
နတ်ရွာလားခြင်းတို့ကိုပြရာ။

မဟာသုတသောမ မင်းကြီးသည် ပညောင်စောင့်သော နတ်သည် ငါ့အား များစွာသောကျေးဇူးရှိပေ၏။ ပူဇော်သက္ကာရ လာဘ်သပ္ပာယ အစွန်အတုတ် ရအံ့သောအကြောင်းကို ငါပြုအံ့ဟုကြံ၍ ထိုပညောင်ဖင်၏ မနီးမဝေးသောအရပ်၌ ကြီးစွာသော တာဉ္ဇက်ဆည်ကန်ကို ပြုစေ၍။ များစွာသောအုမျိုးတို့ကို ရွာထောင်၍နေ့စေ၏။ ထိုရွာသည်အလွန် ကြီးကျယ်စွာဖြစ်၍။ ဂုစ်သောင်း ခုနစ်ထောင်သော ဈေးတို့ဖြင့် ဆင်အပ်သော တန်းဆာရှိ၏။ ထိုပညောင်ပင်လည်း အစွန့်သောခံ့ကံဖျား ဝန်းကျင် အရပ်မှစ၍ ညီညွတ်သော မြေပြင်တလင်း စင်ကြယ်ခြင်း။ ပွတ်လုံးပွတ်တိုင်ရံခြင်း။ တံခါးတိုင်, တံခါမုတ်, တံခါးရွက်နှင့် ပြည့်စုံခြင်းတို့ဖြင့် အလွန်ကြည်ဘွယ်ရှိ၏။ ငခြေကျားကို ဆုံးမသောအရပ်၌ စာညဿောရွာဖြစ်သောကြောင့် ထိုရွာသည် ကမ္မာသဓမ္မနိုဂုံးဟူသော ဒံအမည်ကိုရ၏။ ထိုအလုံးစုံသော မင်းတို့သည်လည်း ဘုရားလောင်း အဆုံးအမခွဲတည်သဖြင့်။ အသူအစုံရှိသော ကောင်းမှုကိုပြု၍ နတ်ပြည်တည်းဟူသောဆုကို ပြည့်စုံကုန်၏။ ။

၁၃၅။ ဗာဂျဉ်းအားဖြင့် ဓာတ်တော်ကိုပေါင်းခြင်း

လူသုံးပါးတို့၏ ပဋ္ဌာဖြာသင်းကျစ် ဖြစ်တော်မူသော မြတ်စွာဘုရားလည်း။ ဤဓမ္မဒေသနာကိုမဆောင်တော်မူ၍။ ဒမာဏာကုသလ၊ ဂေါဟာရကုသလ၊ ပရမတ္ထကုသလ သုံးပါးတို့တွင်၊ ဤအရာ၌ ဝေါဟာရကုသလပဟုဆိုအပ်သော လောကဗျူဟာ၌ လိမ္မာတော်မူသော မင်းဖြစ်သောကြောင့်။ ဤဓာတ်သည်စကားအပ်စကားငယ်စကဉ်းချပ်များ၍ စကားကျယ်ဝန်းရကား။ စကားရင်းပျောက်အံ့ဖိုး၍ စကားစသိမ်းတော်မူလိုသောကြောင့်။ ချစ်သား.တို့၊ ယွဉ်အခါ၌သာ ငါအင်္ဂလိမာလကို ဆုံးမသည်မ ဟုတ်။ ရှေးအခါ၌လည်း အင်္ဂလိမာလကို ငါဆုံးမသည်သာလျှင်တည်းဟု စကားရင်းသို့ ပြန်သိမ်းတော်မူ၍။ ထိုအခါမဟာပေါရိသာဒမင်းသည် ယွဉ်အခါ၌ အင်္ဂလိမာလဖြစ်လာ၏။ ထိုအခါကာဠဟတ္ထိသည် ယွဉ်အခါ၌ သာရိပုတ္တရာဖြစ်လာ၏။ ထိုအခါ နန္ဒပုဏ္ဏားသည် ယွဉ်အခါ၌ အာနန္ဒာဖြစ်လာ၏။ ထိုအခါ ပညောင်စောင့်သော နတ်သည် ယွဉ်အခါ၌ ကဿပဖြစ်လာ၏။ ထိုအခါသိကြားသည် ယွဉ်အခါ အနုရုဒ္ဓါဖြစ်လာ၏။ ထိုအခါ အရာမကသော မင်းတို့သည် ယွဉ်အခါ ငါဘုရား ပရိသတ်ဖြစ်လာကုန်၏။ ထိုအခါ မယ်တော် ခမည်းတော်တို့သည် ယွဉ်အခါ အသမ္ဘိန္နခတ္တိယမျိုးဖြစ်သော မယ်တော် ခမည်းတော် ဖြစ်လာကုန်၏။ ထိုအခါမဟာသုတသောမအမည်ရှိသောမြတ်သောမင်းသည်ယွဉ်အခါ သင်္ဃာလေးပါးတရားကို အလိုလိုသိသော ငါဘုရား ဖြစ်တော်မူ၏ဟု ထိုရှေ့အဖြစ် ဓာတ်ကိုပေါင်းတော်မူပေ၏။ ။

၁၄၆။ အကျဉ်းအားဖြင့် ဓာတ်ပေါင်းရာ၌ ပေါရိသာဒသည် အင်္ဂလိမာဇဖြစ်လာ၏ဟူရာဝယ် ပြဆိုအပ်သော အတိတ်ပစ္စုပ္ပန်ဝတ္ထု အကျယ်စကား။

ဤသို့ အဖြစ်ဓာတ်ကို ပေါင်းတော်မူရာတွင်။ ထိုအခါ မဟာပေါရိသာဒမင်းသည် ယွဉ်အခါ၌ အင်္ဂလိမာလဖြစ်လာ၏ ဟူရာ၌။ အသို့ဖြစ်လ္ဟာသနည်းဟူမူကား။ ရှေးဘုရားတို့၌ ဆုတောင်းခြင်း အရင်းရှိသဖြင့် ထိုထိုဘဝတို့၌ ပြုအပ်သောကောင်းမှုရှိသည်ဖြစ်၍။ တို့မြတ်စွာဘုရားဖြစ်တော်မူသောအခါတွင်။ ပသေနဒိကောသလမင်း၏ ဘဂ္ဂဝအမည်

ရှိသော ပုရော်ဟိတ် သားဖြစ်၍။ ဘွားသည့်နေ့ ဆား-လှံ့ အစရှိသော လက်နက်တို့ဖြင့် တပြည်လုံး ပြောင်ပြောင်တောက်သောကြောင့်။ အဘမုဏ္ဍား ကောင်းကင်သို့ ကြည့်သည်ရှိသော်။ ဇီစာရနက္ခတ်၌ ဘွဲ့ဦး သည်ကိုဖြင်သဖြင့်။ မိုးသော်က်လျှင်မင်းကြီးအံထံသို့သွား၍။ ချမ်းသာစွာအိပ်ရခြင်းကိုမေးသည်ရှိသော်။ ယနေ့ငါ့၏မင်္ဂလာလက်နံက်ဖယ်သည် ပြောင်ပြောင် တောက်သောကြောင့် ချမ်းသာစွာ မအိပ်ရ၊ အသို့ဖြစ်လတ္တံ့နည်းဟု မေးသည်ကို။ ကြောင့်ကြတော်မမူလင့်။ ယနေ့အာကျွန်ုပ် မယားခွဲ သားဘွားသည်။ ထိုသူငယ်၏ အာခဲဘေဝ်ကြောင့်တပြည်လုံးပင် ဤသို့ ဖြစ်သည်ဆိုလျှင်။ ဤသူငယ် အသို့ဖြစ်လတ္တံ့နည်းဟု မေးသည်ကို ခိုးသူဖြစ်လတ္တံ့ဟု ဆိုဦး၍။ မင်းကြီးစိတ်ကို သိမ်းဆည်းလိုသောကြောင့်။ ဖျောက်ဖျက်မည်ကြံသည်ဟု ပုဏ္ဏားဆိုသည်ရှိသော်။ တယောက်ထည်းသော ခိုးသူဖြစ်လတ်မည်လော။ အခြွေအရွေဆောင်သော ခိုးသူဖြစ်မည်လောဟုမေး၍။ တယောက်ထည်းသော ခိုးသူဖြင့် လတ္တံ့ဟုဆိုလျှင်။ တယောက်ထည်းသော ခိုးသူဖြစ်သော်အပန်းမကြီး မဖျက်ဆီးလင့်ဟုဖြစ်သဖြင့်။ မင်းကြီးစိတ်ကို ညှဉ်းဆဲလျက်ဘွားသောကြောင့် ဟိုသကဟူသောအမည်ကိုမှည့်၍။ ဟိုသကသည် အဟိုသကတွင်၍။ အရွယ်သို့ရောက်လျှင် ဂုဏ်ဘဝဒွိဇဗွဲသုညကမ္ဘာဝတွင် လယ်ထွန်ယောက်ျားဖြစ်၍။ မိဃိုးရည်စွတ်သော သက်ိန်း။ အချမ်းဖြင့်နှိပ်စက်သော ပဓွေက ဇုဠဂါသည် မိမိလယ်မြေ၌ သွားသည်ကိုဖြင်လျှင်။ ကောင်းမှုပြုရာရောက်ပေလှာသည်ဟု ဝမ်းမြောက် ဝမ်းသာ နှစ်သက်စွာသောစိတ်ဖြင့် မိန့်ထည့်၍အချမ်းပျောက်စိမ့်သောဌါ စိရင်ဘူးသောကြောင့်။ ဖြစ်တိုင်းဖြစ်တိုင်း ခွန်အားကြီးခြင်းနှင့်ပြည့်စုံသည်ဖြစ်၍။ ဤအဆုံးစွန်သောဘဝ၌ ဆင်ပြောင်ခုနစ်စီးအား ကိုဆောင်သဖြင့်။ ဤကဲ့သို့လပြည်မှာ အတတ်ပညာ သင်ရာတွင် ဆရာ၏ မယားကို ရိုသေစွာလုပ်ကျွေးသောကြောင့် နှစ်သက်သဖြင့် ပုဏ္ဏားမသည် ထူး၍သိမ့်းမြှုန်းပိုက်ထုပ်ပါသည်ကို။ တပည့်အဘော်တို့မရှုလို၍ ဆရာ့အကြားခွဲကုန်းချောစားသဖြင့်မယုံယုံကြောင်းဆိုလျှင် ဆရာအမျက်ထွက်၍။ ဤသူကို ငါသတ်သည်ရှိသော်။ ဒိသောပါမောက္ခဆံဆရာသည် အတတ်ပညာသင်ပေးလှာသောတပည့်ကိုသတ်သည်ဟု၍ အကျင့်အစောမဲ့ ဖြစ်လတ္တံ့။ ခွန်အားကြီးသည်ဖြစ်သောကြောင့်လည်းငါမသတ်နိုင်ချေရာ။ ဥပယ်

တမျည်ဖြင့်ဟောစေအံ့ဟု အတတ်ပညာပြည့်စုံ၍ သွားမည်ပြုလျှင်။ ဇော ဒှင်၏ဥပစာရဟုဆို၍ ငါ့ကိုဖြတ်နိုးအပ်သော ဆရာစားပေးမှ အတတ် ပညာအပြီးတိုင်မည်ဟုဆိုသဖြင့်။ ကောင်းပြီ၊ အဘယ်ပေးရမည်နည်း ဟုမေးသည်ကို။ ဇာတ္ထေဝင်သောသူကို သတ်စေသည်ရှိသော်ကား တ ယ္ထပ်ယောက် လက်တွင် သေတန်၏ဟုကြံ၍။ လူတဇောင်ကိုသတ် ၍ ရသောလက်ညှိုး ဟာထောင်အလိုရှိ၏ဟုဆိုလျှင်။ လက်နက်ငါးပါးစွဲ ၍ ကောသလမ္ဗဒင်းဂြိုဟ်၏ နှိုင်ငံဖြစ်သော ဇာဝလိနိ တောအုပ်သို့ ဝင်၍။ တောင်နှစ်ဘက်ကြားတွင် နေစမှတ်ပြု၍။ တောင်ထိပ်ဂဖြော်၍ ခရီး သွားကိုမြင်လျှင် တောင်ထိပ်မှပြေးဆင်း၍ သန်လျက်ဖြင့်ပိုင်း၍လက်ျာ လက်ညှိုးကို ယူပြီးသော်။ သစ်ပင်၌ခွဲ၍ထားသော လက်ညှိုးကို ကျိုး လင်းတတို့ စားကုန်သဖြင့်။ မြေ၌ထားသော လက်ညှိုးတို့သည် ပုပ် ဆွေးကုန်သဖြင့်။ မည်မျှရပြီး မသိသောကြောင့် ကြိုးငယ်ဖြင့် ပန်းကဲ့ သို့ သိုက်ုံးပြီးမှ စလွယ်ကဲ့သို့ ပခုံး၌လွယ်၍။ သွားရာရာ ဆောင်သဖြင့် အင်္ဂုလိမာလ ဟူသော အမည်ကိုရ၍။ ထိုခရီးကို မသွားဝံ့သဖြင့် အ သွားပြတ်လျှင်။ ရွာစွန်ပြည်စသို့လာ၍တွေ့ရာရာလိုက်ဖြင့်။ မနေဝံ့၍ ရွာ နိုဂုံးဇနပုဒ်သားတို့သည် ထိတ်လန့်သောကြောင့် ဆိတ်ညံ့ကုန်သည် ရှိ သော်ပြည်သူအပေါင်းတို့သည်စုဝေး၍ဝိုးသူကိုဘမ်းစိမ့်သောဌါ မင်း ရင်ပြင်၌ ကြွေးကြော်ကုန်သဖြင့်။ ပြည်သူတို့စကားကို မလွန်ဆိုင်သော ကြောင့် ဝိုးသူကိုဘမ်းအံ့ဟု ဖြိုခွဲစည်လည်စေသည်ကို။ အမိဖြစ်သော မန္တာဒေါ်ပုဏ္ဏားမ ကြားယျင် သားကိုခေါ်စိမ့်သောဌါ အဘကို တိုက် တွန်းသည်ရှိသော် ဝိုးသူကို အကျမ်း မဝင်ရာဟု ဆိုသည် ဖြစ်သော ကြောင့်။ ဤသို့သောသားနှင့်ငါအလိုမရှိ၊ မင်းကြီးစိတ်တော်ရှိတိုင်းစီ ရင်ပစေဟု ဆိုလျှင်။ အဘတို့၏နှလုံးထက်အမိတို့၏ နှလုံးသည် သားခွဲ လွန်၍ နူးညံ့တတ်သည်ဖြစ်သောကြောင့် ငါခေါ်အံ့ဟု အမိသွားသည် ရှိ သော်။ ထိုနေ့၌ မြတ်စွာဘုရားသည် မဟာကရုဏာ သမာပတ်မှ ထ တော်မူလျှင်။ သဗ္ဗညုတညာဏ်တည်းဟူသော ဂွနိရက်ဖြင့် ဝေနေယျ သတ္တဝါ တည်းဟူသော ငါးကို သဲ့တော်မူရာတွင်။ ဉာဏ်တော်ဖြင့် အုပ်မိသောအင်္ဂုလိမာလကိုမြင်တော်မူသဖြင့်။ အသို့ဖြစ်လတံ့နည်းဟု ဆင်ခြင်တော် မူလတ်သည်ရှိလော်။ ကိုးရာ့, ကိုးဆဲ့, ကိုးချောင်း, သော လက်ညှိုးကိုရပြီ။ ယနေ့ လက်ညှိုးတထောင် ပြည့်စေအံ့ဟု ရှေးဦးစွာ

တွေ့သော အမိကိုသတ်၍ ပဉ္စာနန္တရယာကကိုပြုမိသဖြင့် မင်္ဂိုလ်မရှိ ကြီးစွါသောရုံးပါးခြင်းသို့ရောက်လတ္တံ့ ဟုသိတော်မူ၍။ သုးယူဇနာသော် ခရီးဖြင့်အင်္ဂုလိမာလနေရာသို့ ကြွသွားတော်မူသည်ကို။ နွားကျောင်း လယ်ထွန် အစရှိသော သူတို့သည် ဒိုးသူအကြောင်းကိုဆို၍ အကြိမ်ကြိမ်ဖြစ်တား သော်လည်း မနာမူ၍။ ဇာလိနီဧတာအုန်သို့ ရှေးရှုသွား တော်မူသောအခိုက်တွင်။ ချစ်သားအဟိ သက ချစ်သားအဟိ သက ဟူ အသံပေး၍ရှာသောအမိကို အနောက်ကဖြင်လျှင်။ ငါ့၏အမိကိုသတ်၍ ယနေ့လက်ညှိုးတထောင် ပြည့်စေအံ့ဟု သန်လျက်ထမ်း၍ပြေးသည်ကို မြင်တော်မူလျှင်၊ သားနှင့်အမိအကြားဒွ် ကိုယ်တော်ကိုပြတည့်သဖြင့်။ အမိကိုလျှော့၍ မြတ်စွာဘုရားကိုလိုက်သည်ရှိသော် ကပပတ္တအတိုင်း သွားတော်မူသည်ကို အားသွန်၍လိုက်သော်လည်း မမှီနိုင်အောင်ဘန် ဆင်းတော်မူသောကြောင့် မလိုက်နိုင်မှ ခွေးကြီးတဲဗျာဂရိဟ်ားလှုံက်ရပ် ပြီးသော်။ ရပ်လော့ရဟန်း၊ ရပ်လော့ရဟန်းဆိုသည်ကို။ သွားတော်မူ လျက်ပင် ငါရပ်၏အင်္ဂုလိမာလ၊ သင်လည်းရပ်လော့ဟု ဆိုသည်ကို။ ရဟန်းတို့မည်သည် မှန်သောစကားကိုသာ ဆိုလေ့ရှိလျက်။ ဤရဟန်း မရပ်ဘဲကို ငါရပ်၏ဟု ဆို၍။ ရပ်သော ငါ့ကိုမူကား သင်လည်းရပ် လော့ဟူသည် အဘယ့်ကြောင့်နည်း၊ မေးရစေဟု။ ။ဂန္ဆံဝဒေသိ သမဏဒ္ဒီတောမှိ၊ မမဋ္ဌဖြူ။သိဒ္ဓိတမဒ္ဒီတောတိ။ ပုန္နာဝသိတံသမဏဇေတံ မတ္ထံ၊ကသ္မာဒ္ဒီတောတ္တံအဟာမဒ္ဒီတောမှိ။ ။သမိဏာ၊ရှင်ရဟန်း။ ဂန္ဆံ၊ သွားသောအရှင်သည်။ဒ္ဒီတောမှိ၊ ငါရပ်၏ဟူ၍။ ဝဒေသိ၊ဆို၏။ ဋ္ဌတံ၊ ရပ်သော။ မမဋ္ဌ၊ငါ့ကိုကား။ အဒ္ဒီတောတိ၊မရပ်ဟူ၍။ဖြူ။သိ၊ ဆိုဘိ၏။ သမဏာ၊ရှင်ရဟန်း။ဇတမတ္ထံ၊ဤအကြောင်းကို။ တံ၊ အရှင့်ကို။ ပုန္နာဝသိ၊ မေးပါ၏။ကသ္မာ၊အဘယ့်ကြောင့်။ တွံ၊ ရှင်ရဟန်းသည်။ ဒ္ဒီတော၊ ရပ် သည်။ အဟံ၊ဖြစ်သနည်း။ အဟံ၊ငါကား။ အဒ္ဒီတော၊မရပ်သည်။အဟံ၊ ဖြစ်သနည်း။ ။ဤဂါထာဖြင့်မေးသည်ရှိသော်။ ။ဒ္ဒီတောအဟံအံ့ဂ် လိမာလသဗ္ဗဒါ၊ သဗ္ဗေသုဘူတေသုနိဓာယဒဏ္ဍံ။တုဝဉ္စုပါကောသုအ သညတောသိ၊ တသ္မာဒ္ဒီတောဟံတုဝမဒ္ဒီတောသိ၊ ။အင်္ဂုလိမာလ၊ အင်္ဂုလိမာလ။အဟံ၊ငါ့သည်။သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဘူတေသု၊ သတ္တဝါတို့၌။ ဒဏ်ကို။ နိဓာယ၊ ချ၍။သဗ္ဗဒါ၊ အခွဲခြမ်းမိမ်း။ ဒ္ဒီတော၊တည်၏။ တုဝဉ္စ၊ သင်သည်ကား။ ပါကောသု၊ သတ္တဝါတို့၌။

အသည်တော့၊မစေဒင့်သည်။အသိ၊ဖြစ်၏။တသွား၊ထို့ကြောင့်။အဟံ၊ငါသည်။ဥဿတော၊ရပ်သည်။ အသိ ဖြစ်၏။တုဝံ၊သင်သည်ကား။အဒ္ဒိတော၊မှရပ်သည်။ အသိ၊ဖြစ်၏။ ။ဤဂါထာတို့ဖြင့် ငါရပ်၏။သင်သည်ရပ်လော့ဟု မိန့်တော်မူကြောင်းကိုပြန်လျှင်။ အလုံးစုံသောရေပြင်ကို နှံ့၍တည်သောဆီကဲ့သို့ ဟုတ်သောကျေးဇူးတော်အတိုင်း အလုံးစုံသောလောကကို နှိပ်၍တည်သောကျင်စောသံကို ကြားဘူးသောကြောင့်ဖြင်း။ ကျွတ်လွန်းသော ဉာဏ်ကြီးပညာ ‘ရင့်ပြီးစွာသောကြောင့်ဖြင်း။ သဘကိုဝင်မင်းသားဖြတ်ဘုရားပေတို့လော ဟု အောက်မေ့မိ၍။ ငါ့ကို သတ်ဟ်ခြင်းငှါလာတော်မူပေသည် ဖြစ်မည်ဟု အလုံးစုံသောလက်နက်ကိုစွန့်၍ ခြေတော်၌ ဦးဖြင့်ညွတ်၍ ဝှိခိုးပြီးသော်။ အကျွန်ုပ်ကို ရဟန်း ပြုတော်မူပါဟု တောင်းပန်လျှင်။ ဇေဟိတ်ကျွဲဖြစ်အံ့သောအခြေကြောင်းကို ဖြင်တော်မူသဖြင့်။ ဆန္ဒနဆင်မင်း၏နှာမောင်းနှင့်တူသော လက်ျာလက်တော်ကိုချီ၍။ ဇေဟိတိကျွဲ၊ သွာခါတောဓမ္မော၊စရဖြဟ္မစရိယံသမ္မာဒကွာသအန္တိကိရိယားယ ဟုခေါ်တော်မူလျှင် သူ၏အသွင်အပြင် ကွယ်၍၊ အဝါခြောက်ဆယ် ဝှိပြီးသော မထေရ်ကဲ့သို့။ ဖြစ်၍နောက်တော်၌ပါသဖြင့်။ ဇေတဝနကျောင်းတော်ကြီးသို့ ရောက်တော်မူလျှင်။ မြတ်စွာဘုရား၌ မနိုးမဝေးသောအရပ်၌ အင်္ဂုလိမာလမထေရ်နေစဉ်။ ပသေနဒိကောသလမင်းကြီးသည် အင်္ဂုလိမာလကို ရှုံ့ရှာခန့်ညားသဖြင့်။ မြင်းနှင့်ဘမ်းရမှ မှုံးသူပြေးလျှင် လိုက်လွယ်မည်။ ခိုးသူလိုက်လျှင်လည်း ဆုတ်လွယ်မည်ဟု။ ငါးရာသော အမတ်တို့နှင့်တကွမြင်းငါးရာစီး၍ မျှားစွာသော စစ်သည်အပေါင်းခြံရုံလျက် ထွက်သည်ရှိသော်။ ဘမ်းခြင်းငှါလည်းမဝံ့၊ ပြန်ခြင်းငှါလည်းမဝံ့၊ ရှက်စနိုးသောကြောင့်။ မြတ်စွာဘုရားထံသို့ဝင်၍ ဝှိခိုးရစေ။ ငါသွားသင့်က ဆိတ်ဆိတ်နေတော်မူမည်။ မသွားသင့်ကလည်း မြစ်တော် မူလမည်။ မြစ်တော်မူမှပြန်ရသော် ငါ့ကို ပြည်သူတို့ မကဲ့ရဲ့ရာဟုကြံ၍။မြတ်စွာဘုရားအထံတော်သို့သွားသည်ရှိသော်။ ယခုနေတောတော၌ အတ်အရပ်သို့သွားမည်နည်းဟု မေးတော်မူသည်ကို။ အင်္ဂုလိမာလ ခိုးသူကို ဘမ်းရည်ထွက်သည်ဟုလျှောက်သဖြင့်။ ထိုကား၊အင်္ဂုလိမာလပင်ဟု သွန်းတော်မူလျှင်။မြင်းငါးရာစီးသော အမတ်တို့နှင့်တကွ အလုံးစုံသောစစ်သည်တို့သည် အင်္ဂုလိမာလ သန်လျက်မိုး၍ လိုက်တည့်လတ္တံ့သို့ထင်

ကုန်သဲဖြင့် ဖြိုသို့ဥဒါဟိုပြေးဝင်၍ ဖြိုတံခါးကိုဝိတ်ပြီးသွေဘ်။ ဇေတဝန်ကျောင်းတော်တွင်အင်္ဂုလိမာလရှိနှင့်၍ မင်းကြီးကိုဘမ်းရစ်လေ၏။ငှင့် တို့ပြေးခဲ့သည်ဟုလက်နက်စွဲလျက် ဖြိုသို့တက်ကုန်သည် ရှိသေဘ်။ ဆင်ပေါက်ကောက်လိုင်းခိုးသကဲ့သို့ ထ၍ မပြေးကောင်းသဖြင့် ဖြတ်စွာဘုရားရှေ့တော်၌ ကြောက်စွာတုန်လှုပ်လျက် တလွန့်လွန့် ရှိသေးမင်းကိုဖြင်တော်မူလျှင်။ မကြောက်လင့် မင်းကြီး၊အင်္ဂုလိမာလမှဘေးမရှိပြီ။ ငါအင်္ဂုလိမာလကိုဆုံးမပြီဟုမိန့်တော်မူမှ သက်သာရာရ၍။ အင်္ဂုလိမာလအထံသို့ကပ်ပြီးသေဘ် ရှိသေစွာရှိခိုး၍။ ပစ္စည်း လေးပါးဖြင့် ဘိတ်၍ ဖြိုသို့ဝင်လေ၏။အင်္ဂုလိမာလမထေရ်သည် နောက်ကာလ၌ ဝိပဿနာ ပြုလျှင်ရဟန္တာဖြစ်၍။ဆွမ်းခံဝင်ပါသည် ရှိသေဘ် မြင်မြင်သမျှတို့သည် ထိတ်လန့်ကုန်သဖြင့်။ ရခဲသောဆွမ်းရှိသည်ဖြစ်၍။ တပါးသို့ပစ်သော ခဲတုံးကန်တို့သည် မထေရ်၏ကိုယ်၌ ကျလွှာသဖြင့် ကွဲသော သပိတ်၊ စုတ်သောသင်္ကန်း၊ ကွဲသော ဦးခေါင်း၊ ယိုသောသွေး ရှိသည်ဖြစ်၍။ ဖြတ်စွာဘုရားအထံတော်သို့လာသည်ကို။ ချစ်သား၊သည်းခံ။ အကြင် မကောင်းမှုကြောင့် မျှားစွာသော နှစ်လပတ်လုံး ငရဲ၌ ခံရအံ့သော အကျိုးကို မျက်မှောက်သောကိုယ်အဖြစ်၌ခံရ၏ ဟုဆုံးမတော်မူသဖြင့် အနောဓိသမေတ္တာကို စိုးဖြန်း၍။ တနေ့သ၌ သားမဘွားတတ်သောသူ ငယ်ရှိသေားမာတုဂါမကို ဖြင်လျှင် သနားခြင်းဖြစ်၍ ထိုအကြောင်းကို ဖြတ်စွာဘုရားအား လျှောက်သည်ရှိသေဘ်။ သုလဘဂို့လ္ဘပါတ ဖြစ်စိမ့်သောငှါ။ယာတောဟံဘဂိနိ- အစရှိသောပရိတ်ကို ပေးတော်မူသဖြင့်။ ထိုပရိတ်ဖြင့်သားပွားစေ၍ကာ အာဘာပရိတ် နှင့်ပြည့်စုံသောအင်္ဂုလိမာလထေရ်ဖြစ်လာ၏။ဟူလိုသေဘ်။

၁၃၇။ •ကာဠဟတ်စစ်သူကြီး၏ရှင်သာရိပုတ္တရာ ဖြစ်လာရာဌာနဋီကာနိတ်ခံသည်ကစ၍ပြဆိုအပ်သော အတိတ်ပစ္စုပ္ပန်ဝတ္ထုအကျယ်စကား။

ထိုရောအခါ ကာဠဟတ္ထိသည် ယွေ့ အခါ၌သာရိပုတ္တရာဖြစ်လာ၏ ဟူရာ၌ အသို့ဖြစ်လာသနည်းဟူမူကား။ ဤကမ္ပသမ္မသည်ဇာမ္ပသမ္ဘော နှင့်တသိန်းထက်၌ သုရဒအမည်ရှိသော ဗြာဟ္မဏမဟာသံဃ်းလဖြစ်၍၊

ဘာနဲ့သဒ္ဒါသဘ္ဘာဝါအဓိပ္ပါယ်တို့သည် မသွတ်မလွဲသေခြင်းမြဲ၏။ ရသေ့ရာဟန်းပြု၍သေခြင်းမှလွတ်အံ့သော အဓိကြောင်းကိုရှာရသော်ကောင်း၏ဟုကြံ၍။ ငယ်ကာ အဓိဆွခင်ပွန်းဖြစ်သော, သိရိဝစ္ဆန အမည်ရှိသော ဂဟပတိမဟာသဒ္ဓါလကိုတိုင်ပင်၍ အလိုမပါငြားသော်လည်း အသင့်နှလုံးသွင်းမိသဖြင့်။ တိုက်တာလှစ်၍ ဇုံးဟောင်းယာစကာတို့အား မျှားစွာသောရတနာတွေကို လှူဒါန်းစွန့်ကြဲပြီးမှ၊ တရားသော တောင်ခြေသို့ဝင်၍ ရဟန္တာဟန်းပြုသည် ဖြစ်သော်။ ခုနှစ်ဆိုန်း လေးသောင်းသော ရသေ့အပြွေအဲ့ရံဖိသည်ဖြစ်၍။ ထိုအခါ အနောမဒဿိဘုရားဖြစ်တော်မူသဖြင့်။ တနေ့သ၌ ဉာဏ်တော် ကွန်ရက်တွင်းသို့ ဝင်သော သရဒရသေ့ကိုဖြင်တော်မူလျှင်။ တယောက်ထီးတည်း ကောင်းကင်ဖြင့် လာသောဘုရား၏ လက္ခဏာတော်ကိုဖြင်လျှင် သဒ္ဓါညဘုရားဟု သိသဖြင့်။ ခရီးဦးကြိုဆို၍ နေရာခင်းပြီးမှ မြတ်စွာဘုရားနှင့် သာဂဏီယ ပြောဲဟောကြစဉ်။သစ်သီးရှာရာကပြန်သော တပည့်ရသေ့တို့သည် ဘုရားရှင်ပွင့် ဆရာရသေ့တို့နေကြပါနဲ့ကိုဖြင်လျှင်။ ဆရာ့ကို ငါတို့ရှေးကာလ၌အတုမရှိဟု မှတ်ကုန်သည်။ ဤသူသည် ဆရာ ရသေ့တို့ထက်မြတ်သလောဟု မေးကုန်သည်ကို။ အမောင်တို့၊ မုန်ညင်းစေ့နှင့် ယူဇနာတာသိန်းခြောက်သောင်း ရှစ်ထောင်အစောက်ရှိသော မြင်းမိုရ်တောင်မင်းကိုနှိုင်းယှဉ်သကဲ့သို့။သဒ္ဓါညဘုရားနှင့်ငါ့ကိုနှိုင်းယှဉ်ဘို့ သလောဟု ဆိုလျှင်။တပည့်ခံပေါ်ငါးတို့သည်ခြေတော်ရင်းသို့ညွတ်၍ရှိခိုးကုန်သည်ကို။မောင်တို့၊ မြတ်စွာဘုရားနှင့် လျော်ပတ်သော လှူဘွယ်ဝတ္ထုငါတို့ဝယ်မရှိ။ မောင်တို့ဆောင်ချေသော သစ်သီးကိုယူခဲ့ဟု ကောင်းစွာချီးမြှင့်ကပ်လှူပ်ဘုန်းပေးတော်မူ၍။ နှစ်ယောက်သော အဝွသာဝကတို့သည် ရဟန်းအပေါင်းနှင့်တကွ လာစေသတည်းဟု ကြံတော်မူသည်ကိုသိ၍။ ရဟန်းတသိန်း အခြံအရံနှင့်တကွ ရောက်သည်ကို ဖြင်လျှင်။ မြတ်စွာဘုရားအား ပန်းနေရာဖြင့်ပူဇော်အံ၊ ပန်းဆောင်ချေဟု တပည့်တို့ကိုစေ၍။ တန်းခိုးအာဘိညာဉ်ဖြင့် ဆောင်ခဲ့သော ပန်းဖြင့် မြတ်စွာဘုရားအား တယူဇနာ။ အဝွသာဝက နှစ်ပါးအား သုံးဂါဝုတ်။ ကြွင်းသောရဟန္တာတို့အားယူဇနာခွဲအစရှိသဖြင့်။သံဃာတော်အားတဥသဘသောပန်းနေရာကို ခင်းလျှင်။ မြတ်စွာဘုရားနေတော်မူ၍ နိရောဓသမာပတ်ဝင်တော်မူသည်ကို။ခုနစ်ရက်ပတ်လုံးဂိတိလျှင်အစာရှိသည်

ဖြစ်၍ ပန်းဆိုးကာလျှက် ပူဇော်သဖြင့် နိဗ္ဗာန်သမ္ပတ္တိမှ ထတော်မူ
လျှင်။လက်ျာရံအဂ္ဂသာဝကာ နိသဘာထေရ်ကို ပန်းနေရာ အနှံမောဒနာ
ပြုံစေ၍။ဘိုးနောင် လက်ဝဲရံအဂ္ဂသာဝကာအနောမထေရ်ကိုတရားဟော
စေ၍။ထိုနောင် မြတ်စွာဘုရား ဟော်တော်မူလျှင် ခုနစ်ဆိုန်း လေး
သောင်းသော တပည့်တို်သည် ရဟန္တာဖြစ်၍ ဂဟိတိဿ ဆုပေးတော်
မူသည်ရှိသော်။သရဒရသွေ့သည် နိသဘာထေရ်တရားဟောသောအခါ
မှစ၍။နောင် လာလတ္တံ့ သောဘုရား၌ ဤမထေရ်ကဲ့သို့ဖြစ်ဘိမူကား ဟု
အကြံရှိသဖြင့် မဂ်ဖိုလ်မရ၍။တရားပြီးတော်မူလျှင် မြတ်စွာဘုရားအား
ထိုဆုကိုပန်သော် အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူ၍။ ဤကမ္ဘာမှ
သည် တာသေ့ဆိုနှင့်ကမ္ဘာတိုင်းလွန်သဖြင့် ဂေါတမ အမည်ရှိသော
ဘုရား၏အထံ၌ သာရိပုတ္တရာ အမည်ရှိသော လက်ျာရံ အဂ္ဂသာဝက
ဖြစ်လတ္တံ့ဟု ဗျာဒိတ် ပေးတော်မူလျှင်။ အသွေးခင်ပွန်းဖြစ်သော သိရိ
ဝမုနသူဌေးအား၊လည်း ကြီးစွာသောအသူကိုပေး၍။လက်ဝဲရံဒုတိယ
အဂ္ဂသာဝကဆုကို တောင်းစေပြီးမှ။ ပါရမီ အာဆင့်ဆင့် ဖြည့်သဖြင့်။
တို့မြတ်စွာဘုရား ဖြစ်တော်မူသော အခါ၌။ သရဒ ရသွေ့ကား ရာဇ
ဂြိုဟ်ပြည်မှ မနီးမဝေးသော ဥပတိဿဂျာဋ်၌ ဂုစ်ဆဲ့ ခုနစ်ကုဋေ ကြွယ်
သော ရူပသာရီ အမည်ရှိသော ဗြာဟ္မဏာ မဟာသာလ သား ဖြစ်၍။
သိရိဝမုန သူဌေးကား ကောလိတဂျာဋ်၌ ဂုစ်ဆဲ့ ခုနစ်ကုဋေ ကြွယ်သော
မောဂ္ဂလီအမည်ရှိသော ဗြာဟ္မဏာမဟာသာလသား ဖြစ်သဖြင့်။ ဘွား
သော အခါမှစ၍ သုံးရာ့ ခြောက်ကျိပ် စီသော နွေကျေး ထိုနှီးယာတို့နှင့်
တကွ ကြီးသည် ဖြစ်၍။ အဂ္ဂယသို့ ရောက်လျှင် အမျိုး ခုနစ်ဆက်မှ
လာသော အသွေးခင်ပွန်းဖြစ်၍။ ဥပတိဿ၌ကား ရွှေထမ်းစင် ငါးရာ၊
ကောလိတ၌ကား အာသဇာနည် မြင်းကသော ရထားငါးရာ့ ·အရံ
ပါလျက် တောင်သဘင်ရေသဘင်ရှိတိုင်း မြို့ကူးကြရာတွင်။ တနေ့သ၌
ရာဇဂြိုဟ် ပြည်လယ်၌ တောင်ထွတ်သဘင် ရှုကြည့်ရာတွင် သံဝေဂ
ရသဖြင့်။သိဒ္ဓည်းအံ့ထံ၌ ပရိဗိုဇ်ရဟန်းပြု၍။သိဒ္ဓည်းအယူဝါဒ ဟူသမျှ
ကို အကြွင်းမဲ့တတ်သဖြင့် ဇမ္ဗူဒီပါ ကျွန်း၌ မေးဘက် ဖြေထောက်
တသောက်မရှိ လောကီကျေးဇူး အထွတ်သို့ ရောက်ငြား နှံသလိုလည်း
အနှစ်သာရကိုမဖြင်သောကြောင့်။မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အနှစ်
သာရ့ကို ရှာကြရာတွင်။ ဥပတိဿပရိဗိုဇ်သည် ပဉ္စဝဂ္ဂီ ငါးယောက်

တွင်တယောက်ဖြစ်သော အသဓိမထေရ်နှင့် ကြုံသဖြင့်။ ။ယောဓမ္မာ
ဟောတုပ္ပဘဝါ၊ တောသံဟောတုံ တထာဂတော အာဟာ။ တောသ္မာယော
နိရောဓော၊ ဧဝံဝါဒိမဟာသမဏော။ ။ဟူသော ဂါထာ၏ ပုဗ္ဗဏ္ဏကို
ကြားလျှင်ပင် သော်တာပန်ဖြစ်၍။အဓေဿခင်ပွန်းဖြစ်သော ကောလိတ
ပရိဗ္ဗိဇ်အားလည်း ထိုတရားကိုဂင်း ဟောသဖြင့် ဂါထာ၏ အဆုံး၌
သောတာပန် ဖြစ်၍။ မြတ်စွာဘုရား အထံတော်သို့ ရောက်လျှင် မောဂ္ဂ
လာန်သည် ချုပ်ရက်ကြာသဖြင့် ရဟန္တာဖြစ်၍။ တန်းခိုးတော်အရာ၌
ဇတဒဂ်ရသော လက်ဝဲ့ရံ အဂ္ဂသာဝကဖြစ်လျှင်။ ဂျင်သားရိပုတ္တရာကား
လခွဲကြာမှ သူကရခါတလိုက်၌ တူတော် ဒီဃနခပရိဗိုဇ်အား ဝေဒနာ
ပရိဂ္ဂဟာသုတ်ကို ဟောတော်မူရာတွင် ယင်တော်ခံလျက် နာ၍။ သူ့ဘို
ခူးသောထမင်းကို စားလင့်ရသကဲ့သို့။ မာဃနကျွတ်နှင့် ယှဉ်သော တို့
တွဲလမြည့်နေ့၌ ရဟန္တာဖြစ်သဖြင့်။ သာဝကပါရမီဉာဏ် အပြီးသို့
ဧရောက်၍ ပညာအရာ၌ ဇတဒဂ်ရသော လက်ျာရံ အဂ္ဂသာဝက အဂ္ဂဉ်
သာရိပုတ္တရာ ဖြစ်လျှာ်၏ ဟူလိုသော်။ ။

၁၃၈။ နန္ဒပုဏ္ဏားဏ်၏ ဂျင်အာနန္ဒာဖြစ်လာရာ၌။
ဗျာဒိတ်ခံသည်ကစ၍ ပြဆိုအပ်သော အတိတ်
ဗဟုပုနဝတ္ထု အကျယ်ကား။

ထိုအခါ နန္ဒပုဏ္ဏားသည် ယွဉ်အခါ၌အာနန္ဒာဖြစ်လာ၏ဟူရာ၌အသို့
ဖြစ်လာသနည်း ဟူမူကား။ရှေးဘုရားတို့၌ တောင်းဟူးသောဆု ဂျိသည်
ဖြစ်၍။ ဤကမ္ပာမှသည် ကမ္ဘာတသိန်း ထက်တွင် ပဒုမုတ္တရ ဘုရား
ဖြစ်တော်မူသော အခါ၌။ ဟံသာဝတီပြည်ကို အစိုးရသော ဖြတ်စွာ
ဘုရားခမည်းတော် အာနန္ဒာ မင်းကြီး၏ မိဘုရားငယ် သားဖြစ်သော
သုမနမင်းသားဖြစ်၍ ဟံသာဝတီပြည်မှ ယူဇနာနှစ်ထောင်သောအရပ်
၌ ကျေးစွန်စားရာတွင်။ အခါတပါး၌ ပစ္စန္တရာဇ် သောင်းကျန်းသည်ကို
ခမည်းတော်အား မကြားစေဘဲ။ ထိုရန်စစ်ကို ငြိမ်းစေသည်ကို ခမည်း
တော်ကြားလျှင် ဝမ်းမြောက်သော စိတ်ဖြင့် ၎ခေါ် စေသည် ရှိသော်
ရောက်ခါနီးတွင် ငါ့ကို ခမည်းတော်ဆုပေးသော် အဘယ်ဆုကို ယူရ
အံ့နည်းဟု အမတ်တို့နှင့်တိုင်ပင်ရာတွင်။ ကြိုက်ရာရာ ရတနာဆင်မြင်း

အစရှိသည်ကိုယူသော်ဘ.ကောင်းဏိဟု အမတ်တို့ လျောက်ကြသော စကားကို မနှစ်သက်။ သံသရာပစ္စုပ္ပန်အဖြင့်မှန်သော အမတ်တယောက်သည်။နောင်တော်ဘုရားဖြစ်တော်မူသောကာလမှစ၍ သူတထူးတို့ ဖလုပ်ကျွေးရ။ ခမည်းတော်သာ လုပ်ကျွေးသည်ဖြစ်သောကြောင့်။ မြတ်စွာဘုရားကို လုပ်ကျွေးရအံ့သောဆုကိုယူသော်ကောင်ဏိဟု လျှောက်သည်ကိုနှစ်သက်၍။ ခမည်းတော် အထံသို့ရောက်လျှင်။ ထိပ်ကိုလှစ်၍ နမိုးပြီးသော်။ငါဆုပေးဏိ။ ကြွက်သောဆုကိုယူလော့ဟု, ဆုပေးတော်မူသည်ကို။မြတ်စွာဘုရားအား၀ါတွင်းသုံးလပတ်လုံးလုပ်ကျွေးပါရအံ့သောဆုကိုလျှောက်သည်ရှိသော်။ တပါးဆုကိုမောင်ယူ၍ ဤဆုကိုငါမပေးဟုဆိုသဖြင့်။မင်းတို့မည်သည်နှစ်ခွန်းသောစကားကိုမဆိုရာ။ တပါးဆုကိုမလို။ ဤဆုကိုသာပေးတော်မူပါလျှောက်မှ ။မြတ်စွာဘုရားခွင့်ပြုတော်မူကငါပေးဏိဟုဆိုလျှင်။မြတ်စွာဘုရားအထံတော်သို့သွားသည်ရှိသော်။ ဂန္ဓကုဋိသို့၀င်၍ နေတော်မူသော ကာလနှင့်တကွဲသဖြင့်။ သံဃာတော်အပေါင်းသို့ကပ်၍ မြတ်စွာဘုရားကို ပြတော်မူပါဟု ဆိုသည်ကို။ငါတို့အလိုရှိတိုင်းမတွေ့ရပလော။ သုမနအမည်ရှိသောဒဓံဏုပ်အကျွေးထံတော်သို့သွားပါချေဟုဆိုသဖြင့်။ သုမနထေရ်အထံသို့သွား၍ဆိုသည်ရှိသော်။ မင်းသားမြင်စဉ်ပင်မြေတွင်ဝပ်၍ ဂန္ဓကုဋိသို့၀င်ပြီးမှ မင်းသား ဖူးမြင်မည်လာသောဒုက္ကြောင်းကို လျှောက်လျှင်။ နေရာခင်းဘိဟုမိန့်တော်မူသဖြင့်နေရာနှင့်တကွဂန္ဓကုဋိတွင်းမှဝပ်၍ ဂန္ဓကုဋိအဦးဌနေရာတော်ခင်းသည်ကိုမြင်လျှင်ဤသခင်မြတ်လှ၏ဟု နှုံးသွင်း၍။ မြတ်စွာဘုရားဗွက်တော်မူလျှင် ရှိသေစွာရှိခိုး၍ ပဋိသန္ဓေဂရပြုပြီးသော်။ ဤတပည့်တော်သည် သာသနာတော်ဌ အကျွမ်းဝင်လှပ်ဟန်ရှိ၏ဟု လျောက်သဖြင့်၊ အကျွမ်း၀င်ကြောင်းကို မိန့်တော်မူလျှင်။ ဒုဓာတယ်ကောင်းမှုကိုပြု၍ ဤသို့ဖြစ်သနည်းဟု လျောက်သဖြင့်အလှူအစရှိသောကောင်းမှုကိုပြု၍ဖြစ်သည်ဟု မိန့်တော်မူလျှင်။ ငါလည်းဤသခင်ကဲ့သို့နောင်လာလတ္တံ့သောဘုရားဌ အကျွမ်း၀င်သသူ ဖြစ်ပါချင်၏ဟုကြံ၍။ ခုနစ်ရက်ပတ်သုံးဆွမ်းလုပ်ကျွေးပြီးမှ။ ခုနစ်ရက်မြောက်သောနေ့၌ ဒဓံကျွန်ုပ်၀ါတွင်းသုံးလပတ်လုံး အရှင်ဘုရားအားလုပ်ကျွေးအံ့သောဆုကို ခမည်းတော်အထံ၌ ရသည် ဖြစ်သောကြောင့် သည်းခံတော်မူပါဟု တောင်းပန်သဖြင့်။ ငါသား၍အကျိုးရှိအံ့လောဟု ဆင်ခြင်တော်မူသည့်

ရှိသော် အကျိုးရှိမည်ကိုဖြင်တော်မူ၍။ ဘုရားတို့သည် ဆိတ်ငြိမ်ရာအာ
ရုဂ်ဒွိသာ နေ့လျော်ကုန်သည်ဟု မိန့်တော်မူလျင်။ အကျွန်ုပ် သိပြီဟု
ဖေျာက်မှ။ အကျွန်ုပ်ရှေးဦးစွာဖွားမြ၍ ကျောင်းတော်စိရင်အံ့။အကျွန်ုပ်
က ပင့်လျှင် တသိန်းသောသံဃာနှင့် ကြွတော်မူပါဟုဘိတ်၍။ ခမည်း
တော်ကို အကြောင်းကြား၍ထွက်ခဲ့ပြီးလော်။ ဝိဇယူဇနာဒွိတဲကျောင်း
တကျောင်းစီဆောက်၍။ ယူဇနာနှစ်ထောင်လွန်သဖြင့် မင်းသားမြို့သို့
ရောက်လျှင် ဆိတ်ငြိမ်ရာအရပ်ကို ကြည့်ရှုသည်ရှိသော်။ သောမနဿ
သူကြွယ်ဥယျာဉ်ကိုဖြင်၍။ ထိုဥယျာဉ်ကို အဘိုးတသိန်းပေး၍။ တသိန်း
သောဥစ္စာဖြင့် မြတ်စွာဘုရားအား ဂန္ဓကုဋီ၊ သံဃာအပေါင်းအား နေ့
သန့်ရာညဉ့်သန့်ရာကုဋီ၊ လိဏ်၊မဏ္ဍပ်၊တံတိုင်း၊တံခါးတိုင်၊တံခါးမုတ်
နှင့်တကွစီရင်၍။ ကျောင်းတော်ပြီးလျှင် ခမည်းတော်သို့ အကြောင်း
လျော်သော်သဖြင့် မင်းကြီးသည် မြတ်စွာဘုရားအား ဆွမ်းလုပ် ကျွေး၍
ဘုမနအမှုပြီးပြီ။ရှင်ပင်ဘုရားလာတော်မူခြင်းကိုတောင့်တဇ်ဟု လျှောက်
လျှင်။ ရဟန္တာတသိန်းနှင့် တကွကြွတော်မူသောဘုရားကို။ သုမနမင်း
သား တယူဇနာတိုင်တိုင် ကြိုလင့်၍ ကျောင်းတော်တင်လျှင်။ ဝါဆို
သောနေ့၌ ကြီးစွာသော အလှူကိုပေး၍။ ဤနည်းအတူ နေ့တိုင်း လုပ်
ကျွေးကုန်ဟုသားမယားအစရှိသော အမတ်တို့အားစီရင်၍။ မင်းသား
ကား သုမနထေရ်နှင့် မနိုးမဝေးသောအရပ်၌နေ၍။ သိလသိတင်းဆောံ
တည်ခြင်းတို့ဖြင့် ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရားကိုလုပ်ကျွေး၍။
ဝါကွတ်လျှင် ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကိုပေး၍။ ခုနစ်ရက်
မြောက်သောနေ့၌။ အကျွန်ုပ် ဟံသာဝတီပြည်တွင်သစ်ခက်မြို့တဲမှစ၍
ယနေ့တိုင်အောင် အထူးထူးသောကောင်းမှုကို ပြုခြင်းသည်။ လူစည်း
စိမ်နတ်စည်းစိမ်ကို လို၍မပြု။ ဤတပည့်တော်ကဲ့သို့ နောင်လာလတ္တံ့
သောဘုရား၌ အလုပ်အကျွေးဖြစ်ပါချင်၏ဟု ပဏိဓာန်ပြုလျှင်၊ ပြည့်စုံပေ
လတ္တံ့လောဟု အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူသည်ရှိသော် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍။ ဤဟန္တာမှသည် ကမ္ဘာတသိန်း
မြောက်ဘဒ္ဒကပ်၌။ဂေါတမဘုရား၏အာနန္ဒာအမည်ရှိသောအလုပ် အ
ကျွေးဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူလျှင်။ ထိုကစ၍ ပါရမီအထွေ
ထွေဖြည့်သဖြင့် တို့မြတ်စွာဘုရား ဖြစ်တော်မူသော အခါ၌။ ခမည်း
တော် သုဒ္ဓေါဒနမင်းကြီးညီတော် အမိတော်ဒေါဒနမုင်း၏သားဖြစ်၍ ဘဒ္ဒိ

ယမင်းအစရှိသော ခြောက်ယောက်သော မင်းတို့သည် ဖြတ်စွာဘုရား အခြံအရံအလှိုဌာ၊ တောထွက်ကြရာတွင် ဤအခန္ဓာ မင်းသားသည် မန္တာဒေါသား ပုဏ္ဏာဆေရှ်၏ တရားကို ကြားဖျင် ဒံသာတာပန် ဖြစ်၍။ ဘုရားဖြစ်တော်မူသည်မှ အဝါ နှစ်ဆယ်သော့ ပဲဌမဗောဓိဌ် မမြဲဒသာ အလုပ်အကျေး ရှိသည်ဖြစ်၍။ တဒုံရောအခါဌ် နာဂသမာလ၊ တရုံရော အခါဌ် နာဂိတ၊ တဒံရုံရောအခါဌ် ဥပဝါန၊ တရုံရောအခါဌ် သုနက္ခတ်၊ တရုံရောအခါဌ် စုန္ဒ၊တရုံရောအခါဌ် သာဂတ၊တဒုံရော့အခါဌ်မေယိယ လုပ်ကျေးသည်ရှိသော် စိတ်တော်ကို မနှစ်သက်စေနိုင် သော်ကြောင့်။ ဝံအနော့သဌ် ဇေတဝနကျောင်းတော်တွင် ရဟန်းအပေါင်းတို့၏အလယ်ဌ် နေတော်မူလျက်။ ချစ်သားတို့၊ ယခု ငါကြီးရင့်ပြီ။ အခါ့သော သူတို့သည် ဤမနီးဖြင့်သွားကုန်အုံ့ဟု ဆိုသည်ကဲ့ တပါးသောခရီးဖြင့် သွားလေသည်။ အခါ့သော သူတို့သည် ငါ၏ သဒိတ်သက်နိုးကို မြဲတွင့်ထား၍ နေရစ်လေသည်။ ထိုကြောင့် ငါ့ကို အမြဲ လုပ်ကျေးအုံသ သူကို သိပါကုန်ဟု မိန့်တော်မူလျင်။ တပည့်တော် အဝံပါင်းတို့သည် ဓမ္မသံဝေဂရ၍။အခြင်သာရိပုတ္တရာသည် နေရာမှထပြီးသော် ရိုသေစွာရှိခိုး၍။ တသခ့ျေနှင့် ကမ္ဘာ တသိန်း ပတ်လုံး အခြင် ဘုရားကို တောင့်တ၍ လက်ျာရုံ အဂ္ဂသာဝကဖြစ်သည်။ ဒဝံကွန်ဠဉ်သို့သော ကြီးသော ပညာရှိသည် ဤမနီးဖြင့်သွားကုန်အုံ့ဟု ဆိုသည်ကဲ့ တပါးသောခရီးဖြင့် သွားလေသည်။ အခါ့သော သူတို့သည် ငါ၏ သဒိတ်သက်နိုးကို မြဲတွင့်ထား၍ နေရစ်လေသည်။ ထိုကြောင့် ငါ့ကို အမြဲ လုပ်ကျေးအုံသ သူကို သိပါကုန်ဟု မိန့်တော်မူလျင်။ တပည့်တော် အဝံပါင်းတို့သည် ဓမ္မသံဝေဂရ၍။အခြင်သာရိပုတ္တရာသည် နေရာမှထပြီးသော် ရိုသေစွာရှိခိုး၍။ တသခ့ျေနှင့် ကမ္ဘာ တသိန်း ပတ်လုံး အခြင် ဘုရားကို တောင့်တ၍ လက်ျာရုံ အဂ္ဂသာဝကဖြစ်သည်။ ဒဝံကွန်ဠဉ်သို့သော ကြီးသော ပညာရှိရှိသသူသည် ရှင်ပင်ဘုရားကို လုပ်ကျေးသည် ရှိသော် ဆိုဘွယ် မရှိလျောက်ပတ်လှသည်။အကွန်ဠဉ်လုပ်ကျေးပါအုံ့ဟု ဝေါင်းပန်သည်ကို။ အကြင် အရပ်ဌ် ချစ်သားနေ၏။ ထိုအရပ်သည် ငါနေသင့်သို့ ဖြစ်၍ မဆိတ်ညံ့။ ထို့ကြောင့် ချစ်သား ငါ့အား လုပ်ကျေးဘွယ် မရှိဟု ပယ်တော်မူလျင်။အရှင်မောဂ္ဂလာန်အစရှိသော အလုံးစုံသော မဟာသာဝကတို့သည် ဤအတူရင်း အသီးအသီး တောင်းပန်သည် ကိုလည်း ပယ်တော်မူသဖြင့်။အရှင် အာနန္ဒာတယောက်သာ မတောင်းပန်ဘဲနေသည်ကို သံဃာအပေါင်းတို့သည် တိုက်တွန်းကုန်သည်ရှိသော်။တောင်းပန်၍ရသော အလုပ် အကျေးသည် ဤမျှသာ ရှိအုံ့နည်း။ အကွန်ဠဉ်ကို ရှင်ပင်ဘုရား မြင်တော်မမူသလော့။ အလိုတော်ရှိက မိန့်တော်မူလိမ့် မည်ဟု ဆိုလျင်။ ချစ်သားတို့၊ သူတပါးထူး မတိုက်တွန်း အပ်သည် ဖြစ်၍ အာနန္ဒာအလိုလိုလုပ်ကျေးလတ္တံ့ဟု မိန့်တော်မူမှ။ရှင်အာနန္ဒာအမိန့်ကော်ကြားပြီးသော် တောင်းပန်တော့လေဟု တိုက်တွန်းကုန်သဖြင့် နေရာမှ ထ၍

ဂိုဏ်းသစ္စာ ဂိုဒိုးပြိုးသော်။ ဂုဏ်ပင်ဘုရား ရတော်မူသော မွန်မြတ်သော သက်နိုးကိုအကျွန်ုပ်အားပေးတော်မမူအံ့။ ရတော်မူသောမွန်မြတ်သော ဆွမ်းကို ပေးတော်မမူအံ့။ ဥဒ္ဒါကုဋီတို့ကိုဌ် တပေါင်းတည်းနေတော်မမူအံ့။ ဂုဏ်ပင်ဘုရားကိုဘိတ်မန်ရာသို့ခေါ်၍သွားတော်မမူအံ့။ အကျွန်ုပ်လုပ်ကျွေးပါမည်ဟု ဆုလေးပါး တောင်းသည်ကို။ ဤဒွါ အဘယ်အပြစ်ကို ဖြင်သောကြောင့် အာနန္ဒာဤသို့ဆိုသနည်းဟု မေးတော်မူသဖြင့်။ ဤသို့သော ကျေးဇူးဂုဏ်ကိုခံရလျက်ကို အသိမ့်မလုပ်ကျွေးပျော် ဂိုမည်နည်းဟု သူတို့ကဲ့ဒဲ့ခြင်းမှလွတ်လိုသောကြောင့်ဟု လျောက်လျှင်။ ဤဆု လေးပါးကို ပေးတော်မူပြီးမှ။ အကျွန်ုပ်ဝန်ခံသော ဘိတ်မန်ရာသို့ ကြွတော်မူပါအံ့။ အရပ်တပါးမှဂူးဖြင်ခြင်းငှါလာသောသူတို့အား ထိုခဏ၌ဂုဏ်ပင်ဘုရားကိုပြ၍ ဂူးဖြင်ပါရစေအံ့။ အကျွန်ုပ်ယုံမှားသကဲ့ဒါ မေးဘွယ်ပြဿနာဂိုလောအခါ၌ နေ့မဟူညဉ့်မဟူ အထံတော်သို့ အလိုအတိုင်း ကပ်ပါရအံ့။ မျက်ကွယ် ပေါတော်မူသော တရားတော်ကို အကျွန်ုပ်အားတဘုန်ကြားတော်မူပြန်ပါအံ့။ အကျွန်ုပ်လုပ်ကျွေးပါမည်ဟု ဆုလေးပါးတောင်းပန်ပြန်သည်ကို။ ဤ၌ အာဘယ် အကျိုးကို ဖြင်သောကြောင့် အာနန္ဒာ ဤသို့ဆိုသနည်းဟု မေးတော်မူသဖြင့်။ ဤမျှသော ချီးမြှောက်တော်မူခြင်း ကိုမျှ အာနန္ဒာ မရပါ။ အရိပ်တော်နှင့် အတူသာ မြတ်စွာဘုရားနောက်တော်တွင် ပါစ ပါ၌ဟုသည်ဟူ၍ သူတို့ ကဲ့ဒဲ့ခြင်းမှ လွတ်လိုသောကြောင့်ဟု လျောက်လျှင်။ ဤ ဆု ကို လည်း ပေး တော် မူ၏။ ပဋိကွေပလေးပါး။ အာဃာဝနလေးပါးဟူသောဆုရှစ်ပါးကို ရလျှင်၊ ကမ္ဘာတာသိန်းပတ်လုံး တောင့်တသော အလိုသည် အပြီးသို့ ရောက်သဖြင့်။ အမြဲ အခလုပ်အကျွေး ဖြစ်သည်နေ့မှ စ၍။ အချမ်း အနွေးတည်းဟူသော ဒုက္ခရှိနှစ်ပါး။ အတိုအရှည်အလတ်တည်းဟူသော ဒဏ်ပူသုံးပါးကို အမြဲကပ်ခြင်း။ ခြေလက်ဆုပ်နယ်ခြင်း။ ဂန္ဓကုဋီ ပရိဝုဏ်ကို တံမြက်တလင်းသုတ်သင်ခြင်း။ ဤကဒလ္ဒ ဤဝတ္ထုကို လိုအပ်၏။ ဤကဒလ ဤအမှုကို ပြုအပ်၏ဟု နေ့အတိုပတ်လုံး အထံတော်၌ ကျင်လည်ခြင်း။ ညဉ့်အတို၌ ခေါ်တော်မူလျှင် ထူးလွယ်စိမ့်သောဌာ၊ ငိုက်မျဉ်းခြင်းကို ဖျောက်ခြင်းဌာ၊ ကြီးစွာသော ဆိပ်းတိုင်ကို ဟိုင်း၍။ တညဉ့် ကိုးကြိမ် ကိုးကြိမ် ဂန္ဓကုဋီကို လှည့်ခြင်း အစရှိသည်တို့ကို ပြု၍ လုပ်ကျွေးသဖြင့်။ တနေ့သ၌ ရတနာဗီမာန် ဓေတဝန်၌ အရိယာအပေါင်းတို့၏ အလယ်

တွင် နေတော်မူလျက် များစွာသော ချီးမွမ်းခြင်းဖြင့်ချီမွမ်းတော်မူ၏။ ဗဟုသုတ။ ဂတိမန္တ။ သတိမန္တ။ဓိကိမန္တ။ ဥပ်ဒ္ဓေါကတည်းဟူသော ငါးချက်သော ဇာတဒဂ်သို့ တင်တော်မူသော အခွင့်အာဝဇ္ဇနာ ဖြစ်လျှာ၏ ဟူလိုသော်။ ။

၁၃၉။ ညောင်ပင်ဆွောင့်နတ်၏ ရှင်မဟာဒုက္ခသမ္ပ ဖြစ်လာရာ၌ ဗျာဒိတ်ခံသည်ကစ၍ ပြဆိုအပ်သော်ဒမိတိတ် ပစ္စုပ္ပန်ဝတ္ထုအာကျယ်စကား။

ထိုရောအခါ ပညောင်စောင့်သောနတ်သည် ယွန်အခါ၌ ကဿပ ဖြစ်လျှာ၏ ဟူရာ၌ အသို့ဖြစ်လျှာသနည်း ဟူမူကား။ ဤကမ္ဘာမှသည် ကန္တာတသိန်းထက်၌ ပဒုမုတ္တရဘုရား ဖြစ်တော်မူသော အခါတွင်။ ဟံသာဝတီပြည်၌ ကုဋေ့ရှစ်ဆယ်ကြွယ်သော ဝေဒေဟ သူဌေးဖြစ်၍။ ဘုရား၊တရား၊သံဃာ၊ရတနာသုံးပါးလျှင်မြတ်နိုးရာရှိသော ဥပဿကာ ဖြစ်သဖြင့်။ တနေ့သ၌ နံနက်စောစောက ကောင်းသောအစာစွားပြီးသော် ဥပုသ်ဆောက်တည်၍ ပန်းနံ့သာကိုလက်ခွံလျက်။ တရားနာခြင်းငှါ မြတ်စွာဘုရား အထံတော်သို့သွား၍ လျောက်ပတ်စွာ နေသည်ရှိသော်။ထိုအခါ၌မဟာနိသဘအမည်ရှိသော တပါယသာဝကကို ဓုတင်အရာ၌ဇာတဒဂ်ထား တော်မူသည်ကို ကြားလျှင် ကြည်သော•စိတ်ရှိသဖြင့်။ တရားတော်စ၍ ပရိသတ်ထသောနောက်၌ မြတ်စွာဘုရားသို့ကပ်၍။ နက်ဖြန်အကျွန်ုပ်ဆွမ်းကို သည်းခံတော်မူပါဟု ဘိုတ်သည်ရှိသော်။ ဒါယကာ၊ ရဟန်းသံဃာများလျှင်ဟု မိန့်တော်မူသည်ကို။ အဟိမျှရှိမည်နည်းဟု မေးသဖြင့်။ ခြောက်သန်း ရှစ်သိန်း ရှိ၏ဟု မိန့်တော်မူလျှင်။ တယောက်သောသာမဏေကမျှမကြွင်း အလုံးစုံကို လုပ်ကျွေးပါမည်ဟုဘိုတ်၍။ မိုးသောက်လျှင် ကြိုးစွာသော အသွားကို စိုရင်၍ မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးစဉ်။ ထိုခရီးဖြင့် ဆွမ်းခံသွားသော မဟာနိသဘထေရ်ကို သူဌေးကြိုးမြင်ရကား။ လိုက်၍သပိတ်ကို တောင်းသဖြင့် သပိတ်ကိုပေးလျှင်။ အကျွန်ုပ်အိမ်သို့ဝင်၍ ဆွမ်းဘုန်းပေးပါ။မြတ်စွာဘုရားရှိတော်မူ၏ဟု ဝတောင်းပန်သည်ကို။ ဒါယကာ၊ မအံ့ဖွယ်ဟုပယ်သဖြင့်။ သပိတ်၌ဆွမ်းအပြည့်ထဲည့်၍သူ့လိုက်ပြီးမှ။ ရှင်ပင်ဘုရား၊ နိသ

ဘဝထေရ်သည် မြတ်စွာဘုရားရှိတော်မူ၏။ အကျွန်ုပ်အိမ်သို့ဝင်၍ ဆွမ်းဟုန်းပေးပါဟု ဆိုသည်ကိုမငဉ်း။ ရှင်ပင်ဘုရားထက်လွန်သော ဂုဏ်ရှိသလောဟု လျှောက်သည်ရှိသော်။ ဘုရားတို့မည်သည်၊ သူဂုဏ်ကျေးဇူးကို ဝန်မတိုကုန်ဖြစ်လောကြောင့်။ ဒါပသာကာ၊ ငါတို့သည် ဆွမ်းကို ကြည့်ဖွဲ့၍ အိမ်ဒွါနေသကဲ့သို့ ဤသူမနေ၊ ဆွမ်းခံ၍သာစားသည်။ ငါတို့သည် ရွာနိုးကျောင်းဦးနေသကဲ့သို့ ဤသူမနေ၊ တော်ဦးသာနေသည်။ ငါတို့သည် အမိုးအိမ်ရံရှိသော ကျောင်းဦးနံသကဲ့သို့ ဤသူမနေ၊ လွင်တီးခေါင်သာ နေသည်။ ဤသူ၏ဂုဏ်သည် ဤသို့တည်းဟု မဟာသမုဒ္ဒရာကို ပြည့်စေသကဲ့သို့ မိန့်တော်မူလျှင်။ ဒိသာဘထေရ်ကို ကြည်သိုးရင်းရှိသော ဒါယကာ၏ စိတ်သည် ပြကတော့ ထွန်းသော ဆင်မိုးခွဲ ဆီသစ်လောင်းစီသကဲ့သို့ အလွန်ကြည်သိုပြန်သည်ဖြစ်၍။ ငါသည် တပါးသောစည်းစိမ်ကို ငတောင့်တ၍ အဘယ်မူစအံ့နည်း။ နောင်လာလတ္တံ့သောဘုရားခွဲ ဤသခင်ကဲ့သို့ ဓုတင်အရာခွဲ ဖြတ်လွှစွာသောဆရာကို ယူတော့အံ့ဟု ချနစ်ရက်ပတ်လုံး ကြီးစွာသောအသ္ကာကိုပေး၍။ ချနစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာအပေါင်းအား များစွာသော် အဘိုးရှိသော ဗိစိဝရိက်ကို သ္ကာ၍ ခြေတော်ရင်းခွဲ ဦးဖြင့်ညွှတ်ပြီးသော်။ အကျွန်ုပ် ဤသို့သောအသ္ကာကိုပေးခြင်းသည် လူနတ်ဗြဟ္မာသတ္တဝါတို့၏ စည်းစိမ်ကို ငတောင့်တ၍ မပေး။ မဟာနိသဘထေရ် ကဲ့သို့ နောင်လာလတ္တံ့သောဘုရားခွဲ ဓုတင်အရာခွဲ ဖြတ်လွှစွာဖြစ်ပါချင်၏ဟု ပန်သည်ရှိသော်။ ကြီးကျယ်သောအရာကို ဤဒါယကာ တောင့်တ၏။ ပြည့်စုံပေလတ္တံ့လောဟု အနာဂတ်သဘာဝဖြင့် ကြည့်တော်မူ၍။ ပြည့်စုံလတ္တံ့သည်ကိုမြင်တော်မူသဖြင့်။ ဒါယကာ၊ နှစ်သက်ဝမ်းသာအာရာကိုပေးပင့်တ၏။ ဤကမ္ဘာမှသည်ကမ္ဘာတသိန်းအဆုံးခွဲ ဂေါတမအမည်ရှိသောဘုရား၏ တတိယသာဝက မဟာကဿပဖြင့်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူသျှင်။ ထိုကစ၍ ပါရမီအပူးထူးဖြည့်သဖြင့်။ တို့မြတ်စွာဘုရား ဖြစ်တော်မူသောအခါခွဲ မဂဓတိုင်းတွင်။ မဟာတိတ္ထအမည်ရှိသော ပုဏ္ဏားရွာခွဲ ရှစ်ဆဲ့ခုနစ်ကုဋေကြွယ်ဝံ့သော ကဝိလပုဏ္ဏားသားငယ်လိုလုငယ် ဖြစ်၍ အသက် နှစ်ဆယ် ရောက်သော အခါခွဲ အိမ်ရာထောင်စိပ်ခဲ့သောဌာ မိဘတောင်းပန်တိုက်တွန်းသည်ရှိသော်။ ငါအိမ်ရာထောင်ခြင်းခွဲအလိုမရှိ၊ မိခင်ဘခင်ထင်ရှားရှိစဉ်လုပ်ကျွေး၍ နတ်ရွာ

လားလျင် ရဟန်းပြုမည်ဟုဆိုသော်လည်း အဘန်တလဲလဲ တောင်းပန်သဖြင့် အားနာနိုး၍။ မရရောဟူသောအမှတ်ဖြင့် ဈာထောင်သောရွှေစင်ကို မာဆုဂါမရပ်လုပ်ဖေ၍။ ဝတ်စားတံုန်းဆာဆင်လျက်၊ သည်ကဲ့သို့ ရမ္မနေအံ့ဟု၊ ပြုသည်ရှိသော်။ မယ်တော်သည် ကြီးစွာသောပညာရှိသည်ဖြစ်သောကြောင့် ငါ့သံဝေးကား ဘုန်းပါရမီရှိသူဖြစ်သည်။ ရှေးဘဝဝ၌ ကုသိုလ်ကောင်းမှုပြုသောအခါ တပေသုက်တည်းမပြုရာ။ ငါ့သားနှင့် ကောင်းမှုပြုတော်၌ ဤရွှေရုပ်ကဲ့သို့ ရှိလေရော့၏ဟု။ ရှစ်ယောက်သော လက်သားပုဏ္ဏားသူကြွယ်ကိုခေါ်၍။ ဒေကြင်အရပ်၌ ငါတို့နှင့် အမျိုးအနွယ် စည်းစိမ်အင်ခွင်တူသောသူတွင် ဤရွှေရုပ်ကဲ့သို့ သို့ဝေးရှိအံ့။ ဤရွှေရုပ်ကိုလက်ဆောင်ပြု၍ လာလတ်ကုန်ဟု ရွှေရုပ်ကို ရထားပေါင်းချုပ်၌တင်၍ ထိုသူတို့အား များစွာသော ပူဇော်ခြင်း မြတ်နိုးခြင်းဖြင့် ဇမ္ဗူဒိပါကျွန်းအပြင်၌ ရှာစေသည် ရှိသော်။ မဒ္ဒတိုင်း၊ သာဂလဲမြို့သို့ ရောက်လျင် အများဆက်ဆံသော အရပ်နှာမှ စကားကြားလွယ်မည်ဟု ရေဆိပ်အနီး၌ ထိုရွှေရုပ်ကို သင့်တင့်အောင်ထားခဲ့၍ ထွက်သံကိုနာခံကြရာတွင် ကောသိယပုဏ္ဏားသို့ ဘဒ္ဒကာဠိလာနို၏ အထိန်းသည် ရေချိုးမည်လာရာတွင် ထိုရွှေရုပ်ကိုမြင်လျင်။ ဒီမိသို့ပင်သော အမှတ်ဖြင့်။ဆုံးမနိုင်ခဲသောသို့ပေတ်။ အသူဆောင်၍ ဤအရပ်သို့လာသနည်း ဟု ကျောက်ကိုလက်ဝါးဖြင့်ရိုက်မှ ရွှေရုပ်မှန်းသိ၍။ ငါ့သို့ထင်၍ရိုက်မိသည် လက်ဝါးစပ်ချေ၏တကား။ ငါ့သို့ကို ဒုဆဒရာမနှိုင်းသာဟုဆို သည်ကို။ ဤရွှေရုပ်ကဲ့သို့ သင့်သို့ရှိသလော ဟုစုဝေး၍ မေးကုန်သဖြင့်။ ဤရွှေရုပ်ထက် အဆအရာ အဆတထောင်မက ငါ့သို့လှ၏။ တံဆဲနှစ်တောင်သောတိုက်၌ ဆီမီးထွန်းခြင်းကိစ္စမရှိ။ ကိုယ်ရောင်ဖြင့်သာလင်းတော့သည်ဟုဆိုလျင်။ ထိုအထိန်းကို ရွှေတည်ပြု၍ ပုဏ္ဏားအိမ်သို့သွား၍ လာသောအကြောင်းကို ကြားသည်ရှိသော်။ အဘယ့်ကြောင့်လာသနည်းဟုမေး၍ အလုံးစုံသော အကြောင်းကို ပြန်လျင်။ ကောင်းလှ၏၊ မောင်တို့နှင့် ငါတို့အမျိုးအနွယ် စည်းစိမ်အင်ခွင်တူကြ၏ဟု ဝန်ခံသဖြင့် ထိုအကြောင်းကို ကပိလပုဏ္ဏားသို့စေလိုက်သည်ကို ပိပ္ပလိလုလျင် ကြားလျင်။ ငါမရရာမှတ်သည်။ ရ၏ဟူသော် အလိုမရှိကြောင်းကိုစေလိုက်ဆုံးဟု။ဘဒ္ဒါ၊အိမ်ရာထောင်လိုသည်ရှိသော်ကား အမျိုးအနွယ်အရွယ်အဆင်းတူသောသူသို့လားပါလေ။ ငါကား ရဟန်းပြုမည်။ နောက်

ဒ္ဒ.နှလုံးမသာမဲရှိလင့်ဟုစေလိုက်၍။ဘဒ္ဒါကလည်း ထို့အတူရင်း၊ အရှင့်သား, အိမ်ရာထောင်လိုသည်ရှိသော် အမျိုးအနွယ် အရွယ်အဆင်းတူသောသူနှင့်ထောင်တော်မူ။အကျွန်ုပ်ကား ရဟန်းပြုမည်။နောက်တာဘန မရှိစေလင့်ဟု စေခိုင်းလိုက်၍။သူမြတ်နှစ်ပါးတို့ အလိုမရှိကုန်စဉ်ပင် ထိမ်းမြားမင်္ဂလာပြုသည်ရှိသော်။ ထိုနေ့မှစ၍ ပန်းတယောက်တကုံးခြားလျက် တရုတ္တည်းသောဗိမာန်၌ ဗြဟ္မာနှစ်ပါးနေသကဲ့သို့။လက်ဝဲ လက်ျာနေကြ၍ မိခင်ဘခင်နတ်ရွာလား်းလျှင်။ ကြီးစွာသောစည်းစိမ်ရှိသည်ဖြစ်၍ နေ့တိုင်းမနေ့တိုင်း မဂဓရာဇ်ကွမ်းစားဖြင့် တနေ့တခဲ့နှစ်ကွမ်းစားသောကြွေမှုံဖြင့် လိမ်းကျံ ပွတ်နယ်အပ်သောကိုယ် ရှိသည်ဖြစ်၍။ တနေ့သ၌ တန်းဆာဆင်သော မြင်းယာဉ်စီး၍ များစွာသောလူအပေါင်း ခြံရံလျက် လယ်ထွန်မင်္ဂလာအမှုလုပ်ရာသို့ သွားရာတွင်။ ထွန်ကြွေင်း၌ပေါ်သော ပိုးမွှားအစရှိသောသတ္တဝါကို ကျီးငှက်အစရှိသော တိရစ္ဆာန်တို့စားသည်ကိုမြင်၍။ အဘယ်ကိုစားသနည်းဟုမေးသဖြင့် ထိုအကြောင်းကိုကြားလျှင်။ မကောင်းမှုကိုအသူခံရမည်နည်းဟုမေး၍ အရှင်သူကြီးခံရမည်ဟုဆိုလျှင်။ ဤမကောင်းမှုကို ငါခံရတာပြီးကား။ ဤစည်းစိမ်ဖြင့် ငါ့အား အဘယ်မှုစအံ့နည်း။အလုံးစုံကို ဘဒ္ဒါအားနှင်း၍ ရဟန်းပြုအံ့ဟုလာသည်ရှိသော်။ ဘဒ္ဒါလည်း ထို့နည်းဂုဏ်းနှမ်းကိုလှမ်းစေရာတွင်, ပိုးမွှားအစရှိသည်ကိုမြင်၍။ ထို့အတူရင်း မေးသဖြင့်။ ဤမကောင်းမှုကို အရှင်မ ခံရမည်ဟုဆိုလျှင်၊ အလျားလေးတောင်မျှသောပုဆိုး၊ တကွမ်းစားမျှသောဆန်သာ ငါ၏သုံးဆောင်ရာဖြစ်သည်။ဤမကောင်းမှုကို ငါခံရပြီတကား ဘဝအထောင်မကသော်လည်း ဝန့်ဆင်းရဲမှ ခေါင်းပါးနိုင်ခဲ၏။ အရှင့်သားလာလျှင် အလုံးစုံသော်စည်းစိမ်ကိုနှင်း၍ ရဟန်းပြုအံ့ဟုကြံစည်တွင်။ ပိပ္ပလိလုလင်ရေဒံ၍ ပြာသာဒ်ထက်သို့ တက်ပြီးသော်။ ဖြတ်သောသူအား ထိုက်သောပလ္လင်၌နေလျက်။ စကြဝတေးမင်းစားသော အစဉ်နှင့်ဟူသော ဘော်ဇဉ်ကို နှစ်ပါးစုံစား၍ ချမ်းသာစွာနေသောအခါ၌။ဘဒ္ဒါ၊ ဤအိမ်သို့လာသောအခါ သုံးဆောင်ရာဥစ္စာ အတိမျှပါသနည်းဟုမေး၍။ငါးသောင်းငါးထောင်သော လှည်းဖြင့် ဆောင်ခဲ့သော သုံးဆောင်ရာပါ၏ဟုဆိုလျှင်။ထိုပါခဲ့သောဥစ္စာ၊ ဤအိမ်၌ရှိသော် ရှစ်ဆဲ့ခုနစ်ကုဋေသောဥစ္စာ။ ယန္တရားဘွဲ့သော ကန်ခြောက်ဆယ်။တဆဲ့နှစ်ယူဇနာသော လယ်ယာ

မိုးမြေ။ အနုရာဝပြည့်ဂိုဏ်သောတဆဲ့လေးခုသော ကျွန်အလုပ်အကျွေးတို့ ရှိ၁။ဆင်ထိန်း မြင်းထိန်းရထားထိန်းတို့ရှိ၁။ ဆင်သွင်း မြင်းသင်းအစရှိသော် အလုံးစုံသောဥစ္စာကို ဘဒ္ဒါအား ငါဆောက်နှင်းဖို့ ဟုဆိုသော်။ အမှုင့်သံး၊ အသို့အလိုဂိုသနည်းဟုမေး၍။ ငါရဟန်းပြုတော့မည်ဟု ဆိုလျှင်။ အကျွန်ုပ်သည် အစ့ဉ်သားကိုသာ မြော်၍နေသည်၊ ရဟန်းပြုတော့အံ့ဟုဆို၍၊ တစိတ်တည်းအလိုတူကြသဖြင့်။အလုံးစုံသော စည်းစိမ်ကိုစွန့်၍။ ပန်ရည်စွန်းသော သင်္ကန်းသင်္ကံကို ဝတ်မှာဝယ်စေ၍။ တယောက်ဦးဆံကို တယောက်ချသဖြင့်။ ဤလောကဒ္ဓိအံ့ဩဖွယ်သူသည် ဗုဒ္ဓ၁ဖြစ်၏။ ထိုသူကိုရည်၍ ငါတို့ ရဟန်းပြု၏ဟု ရဟန်း ပြုပြီးသော်။ သင်္ကန်းလွယ်၍ ပြာသာဒ်ထက်မှသက်သည်ကို တစုံတယောက်မျှမသိသည်ဖြစ်၍။ နေသောရှာမှသည် ကျွန်အမှုလုပ်သော သူတို့၏ရှာသို့ရောက်မှ ရှာတံခါးအနီးဦးသွား၁သော အသွင်အပြင်ကိုဖြင်လျှင် ထိုရှာသားတို့သိ၍။ အကျွန်ုပ်တို့အား ကိုးကွယ်ရာမရအဘယ်ကြောင့် ဤသို့ ပြုတော်မူကုန်ဘိသနည်းဟု ခြေကိုဘက်၍ ဦးကြွေး ကုန်သည်စ့ဲ့ရှိသော်။ငါတို့သည် ဘဝသုံးပါးကိုပြောင်ပြောင်တောက်သောသစ်ရွက်ကုဋိကဲ့သို့ထင်၍ ရဟန်းပြုကုန်သည်။ သင်တို့ကို တယောက်တယော်ဘဲ စိတော်လှန်စေသည်ရှိသော် အနှစ်တရာသော်လည်း မလောက်။ သင်တို့ အလိုလိုဦးခေါင်းဆေး၍။ ကိုယ်ကိုကိုယ်ရှင် တော်လှန်ရစ်ကုန်ဟု ခွင့်ပေးသဖြင့်။ ထိုသူတို့ ဦကြွေး လူးလည်းကုန်စည် စွန့်သွား၍ ရှေသို့ရောက်လျှင်။ ဝိပ္ပလိလုလင် ပြန်၍ကြည့်သည်ရှိသော်။ ဤဘဒ္ဒါလည်းဇမ္ဗူဒိပါကျွန်းလုံးထိုက်သော မာတုဂါမဖြစ်သည်။ သို့ပင်ငါ၏ဖနောက်ဒ္ဒုလိုက်သဖြင့်။ တစုံတယောက်သော သူသည်။ ဤသူ ဤသူ ဟိုသည် ရဟန်းပြုလျက်လည်းမကွေမကွာသွား၁ကြ၏ဟု။ ယုတ်မာသော အမှုဒုစ္စရိုက်ပြစ်မှား၍ အပါယ်လေးပါး လားပေအံ့။ ဘဒ္ဒါကို စွန့်၍သွား၁သော် ကောင်း၏ဟုကြံ၍ အတန်ငယ်သွားပြီးလျှင် ခရီးနှစ်ဖြာကွဲသည်ကိုဖြင့်၍၊ ခရီးထိပ်ဒ္ဒုရပ်လျက်။ ဘဒ္ဒါလည်းဝိုင်း၍ ရပ်သည်ကို အကြံရှိသည်အတိုင်းဆို၍။ဤခရီးနှစ်ကြောင်းတွင်၊တဲ့ကြောင်းကြောင်းကိုဘဒ္ဒါယူ၊ ငါလည်းတကြောင်းခရီးဖြင့်သွားအံ့ဟုဆိုသည်ရှိသော်။ ဟုတ်၏အခွင့်သား၊ မာတုဂါမတို့သည် ရဟန်းတို့အညစ်အကြေးမှန်၏။ အခွင့်သာသည်ဖြတ်သောယောကျ်ားဖြစ်သောကြောင့်လကျ်ာခရီးကို ယူတော်

မူ။အကျွန်ုပ်လဲကံဝဲခဒိုးကိုယူအံ့ဟုလက်ျာရစ်သုံးကြိမ်လှည့်၍ လေးပါး ဧသဲဘာအရပ်မျက်နှာကို၌ ပဉ္စုပတိဋ္ဌိတဖြင့်ရှိသေစွာဂါရိုးပြီးသော်။ လက်သည်းဆယ်ပွင့် ထွန်းပခြင်းရှိသော လက်အုပ်ကို ထိပ်သက်သို့ တင်၍ ကမ္ဘာတဆိန်းကာလပတ်လုံးအတူတကွ ပေါင်းဘက်ကြသောအဆွေခင်ပွန်းအဖြစ်သည် ယခုနေ့လျှင်ပြတ်တော့မည်ဟု ခရိုးတကြေးငိုးလှမ်းလျှင်ပင်။ယူဇနာနှစ်ဆိန်းလေးသောင်းအထုရှိသော မဟာပထဝီသည်။ စကြဝဠာ မြင်းမိုရ်ယုဂန္ဓိုရ် အစရှိသည်ကိုးသော်ကား ငါရွက်ဆောင်နိုင်ဏ်။ သူမြတ်နှစ်ပါး၏ ဂုဏ်ကို မရွက်ဆောင်နိုင်ဟု ဆိုဘိသကဲ့သို့။ ကြည်းဟိုးလျက် ပြင်းစွာလှုပ်၍ အခါမဲ့၌ မိုးယံးကြိုးကျခြင်း စကြဝဠာမြင်းမိုရ် ယုဂန္ဓိုရ်၏ ညွတ်ခြင်း အစရှိသည်တို့ဖြင့် နှိမိတ်ကြီးစွာ ထင်သည်ရှိသော် ။မင်းကျောင်းဗိမာန်ဝယ်ဥစုဝန်၌ ဂန္ဓကုဋိတွင်နေတော်မူစဉ်။ ထိုအသံကိုကြား၍အဘယ်အကြောင်းနည်းဟုဆင်ခြင်တော်မူသဖြင့် ထိုအကြောင်းကို သိတော်မူလျှင် ငါသည်ပို်ဟ်ခြင်းကို ပြုအပ်၏ဟု ဂန္ဓကုဋိမှ ထွက်တော်မူ၍။ တပေါက်အထိုးတည်း သုံးဂါဝုတ်တိုင် တိုင်ကြိုတော်မူလင့်၏။ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြားတွင် ဗဟုပုတ္တဒမည်ရှိသော ပဉ္စောင်ပင်ရင်း၌။ အတောင်ရှစ်ဆယ်မျှလောက်သောတခဲနက်သော ရောင်ခြည်ကိုလွှတ်တော်မူလျက် နေတော်မူသည်ရှိသော်။ခြောက်ပါးဧဂျာရောင်ခြည်တို့သည်ဘီးဝန်းရှိရှိ။ရထားလှည်းဘီးရှိရှိ။ စုလစ်မွန်းသွန်ရှိရှိ ကိုယ်တော်မှထွက်၍ ထိုမှ ဤမှ ပြေးသဖြင့်။ လအထောင် နေအထောင် ထွက်ဘိသကဲ့သို့ထင်၍။ ထိုမှ ဤမှ ကြည့်သည်ရှိသော် ရွှေစင်ခဲနှင့်တူသော ပဉ္စောင်ပင်ကိုမြင်လျှင် ထိုပဉ္စောင်ရင်း၌ မြတ်စွာဘုရားကိုမြင်သဖြင့်။ ဤဘုရားသည် ငါ့ဆရာ။ ဤဘုရားကိုရည်၍ ငါရဟန်းပြုသည်ဟု မြတ်စွာဘုရားကို မြင်သောအခါမှစ၍ ကိုင်းညွတ်သောကိုယ်ဖြင့် အထံတော်သို့ကပ်၍။ ဘုန်းတော်ကြီးသော ဘုရားသည် ငါ့ဆရာ။ ငါသည် ဘုန်းတော်ကြီးသော့ဘုရားတပည့်ဟု။ သုံးပါးသောအရပ်၌၌ ရှိသေစွာဂါရိုးခြင်းကိုပြုသည်ရှိသော်။ ကသဿပ၊ သင်ကသဿပသည်ယူဇနာနှစ်ဆိန်းလေးသောင်းအထုရှိသော သသမ္ဘာရ ရံ ပထဝီအား ဤသို့သော ကျိုးနွံခြင်းကိုပြုအံ့။ထိုဖြေသော်လည်းမခံနိုင်ရာ။ ကသဿပအား ငါဇွဒဒါပဇ္ဇုကိုပေးအံ့ဟု။ တသွေတိဟတောကသဿပဇဝံသိကိုတော်မူ၏။ အစရှိသောသုံးပါးသောဆုံးမခြင်းတို့ဖြင့် သြဝါဒဥပ

သမ္ဗဒဖြစ်စေ၍။ ဗဟုပုတ္တနိဂြောဓမ္မ ထွက်၍ သွားဇတ်မူဏျင် ကြီးစွာသော ရွှေလွှေဏိနောက်၌ ပါသော ရွှေလောင်းငယ်ကဲ့သို့။ သုံးဆဲ့နှစ်ပါးသော မြတ်သော ယောဂ်ကျားဏီ၏ လက္ခဏာနှင့် ပြည့်စုံသော မြတ်စွာဘုရားဏီ၏နောက်တော်၌ ဒုနစ်ပါးသော မြတ်သော ယောဂ်ကျားဏီ၏ လက္ခဏာနှင့် ပြည့်စုံသော ဂုဏ်မဟာကသ ပ လိုက်သည်ရှိသော်။ ခဏိုးမှ စ၍ တာရသော်သစ်ပင်ရင်းဒ္ဓ နေအံ့သောအခြင်းအရာကို ပြတော်မူလျင်။ နေတော်မူလိုသည်ဖြစ်မည်ဟု ဒုက္ခဋ္ဌကို လေးခေါက် ခေါက်၍ ခင်းသဖြင့်။ ထိုဒုကုဋ္ဌဒ္ဓနေတော်မူ၍။ ကသပ၊ ဒုကုဋ္ဌသိမ်မွေ့သည်သင်္ကန်းဏီ၏ဟု အစွန်ကိုကိုင်၍ ဝဲလက်တော်ဖြင့် သုံးသပ်တော် မူသည်ကို။ အလိုတော် ရှိသည်ဖြစ်မည်ဟု သိ၍။ အရှင်ဘုရား၊ အကျွန်ုပ်ကို သနားတော် မူသဖြင့် ဤဒုကုဋ္ဌကိုခံတော်မူပါဟု လျှောက်သည်ရှိသော်။ ကသပ၊ သင် အဘယ်ကို ဝတ်မည်နည်းဟု မေး၍။ ဒုပဋ္ဌတော်ကို ရသော် ဝတ် ပါမည်ဟု လျှောက်သဖြင့်။ ဤသင်္ကန်းဒ္ဓ လျှောက်ပတ်စွာကျင့်နိုင်မည်လော်ဟု၍မေးတော်မူသည်ဟုသိ၍။ဆောင်နိုင်အံ့သော်အခြောင်းကို လျှောက်သဖြင့်။သင်္ကန်းတော်နှင့် ရှင်မဟာကသ ပဒုကုဋ္ဌကို ပလွှယ်၍ပေတော်မူလျင်။စိတ်စေတနာမရှိသော ဤငြေကြီးသည် ရုံတော်မူသော် သင်္ကန်းကို တပည့်သားတို့နှင့် ပလွှယ်၍ ဝတ်ဘူးသည်မရှိ၊အလွန်ပြုခဲသောအမှုကို ပြုတော်မူပေသည့် အံ့ဘွယ်ရှိလှ၏ဟု။ ရေ အပိုင်း အခြားပြု၍ ပြင်းစွာ တုန်လှုပ်သည်ရှိသော်။ ဘုရားတို့သည် သုံးဆောင်၍ ကိုယ်တော်ဒ္ဓ နွမ်းသော သင်္ကန်းကို ရပြီးသော်၊ ဤအမှုထက် လွန်၍ပြုအပ်ဘူးည် မရှိပဲဟု စောင်မာန မတော်သည် ဖြစ်၍။ ထို သင်္ကန်းနှင့် လျှောက်ပတ်စွာကျင့်လိုသောကြောင့်။ဘုရားအထံဇတော်ဒ္ဓ ဇတင်တော်ရသကို ဆော်က်တည်၍ ခုနစ်ရက်သားပုဆုဇဉ်အဖြစ်ဒ္ဓ ဝံတည်သဖြင့်။ ရှစ်ရက် မြောက်သောနေ့ဒ္ဓ ရဟန္တာဖြစ်၍ ဂတုနာဗိမာန်ဇောတဝန်ဒ္ဓ နေတော်မူလျက်။

သံဃာတော်အပေါင်းတွင် ဓုတင်အင်္ဂါ၌ ဇောတဒဂ်သို့တင်တော်မူသော အရှင်မဟာကဿပ ဖြစ်လျှာ၏ ဟူလိုသော်။ ။

၁၄၀။ သိကြားမင်း၏ ရှင်အနုရုဒ္ဓါဖြစ်လျှောရာ၌ ဗျာဒိတ်ခံသည်ကစ၍ ပြဆိုအပ်သောအတိတ် ပစ္ဆုပ္ပန်ဝတ္ထု အကျယ်စကား။

ထိုရောအခါ သိကြားသည် ယခု အခါ၌ အနုရုဒ္ဓါ ဖြစ်လျှာ၏ ဟူရာ၌ အသို့ဖြစ်လျှာသနည်းဟူမူကား။ ရှေးဘုရားတို့၌ ပန်သော ဆုဂ္ဂိသည်ဖြစ်၍။ ဤကမ္ဘာမှသည် ကမ္ဘာတသိန်းထက်တွင် ပဒုမုတ္တရဘုရားဖြစ်တော်မူသောအခါ၌ ပြည့်စုံသော စည်းစိမ်ရှိသော သူကြွယ်ဖြစ်၍။ တနေ့သ၌ မြတ်စွာဘုရား အထံတော်တွင် တရားနာသည် ရှိသော်။ တယောက်သောတပည့်တော်ကို ဒိဗ္ဗစက္ခု အရာ၌ ဇောတဒဂ် ထား တော်မူသည်ကို မြင်လျှင်။ တသိန်းသော သံဃာတော်နှင့်တကွ မြတ်စွာဘုရား အား ကြီးမြက်သောအသူကိုပေး၍ ခုနစ်ရက်မြောက်သော နေ့၌ အဝတ် သင်္ကန်းနှင့်ကာကွ များစွာသော ပရိက္ခရာကို လှူပြီးသော်။ ဤသို့ အကျွန်ုပ် ကြီးစွာသော အသူကောင်းမှုကို ပြုခြင်းသည် လူနတ်၏စည်းစိမ်ကို တောင့်တသဖြင့်မပြု၊ နောင်လာလတ္တံ့သော ဘုရားသခင်၏အထံ၌ ဒိဗ္ဗစက္ခု အရာ မြတ်သစွာ ဖြစ်ပျက်ချင်း၏ ဟု ပဏ္ဍနာ ပြုသည်ရှိသော်။ ပြည့်စုံပေလတ္တံ့ လော်ပါ့ အနာဂတံသ ဉာဏ်ဖြင့် ကြည့်တော်မူ၍။ ဤကမ္ဘာမှသည် ကမ္ဘာတသိန်း မြောက်တွင် ဂေါတမ ဘုရား ဖြစ်မတော်မူသော အခါ၌ ပြည့်စုံပေလတ္တံ့ ဟု ဗျာဒိတ် ပေးတော်မူ၍။ ပဒုမုတ္တရဘုရား ပရိနိဗ္ဗာန် ပြုတော်မူလျှင်။ ရွှေအုင်္ဂတ်အတိုင်းသော ခုနစ်ယူဇနာရှိသော စေတီတော်၌ များလှ စွာသော ဆီမီးတိုင် ဆီမီးခွက် တို့ဖြင့် ဒိဗ္ဗစက္ခု ဉာဏ်၏ အကြောင်း ဖြစ်စေသောဟု မြတ်သောပူဇော်ခြင်းကို ဖြစ်စေပြီးသော်။ ထိုကစ၍ ပါရမီအထပ်ထပ် ဖြည့်သဖြင့်။ ကသဿပမြတ်စွာဘုရား လက်ထက်တော်၌ ဗာရာဏသီပြည်၌သူဌေးဖြစ်၍ ပရိနိဗ္ဗာန် ပြုတော်မူလျှင်၊ ရွှေအုင်္ဂတ်အတိုင်းသော တယူဇနာ ရှိသော စည်းခုံတော်၌ အနားရေးကို အနားရေးချင်း ထိစေလျက်၊ ကြေးဆီမီးခွက်အတိ ထက်ဝန်းကျင် စီ၍ ကြည်လွှာစွာသော ထောပတ်ဖြင့် ဆီမီးပူဇော်ပြီးသော်။ ထိုသူဌေးလည်း

ကြီးလွန်စွာသော ကြေးခွက်၌ ထောပတ်အတိ ပြည့်စေလျက် တထောင့်
သောဆီမီးစာညှိ၍ ဦးခေါင်းဖြင့်ရွက်ပြီးသော်။ တွန်ဥပုတ်လုံး စည်းဆုံ
တော်ကိုလှည့်၍ ဒိဗ္ဗစက္ခုဉာဏ်အကြောင်းကို ဖြည့်သင်ဖြင့်။ တို့ဖြတ်စွာ
ဘုရား ဖြစ်တော်မူသော်အခါ၌။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ညို
တော် ဓောတောဒနမင်းကြီးသားဖြစ်၍။ ဘုရားလောင်းကဲ့သို့ ဥဝဇုံဆုံး
ပါးအား လျောက်ဖတ်စွာသော ပြာသာဒ် သုံးဆောင်၌ များစွာသော
မော်ငင်းမအပေါင်း ခြံရုံလှုက်. ကြိုးစွာသောစည်းစိမ်ဖြင့် နတ်လုလင်ကဲ့
သို့ စံပယ်သည်ရှိသော်။ မြတ်စွာဘုရားသည် အနုပိယ ဒံမည်ရှိသော
မလ္လမင်းတို့၏ နိဂုံးရွာကို ဆွမ်းအမြဲပြု၍။ အနုပိယအမည်ရှိသော သ
ရက်ဥယျာဉ်၌ နေတော်မူစဉ်။ ဘွားတော်မူစက လက္ခဏာဘတ်သော
နှဲ့၌ မင်းဖြစ်သော်ငင်း ဘုရားဖြစ်သော်ငင်း။ မင်းသားအခြံအရံရှိသည့်
ဖြစ်၍ သွားပစေဟု ရှစ်သောင်း သော သာကီဝင် မင်းတို့သည် ရှစ်
သောင်းသောသားတို့ကို အခြံအရံအလှိုငှါဝန်ခံကုန်သောမင်းသားတို့
သည်။ များသောအားဖြင့် ရဟန်းပြုကုန်လျက်။ ဘုန်ဖြိုယာ။ အနုရုဒ္ဓါ။အာ
နန္ဒာ။ ဘဂု။ ကိမိလ။ ဒေဝဒတ်။ ဤခြောက်ယောက်သော် မင်းသားတို့
ရဟန်း မပြုကုန်သည်ကို။ ဤသူတို့ ရဟန်းမပြုကုန်သည်ကား အမျိုး
မတော်ပါသလောဟု သာကီဝင်မင်းသားတို့ ဆိုသည်ကို ကြားလျှင်။
မဟာနာမ်မင်းသားလည်း ညီတော်အနုရုဒ္ဓါကို သူများအမျိုးမှာရဟန်း
ပြုပလေကုန်ပြီ။ ငါတို့အမျိုးမှာ ရဟန်းမပြုသေး။ ငါ့သော်လည်းရဟန်း
ပြုမည်။ အနုရုဒ္ဓါသော်လည်း ရဟန်းပြုရမည်ဆိုသည်ကို။ ရဟန်းဟူ
သည် အဘယ်ကိုဆိုသနည်းဟု အနုရုဒ္ဓါမင်းသား မေး၏။ အဘယ်
ကြောင့် မေးသနည်းဟူမူကား။ အလွန်သိမ်မွေ့နုးညံ့သလဲ၊ ကြီးသော
စည်းစိမ်ရှိသလူ၊ မရှိဟူသောစကားကိုမျှ မကြားဘူးသလူ ဖြစ်သော
ကြောင့် မေးသတည်း။ အဘယ်သို့မကြားဘူးသနည်းဟူမူကား။တနေ့
သ၌ ထိုမင်းသား ခြောက်ပါးတို့သည် အနှီမူးရည်း ကစားကုန်ကုတွင်
အနုရုဒ္ဓါမင်းသားသည် မုံ့ဂျုံးဖျော် မယ်ဇတော်မှာ မုံ့တောင်းရလေသော်။
မယ်တော်ပေးလိုက်သောမုံ့ကို စားကြ၍ ထိုဒယတ္ထင်း သုံးကြိမ်ဂျုံးသ
ဖြင့် သုံးကြိမ်တောင်းတိုင်းပေးလိုက်လျှင်။ လေးကြိမ်မြောက်တောင်း
ပြန်သဖြင့် မရှိဖြိုဟု မယ်တော်မှာလိုက်သည်ကို။ မရှိဟူသောစကားကို
မကြားဘူးသောကြောင့်။ မရှိဟူသည်လည်း မုံ့အထုံးငင်းဖြစ်ရ၍မည်ဟု

ကြီ၍ မရှိမုံ့ကိုပေးလိုက်ပါဟု တောင်းသည်ကို။ ငါ့သားမရှိဟူသော အမှုကြောင်းကို မသိနှသောကြောင့်။ သိစေအံ့ဟု ဖွေစွက်တံလုံးတွင် ဖွေ ခွက်တံလုံးကိုမျှော်၍ ပေးလိုက်သည်ရှိသော်။ ထိုအကြောင်းကို ဖြို စောင့်နတ်ဘို့သိ၍။ အနုဂ္ဂဒ္ဓါမင်းသားသည် အနန္တဘာရဖြစ်သော အခါ၌ မိမိဖခင်ရာတို့ကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား လှူ၍။ မရှိဟူသောစကားကို ကြားရသည်မဖြစ်လို၊ ထမင်းဖြစ်ရာအရပ်ကို သိရသည်ကိုယ်မဖြစ်လို ဟူဆုတောင်းပြင်းကိုပြု၏။ အကယ်၍ အနုဂ္ဂဒ္ဓါမင်းသားသည် အချည်း သက်သက်ဇသော ဖွေစွက်ကို ဖြင့်အံ့။ နတ်၏ အစည်းအဝေး သို့သော် လည်း ငါတို့မဝင်ရသော်ရာ။ ဦးခေါင်းသော်လည်း ခုနစ်စိတ်ကွဲရာ၏ဟု။ ထိုဖွေစွက်၌ နတ်၏ မုံ့အတိကို ပြည့်စေသည်ရှိသော်။ ထိုမုံ့သည် မင်း သားဖွေသို့ရောက်၍ ဘွင့်လျှင်ပင် ဖြို့အသုံးမွှေး၍ ခံတွင်း၌တင်လျှင် အ ကြောဝ်ခုနစ်ထောင် နှံ့သဖြင့်။ ငါ့မိငါ့ဘတို့သည် ငါ့ကိုမချစ်၍ ဤမျှသော ကာလပတ်လုံး မရှိမုံ့ကို မပေးပါဟုကြံ၍။ မယ်တော်အထံသို့ရောက် လျှင်မိခင် ငါ့အား ချဉ်သလော မချစ်သလောဟုမေး၍၊ မျက်စိတဘက် သာ ရှိသသူသည် ထိုမျက်စိကိုချစ်သကဲ့သို့ နှလုံးသည်းပွတ်နှင့်အတူ ချစ်၏ဟု မယ်တော်ခရိသည်ကို။ ထိုသို့လျက် အဘယ့်ကြောင့် မရှိမုံ့ကို မပေးပါသနည်းဟု ဆိုသဖြင့်။ ဘဘယ်အကြောင်းနည်းဟု အလုပ်အ ကျွေးအား မယ်တော်ဒုမေး၍ကြားလျှင်။ ငါ့သားဘုန်းရှိသသူ ဆုတောင်း ဘူးသသူဖြစ်၍ နတ်တို့စိရင်းသည် ဖြစ်မည်ဟု။ ထိုမှစ၍ သားတော်မုံ့ စားလို၏ဟူလျှင်။လူ၏ဘောင်၌နေသော ကာလပတ်လုံး။ ဖွေစွက်တံလုံး တွင် ဖွေစွက်တံလုံးကိုအုပ်၍ပို့လျှင် နတ်၏မုံ့အတိုပြည့်၍ ဤသို့မရှိဟူ သောစကားကိုမျှ မကြားဘူးသော မင်းသားသည် အဘယ်မှာရဟန်း အဖြစ်ကို သိလတ္တံ့နည်း။ ထို့ကြောင့် ရဟန်းဟူသည် အဘယ်ကိုဆို သနည်းဟု နောင်တော်ကို မေးသတည်း။ နောင်ကော်လည်း ဆံမုတ် ဆိတ်ကိုချ၍ ပန်ရည်စွန်းသော သင်္ကန်းကိုဝတ်၍။ သင်္ခရက်သစ်ခက် ညောင်စောင်းအင်းပျဉ်၌အိပ်၍ ဆွမ်းခံ၍စားသည်လျှင် ရဟန်းအဖြစ် ဟုဆိုလျှင်။ အကျွန်ုပ်သိမ်မွေ့သည်သက်သည်ဖြင့်သောကြောင့် ရဟန်းပြု ခြင်းငှါမစွမ်းနိုင်ဟု ဆိုသဖြင့်။ မစွမ်းနိုင်သော်လည်း လူတို့၏လုပ်ဆောင်ရာ သောအမှုကိုသင်၍ အိမ်တွင်နေရစ်။ ငါကိုနှစ်ယောက်တွင် တယောက် ယောက်သည် ရဟန်းမပြုသော် မသင့်ချေဟု နောင်တော်ဆိုလျှင်။ လူ

တို့ လုပ်ဆောင်ရာသော အမှုဟူသည် အဘယ်ကိုဆိုသနည်းဟုမေးဇ၏။ အဘ သို့ကြောင့်မေးသနည်းဟူမူကား။ ထမင်းဖြစ်ရာ အရပ်ကိုမျှမဝံသော မင်းသားသည် လူတို့လုပ်ဆောင်ရာသောအမှုကို အဘယ်မျှဝဲသိလတ္တံ့နည်း။အဘယ်သို့ ထမင်းဖြစ်ရာအရပ်ကို မဟိသနည်းဟူမူကား။ တနေ့သ၌ မင်းသားသုံးပါးတို့နေကြရာတွင်၊ ထမင်းဖြစ်ရာအံ့ရင်သည် အဘယ်နည်းဟု မေးသည်ကို။ ကိမိလမင်းသားသည် ကံ၌ထမင်းဖြစ်ဇ၏ဟုဆိုသည်ရှိသော်။ သုဇာသည် ထမင်းဖြစ်ရာအရပ်ကိုမသို့။ ထမင်းသည်အိုးဌာသာဖြစ်သည်ဟု ဘဒ္ဒိယမင်းသားဆိုသည်ကို။ အာနဉ္စရာဇာမင်းသားသည် သင်တို့နှစ်ယောက်ပင်မသိ။ ထမင်းသည် ဓာတ်ငါးပါးဖြစ်၏ဟုဆိုသတည်း။ အဘယ်နည်းဟုမေးကြောင်းနည်းဟူမူကား။ ကိမိလမင်းသားသည် ကျိုဌာစပါးထုတ်သည်ကိုဖြင်၍ စပါးသည် ကျိတွင်သာဖြစ်သည်ဟုအဖန်ဖန်ရှိသတည်း။ ဘဒ္ဒိယမင်းသားသည် တနေ့သဌာ ထမင်းအိုးမှ ထမင်းခူးသည်ကိုဖြင်၍။ ထမင်းဖြစ်ရာအရပ်ကို မဟိသနည်းဟူမူကား။ တနေ့သဌာ မင်းသားသုံးပါးတို့နေကြရာတွင်၊ ထမင်းဖြစ်ရာအံ့ရင်သည် အဘယ်နည်းဟု မေးသည်ကို။ ကိမိလမင်းသားသည် ကံ၌ထမင်းဖြစ်၏ဟုဆိုသည်ရှိသော်။ သုဇာသည် ထမင်းဖြစ်ရာအရပ်ကိုမသို့။ ထမင်းသည်အိုးဌာသာဖြစ်သည်ဟု ဘဒ္ဒိယမင်းသားဆိုသည်ကို။ အာနဉ္စရာဇာမင်းသားသည် သင်တို့နှစ်ယောက်ပင်မသိ။ ထမင်းသည် ဓာတ်ငါးပါးဖြစ်၏ဟုဆိုသတည်း။ အဘယ်နည်းဟုမေးကြောင်းနည်းဟူမူကား။ ကိမိလမင်းသားသည် ကျိဌာစပါးထုတ်သည်ကိုဖြင်၍ စပါးသည် ကျိတွင်သာဖြစ်သည်ဟုအမှတ်ရှိသတည်း။ ဘဒ္ဒိယမင်းသားသည် တနေ့သဌာ ထမင်းအိုးမှ ထမင်းခူးသည်ကိုဖြင်၍ ထမင်းသည် အိုးတွင်သာဖြစ်သည်ဟု အမှတ်ရှိသတည်း။ အာနဉ္စရာဇာမင်းသားသည်ကား စပါးထောင်းခြင်း၊ ထမင်းချက်ခြင်းအစရှိသည်ကို မဖြင်စဘူး၊ ခူး၍အစွန်းကြွေကြွင်တည်ဝသည်ကို သာဖြင်သောကြောင့် ထမင်းစားလိုလျှင် အစွန်းကြွေကြွင်သာ ဖြစ်သည်ဟုအမှတ်ရှိသတည်း။ ထို့ကြောင့် လူတို့လုပ်ဆောင်ရာသော အမှုဟူသည် အဘယ်နည်းဟုမေးသတည်း။ ။ဤမည်သောအခါ၌ ဥဒုံးစွာလယ်ထွန်စေအပ်၏၊ ဤမည်သောအခါ၌ ပျိုးနှုတ်စေအပ်၏။ ဤမည်သောအခါ၌ ကောက်စိုက်စေအပ်၏။ဤမည်သောအခါ၌ ရေသွင်းစေအပ်၏။ဤမည်သောအခါ၌ ရေထုတ်စေအပ်၏။ ဤမည်သောအခါ၌ ကောက်ရိတ်စေအပ်၏။ ဤမည်သောအခါ၌ နယ်စေအပ်၏။ ဤမည်သောအခါ၌ လှေ့လှင့်စေအပ်၏။ ဤမည်သောအခါ ကျိ၌သွင်းစေအပ်၏။ဤသို့အစရှိသော လူတို့၏အစီအရင်ကိုသင်သည်ရှိသော်။ထိုသို့တပြိုးကား အမှုတို့၏အာဆုံးသည် မရှိပြီ။အသို့လျှင် ကြောင့်ကြခဲ့နေရအံ့နည်း။ လူဟူ၏အမှုကို အကျွန်ုပ်မစွမ်းနိုင်။နောင်တော်စိုရင်တော့၊ အကျွန်ုပ်ရဟန်းပြုမည်ဟု မယ်တော်အား တောင်းပန်သည်ကို သုံးကြိမ်မြစ်၍ မနိုင်လျှင် အလိုမပါပေရာဟူသောအမှတ်ဖြင့်။ မောင်၏အဆွေ ဘဒ္ဒိယမင်းသား ရဟန်းပြုက မောင်ပြုပါလော့ဟုခွင့်ပေးသဖြင့်။ဘဒ္ဒိယမင်းသံဝဲကိုအလိုမပါပါကြောင်း ညှိုသွဲ့က်၍။ ဘဒ္ဒိယမင်းသား။ အာနဉ္စရာဇာမင်းသား။အာ

နန္ဒာမင်းသား။ ဘဂုမင်းသား။ ကိမိလမင်းသား။ ၄ဒဝဒတ်မင်းသားတို့သည့် ဥပါလိဆေတ္တာသည်နှင့်သော် ခုနစ်ယောက် မြောက်သည်ဖြစ်၍။ ခုနစ်ရက်ပတ်လုံး နတ်ဧကာစည်းစိမ်နှင့်တူသော စည်းစိမ်ကိုခံစား၍ ဥယျာဉ်ဦး ကစားခဲ့ပေသော် အစိဒမရင်ဖြင့် စစ်အင်္ဂါ လေးပါးနှင့်တကွ ထွက်၍။ တိုင်းတပါးသို့ရောက်လျှင် စစ်သည်အင်ပေါင်းကို ပြန်စေ၍။ ဆင်သော တန်းဆာဘို့ကိုချတ်၍ ထုတ်စေပြီးမှ။ ဤဂါတို့တန်းဆာဖြင့် အသက်မွေးပါ၌လေဟု၊ ဥပါလိကိုလွှတ်လိုက်၍။ ထိုမင်းဇ၏ခြေကိုဝတ်၍ ငိုမြည်တမ်းလျက် အာဇာဝမဆန် ပြန်ခဲ့ပြီးသော်။ သာကိဝင်မင်းသားတို့သည် ခက်ထန်ကြမ်းကြုတ်ကုန်၏။ ဤသူ မင်းသားများကိုသတ်၍ တန်းဆာကိုယူခဲ့သလောဟု မစူးစမ်းဘဲသော်လည်း ငါ့ကိုသတ်ရာ၏။ ဤမင်းသားတို့စင်လျက် ဤသို့သောစည်းစိမ်ကိုစွန့်၍ ရဟန်းပြုသေး၏ ရှင့်။ ငါဘုံသော်ကား အဘယ်ဆိုဘွယ်ရာ ဂိုဏ်ခုံနည်းဟု တန်းဆာထုပ်ကို သစ်ပင်တွင် ဆွဲခဲ့၍ မင်းသားတို့ထံသို့ ပြန်ပြန်လတ်သည်ကို။ အရှေ့ကြောင်းမေး၍ကြာ့လျှင် ဥပါလိကိုယူခဲ့၍မြတ်စွာဘုရားအထံတော်သို့သွား၍။ အကျွန်ုပ်တို့ သာကိဝင်မင်းသားတို့သည် စောင်မာန်ကြီး၏။ အခွံကျွန်ုပ်တို့ အလုပ်အကျွေးဖြစ်သော ဥပါလိကို အလျင်ရဟန်းပြုတော်မူပါ။အကျွန်ုပ်တို့သည် ဤသူ့အား ဂိုဏိုးခြင်း၊ခရီးဦးကြိုဆိုခြင်းအစရှိသည်ကိုပြုသဖြင့်။ အကျွန်ုပ်တို့စောင်မာန်ကို ညှဲ့ကုန်အံ့ဟု ဥပါလိကို ရှေးဦးစွာရဟန်းပြုစေ၍။ နောက်မှ မင်းသားတို့ ရဟန်းပြုကုန်သဖြင့်။ ဘဒ္ဒိယထေရ်သည် ထိုဝါတွင်းဌ တေဝိဇ္ဇဖြစ်၍။ အရှင်အာနန္ဒာသည် ဣဒ္ဓိပါဋိဟာရိယ်ကို ဖြစ်စေတတ်သော သမာပတ်ဝင်စားခြင်းဌာန၌ တည်၍။ ဘဂုထေရ် ကိမိလထေရ်တို့သည် နောက်ကာလ၌။ ရဟန္တာဖြစ်၍။ အရှင် ဒေဝဒတ်သည် လောကီအဘိညာဉ်တန်းခိုးနှင့် ပြည့်စုံသည်ဖြစ်၍။ အရှင်ဥပါလိသည် ဝိနည်းအဂ်ရာဌ ဧတဒဂ်ရ၍။အနုရုဒ္ဓါမင်းသားကား ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရသဖြင့်။နောက်၌ မဟာပုရိသ ဝိတက္ကသုတ္တန်ကိုကြားလျှင် ပဋိသန္ဓိဒါပတ္တရဟန္တာဖြစ်၍ ဒိဗ္ဗစက္ခုအရာ၌ ဧဘဒဂ် ထားတော်မူသော ညီတော် အနုရုဒ္ဓါဖြစ်လျှာ၏ဟူလိုသော်။

၁၄၁။ မဟာဒသုတသောမမင်းမယ်တော်
ခမည်းထော်တို့၏ဘုရားမယ်တော်ခမည်းနှင့်တော်ဖြစ်လာ
ရာဌမဟာသမ္မတမင်းကစ၍ပြုဆိုအပ်သော်ဤတိတ်
ပုန်းပုန်ဝှက်အကျယ်စကားဝိုး။

ထိုရော အခါ၌ မယ်တော် ခမည်းတော်'တို့သည် ယခု အခါ၌ အံသြဖွယ်ရန်ခတို့ပယ အမျိုးဖြစ်သော မယ်တော် ခမည်းတော်'ဖြစ်လာ၏ ဟူရာ၌ အသို့ဖြစ်လာသနည်း ဟူမူကား။ ဤဘဒ္ဒကပ်က မှ ပေါ် ဦးစက အာဘသံရဖြဟ္မာတို့သည်ဥပပတ်ပဋိသန္ဓေ နေလာသဖြင့်။ ဆင်မိုးကဲ့သို့ ကိုယ်အရောင်ဖြင့် ထွန်းပခြင်း၊ကောင်းကင်၌သွားခြင်း တည်းဟူသော ကမ္မဇိဒ္ဓိတန်းခိုး ဂိုကုန်သည်ဖြစ်၍။ မြင့်ရှည်စွာကြာလျှင် လျှပ်ပေါ် သော် သူတယောက်သည် ရေမရှိသော နိုးစာနာနှင့်တူသော ဖြေဆီသြဇာကို စားသည်ရှိသော် ထိုသူတို့၏ဒိဋ္ဌာနုဂတိ ဂိုကုန်သည်ဖြစ်၍ ထိုဖြေဆီကို စားကုန် သဖြင့် ကိုယ်ရောင် ပျောက်ခဲ့လျှင် ကြောက်လန့် တကြား ဖြစ်ကုန်၍ အလင်းကို တောင့်တရာတွင်။ ပဂ္ဂုဏ နက္ခတ်နှင့် ယှဉ်သော တပေါင်းလပြည့်နေ့၌ နေလ နက္ခတ်ပေါ် သဖြင့် စကြဝဠာ မြင်းမိုရ် ယုဂန္ဓိုရ်၏ အစရှိသည်ဖြစ်၍ မြင့်ရှည်စွာကြာလျှင် ဖြေသြဇာ ကုယ်ပြန်ခဲ့ ၍။ ပျားမွှဲအရသာနှင့်တူသော ပဒါလတာနွယ်ကို စားသဖြင့်။ မြင့်ရှည် စွာကြာလျှင် ပဒါလတာနွယ် ကုယ်ခဲ့၏။ ဆန်သာသို့၍ မိုးဖြင့် မချက်။ ကျောက်၏ တောဇောဖြင့်သာ ကျက်သော အံကဉ်သာလိပ်ကြက နှမသာ လေးထမင်းကို စား်းကုန်သည်ရှိသော်။ မြင့်ရှည်စွာ ကြာလျှင် ဗဟုဆန်ကွဲ မျှေး၍ စပါးဖြစ်သဖြင့်။ နံနက် စားမည်တို့ကို နံနက်မှ၊ ညစားမည်တို့ကို ညမှယူ၍ ယူရာအတိုင်း ပြည့်ပြန်သည်ကို။ လျှပ်ပေါ် ပျင်းရိဖွယ်သူ တယောသံသည် ညနံနက်စားမည်ကို တခါတည်းယူသော်၎ ကောင်း၏ဟု ထိုကြံတိုင်းယူလျှင်ထိုသူ၏အတူပြုကုန်သဖြင့်။တစ္ဆေတစ္ဆေဆန်းပြန်၍။ နှစ်ရက်သုံးရက်စသံကသည် လခွဲစာတိုင်အောင်ယူသဖြင့် ယူရာပြည့်မြဲ မပြည့်လျှင်။သူဉစ္ဆာငါးဉစ္ဆာဟု အဓိပ်းဒုက္ခခြား ထားကြရာတွင်။လျှပ်ပေါ် မက်မောသော သူဖာယောက်သည် မိမိအ ဘို့ကို စောင့်ရှောက်ခဲ့ လိုသည်ဖြစ်၍ သူအဘို့ကိုယူချေသောကြောင့်၊ဥစ္စာရှင်ဝေ့၍ ပုတ်ခတ် ဆဲရေးခြင်း၊ ငြင်းခုံခြင်း ဖြစ်လတ်သည် ရှိသော်။ အကြီးအမဲ အကွပ်

အကဲမရှိသော်ငယကောင်းဟု ညွှိ၍တိုင်ပင်ပြီးမှ ထိုလူအပေါင်းတို့တွင် အဇာတ်အဆင်း တင့်တယ်ခြင်း၊ အလုံးအရပ် ဘုန်းပညာ လက္ခဏာတို့ဖြင့် လွန်ကဲခြင်းရှိသော, ငါတို့ ဘုရားလောင်းကို။ ကဲ့ရဲ့ ရှုတ်ချအပ်သသူကို ကဲ့ရဲ့ရှုတ်ချပါ၊ ချီးမြှောက် မ, စအပ်သသူကိုချီးမြှောက်မှ စ၍ပါ၊ တပါးအမှုကို မဂ္ဂုလင့်။ ငါတို့ညှိ၍ မျိုးရိုးကျွဲဖြင့် လုပ်ကျွေးမည်။ အရှင့်ကို ငါတို့ညှိ၍ မင်းမြှောက်ကုန်အံ့ဟု တောင်းပန်ပြီး၍။ လူအများ ညှိ၍ သမုတ်သော ဒေဿာဒ်ပတိ မဟာသမ္မတမင်း ဖြစ်သဖြင့်။ ထိုမင်းသား ရောစ။ ရောစသား ဝရဲရောစ။ ဝရဲရောစသား ကလျာဏ။ ကလျာဏသား ဝရကလျာဏ၊ ဝရကလျာဏသား ဥပေါသထ။ ဥပေါသထသား ဝရဥပေါသထ။ ဝရဥပေါသထသား မန္ဓာတု။ မန္ဓာတုသား ဝရမန္ဓာတု။ ဝရမန္ဓာတုသား ဥပဝရ။ ဥပဝရသား စေတိယ။ စေတိယသား မုစလ။ မုစလသား မဟာမုစလ။ မဟာမုစလသား မုစလိန္ဒ။ မုစလိန္ဒသား သာဂရ။ သာဂရသား သာဂရဒေဝ။ သာဂရဒေဝသား ဘရတ။ ဘရတသား ဇဓီရသ။ အဇီရသသား ရုစိ။ ရုစိသား သုရုစိ။ သုရုစိသား ပဘာပ။ ပဘာပသား မဟာပဘာပ။ မဟာပဘာပသား ပနာဒ။ ပနာဒသား မဟာပနာဒ။ မဟာပနာဒသား သုဒဿန။ သုဒဿနသား မဟာသုဒဿန၊ မဟာသုဒဿနသား နေရု။ နေရုသား မဟာနေရု။ မဟာနေရုသား အစ္ဆိမတည်းဟူသော နှစ်ကျိုးရှစ်ပေါက်သော မင်းဆက်တို့သည် အသက်အသရေ နေကုန်သည်ဖြစ်၍။ ကုသာဝတီပြည်၌ အဘိသိက် သွန်းခြင်းမင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အထွေးဆုံး ဖြစ်သော အစ္ဆိမမင်း၏ သားမြေးအစဉ်ဖြင့် တရားသော မင်းဆက်တို့သည် ကုသာဝတီပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အထွေးဆုံးဖြစ်သော အရိန္ဒမမင်း၏ သားမြေးအစဉ်ဖြင့် အဘယရာဇာပုရ ပြည်၌ အဘိသိက်သွန်းခြင်းမင်းအဖြစ်သို့ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အထွေးဆုံးဖြစ်သော ဒုပ္ပသဟမင်း၏ သားမြေးအစဉ်ဖြင့် အဆက်ခြောက်ဆယ်သော မင်းတို့သည် ဇာရာဘာသီပြည်၌ ဒဘိသိက် သွန်းပြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အထွေးဆုံးဖြစ်သော အဇိတဘူယမင်း၏ သားမြေးအစဉ်ဖြင့် ရှစ်သောင်း လေးထောင်သောမင်းတို့သည် ကပိလပြည်၌ အဘိသိက်သွန်းခြင်း မင်းအ

ဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ဖြဟ္မဒတ်မင်း၏ သားမြေးအစဉ်ဖြင့် သုံးဆဲ့ခြောက်ဆက်သော မှင်းတို့သည် ဟာထ္ထိပုရပြည်၌ အာဘိသိက်သွန်းခြင်း မင်းဒုံဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမှင်းတို့၏ အဝေးဆုံးဖြစ်သော ကမ္ဗလဝံသမင်း၏ သားမြေးအစဉ်ဖြင့် သုံးဆဲ့နှစ်ဆက်သောမင်းတို့သည် ဇကစက္ခုပြည်၌ အာဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ရောက်ကုန်၏၊ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ပုဏ္ဏဗဒဝမင်း၏ သားမြေးအစဉ်ဖြင့် နှစ်ဆဲ့ရှစ်ဆက်သော မင်းတို့သည် ဝဇိရ ၇တို့ပြည်၌၊ အာဘိသိက် သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော သာဓိနမင်း၏ သားမြေး အစဉ်ဖြင့် နှစ်ကျိပ် နှစ်ဆက်သော မင်းတို့သည် မဓုရပြည်၌ အာဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ခမ္မာဇွတ်မင်း၏ သားမြေးအစဉ်ဖြင့် တဆဲ့ရှစ်ဆက်သော မင်းတို့သည် အရိန္ဒမပုရပြည်၌ အာဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော သိပ္ပိမင်း၏ သားမြေးအစဉ်ဖြင့် ဝဲဆဲ့ခုနစ်ဆက်သော မင်းတို့သည် ဇာနုပတ္တနဂိုရ်ပြည်၌၊ အာဘိသိက် သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ဖြဟ္မဒေဝမင်း၏ သားမြေးအစဉ်ဖြင့် ၊တဆဲ့ခုနစ်ဆက်သော မင်းတို့သည် ဇကစက္ခု ပြည်၌ အာဘိသိက် သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ဗလဒဿမင်း၏ သားမြေးအစဉ်ဖြင့် တဆဲ့ လေးဆက်သော မင်းတို့သည် ကောသမ္ဗီပြည်၌ အာဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ဟာထ္ထိဒေဝမင်း၏ သားမြေးအစဉ်ဖြင့် ကိုးဆက်သော မင်းတို့သည် ကဏ္ဏကော့ဆွဲပြည်၌ အာဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော နရိန္ဒဒေဝမင်း၏သားမြေးအစဉ်ဖြင့် ခုနစ်ဆက်သော မင်းတို့သည် ရောစပြည်၌ အာဘိသိက် သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင် ထိုမင်းတို့၏ အဝေးဆုံးဖြစ်သော ဟာထ္ထိဒေဝမင်း၏ သားမြေးအစဉ်ဖြင့် တဆဲ့နှစ်ဆက်သောမင်းတို့သည် စမ္ပာပြည်၌ အာဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။ ။ထို့နောင်

